၁၄၉၅

ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

စတုက္ကတွဲ

(တိကနိပါတ် သက်ပ္ပဇာတ်မှ-စတုက္ကနိပါတ်
သုစ္စဇဇာတ် အထိ၊ ဇာတ်ပေါင်း ၇၀။)

မဟာပညာဗလ-ပဋ္ဌမကျော်ဦးကြီးဖေ
ရေးသားစီရင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

# နိဒါန်း

▪▪▪▪▪▪▪

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊ တည်ပါစေသတည်း။

## နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ၎င်း ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ်ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခဏ်းပေါင်း နှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ်တို့ဖြင့်တန်ဆာဆင်ကာ ဟောကြား ထားပါသည်၊ မဟာနိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့်ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေသော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ်စမှတ်ပြုကြပါသည်။

## အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်-အရှင်မဟာ ဗုဒ္ဓဃောသမထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည် အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊ သာသနာ

## နိဒါန်း

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသက္ကရာဇ်(၄၀၀ ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်၊ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံ တ[illegible]နှံ့ခဲ့ပါသည်။

## ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင် တော်မူသည်၊ အသမ္မောဟဝိလာသိနီမည်သော ဋီကာသစ် ကိုကား၊ မြန်မာပြည်ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင် လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဓဇမဟ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင် ဇာတိ ဒုတိယမောင်းထောင် ဆရာတော် ပြုစီ မူပါသည်။

## နိသျနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိသျနှင့် အဋ္ဌကထာနိသျများကို ဆရာတော် အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတက-ဝိသောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထူပါရုံစေတီ တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့ စကား အင်းရွာဇာတိ အရိယဝံသဓမ္မသေနာပတိမထေရ် ပြုစီရင် တော်မူပါသည်။

ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘုရားတောင်းပြည်နေ
လက်ထက် ကောဇာသက္ကရာဇ် (၁၁၀၁) ခုတွင် မင်္ဂလာ
ဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာ-
ဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်
တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူ
ပါသည်။

## အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ်ဇာတ် ဝတ္ထုတို့မှာ ဓမ္မ
ကြောင်း, လောကကြောင်း,ရာဇကြောင်း စုံလင်လှသည်၊
ရေး,ကြီးပွါးချမ်းသာရေး,ကျန်းမာရေး, ပညာဉာဏ်
သုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်း
ဆက်ဆံရေး စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူ
သုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံ
သုံလောက်သည်၊ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌
သိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှီခိုအားထားရာ,
ကိုးကွယ်ရာ,ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး
ဘဦးဖြစ်လာနိုင်ပါသည်။

## ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့,ကဗျာ,လင်္ကာ,ချေင်း,မော်ကွန်း,
သမိုင်း,သံပိုင်း, ရတု,သီချင်းကြီး, သီချင်းခံ,ကြိုး,ပတ်ပျိုး,

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသ
ကျော်လောက်တွင် မြန်မာပြည်အထက် ဗျူ့ပါရဂူ
အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တဘာခုကို
[redacted]ခဲ့ပါသည်။

နို

ဆ... ပြု၍ ရေးသားကြရသည်၊ ကပြသော
ပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း, လွမ်းခန်း,
ဆွေးခန်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖေါ်၍
သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း
ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရ
ပါသည်။

## အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို
ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေး
ဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ,
နိဿျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသော
ကြောင့် ပညာဗဟုသုတလိုလား ရှာမှီးသူများ အတွက်
အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြ
သော နိပါတ်ဇာတ်နိဿျ, ဝတ္ထုစကားပြေတို့လည်း
ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသ
ဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမ
ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်
စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယ ခင်
လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အ
ကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှား သော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည် ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီ ညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

## သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည် လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့် အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ် လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည် ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရ ပတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေး သားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန် ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင် ခြင်းသို့ရောက်ခဲ့ပါသည်။

## ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့···· အနှစ် သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

# နိဒါန်း

ကုတ္တရာ ပညာဗဟုသုံတနှင့် ပြည့်စုံကြလျက် လူအများ၏
အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်,သံသရာ,အတ္တ,ပ
နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ပ
ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပ
သတည်း။

ဦးကြီးဖေ-ပဌမကျော်

# မာတိကာ


အကြောင်းအရာ　　　　စာမျက်နှာ

## ၁။ သက်ပွဝဂ်

၂၁။ သက်ပွဇာတ် … ၁

မိဖုရား၏ အမှုအရာကိုမြင်၍ ကာမဝိတက်ကြီးသဖြင့် ရှာန်လျှောကာ ဆင်းရဲစွာ ခံစားရသော ရသေ့အကြောင်း။

၂၅၂။ တိလမုဋ္ဌိဇာတ် … ၈

နှမ်းတဆုပ် စားမိသည့်အတွက် ဆရာဆုံးမချက် မကျေနပ်သဖြင့် မင်းအဖြစ်ရောက်သောအခါ ဆရာ့ သတ်ရန်ပြုလုပ်ပြီးမှ ဆရာ၏ဖြေရှင်းချက်ကို သဘောကျကာ ကျေးဇူးတင် ကန်တော့သော ဗြဟ္မဒတ်မင်း အကြောင်း။

၂၃။ မဏိကဏ္ဌဇာတ် … ၁၆

ချစ်ခင်နေသောနဂါးမင်းအားမတောင်းသင့်သော ပတ္တမြားကို တောင်းခဲ့၍ နဂါးမင်း အချစ်ပျက်ကာ ကွေကွင်းသွားသဖြင့် ဆင်းရဲ ကြိုလှီစွာ နေရသော ရသေ့ငယ်အကြောင်း။

၂၄။ ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ် … ၂၄

ဆင်းရဲသော အမယ်အိုထံ၌ ဆံကွဲချိုးနှင့် မြက်ကြွင်းစား၍ ကျေးဇူးဆပ်ခဲ့ပြီး၊ ချမ်းသာသူ ထံတွင် မွန်မြတ်သော အစာကိုရမှ စားလျက် ကေရာဇ်မင်း အဖြစ်ရောက်အောင် ကျေးဇူးဆပ်သောသိန္ဓော့မြင်း အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၅၅။ သုကဇာတ် ... ၃၂
မကျက်စားအင်သော အရပ်သို့ ဖခင် တားမြစ်လျက် မလိုက်နာဘဲ ကျက်စား သွားလာမိသဖြင့် အသက်သေဆုံးရသော ကျေးသားအကြောင်း။

၂၅၆။ ဇရုဒပါနဇာတ် ...
အလိုကြီး၍ မရောင့်ရဲနိုင်သဖြင့် ပျက်စီးရသော လှည်းကုန်သည်နှင့် အလိုနည်း၍ ရောင့်ရဲနိုင်သဖြင့် စည်းစိမ် ချမ်းသာ များစွာ ခံစားရသော လှည်းမှူးအကြောင်း။

၂၅၇။ ဂါမဏိစန္ဒဇာတ် ... ၄၀
ခုနစ်နှစ်သာရှိသည့် မင်းငယ်ကလေးကို မခစားလို၍ ထွက်ခွါသွားရာ ခိုးမှုသင့်သဖြင့် ခိုးမှုနှင့်တကွ အရပ်ရပ် မှာကြားလိုက်သော ပြဿနာ ၁၄-ရပ်ကို အဆုံးဖြတ်ခံရန် မင်းထံရောက်လာသော ဂါမဏိစန္ဒ အမတ်ကြီးအကြောင်း။

၂၅၈။ မန္ဓာတုဇာတ် ... ၆၂
လူ့ပြည်စာတုမဟာရာဇ်ပြည်နှင့်တကွ တာဝတိံသာ သိကြားမင်း၏စည်းစိမ် တဝက်ကို သိကြားမင်း ၃၆-ယောက်ပြောင်းလဲသည်တိုင်အောင်ကာမဂုဏ်ခံစားရသော်လည်း မပြည့်ဝနိုင်ဘဲ စုတေပြီးမှ လူ့ပြည်ပြန်ကျလာသော မန္ဓာတ်မင်းအကြောင်း။

၂၅၉။ တိရိတိဝစ္ဆဇာတ် ...
မင်းကြီး စစ်ရှုံး၍ ထွက်ပြေးရာ ရေတွင်းတွင် တွင်းထဲကျနေ၍ ကယ်ဆယ် စောင့်ရှောက်ထားသဖြင့် ကျေးဇူးတဖန်အပြုခံရသော တိရိတိဝစ္ဆ ရသေ့အကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂၆၀။ ဒူတဇာတ် ... ၇၄

တသိန်းတန်သောမင်း၏ပွဲတော်စာ စားလို၍ပရိယာယ်ဆောင်ကာ မင်းခွင့်ရသဖြင့် စားသောက်ပြီးလျှင်"အရှင်မင်းကြီး... သတ္တဝါများသည် ဝမ်း၏တမန်ဖြစ်ကြသည်"ဟု လျှောက်ထားကောင်းသဖြင့် စည်းစိမ်များစွာ ခံစားရသော လုလင်အကြောင်း။

---

## ၂။ ပဒုမဝဂ်

၂၆၁။ ပဒုမဇာတ် ... ၇၈

ရေကန်စောင့်အားသူဌေးသားနှစ်ဦး မဟုတ်မမှန်ချီးမွမ်းကာ ကြာပန်းတောင်း၍မရ၊ မှန်ကန်စွာပြောဆိုတောင်းမှ ပဒုမာကြာပန်းရသော သူဌေးသားအကြောင်း။

၂၆၂။ မုဒုပါဏိဇာတ် .... ၈၁

မိန်းမလက်ကိုဆွဲ၍ နှေ့ညမပြတ် စောင့်ရှောက်ပါသော်လည်း ပရိယာယ်ပြု၍ သူတပါးလက်နှင့်ပြောင်းလွဲကာ ထွက်ပြေးသဖြင့် သံဝေဂရသော ဗာရာဏသီမင်းအကြောင်း။

၂၆၃။ စူဠပလောဘနဇာတ် ... ၈၈

မိန်းမ၌ ရွံရှာသောမင်းသားသည် မိန်းမနှင့်တွေ့သောအခါ အာသာမရောင့်ရဲနိုင်၍ ယောကျ်ားမြင်တိုင်း သတ်ရန်လိုက်သော အနိတ္ထိဂန္ဓမင်းသား အကြောင်း။

၂၆၄။ မဟာပနာဒဇာတ် ... ၉၅

အရှင်ပစ္စေကဗုဒ္ဓါအား ကျောင်းငယ် လှူခဲ့ဘူးသောကုသိုလ်ကြောင့် အထူးထူးသော ပြာသာဒ်နှင့်တကွစည်းစိမ်ခံစားရသော မဟာပနာဒမင်းအကြောင်း။

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၂၆၅။ ခုရပ္ပဇာတ် .... ၁၀၀

ခိုးသားငါးရာတို့အား မြင်းခွါကဲ့သို့ အနှောင့်ရှိသောမြှားဖြင့် လေ၏အဟုန်နှင့်တူစွာ ပစ်ခတ်ရာ အနိုင်ရရှိသော တောအုပ်စောင့်ဗိုလ်မှူးအကြောင်း။

၂၆၆။ ဝါတဂ္ဂသိန္ဓဝဇာတ် ... ၁၀၄

ချစ်ပါလျက် မချစ်သယောင် ဟန်ဆောင်လွန်းသဖြင့် ချစ်သူသိန္ဓောမြင်းနှင့် မပေါင်းရသော မြင်းမအကြောင်း။

၂၆၇။ ကက္ကဋဇာတ် ... ၁၁၀

လက်မဖြင့်ညှပ်လျက် ဆင်တို့ကိုသတ်စားနေသော ဗုဇွန်သည် မသံကြား၍ မေ့လျော့မိသဖြင့် ဆင်တို့၏ ခြေအောက်တွင် သေရသောဗုဇွန်အကြောင်း။

၂၆၈။ အာရာမဒူသကဇာတ် .... ၁၁၇

ဥယျာဉ်မှူး၏ ခိုင်းစေချက်အရ မျောက်အပေါင်းနှင့်တကွ သစ်ပင်ငယ်များကိုနုတ်၍ အမြစ်တို့ရှည်ကြည့်ကာ ရေလောင်းသဖြင့် ဥယျာဉ်ကိုဖျက်ဆီးသော မျောက်မိုက်အကြောင်း။

၂၆၉။ သုဇာတဇာတ် ... ၁၂၀

ကြမ်းထမ်းစွာ ပြောဆိုလေ့ရှိသော မယ်တော်အား တီတီတူးငှက်၏ အဆင်းလှသော်လည်း အသံကြမ်းခဲ့သဖြင့် လူတို့မနှစ်သက်အပ်ပုံ စသည်ကို ပမာပြ၍ဆုံးမအပ်သော သုဇာတာ မယ်တော် မိဖုရားအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၇၀။ ဥလူကဇာတ် ... ၁၂၆
ငှက်အပေါင်းတို့ ခင်ပုပ်ငှက်အား မင်းမြှောက်ကြရာတွင် ကျီးကကန့်ကွက်သဖြင့် ဟသ်ာမင်းကို မင်းမြှောက်လိုက်ကြရာ ကျီးနှင့်ခင်ပုပ် ရန်သူဖြစ်ရခြင်းအကြောင်း။

## ၃။ အရည၀ဂ်

၂၇၁။ ဥဒပါန ဒူသကဇာတ် ... ၁၃၀
ရသေ့အများတို့သုံးဆောင်နေသော ရေတွင်းထဲသို့ မစင်စွန့်ချ ဖျက်ဆီးသောမြေခွေးမိုက်အကြောင်း။
၂၇၂။ ဗျဂ္ဃဇာတ် ... ၁၃၂
ခြင်္သေ့နှင့် ကျားရှိ၍ လူအများ တောအုပ်ကို မဖျက်ဆီးဝံ့ရှိစဉ် ရုက္ခစိုးနတ်သည် ခြင်္သေ့နှင့်ကျားတို့ကိုနှင်ထုတ်မိသဖြင့် တောအုပ်ဖျက်ဆီးခံရ၍ မိမိဗိမာန်ပါ ပျက်စီးကာ ဆင်းရဲခြင်း ရောက်ရသော ရုက္ခစိုးမိုက်အကြောင်း။
၂၇၃။ ကစ္ဆပဇာတ် ... ၁၃၇
လျစ်လျူရှု၍ သည်းခံနေသော ရသေ့အား ပြစ်မှားသော်သည်း ဆင်းရဲမခံရ၍ တိုးတက်ကာ လိပ်၏ခံတွင်း အင်္ဂါဇာတ်သွင်းမိ၍ ဆင်းရဲဒုက္ခခံစားရသော မျောက်ယုတ်မာအကြောင်း။
၂၇၄။ လောလဇာတ် ... ၁၄၀
သူတော်ယောင်ဆောင်လျက် ခိုနှင့်ပေါင်း၍ စဖိုအိမ်ဝင်ကာ ခိုးစားမိသဖြင့် တကိုယ်လုံး အမွေးနုတ်ခံရ၍ သေပွဲဝင်ရသော ကျီးမိုက်အကြောင်း။
၂၇၅။ ရုစိရဇာတ် ... ၁၄၅
[အတိတ်ဝတ္ထုလောလဇာတ်နှင့်တူ၏။]

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၇၆။ ဂရုဓမ္မဇာတ် .... ၁၄၇

ဇာနုပတ္တနဂိုရ်ပြည့် မနုဿယကောရဗျမင်း အမှူး ရှိသော ဆယ်ဦးသော ပုဂ္ဂိုလ်တို့၏ ဂရုဓမ္မသီလကို တောင်းနှစ၍ ကလိင်္ဂမင်းကိုယ်တိုင် ဆောက်တည်ရာ သီလ တန်ခိုးကြောင့် မိုဃ်းကောင်းစွာ ရွာခြင်း အကြောင်း။

၂၇၇။ ရောမကဇာတ် ... ၁၆၅

ခိုသားကိုနှစ်သက်၍ ခိုအပေါင်းကို လှည့်စားဖြား ယောင်းလျက် သတ်ပုတ်စားရန် ကြံရွယ်သဖြင့်ကဲ့ရဲ့ ခံရသော ရသေ့ပျက်အကြောင်း။

၂၇၈။ မဟိံသရာဇဇာတ် ... ၁၆၉

အလွန်သည်းခံသောကျွဲ၏ ကိုယ်ပေါ်တွင် မစင် စွန့်သော်လည်း ဆင်းရဲမခံရ၍ တိုးတက်ကာအခြား ကျွဲပေါ်ကို မစင်စွန့်မိသဖြင့် ဦးချိုဖျားတွင် သေပွဲဝင် ရသောမျောက်ယုတ်မာအကြောင်း။

၂၇၉။ သတပတ္တဇာတ် ... ၁၇၃

ကြွေးတောင်းသွားသောသားကိုစွဲလမ်းကာ သေ ပြီးမြွေခွေးမဖြစ်၍ သားကိုခိုးသားဘေးမှ တားသော် လည်း သားမနာယူ၊ ရန်သူခေါက်ရှာငှက်အား မိတ် ဆွေပြုမှားသဖြင့် ခိုးသားများနှင့်တွေ့ရသော လုလင် မိုက်အကြောင်း။

၂၈၀။ ပုဋဒူသကဇာတ် ... ၁၇၉

ဥယျာဉ်စောင့် ထုပ်၍ချအပ်သော သစ်ရွက်ထုပ် များကို အောက်မှဖျက်ဆီးပစ်နေသော မျောက်ပျက် အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၄။ အဋ္ဌကနိပါတ်

၂၀၁။ အဋ္ဌသဒ္ဒဇာတ် ... ၁၀၁

အဋ္ဌသဒ္ဒသရက်ကို ချင်ခြင်းတပ်ခနေသော မိဖုရား၏အလိုကို ပြည့်စေလိုသဖြင့် အသက်ကို ပမာဏမထားဘဲ ရက္ခိုသ်တို့ဘေးမှ အောင်မြင်စွာယူဆောင်နိုင်သော ကျေးသားငယ်အကြောင်း။

၂၀၂။ သေယျဇာတ် ... ၁၉၁

တိုင်းပြည်ကိုလုယူပြီးမှ ပြန်အပ်ကာ ရန်သူမင်း၏ ကန်တော့တောင်းပန်ခြင်းကိုခံရသည့် သီလရှိသော ဗြဟ္မဒတ်မင်းအကြောင်း။

၂၀၃။ ဝဍ္ဍကီသူကရဇာတ် ... ၁၉၇

ဝက်အပေါင်းကို အညီအညွတ် ဆုံးမစကားလိုက်နာစေပြီးလျှင် ဥပါယ်တမျဉ်ဖြင့် ကြီးမားသော ရန်သူ ကျားကို အောင်နိုင်သည့် ဝဍ္ဍကီ ဝက်မင်းအကြောင်း။

၂၀၄။ သိရီဇာတ် ... ၂၀၀

မြစ်ဆိပ်တွင်မျောလာသည့် ကြက်သရေနှင့်ပြည့်စုံသော ကြက်သားဟင်းကိုစားသောက်ရသဖြင့် ၃-ရက်အတွင်း မင်းအဖြစ်သို့ရောက်ရသော ဆင်ဆရာအကြောင်း။

၂၀၅။ မဏိသူကရဇာတ် ... ၂၀၇

ခြင်္သေ့ရိပ်ထင်သော ပတ္တမြားကို ညစ်စေလို၍ အဖန်ဖန်ပွတ်တိုက်ကြသော ဝက်များအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၀၆။ သာလူကဇာတ် .... ၂၂၃
သာလူကမည်သော ဝက်သည် အသားတိုးရန် ကျွေးသော ယာဂုနှင့် ထမင်းကို စားသောကြောင့် မကြာမီ အသတ်ခံရတော့မည်ဖြစ်၍ ဝက်စာကိုမစား လိုနှင့်ဟု ညီနွားငယ်အား ဆုံးမသော မဟာလောဟိတနွားလားအကြောင်း။

၂၀၇။ လာဘဂရဟဇာတ် .... ၂၂၇
လူအများသည် များသောအားဖြင့် မကောင်းသောစီးပွားရှာမှုနှင့် အသက်မွေးမှုရှိ၏ဟု ဆရာပြောပြသဖြင့် စက်ဆုပ်ရွံရှာ ကဲ့ရဲ့ကာ ရသေ့ရဟန်းပြုလျက် တောထွက်သော လုလင်အကြောင်း။

၂၀၈။ မစ္ဆုဒ္ဒါနဇာတ် .... ၂၃၀
ငါးတို့အား အစာကျွေး၍ အမျှပေးဝေသော နောင်တော်ကုန်သည်အားညီငယ်ကုန်သည်ကောက်ကျစ်ထားသည့် အသပြာထောင်ထုပ်ကို မြစ်စောင့်နတ် ယူဆောင်ပေးအပ်သောအကြောင်း။

၂၀၉။ နာနာဆန္ဒဇာတ် ... ၂၃၅
နေ့စဉ်နှင့် အမျှ နက္ခတ်များ ကြည့်ရှု နေသော ပုဏ္ဏားအား မိမိအတတ်ကို အစဉ်မပြတ်အသုံးပြုသူဟု မင်းကြီးသဘောကျကာ ပုဏ္ဏားအိမ်သားအားလုံး အလိုဆန္ဒရှိတိုင်း ဆုချီးမြှင့်ခြင်းအကြောင်း။

၂၉၀။ သီလဝီမံသနဇာတ် ... ၂၄၆
မင်းကြီးသည် ငါ့အားသီလအတွက် ချီးမြှင့်လေသလောဟု အမှန်သိရန်စုံစမ်းလိုသောကြောင့် ပန်းထိမ်သည် ဘဏ္ဍာကို ခိုးယူသဖြင့် ဖမ်းဆီးခြင်းခံရသော ပုရောဟိတ်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅။ ကုမ္ဘဝဂ်

၂၉၁။ သုရာဃဋဇာတ် ... ၂၄၃
ဖခင်ဖြစ်ဘူးသောသိကြားမင်းသည် သေသောက်ကြူးဖြစ်၍ ဆင်းရဲနေသော သားအား အလိုရှိတိုင်းရသောဘဒြဃဋအိုးကိုလာပေးရာ အရက်မူးလျက်ခွဲပစ်သော သေသောက်ကြူးမိုက် အကြောင်း။

၂၉၂။ သုပတ္တဇာတ် .... ၂၄၇
သုမုခမည်သော ကျီးစစ်သူကြီးသည် သုပတ္တကျီးမင်း၏ ကျီးမိဖုရား ချင်ခြင်းအတွက် အသက်စွန့်ကာ ဗြဟ္မဒတ်မင်း၏ စားတော်ပွဲကို ထိုးသုတ်ယူစဉ် အဖမ်းခံရခြင်းဖြင့် သုပတ္တကျီးမင်းလိုက်လာ၍ တရားဟောခြင်းအကြောင်း။

၂၉၃။ ကာယနိဗ္ဗိန္ဒဇာတ် ... ၂၅၃
အနာရောဂါနှိပ်စက်ခြင်းကို တာရှည်စွာ ခံစားနေရ၍ မိမိကိုယ်ခန္ဓာကို စက်ဆုတ်ငြီးငွေ့လာသဖြင့် ရဟန်းပြု၍ တောထွက်ခြင်းအကြောင်း။

၂၉၄။ ဇမ္ဗုခါဒဇာတ် .... ၂၅၇
သပြေသီးမှည့်ကို စားလိုသော မြေခွေးသည် သပြေပင်ပေါ်ရှိ ကျီးအား မဟုတ်မမှန် ဝါကြွား၍ ချီးကျူးရာ ကျီးကလည်း မြေခွေးအား မဟုတ်မမှန် ဝါကြွား၍ ပြန်လည်ချီးကျူးနေကြသည်ကို သပြေပင်စောင့်နတ်မနှစ်သက်၍ ပြေးစေခြင်းအကြောင်း။

၂၉၅။ အန္တဇာတ် .... ၂၆၀
သားတစ်ကို စားလိုသော မြေခွေးသည် ကြက်ဆူပင်ပေါ်ရှိ သားတစ်ချီလာသော ကျီးအား မဟုတ်

## မာတိကာ


ဦးရေ အကြောင်းအရာ စာမျက်နှာ

မမှန် ချီးကျူးရာ ကျီးကလည်း မြေခွေးအားမဟုတ်
မမှန် ပြန်လည် ချီးကျူးနေကြသည်ကို ကြက်ဆူပင်
စောင့်နတ် မနှစ်သက်ခြင်းအကြောင်း၊

၂၉၆။ သမုဒ္ဒဇာတ် .... ၂၆၃
သမုဒ္ဒရာရေကိုပင် သူတပါးတို့ များစွာမသောက်
စေလိုဝန်တိုသော ကျီးမိုက်အကြောင်း။

၂၉၇။ ကာမဝိလာပဇာတ် ... ၂၆၈
မင်းပြစ်မင်းဒဏ်သင့်၍ သံတံကျင်ဖြင့် အလျှိုခံရ
စဉ်မှာပင် မိမိဆင်းရဲကို ပမာဏမထားဘဲကောင်း
ကင်ပျံသွားသောကျီးအားမယားထံကာမစကားဖြင့်
မှာကြားနေခြင်းအကြောင်း။

၂၉၈။ ဥဒုမ္ဗရဇာတ် ... ၂၆၈
မျောက်ငယ်အား ရေသဖန်းစသော အသီးများ
ဖြင့် လှည့်စား ဖြားယောင်းကာ နေရာကောင်း
လိုဏ်ဂူကို အရယူသော မျောက်ကြီးအကြောင်း။

၂၉၉။ ကောမာရပုတ္တဇာတ် .... ၂၇၂
ပျော်ရွှင်မြူးထူး အကစားကြူးသည့် မျောက်ရူး
ကိုပင် ငြိမ်သက်အောင် ဆုံးမခြင်းငှါ စွမ်းနိုင်
ကောမာရပုတ္တရသေ့အကြောင်း။

၃၀၀။ ဝကဇာတ် .... ၂၇၆
ဥပုသ်သီလစောင့်ထိန်းပြီးမှ ဆိတ်ကိုတွေ့၍ဖမ်းရာ
မရလိုက်သဖြင့် ဥပုသ် ပြန်လည် စောင့်သုံးသော
သစ်ကျွတ်အကြောင်း။

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၁။ ကာလိင်္ဂဝဂ်

၃၀၁။ စူဠကာလိင်္ဂဇာတ် … ၂၇၁
ဉာဏ်ဝီရိယရှိသောအဿကမင်းသည် ကာလိင်္ဂမင်း၏ကိုယ်စောင့်နတ်ကို လှုံ့ဖြင့် ထိုးသတ်လိုက်ရာမှ စစ်တပ်ပျက်၍စစ်ရှုံးနိမ့်သောဉာဏ်ဝီရိယကင်းသည့် ကာလိင်္ဂမင်းအကြောင်း။

၃၀၂။ မဟာအဿာရောဟဇာတ် … ၂၈၂
ကျေးဇူးရှင် ပစ္စန္တရစ်ရွာသားအား မင်းမိဖုရားတို့ကိုယ်တိုင် ခြေဆေးပေးခြင်းစသည်ကိုပြုပြီးနောက် တိုင်းပြည်တဝက် ခွဲဝေပေးသော ''မြင်းစီးကြီး'' ခေါ် ဗာရာဏသီမင်းအကြောင်း။

၃၀၃။ ဧကရာဇဇာတ် … ၂၉၀
တိုင်းပြည်ကို လုယူပြီးလျှင် မိမိကိုပင်ဦးစောက်ဆွဲ၍ ညှဉ်းဆဲသောမင်းအား အချစ်မပျက် မေတ္တာသက်နိုင်သည့် ဗာရာဏသီ မင်းတပါးအကြောင်း။

၃၀၄။ ဒဒ္ဒရဇာတ် … ၃၀၂
အဘဖြစ်သော ဒဒ္ဒရနဂါးမင်းက နှင်ထုတ်လိုက်သဖြင့် မစင်စွန့်ရာ၌ မြွေ၏အသွင် ပြု၍နေရရှာသော နဂါးညီနောင်ကို သူငယ်တို့နှိပ်စက်ရာ အမျက်ထွက်သည့် စူဠဒဒ္ဒရအား ဆိုဆုံးမသော မဟာဒဒ္ဒရနဂါးအကြောင်း။

၃၀၅။ သီလဝီမံသန ဇာတ် … ၃၀၆
သီလရှိသူ မရှိသူဟု စုံစမ်းလို၍ အိမ်မှပစ္စည်းများခိုးယူခဲ့ရန် မှာကြားအပ်သော တပည့်နှစ်ဦးတွင် မခိုးယူဘဲ ပြန်လာသော တပည့်ကြီးအား သမီးနှင့် ပေးစားသည့် ဆရာ ပုဏ္ဏားအကြောင်း။

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၆။ | သုဇာတဇာတ် ... ဆီးသီးသည်ဘဝမှ မိဖုရားဖြစ်၍ မာန်ယစ်သဖြင့် မင်းကြီးနှင်ထုတ်အပ်သော သုဇာတာမိဖုရား အကြောင်း။ | ၁၁၀ |
| ၁၀၇။ | ပလာသဇာတ် .... ပေါက်ပင်ကို ပူဇော်ပသသော ပုဏ္ဏားအား ပေါက်ပင်စောင့်နတ်က အရှင်မဲ့ရွှေအိုးများကို ပေးသော အကြောင်း။ | ၁၁၅ |
| ၁၀၈။ | သကုဏဇာတ် ... ကျေးဖူးကန်းသောခြင်္သေ့၏ ခံတွင်း၌စူးဝင်နေသည့် အရိုးကို နှုတ်ပေးသော သစ်တောက်ငှက် အကြောင်း။ | ၁၁၉ |
| ၁၀၉။ | ဆဂဂ္ဂဇာတ် ... ကျွန်ုပ်လည်း ခိုးသူဖြစ်သဖြင့်၎င်း မင်းကြီးလည်း ဗေဒင်ကို အမြင့်မှ သင်ယူသဖြင့်၎င်း၊ ပုဏ္ဏားလည်း အနိမ့်မှ သင်ပေးသဖြင့်၎င်း၊ အားလုံးယုတ်မာကြ၏ဟု ရဲရဲဝံ့ဝံ့ ဆိုသောကြောင့် အချီးမြှောက်ခံရသော စဏ္ဍာလအကြောင်း။ | ၁၂၃ |
| ၁၁၀။ | သေယျဇာတ် ... ပုရောဟိတ် ရာထူးယူပါရန် ပန်ကြားလာသူ သေယျအမတ်အား ရာထူးမမက်၍ တောထွက်လာခဲ့သည်ဟု ပြောဆိုသော ရသေ့အကြောင်း။ | ၁၂၇ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

## ၂။ ပုစိမန္ဒဝဂ်

၁၁၁။ ပုစိမန္ဒဇာတ် .... ၁၁၂
အနာဂတ်ဘေး ဖြစ်မည့်အရေးကို မြော်တွေး၍ သူခိုးကိုပြေးစေသောတမာပင်စောင့်နတ်အကြောင်း။

၁၁၂။ ကဿပမန္ဒိယဇာတ် .... ၁၁၆
လူငယ်တို့မည်သည် ရန်ပြုမိက အိုးကွဲကွဲ့သို့ ဖြစ်တတ်သည်ဟု သားငယ်နှင့် ခိုက်ရန် ဖြစ်သော "ကဿပ" အဘရသေ့အား ပြောဆိုသည့် သားကြီးရသေ့အကြောင်း။

၁၁၃။ ခန္တိဝါဒီဇာတ် ... ၁၄၁
ခြေလက်နား နှာခေါင်းစသည်များကို ဖြတ်သည့် ကလာဗုမင်းအား မေတ္တာမပျက် သည်းခံလျက်ရှိသော ခန္တိဝါဒီရသေ့အကြောင်း။

၁၁၄။ လောဟကုမ္ဘီဇာတ် ... ၁၄၇
ကာမေသု မိစ္ဆာစာရကံကြောင့် လောဟကုမ္ဘီငရဲတွင် ဒု-သ-န-သော-မျှသာ ဆိုနိုင်သည့် သူဌေးသား ၄-ဦး အကြောင်း။

၁၁၅။ သဗ္ဗ မံသလာဘီဇာတ် ... ၁၅၆
မှုဆိုး, အစ်ကို, အဘ ဟုခေါ်၍ အမဲသားတောင်းသူများသည် စကားအလိုက် ထိုက်သင့်ရသာ ရ၍ အဆွေ ဟု ခေါ်၍ တောင်းသူသာ အမဲသားအားလုံးရသောအကြောင်း။

၁၁၆။ သသ ဇာတ် ... ၁၆၀
အလှူခံ ပုဏ္ဏားအား ဖို့ မြွေခွေး မျောက်တို့ ဒါနကိုယ်စီပေးလှူကြသဖြင့် ယုန်ပညာရှိသည် လှူစရာမရှိ၍ မိမိကိုယ်ကို မီးပုံတွင်းခုံဆင်းကာ ပေးလှူသောအကြောင်း။

## မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၇။ | မတရောဒနဇာတ် …. အစ်ကိုသေဆုံးရာ ဆွေမျိုးအားလုံး ငိုကြွေးကြကုန်လျက် ညီတဦးတည်းသာ လောကဓံသိ၍ မငိုဘဲနေသော အကြောင်း။ | ၃၆၇ |
| ၁၁၈။ | ကဏှာဝေရဇာတ် … ခိုးသူကြီးကို ချစ်ကြိုက်မိသဖြင့် ကုလားဇလတ်ခြိုတွင် ခိုးသူကြီး၏ အနှိပ်စက်ကို ခံရသော ပြည့်တန်ဆာမအကြောင်း။ | ၃၇၁ |
| ၁၁၉။ | တိတ္တိရဇာတ် … မိမိအသံအတွက် ဆွေမျိုးဖြစ်သောခါများ မုဆိုးလက်တွင် သေကြေ ပျက်စီးရသောကြောင့် မိမိ၌ ဒုစရိုက်မှုဖြစ် မဖြစ် ရသေ့အား လျှောက်ထားသော ခါတိန်ညင်အကြောင်း။ | ၃၇၉ |
| ၁၂၀။ | သုစ္စဇာတ် … တကာယ်ပေးမဟုတ်၊ ဟန်ဆောင် နှုတ်ပေးဖြင့် ပေးခြင်းကိုပင် ပေးနိုင်ခဲ့သော ပညာရှိအကြောင်း။ | ၃၈၃ |

## ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ပဏာမနှင့် ပဋိညာဉ်**

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဓေတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္တာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ကေဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္ထသံဟိတံ။
သတ္တတိံသပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏိယံ၊
သာဓူနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ပုဏ္ဏံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝဿုန္တု တံ သုဏန္တာနံ၊
လောကုတ္တရာ စ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိငါး၀၊ အစိုးရသည့်၊ဘုရား ခံတွင်း၊ အိုင်တို့မင်းဝယ်၊ ထင်လင်းလျှစွာ၊ ပေါက်ပွား၍ လာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာ သော။ နိပါတပဒုမေ၊ ဧက, ဒုက၊စသည်တည်ရှိ၊ အသီတိ အဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာ ကြာရုံ၌။ နာနာဇနောလိစုမ္ဗိတာ၊ အထူးထူး အထွေထွေ၊ ရှိသေညွှတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏ က၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားတင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာ လှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန် သော။ ဧတေသုမေ၊အပဏ္ဏကာ၊စသည်မည်ဆန်း၊ထိုပဒုမာ ကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကေ၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေငှါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြား မြင်လိုလား၊အမျိုးသားတို့၏။အတ္ထာယ၊လောကုတ်,လော ကီ၊ နှစ်လီအကျိုး၊ပွားတိုးစေခြင်းငှါ။ ကေဝီသတိခဏ္ဍေဟိ၊ ဧကကနိပါတ်အစ၊ အသီတိနိပါတ်အဆုံး၊ ပေါင်းရုံးတင့်

ဆန်း၊နှစ်ဆယ့်တခဏ်းတို့ဖြင့်။မဏ္ဍိတံ၊စုံစုံလင်လင်၊တန်ဆာဆင်အပ်သော။ အတ္တသံဟိတံ၊အကျိုးစီးပွါး၊ ထွန်းကားအစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဉ္စသတဇာတကေဟိ၊ ငါးရာ့သုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတံ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတစုဏ္ဏိယံ၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏီယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက်မေ့အပ်သော။ သာဝုနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏာဘူသနံ၊ နား၌ဆင်ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုသုံတေဟိ၊ များများဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ပုဏ္ဏံ၊ စုံလင်ကုံလုံ၊ကောင်းစွာပြည့်စုံသော။ ပညဝန္တေဟိ၊ဝရဇိန်တနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုး စုံမက်အပ်သော၊ တံနိပါတစုဏ္ဏိယံ၊ ထိုငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ သာဓဝေါ၊ လောကုတ်,လောကီ၊ နှစ်လီအစီးအပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်။ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဓါပွားလျက်၊ နာကြားကြပါစေကုန်သတည်း။

(၅) တံ၊ထိုငါးရာ့ငါးဆယ်၊နိပါတ်တော် စကားပြေကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဓါပွါးလျက်၊နာကြားကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီသောတာဝ၊ အဟုန်ဒီးဒီး၊စီးဆင်းအစဉ်၊ မြစ်ရေအလျဉ်ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုဏ္ဍရာလည်း ဖြစ်ကုန်သော။ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အဏ္ဍာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်၎င်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်၎င်း။ သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်၎င်း။ ဝဍ္ဎန္တု၊ ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း။



ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## စတုက္ကတွဲ

## ၂၅၁။ သင်္ကပ္ပဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**မိန်းမအတွက် ငြီးငွေ့ချက်**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား အမျိုးသားတယောက်သည် သာသနာတော်၌အသက်ပေး၍ ရဟန်းပြု၏၊ တနေ့သ၌ မြို့တွင်းသို့ ဆွမ်းခံသွားသည်ရှိသော် တန်ဆာဆင်ထားသော မိန်းမတယောက်ကိုမြင်လျှင် ကိလေသာရာဂဖြစ်၍ သာသနာတော်၌ မမွေ့မလျော်ခြင်းဖြစ်လေ၏။

ဆရာဥပဇ္ဈာယ်တို့သည် ထိုရဟန်းကို အလိုမရှိဘဲလျက် မြတ်စွာဘုရားထံ ဆောင်ယူသွားကြကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းကိုမေးတော်မူလျှင် ထိုရဟန်းသည် မြတ်စွာဘုရားကို ဟုတ်မှန်သောအတိုင်း လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းကို "ချစ်သားရဟန်း.... မိန်းမတို့မည်သည်ကား- ရှေးအခါ ဈာန်အဘိညာဉ် တန်ခိုးဖြင့် ကိလေသာကိုခွါ၍ စင်ကြယ်သောသူတို့အားလည်း ကိလေသာကိုဖြစ်စေကုန်ပြီ၊ သင်ကဲ့သို့ ဈာန်အဘိညာဉ် တန်ခိုးမရှိ အချည်းနှီးသောသူအား အဘယ်မှာမဖြစ်စေနိုင်ဘဲ ရှိအံ့နည်း"ဟု စသည်ဖြင့် မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ရသေ့သူမြတ် ကြည်ညိုလတ်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်ကုဋေရှစ်ဆယ်ကြွယ်ဝသော *ဗြာဟ္မဏ မဟာသာလမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော်တက္ကသိုလ်ပြည်သို့သွား၍၊အလုံးစုံသော အတတ်ပညာတို့ကို သင်ကြားပြီးလျှင် ဗာရာဏသီပြည်သို့ပြန်၍ အိမ်ထောင်ပြုကာ သားမယား မွေးမြူလေ၏။

နောက်အခါ မိဘတို့သေလွန်သဖြင့် သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုပြီးလျှင် ကျန်ရစ်သော ရွှေငွေရတနာ ဥစ္စာတို့ကိုကြည့်ရှု

---

* တဆယ့်ရှစ်ကုဋေမက ကြွယ်ဝချမ်းသာသောပုဏ္ဏားမျိုး။

လတ်သော် "ဤဥစ္စာတို့ကို မြင်ရသေး၏၊ ဥစ္စာရှင်ကိုကား မမြင်ရတော့ပြီ"ဟု ဆင်ခြင်လျက် သတိသံဝေဂဖြစ်ကာ ကိုယ်မှချွေးတို့သည် ယိုစီး၍ကျကုန်၏၊ ပုဏ္ဏားသည် လူတို့ ဘောင်၌အလှူပေးကာ ကြာမြင့်စွာနေပြီးလျှင် သားမယား ဆွေမျိုးအပေါင်းကို စွန့်ခွာ၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာအရပ်သို့သွားလျက် သစ်ရွက်မိုးကျောင်းတွင် သစ်သီး ဝလံစသောအာဟာရတို့ဖြင့် မျှတမှီဝဲကာ ဈာန်အဘိညာဉ် ကိုဖြစ်စေ၍ ဈာန်ကစားလျက်နေလေ၏။

တနေ့သ၌ ရသေ့သည် ချဉ်ဆားမှီဝဲလို၍ ဗာရာဏသီ ပြည်သို့သွားကာ မင်းဥယျာဉ်၌တည်ခို၍ နံနက်အခါ၌ မြို့ တွင်းသို့ ဆွမ်းခံဝင်လေ၏၊ မင်းအိမ်တံခါးသို့ ရောက်လတ် သော် မင်းကြီးသည် လေသွန်တံခါးမှကြည့်ရှုမြင်တော် မူ၍ ရသေ့၏ဣရိယာပုထ်၌ ကြည်ညိုသဖြင့် အမတ်တ ယောက်ကိုခေါ်ကာ ရသေ့ကိုနန်းတော်သို့ပင့်ရန် စေ လွှတ်လေ၏။

**ကျွေးမွေးဘောဇဉ် နန်းတော်တွင်**

အမတ်လည်း မင်းကြီးစေခိုင်းသဖြင့် ရ သေ့ထံသို့သွား၍ မင်းကြီးက နန်းတော် သို့ကြွရန် ပင့်ကြောင်း လျှောက်ထား လေလျှင် ရသေ့သည် အမတ်လက်သို့ သပိတ်ကိုပေးကာယူ ခဲ့စေလျက် နန်းတော်သို့ကြွပြီးလျှင် မြတ်သောရာဇပလ္လင် တွင် နေတော်မူ၏။

မင်းကြီးသည်ရသေ့အား မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ကပ်လှူပြီးလျှင်- ပဋိသန္ထာရစကားဖြင့် အ စေ့အစပ်ပြောဆိုကာ ရသေ့အား "အရှင်ဘုရား....ဤအ

ရပ်သို့ အဘယ်အကျိုးငှါ ကြွလာပါသနည်း''ဟု မေး၏၊ ''မြတ်သောမင်းကြီး.... ငါတို့အား မိုးကာလဝယ် အမြဲနေရန် နေရာရဘို့သင့်သည်''ဟု ပြောလေ၏၊ ''အရှင်ဘုရား.... ထိုသို့ဖြစ်လျှင် ဥယျာဉ်တော်၌ သီတင်းသုံးတော်မူပါ၊အကျွန်ုပ်တို့သည် နတ်ပြည်၌ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုကို ပြုရပါမည်၊ အရှင်ဘုရားတို့မှာလည်း ပစ္စည်းလေးပါးဖြင့် မပင်မပန်းဖြစ်ပါမည်''ဟု လျှောက်ထားကာ ဥယျာဉ်တော်တွင် သစ်ရွက်မိုးကျောင်း ဆောက်လုပ်လှူဒါန်းပြီးလျှင် ကိုးကွယ်လေ၏၊ ရသေ့လည်းထိုအခါမှစ၍ ဆယ့်နှစ်နှစ်ပတ်လုံး ဥယျာဉ်တော်တွင် သီတင်းသုံးလျက် နန်းတော်သို့ကြွကာ နေ့စဉ် ဆွမ်းဘုဉ်းပေးလေ၏။

တနေ့သ၌ ပစ္စန္တရာဇ်တွင် ခိုးသူတို့ဖျက်ဆီးလေ၏၊ မင်းကြီးလည်းကြားတော်မူလျှင်ဆရာရသေ့အား ပြုစုလုပ်ကျွေးရန် မိဖုရားကြီးကိုမှာထားခဲ့၍ စစ်သည်ဗိုလ်ပါ ခြံရံကာ ခိုးသူတို့ကိုတိုက်ဖျက်ရန် ပစ္စန္တရာဇ်သို့သွားလေ၏၊ မိဖုရားကြီးလည်း မင်းကြီးမှာထားခဲ့သောအတိုင်း နန်းတော်သို့ ကြွလာသောဆရာရသေ့အား နေ့စဉ်ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ကပ်လှူလုပ်ကျွေးလေ၏။

**ဈာန်မစောင့်ရှောက်**
**ဈာန်ကွယ်ပျောက်**

တနေ့သောအခါ ဆရာရသေ့သည် ကြွလာနေကျအချိန်တွင် မရောက်ဘဲ ကြာမြင့်လေ၏၊ မိဖုရားကြီးလည်း ဆရာရသေ့ကို မြော်လင့်ငံ့ဆိုင်းကာ နူးညံ့ပြေပြစ်သော အဝတ်ကို လျော့လျော့ဝတ်ဆင်လျက် ညောင်စောင်းတခုတွင် လျောင်းစက်၍ လေသာပြတင်းပေါက်ဖြင့် ကြည့်ရှုကာ

နေ၏၊ ထိုခဏာ၌ ရသေ့လည်း ကောင်းကင်ခရီးဖြင့်ကြွလာ ရာ လေသာပြတင်းသို့ ရောက်လေ၏။

မိဖုရားကြီးလည်း ရသေ့၏ လျှော်တေသံကို ကြား၍ ရသေ့ ကြွလာကြောင်းကိုသိသဖြင့် အမြန်အိပ်ရာမှထရာ နူးညံ့ပြေပြစ်သောကိုယ်ဝတ်သည် ကိုယ်မှလျှောကျလေ၏၊ ရသေ့လည်းဝိသဘာဂအာရုံကိုမြင်ရလျှင်ဣန္ဒြေကိုဖျက်ကာ တင့်တယ်၏ဟု နှလုံးသွင်းမိသည့်အတွက် ပခြုပ်တွင်ထည့်ထားသော မြွေဟောက်သည် ပါးပျဉ်းထောင်၍ထသကဲ့သို့ ရှာနစိတ်၏အစွမ်းဖြင့် ငြိမ်ဝပ်ပိပြား၍နေသော ကိလေသာတို့သည် ထကြွသောင်းကျန်းကာ ရှာနအင်္ဂါဥ်တို့သည် ကွယ်ပျောက်လေကုန်၏၊ အတောင်ကျိုးပြတ်သောကျီးငှက် ကဲ့သို့ ကောင်းကင်ဖြင့် ကြွသွားခြင်းငှါ မစွမ်းနိုင်လေ၊ မိဖုရားကြီးသည် ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို ကပ်မြဲတိုင်း ကပ်လှူလေ၏။

**ကာမဝိတက်**
**မြားဒဏ်ချက်**

ရသေ့လည်း ဣန္ဒြေမဆည်နိုင်တော့ သဖြင့် နန်းတော်တွင်ဆွမ်းမဘုဉ်းနိုင်တော့ ဘဲ ရပ်လျက်သာအလှူခံ၍ နေ့တိုင်းကဲ့သို့ ကောင်းကင်ခရီးဖြင့် မကြွနိုင်ဘဲလူတိုင်းကဲ့သို့ နန်းတော်မှဆင်းသက်ကာ ခြေလျင်ကြွတော်မူ၏၊ ဥယျာဉ်တော်သို့ ရောက်လျှင် ဆွမ်းကိုမဘုဉ်းပေးနိုင်သဖြင့် ညောင်စောင်း အောက်တွင် သပိတ်ကို သွင်း၍ ညောင်စောင်းပေါ်တွင် လျှောင်းစက်ကာ လူးလည်းလျက် မိဖုရားကြီး၏ လက်တို့ သည် တင့်တယ်ကုန်၏၊ခြေတို့သည်တင့်တယ်ကုန်၏-စသည် ဖြင့် မြည်တမ်းကာ မိဖုရားကြီးကို အစွဲအလမ်းကြီးလျက်

ခုနစ်ရက်တိုင်အောင် အိပ်လေ၏၊ ဆွမ်းတို့လည်း ပုပ်သိုးလျက် ယင်မဲရိုင်းတို့ဖြင့် ဝိုင်းအုံကာနေလေ၏။

မင်းကြီးသည် ပစ္စန္တရာဇ်၌ ခိုးသူရန်ကို ငြိမ်းအေးစေပြီးလျှင် စစ်သည်ဗိုလ်ပါနှင့်တကွ နေပြည်တော်သို့ပြန်လာရာ ရောက်လျှင် နန်းတော်သို့ မဝင်သေးဘဲ ဆရာရသေ့ကို ဖူးမျှော်ရန် ဥယျာဉ်တော်သို့ သွားလေ၏၊ ရောက်လျှင် အမှိုက်တို့ဖြင့် ပြည့်နေသော သင်္ခမ်းကျောင်းကို မြင်လျှင် ဆရာရသေ့သည် အရပ်တပါးသို့ပင် ကြွသွားလေရော့သလားဟု အောက်မေ့ကာ ကျောင်းတံခါးကို ဖွင့်၍ ကျောင်းတွင်းသို့ ဝင်ပြန်သောအခါ လျောင်းစက်နေသော ရသေ့ကိုမြင်ပြန်လျှင် တစုံတရာမချမ်းသာခြင်း ဖြစ်လိမ့်မည်ဟု ဆင်ခြင်ပြန်၍ ပုပ်သိုးနေသော ဆွမ်းတို့ကို စွန့်စေ၏၊ ကျောင်းကိုလည်း သုတ်သင်ရှင်းလင်းစေ၏။

**မင်းကြီးကရုမ ချာန်ပြန်ရ** တဖန် ရသေ့ထံသို့ ကပ်ကာ– "အရှင်ဘုရား အဘယ်ရောဂါ ဖြစ်ပါသနည်း" ဟု လျှောက်၏၊ "မင်းကြီး····ငါ့မှာ မြားစူးဝင်နေသည်"ဟု ပြောလေ၏၊ ထိုအခါမင်းကြီးသည် [တကယ်မြားစူးဝင်နေသည်မှတ်ထင်၍ - ငါ့ရန်သူတို့သည် ငါ့ကိုပစ်ခွင့်မရသဖြင့် ငါ့ဆရာရသေ့ကို ပစ်ကြလိမ့်မည်ဟု အောက်မေ့ကာ] ဘယ်နေရာမှာ စူးဝင်ပါသနည်း၊စူးဝင်သောနေရာကိုပြတော်မူပါ"ဟု မေးပြန်၏၊ ရသေ့သည်–

"မြတ်သော မင်းကြီး···· ကာမဝိတက် ယှဉ်သော ရာဂရေဖြင့် ဆေးကြောအပ်သော ကာမဝိတက်ကျောက်၌ သွေးအပ်သော ကောင်းသော

တန်ဆာဆင်ခြင်းကင်းသော မြွားသမားတို့ မချွန်
အပ်သော လက်ျာနားစွန်း၌ ဆွဲငင်၍ မပစ်အပ်
သော ဥဒေါင်းတောင်စသည်တို့ဖြင့် မြွားလွှတ်ခြင်း
ငှါ မကပ်အပ်သော ခပ်သိမ်းသော ကိုယ်အင်္ဂါကို
လောင်စွမ်းနိုင်သော ကိလေသာ မြွားသည် ငါ၏
စိတ်နှလုံး၌စူးဝင်အပ်လေပြီ ''မြတ်သောမင်းကြီး..
ကိလေသာ မြွားစူးဝင်ခြင်းကြောင့် သွေးယိုစီးရာ၏၊
စူးဝင်ရာအရပ်ကိုကား မမြင်ရချေ၊ အလွန်မသင့်
မတင့် နှလုံးသွင်းသောစိတ်ရာဂသည် ပွားများခဲ့၏၊
ငါသည် ကိုယ်တိုင်ဆင်းရဲကို ဆောင်ယူမိချေပြီ''—

ဟု မင်းကြီးအား တရားဟောပြီးလျှင် မင်းကြီးနှင့် တကွ ပရိသတ်ကို ကျောင်းပြင်ပသို့ ထွက်စေ၍ ကသိဏ်း ပရိကံကိုပြုကာ ကွယ်ပျောက်ပြီးသော ဈာန်,အဘိညာဉ်ကို ပြန်ရစေလျက် ကျောင်းမှထွက်ပြီးလျှင် ကောင်းကင်၌နေ ကာ ''မြတ်သောမင်းကြီး.... ငါဟိမဝန္တာသို့ သွားတော့ မည်၊ ငါ့မှာ ဤအရပ်တွင်နေမိသဖြင့် ဤကဲ့သို့ ဘောက်ပြန် ခြင်းသို့ရောက်ရသည်၊ နေခြင်းငှါမသင့်''ဟု မိန့်တော်မူပြီး လျှင် မင်းကြီးက မကြွရန်အဖန်ဖန် တောင်းပန်စဉ်လျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ကြွကာနေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့လားလေ၏။

ဤဒေသနာတော်ကိုဆောင်ပြီး၍ သစ္စာကိုပြသည့်အဆုံး ၌ ငြိုးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ အချို့သောရဟန်းတို့သည် သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာအဖြစ်သို့ရောက်ကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····
※ ထိုအခါဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။
※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မြွားကိလေသာ၊စူး၀င်ရာ၊ပူဆာနှလုံးထဲ။
(၂) ၀င်ပေါက်မရှိ၊သွေးယိုဘိ၊ မချိလွန်ဆင်းရဲ။
(၃) ရှာန်ယာဉ်ကွယ်ရိုး၊ မြေလျှောက်မျိုး၊ တောင်ကျိုးငှက် တူမြဲ။

သက်ပွဇာတ်ပြီး၏။

---

## ၂၅၂—တိလမုဋ္ဌိဇာတ်

### ပစ္စုပ္ပန်၀တ္ထု

**ဒေါသကြီးမား ရဟန်းတပါး** နတ် လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတ၀န်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသောရဟန်းတပါးသည် အလွန်ဆင်းရဲ ပင်ပန်းခြင်း သဘောရှိ၏၊ အနည်းငယ်ပြောဆိုငြားသော်လည်း ပြင်းစွာ အမျက်ထွက်တတ်၏၊ သည်းခံခြင်းမရှိ။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၀ယ် “ငါ့ရှင်တို့···· ဤမည်သော ရဟန်းအလွန်ဆင်းရဲ ပင်ပန်းခြင်း

သဘောရှိ၏၊ အနည်းငယ် ပြောဆိုသော်လည်း ပြင်းစွာ အမျက်ထွက်တတ်၏၊ သည်းခံခြင်းမရှိ၊ ဖိုခနောက်တွင် တင်ထားသော ဆားကဲ့သို့ဖျစ်ဖျစ်မြည်လျက်သာနေ၏၊အမျက်ဒေါသကင်းသော သာသနာတော်၌ ရဟန်းပြုပါလျက် အမျက်ဒေါသကို နှိမ်နင်းခြင်းငှါမတတ်နိုင်''ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် ''ရဟန်းတို့....ဤရဟန်းကား ယခုအခါ၌သာ အမျက်ထွက်တတ်သည်မဟုတ်၊ ရှေးအခါ၌လည်းအမျက်ထွက်တတ်သည်''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ပညာသင်လွှတ် မိဘဝတ်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ထိုဗြဟ္မဒတ်မင်းအား ဗြဟ္မဒတ်မည်သောသားတယောက်ရှိလေ၏၊မင်းကြီးသည် မင်းသားဆယ့်ခြောက်နှစ်အရွယ်သို့ရောက်လတ်သော် သားတော်ကို ခေါ်၍ ''ချစ်သား....ဆရာအဘို့ဖြစ်သော ဤငွေအသပြာ တထောင်ကိုယူကာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံသွား၍ အတတ်ပညာသင်ချေ''ဟု ပြောဆိုကာ လမ်းတွင်စီးရန် လွှာချင်းဘိနပ်နှင့် ဆောင်းရန် သစ်ရွက်ထီးကို ပေး၍လွှတ်လိုက်၏။

ရှေးမင်းတို့သဘောသည် မိမိတို့တိုင်းပြည်ဝယ် ဒိသာပါမောက္ခဆရာရှိသော်လည်း ပညာမသင်စေဘဲ မင်းသားတို့မာနကျိုးစေရန်ငှင်း, အချမ်းအပူစသည်ကို သည်းခံနိုင်

စေရန် ၎င်း, လူတို့စရိုက်ကို သိစေရန်၎င်း, ဒေသန္တရ ဗဟုဿုတ ရှိစေရန်၎င်း ဤသို့သော အကျိုးထူးတို့ကို မြော်မြင်ကာဝေးလံသော တိုင်းတပါးသို့ သားတော်တို့ ကိုပညာသင်လွှတ်လေ့ရှိကြကုန်၏။

ဗြဟ္မဒတ်မင်းသားသည် အမိအဘတို့ကို ရှိခိုးကန်တော့ပြီးလျှင် စားနပ်ရိက္ခာတို့ကို ယူဆောင်ကာ အစဉ်အတိုင်းသွားလေလျှင် တက္ကသိုလ်ပြည်သို့ရောက်၍ ဆရာအိမ်ကိုမေးမြန်းကာ အိမ်တံခါးသို့ဝင်လျှင် တပည့်တို့ကို အတတ်ပညာသင်ပြီးသဖြင့် ဆရာကြီး စင်္ကြံသွားနေခိုက်ကြုံ၍ အနီးတွင်ရှိခိုးကာနေ၏။

**ပညာတတ်ဘွယ် နည်းနှစ်သွယ်**

ဆရာကြီးလည်း မင်းသားကိုမြင်လျှင် ပင်ပန်းလာသည်ကိုသိ၍ ဧည့်ဝတ်ကို ပြုစေ၏၊ မင်းသားလည်း ထမင်းစားပြီးလျှင် ခဏအပန်းဖြေ၍ ဆရာထံသို့ကပ်လေ၏၊ဆရာလည်း "အမောင်....ဘယ်အရပ်မှလာသနည်း" ဟု မေး၏၊ "ဆရာ..ဗာရာဏသီပြည်မှလာပါသည်" ဟုပြော၏၊ "အမောင်....မည်သူ၏ သားနည်း"ဟု မေး၏၊ "ဆရာ.... ဗြဟ္မဒတ်မင်း၏ သားတော် ဖြစ်ပါသည်"ဟု ပြော၏၊ "အမောင်.... ဘယ်အတွက် လာသနည်း"ဟု မေး၏၊ "ဆရာ..အတတ်ပညာသင်ကြားရန်လာပါသည်"ဟုပြော၏၊"အမောင်..ဆရာ၏အမှုကိစ္စကို ဆောင်ရွက်ကာအခမဲ့ သင်မည်လော၊ သို့တည်းမဟုတ် ဆရာ့အတွက်အဘိုးအခ ပေး၍သင်မည်လော"ဟု မေး၏၊ "ဆရာ....ကျွန်တော် ဆရာ့အတွက် အဘိုးအခပေး၍သင်ပါမည်"ဟု ပြောဆို

ကာဆရာ့အတွက် အသပြာတထောင်ပေး၍ ဆရာထံတွင် အတတ်ပညာသင်ကြားလေ၏။

ပညာသင်တပည့်နှစ်မျိုးရှိရာဆရာ၏အမှုကိစ္စကိုဆောင်ရွက်၍ သင်သောတပည့်မှာ အဘိုးအခမပေးရ၊တနေ့လုံး ဆရာ၏ အမှုကိစ္စကို ဆောင်ရွက်ကာ ညအခါ၌သာ သင်ကြားရကုန်၏၊ဆရာ့အတွက် အဘိုးအခပေး၍ သင်သောတပည့်မှာကား ဆရာ၏အမှုကိစ္စကိုမဆောင်ရွက်ရဘဲ တနေ့လုံးသင်ကြားရကုန်၏။

**အကျင့်ပျက်ကရိုက်ဆုံးမ**

တနေ့သ၌ ဆရာသည် ဗြဟ္မဒတ်မင်းသားကိုခေါ်၍ ရေချိုးရန်သွားလေ၏၊ ထိုအခါ မိန်းမအို တယောက်သည် နှမ်းတို့ကို ချွတ်၍ထားပြီးလျှင် အနီးတွင် စောင့်လျက်နေ၏၊ မင်းသားသည် နှမ်းဖြူတို့ကိုမြင်လျှင် စားလိုသဖြင့် နှမ်းတဆုပ်ယူ၍စားမိ၏၊ မိန်းမအိုလည်း ဤသူငယ်ကား ချင်ခြင်းများလှသည် အောက်မေ့ကာ ဆိတ်ဆိတ်နေ၏၊ မင်းသားသည်သုံးရက်မြောက်နေ့၌လည်းနှမ်းတဆုပ်ယူ၍ စားပြန်၏။

ထိုအခါ မိန်းမအိုသည် သည်းမခံနိုင်တော့ဘဲ "ဒိသာပါမောက္ခဆရာသည် တပည့်တို့ကို လုယက်စေသည်" ဟုဆို၍ လက်တို့ကိုမြှောက်ကာ ငိုမြည်တမ်းလေ၏၊ဆရာသည် နောက်သို့ပြန်၍ "မိခင်⋯အဘယ့်ကြောင့် ငိုမြည်တမ်းသနည်း"ဟုမေး၏၊ "ဆရာ⋯ဆရာ့တပည့်သည် ယနေ့နှမ်းတဆုပ် ယမန်နေ့ကနှမ်းတဆုပ်ယူ၍စားသည်၊ ဤလိုသာနေ့စဉ်စားနေလျှင် အကျွန်ုပ်ဥစ္စာမကုန်ပါလော" ဟု

ပြောကာ တိုင်တန်းလေ၏၊ ဆရာသည် "မိခင်မငိုပါလင့်၊ တန်ဘိုးကိုလျော်စေပါမည်"ဟုပြော၏၊"ဆရာ....တန်ဘိုးဖြင့် အလိုမရှိ၊ ဤကဲ့သို့သောအမှုကို နောက်တဖန်မပြုဝံ့အောင်သာ ဆုံးမပါ"ဟုပြော၏၊ ဆရာသည် "မိခင်....ကောင်းပြီကြည့်ပါ"ဟုဆို၍ မင်းသား၏လက်နှစ်ဘက်တို့ကို လုလင်နှစ်ယောက်ကိုကိုင်စေ၍ ဝါးခြမ်းစိတ်ဖြင့်ကျောကိုရိုက်၍ ဆုံးမလေ၏။

**တပည့်စိတ်ဆိုး ဘွဲ့ရန်ငြိုး**

မင်းသားသည် ဆရာကို အမျက်ထွက်လျက် နီမြန်းသော မျက်လုံးဖြင့် ခြေဖမိုးမှဆံဖျားတိုင်အောင် ကြည့်လျက် ဤဆရာကို အခွင့်ရသောအခါ ငါသတ်မည်ဟု ရန်ငြိုးဖွဲ့လေ၏၊ ဆရာလည်း မင်းသားအမျက်ထွက်၍ ကြည့်သည်ကိုသိလေ၏၊ မင်းသားလည်း ဆရာ့ထံမှ အတတ်ပညာသင်ယူပြီးဆုံးသောအခါ ဆရာကိုခွင့်ပန်ရှိခိုး၍ အကောက်ညှာဖြင့် "ဆရာ....ကျွန်တော်ဗာရာဏသီပြည်တွင် မင်းအဖြစ်သို့ရောက်သောအခါ ဆရာ့ထံလူလွှတ်၍အကြောင်းကြားပါမည်၊ ကြွဖြစ်အောင်ကြွခဲ့ပါ" ဟု ချစ်ခင်ကြည်ညိုဟန်ဆောင်၍ ဘိတ်ကြားဝန်ခံစေပြီးလျှင် ဗာရာဏသီပြည်သို့ပြန်လေ၏။

ခမည်းတော်မင်းကြီးထံရောက်လျှင် မိမိတတ်မြောက်ခဲ့သော အတတ်ပညာတို့ကို ပြရာမင်းကြီးသည် အလွန်နှစ်သက် အားရတော်မူသဖြင့် ငါ့သားတော် အတတ်ပညာစုံပေပြီ၊ ငါအသက် ရှင်စဉ်ပင် မင်း၏ အသရေကိုကြည့်ရှုလိုသည်ဟု အောက်မေ့ကာ အဘိသိက် သွန်း၍ ထီးနန်းစည်းစိမ်ကိုအပ်နှင်းလေ၏။



P.12 အမယ်အိုရဲ့နှမ်းတဆုပ်ကို ခိုးယူစားသောမင်းသားအား ကျောင်းသားများကိုင်ထားစေ၍ ဆရာရိုက်နှက်ဆုံးမနေပုံ

ကလဲ့စားချေရန် ဘိတ်မန်ပြန်

မင်းသားလည်း မင်း၏အသရေကို ခံစားရလျှင် တက္ကသိုလ်ဆရာ ဝါးခြမ်းစိတ်ဖြင့် ကျောကိုရိုက်ဘူးသော အဖြစ်ကို သတိရ၍ အသစ်ကဲ့သို့ဖြစ်၍ အမျက်ထွက်ကာ "ယခု မင်းအဖြစ်သို့ ရောက်ပေပြီ၊ ဆရာ့ကို ပူဇော်လိုပါသည်၊ အမြန်ကြွလာတော်မူပါ"ဟု မှာထားလျက် ပဏ္ဏာလက်ဆောင်ပေးကာ တက္ကသိုလ်ဆရာထံ တမန်ကို စေလွှတ်လေ၏၊ ဆရာလည်း တမန်၏စကားကိုကြားလျှင် "ဤမင်းကား ငယ်ရွယ်သေးသည်၊ ငါ၏ဆုံးမစကားကို မှတ်သားနာယူနိုင်ဦးမည်မဟုတ်၊ သွားရန် မသင့်လျော်သေး" ဟု ကြံစည်ကာ တမန်နှင့်အတူ ချက်ခြင်းမလိုက်သေးဘဲ စောင့်ဆိုင်းကာနေ၏၊

ဗာရာဏသီမင်းကြီး ပစ္ဆိမအရွယ်သို့ရောက်သောအခါ တက္ကသိုလ်ဆရာသည် "ယခုအခါ မင်းကြီးသည် အမျက်မာန်နည်းပါးချိန်တော်ပြီ၊ ငါ၏အဆုံးအမစကားကို မှတ်သားနာယူနိုင်လောက်ပြီ၊ မင်းကြီးကို ဆုံးမမည်"ဟု ကြံစည်သတိရကာ ဗာရာဏသီမင်းကြီးထံသို့ သွားလေ၏။ နန်းတော်တံခါးသို့ရောက်၍ အကြောင်းကြားစေရာ မင်းကြီးလည်း နှစ်သက်စွာ ဆရာကိုခေါ်စေ၍ ရှေ့တော်သို့ရောက်လာသော ဆရာကိုမြင်လျှင် အမျက် ထွက်ကာ နီမြန်းသော မျက်လုံးဖြင့် ကြည့်လျက်—

"အို— ပုဏ္ဏား.... သင်သည် နှမ်းတဆုပ်ကြောင့် ငါ့ကို လက်နှစ်ဘက်တို့ကို ကိုင်စေပြီးလျှင် ဝါးခြမ်းစိတ်ဖြင့် ကျောကိုရိုက်နှက်သည်ကို ယနေ့တိုင်အောင်ပင် အမှတ်ရ၏။

အို–ပုဏ္ဏား…သင်သည် ယခုငါ့ထံသို့ ရောက်လာခြင်းကြောင့်၎င်း, ငါ့လက်နှစ်ဘက်ကို ကိုင်စေ၍ ဝါးခြမ်းစိတ်ဖြင့် ကျောကို သုံးကြိမ် ရိုက်နှက်ခြင်းကြောင့်၎င်း၊ သင်ကား အသက်ရှည်စွာ မနေလိုယောင်တကား''–သေဘေးဖြင့်ခြိမ်းချောက်၍ပြောဆိုလေ၏။

**ဆရာဆုံးမလေ အမျက်ပြေ**

ထိုမင်းကြီး စကားကို ဆရာ ပုဏ္ဏားကြားလေလျှင်–

''မြတ်သော မင်းကြီး…. မြတ်သော အကျင့်ရှိသူသည် မမြတ်သောအကျင့်ကို ပြုကျင့်သူကို ဒဏ်ဖြင့် တားမြစ်၏၊ ထိုတားမြစ်ခြင်းကား ဆုံးမခြင်းဖြစ်၏၊ ရန်မဟုတ်ပါ၊ တားမြစ်ခြင်းကို ပညာရှိတို့သိကြ၏''–

ဟု– အကျိုးအကြောင်းပြ၍ ဆုံးမပြီးလျှင် ထိုထက်အလွန် ဆုံးမလိုပြန်သဖြင့်–''မြတ်သောမင်းကြီး….ဆုံးမသောအရာ၌ ရန်ငြိုးမဖွဲ့ထိုက်။ သင်မင်းကြီးကို ကျွန်ုပ်အကယ်၍မဆုံးမငြားအံ့၊ ပဲကြီး, မုန့်, နှမ်းညက်ဖြင့် ပြုအပ်သော ခဲဘွယ် စသည်ကို၎င်း၊ သစ်သီးကြီးငယ် စသည်ကို၎င်း လုယက်ခြင်း,အိမ်ခြံစပ်ကိုဖောက်ဖျက်ခြင်း, ခရီးသွားတို့ကို လုယက်ခြင်း, ရွာနိဂုံးကိုဖျက်ဆီးခြင်း,သူပုန်ထခြင်း-စသည်တို့ကို ပြုသဖြင့် မင်း၏ဆန့်ကျင်ဘက်ဖြစ်ကာ မင်းပြစ်မင်းဒဏ်သင့်လျက် သေကြေပျက်စီးခြင်းသို့ ရောက်ရပေမည်၊ ဤကဲ့သို့သော မင်းစည်းစိမ်ကို ရတော့မည်မဟုတ်၊

ဆရာဖြစ်သော အကျွန်ုပ်ကိုမှီ၍သာ ဤစည်းစိမ်ကိုရသည်'' ဟု မင်းကြီးအား ပြောကြားလေ၏။

မင်းကြီးကို ခြံရံ၍နေသော အမတ် စသည်တို့လည်း ဆရာစကားကိုကြားလျှင် မင်းကြီးအား -''အရှင်မင်းကြီး.... ဆရာ့စကားမှန်ပေသည်၊ ဤမင်းစည်းစိမ်ကား ဆရာ၏ဥစ္စာသာဖြစ်သည်''ဟု လျှောက်ကြကုန်၏။

**ကျေးဇူးကိုဆပ် စည်းစိမ်အပ်**

ထိုခဏ၌ မင်းကြီးသည် အမျက်ရန်ငြိုး ပြေ၍ ဆရာ၏ဂုဏ်ကျေးဇူးကို အောက်မေ့ကာ ''ဆရာ....ဆရာ့အား အလုံးစုံသော မင်းစည်းစိမ်ကို ပေးပါ၏'' ဟု ပြောဆိုလေ၏။

ဆရာလည်း ''မြတ်သောမင်းကြီး အကျွန်ုပ်ကား မင်းအဖြစ်ဖြင့် အလိုမရှိပါ'' ဟု ပယ်လေ၏၊ မင်းကြီးသည် တက္ကသိုလ်ပြည်သို့ စေလွှတ်၍ ဆရာ၏ သားမယားတို့ကို ခေါ်ယူစေပြီးလျှင် များစွာသော စည်းစိမ်အခြံအရံကိုပေးလေ၏၊ဆရာကိုလည်း ပုရောဟိတ် ပုဏ္ဏားပြုကာ အဘအရာ၌ထား၍ ဆရာ၏ အဆုံးအမ၌ တည်လျက် ဒါနစသော ကုသိုလ်ကောင်းမှုကိုပြု၍ သေလွန်သည့်အခြားမဲ့၌ နတ်ပြည်သို့လားလေ၏။

ဤဒေသနာတော်၏အဆုံး၌ အမျက်ထွက်သောရဟန်းသည် အနာဂါမိဖိုလ်၌တည်လေ၏၊ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၊သကဒါဂါမိဖိုလ်၌ တည်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗြဟ္မဒတ်မင်းသည်- ယခုအခါ အမျက်ထွက်သောရဟန်း။

※ ဆရာပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ— ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဒေါသမျက်ကြီး၊ရန်ငြိုးကြီး၊ပျက်စီးဆင်းရဲစွာ။
(၂) အကျိုးဖြစ်ရန်၊ဆုံးမပြန်၊ရန်ငြိုးမဖွဲ့ရာ။
(၃) မမြတ်ကျင့်က၊နည်းငယ်က၊ဆုံးမတားမြစ်ရာ။

တိလမုဋ္ဌိဇာတ်ပြီး၏။

---

## ၂၅၃—မဏိကဏ္ဍဇာတ်

ပစ္စုပ္ပန်ဝတ္ထု

တောင်းရမ်းများချက်မနှစ်သက်

နတ်လူတို့ဆရာ ဖြစ်တော်မူသောမြတ်စွာဘုရားသည် အာဠဝီပြည်ကို အမှီပြု၍ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးတော်မူစဉ် အာဠဝီတိုင်းသား ရဟန်းတို့သည် သုံးဆောင်နေထိုင်ရန် အဆောက်အဦကုဋိတို့ကို လှူဒါန်းသူ ဒါယကာမရှိဘဲ ကိုယ်တိုင်ဆောက်လုပ်ကြကုန်၏။

ထိုအခါ ရဟန်းတို့သည် မည်သည့်အမှုကို ပြုလုပ်ကြကုန် အမှုလုပ်ယောက်ျားကို ပေးကြကုန် စသည်ဖြင့်

အလွန်အတောင်းအရမ်းများကုန်၏၊ လူတို့သည် အလွန်တောင်းရမ်းခြင်းဖြင့် နှိပ်စက်ကုန်ရကား ရဟန်းတို့ကို မြင်လျှင် ပြေးကြကုန်၏။

အရှင်မဟာကဿပသည် အာဠဝီပြည်သို့ ရောက်၍ ဆွမ်းခံတော်မူ၏၊ လူတို့သည် ရှင်မဟာကဿပကိုမြင်လျှင် ပြေးကြကုန်၏၊ ရှင်မဟာကဿပလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် ရဟန်းတို့ကို မေးသောအခါ ထိုအကြောင်းကို သိ၍ မြတ်စွာဘုရားကို လျှောက်ကြကုန်၏။

မြတ်စွာဘုရားလည်း ရဟန်းတို့ကို စည်းဝေးစေ၍ "ရဟန်းတို့....သင်တို့သည် ကုဋိတို့ကို ကိုယ်တိုင် ဆောက်လုပ်ကြ၏၊ အတောင်းအရမ်းများ၏ဟူသည် ဟုတ်မှန်သလော" ဟုမေးတော်မူလျှင် ဟုတ်မှန်ကြောင်းကို လျှောက်ထားကြ၍ ကဲ့ရဲ့တော်မူပြီးလျှင် "ရဟန်းတို့.... တောင်းရမ်းခြင်းမည်သည်ကား ရတနာခုနစ်ပါးနှင့် ပြည့်စုံသော နဂါးမင်းတို့စင်လျက်လည်း မနှစ်သက်ကြကုန်၊ လူတို့မှာ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း၊ ကျောက်ဖျာမှ ကျောက်ချပ်ကို ဆစ်၍ယူရသကဲ့သို့ တကျပ်တသပြာမျှကိုပင် ခဲခဲယဉ်းယဉ်း ရှာဖွေဆည်းပူးကြရကုန်၏" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

ညီနောင်ရသေ့ မြစ်နားနေ့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စည်း

စိမ်ဥစ္စာ များသော ပုဏ္ဏားမျိုး၌ ဖြစ်လေ၏၊ ခြေဖြင့် ပြေးသွားနိုင်သောအခါ၊ ညီငယ်တယောက် မွေးဖွား ပြန်၏၊ ထိုညီနောင်နှစ်ယောက်တို့သည် အရွယ်သို့ရောက် လတ်သော် မိဘတို့သည် သေလွန်ကြကုန်၏။

ထိုအခါ ညီနောင်နှစ်ယောက်တို့သည် သံဝေဂ ရကြ သဖြင့် ရသေ့,ရဟန်းပြုကာ ဂင်္ဂါမြစ်နား၌ သစ်ရွက်မိုး ကျောင်း ဆောက်လုပ်၍ နေကြကုန်၏၊ထိုရသေ့,ညီနောင် နှစ်ယောက်တို့တွင် အစ်ကိုကြီး၏ကျောင်းကား ဂင်္ဂါ မြစ်ညာ၌တည်ရှိ၍ ညီငယ်၏ ကျောင်းကား ဂင်္ဂါမြစ်၏ အကြေ၌ တည်ရှိလေ၏။

**ညီငယ်ရသေ့ နဂါးတွေ့**

တနေ့သ၌ မဏိကဏ္ဌ နဂါးမင်းသည် နဂါးပြည်မှထွက်၍ လုလင် အသွင် ဖန်ဆင်းကာ ဂင်္ဂါမြစ် ကမ်းနားသို့ လှည့်လည်သွားလာသည်ရှိသော် ညီငယ်ရသေ့၏ကျောင်း သို့ရောက်၍ ရသေ့ကိုရှိခိုးကာ ပဋိသန္ထာရစကား ပြော ကြားလျက်နေ၏၊ လာဘန်များ၍ အလွန် ချစ်ကျွမ်းဝင် လျက် တဦးနှင့်တဦး ကင်းကွာ၍နေခြင်းငှါ မတတ်နိုင် ကုန်။

မဏိကဏ္ဌနဂါးမင်းသည် ညီငယ်ရသေ့ထံ မပြတ်ခစား လာ၍ ရသေ့၌ အလွန်ချစ်သဖြင့် ပြန်ကာနီးတွင် လုလင် ငယ်အသွင်ကိုစွန့်၍ ပကတိနဂါးအသွင်ဖြင့် အခွေတို့ဖြင့် ရသေ့၏ကိုယ်ကိုရစ်ပတ်လျက် သုံးသပ်၍ ဦးခေါင်းထက်၌ ပါးပျဉ်းကိုဖြန့်မိုးပြီးလျှင် အတန်ငယ် ရှုကြည့်လျက် ချစ်

ခြင်းကိုဖြေ၍ အခွေတို့ကိုဖြေလျက် ရသေ့ကို ရှိခိုးကာပြန်လေ့ရှိ၏။

**နဂါးကိုကြောက် နောင်တော်လျောက်** ရသေ့သည် မဏိကဏ္ဍ နဂါးမင်းမှ ကြောက်ရွံ့ထိတ်လန့်သဖြင့် အသား အရေ ခန်းခြောက်ပိန်ချုံးလျက် အရိုးနှင့်အရေမျှသာရှိ၍ ဖက်ရွက်လျော်ကဲ့သို့ ဖြော့တော့သော အဆင်းရှိလေ၏၊ တနေ့သ၌ နောင်တော် ရသေ့ထံသွားလတ်သော် နောင်တော်ရသေ့သည် ပိန်ချုံးဖြော့တော့နေသော ညီတော်ရသေ့ကိုမြင်လျှင်- အကြောင်းကို မေးမြန်းရာ အကြောင်းစုံလျှောက်ထားသဖြင့် ညီတော် ရသေ့အား"ညီတော်....သင်သည် နဂါးမင်းမလာခြင်းကို အလိုရှိသလော"ဟု မေးလေရာ၊ "နောင်တော်....မလာခြင်းကိုအလိုရှိပါသည်"ဟုလျှောက်လေ၏၊ "ညီတော်.... သင့်ထံလာသောအခါ အဘယ်တန်ဆာကိုဆင်၍ လာသနည်း"ဟုမေးပြန်လျှင် "နောင်တော်....လည်ပင်း၌ ပတ္တမြား ရတနာကိုဆင်၍ လာပါသည်"ဟု လျှောက်ထားလေ၏။

ထိုအခါနောင်တော်သည်"ညီတော်...ကောင်းပြီ၊နဂါးမင်းသင့်ထံလာသောအခါ မထိုင်မီ ပတ္တမြားရတနာကို တောင်းလော့၊ နဂါးမင်းသည် သင့်ကိုအခွေတို့ဖြင့် မရစ်ပတ်ဘဲ ထ၍သွားလိမ့်မည်၊ နောက်တနေ့ ကျောင်းတံခါးရောက်လျှင် တောင်းလော့၊ နောက်တနေ့ ဂင်္ဂါမြစ်ကမ်းမှနေကာ ရေကူးလာစဉ် တောင်းလော့၊နောက်နဂါးမင်းသည် သင့်ထံသို့ မလာလတ္တံ့"ဟု နဂါးမင်း အချစ်ပျက်၍ မလာအောင် နည်းပေးလေ၏။

**နဂါးပြေးရှောင်း ပတ္တမြားတောင်း**

ညီတော်ရသေ့သည် နောင်တော်ရသေ့ နည်းပေးသောအတိုင်း- နက်ဖြန်နဂါး မင်းလာသောအခါ မထိုင်မီ "နဂါးမင်း.... ငါ့အား ပတ္တမြား ရတနာကို ပေးလော့"ဟု တောင်းလေ၏၊ နဂါးမင်းသည် မထိုင်ဘဲ ပြေးလေ၏၊ နောက်တနေ့လာ၍ ကျောင်းတံခါးသို့ ရောက်လျှင်"နဂါးမင်း....ယမန်နေ့က ပတ္တမြားရတနာကို ငါ့အားမပေးခဲ့၊ ယနေ့ ပေးလော့"ဟု တောင်းပြန်၏၊ နဂါးမင်းသည် ကျောင်းတွင်းသို့မဝင်တော့ဘဲ ပြေးလေ၏၊ နောက်တနေ့ မြစ်ကမ်းမှစောင့်ကာ နဂါးမင်းလာမည်ဟု ရေတွင်ပေါ် လာစဉ်"နဂါးမင်း.... ငါပတ္တမြားတောင်းသည်မှာ သုံးရက်ရှိပြီ၊ ယနေ့ ငါ့အားပေးခဲ့လော့"ဟု တောင်းပြန်၏။

ထိုအခါ နဂါးမင်းသည် ရေပေါ်မှာ ရပ်တည်လျက် ရသေ့အား—

"အို-ရသေ့....ဤပတ္တမြားကြောင့် အကျွန်ုပ် အား- ပြန့်ပြောမွန်မြတ်သော နတ်ထမင်း နတ် အဖျော်သည် ဖြစ်လာပေ၏၊ ထိုပတ္တမြားကို သင် ရသေ့အား- ပေးမည်မဟုတ်၊ သင်ကား အလွန် တောင်းဘိ၏၊ သင့်ကျောင်းသို့လည်း လာတော့ မည်မဟုတ်။

အို-ရသေ့....ကျောက်၌ထက်စွာသွေးအပ်သော သန်လျက် လက်တွင်ရှိသော လုလင်ပျိုသည် ခြိမ်း ခြောက်သကဲ့သို့၊ ထို့အတူ ဤပတ္တမြားကိုတောင်း သော သင်ရသေ့သည် ငါ့ကို ခြိမ်းခြောက်ဘိ၏၊

အလွန် တောင်းရမ်းဘိ၏၊ထိုပတ္တမြားကို ပေးမည် မဟုတ်၊ သင့်ကျောင်း သို့လည်း လာတော့မည် မဟုတ်''—

ဟု ပြောဆိုပြီးလျှင် ရေတွင်ငုပ်လျက် မိမိနေရာ နဂါးပြည်သို့သွားလေ၏၊နောက်တဖန် ရသေ့ကျောင်းသို့မလာတော့ပြီ။

**နဂါးနှင့်ကင်းရောဂါညှဥ်း**

နဂါးမင်း မလာသောအခါ ရသေ့ငယ်သည် အလွန်ရှုစချင်ဖွယ်ရှိ၍ ချစ်ခင်လှစွာသောနဂါးမင်းကို မမြင်ရပြန်လျှင်အသားအရေခန်းခြောက်ပိန်ချုံးကာ ရှေးကထက်ကြီ့လှို၍အဆင်းမလှဖြစ်ပြန်၏၊ ဖက်ရွက်လျော်ကဲ့သို့ ဖြော့တော့သောအဆင်းရှိပြန်၏။

နောင်တော်ရသေ့သည် ညီတော်ရသေ့၏ အကြောင်းအရာကိုသိလိုသဖြင့် ကျောင်းသို့သွား၏၊ အလွန်ကြီ့လှိုပိန်ချုံးလျက် ဖက်ရွက်လျော်ကဲ့သို့ဖြော့တော့သော အဆင်းရှိသည်ကိုမြင်ပြန်လျှင် ညီတော်ရသေ့အား မေးမြန်းပြန်ရာ၊ နဂါးကို မမြင်ရသဖြင့် ဖြော့တော့သော အဆင်းရှိပြန်ကြောင်းလျှောက်ထားပြန်၏၊ ထိုအခါ နောင်တော်ရသေ့သည် ညီတော်ရသေ့အား—

''ညီတော်··· ပုဂ္ဂိုလ်တဦးတယောက် အလွန်ချစ်ခင်မြတ်နိုးနေသော ဥစ္စာပစ္စည်း တစုံတရာကို မတောင်းရမ်းရာ၊ အလွန်ချစ်ခင် မြတ်နိုးနေသော ဥစ္စာပစ္စည်းဖြစ်ကြောင်းသိရာသည်၊အလွန်တောင်းရမ်းခြင်းကြောင့် မိမိ၌ မုန်းတီးတတ် သည်။

"ညီတော်··ပတ္တမြားကို အတောင်းခံရသော နဂါး
မင်းသည် တောင်းသောအခါမှစ၍ ငါ့ညီတော်
မမြင်ရာအရပ်သို့ သွားခဲ့လေပြီ"—

ဟု အဆုံးအမပေးပြီးလျှင် ယနေ့မှစ၍ စိုးရိမ်ပူဆွေးခြင်းငှါမသင့်ဟု ဆုံးမ၍ သက်သာရာရစေပြီးလျှင် နောင်တော်ရသေ့သည် မိမိနေရာကျောင်းသို့ပြန်လေ၏။

နောက်အဘို့၌ ရသေ့ညီနောင်နှစ်ဦးတို့သည်အဘိညာဉ်သမာပတ်ကိုဖြစ်စေ၍ သေလွန်သည့်အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ညီတော်ရသေ့သည်-ယခုအခါအာနန္ဒာ။
※ နောင်တော်ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မြတ်နိုးသိမ်းဆည်း၊ သူ့ပစ္စည်း၊ လိုလည်းမတောင်းရာ။
(၂) ရှေးကချစ်ခင်၊ တောင်းပြန်လျှင်၊ လူတွင်မုန်းတတ်စွာ။
(၃) သန်လျက် စွဲလား၊ တောင်း သူအား၊ ကြောက်ငြားလူတကာ။

မဏိကဏ္ဍဇာတ်ပြီး၏။

## ၂၅၄-ကုဏ္ဍလကေသီထေရီအပဒါန်

ပဉ္စမဝဂ်ပုဏ္ဏကဝတ္ထု၊

**သူဆင်းရဲအိုမ အရှင် သာရိပုတ္တရာ၏** နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် တရံသော အခါ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ဝါဆိုတော်မူပြီးလျှင် ဒေသစာရီ ကြွချီတော်မူ၍ တဖန်ပြန်လာသည်ရှိသော် ဒါယကာတို့သည် အာဂန္တုကဘတ်ကို ပြုမည်ဟု ဘုရားအမှူးရှိသော သံဃာအား အလှူကြီးကို ပေးကုန်၏။

ကျောင်းတော်၌ ဓမ္မဃောသက ရဟန်းတပါးကို ထား၏၊ ထိုရဟန်းသည် ဒါယကာတို့အလိုရှိတိုင်းသော ရဟန်းတို့ကို ဝေ၍ပေး၏၊ ထိုအခါ ဆင်းရဲ နွမ်းပါးလှသော မိန်းမအိုတယောက်သည် တပါးစာဆွမ်းကို စီရင်၍ မိမိအတွက် သံဃာမရသဖြင့် ဓမ္မဃောသက ရဟန်းထံသို့ သွားပြီးလျှင် "အရှင်ဘုရား…အကျွန်ုပ်အတွက် ရဟန်း တပါးပေးပါ"ဟု လျှောက်၏၊ ထိုဓမ္မဃောသက ရဟန်းသည်-"ဒါယိကာမကြီး ‥ရဟန်းတို့ကုန်ခဲ့ပြီ၊ အရှင်သာရိပုတ္တရာကျောင်းတော်မှာရှိသေးသည်၊ သွား၍လှူဒါန်းချေ"ဟု စေလွှတ်လိုက်၏။

**ဆင်းရဲသူမအလှူ ဝိုင်းဝန်းကူ** မိန်းမအိုလည်း နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ဇေတဝန် ကျောင်းတော် တံခါးမုခ်သို့ သွား၍ ရပ်နေခိုက် အရှင်သာရိပုတ္တရာ ကြွလာသောအခါ ရှိခိုး၍ လက်မှ

သပိတ်ကိုယူကာ အိမ်သို့ပင့်ဆောင်ကာ မြတ်သောနေရာတွင် သိတ်ငံးသုံးစေ၏။

ထိုအကြောင်းကို ကောသလမင်းကြီး ကြားတော်မူလျှင် မိန်းမအိုအား ဤအဝတ်ကိုဝတ်၍ ဤအသပြာ တထောင်ဖြင့် ဝယ်ခြမ်းကာ မွန်မြတ်သော ဘောဇဉ်ဖြင့် အရှင်ကို လုပ်ကျွေးပါဟု မှာထားပြီးလျှင် အဝတ်ပုဆိုးနှင့် အသပြာတထောင်ကို ပို့စေ၏၊ ထိုအတူ မဟာအနာထပိဏ်,စူဠအနာထပိဏ် ဝိသာခါတို့လည်း အသီးအသီး အသပြာတို့ကို ပို့စေကုန်၏၊ တပါးသောသူတို့လည်း မိမိတို့အစွမ်းရှိသလောက် တရာတန်သည်, နှစ်ရာတန်သည်တို့ကို ပို့ကြကုန်၏၊ ဤသို့လျှင် မိန်းမအိုအား တရက်ချင်းဖြင့်လျှင် အသပြာ တသိန်းကို ရလေ၏။

**ရှေးခါသနှစ်**
**နိုကိုးရာဖြစ်**

ရှင်သာရိပုတ္တရာ သည် မိန်းမအို လှူသောယာဂုကို သောက်၍ မိန်းမအို စီရင်သော ဘောဇဉ်ကို ဘုဉ်းပေးပြီးလျှင် အနုမောဒနာပြုကာမိန်းမအိုကို သောတာပတ္တိဖိုလ်၌ တည်စေ၍ ကျောင်းတော်သို့ ကြွတော်မူ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ ရှင်သာရိပုတ္တရာသည်အိုမင်းပြီးသော အိမ်ရှင်မအား ဆင်းရဲမှလွတ်စေ၏၊ ထိုမိန်းမအိုကပ်လှူသောယာဂုဘောဇဉ်ကိုမရွံမရှာ ဘုဉ်းပေးတော်မူ၏ဟု အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုနေခိုက် မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် ''ရဟန်းတို့.... ရှင်သာရိပုတ္တရာသည် ယခုအခါ၌သာ ထိုမိန်းမအို၏ ကိုး

ကွယ်ရာဖြစ်သည်မဟုတ် ရှေးအခါ၌လည်း ဖြစ်ဘူးပြီ၊ ယခု အခါ၌သာ ထိုမိန်းမအို ပေးအပ်သော အစာအာဟာရကို မရွံမရှာစားသည်မဟုတ် ရှေးအခါ၌လည်း စားဘူးပြီဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အမယ်အိုအိမ်ဝင်း တည်းခိုခြင်း** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥတ္တရာပထမြင်းကုန်သည်မျိုး၌ ဖြစ်လေ၏။

တနေ့သ၌ ဥတ္တရာပထဇနပုဒ်မှ မြင်းကုန်သည်ငါးရာတို့သည် မြင်းတို့ကို ဆောင်ယူကာ ဗာရာဏသီပြည်သို့ သွားကြကုန်၏၊ မြင်းကုန်သည်တယောက်သည် မြင်းငါးရာတို့ကို ယူဆောင်လျက် ဗာရာဏသီပြည်သို့ သွားလေ၏၊ ခရီးအကြားတွင် ဗာရာဏသီပြည်နှင့် မနီးမဝေးသောအရပ်၌ နိဂုံးရွာတခုရှိလေ၏။

ထိုနိဂုံးရွာဝယ်ရှေးသောအခါ စည်းစိမ်ဥစ္စာ များစွာကြွယ်ဝသော သူဌေးကြီးတဦးရှိခဲ့ဘူး၏၊ ထိုသူဌေးကြီး၏ နေရာအိမ်သည် အလွန်ကြီးကျယ်၏၊ အမျိုးမှုကားအစဉ်သဖြင့် ပျက်စီးဆုံးပါးခြင်းသို့ ရောက်ခဲ့သဖြင့် ထိုအိမ်ကြီးတွင် မိန်းမအိုတယောက်သာ ကြွင်းကျန်လေ၏၊ ထိုအခါ မြင်းကုန်သည်သည် ထိုနိဂုံးသို့ရောက်လျှင် ထိုမိန်းမအို နေသော အိမ်ကြီးကို အဘိုးအခပေးပါမည်ဆိုကာ မြင်းတို့ကို သင့်တင့်လျောက်ပတ်သော အရပ်၌ထား၍ ခေတ္တတည်းခိုနေထိုင်လေ၏။

**မြင်းငယ်ကလေး အိမ်ခပေး**

ထိုနေ့၌ပင် အာဇာနည် မြင်းမတကောင်သည် အာဇာနည်မြင်းငယ်ကို ဖွားမြင်လေ၏၊ မြင်းကုန်သည်လည်း နှစ်ရက်၊ သုံးရက်နေ၍ မြင်းတို့ကို အားယူစေပြီးလျှင် မင်းကြီးကို ဖူးမြင်မည်ဟု ပြောဆိုကာ မြင်းတို့ကိုယူ၍ သွားလေ၏၊ ထိုအခါမိန်းမအိုသည် အိမ်၌နေသောအဘိုးအခကိုပေးပါဟုတောင်း၏၊ မြင်းကုန်သည်သည် ကောင်းပြီ ပေးပါမည်ဟု ဆိုလတ်သော်မိန်းမအိုသည်“အမောင်…အဘိုးအခပေးမည်ဆိုလျှင် ယမန်နေ့က မွေးဖွားသော မြင်းငယ်ကိုသာပေးပါ”ဟု တောင်း၏၊မြင်းကုန်သည်လည်း ကောင်းပြီဟုဆိုကာ မြင်းငယ်ကို ပေးခဲ့၍သွားလေ၏၊မိန်းမအိုလည်း ထိုမြင်းငယ်ကို သားကဲ့သို့ချစ်ခင်လှသဖြင့်-နေ့စဉ်ဆန်ကွဲထမင်းချိုးနှင့်စားငှတ်မြက်တို့ကို ကျွေး၍မွေးမြူလေ၏။

**မြင်းတွေရှောင်ကွင်း သိန္ဓောမြင်း**

နောက်အခါ ဘုရားလောင်း မြင်းကုန်သည်သည် မြင်းငါးရာတို့ကိုယူ၍ ဗာရာဏသီပြည်သို့လာသည်ရှိသော် ထိုမိန်းမအိုအိမ်၌ပင် တည်းခိုလေ၏၊သိန္ဓောမြင်းငယ်နေရာအရပ်မှ အနံ့ကိုရ၍ မြင်းငါးရာတို့တွင် မြင်းတကောင်မျှ အိမ်သို့မဝင်ဝံ့ချေ၊ ထိုအခါ မြင်းကုန်သည်သည် မိန်းမအိုအား-“မိခင်‥ဤအိမ်မှာမြင်းရှိသလော”ဟု မေးလေ၏၊ “အမောင်‥အခြားမြင်းမရှိပါ၊ငါသားပြု၍ကျွေးမွေးထားသော မြင်းငယ်တကောင် ရှိပါသည်”ဟု ပြောလေလျှင် “မိခင်….ထိုမြင်းငယ် ဘယ်သွားသနည်း”ဟု မေးပြန်ရာ “အမောင်….အစာ စားရန်သွားသည်၊ ညနေချမ်းအခါ ပြန်လာလိမ့်မည်”ဟု ပြောလေ၏။

မြင်းကုန်သည်လည်း ထိုမြင်းငယ်လာခြင်းကို ရှုမြော်ကာ မြင်းတို့ကိုအိမ်ပြင်၌ထား၍နေလေ၏၊ သိန္ဓောမြင်းငယ်သည်ကျက်စားရာအရပ်မှညနေချမ်းအခါ အိမ်သို့ပြန်လာ၏၊ မြင်းကုန်သည်မြင်၍ လက္ခဏာတို့ကို ကြည့်ရှုဆင်ခြင်လတ်သော် ဤမြင်းငယ်ကား သိန္ဓောမြင်းတည်း၊ အဘိုးမပြတ်နိုင်အောင် ထိုက်တန်သော မြင်းငယ်ဖြစ်ကြောင်းကိုသိ၍ မိန်းမအိုအား အဘိုးပေး၍ ဤမြင်းငယ်ကို ယူရန်သင့်၏ဟုကြံစည်လေ၏၊ သိန္ဓောမြင်းငယ်လည်း မိမိနေရာသို့ ဝင်၍နေ၏၊ ထိုခဏ၌ မြင်းတို့သည် အိမ်သို့ မဝင်ဝံ့ကြကုန်။

**သိန္ဓောမြင်းမြတ် ကျေးဇူးဆပ်**

မြင်းကုန်သည်လည်း နှစ်ရက်,သုံးရက် နေ၍ မြင်းတို့ကို အားယူစေပြီးလျှင် သွားမည်ဟု ပြင်ဆင် လတ်သော် "မိခင်·· မြင်းငယ်ကိုရောင်းပါ"ဟုပြော၏၊ "အမောင်···· အဘယ်သို့ဆိုသနည်း သားကိုရောင်းစားသော မိန်းမမည်သည် ရှိသလော"ဟုပြော၏၊ "မိခင်···· ဤမြင်းငယ်ကို ဘယ်အစာကို ကျွေး၍ မွေးမြူ သနည်း"ဟု မေးပြန်၏၊ "အမောင်·· ဆန်ကွဲထမင်းချိုး စားငုတ်မြက်တို့ကိုကျွေး၍ မွေးမြူပါသည်"ဟု ပြောပြန်၏၊ "မိခင်··အကျွန်ုပ် ဤမြင်းငယ်ကိုရလျှင် ထမင်းကိုစားစေ၍ နေရာအထက်၌ ပုဆိုးဖိတာန်ကြက်ပြီးလျှင် အင်းပျဉ်အပေါ်၌ ထားပါမည်"ဟု ပြော၏၊ "အမောင်···· ဤလိုပြုစုလျှင် ငါ့သားချမ်းသာကို ခံစားရလတံ့၊ ယူ၍သွားပါ"ဟု ခွင့်ပြုလေ၏။

ထိုအခါ မြင်းကုန်သည်သည် သိန္ဓောမြင်းငယ်၏-ခြေလေးချောင်း,အမြီးရင်း,ခံတွင်းတို့၌ တထောင်စီအားဖြင့်

အသပြာခြောက်ထောင်ထား၍ မိန်းမအိုကိုအဝတ်သစ်တို့ကိုဝတ်စေ၍ မြင်းငယ်၏ရှေ့မှာရပ်စေ၏၊ သိန္ဓောမြင်းငယ်သည် အမိ မိန်းမအိုကိုကြည့်လျက် မျက်ရည် ကျလေ၏၊ မိန်းမအိုလည်း သိန္ဓောမြင်းငယ်၏ ကျောကို သုံးသပ်၍ ''ချစ်သား····ငါ့မှာ သားမွေးကျိုးကိုရပေပြီ၊ လိုက်သွားပါ''ဟုဆို၍ ပေးလိုက်၏၊ သိန္ဓောမြင်းငယ်လည်း မြင်းကုန်သည်နောက်သို့ လိုက်လေ၏။

**ယုတ်ညံ့အစာကို မစားလို**

မြင်းကုန်သည်သည် သိန္ဓောမြင်းငယ်၏ ထမင်းကိုစီရင်ပြီးလျှင် ဤသိန္ဓောမြင်းငယ်သည် မိမိကိုယ် အစွမ်းကိုသိသလော၊ မသိသလော၊ စုံစမ်းမည်ဟု စားကျင်း၌ဆန်ကွဲယာဂုကို လောင်း၍ပေး၏။ သိန္ဓောမြင်းငယ်သည် ဘောဇဉ်ကိုလည်း ငါမစားလို၊ ယာဂုကိုလည်း မသောက်လိုဟု ပြောလေ၏၊ မြင်းကုန်သည်သည် သိန္ဓောမြင်းငယ်အား—

''မြင်းငယ်···· သင်ကား- စားကြွင်းမြက်နှင့်ဆန်ကွဲထမင်းချိုးကိုစား၍ ကြီးပျင်းခဲ့၏၊ ဤဆန်ကွဲယာဂုသည် သင်စားနေကျအစာဖြစ်၏၊ သင်ယခုအဘယ့်ကြောင့် ထိုအစာကို မစားသနည်း''—

ဟု-ပြောဆိုသော မြင်းကုန်သည်၏ စကားကို ကြားလျှင် မြင်းငယ်သည် မြင်းကုန်သည်အား—

''မြတ်သော ကုန်သည်ကြီး···· အမျိုးဇာတ်အားဖြင့်ရင်း, အကျင့်အားဖြင့်ရင်း လိုက်လျောအောင် ကျွေးမွေးရမည့် အစာအာဟာရကို မသိ

သောသူ၏ထံမှာ- စင်စစ် စားကြွင်းမြက်နှင့် ဆန်ကွဲထမင်းချိုးကိုသာ စားပေ၏။

ဤမြင်းကား သိန္ဓောမြင်း မြင်းမြတ်တည်းဟု သင်သည် ငါ၏အမျိုးဇာတ် အကျင့်ကိုသိ၏၊ အစွမ်းကိုသိသောငါသည်၊ အစွမ်းကိုသိသောသင့်ထံမှာ ဆန်ကွဲယာဂုကို မစားနိုင်၊ သင် ဆန်ကွဲယာဂုကိုစားစေလိုသဖြင့် အသပြာ ခြောက်ထောင်ပေးကာ ငါ့ကိုဝယ်ယူသည်မဟုတ်”—

ဟု- ပြောဆိုလေ၏၊ မြင်းကုန်သည်သည် ထိုစကားကိုကြားလျှင် “မြင်းငယ်..သင့်ကိုစုံစမ်းလိုသဖြင့်ဆန်ကွဲယာဂုကိုကျွေးပါသည်၊အမျက်မထွက်ပါလင့်”ဟုဖျောင်းဖျပြောဆိုကာ ကောင်းသောဘောဇဉ်ကိုကျွေးလေ၏။

**သိန္ဓောစွမ်းပြ ကြည့်ရှုကြ**

မင်းရင်ပြင်သို့ ရောက်လျှင် တခုသောအရပ်၌ မြင်းငါးရာတို့ကို ထား၍ သိန္ဓောမြင်းငယ်ကို တခုသောအရပ်၌ ဆန်းကြယ်သော တင်းတိမ်ကို ကာရံလျက် အောက်ကအခင်း ခင်းပြီးလျှင် အထက်က ပုဆိုးဗိတာန်ကြက်ကာ ကောင်းစွာထားလေ၏။

မင်းကြီးလာလတ်၍ မြင်လျှင် “အချင်း-ကုန်သည်..ဤမြင်းကို အဘယ့်ကြောင့်သီးသန့်ထားသနည်း”ဟု မေး၏၊ “အရှင်မင်းကြီး....ဤမြင်းကား သိန္ဓောမြင်းတည်း၊မြင်းတို့တွင်ထူးခြားမြင့်မြတ်သောမြင်းဖြစ်ပါသည်”ဟုလျှောက်၏၊ “အချင်း.... သိန္ဓောမြင်းသည် ကောင်းသလော”ဟု

မေး၏၊ ''အရှင်မင်းကြီး....ကောင်းပါ၏''ဟု လျှောက်၏၊ ''အချင်း....ဤမြင်း၏ လျင်မြန်ခြင်းကို ကြည့်ရှုလိုသည်'' ဟုပြောလေ၏၊ထိုအခါ မြင်းကုန်သည်သည်''မင်းကြီး.... ကြည့်ရှုတော်မူပါ''ဟု လျှောက်ထား၍ မြင်းကို ကကြိုး တန်ဆာဆင်၍စီးနင်းပြီးလျှင်- လူတို့ကိုဖယ်ရှား‌စေ၍ မင်း ရင်ပြင်တွင် စိုင်းလေ၏၊ မင်းရင်ပြင်တခုလုံး မြင်းအစဉ်ဖြင့် ခြံရံ၍ ထားသကဲ့သို့ ထင်ရ၏။

**ကြာရွက်ပေါ်မျှား သိန္ဓောသွား** မြင်းကုန်သည် သည် ခေတ္တနားကာ တဘန်လွှတ်ပြန်၏၊ အလွန်လျင်မြန်လှ သဖြင့် တစုံတယောက်မျှ မြင်းကိုမမြင် ရချေ၊ တဘန်အဝတ်နီကိုပတ်ပြီးလျှင် လွှတ်ပြန်၏၊အဝတ် နီကိုသာ မြင်ရ၏၊ နောက်တဘန် မြို့တွင်းရှိဥယျာဉ်ရေကန် ၌ လွှတ်ပြန်၏၊ ရေကန်ပေါ်တွင် ပြေးသော သိန္ဓောမြင်း ၏ခွါဖျားတို့သည် ရေမစိုကုန်၊ ပဒုမာကြာရွက်တို့အပေါ် ၌ ပြေးသည်ရှိသော် တခုသော ပဒုမာ ကြာရွက်မျှကို လည်း ရေ၌မနစ်စေ။

ဤသို့ မြင်း၏ပြည့်စုံခြင်းကိုပြပြီးလျှင် မြင်းပေါ်မှဆင်း သက်၍ လက်ခုပ်တီးကာ လက်ဝါးပြင်ကို ဖြန့်၍ပြလေ၏၊ မြင်းငယ်သည် လာလတ်၍ ခြေလေးချောင်းတို့ကို တ ပေါင်းတည်းစုကာ လက်ဝါးပြင်၌ ရပ်လေ၏၊ ထိုအခါ မြင်းကုန်သည်သည်''မြတ်သောမင်းကြီး....အလုံးစုံသော အခြင်းအရာဖြင့် လျင်မြန်ခြင်းကို ပြသည်ရှိသော် သမုဒ္ဒရာ အဆုံးရှိသော တိုင်းပြည်သည် လျင်မြန်ခြင်း အဟုန်ကိုချ ထားခြင်းငှါ မလောက်နိုင်ရာ''ဟု လျှောက်ထားလေ၏၊

သိန္ဓဝါတန်ခိုး ကျွန်းလုံးစိုး

မင်းကြီးလည်း မြင်းငယ်၏ လျင်မြန်ခြင်းကိုမြင်ရ၍ အလွန်နှစ်သက် အားရတော် မူသဖြင့် မြင်းကုန်သည်အား တိုင်းပြည်ကိုတဝက်ပေး၍ မြင်းကိုယူလေ၏၊ သိန္ဓဝါမြင်းငယ်ကိုလည်း အဘိသိက်သွန်းကာ မင်္ဂလာမြင်းပြုလေ၏၊ များစွာသော ပူဇော်သက္ကာရကိုလည်း ပြုလေ၏၊ တန်ဆာဆင်အပ်သော နေရာတိုက်ခန်းကဲ့သို့ မြင်းတော်၏နေရာကိုပြု၏၊ နံ့သာမျိုးလေးပါးဖြင့် မြေကိုလိမ်းကျံ၍ထား၏၊ အထက်ကရွှေကြယ်စီသော ဗိတာန်ကိုကြက်၏၊ ထက်ဝန်းကျင်မှ ဆန်းကြယ်သော တင်းတိမ်ကိုကာရံ၏၊ နံ့သာပန်းဆိုင်းတို့ကို ဆွဲ၍ထား၏၊ အမြဲ နံ့သာဆီမီး ညှိထွန်း၏၊ ကျင်ကြီးကျင်ငယ် စွန့်ရာ၌ ရွှေအိုးကိုခံ၍ထား၏၊ နေ့စဉ်မင်းကြီးသုံးဆောင်သော ဘောဇဉ်ကိုစားစေ၏။

မင်းကြီးသည် မင်္ဂလာမြင်းတော်ကို ရသောနေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်းလုံး၌ မင်းအဖြစ်သည် မင်းကြီးထံသို့ရောက်လာ၏၊ မင်းကြီးသည် ပညာရှိမြင်းကုန်သည် အဆုံးအမ၌ တည်၍ ကုသိုလ်ကောင်းမှုကိုပြုကာ သေလွန်သည့်အဆုံး၌ နတ်ပြည်သို့လားရ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည့်အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာအဖြစ်သို့ရောက်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….
※ ထိုအခါမိန်းမအို သည်-ယခုအခါမိန်းမအို။
※ သိန္ဓောမြင်းသည်-သာရိပုတ္တရာ။
※ မြင်းကုန်သည်သည်-ငါဘုရားဖြစ်လာပြီ–
ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ မျိုးဇာတ်ကျင့်စာ၊မသိရာ၊ရရာရောင့်ရဲလေ။
၂။ မျိုးဇာတ်ကျင့်စာ၊သိပြန်ရာ၊သင့်ရာကြေနပ်လေ။

ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်ပြီး၏၊

---

## ၂၅၅-သူကဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**အစားလွန်လျှင် သေပွဲဝင်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်း တပါးသည် အစာများစွာစား၍ အစာမကျေခြင်းကြောင့် သေလွန်လေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် ထိုရဟန်းအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင်“ရဟန်းတို့…. ဤရဟန်းသည် ယခုအခါ၌သာ အလွန် စားခြင်းကြောင့် သေလွန်သည်မဟုတ် ရှေးအခါ၌လည်း အလွန်စားခြင်းကြောင့် သေလွန်ခဲ့ဘူးပြီ”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**မိဘလုပ်ကျွေး ကျေးငှက်လေး**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ကျေးအမျိုး၌ဖြစ်၍ အသောင်းမကသော ကျေးတို့မင်းဖြစ်လေ၏၊ ထိုကျေးမင်းအား သားဖြစ်သော ကျေးတကောင်ရှိ၏။

ထိုသားဖြစ်သော ကျေးသည် အားနှင့် ပြည့်စုံလတ်သော် ကျေးမင်းသည် မျက်စိအားနည်းလေ၏၊ ကျေးတို့မှာ လျင်သောအဟုန်ရှိသောကြောင့် အိုမင်းသောအခါ ရှေးဦးစွာ မျက်စိအားနည်းခြင်းဖြစ်တတ်၏၊ သားဖြစ်သောကျေးသည် အမိအဘဖြစ်သော ကျေးအိုတို့ကို အသိုက်၌ထားကာ အစာအာဟာရကို ယူဆောင်၍ မွေးမြူလေ၏။

တနေ့သ၌ ကျေးသားသည် တောင်ထိပ်ဖျားမှ နေ၍ ကြည့်လတ်သော် သမုဒ္ဒရာ အလယ်၌ ကျွန်းငယ်တခုကို မြင်၏၊ ထိုကျွန်းငယ်၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းလျက် ချိုမြိန်ကောင်းမြတ်သောအသီးနှင့်ပြည့်စုံသော သရက်တောသည် ရှိလေ၏။

**ဆုံးမစကား မနာကြား**

ကျေးသားသည်နက်ဖြန်နေ့ဝယ် အစာရှာသောအခါ၌ ထိုကျွန်းငယ်သို့သွားကာ အလိုရှိတိုင်း သရက်သီး တို့ကို စား၍ သရက်သီးမှည့်ကို ယူဆောင်ကာ အမိအဘတို့အား ပေး၏၊ အဘကျေးမင်းသည် သရက်သီးကိုစားလတ်သော်

အရသာကိုမှတ်မိ၍ "အမောင်.... ဤသရက်သီးကား အဘယ်ကရခဲ့သနည်း၊ သမုဒ္ဒရာအလယ်ရှိ ကျွန်းငယ်က သရက်သီးမဟုတ်လော"ဟုမေး၏၊"ဘခင်...ဟုတ်ပါ၏" ဟုပြော၏၊ "အမောင်....ဤကျွန်းငယ်သို့ နောက်တခါ မသွားလင့်၊ ဤကျွန်းငယ်သို့ သွားသော ကျေးသားတို့ မှာအသက်မရှည်ကုန်"ဟု တားမြစ်လေ၏၊ကျေးသားသည် အဘကျေးမင်းစကားကို မနာယူဘဲ သွားမြဲတိုင်း သွား လေ၏။

**အစားလွန်လှ သမုဒ္ဒရာကျ**

တနေ့သောအခါ ကျေးသား သည် ထိုကျွန်းငယ်သို့ သွားကာ ဝမ်း၏ပမာဏကို မသိဘဲ သရက်သီးတို့ကိုအလွန် စား၍ မိဘတို့အတွက် သရက်သီးမှည့်ကိုယူကာ သမုဒ္ဒရာ ၏ အထက်ကောင်းကင်ဖြင့် ပျံလတ်သော် အလွန်လေး သော ကိုယ်ရှိသည်ဖြစ်၍ ပင်ပန်းနွမ်းနယ်ကာ အိပ်ချင် ခြင်း နှိပ်စက်သဖြင့် ငိုက်မြည်းသျက်ပျံလေ၏၊ ထိုအခိုက် နှုတ်သီးဖြင့်ချီလာသော သရက်သီးမှည့်သည် အောက်သို့ ကျလေ၏၊ထိုကျေးသားသည် အစဉ်သဖြင့်လာမြဲတိုင်းသော ခရီးကို စွန့်လွှတ်ကာ ခရီးမှားလျက် ပျံသွားလတ်သော် အလွန်ပင်ပန်းလှသဖြင့် ကမ်းသို့မရောက်နိုင်တော့ဘဲ ရေ ပြင်တွင်ကျကာနစ်မြုတ်လေ၏၊ ထိုအခါ ငါးကြီးတကောင် သည် ကျေးသားကို ဖမ်း၍စားသဖြင့် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ကျေးမင်းသည် သားဖြစ်သောကျေးသည် လာချိန် တန်၍ မလာသည်ရှိသော် ကျွန်းငယ်မှအပြန် သမုဒ္ဒရာ တွင်ကျ၍ သေသည်ဖြစ်လိမ့်မည်ဟု သိနှင့်လေ၏၊ ထိုအခါ

ထိုကျေးသား၏ အမိအဘတို့သည်လည်း အစာအာဟာရ ကိုမရကုန်သည့်အတွက် တဖြည်းဖြည်း ပိန်ချုံးချောက်ကပ် ၍သေကြရကုန်၏။

မြတ်စွာဘုရားသည်ဘုရားဖြစ်တော်မူသောအခါအတိတ် ကိုဆောင်တော်မူပြီးလျှင်—

"ရဟန်းတို့....ကျေးငှက်သည်စားအပ်သောအစာ အာဟာရ၌အတိုင်းအရှည်ကို သိသမျှ ကာလပတ်လုံး အသက်ရှည်စွာနေရ၍ အမိအဘကိုလည်း လုပ်ကျွေး မွေးမြူရ၏၊ စားအပ်သော အစာ အာဟာရ၌အတိုင်းအရှည်ကိုမသိဘဲအလွန်များစွာ စားသောအခါ၌ကား သမုဒ္ဒရာတွင် နစ်မြုပ်၍သေ ရ၏၊ စားသောက်အပ်သော အစာ အာဟာရ၌ အတိုင်းအရှည်ကိုမသိခြင်းသည် မကောင်းပေ၊ ထို ကြောင့် စားအပ်သောအစာအာဟာရ၌ အတိုင်း အရှည်ကိုသိခြင်း, မမက်မောခြင်းသည်ကောင်း၏၊ အမှန်အားဖြင့် စားအပ်သော အစာအာဟာရ၌ အတိုင်းအရှည်ကို မသိသောသူတို့သည် နစ်မြုပ် ပျက်စီးရကုန်၏၊ သိသောသူတို့သည် မနစ်မြုပ် မပျက်စီးရကုန်"—

ဟု ဟောတော်မူ၏။

ဤဒေသနာတော်၏ အဆုံး၌ များစွာသောရဟန်းတို့ သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဖြစ်သို့ ရောက်ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကျေးသားသည်-ယခုအခါ အစားလွန်၍သေသောရဟန်း။

※ ကျေးမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) တိုင်းရှည်မထား၊အလွန်စား၊ဆုံးပါးပျက်စီးမည် ။

(၂) တိုင်းရှည်ဖြင့်သာ၊စားသောက်ရာ၊ကျွန်းမာအသက်ရှည်။

(၃) သရက်သီးများ၊ အလွန်စား၊ကျေးသားရေနစ်သည်။

သုကဇာတ်ပြီး၏။

---

# ၂၁၆—ဇရူဒပါနဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ဘုရားရှင်လျှောက်ကြား ကုန်သွယ်သွား**

နတ်လူတို့ဆရာ ဖြစ်တော် မူသော မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ ကုန်သည်တို့သည် ဘဏ္ဍာတို့ကိုအပြည့်အစုံစီမံကာ ကုန်သွယ်သွားခါနီးတွင် မြတ်စွာဘုရားကိုပင့်ဘိတ်လှူဒါန်းပြီးလျှင် သရဏဂုံသီလတို့ကို ဆောက်တည်၍ရှိခိုးကန်တော့ကာ- "အရှင်ဘုရား.... အကျွန်ုပ်တို့သည် ကုန်သွယ်ရန် ခရီးရှည်သွားကြပါအံ့၊ ဘဏ္ဍာတို့ကို ရောင်း

ချပြီးလျှင် ချမ်းသာစွာ ပြန်ရောက်သောအခါ တဖန်ရှိခိုး ကန်တော့ပါအံ့”-ဟုလျှောက်ထားကာ ကုန်သွယ်သွားကြကုန်၏။

ကုန်သည်တို့သည်-ကန္တာရခရီးခဲသို့ ရောက်လတ်သော် ရေတွင်းဟောင်းတခုကိုမြင်၍ ဤရေတွင်းကား ရေမရှိ၊ ငါတို့လည်းရေငတ်ကုန်၏၊ ထိုရေတွင်းကို တူးဖေါ်ကြမည်ဟု တိုင်ပင်ညှိနှိုင်းကာ တူးဖေါ်ကြသော်- အစဉ်အတိုင်း သလွဲစင်- သလွဲပုပ်- ကြေးပုပ်- ကြေးနီ- ကျောက်မျက်ရွဲတို့ကို ရကြကုန်၏၊ ရသမျှဖြင့်လည်း ရောင့်ရဲတင်းတိမ်ကြကုန်၏၊ ထိုရတနာတို့ကို လှည်းတို့ဖြင့် အပြည့်တင်ဆောင်ကာ ချမ်းသာစွာ မိမိတို့နေရာ သာဝတ္ထိပြည်သို့ ပြန်ရောက်ကြကုန်၏။

ထိုကုန်သည်တို့သည် မြတ်စွာဘုရားကို လျှောက်ထားခဲ့ကြသောအတိုင်းပင့်ဘိတ်ကာလှူဒါန်းရှိခိုးကုန်လျက် မြတ်စွာဘုရားအား မိမိတို့ရခဲ့သော ဥစ္စာရတနာကို အကြောင်းစုံလျှောက်ထားကြ ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည်- “သီတင်းသည်တို့.... သင်တို့ကား ရသမျှသော ဥစ္စာဖြင့် ရောင့်ရဲတင်းတိမ်ကာ ပမာဏကိုသိကြသောကြောင့် ဥစ္စာကို၎င်း, အသက်ကို၎င်း ရကြပေသည်၊ ရှေးသူဟောင်းတို့ကား—ရသမျှသော ဥစ္စာဖြင့်လည်း မရောင့်ရဲမတင်းတိမ်ကြ၊ အတိုင်းအရှည်ပမာဏကိုလည်းမသိကြ၊ ပညာရှိတို့စကားကိုလည်း နားမထောင်ကြသောကြောင့် အသက်ကုန်ခြင်းသို့ရောက်ရသည်”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

ရေတွင်းတူးကြ ရတနာရ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဗာရာဏသီပြည်ဝယ် ကုန်သည် အမျိုး၌ဖြစ်၍ အရွယ် ရောက်လတ်သော် လှည်းကုန်သည်တို့၏ အကြီးအမှူးဖြစ်လေ၏။

တနေ့သ၌ လှည်းမှူးသည် လှည်းတို့ဖြင့် ဘဏ္ဍာတို့ကို အပြည့်တင်ကာ ကုန်သည်တို့ကို ခေါ်၍ ကုန်သွယ်ရန် ဗာရာဏသီ ပြည်မှ ထွက်၍ အစဉ်အတိုင်း သွားကြရာ ကန္တာရခရီးခဲသို့ရောက်လတ်သော် ရေတွင်းဟောင်းတခုကိုမြင်ကြကုန်၏၊ ထိုအခါ ကုန်သည်တို့သည် ရေငတ်ကြသဖြင့် တိုင်ပင်ညီညွတ်ကာ ရေတွင်းဟောင်းကို တူးကြသော် အစဉ်သဖြင့် များစွာသော ရတနာတို့ကိုရကုန်၏။

ရအပ်သော ရတနာတို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိ၊ ဤရေတွင်းဟောင်းဝယ် ဤရတနာတို့ထက် ကောင်းမြတ်သောရတနာတို့ကို ရလိမ့်ဦးမည်ဟု လောဘဇောတိုက်ကာ အတိုင်းအရှည်ပမာဏကိုမသိကြဘဲ အလွန်အားဖြင့် တူးကြကုန်၏၊ လှည်းမှူးသည် အဖန်ဖန်တားမြစ်သော်လည်း တူးမြဲတူးကြကုန်၏။

မရောင့်ရဲလျှင် သေပွဲဝင်

ထိုရေတွင်းဟောင်းကို နဂါးမင်းသည် သိမ်းဆည်းအပ်၏၊ အလွန်နက်စွာတူးကြသဖြင့် ထိုရေတွင်းဟောင်း အောက်တွင်နေသော နဂါးမင်းဗိမာန်ပျက်၍ မြေမှုန့်တို့ကျလတ်သော် အလွန်အမျက်ထွက်သဖြင့် နှာခေါင်းလေဖြင့် မှုတ်

သောကြောင့် အဆိပ်သင့်ကာ လှည်းကုန်သည်မှူးမှ တပါး သော ကုန်သည်တို့သည် သေကြေပျက်စီးခြင်းသို့ရောက်ကြ ကုန်၏။

ထိုအခါ နဂါးလုလင်တို့သည် နဂါးပြည်မှ ထွက်၍ ရတနာတို့ကို လှည်းတို့၌တင်ကာ အသီးအသီးမောင်းနှင် ကြကုန်လျက်လှည်းမှူးကိုကား ယာဉ်ယော်တခု၌ချမ်းသာစွာ စီးစေ၍ ဗာရာဏသီပြည်လှည်းမှူး၏အိမ်သို့ရောက်အောင် ပို့ပြီးလျှင် ဥစ္စာရတနာတို့ကိုသိုမှီးသိမ်းဆည်းကာနဂါးပြည် သို့ပြန်ကြကုန်၏။

**တင်းတိမ်ရောင့်ရဲ သဘေားလွဲ**

လှည်းမှူးလည်း မိမိရရှိသော ဥစ္စာရတ နာတို့ကိုပေးကမ်း စွန့်ကြဲ၍ ဇမ္ဗူဒိပ်တ ကျွန်းလုံးကုန်သွယ်ခြင်း, လယ်လုပ်ခြင်း စသည်တို့ကို မပြုလုပ်စေဘဲ လျှုဒါန်းကျွေးမွေးကာ ဥပုသ် သီလတို့ကို ဆောက်တည်၍ သေသည်၏အဆုံး၌ နတ်ပြည် သို့လားလေ၏။

မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူပြီးလျှင် ဘုရားဖြစ်တော်မူသောအခါ—

"သီတင်းသည်တို့…. ကုန်သည်တို့သည် ရေ သောက်လိုသဖြင့် ရေတွင်းဟောင်းကို တူးဖေါ်ကြ သော် ကြေးမည်း,ကြေးနီ,သလွဲဖြူ, သလွဲပုပ်, ရွှေ, ငွေ, ပုလဲ, ကျောက်မျက်ရွဲ, ပတ္တမြားတို့ကို ရကြ ကုန်၏၊ ရမြဲတိုင်းသောရတနာဖြင့် မရောင့်ရဲမတင်း တိမ်ကြသဖြင့် အလွန်နက်စွာ တူးကြပြန်ရာ- ထို တွင်းဟောင်းအောက်၌နေသော အဆိပ်ပြင်းထန်

၍ တန်ခိုးကြီးသောနဂါးမင်းသည် အဆိပ်တန်ခိုး ဖြင့်သတ်၍ သေကြရပြီ၊ ထိုကြောင့် လျောက်ပတ်ရုံသာ တူးကြရသည်၊ အလွန်မတူးကြရာ၊အမှန်အားဖြင့် အလွန်တူးခြင်းသည်ယုတ်မာ၏၊ လျောက်ပတ်ရုံသာ တူးခြင်းသည် ဥစ္စာရ၏၊ အလွန်တူးသဖြင့် သေကြေပျက်စီးကြရ၏''—

ဟု- သီတင်းသည်တို့အားဟောတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အဘိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ဒါယကာတို့....

※ ထိုအခါ နဂါးမင်းသည်- ယခုအခါသာရိပုတ္တရာ။

※ လှည်းကုန်သည်မှူးသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရရသမျှ၊ ရောင့်ရဲက၊ မှချချမ်းသာမည်။

(၂) မရောင့်မရဲ၊ လောဘကဲ၊ ဆင်းရဲပျက်စီးမည်။

(၃) တွင်းပေါင်းတူးငြား၊ ကုန်သည်များ၊နဂါးသေစေသည်။

ဇရုဒပါနဇာတ်ပြီး၏။

---

## ၂၅၇-ဂါမဏိစန္ဒဇာတ်

ပဋ္ဌုပ္ပန်ဝတ္ထု၊

ပညာစွမ်းကို ချီးမွမ်းလို — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တ

ရားသဘင်ဝယ်"ငါ့ရှင်တို့....မြတ်စွာဘုရားသည် ကြီးသော ပညာရှိတော်မူ၏၊ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူ၏၊ ရွှင်သောပညာရှိတော်မူ၏၊ လျင်သောပညာရှိတော်မူ၏၊ ထက်သောပညာ ရှိတော်မူ၏၊ ထိုးထွင်းသောပညာရှိတော်မူ၏၊ နတ်ပြည်နှင့်တကွသောလောက၌ ပညာဖြင့်ဖုံးလွှမ်းတော်မူ၏"ဟု မြတ်စွာဘုရား၏ပညာတော်ကို ချီးမွမ်းကာ နေကြကုန်၏။

မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.... ငါဘုရားသည် ယခုအခါ၌သာလျှင် ပညာရှိတော်မူသည်မဟုတ်၊ ရှေးအခါ၌လည်း ပညာရှိတော် မူသည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ခုနစ်နှစ်တွင်း ပညာနှင့်**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဇနသန္ဓမင်း မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဇနသန္ဓမင်း၏ သားတော်ဖြစ်လေ၏၊ မျက်နှာသည် ကောင်းစွာပွတ်တိုက်အပ်သော ရွှေကြေးမုံအပြင်ကဲ့သို့ စင်ကြယ်သန့်ရှင်း၏၊ အလွန်တင့်တယ်ခြင်း အစုံသို့ရောက်၏၊ အမည်ကား အာဒါသမုခမည်၏၊ ခမည်းတော်သည် ထိုမင်းသားကို အသက် ခုနစ်နှစ်အတွင်း၌ လောကတွင် တတ်သင့်တတ်ထိုက်သော ဗေဒင်သုံးပုံနှင့် အတတ်မျိုးအပေါင်းကို သင်ကြားစေ၍ သေလွန်လေ၏။

အမတ်တို့သည်မင်း၏အလောင်းကိုကောင်းစွာသင်္ဂြိုဟ်၍ *မတကဘတ် အစရှိသည်တို့ကို ပြုပြီးလျှင် ခုနစ်ရက်မြောက်နေ့၌ မင်းရင်ပြင်တွင်စည်းဝေးကြ၍ "အချင်းတို့.. မင်းသားသည် အလွန်ငယ်သေး၏၊ ယခု အဘိသိက်သွန်းခြင်းငှါမသင့်၊အရည်အချင်းကိုစုံစမ်းပြီးမှ အဘိသိက်သွန်းကြမည်" ဟု တိုင်ပင်ကြကုန်၏။

ပညာရှိ,မရှိ စုံစမ်းကြည့်

တနေ့သ၌ အမတ်တို့သည် မြို့ကို တန်ဆာဆင်စေ၍ တရားစီရင်ရာ အရပ်၌ ပလ္လင်ကိုခင်းစေပြီးလျှင် အခြံအရံနှင့်တကွ မင်းသားငယ်ကိုနေစေ၏၊ ထိုအခါ မျောက်တကောင်ကို အိမ်ရာမြေကိုသိသောဆရာအသွင်ကိုယူစေပြီးလျှင်မင်းသားထံဆောင်ယူကာ "အရှင်မင်းမြတ်..ဤသူကားခမည်းတော်လက်ထက်တော်ဝယ် အိမ်ရာမြေကိုသိသော ဆရာဖြစ်၏၊ အတတ်၌ လေ့လာပွန်းတည်း၏၊ မြေအတွင်း ခုနစ်တောင်ရှိသောအရပ်၌ အကျိုးအပြစ်ကိုမြင်၏၊ မင်းမျိုးတို့အိမ်ရာတို့ကို ဤဆရာသည်ပင်လျှင် စီရင်ရ၏၊ ဆရာကိုချီးမြှောက်၍ အရာအထူး၌ထားပါလော့" ဟု လျှောက်ထားကြကုန်၏၊ မင်းသားသည် လူမဟုတ် မျောက်မှန်းသိ၍—

"အို-အမတ်တို့....ဤမျောက်ကား အိမ်ရာကို စီရင်ခြင်းငှါရင်း, အိမ်ကိုဆောက်လုပ်ခြင်းငှါရင်း၊ မလိမ်မာပေ၊ဤမျောက်ကား လျပ်ပေါ်လော်လည်သော အလေ့ရှိ၏၊ တွန့်လိပ်သောမျက်နှာရှိ၏၊ ဤ

---

* မတကဘတ်- သေသူကိုရည်မှတ်၍ လှူဒါန်းကျွေးမွေးအပ်သော ဆွမ်း,ထမင်း။

မျောက်မျိုးတို့သဘောကား, လူတို့ပြုလုပ်တိုင်း ပြု
လုပ်တိုင်း ဖျက်ဆီးတတ်သော သဘောရှိ၏''-
ဟု အမတ်တို့အား မိန့်ဆိုလေ၏။

**ဤသို့တဖန် စုံစမ်းပြန်** ထိုအခါ အမတ်တို့သည် ''အရှင်မင်းမြတ်.... မိန့်တော်မူတိုင်းဖြစ်လိမ့်မည်'' ဟု လျှောက်ထားကာ ထိုမျောက်ကို ပယ်ပြီးလျှင် တဖန် မျောက်တကောင်ကိုပင် တန်ဆာဆင်၍ တရားစီရင်ရာအရပ်သို့ ဆောင်ယူကာ ''အရှင်မင်းမြတ်.... ဤသူကား ခမည်းတော်လက်ထက်တော်၌ တရားစီရင်သောအမတ်တည်း၊ ၎င်းကိုချီးမြှောက်၍ အရာအထူး၌ထားတော်မူပါ''ဟု လျှောက်ကြပြန်၏၊ မင်းသားသည် ထိုမျောက်ကိုကြည့်၍—

''အို-အမတ်တို့..ဤအမွေးကား ပညာနှင့်ယှဉ်
သော စိတ်ရှိသောအမွေးမဟုတ်၊ ဤသတ္တဝါကား
သက်သာရာရစေနိုင်သော သတ္တဝါမဟုတ်၊ သား
မျိုးမျောက်ဖြစ်၏၊ ဤလိုငါ၏ခမည်းတော်*ဇနသန္ဓ
မင်းသည်ဆိုးမခဲ့၏၊ဤမျောက်ကား တစုံတခုသော
တရားအဆုံးအဖြတ်ကိုမသိ''-
ဟု-အမတ်တို့အား မိန့်ဆိုပြန်လေ၏။

**တကယ်သိရန် စုံစမ်းပြန်** ထိုအခါ အမတ်တို့သည် ''အရှင်မင်းမြတ်....မိန့်တော်မူတိုင်းဖြစ်လိမ့်မည်'' ဟုလျှောက်ထားကာထိုမျောက်ကိုဖယ်

---

* ဇနသန္ဓ—လူတို့ကို သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သင်္ဂြိုဟ်တတ်သောကြောင့် ဇနသန္ဓခေါ်သည်။

ပြီးလျှင်တနေ့သ၌မျောက်တကောင်ကိုပင်တန်ဆာဆင်ပြန်၍ တရားစီရင်ရာအရပ်သို့ပင် ဆောင်ယူကာ-''အရှင်မင်းမြတ်....ဤသူကား ခမည်းတော် လက်ထက်တော်၌ အမိအဘတို့အား လုပ်ကျွေး၍ အမျိုးကြီး၌ ကြီးသောသူတို့ကို အရိုအသေပြုသောသူတည်း၊ ၎င်းကိုချီးမြှောက်၍ အရာအထူး၌ ထားတော်မူပါ''ဟု လျှောက်ကြပြန်၏၊မင်းသားသည် ထိုမျောက်ကိုကြည့်၍-

''အို-အမတ်တို့.... ထိုကဲ့သို့သောသူကား-မိမိတို့၏ အမိ,အဘ,အစ်ကို,နှစ်မတို့ကို မလုပ်ကျွေးမမွေးမြူရာ၊ ဤလို ငါ၏ခမည်းတော် *ဒသရထမင်းကြီးသည် ဆိုးမတော်မူခဲ့၏''-

ဟု-အမတ်တို့အား မိန့်ဆိုတော်မူပြန်၏။

**မင်းသားငယ်အား မင်းမြှောက်ထား**

မင်းသား၏ စကားကို ကြားကြလျှင် အမိန့်တော်အတိုင်းပင်ဖြစ်လိမ့်မည်ဟု မျောက်ကိုပယ်ကာ ဤမင်းသားကားအလွန်ပညာရှိ၏၊ မင်းပြုအံ့သောငှါ စွမ်းနိုင်လိမ့်မည် မင်းသားငယ်ကို အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်ဟု-မြို့တော်၌ စည်လည်စေကုန်၏။

ထိုအခါမှစ၍ အာဒါသမုခမင်းသည် တရားသဖြင့် မင်းပြုတော်မူ၏၊ ပညာရှိသောအဖြစ်လည်း ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ပျံ့နှံ့၍သွားလေ၏၊ ပညာရှိသောအဖြစ်ကို

---

* ဒသရထ-ဆယ်ခုသောရထားဖြင့် ပြုအပ်သောကိစ္စကို တခုသော ရထားဖြင့်သာ ပြုတတ်သောကြောင့် ဒသရထခေါ်သည်။

ပြအံ့သောငှါ နွား, သား, မြင်း, တောင်းရွေသမား, ရွာစား, ပြည့်တန်ဆာမ၊ မိန်းမပျို့,မြွေ, သမင်,ခါ,ရုက္ခစိုးနတ်,နဂါး,ရသေ့,ပုဏ္ဏားလုလင် ဤတဆယ့်လေးပါးသော တရားတို့သည် ဖြစ်ပေါ်လာကုန်၏။

**မင်းသားငယ်ကို မစလို**

အာဒါသမုခမင်းသားကို မင်းအဖြစ်၌ အဘိသိက် သွန်းသည်ရှိသော် ခမည်းတော် ဇနသန္ဓမင်း၏ ခြေရင်း၌ အမြဲခစားသော ဂါမဏိစန္ဒအမတ်ကြီးသည် အရွယ်တူဖြစ်သောမင်းအား ခစားရခြင်းသည် တင့်တယ်၏၊ ငါလည်း ကြီးရင့်ပြီ၊ မင်းငယ်အားမခစားလို၊ ဇနပုဒ်တွင် လယ်ထွန်ခြင်းအမှုကိုပြုကာ အသက်မွေးတော့မည်ဟု ကြံစည်လျက် မြို့တော်မှ သုံးယူဇနာကွာဝေးသောအရပ်သို့ သွားလျက် ရွာငယ်တခုတွင်နေလေ၏။

## ၁။ နွားတရား

**နွားရှင်နွားငှါး အငြင်းပွား**

ဂါမဏိ စန္ဒသည် မိုးရွာ လတ်သော် လယ်ထွန်ရန် နွားမရှိသဖြင့် အဆွေခင်ပွန်းတယောက်ထံမှ နွားနှစ်ကောင်ကို ငှါးရမ်းကာ တနေ့လုံးထွန်ပြီးလျှင် အစာကျွေး၍ အပ်နှံရန် နွားရှင်အိမ်သို့သွား၏၊ ထိုခဏ၌ နွားရှင်လင်မယားလည်း ထမင်းစားနေ၏၊ နွားတို့လည်း ဝင်နေကျဖြစ်၍ အိမ်သို့ဝင်ကုန်၏၊ နွားရှင်လင်မယားတို့ နွားတို့ကိုမြင်ပေပြီဟု မအပ်နှင်းခဲ့ဘဲ ပြန်ခဲ့၏၊ ညဉ့်အခါ နွားတို့ကို သူခိုးတို့ခိုးကုန်၏၊ နံနက်လင်းသောအခါ နွားခြံဝယ် နွား

တို့ကိုမမြင်လျှင် သူခိုးတို့ခိုးယူမှန်းသိလျက် လျှော်စေမည်ဟု ဂါမဏိစန္ဒထံသွား၍–

နွားရှင်။ ။အရှင်····ငှါးရမ်းသော နွားတို့ကိုပေးပါ။

နွားငှါး။ ။နွားတို့ သင့်အိမ်ထဲ ဝင်သည်ကို မြင်သည် မဟုတ်လော။

နွားရှင်။ ။အကျွန်ုပ်အား အပ်နှင်းသလော။

နွားငှါး။ ။ငါ-မအပ်မိပေ။

နွားရှင်။ ။မအပ်လျှင် "ဤသည်ကား သင့်အားခေါ်သောမင်းတမန်တည်း၊ လာလေ့"ဟု ဆို၍ထွက်လေ၏။

[ဤသည်ကား သင့်အား ခေါ်သော မင်းတမန်တည်း လာလော–ဟု ဆိုလတ်သော် မသွားသောသူအား ရာဇဝတ်ဒဏ်သင့်၏။]

ထိုကြောင့် ထိုဂါမဏိစန္ဒသည် မင်းအမိန့်ဟူသော စကားကိုကြားလျှင်သွားရ၏။

## ၂။ သားတရား

**အမတ်ကြီးမဟေ အမှုပေး**

ဂါမဏိစန္ဒသည် နွားရှင်နှင့်တကွ မင်းထံသို့သွားသည်ရှိသော် အဆွေခင်ပွန်းနေသော နိဂုံးရွာတခုသို့ ရောက်လျှင် အလွန်ထမင်းဆာမွတ်လှသဖြင့်- ရွာထဲ ထမင်းစားသွားပါဦးမည် ပြန်လာသည်တိုင်အောင် စောင့်ပါဟုဆို၍ အဆွေခင်ပွန်းအိမ်သို့ဝင်၏၊ ယောကျ်ားသည်အိမ်၌မရှိ၊မိန်းမသည် ဂါမဏိစန္ဒကိုမြင်လျှင် "အရှင်····ချက်ပြီးထမင်းမရှိတော့ပါ၊ ခဏဆိုင်းပါဦး၊ ယခုပင်ချက်၍ ကျွေးပါမည်ဆို

၍ လှေကားဖြင့်လျှင်မြန်စွာ ကျီသို့တက်လတ်သော် မြေသို့ ကျ၍ ခုနစ်လရှိသော ကိုယ်ဝန်သည် ပျက်လေ၏၊ ထိုခဏ တွင် လင်ယောကျ်ားလည်းလာ၍ ဂါမဏိစန္ဒကိုမြင်လျှင်— သင်ကား ငါ့မယားကိုယ်ဝန်ကို ပျက်စီးစေသည်၊ ဤသည် ကား သင့်အားခေါ်သော မင်းတမန်တည်း လာလော့- ဆို၍ ထွက်လေ၏၊ ထိုအခါမှစ၍ အမှုသည်နှစ်ယောက်တို့ သည် ဂါမဏိစန္ဒကို အလယ်ကထား၍ သွားကြကုန်၏။

## ၃။ မြင်းတရား

ထိုအခါ ရွာတခု၏တံခါးဝယ် မြင်းထိန်းတယောက် သည် မြင်းကိုပြန်လည်စေရန် မတတ်နိုင်၊ မြင်းလည်း ဂါမဏိစန္ဒဘက်သို့သွား၏၊ မြင်းထိန်းသည် ဂါမဏိစန္ဒ အား—"ဦးရီး....မြင်းကို တစုံတခုဖြင့်ပစ်ခတ်၍ ပြန်လည် အောင် ချောက်လိုက်ပါ"ဟု ဆို၏၊ ဂါမဏိစန္ဒလည်း ကျောက်ခဲဖြင့်ပစ်၍ ချောက်ရာ ခြေကျိုးလေ၏၊ ထိုအခါ မြင်းထိန်းသည် ဂါမဏိစန္ဒအား—"သင်သည် ငါ့မြင်းခြေ ကို ချိုးဘိသည်လျှော်ရမည်၊ ဤသည်ကား သင့်အားခေါ် သောမင်းတမန်တည်း၊ လာလော"—ဟု ဆို၍ ထွက်လေ၏၊ ထိုအခါမှစ၍ အမှုသည် သုံးယောက်ဖြစ်ကုန်၏။

## ၄။ တောင်းရွှေသမားတရား

သေမည့်အားထုတ်အမှုရှိ

ဂါမဏိစန္ဒသည် လမ်းခရီး အကြား ဝယ် တောအုပ်တခုသို့ ရောက်လျှင်— ငါ့မှာ-နွားဘိုး, ကိုယ်ဝန်ဘိုး, မြင်းဘိုး

ပေးရမည်များလှ၏၊ ပေးစရာမရှိ- သေရခြင်းသာမြတ် သေးသည်ဟု ကြံစည်ကာ တောင်ကမ်းပါးပြတ် တခုကို မြင်လျှင် မင်းတမန်တို့အား "အမောင်တို့....ကိုယ်လက် သုတ်သင်လိုသည်ဆိုင်းပါဦး"ဆိုကာ ကိုယ်လက် သုတ်သင် မည်အဟန်ဖြင့် တောင်ပေါ်သို့တက်ကာ ကမ်းပါးပြတ်မှ ခုန်ချလေ၏၊ ထိုအခါ တောင်ရိပ်တွင် ဖျာရက်နေသော တောင်းရွေသမား သားအဘ နှစ်ယောက်တို့ရှိရာ အဘ အပေါ်သို့ကျ၍ ခဏခြင်းပင် သေဆုံးလေ၏၊ တောင်းရွေ သမားသားသည် ဂါမဏိစန္ဒအား– "သင်သည် အဘကို သတ်ဘိသည်၊ ဤသည်ကား သင်အားခေါ်သောမင်းတမန် တည်း၊ လာလော"ဟုဆို၍ အခြား မင်းတမန်များရှိရာသို့ သွားကြ၏၊ထိုအခါမှစ၍အမှုသည်လေးယောက်ဖြစ်ကုန်၏။

## ၅။ ရွာစားတရား

**ဟိုကသည်က မှာလိုက်ကြ**

အမှုသည်လေးယောက်နှင့်တကွ သွားလတ်သော် ရွာတခု၏တံခါးဝယ် ရွာစားမင်းသည် ဂါမဏိစန္ဒကိုမြင်၍ မေးရာ မင်းထံ သွားကြောင်းသိလေလျှင်"ဦးရီး··အကျွန်ုပ်သတင်းစကား ပေးလိုက်ပါရစေ၊ အကျွန်ုပ်သည် ရှေးအခါအဆင်းလှ၏၊ ဥစ္စာရှိ၏၊ အခြံအရံပေါ၏၊ ရောဂါကင်း၏၊ ယခုအခါ- အဆင်းမလှ၊ ဆင်းရဲ၏၊ ဖြော့တော့သောရောဂါစွဲကပ်၏၊ အကြောင်းအသို့ ရှိသနည်းဟု မင်းကိုလျှောက်ပါ၊ မင်း သည်ပညာရှိ၏၊ဖြေကြားပါလိမ့်မည်၊ ၎င်းအဖြေကိုအကျွန်ုပ် အား ပြန်ကြားပါ"ဟု သတင်းစကားကိုပေးလိုက်၏။

## ၆။ ပြည့်တန်ဆာမတရား

ရှေ့သို့သွားကြပြန်သော် ရွာတခုသို့ရောက်ပြန်၍ ပြည့်တန်ဆာမတယောက်သည်၊ ဂါမဏိစန္ဒကို မြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ အကျွန်ုပ် သတင်းစကားပေးလိုက်ပါရစေ "ဦးရီး....ရှေးအခါ ကျွန်မမှာ အဘိုးအခများစွာရပါ၏၊ယခုအခါကား ကွမ်းဘိုးမျှကိုလည်း မရပါ၊ ကျွန်မထံ တစုံတယောက်မျှမလာတော့ပါ၊ အကြောင်းအသို့ရှိသနည်း၊ မင်းကိုလျှောက်ထား၍ ကျွန်မအား ပြန်ကြားပါ"ဟု သတင်းစကားကိုမှာလိုက်ပြန်၏။

## ၇။ မိန်းမပျိုတရား

ရှေ့သို့သွားပြန်သော် ရွာတခုသို့ရောက်ပြန်၍ မိန်းမပျိုတယောက်သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ"ကျွန်မသည် လင်အိမ်၌လည်း မနေနိုင်၊မိဘတို့အိမ်၌လည်း မနေနိုင်၊ အကြောင်း အသို့ရှိသနည်း၊ မင်းကိုလျှောက်ထား၍ ကျွန်မအား ပြန်ကြားပါ"ဟု မှာကြားလိုက်ပြန်၏။

## ၈။ မြွေတရား

ရှေ့သို့သွားပြန်သော် လမ်းခရီးဝယ် တောင်ပို့တခု၌နေသော မြွေသည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ-"ဦးရီး..အကျွန်ုပ်အစာရှာရန်တွင်းမှထွက်သောအခါ ဆာမွတ်ပိန်ချုံးနေပါလျက် ကိုယ်မှာတွင်းတခုလုံးပြည့်လျက်ကျပ်ကျပ်တည်းတည်းထွက်ရပါသည်၊ အစာစားပြီး၍ ပြန်ဝင်သောအခါ ဝဖြိုးသောကိုယ်ရှိလျှက် တွင်း

နံပါးကို မထိစေဘဲ ချောင်ချောင်ချိချိ ဝင်ရပါသည်၊ အကြောင်း အသို့ရှိသနည်း၊ မင်းကို လျှောက်ထား၍ အကျွန်ုပ်အား ပြန်ကြားပါ''ဟုသတင်းစကားကို မှာလိုက်ပြန်၏။

## ၉။ သမင်တရား

ရွှေသို့သွားပြန်သော် သမင်တကောင်သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ–''ဦးရီး.... အကျွန်ုပ်သည် တပါးသောအရပ်၌ မြက်ကိုမစားနိုင်၊ သစ်ပင်ရင်းတခု၌သာ မြက်ကိုစားနိုင်သည်၊ အကြောင်း အသို့ရှိသနည်း၊ မင်းကိုလျှောက်ထား၍ အကျွန်ုပ်အား ပြန်ကြားပါ''ဟု သတင်းစကားကိုမှာလိုက်ပြန်၏။

## ၁၀။ ခါတရား

ရွှေသို့သွားပြန်သော် ခါတကောင်သည် ဂါမဏိစန္ဒကို မြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ ''ဦးရီး.... အကျွန်ုပ်သည် တောင်ပို့ခြေရင်းတခု၌နေ၍ တွန်သည်ရှိသော် နှစ်သက်ဘွယ်သောအသံဖြင့် တွန်နိုင်၏၊ အခြားအရပ်၌နေ၍တွန်သည်ရှိသော် နှစ်သက်ဘွယ်သောအသံဖြင့် မတွန်နိုင်ပါ၊အကြောင်းအသို့ရှိသနည်း၊ မင်းကို လျှောက်ထား၍ အကျွန်ုပ်အားပြန်ကြားပါ''ဟု သတင်းစကားကို မှာလိုက်ပြန်၏။

## ၁၁။ ရုက္ခစိုးတရား

ရွှေသို့သွားပြန်သော် ရုက္ခစိုးနတ်တဦးသည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ-''ဦးရီး....

အကျွန်ုပ်သည် ရှေးအခါ ပူဇော်သက္ကာရကိုရပါ၏၊ ယခု အခါမူကား၊ ပန်းတဆုပ်ကိုမျှမရပါ၊ အကြောင်းအသို့ ရှိသနည်း၊မင်းကိုလျှောက်ထား၍ အကျွန်ုပ်အား ပြန်ကြားပါ”ဟု သတင်းစကားကို မှာလိုက်ပြန်၏။

## ၁၂။ နဂါးတရား

ရှေ့သို့သွားပြန်သော် နဂါးမင်းသည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်းမေးမြန်းကာ“ဦးရီး…. ရှေးအခါ၌ ဤရေကန်ဝယ် ရေသည်ကြည်လင်၏၊ မြအဆင်းနှင့်တူ၏၊ ယခုအခါ၌မူကားနောက်ကျုလှ၏၊ မှော်ကြီး မှော်သေးဖြင့် မြေးယှက်၍နေ၏၊ အကြောင်း အသို့ရှိသနည်း၊ မင်းကို လျှောက်ထား၍ အကျွန်ုပ်အားပြန်ကြားပါ”ဟု သတင်း စကားကို မှာလိုက်ပြန်၏။

## ၁၃။ ရသေ့တရား

ရှေ့သို့သွားပြန်သော် မြို့၏အနီး တခုသော အရပ်၌နေကုန်သော ရသေ့တို့သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ– “ဒါယကာကြီး….ရှေးအခါ ဤအရပ်ဝယ် သစ်သီးကြီးငယ်တို့သည် ချိုမြိန်ကောင်းမြတ်ကုန်၏၊ယခုအခါမူကား ဩဇာမရှိကုန်၊အကြောင်းအသို့ရှိသနည်း၊ မင်းကိုလျှောက်ထား၍ ငါတို့အားပြန်ကြားပါ”ဟုသတင်းစကားကို မှာလိုက်ပြန်၏။

## ၁၄။ ပုဏ္ဏားလုလင်တရား

ရှေ့သို့သွားပြန်သော် မြို့တံခါးအနီး စရပ်တခု၌ ပုဏ္ဏားလုလင်ငယ်သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း

မေးမြန်းကာ– "ဦးရီး.... အကျွန်ုပ်တို့အား ရှေးအခါ သင်ကြားပေးအပ်သော ဗေဒင်တို့သည်ထင်ရှားမှတ်မိပါ ကုန်၏၊ ယခုအခါမူကား အိုးကွဲတွင် ရေမတည်သကဲ့သို့ မထင်ရှား မမှတ်မိပါကုန်၊ အမိုက်တိုက်ကဲ့သို့ ဖြစ်ကုန်၏၊ အကြောင်းအသို့ ရှိသနည်း၊ မင်းကို လျှောက်ထား၍ ပြန်ကြားပါ"ဟု သတင်းစကားကို မှာလိုက်ပြန်၏။

## ၁။ နွားပြဿနာ

ဤသို့လျှင် ဂါမဏိစန္ဒသည် တဆယ့် လေးပါးသော ပြဿနာတို့ကို ယူဆောင်ကာ မင်းထံသို့သွားလေ၏၊ မင်းလည်း တရားဆုံးဖြတ်ရာအရပ်၌ နေတော်မူ၏၊ ထိုအခါ နွားရှင်သည် ဂါမဏိစန္ဒကိုခေါ်၍ မင်းထံသို့ဝင်၏၊ မင်းသည် ဂါမဏိစန္ဒကို မြင်လျှင် ဤသူကား ငါ့ခမည်းတော် အလုပ်အကျွေးတည်း၊ ငါ့ကိုချီပိုး ထိန်းသိမ်း ခဲ့ဘူး၏ဟု သိတော်မူ၍- "အချင်းစန္ဒ....ငါ့ထံမှာခစားသည်ကို မမြင်၊ ဤမျှလောက်ကြာအောင် ဘယ်အရပ်မှာနေသနည်း၊ ယခု အဘယ်ကိစ္စကြောင့် လာသနည်း"ဟုမေး၏၊ "အရှင်မင်းမြတ်.... အကျွန်ုပ်သည် အရှင့်ခမည်းတော် နတ်ရွာစံကတည်းကပင် ဇနပုဒ်သို့သွားကာ လယ်လုပ်၍အသက်မွေးပါ၏၊ ထိုဇနပုဒ်မှ ဤသူသည် အကျွန်ုပ်ကို နွားမှုဖြင့်မင်းတမန်ပြုကာ ခေါ်ဆောင်လာသောကြောင့် အရှင့်ရှေ့တော်သို့ ရောက်ပါသည်၊ ခေါ်ဆောင် လာသည်မှာကောင်းပါ၏၊ ယခုအခါ အကျွန်ုပ် ရအပ်သည်ကို ရရှိပေ၏" ဟု လျှောက်၏။ "အချင်းစန္ဒ...သင့်ကိုခေါ်ဆောင်သူ အဘယ်မှာနည်း"ဟုမေး၏၊ "အရှင်မင်းမြတ်....လက်ညှိုးညွှန်ကာ ဤသူပင်ဖြစ်ပါသည်"ဟု လျှောက်ထားလေ၏။

ပြဿနာ ၁၄-ပါး ဖြေဆိုခြင်း

ထိုအခါမင်းသည် "အချင်း.... သင်သည် ငါတို့စန္ဒအား မင်းတမန်ပြုသူမှန်သလော"ဟုမေး၏၊"အရှင်မင်းမြတ်.. မှန်ပါသည်၊ စန္ဒသည် အကျွန်ုပ်နွားနှစ်ကောင်ကို ငှါးရမ်းပြီး ပြန်၍မပေးပါ"ဟု လျှောက်၏၊ ထိုအခါမင်းကြီးသည် "အချင်းစန္ဒ.... မှန်သလော"ဟု မေး၏၊ "အရှင်မင်းမြတ်....အကျွန်ုပ်စကားကို နာတော်မူပါ"ဟု တောင်းပန်ကာ အကြောင်းစုံ လျှောက်ထားလေ၏၊ စန္ဒစကားကို ကြားလျှင် မင်းသည်နွားရှင်အား "အချင်း....သင့်အိမ်သို့ ဝင်သောနွားတို့ကို မြင်သလော"ဟု မေး၏၊ "အရှင်မင်းမြတ်...မမြင်ပါ"ဟုလျှောက်၏၊"အချင်း..ငါ့ကိုအာဒါသမုခမင်းဟု ပြောဆိုသံကိုမျှသင်မကြားဘူးသလော၊ မှန်စွာလျှောက်ထားလော့"ဟုပြော၏၊နွားရှင်သည်မြင်သည်မှန်ပါ၏-ဟု မလိမ်ဝံ့တော့ဘဲ အမှန်ကို လျှောက်ထား ပြန်၏၊ မင်းသည် "အချင်းစန္ဒ..သင်သည် နွားတို့ကိုမအပ်ခဲ့သည့်အတွက် နွားဘိုးကိုလျော်ရမည်၊ ဤနွားရှင်လည်း မဟုတ်မမှန် ပြောဆိုသည့်အတွက် သင်သည်ပင်လျှင် မင်းမှုထမ်းပြုလုပ်ကာ နွားရှင်လင်မယားနှစ်ယောက်လုံး မျက်စိတို့ကို ထုတ်ရမည်၊ သင်လည်း ငါ့ဘဏ္ဍာတိုက်မှယူ၍ နွားဘိုးနှစ်ဆယ့်လေးသပြာကို ပေးလျော်ရမည်"ဟု ဆုံးဖြတ်တော်မူ၏။

မင်းချင်းတို့သည် နွားရှင်ကိုအပသို့ထုတ်ကြ၏၊ နွားရှင်သည် မျက်စိတို့ကိုအထုတ်ခံရမည်ဖြစ်လျှင် နှစ်ဆယ့်လေးသပြာတို့ဖြင့် အဘယ်ကျိုးရှိအံ့နည်းဟု ဂါမဏိစန္ဒ၏ခြေရင်း၌ရှိခိုး၍ "အရှင်စန္ဒ.... နွားဘိုးအသပြာတို့သည် အ

ရှင့်အားသာဖြစ်ပါစေ၊ ဤအသပြာတို့ကိုလည်း ယူပါ”ဟု တပါးသော အသပြာတို့ကိုလည်းပေး၍ ပြေးလေ၏။

## ၂။ သားပြဿနာ

ထိုနောက် နှစ်ယောက်မြောက် အမှုသည်သည် “အရှင်မင်းမြတ်…. ဤစန္ဒကား အကျွန်ုပ်မယား ကိုယ်ဝန်ကို ကျစေပါသည်”ဟု လျှောက်ထားပြန်၏၊ မင်းသည် “အချင်းစန္ဒ…. မှန်သလော”ဟု မေး၏၊ အရှင်မင်းမြတ်…. နာတော်မူပါ”ဟု တောင်းပန်ကာ အကြောင်းစုံလျှောက်ထားလေ၏၊ ထိုအခါမင်းသည် “အချင်းစန္ဒ…. ဤသူ့မယား ကိုယ်ဝန်ကို ကျစေသလော”ဟု မေး၏၊“အရှင်မင်းမြတ်….မကျစေပါ”ဟုလျှောက်၏၊ မင်းသည် “အချင်းယောကျ်ား.. သင်သည်သင့်မယား ကိုယ်ဝန်ကိုကျစေသည့်အဖြစ်ကို သက်သေလုံလောက်အောင်ပြနိုင်သလော” ဟု မေး၏၊ “အရှင်မင်းမြတ်….မပြနိုင်ပါ”ဟုလျှောက်လေ၏၊ “အချင်း…. ယခုအသို့ပြုရအံ့နည်း”ဟု မေး၏၊ “အရှင်မင်းမြတ်..အကျွန်ုပ်သားကို ရလိုပါသည်”ဟု လျှောက်၏၊ “အချင်းစန္ဒ….သင်သည် သူ၏မယားကိုအိမ်၌ထား၍သားဖွားလာသောအခါ ပြန်၍ပေးလော့”ဟု ဆုံးဖြတ်တော်မူ၏။

ထိုအခါ အမှုသည်သည် ဂါမဏိစန္ဒ၏ခြေတို့ကို ရှိခိုး၍ “အရှင်စန္ဒ…. ကျွန်ုပ်၏မယားကို မဖျက်ဆီးပါလင့်” ဟု ဆိုကာ အသပြာတို့ကိုပေး၍ ပြေးပြန်၏။

## ၃။ မြင်းပြဿနာ

ထိုနောက် သုံးယောက်မြောက်အမှုသည်သည် "အရှင်မင်းမြတ်....ဤစန္ဒကား အကျွန်ုပ်မြင်း၏ခြေကိုကျောက်ခဲနှင့်ပစ်၍ချိုးပါသည်"ဟုလျှောက်ပြန်၏၊ "အချင်းစန္ဒ....မှန်သလော"ဟု မေး၏၊ "အရှင်မင်းမြတ်.... နာတော်မူလော့"ဟုဆိုကာ အကြောင်းစုံကို လျှောက်ထားလေ၏၊ ထိုအခါမင်းသည် မြင်းထိန်းအား "အချင်း.... သင်သည် မြင်းကိုပစ်ခတ်၍ ပြန်လည်အောင်ချောက်လိုက်ပါဟု ခိုင်းမိသလော"ဟု မေး၏၊ "အရှင်မင်းမြတ်....မခိုင်းပါ"ဟု လျှောက်၏၊ မင်းသည်တကြိမ်ထပ်၍မေးပြန်သော် "ခိုင်းမိပါသည်"ဟု လျှောက်ထားပြန်၏၊ "အချင်းစန္ဒ.... ဤမြင်းထိန်းသည် ခိုင်းလျက်နှင့်မခိုင်းဟု မဟုတ်မမှန်ပြောဆိုသည်၊မြင်းထိန်း၏လျှာကိုဖြတ်၍ငါ၏ဘဏ္ဍာတိုက်မှယူကာ မြင်းဘိုးအသပြာတထောင်ကိုပေးလျော်ရမည်"ဟုဆုံးဖြတ်တော်မူ၏။

မြင်းထိန်းသည် "အရှင်စန္ဒ.... အကျွန်ုပ်လျှာကိုမဖြတ်ပါလင့်၊ မြင်းဘိုးကိုလည်း အလိုမရှိတော့ပါ"ဟု တပါးသောအသပြာတို့ကိုလည်းပေး၍ ပြေးပြန်၏။

## ၄။ တောင်းရွေသမားပြဿနာ

ထိုနောက် တောင်းရွေသမားသည် "အရှင်မင်းမြတ်....ဤစန္ဒကား အကျွန်ုပ်၏အဘကိုသတ်ပါသည်"ဟုလျှောက်၏၊ "အချင်းစန္ဒ.... မှန်သလော"ဟုမေး၏၊ စန္ဒသည်အကြောင်းကို အကျယ်တဝင့်လျှောက်ထားလေ၏၊ ထိုအခါ

မင်းသည် တောင်းရွှေသမားအား ''အချင်း···· ယခုအခါ အသို့ပြုရအံ့နည်း''ဟု မေး၏၊ ''အရှင်မင်းမြတ်···· အကျွန်ုပ်အဘကိုရလိုပါသည်''ဟုလျှောက်၏၊ မင်းသည် ''အချင်းစန္ဒ···· ဤသူကား အဘကိုရလိုသည်၊သေလေပြီးသော အဘကို ယူဆောင်ကာမပေးနိုင်၊ သို့အတွက်သင်သည် ဤသူ၏အမိကို မိမိအိမ်၌ထားကာ အဘဖြစ်လော့''ဟု ဆုံးဖြတ်တော်မူ၏။

တောင်းရွှေသမားသည် ''အရှင်စန္ဒ···· သေလေပြီးသော အကျွန်ုပ်အဘ၏မယား (အမိ)ကို မဖျက်ဆီးပါလင့်''ဟုဆိုကာ အသပြာတို့ကိုပေး၍ ပြေးပြန်၏။

ဂါမဏိစန္ဒသည် တရားလေးထုံးအနိုင်ရကာ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ''အရှင်မင်းမြတ်···· အရှင့်အထံတော်သို့ အခြားသူများသည် သတင်းစကားကို မှာလိုက်ကြပါသေး၏ လျှောက်ထားပါစေ''ဟု ခွင့်တောင်းလေ၏၊ မင်းလည်း လျှောက်ထားလော့ဟု ခွင့်ပြုတော်မူ၏၊ထိုအခါ ပုဏ္ဏားလုလင်၏သတင်းစကားမှစ၍ ပဋိလောမအစဉ်အားဖြင့် တပါးစီသော စကားတို့ကို လျှောက်ထားလေ၏၊ မင်းလည်း အစဉ်အတိုင်း ဖြေဆိုတော်မူ၏။

## ၅။ ပုဏ္ဏားလုလင်ပြဿနာ

မင်းသည် ပုဏ္ဏားလုလင်၏ သတင်းစကားကိုကြားလျှင် ''ရှေးအခါ ထိုပုဏ္ဏားလုလင်တို့နေရာအရပ်၌ အချိန်အခါကိုသိ၍ တွန်သောကြက်ရှိ၏၊ထိုလုလင်တို့သည် ကြက်တွန်သံ

ကိုမှတ်၍ အိပ်ရာမှထကာ ဗေဒင်တို့ကို သရဇ္ဈာယ်ကြကုန်စဉ် အရုဏ်တက်၏၊ ထိုကြောင့် ဗေဒင်တို့သည် မမေ့မပျောက်ကုန်၊ ယခုအခါမူကား…ထိုလုလင်တို့နေရာအရပ်၌ အချိန်အခါမဲ့တွန်သောကြက်ရှိ၏၊ ထိုကြက်သည်အလွန်စောစောလည်းတွန်၏၊ အလွန်လင်းမှလည်းတွန်၏၊ အလွန်စောစောတွန်သောအခါ ဗေဒင်တို့ကိုသရဇ္ဈာယ်ကုန်စဉ် အိပ်ချင်သဖြင့် မသရဇ္ဈာယ်နိုင်ဘဲ အိပ်ပျော်ကြကုန်၏၊ အလွန်လင်းမှတွန်သောအခါ သရဇ္ဈာယ်ရန် အချိန်မရကြကုန်၊ သို့အတွက် ပုဏ္ဏားလုလင်တို့အား သင်ကြားအပ်သော ဗေဒင်တို့သည် မထင်မြင်မမှတ်မိကြကုန်၊ မေ့ပျောက်ကြကုန်၏''ဟု ဖြေကြားတော်မူ၏။

## ၆။ ရသေ့ပြဿနာ

ရသေ့တို့သတင်းစကားကိုကြားလျှင်''ထိုရသေ့တို့သည် ရှေးအခါ ရဟန်းတရားကို ကျင့်ကုန်လျက် ကသိုဏ်းပရိကံ၌ လုံ့လပြုကုန်၏၊ ယခုမူကား ရဟန်းတရားကို မကျင့်ကြဘဲ လုံ့လမပြုသင့်သည်ကို ပြုကြကုန်၏၊ သစ်သီးကြီးငယ်နှင့် လဲလှယ်ကာ ဆွမ်းကိုအတုံ့ယူ၍ စားကြကုန်၏၊ ထိုကြောင့် သစ်သီးကြီးငယ်တို့သည် မချိုမြိန်ကုန်၊ ဩဇာမရှိကုန်၊ ရှေးအခါ၌ကဲ့သို့ ရဟန်းတရားကို ကျင့်လျက် ကသိုဏ်းပရိကံ၌ လုံ့လပြုကြကုန်အံ့၊ သစ်သီးကြီးငယ်တို့လည်း ချိုမြိန်ကုန်လတ္တံ့၊ ဩဇာရှိကုန်လတ္တံ့၊ ထိုကြောင့် ရသေ့တို့အား ရဟန်းတရားကို ကျင့်ရန် ပြောဆိုလေလော့''ဟု ဖြေကြားတော်မူ၏။

## ၇။ နဂါးပြဿနာ

နဂါးမင်း၏သတင်းစကားကိုကြားလျှင်“ထိုနဂါးမင်းတို့သည်အချင်းချင်း ခိုက်ရန်ဖြစ်ကြကုန်၏၊ထိုကြောင့် နဂါးတို့ရေကန်သည် နောက်ကျ၍၊ မှော်တို့ဖြင့် ဖုံးလွှမ်းခြေးယှက်၏၊ ရှေးအခါကဲ့သို့ အချင်းချင်း သင့်တင့်ညီညွတ်ကုန်အံ့ ရေလည်းတဖန် ပတ္တမြားကဲ့သို့ ကြည်လင်၍ လာလတံ့”ဟုပြောကြားတော်မူ၏။

## ၈ ။ရုက္ခစိုးပြဿနာ

ရုက္ခစိုးသတင်းစကားကိုကြားလျှင်“ထိုရုက္ခစိုးနတ်သည်ရှေးအခါ တောအုပ်၌ ခရီးသွားသူတို့ကို စောင့်ရှောက်၏၊ ထိုကြောင့် ပူဇော်သက္ကာရကိုရသည် ယခုအခါမူကား စောင့်ရှောက်ခြင်းကိုမပြု၊ ထိုကြောင့် ပူဇော်သက္ကာရကိုမရလေ၊ ရှေးအခါ၌ကဲ့သို့ စောင့်ရှောက် ပြန်အံ့၊ တဖန်မြတ်သော ပူဇော်သက္ကာရကို ရပြန်လတံ့ဟု”ဖြေကြားတော်မူ၏။

## ၉။ ခါပြဿနာ

ခါ၏သတင်းစကားကိုကြားလျှင်“ထိုခါသည် နှစ်သက်ဘွယ်သောအသံဖြင့်တွန်နိုင်သောတောင်ပို့ခြေရင်းအောက်အရပ်တွင် များစွာသော ဥစ္စာစုရှိသည်၊ ထိုဥစ္စာတို့ကိုတူးဖော်၍သင်ယူလော့”ဟုပြောကြားတော်မူ၏။

## ၁၀။ သမင်ပြဿနာ

သမင်၏ သတင်းစကားကိုကြားလျှင်“ထိုသမင်စားနိုင်သော သစ်ပင်ခြေရင်း၌ရှိသော မြက်၏အပေါ် တည့်တည့်

သစ်ပင်မှာ ပျားအုံရှိသည်၊ ထိုသမင်သည် ပျားလူးမြက်ကို စားရ၍ တပါးသောအရပ်၌ မြက်တို့ကိုမစားနိုင်၊ သင်သည် ထိုပျားကိုယူ၍ ငါ့အားပျားဦးကိုဆက်လော့၊ ကြွင်းသောပျားရည်ကိုသင်စားလော့”ဟု ဖြေကြားတော်မူ၏။

## ၁၁။ မြွေပြဿနာ

မြွေသတင်းစကားကိုကြားလျှင်“ထိုမြွေနေသောတောင်ပို့၏အောက်တွင် ကြီးစွာသော ရွှေအိုးရှိသည်၊ မြွေသည် ထိုရွှေအိုးကို စောင့်၍နေရကား တွင်းမှ ထွက်သောအခါ လောဘ၏အစွမ်းဖြင့် ငြိမ်ဝပ်လျက် ကျပ်ကျပ်တည်းတည်း ထွက်ရသည် အစာစားပြီး၍ ပြန်ဝင်သောအခါ ဥစ္စာ၌ ချစ်ခင်သဖြင့် မငြိုမငြင် ချောင်ချောင်ချိချိဝင်ရသည်၊ ထိုရွှေအိုးတို့ကို သင်ထုတ်ဖော်၍ယူလော့”ဟုဖြေကြားတော်မူ၏။

## ၁၂။ မိန်းမပျိုပြဿနာ

မိန်းမပျို၏သတင်းစကားကိုကြားလျှင်“ထိုမိန်းမပျိုမှာ လင်နေသောရွာနှင့် မိဘတို့နေသောရွာ နှစ်ခုအကြား တခုသောရွာငယ်၌ သဃောက်လင်ရှိသည်၊ ထိုမိန်းမပျိုသည် သဃောက်လင်ကို ချစ်ခင်အောက်မေ့သဖြင့် လင်အိမ်၌လည်း မနေနိုင်၊ မိဘတို့အိမ်၌လည်းမနေနိုင်၊ မိဘတို့အိမ်သွားမည်ဟု ပြော၍သွားသောအခါ သဃောက်လင်အိမ်၌ နှစ်ရက်,သုံးရက်နေသည်၊တဖန် မိဘတို့အိမ်၌လည်း ရောက်၍ နှစ်ရက်,သုံးရက် နေပြီးသော် လင်အိမ်သို့ သွားမည်ဟု သွားပြန်သောအခါ၌လည်း ထိုသဃောက်လင်အိမ်၌ပင်နေပြန်၏”ဟုဖြေကြားတော်မူ၏။

## ၁၃။ ပြည့်တန်ဆာမပြဿနာ

ပြည့်တန်ဆာမ၏သတင်းစကားကိုကြားလျှင်''ထိုပြည့်တန်ဆာမသည် ရှေးအခါ သူတယောက်၏လက်မှ အဘိုးအခကိုယူ၍ မကျေသေးမီ နောက်တယောက်လက်မှ အဘိုးအခကို မယူလေ၊ ထိုကြောင့် အဘိုးအခများစွာရ၏၊ ယခုမူကား မိမိ၏သဘောကိုစွန့်၍ သူတယောက်၏ လက်မှယူသော အဘိုးအခမကျေသေးမီ နောက်တယောက်၏လက်မှ အဘိုးအခကိုယူပြန်၏၊ ရှေ့ယောကျ်ားအား အခွင့်ကိုမယူမူ၍ နောက်ယောကျ်ားအား အခွင့်ကိုယူ၏၊ ထိုကြောင့် ယခုအခါ ကွမ်းဘိုးကိုမျှမရ၊ တစုံတယောက်သောသူမျှမသွားလာ၊မိမိ၏ရှေးသဘော၌တည်အံ့၊ ရှေးကအတိုင်းအဘိုးအခများစွာရလတံ့''ဟု ဖြေကြားတော်မူ၏။

## ၁၄။ ရွာစားပြဿနာ

ရွာစားမင်း၏ သတင်းစကားကိုကြားလျှင်''ထိုရွာစားသည် ရှေးအခါဟုတ်မှန်သဖြင့် တရားကိုဆုံးဖြတ်၏၊ ထိုကြောင့် လူဘို့ချစ်မြတ်နိုးကြသဖြင့် များစွာသော လက်ဆောင်ပဏ္ဏာကို ပေးကြ၏၊ ထိုကြောင့် အဆင်းလှ၏၊ ဥစ္စာပေါများ၏၊ အခြံအရံနှင့်ပြည့်စုံ၏၊ ယခုမူကား တံစိုးစား၍ မဟုတ်မမှန်တရားဆုံးဖြတ်၏၊ ထိုကြောင့်ဆင်းရဲနွမ်းပါး၏၊ အထိးကျန်၏၊ ဖြော့တော့သောရောဂါ နှိပ်စက်၏၊ရှေး၌ကဲ့သို့ ဟုတ်မှန်သဖြင့် တရားဆုံးဖြတ်ငြားအံ့၊ ရှေး၌ကဲ့သို့ဖြစ်လတံ့၊ ရွာစားသည် မင်းရှိသည်၏အဖြစ်ကိုမသိ၊ဟုတ်မှန်သဖြင့်တရားဆုံးဖြတ်စိမ့်သောငှါ ပြောဆိုလော့ဟု''ဖြေကြားတော်မူ၏။

မင်းသည် ဤသို့တရားဆုံးဖြတ်ဖြေကြားပြီးလျှင် ဂါမဏိ စန္ဒနေသောရွာကို ဂါမဏိစန္ဒအားသာလျှင် မြတ်သော ပေးခြင်းဖြင့် ပေးတော်မူ၍ လွှတ်လိုက်၏၊ ဂါမဏိစန္ဒ လည်း မြို့တော်မှထွက်၍ အာဒါသမုခမင်းဖြေကြားသော အတိုင်း ပုဏ္ဏားလုလင်, ရသေ့,နဂါး, ရုက္ခစိုးနတ်တို့အား ပြောကြားပြီးလျှင် ခါ၏နေရာအရပ်မှဥစ္စာကိုယူ၍သမင်၏ မြက်စားရာအရပ်မှလည်း ပျားကိုယူကာ မင်းကြီးထံ ပို့ စေ၏၊ မြွေ၏နေရာ တောင်ပို့အောက်မှလည်း ဥစ္စာကို ယူလျက် မိန်းမပျို, ပြည့်တန်ဆာမ, ရွာစားတို့အားလည်း မင်းဖြေကြားသောအတိုင်း ပြောကြားပြီးလျှင် များစွာ သောအခြံအရံဖြင့် ရွာသို့သွားပြီးလျှင် အသက်ထက်ဆုံး တည်၍ ကံအားလျော်စွာ လားလေ၏။

အာဒါသမုခမင်းလည်း ဒါနစသောကုသိုလ်ကောင်းမှု တို့ကို ပြုစုအားထုတ်ကာ သေသည့်အဆုံး၌ နတ်ပြည်သို့ လားလေ၏။

ဤဒေသနာတော်၏အဆုံး၌ များစွာကုန်သော ရဟန်း တို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာ အဖြစ်သို့ ရောက်ကြကုန်၏။

(ဇာတ်ပေါင်း)

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ် တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဂါမဏိစန္ဒသည် ယခုအခါ အာနန္ဒာ။

※ အာဒါသမုခမင်းသည် ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

(ဆောင်ပုဒ်)

(၁) ပညာရှိကား၊ လူ့ထွတ်ဖျား၊ အများကိုးကွယ်ရာ။
(၂) တောင်းရွေသမား၊ နွား, မြင်း, သား၊ ရွာစား, ပြည့်တန်ဆာ။
(၃) မိန်းမပျို, မြွေ၊ သမင်ပေ၊ ရှုကွေ့စိုးနတ်, ခါ။
(၄) ရသေ့, နဂါး၊ မြတ်ပုဏ္ဏား၊ လေးပါးတဆယ်သာ။
(၅) အာဒါမင်းဖျား၊ ဆယ့်လေးပါး၊ ဖြေကြားဆုံးဖြတ်ကာ။

ဂါမဏိစန္ဒဇာတ်ပြီး၏။

---

## ၂၅၈—မန္ဓာတုဇာတ်

(ပန္နရသနိပါတ်)

ခံစားမပြီး ကာမမီး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် သာဝတ္ထိပြည်၌ ဆွမ်းခံ ဝင်သည်ရှိသော် တန်ဆာဆင်အပ်သော မိန်းမတယောက်ကိုမြင်၍ သာသနာတော်၌ ငြီးငွေ့ ပျင်းရိလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို တရားသဘင်သို့ ဆောင်ယူကာ မြတ်စွာဘုရား ကြွလာတော်မူသောအခါ ငြီးငွေ့ပျင်းရိသောအကြောင်းကို လျှောက်ထားကြ၍ မြတ်စွာဘုရားသိတော်မူလျှင် ထိုရဟန်းအား "ချစ်သားရဟန်း.... သင်သည် ဘယ်အခါ၌ တဏှာကို ပြည့်စေနိုင်အံ့နည်း၊ ကာမတဏှာမည်သည်ကား သမုဒ္ဒရာကဲ့သို့ ပြည့်စေခြင်းငှါ မတတ်ကောင်း၊ ရှေးမင်းတို့သည် စကြဝတေးမင်း

အဖြစ်ဖြင့်ဧရင်း, ဧရင်းဘဝမှာပင် စာတုမဟာရာဇ်နတ်ပြည်သို့ တက်ကာ စာတုမဟာရာဇ် နတ်မင်းအဖြစ်ဖြင့်ဧရင်း, တာဝတိံသာနတ်ပြည်သို့ တက်ကာ သိကြားမင်း သုံးကျိပ် ခြောက်ယောက် လဲသည်တိုင်အောင် သိကြားနတ်မင်းအဖြစ်ဖြင့်ဧရင်း ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်ဘဲ သေဆုံးခဲ့ရသည်၊ သင်ကား ဘယ်အခါပြည့်စေနိုင်အံ့နည်းဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**လူပြည်ငြီးငွေ့ စကြာမင်ဟော့**

လွန်လေ ပြီးသောအခါ ကမ္ဘာဦး၌ မဟာသမ္မတမင်း မင်းပြုသည် ရှိသော် ဧရင်းမင်း၏ သားတော် မင်းအဆက်ဆက်တို့ကား—ရောဇ,ဝရရောဇ,ကလျာဏ,ဝရကလျာဏ, ဥပေါသထ,မန္ဓာတုတို့ဖြစ်ကုန်၏။

ထိုမင်းတို့တွင် မန္ဓာတုမင်းကား လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းတည်း၊ ရတနာခုနစ်ပါး, တန်ခိုးလေးပါးနှင့် ပြည့်စုံ၏၊ လက်ဝဲလက်ကို ခွေလျက် လက်ျာလက်ဖြင့်ခတ်ကာ ကောင်းကင်သို့ကြည့်၍ ဒူးပုဆစ်ပမာဏရှိသော ရတနာခုနစ်ပါးမိုးကို ရွာစေနိုင်၏၊ ဤသို့ အံ့ဘွယ်သရဲရှိသောမင်းဖြစ်၏၊ အနှစ် ရှစ်သောင်းလေးထောင် သူငယ်အဖြစ်ဖြင့်ကစား၏၊ အနှစ်ရှစ်သောင်းလေးထောင် အိမ်ရှေ့မင်းအဖြစ်ကိုပြု၏၊ အနှစ်ရှစ်သောင်းလေးထောင် စကြာဝတေးမင်းအဖြစ်ကိုပြု၏၊အသက်တမ်းပမာဏကား အသင်္ချေယျဖြစ်၏။

တနေ့သ၌ မန္ဓာတုစကြာမင်းကြီးသည် ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်သဖြင့် ငြီးငွေ့ပျင်းရိသော အမူအရာကိုပြ၏၊ ထိုအခါအမတ်တို့သည်“မြတ်သောမင်းကြီး… အဘယ်ကြောင့် ငြီးငွေ့ပျင်းရိသနည်း”ဟု မေးလျှောက်လေ၏၊“အမတ်တို့…. ကောင်းမှုအစွမ်းဖြင့်ကြည့်ရှုလတ်သော် မင်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အဘယ်အရပ်သည် မွေ့လျော်ဘွယ်ရှိသနည်း”ဟု မေးတော်မူ၏၊ “မြတ်သောမင်းကြီး….နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏” ဟု လျှောက်ထားကုန်၏။

စကြာမဟော, နတ်ပြည်မွေ့

ထိုအခါ မန္ဓာတုမင်းကြီးသည် စက်ရတနာကို ရေဖြင့်ဖျန်း၍ ပရိသတ်နှင့်တကွ စာတုမဟာရာဇ် နတ်ပြည်သို့သွားလေ၏၊ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် နတ်ပန်း နတ်နံ့သာတို့ကိုလက်စွဲကာလာ၍ ခရီးဦးကြိုဆိုကြကုန်၏၊ မန္ဓာတုမင်းကိုဆောင်ယူပြီးလျှင် စာတုမဟာရာဇ်နတ်ပြည်သို့သွားကာ နတ်မင်းအဖြစ်ကို ပေးကြကုန်၏။

မိမိပရိသတ်အခြံအရံဖြင့် စာတုမဟာရာဇ် နတ်ပြည်တွင် နတ်မင်းအဖြစ်ဖြင့် ကြာမြင့်စွာမင်းပြု၍ ကာမတဏှာကို ဖြည့်ပါသော်လည်း မပြည့်နိုင်ရကား ငြီးငွေ့ပျင်းရိသော အမူအရာကို ပြပြန်၏၊ ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည် “မြတ်သောမင်းကြီး…. အဘယ်ကြောင့် ငြီးငွေ့ပျင်းရိသနည်း”ဟု မေး၏၊ “နတ်မင်းကြီးတို့…. အဘယ်နတ်ပြည်သည် စာတုမဟာရာဇ်နတ်ပြည်ထက် မွေ့လျော်ဘွယ်ရှိသနည်း”ဟု မေးလေ၏၊ “မြတ်သောမင်းကြီး….



P.65 ဘုန်းတန်ခိုးကြီးမားသော မန္ဓာတုစကြာမင်းသည် တာဝတိံသာနတ်ပြည် တဝက်ကိုခွဲ၍ နတ်စည်းစိမ်ခံစားနေပုံ

အကျွန်ုပ်တို့သည် သူတပါး၏အလုပ်အကျွေး ပရိသတ်သာဖြစ်ကုန်၏၊ တာဝတိံသာနတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏”ဟု လျှောက်ထားကြကုန်၏။

မန္ဓာတုမင်းကြီးသည် စကြာရတနာကိုရေဖျန်း၍မိမိပရိသတ်ဖြင့်ခြံရံလျက် တာဝတိံသာနတ်ပြည်သို့ ရှေးရှုသွားပြန်၏၊ ထိုအခါသိကြားမင်းသည် နတ်ပန်း,နတ်နံ့သာတို့ကိုလက်စွဲကာ နတ်အပေါင်းခြံရံလျက် ခရီးဦးကြိုဆို၍ မန္ဓာတုမင်းကြီး၏ လက်ကိုဆွဲကာ “မြတ်သောမင်းကြီး.... ဤအရပ်သို့ ကြွတော်မူလော့”ဟုဘိတ်လေ၏၊ နတ်အပေါင်းခြံရံလျက် မန္ဓာတုမင်းကြီးသွားစဉ်အခါ သားကြီးရတနာသည် စကြာရတနာကိုယူပြီးလျှင် ပရိသတ် အခြံအရံနှင့်တကွ လူ့ပြည်သို့သက်ဆင်း၍ မြို့တွင်းသို့ဝင်လေ၏။

သိကြားမင်းသည်မန္ဓာတုမင်းကြီးကို တာဝတိံသာနတ်ပြည်သို့ ဆောင်ယူပြီးလျှင် နတ်ပြည်တို့ကို နှစ်စုစုကာ အလယ်၌ပိုင်း၍ နတ်မင်းကြီးအဖြစ်ကို ပေးလေ၏၊ ထိုအခါမှစ၍ မင်းနှစ်ပါးတို့သည် မင်းပြုကြကုန်၏၊ အချိန်ကာလလွန်လတ်၍ နှစ်ပေါင်း သုံးကုဋေခြောက်သန်းရှိလတ်သော်သိကြားမင်းသည် အသက်ကုန်ကာစုတေ၍ သိကြားမင်းတပါးဖြစ်လာပြန်၏၊ ဤသို့သောနည်းဖြင့် အသက်ကုန်ကာသုံးကျိပ်ခြောက်ယောက်သော သိကြားမင်းတို့သည် စုတေကြကုန်၏၊ မန္ဓာတုမင်းကြီးကား လူ၏ကိုယ်ဖြင့် လျှင် နတ်မင်းအဖြစ်ကို ပြုတော်မူ၏။

**သိကြားကိုပင်
ရန်ပြုချင်**

နောက်ကာလကြာလတ်သော် မန္ဓာတုမင်းကြီးအား အတိုင်းထက် အလွန်ကာမတဏှာသည်ဖြစ်လေ၏၊ ထိုအခါ

မန္ဓာတုမင်းကြီးသည် ထက်ဝက်သောနတ်မင်းစည်းစိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သိကြားမင်းကိုသတ်၍ ကောရဇ် နတ်မင်းအဖြစ်ကိုပြုအံ့ဟု အကြံဖြစ်လေ၏၊ သိကြားမင်းကို ကား သတ်ခြင်းငှါမစွမ်းနိုင်၊ ကာမတဏှာမည်သည်ကား ပျက်စီးခြင်း အကြောင်းသာဖြစ်၏၊ ထိုကြောင့် အာယု သင်္ခါရကိုဆုတ်ယုတ်စေ၏၊ မန္ဓာတုမင်းကြီး၏ကိုယ်ကိုသတ် လေ၏၊လူ၏ကိုယ်သည်လည်း နတ်ပြည်၌မပျက်စီးကောင်း၊ ထိုကြောင့် နတ်ပြည်မှလျောကျကာ ဥယျာဉ်တော်သို့သက် ဆင်းရလေ၏။

**ကာမဂုဏ်အရေး ဩဝါဒပေး**

ဥယျာဉ်စောင့်သည် မန္ဓာတုမင်းကြီး လာသည်ကိုသိလျှင် မင်းမျိုးတို့ အား ကြား လျှောက်ထားလေ၏၊ မန္ဓာတု မင်းကြီးလည်း လာလတ်၍ ဥယျာဉ်တော်၌သာလျှင် နေရာ ကိုခင်းစေ၍ မထသော အိပ်ခြင်းဖြင့် အိပ်လေ၏၊ ထိုအခါ အမတ်တို့သည် "အရှင် မင်းကြီး.... အရှင်မင်းကြီး၏ နောက်အဘို့၌အဘယ်သို့ပြောဆိုရစ်ရပါအံ့နည်း"ဟု မေး လျှောက်ကြကုန်၏—

"အမတ်တို့....သင်တို့သည် ငါ၏နောက်ကာ လ၌ မန္ဓာတုမင်းကြီးသည် ကျွန်းငယ် နှစ်ထောင် အခြံအရံရှိသောကျွန်းကြီးလေးကျွန်း၌စကြဝတေး မင်းအဖြစ်ကိုပြု၏၊နောက်နှစ်ပေါင်းများစွာ စာတု မဟာရာဇ် နတ်မင်းအဖြစ်ကိုပြု၏၊ နောက်သုံး ကုဋေခြောက်သန်း အသက်ရှည်သော သိကြားမင်း သုံးကျိပ်ခြောက် လဲသည်တိုင်အောင် တာဝတိံသာ

နတ်မင်းအဖြစ်ကိုပြု၏၊ ထိုသို့ပြု၍ ဖြည့်သော်လည်း ကာမတဏှာကို မပြည့်စေနိုင်ဘဲ စုတေသေလွန်ရ၏—

ဟူသော သတင်းစကားကို လူအများအားပြောဆိုရစ်ကြပါ''ဟု မှာထားပြီးလျှင် သေလွန်၍ ကံအားလျော်စွာ လားလေ၏။

မြတ်စွာ ဘုရားသည် ဘုရားဖြစ်တော် မူသော အခါ အတိတ်ကိုဆောင်တော်မူပြီးလျှင်—

''ရဟန်းတို့··· လ,နေတို့ မြင်းမိုရ်တောင်ကို လှည့်လည်၍ သွားလာထွန်းပရာအရပ် ဆယ်မျက်နှာတို့၌ မြေကိုမှီ၍နေကုန်သော သတ္တဝါအလုံးစုံတို့သည် မန္ဓာတုမင်းကြီး၏ ကျွန် ဖြစ်ကြကုန်၏၊ ရတနာခုနစ်ပါးမိုးကို ရွာစေသဖြင့် ကာမဂုဏ်၌ ရောင့်ရဲခြင်းမရှိ၊ ကာမတို့ကား သာယာ နှစ်သက်ဘွယ် မရှိကုန်၊ ဆင်းရဲကုန်၏ဟု ပညာရှိသော မြတ်စွာဘုရား၏ တပည့်သားသည် သိမြင်၍ နတ်၌ဖြစ်သော ကာမဂုဏ်တို့၌လည်း မွေ့လျော်ခြင်းသို့မရောက်လေ၊ နိဗ္ဗာန် သည်သာမွေ့လျော်ရာဖြစ်၏''—

ဟု ရဟန်းတို့အား ဟောကြားဆုံးမတော်မူ၏။

ဤဒေသနာကို ဆောင်ပြီး၍ သစ္စာကို ပြတော်မူသည့်အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ တပါးသော များစွာသောရဟန်းတို့ကား သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....
※ ထိုအခါ မန္ဒာတု စကြာမင်းကြီးသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ကာမည စ်မည်း၊အလိုသည်း၊ဖြည့်လည်းမပြည့်နိုင်။
(၂) စကြာမင်းပြု၊ နတ်မင်းပြု၊ အာယုသက်ဆုံးတိုင်။
(၃) မန္ဒာတုမင်း၊ပြည့်စေလျှင်း၊ ပြည့်ခြင်းမရှိနိုင်။
(၄) ကာမပြစ်မြင်၊ ပညာရှင်၊ နတ်တွင်မမွေ့နိုင်။
(၅) နိဗ္ဗာန်ချမ်းမြေ့၊ အာရုံတွေ့၊ ပျော်မွေ့နေပိုင်ပိုင်။

မန္ဒာတုဇာတ်ပြီး၏။

---

## ၂၅၉-တိရိဋ္ဌိဝစ္ဆဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်အာနန္ဒာအား ပုဆိုးတထောင်ရခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ဤပစ္စုပ္ပန်ဝတ္ထုကား ဒုကနိပါတ် ဂုဏဇာတ်၌အကျယ်ပြခဲ့ပြီ။]

## အတိတ်ဝတ္ထု။

**တောရစ်မွေ့လျော် အလောင်းတော်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ကာသိ တိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်အားဖြင့် တိရိဋိဝစ္ဆ အမည်ရှိသတတ်၊ ထိုတိရိဋိဝစ္ဆသတို့သားသည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အ တတ်ပညာတို့ကို သင်ကြား တတ်မြောက်ပြီးလျှင် မိဘတို့ သေလွန်ခြင်းကြောင့်ထိတ်လန့်တုန်လှုပ်သောစိတ်ရှိရကား တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် တော၌သစ်မြစ် သစ်သီးတို့ကို စားသောက်ကာနေလေ၏။

**မင်းကြီးရေမရ တွင်းခုန်ချ**

ထိုအခါ ဗာရာဏသီ မင်းသည် ပစ္စန္တရာဇ်တွင် သူပုန်ထသဖြင့် သွား၍ နှိမ်နင်းရာ စစ်ရှုံးသဖြင့် သေဘေးမှ ကြောက်ရကား ဆင်ကိုစီး၍ပြေးလျက် တောသို့ဝင်သည် ရှိသော် ညချမ်းသောအခါ တိရိဋိဝစ္ဆရသေ့ သစ်သီးရှာ သွားခိုက် ကျောင်းသို့ရောက်လေ၏၊ မင်းကြီးသည် တနေ့ လုံး နေပူတွင် အပြင်းအထန် လာခဲ့ရသဖြင့် အလွန်ရေ ငတ်ရကား ရေကိုရှာလတ်သော် စင်္ကြံဦးတွင် ရေတွင်း ကိုမြင်လေ၏၊ ခပ်ရန်ကြိုးနှင့်ရေပုံးကို ရှာ၍ကား မရ၊ ရေငတ်ခြင်းကို သည်းမခံနိုင်သဖြင့် ဆင်ဝမ်းတွင်ပတ်သော ကြိုးကိုယူ၍ ဆင်ကိုရေတွင်းနားတွင်ထားကာ ဆင်ခြေ၌ ကြိုးချည်လျက် ကြိုးစကိုကိုင်ကာရေတွင်းသို့ဆင်းရာကြိုးတို နေသဖြင့် တဖန်အပေါ်ရုံပုဆိုးကို ဆက်ပြန်ရာ ခြေဖျား

ထိမိရုံမျှသာမှီလေ၏၊ ထိုအခါ အလွန်မချင့်မရဲဖြစ်လျက် သည်းမခံနိုင်တော့သဖြင့် သေရခြင်းသာ မြတ်သေးသည်ဟု ကြံစည်ပြီးလျှင် ကြိုးကိုလွှတ်၍ ရေတွင်းထဲသို့ ဆင်းကာ ရေကို အလိုရှိတိုင်းသောက်လေ၏၊ တဖန်ပြန်၍ မတက်နိုင်တော့သဖြင့် ရေတွင်းထဲတွင်သာ နေရ၏၊ ဆင်သည် လိမ်မာသောဆင် ဖြစ်ရကား အရပ်တပါးသို့ မသွားဘဲ မင်းကြီးကိုသာကြည့်၍နေ၏။

**ရသေ့မဟာ လုပ်ကျွေးရှာ**

ရသေ့လည်း သစ်သီးရှာရာမှပြန်၍လာ လတ်သော်ကျောင်းသို့ရောက်၍ဆင်ကို မြင်လျှင် မင်းကြီးလာသည် ဖြစ်လတ့်၊ မင်းကြီးကိုမမြင်၊ အကြောင်းအသို့ရှိသနည်းဟု စုံစမ်းရန် ဆင်ထံရေတွင်းသို့သွားရာ မင်းကြီးကိုမြင်၍"မြတ်သော မင်းကြီး..မကြောက်လင့်"ဟု အားပေးကာ လှေကား ထောင်၍အပေါ်သို့ တက်စေပြီးလျှင် တကိုယ်လုံး ဆီဖြင့် လိမ်းကျံဆုပ်နယ်ကာ သက်သာရာရစေလျက် သစ်သီးတို့ ကိုကျွေး၏၊ဆင်၏တန်ဆာတို့ကို လည်းဖြေလေ၏၊ မင်းကြီး လည်း ရသေ့ထံ၌ နှစ်ရက်,သုံးရက် နေကာ အပန်းဖြေ ပြီးလျှင် ကျေးဇူးကြီးလှသော ရသေ့ကို မိမိထံသို့လာရန် ဝန်ခံစေ၍ ရှိခိုးပြီးလျှင် ဆင်ကိုစီးကာ မြို့တော်သို့သွားလေ ၏၊ မြို့တော်အနီး သစ်တပ်၌နေသော ဗိုလ်ပါတို့သည် မင်း ကြီးလာသည်ကိုမြင်လျှင် ခြံရံကာမြို့တော်သို့ဝင်ကုန်၏။

**ဥယျာဉ်တော်တွင်း ကျောင်းဆောက်နှင်း**

ရသေ့လည်းလခွဲလွန်သောအခါ ဗာရာ ဏသီပြည်သို့ ရောက်၍ ဥယျာဉ်တော် သို့ဝင်ကာ တည်းခိုပြီးလျှင် နံနက်အခါ

မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် မင်းအိမ်တံခါးသို့ ရောက် လေ၏၊ မင်းကြီးလည်း ထိုအခိုက်လေသွန်တံခါးဖြင့်ကြည့် လတ်သော် ရသေ့ကိုမြင်၍သိသဖြင့် ပြာသာဒ်မှ အမြန် ဆင်းသက်ကာ ပင့်ပြီးလျှင် ရာဇပလ္လင်တွင် သီတင်းသုံးစေ ၏၊ မိမိအတွက် စီရင်ထားသော အာဟာရကို ကပ်လှူကာ ဘုဉ်းပေးစေပြီးလျှင် မိမိလည်း စားတော်ခေါ်ပြီးသော အခါ ရသေ့ကိုဥယျာဉ်တော်သို့ ပင့်၍ ကျောင်း သင်္ခမ်း ဆောက်လုပ်ပြီးလျှင် ရဟန်းပရိက္ခရာတို့ကို အပြည့်အစုံ လှူဒါန်း၍ ဥယျာဉ်စောင့်ကိုအပ်နှင်းကာ နန်းတော်သို့ ပြန် လေ၏။

ထိုအခါမှစ၍ ရသေ့သည် မင်းကြီးနန်းတော်၌သာ နေ့ စဉ်ဆွမ်းဘုဉ်းပေး၏၊ များစွာသော ပူဇော်သက္ကာရရှိ၏၊ သည်းမခံနိုင်သောအမတ်တို့သည် မနာလို ဝန်တိုကြသဖြင့် အိမ်ရှေ့မင်းသို့ ချဉ်းကပ်ကာ—"အရှင်မင်းမြတ်··အကျွန်ုပ် တို့မင်းကြီးသည်ရသေ့တပါးကိုအလွန်မြတ်နိုး၏၊ဘယ်အမှု ကိုမြင်၍နည်း၊ အရှင်တို့သည် မင်းကြီးကို ပြောဆိုပါဦး လော့"ဟု လျှောက်ထားကြကုန်၏။

အိမ်ရှေ့မင်းသည် အမတ်တို့စကားကို ကြားလျှင် ဝန်ခံ ကာ အမတ်တို့နှင့်တကွ မင်းကြီးထံသွားပြီးလျှင်—

"ဘခင်မင်းကြီး····ဤရသေ့ကား အတတ်ပညာ တစုံတရာမရှိ၊ တောင်ဝှေးသုံးခွကို ကိုင်သော ဤ ရသေ့ကား- ဘခင်မင်းကြီး၏ ဆွေမျိုးဉာတိလည်း မဟုတ်၊ အဆွေခင်ပွန်း သူငယ်ချင်းလည်း မဟုတ်၊

သို့ဖြစ်လျက် အဘယ်ကြောင့် ထမင်းဦးကို ပေးလှူဘိသနည်း''—

ဟု မေးလျှောက်လေ၏။

**အရှင့်ကျေးဇူး မေ့အပ်ဘူး အထူးမှာကြားခဲ့**

မင်းကြီးလည်း သားတော် အိမ်ရှေ့မင်း၏ စကားကိုကြားလျှင်''သားတော်.... ပစ္စန္တရာဇ်သို့ သွား၍ သူပုန်တို့ကို နှိမ်နင်းရာ စစ်ရှုံး၍ဗိုလ်ပါနှင့်ကွဲပြီးခမည်းတော် နှစ်ရက်, သုံးရက် မလာဘဲနေသည်၊ အမှတ်ရ၏လော''ဟုမေး၏၊ ''ဘခင်မင်းကြီး....အမှတ်ရပါသည်''ဟု လျှောက်၏၊''သားတော်....ငါ့မှာ ရသေ့ကိုမှီ၍ အသက်ကို ရပေသည်၊ ရသေ့ကား ငါ၏အသက်သခင်ကျေးဇူးရှင် ဖြစ်ပေသည်''ဟု ဖြစ်ပျက်သမျှ အကြောင်းစုံကို ပြောကြားပြီးလျှင် ''သားတော်.... အသက်ကို ပေးသော ကျေးဇူးရှင် ငါ့ထံရောက်လာရာ မင်းအဖြစ်ကိုပေးသော်လည်း ကျေးဇူးမကျေနိုင်''ဟု ပြောဆိုပြီးလျှင်—

''သားတော်....ဘေးရန်တို့ကြောင့် စစ်ရှုံး၍ တယောက်ထီးတည်း ရေတွင်းထဲသို့ ကျကာ ဒုက္ခရောက်နေသော ငါဘခင်အား- ဤရသေ့သည် ကြမ်းကြုတ်၍ ရေမရှိသော တောထဲ၌ သနားကြင်နာလျက် လှေကားထောင်ပြီး ရေတွင်းထဲမှ ဆယ်တင်ခဲ့၏၊ ထိုကြောင့် ငါ့မှာ ရေတွင်းထဲက တက်နိုင်ခဲ့၏၊ ဤရသေ့၏ တန်ခိုးအာနုဘော်ဖြင့် ငါ့မှာ သေမင်းလက်မှ လွတ်မြောက်ကာ ဤလူ့ပြည်သို့ တဖန်ရောက်ခဲ့ရ၏၊ ဤရသေ့ကား ပစ္စည်းလေးပါးကို အလှူခံထိုက်၏၊ ဤရသေ့အား အသုံးအ

ဆောင်ကို လှူဒါန်းကြလော့၊ ယဇ်ကို ပူဇော်ကြ
လော့''—

ဟု မင်းကြီးသည် ကောင်းကင်ပြင်ဝယ် လပြည့်ဝန်းကို ထင်စေဘိသကဲ့သို့ ရသေ့၏ ဂုဏ်ကျေးဇူးကို ဖော်ပြသည် ရှိသော် အလုံးစုံသောသူတို့၌ ထင်မြင်လာကြကုန်၏၊သို့အတွက် လာဘသက္ကာရသည် အလွန်များလေ၏။

ထိုအခါမှစ၍ အိမ်ရှေ့မင်းသည်၎င်း, အမတ်တို့သည်၎င်း, တပါးသောသူတို့သည်၎င်း မင်းကြီးကို လျှောက်တင်ခြင်းငှါ မဝံ့ကုန်၊ မင်းကြီးလည်း ရသေ့၏အဆုံးအမ၌တည်၍ အလှူပေးခြင်း စသောကောင်းမှုတို့ကိုပြုကာ နတ်ပြည်ကိုပြည့်စေ၏၊ ရသေ့လည်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားရ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီ မင်းသည်— ယခုအခါ
　　အာနန္ဒာ။

※ တိရိဋိဝစ္ဆရသေ့သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

၁။ ပညာရှင်မြတ်၊သူတော်မြတ်၊သိတတ်သူ့ကျေးဇူး။
၂။ အသက်ကယ်ငြား၊ရသေ့အား၊မင်းဖျားဆပ်ခဲ့ဘူး။

တိရိဋ္ဌိဝစ္ဆဇာတ်ပြီး၏။

# ၂၆၀—ဒူတဇာတ်

## (ပစ္စုပ္ပန်ဝတ္ထု)

**လျှပ်ပေါ်အမှု ဆုံးမပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လျှပ်ပေါ်လော်လည်သော ရဟန်းတပါး ရှိလေ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်တော်မူ၍ "ချစ်သားရဟန်း....သင်သည် ယခုအခါ၌သာလျှင် လျှပ်ပေါ် လော်လည်သည် မဟုတ်၊ ရှေးအခါ၌လည်း လျှပ်ပေါ် လော်လည်ဘူးပြီ၊ လျှပ်ပေါ်လော်လည်ခြင်းကြောင့် သန်လျက်ဖြင့် ဦးခေါင်းကို အဖြတ်ခံရမည် ဆဲဆဲဖြစ်ခဲ့ဘူးပြီ"ဟု-မိန့်တော် မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**သိန်းထိုက်စာစား မင်းတရား**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ထိုဗြဟ္မဒတ်မင်း၏သားဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အလုံးစုံသောအတတ်တို့ကို သင်ယူပြီးလျှင် အဘမင်းကြီး သေလွန်သဖြင့် မင်းအဖြစ်သို့ ရောက်လေ၏၊ စင်ကြယ် သန့်ရှင်းသော ဘောဇဉ်ရှိသည် အဖြစ်ကြောင့် ဘောဇနသုဒ္ဓိကမင်းဟု အမည်တွင်လေ၏။

ထိုဘောဇနသုဒ္ဓိကမင်းသည် တခုသော စားတော် ထမင်းခွက်၌ အဘိုးတသိန်းထိုက်တန်အောင် ပြုပြင်စီရင်ကာ

စားလေ့ရှိသတတ်၊ စားသောအခါလည်း အိမ်၌ စားလေ့မရှိ၊ မိမိစားသော အစီအရင်ကို မြင်သော သူများကို ကုသိုလ်ကောင်းမှု ပြုစေလိုသောကြောင့် အိမ်တံခါးဝယ် မဏ္ဍပ်ဆောက်လုပ်ကာ တန်ဆာဆင်စေပြီးလျှင် ထီးဖြူဆောင်းမိုးထားသော ရွှေရာဇပလ္လင်ထက်၌နေ၍ အဘိုးတသိန်းထိုက်တန်သော ရွှေခွက်၌ထည့်ကာ မင်းသမီးအပေါင်း ခြံရံလျက် စားတော်မူ၏။

**စားမှုလော်လည်ဘေးရန်မှီ**

ထိုအခါ လျှပ်ပေါ် လော်လည်သော ယောကျ်ား တယောက်သည် မင်းကြီး စားသော အစီအရင်ကို ကြည့်ရှုကာ အလွန်စားလိုသော ချင်ခြင်းကို ဖြေဖျောက်သည်းခံခြင်းငှါ မတတ်နိုင်ရကား–တခုသော ဥပါယ်သည်ရှိ၏ဟု ကြံစည်ပြီးလျှင် မြဲမြံစွာဝတ်၍ လက်တို့ကိုမြှောက်ပြီးလျှင် "ငါ တမန်တည်း"ဟု ကျယ်လောင်စွာအော်ဟစ်လျက် မင်းကြီး ထံသို့ သွားလေ၏။ [ထိုစဉ်အခါ ထိုအရပ်ဝယ် "ငါတမန်တည်း"ဟု ဆိုလတ်သော် မတားမြစ်ရ] ထိုကြောင့် လူတို့သည် နှစ်ဖြာကွဲကာ လမ်းဖွင့်၍ပေး၏။

ထိုယောကျ်ားသည် လျင်မြန်စွာသွား၍ မင်းကြီးစားတော်ခွက်၌ တခုသောထမင်းဆုပ်ကိုယူကာ ပါးစပ်တွင်ခွန့်လေ၏၊ ထိုအခါသန်လျက်စွဲသော အစောင့်အရှောက်တို့သည် ထိုသူဦးခေါင်းကိုဖြတ်ရန် သန်လျက်ကို မိုးကြကုန်၏၊မင်းကြီးသည် မဖြတ်ရန်တားမြစ်တော်မူရ၏၊မကြောက်လင့်စားပါဟု ဆိုပြီးလျှင်မင်းကြီးသည်လက်တို့ကို ဆေးကာ ထိုင်နေတော်မူ၏၊ ထမင်းစားပြီးသောအခါ မိမိ၏သောက်တော်ရေကိုဋ္ဌင်း,ရေခွက်ကိုဋ္ဌင်း ပေးတော်မူစေ၏။

တမန်အကြောင်းလျှောက်ဆုလာဘ်ရောက်

ရေသောက်ပြီးလျှင် မင်းကြီးသည် ထိုယောက်ျား အား— "အချင်း….သင်ကားတမန်ဟုဆို၏၊ အဘယ်သူ၏တမန်နည်း"ဟု မေးတော် မူသည်ရှိသော်—ထိုယောက်ျားသည် မင်းကြီးအား—

"မြတ်သောမင်းကြီး… သတ္တဝါတို့သည် ဝမ်းပြည့်ရန်အကျိုးငှါ ရန်သူ့ထံကိုလည်းတောင်းခြင်းငှါ အရပ်ဝေးသို့လည်းသွားကြရ၏၊ အကျွန်ုပ်ကား ဝမ်း၏တမန်ဖြစ်ပါ၏၊ အမျက်မထွက်ပါလင့်။

မြတ်သောမင်းကြီး··သတ္တဝါတို့သည် နေ့ညဉ့်တို့ပတ်လုံး ဝမ်း၏အလို နိုင်ငံသို့ လိုက်ကြရ၏၊ အကျွန်ုပ်ကား ဝမ်း၏တမန်ဖြစ်ပါ၏၊ အမျက်မထွက်ပါလင့်"။

ဟု မကြောက်မရွံ့လျှောက်ထားလေ၏။

မင်းကြီးသည် ထိုယောက်ျားစကားကို ကြားလျှင် ထိုစကားသည်မှန်ပေ၏၊ သတ္တဝါတို့ကား ဝမ်း၏တမန်ဖြစ်ကြသဖြင့် တဏှာစီရင်ခြင်းကိုခံကြရကုန်၏၊ထိုယောက်ျားကား အလွန်နှစ်သက်ဘွယ်သောစကားကို ဆိုပေ၏ဟု အလွန်နှစ်သက်ဝမ်းမြောက်ကာ…

"ပုဏ္ဏား…. သင်အား နွားလား ဥသဘနှင့်တကွ နီမြန်းသော အဆင်းရှိသော နွားတထောင်ကိုငါပေးပါ၏၊ ငါတို့အလုံးစုံသည် ဝမ်း၏တမန်ဖြစ်ကြသောကြောင့် တမန်ဖြစ်သောငါသည် တမန်

ဖြစ်သော သင်ပုဏ္ဏားအား အဘယ်ကြောင့် မပေး
ဘဲရှိအံ့နည်း၊ မုချပေးမည်သာဖြစ်၏''—

ဟု မိန့်ဆိုတော်မူပြီးလျှင် သင်ကဲ့သို့သော သူသည် ငါ့အား မကြားစဖူးသောအကြောင်းကို ပြောဆိုပေသည် ဟုအလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုယောက်ျား အားများစွာသောစည်းစိမ်ကိုပေးတော်မူ၏။

ဤဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည်၏ အဆုံး၌လျှပ်ပေါ်လော်လည်သော ရဟန်းသည် အနာဂါမိ ဖိုလ်၌တည်လေ၏၊ များစွာသောရဟန်းတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့၌တည်ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ လော်လည်သော ယောက်ျားသည်- ယခု အခါ လော်လည်သောရဟန်း။

※ ဘောဇနသုဒ္ဓိကမင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) တဏှာစီမံ၊ ဝမ်းကြောင်းခံ၊ နိယံတောင်းရှာဖွေ။
(၂) သတ္တဝါမှန်၊ ဝမ်းတမန်၊ ကောန်မည်တော့ပေ။
(၃) လျှပ်ပေါ်သောမှု၊ လော်လည်မှု၊ မပြုရှောင်ကြဉ်လေ။

ဒူတဇာတ်ပြီး၏။

## ၂၆၁—ပဒုမဇာတ်

ပန္နပုပ္ဖဝဏ္ဏ

**ပေါမိပင်တဆူ ကြာပန်းရှူ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌သီတင်း သုံးတော် မူစဉ် ဇေတဝန်ကျောင်းတော်တံခါးမုခ်တွင် စိုက်ပျိုးအပ်သော ပေါမိပင်ကို အာနန္ဒာထေရ် စိုက်ပျိုးတော်မူသောကြောင့် အာနန္ဒာပေါမိဟု ခေါ်ဝေါ်ကြကုန်၏၊ ထိုပေါမိပင်ကား ဇမ္ဗူဒိပ်တကျွန်းလုံး ပျံ့နှံ့ထင်ရှား၏။

ထိုအခါ ဇနပုဒ်နေရဟန်းတို့သည် ဇေတဝန်ကျောင်းတော်သို့ရောက်၍ ပေါမိပင်ကို ကြာပန်းတို့ဖြင့် ပူဇော်လိုသဖြင့် သာဝတ္ထိပြည်တွင်းသို့ဝင်လျက် ကြာပန်းရောင်းသောဈေးသို့သွားကြသော်လည်း လှူဒါန်းသူမရှိသဖြင့် မရခဲ့ကြဘဲကျောင်းတော်သို့သာပြန်၍ ထိုအကြောင်းကို အာနန္ဒာထေရ်အား လျှောက်ထားကြကုန်၏၊ ထိုအခါ အာနန္ဒာမထေရ်သည် ကြာပန်း ရောင်းသော ဈေးသို့သွားကာဒါယကာတို့ လှူဒါန်းလိုက်သော ကြာပန်းစည်းတို့ကို ယူဆောင်ခဲ့ပြီးလျှင် ထိုရဟန်းတို့အား ပေး၍ ပေါမိပင်ကိုပူဇော်စေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုအကြောင်းကိုစကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင်— ရဟန်းတို့.... ယခုအခါ၌သာလျှင် စကားအရာ၌ လိမ္မာသော သူတို့သည်ကြာပန်းရကြသည်မဟုတ်ကုန်၊ ရှေးအခါ၌လည်း ရကြဘူး

ကုန်ပြီဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ချီးမွမ်းမမှန် ကြာမတန်** လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည်သူဌေးသား ဖြစ်လေ၏၊ထိုအခါ မြို့တွင်း၌ ရေကန်ကြီးတခုဝယ် ပဒုမာကြာပန်းတို့သည် ပွင့်ကုန်၏၊ ထိုရေကန်ကြီး၌ နှာခေါင်းပြတ်သောယောက်ျားတယောက်လည်း အမြဲစောင့်လျက်ရှိ၏။

တနေ့သ၌ ဗာရာဏသီပြည်ဝယ် ပွဲသဘင်သည် ကြွေးကြော်လတ်၏၊ ထိုပွဲသဘင်၌ ပန်းပန်၍ ကစားလိုကုန်သော သူဌေးသားသုံးယောက်တို့သည်နှာခေါင်းပြတ်သော ယောက်ျားအား မဟုတ်မမှန် ချီးမွမ်းကာ ကြာပန်းတို့ကို တောင်းယူမည်ဟု ကြံစည်ကြပြီးလျှင် ရေကန်ကြီးတွင် ကြာပန်းခူး၍နေသော နှာခေါင်းပြတ်ယောက်ျား အနီးသို့သွားလျက် သူဌေးသားတယောက်သည် ရေကန်စောင့်ကိုခေါ်၍—

"အဆွေ..မုတ်ဆိတ်ဆံပင်တို့မှာ ရိတ်တိုင်း,ရိတ်တိုင်း တဖန်ပြန်၍ပေါက်သကဲ့သို့ သင်၏နှာခေါင်းသည်လည်း တဖန်ပြန်၍ပေါက်ပါစေ၊ သင်သည် ငါ့အားကြာပန်းကိုပေးပါလော့"

ဟုတောင်းလေ၏၊ ရေကန်စောင့်သည် ထိုသူဌေးသား၏စကားကိုကြားလျှင် အမျက်ထွက်၍ ကြာပန်းတို့ကို

မပေးလေ၊ ထိုအခါ ရေကန်စောင့်အား နှစ်ယောက်မြောက်သောသူဌေးသားသည်—

"အဆွေ…တန်ဆောင်မုန်းလတွင်ယူ၍ထားအပ်သဖြင့် လယ်၌စိုက်ပျိုးအပ်သော မျိုးစေ့သည်အပင်ပေါက်သကဲ့သို့ သင်၏နှာခေါင်းသည်လည်းတဖန်ပြန်၍ပေါက်ပါစေ၊ သင်သည် ငါ့အားကြာပန်းကိုပေးပါလော့"—

ဟုတောင်းပြန်၏၊ ရေကန်စောင့်သည် ထိုသူဌေးသား၏စကားကိုကြားပြန်လျှင်အမျက်ထွက်၍ကြာပန်းကိုမပေးလေ။

**ချီးမွမ်းမှန်မှ ကြာကိုရ**

ထိုအခါ ရေကန် စောင့်အား သုံးယောက် မြောက်သော သူဌေးသားသည်"အဆွေ…ဤနှစ်ယောက်သောသူဌေးသားတို့သည် ကြာပန်းတို့ကို ပေးလိမ့်မည်ဟု ကြံစည်ကာဆို၍တောင်းကြ၏၊ ထိုသူတို့ ဆိုသည်ဖြစ်စေ,မဆိုသည်ဖြစ်စေ ပြတ်လေပြီးသော နှာခေါင်း၏ တဖန်ပြန်၍ပေါက်ခြင်းမည်သည် မရှိပါ၊ သင်သည် ငါ့အားကြာပန်းတို့ကိုပေးပါလော့—

ဟုတောင်းပြန်လေ၏။

ထိုရေကန်စောင့်သည် ထိုသူဌေးသား၏ စကားကိုကြားလျှင် ဤနှစ်ယောက်သောသူဌေးသားတို့ကားမဟုတ်မမှန်ပြောဆို၍ တောင်းကြကုန်၏၊ သင်ကား အဟုတ်အမှန်ကို ပြောဆို၍တောင်းပေ၏၊သင့်အား ပဒုမာကြာပန်းတို့သည်လျောက်ပတ်ကုန်၏ဟုပြောဆိုချီးကျူးကာ ပဒုမာ

ကြာစည်းကြီးကို ယူ၍ပေးပြီးလျှင် မိမိနေရာ ကြာကန်သို့ သွားလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကြာပန်းရသော သူဌေးသား သည်-
　　ယခုအခါငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) စကားအရာ၊တတ်လိမ်မာ၊ဥစ္စာရတတ်ပေ။
(၂) မမှန်ချီးပ၊တောင်းဆိုကြ၊မရကြာပန်းတွေ။
(၃) အမှန်ပြောကြား၊တောင်းသူအား၊ရငြားကြာပန်းတွေ။

ပဒုမဇာတ်ပြီး၏။

## ၂၆၂-မုဒုပါဏိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ပျင်းရိလွန်များ ရဟန်းတပါး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့ပျင်းရိသောရဟန်းတပါးရှိလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံသို့ ဆောင်ယူသွားကြရာမြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ "ချစ်သားရဟန်း..သင်သည် သာသနာတော်

၌ ငြိုးငွေ့ပျင်းရိ၏ဟူသည် မှန်သလော''ဟု မေး၏၊''ဘုန်းတော်ကြီးသောမြတ်စွာဘုရား....မှန်ပါသည်''ဟုလျှောက်ထားလတ်သော် ''ချစ်သားရဟန်း.... မိန်းမတို့မည်သည်ကား စောင့်ရှောက်ခြင်းငှါမတတ်နိုင်၊ ရှေးပညာရှိတို့သည်စောင့်ရှောက်ရန် လက်၌ကိုင်၍ ထားသောသမီးသည်ပင်လျှင် ကိလေသာအစွမ်းဖြင့် ယောကျ်ားတယောက်နှင့်ပြေးဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**သမီးနှင့်တူသား ခွဲခြားထား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ သားဖြစ်၍ အရွယ် ရောက်လတ်သော်တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြား တတ်မြောက်ပြီးလျှင် အဘမင်းကြီးသေလွန်သဖြင့် မင်းအဖြစ်သို့ရောက်၍ တရားသဖြင့် မင်းပြုလေ၏၊ ထိုမင်းအား သမီးတော်မင်းသမီးနှင့် တူတော်မင်းသားတို့ကို နန်းတွင်း၌ထားကာကြီးပွားစေ၏။

တနေ့သ၌ မင်းကြီးသည် အမတ်တို့နှင့် တိုင်ပင်လတ်သော် ငါသေလွန်လျှင် ငါ့တူမင်းသားသည် မင်းဖြစ်လတ့်၊ ငါ့သမီးလည်း ငါ့တူမင်းသား၏ မိဖုရားကြီး ဖြစ်လတ့်ဟု မိန့်ဆိုတော်မူ၏၊နောက်အခါတူမင်းသားအရွယ်သို့ရောက်လတ်သော် အမတ်တို့နှင့် တိုင်ပင်ပြန်ရာ ငါ့တူမင်းသားအတွက် တပါးသောမင်းသမီးကို ဆောင်ယူမည်၊

ငါ့သမီးကိုလည်း တပါးသော မင်းမျိုးတို့အား ပေးမည်၊ ဤသို့ပြုလျှင် ငွေဆွမျိုးများမည်ဟု မိန့်ဆိုတော်မူပြန်၏။

အမတ်တို့လည်းကောင်းပြီ''ဟု ဝန်ခံကြကုန်၏၊ထိုအခါ မင်းကြီးသည် တူမင်းသားအားနန်းတွင်း၌မထားဘဲ ပြင်ပ ဝယ်အိမ်တလုံး၌ထား၏၊ နန်းတွင်းသို့ဝင်ခြင်းကို တားမြစ် စေတော်မူ၏။

**မင်းသမီးတွေ့ရန် မင်းသားကြံ**

မင်းသမီးနှင့် မင်းသားတို့ကား အချင်းချင်း တပ်စွန်းသော စိတ်ရှိကြကုန်၏၊ မင်းသားသည် မင်းသမီးကို နန်းတော် အပသို့ အဘယ်နည်းဖြင့် ထုတ်ယူရမည်နည်းဟု ကြံစည် လတ်သော် ထုတ်ယူနိုင်ရန် အကြောင်းဥပါယ်သည်ရှိ၏ ဟု အထိန်းမကြီးထံသွားကာ ၎င်းအား တံစိုးပေးလေ၏၊ အထိန်းမကြီးသည် မင်းသားအား ''အရှင့်သား…ကိစ္စအသို့ ရှိသနည်း''ဟု မေး၏၊ ''မိခင်….ဘယ်လိုဥပါယ်ဖြင့် မင်းသမီးကို အပြင်ပသို့ထုတ်ယူရန် အခွင့်ရပါမည်နည်း'' ဟု မေး၏၊ ''အရှင့်သား…. မစိုးရိမ်လင့်၊ မင်းသမီးနှင့်တိုင် ပင်သောအခါ သိရမည်''ဟု ပြန်ပြော၏၊ ''မိခင်…. ကောင်းပြီ ကြိုးစားပါ''ဟု ပြောဆိုလေ၏။

ထိုနောက် အထိန်းမကြီးသည် မင်းသမီးထံ သွား၍ ''မိခင်….လာပါ ခေါင်း၌သန်းရှာမည်''ဟုဆိုကာ မင်းသမီးကို နိမ့်သောအင်းပျဉ်ပေါ်၌နေစေ၍ မိမိကား မြင့်သောအင်းပျဉ်ပေါ်၌ နေကာ မင်းသမီးဦးခေါင်းကို မိမိ ပေါင်ပေါ်၌ တင်ထား၍ သန်းတို့ကို ကောက်ယူလျက် မင်းသမီးဦးခေါင်းကို လက်သည်းတို့ဖြင့် ထိုးလေ၏။

ပညာရှိသဘော လျှို့ဝှက်ပြော

မင်းသမီးသည် ဤအထိန်းမကြီးကား မိမိ လက်သည်းတို့ဖြင့်မထိုး ငါ့အရှိုးသား လက်သည်းတို့ဖြင့် ထိုးကြောင်းကိုသိ၍ "မိခင်....သင်သည် မင်းသားထံသို့သွားသလော" ဟုမေး၏၊ "မိခင်...သွားပါသည်" ဟုပြော၏၊ "မိခင်..မင်းသားသည် အဘယ်စကားကိုပြောဆိုသနည်း" ဟု မေးလေ၏၊ "မိခင်....သင့်ကို နန်းတော်ပြင်ပသို့ ထုတ်ယူနိုင်ရန် အကြောင်းကိုမေး၏" ဟု ပြောဆိုလတ်သော် မင်းသမီးသည် ပညာရှိမှုကား သိလိမ့်မည်ဟုပြောဆိုကာ—

"တယောက်သောအလုပ်အကျွေး မိန်းမငယ်၏လက်သည် ငါ၏လက်ကဲ့သို့နူးညံ့ငြားအံ့၊ကောင်းစွာသင်ကြားပြီးသော ဆင်လိမ်မာလည်း ရှိငြားအံ့၊ အမိုက်မှောင်လည်းကျငြားအံ့၊ မိုးလည်းရွာငြားအံ့၊ ဤအကြောင်းလေးပါးနှင့် ပြည့်စုံသောအခါ သင်မင်းသား၏ နှလုံး အလိုသည် ပြီးဆုံးခြင်းသို့ ရောက်ရာ၏—"

ဟု ဂါထာဖွဲ့သီကာ အထိန်းမကြီးအား နှုတ်တက်ရအောင် သင်ကြားစေပြီးလျှင် "မိခင်.... မင်းသားသည် သင့်အား မင်းသမီး အဘယ်စကားကို မှာကြားလိုက်သနည်း" ဟုမေးမြန်းသောအခါအကျွန်ုပ်သင်ကြားပေးထားသောအတိုင်း ရွတ်ဆိုပြပါဟု မှာထားလေ၏။

အထိန်းမကြီးလည်း မင်းသားထံသွားရာ မင်းသားကမေးလျှင် မင်းသမီးသင်ကြားထားသောအတိုင်း ဂါထာကို ရွတ်ဆို၍ပြလေ၏၊ မင်းသားလည်း ပညာရှိသူဖြစ်

ရကား အနက်မှန်ကိုသိ၍ ငါ့အကြံ ပြီးမြောက်တော့မည် ဟု ဝမ်းမြောက်ဝမ်းသာ အဆင်းအင်္ဂါလှပ၍ လက်နူးညံ့သော အလုပ်အကျွေးမိန်းမငယ်ကို အမှတ်သညာ ပေးပြီးလျှင် မင်္ဂလာဆင်ထိန်းအား တံစိုးလက်ဆောင် ပေး၍ ဆင်တော်ကိုမလှုပ်ရှားအောင် သင်ကြားစေပြီးသော် အခါကောင်းကိုသာ စောင့်လျက်နေ၏။

ထိုအခါ လကွယ်နေ့ညဥ့်သန်းခေါင်ကျော်တွင် မိုးသည် သည်းထန်စွာ ရွာသွန်းလေ၏၊ မင်းသားသည် ဤနေ့ဤအခါကား မင်းသမီးသည် ငါ့ကိုမှာလိုက်သောအခါကောင်း ဖြစ်သည်ဟု ဆင်ကိုစီးလျက်,အလုပ်အကျွေး မိန်းမငယ်ကို လည်း ဆင်ပေါ်မှာတင်လျက် မင်းကြီးအိမ်သို့ သွားကာ ကြမ်းပြင်ရှိနံရံတဘက်တွင် ဆင်ကိုကပ်၍ လေသွန်တံခါး အနီး မိုးစိုကြီးထဲတွင် ရပ်တည်လေ၏။

**နေ့ညဉ့်မပြတ် မင်းစောင့်ကြစ်**

မင်းကြီးလည်း သမီးတော်ကို စောင့်ရှောက်လိုသဖြင့် အခြားနေရာတွင် မအိပ်စေဘဲ မိမိအထံဝယ်သေးငယ်သော အိပ်ရာတခုတွင်အိပ်စေ၏၊ မင်းသမီးလည်း ယနေ့မုချမင်းသားလာမည်ကိုသိနှင့်၍ အိပ်မပျော်သေးဘဲ လျောင်းစက်လျက် "ခမည်းတော်.... ရေချိုးလိုသည်"ဟုလျှောက်ထားလတ်သော် "မိခင်....လာလော့ ချိုးစေမည်ဟု ဆိုပြီးလျှင် မင်းသမီးလက်ကိုကိုင်ကာ လေသွန်တံခါးအနီးသို့ ခေါ်ဆောင်၍"မိခင်..ချိုးလော့"ဟုချီမပြီးလျှင် လေသွန်တံခါး ပြင်ပ ပဒုမာအခံတွင်ရပ်စေလျက် လက်ကိုကိုင်ကာ ချိုးစေ၏။

မင်းသမီးရေချိုးနေစဉ် မင်းသားသည် လက်ကိုဆန့်ကာ မင်းသမီး၌ရှိသော တန်ဆာတို့ကိုချွတ်စေ၍ အလုပ်အကျွေးမိန်းမငယ်အား ဝတ်ဆင်စေပြီးလျှင် ပဒုမာအခံတွင်ပင် မင်းသမီးကိုမှိကာ ရပ်စေလျက်ထား၏၊ ထိုအခိုက်မင်းသမီးသည် အမှတ်မဲ့လက်ချင်းကူးပြောင်းကာ မိမိလက်ကိုလွှတ်စေပြီးလျှင် အဘမင်းကြီးအား အလုပ်အကျွေးမိန်းမငယ်၏လက်ကို ကိုင်စေ၏၊ မင်းသမီးသည် လက်တဘက်ရှိတန်ဆာကိုချွတ်၍ အလုပ်အကျွေး မိန်းမငယ်လက်မှာဝတ်ဆင်စေပြီးလျှင် မင်းကြီး၏လက်၌ထားခဲ့၍ မင်းသားနှင့်တကွ ဆင်တော်ကိုစီးကာ လိုက်သွားလေ၏။

**စောင့်ကြပ်လေငြား လွတ်၍သွား**

မင်းကြီးလည်း အလုပ်အကျွေး မိန်းမငယ်ကို မိမိသမီးတော်ဟူသော အမှတ်ဖြင့် ရေချိုးစေပြီးလျှင် ချိမကာ အခန်းငယ်တခုတွင်အိပ်စေ၍ တံခါးကိုပိတ်စေပြီးလျှင် တံခါးကျဉ်လျှိကာ အပြင်မှအစောင့် အရှောက်ထားပြီးလျှင် မိမိနေရာသို့သွား၍ အိပ်လေ၏၊ နံနက်မိုးလင်းသောအခါ တံခါးကိုဖွင့်၍ ကြည့်လတ်သော် ထိုအလုပ်အကျွေး မိန်းမငယ်ကိုမြင်လျှင် ဤလိုဖြစ်ရခြင်းကား အကြောင်းအသို့ရှိသနည်းဟု မေးလေ၏၊ အလုပ်အကျွေးမိန်းမငယ်လည်း မင်းသမီးသည် မင်းသားနှင့် လိုက်သွားကြောင်းကို မင်းကြီးအားလျှောက်ထားလေ၏၊ မင်းကြီးလည်း နှလုံးမသာမယာဖြစ်၍ လက်နှင့် ကိုင်၍ထားသော်လည်း မာတုဂါမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ဟု ကြံစည်ကာ—

"မိန်းမတို့ကား—ယောကျ်ားတို့နှင့် အတူမနေ
ထိုက်ကုန်၊ စိတ်နှလုံးခိုင်မာလျက် စကားနူးညံ့

ကုန်၏၊ ဖြည့်၍ပြည့်နိုင်ခဲသောကြောင့် မြစ်နှင့်တူကုန်၏၊ ဇရဲ၌နစ်မြုပ်တတ်ကုန်၏၊ ထိုအကြောင်းကိုသိသောပညာရှိသည်မိန်းမတို့ကိုအဝေးမှရှောင်ကြဉ်ရာ၏။

မိန်းမတို့ကား—ယောကျ်ားတို့ကို အလိုဆန္ဒ တူမျှသဖြင့်ဇင်း, ပစ္စည်းဥစ္စာဖြင့်ဇင်း,ပေါင်းသင်းဆက်ဆံကြ၏၊ မီးတို့သည် မိမိတည်ရာထင်းကို လောင်ကျွမ်းစေသကဲ့သို့ မိမိပေါင်းသင်းဆက်ဆံနေသောယောကျ်ားကိုပင် လောင်ကျွမ်းစေကုန်၏''—

ဟုဆုံးမပြောဆိုပြီးလျှင် တူမင်းသားကိုလည်း ငါသည်ပင် မွေးမြူအပ်၏ဟု များစွာသော စည်းစိမ် ချမ်းသာကိုပေး၍ သမီးတော်နှင့် ထိမ်းမြားလက်ထပ်ကာ အိမ်ရှေ့မင်းရာထူးဖြင့်ချီးမြှောက်တော်မူ၏။

အိမ်ရှေ့မင်းသည် ဦးရီးတော်မင်းကြီး သေလွန်လျှင်မင်းအဖြစ်သို့ရောက်လေ၏။

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းသည်သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီမင်းသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၃) မိန်းမတို့မူ၊ယောက်ျားဟူ၊အတူမနေထိုက်။
(၂) နှုတ်ပျော့စိတ်မာ၊မပြည့်ရာ၊သေခါငရဲဆိုက်။
(၁) မိုရာယောက်ျား၊ အိမ်ရှင်အား၊မီးလားပူလောင်မြိုက်။

မုဒုပါဏိဇာတ်ပြီး၏။

---

## ၂၆၃-စူဠပလောဘနဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မိန်းမပေါ့ပျက်**
**သူတော်စင်ဖျက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် သာသနာတော်၌ ငြီးငွေ့ပျင်းရိလေ၏၊ ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားအထံတော်သို့ ဆောင်ယူသွားကြရာ မြတ်စွာဘုရားသည် ထိုရဟန်းကို မေး၍ အကြောင်းကို သိတော်မူလျှင် “ချစ်သားရဟန်း....မိန်းမတို့မည်သည်ကား စင်ကြယ်သောသူကိုလည်း ညစ်ညူးစေတတ်သည်”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**မိန်းမမ မထိလို**
**မင်းသားငို**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းမှာ သားသမီး

မထွန်းကားလေ၊ မင်းကြီးသည် မိန်းမတို့အား* သားဆုကိုတောင်းစေ၏၊ မိန်းမတို့လည်း သားဆုကို တောင်းကြကုန်၏။

ကာလရှည်ကြာ လတ်သော် ဘုရား အလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေ၍ ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်းဝယ် ပဋိသန္ဓေနေလေ၏၊ ဆယ်လစေ့၍ ဖွားမြင် သောအခါ ရေချိုးစေပြီးလျှင် နို့တိုက်ရန် အထိန်းမိန်းမတို့ထံ ပေးကုန်၏၊ သတို့သားသည် နို့တိုက်အပ်သည်ရှိသော် ငိုလေ၏၊ ထိုအခါ သူငယ်ကို တပါးသောမိန်းမအား ပေးကြပြန်၏၊မိန်းမတို့အထိမခံလိုဘဲ ငိုပြန်၏။

ထိုအခါ မင်းကြီး၏ ခြေရင်းတော်၌ အမြဲစားသောအမတ်တယောက်အားပေးကြပြန်၏၊ ထိုအမတ်သည် ယူအပ်သည်ရှိသော်မငိုဘဲဆိတ်ဆိတ်သာနေ၏၊ ထိုအခါမှစ၍ သူငယ်ကို ယောကျ်ားတို့သာလျှင် ယူဆောင်ပွေ့ပိုက် ချီပိုးကြရကုန်၏၊ နို့တိုက်သောအခါ မိန်းမတို့ မမြင်မထိစေဘဲ တင်းတိမ်ကြား၌မှနေကာ ပုန်းလျှိုး၍တိုက်ကြရကုန်၏၊ တရံတခါ မိန်းမတို့ထံမှနို့ကိုညှစ်ယူပြီးလျှင်ယောကျ်ားတို့လက်သို့ပေးကာတိုက်ကြရကုန်၏။

ထိုသူငယ်ကား မိန်းမတို့အားအလိုမရှိ၊ အထိအကိုင်မျှကိုပင်မခံလို မမြင်လိုသည်အတွက် "အနိတ္ထိဂန္ဓ" သတို့သားဟုမှည့်ခေါ်ကြကုန်၏။

---

* သားဆုတောင်းဆိုသည်မှာ··နတ်များကိုပူဇော်ပသ၍ တောင်းခြင်းလည်းရှိသည်။ ။မင်းကြီးကမိန်းမတို့ကို ရက်ကိုပိုင်းခြားကာ အလိုရှိရာယောကျ်ားနှင့် ပျော်ပါးနိုင်ရန် ခွင့်ပေးထားခြင်းလည်းရှိသည်။

အစဉ်အတိုင်း ကြီးပွားကာ ပြေးသွားနိုင်သောအခါ၌လည်း မိန်းမကိုမမြင်လို မြင်ခြင်းငှါ မတတ်ကောင်း၊ထို့ကြောင့် အဘမင်းကြီးသည် ထိုအနိတ္ထိဂန္ဓမင်းသားအား အသီးအခြားဖြစ်သောအရပ်၌ အိမ်တော်ကိုရင်း,ချာန်ဝင်စားရာ ချာန်အိမ်ကိုရင်းဆောက်လုပ်၍ပေးရ၏။

**မိန်းမမွေ့ရန် မင်းကြီးကြံ**

မင်းကြီးသည် သားတော် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ "ငါ့အားအခြားသားတော်လည်း မရှိ၊ ဤသားတော်တယောက်သာ ရှိသည်၊ ဤသားတော်ကား မာတုဂါမတို့ကိုလည်း မသုံးဆောင်၊ မင်းအဖြစ်ကို အလိုမရှိသည်ဖြစ်လတ့်၊ ငါ့မှာလည်း သားရခဲ၏"ဟု ကြံစည်၍သာနေ၏။

ထိုအခါ ယောကျ်ားအသွင်ဖြင့် ဝတ်ဆင်ကာ လုပ်ကျွေးလျက် အက အသီ၌လိမ်မာ၍ မင်းသားကို မိမိအလိုသို့ပါလာအောင် စွမ်းဆောင်နိုင်သော ကခြေသည်မတယောက်သည် မင်းကြီးထံသို့ ချဉ်းကပ်ခစားကာ "အရှင်မင်းကြီး.... အဘယ်သို့ ကြံစည်သနည်း-စိုးရိမ်တော်မမူပါနှင့်၊ ဘယ်လိုဘဲဖြစ်ဖြစ် ထိုမင်းသားကို အကျွန်ုပ်အလိုသို့ပါအောင် ဖြားယောင်းသွေးဆောင်၍ ကာမဂုဏ် အရသာကို သိစေပါမည်"ဟု လျှောက်ထားလေ၏၊ မင်းကြီးသည်"သူငယ်မ....ငါ့သားတော်ကို သင်သည် အကယ်၍ ဖြားယောင်းသွေးဆောင်နိုင်အံ့ ငါ့သားတော်သည် မင်းဖြစ်လတ့်၊ သင်သည်လည်းမိဖုရားကြီးဖြစ်လတ့်ဟုမိန့်တော်မူ၏။

**မင်းသားမျိုမြဲ။**
**မိန်းမနှင့်မြဲ။**

ကခြေသည်မသည် "အရှင်မင်းကြီး... စိုးရိမ်တော်မမူပါနှင့်၊ သားတော်ကို ဖြားယောင်း သွေးဆောင် ခြင်းမှာ အကျွန်ုပ်၏တာဝန် ဖြစ်ပါစေ" ဟု လျှောက်ထားပြီးလျှင် အစောင့် အရှောက်တို့ထံသို့ ချဉ်းကပ်၍ "ဦးရီးတို့.... အကျွန်ုပ်သည် မိုးသောက်ထသောအခါလာ၍ အရှင့် သားအိပ်ရာဝယ် ရှာန်အိမ်ပြင်ပမှာနေလျက် သီချင်းဆို ပါမည်၊' အရှင့်သားသည်အကယ်၍ အမျက်ထွက်ငြားအံ့၊ အကျွန်ုပ်အား ပြောကြားကြပါ၊ ထွက်သွားပါမည်၊ အကယ်၍ နားထောင်ငြားအံ့ အကျွန်ုပ်အား ပြောကြား ကြပါ"ဟု မှာထားလေ၏၊ အစောင့် အရှောက်တို့လည်း ကောင်းပြီဟု ဝန်ခံကြကုန်၏။

ထိုကခြေသည်မသည် မိုးသောက်ထသောအခါ အိပ်ရာ ရှာန်အိမ်အပြင်ပသို့လာ၍ သာယာစွာသော အသံဖြင့် သီချင်းကိုသီဆို၏၊ စောင်းကိုလည်းတီး၏၊ ထိုသီချင်းသံနှင့် စောင်းသံသည် တမျိုးသည် တမျိုးကို မလွှန်စေဘဲ ညီမျှ လေ၏၊ အလွန်သာယာ နာပျော်ဘွယ်ရှိ၏၊ အနိတ္ထိဂန္ဓ မင်းသားသည် နားထောင်လျက် လျောင်း၏၊ နက်ဖြန်နေ့ ၌လည်း အနီးသို့လာ၍ သီဆိုတီးမှုတ်စေ၏၊ နောက်တနေ့ ၌ကား ရှာန်အိမ်တွင်း၌ တီးမှုတ်စေ၏၊ နောက်တနေ့၌ ကား မိမိအနီး၌တီးမှုတ်စေ၏။

**မိန်းမစွဲပြန်**
**ပြည်နှင်ခံ**

ဤသို့အစဉ်သဖြင့် မိန်းမ သီချင်းသံနှင့် တီးမှုတ် သံကို ကြား ရသော အခါ အနိတ္ထိဂန္ဓ မင်းသား၏ သန္တာန်ဝယ်

ကိန်းအောင်းနေသော အနုသယ ကိလေသာ တို့သည် တဖြည်းဖြည်းထကြွသောင်းကျမ်းကာ ကခြေသည်မ၌လူတို့ အကျင့်ကို မှိဝဲရသည်ရှိသော် ကာမဂုဏ် အရသာကိုသိ၍ မိန်းမအရသာမည်သည်ကို သူတပါးအား မပေးတော့အံ့-ဟု သန့်လျက်ကိုင်ပြီးလျှင် ခရီးအလယ်သို့ထွက်၍ယောကျ်ားကိုမြင်လျှင် ခုတ်သတ်ရန်လိုက်လေ၏။

ထိုအခါ အဘမင်းကြီးသည် သားတော်ကို ဖမ်းစေ၍ ထိုကခြေသည်မနှင့်ပင် မြို့တော်မှနှင်ထုတ်ရလေ၏၊ အနိတ္ထိဂန္ဓမင်းသားလည်း ကခြေသည်မကိုယူဆောင်ကာ တောသို့ဝင်၍ ဂင်္ဂါမြစ်အောက်သို့ သွားပြီးလျှင် ဂင်္ဂါမြစ်ကိုကူးကာ ဂင်္ဂါမြစ်နှင့် သမုဒ္ဒရာအကြားတွင် ကျောင်းသင်္ခမ်းဆောက်လုပ်၍နေလေ၏၊ ကခြေသည်မသည် ကျောင်း၌နေကာ သစ်မြစ်သစ်ဥတို့ကို ပြုတ်ရ၏၊မင်းသားသည် တောသို့သွားကာ သစ်သီးကြီးငယ်ကိုဆောင်ယူရ၏။

**မိန်းမလှည့်ပတ် ဈာန်ယာဉ်ပြတ်**

တနေ့သ၌ အနိတ္ထိဂန္ဓ မင်းသားသည် သစ်သီးကြီးငယ်ရှာဖွေရန်တောသို့သွားသည်ရှိသော် သမုဒ္ဒရာ ကျွန်းငယ်၌နေသော ရသေ့တပါးသည် ဆွမ်းခံအံ့သောငှါ ကောင်းကင်ခရီးဖြင့်လာလတ်သော် မီးခိုးကိုမြင်၍ ဆင်းသက်ကာ အနီးတွင်ရပ်၏၊ ကခြေသည်မသည် ရသေ့ကို မြင်လျှင် "အရှင်ဘုရား····ကျက်ရုံခေတ္တ ဆိုင်းငံ့တော်မူပါ" ဟုလျှောက်ထား၍ ဆိုင်းငံ့စေလျက် မိန်းမတို့ အမူအရာဖြင့် ဖြားယောင်းသွေးဆောင်ကာ ဈာန်မှယုတ်လျော့စေပြီးလျှင် ရသေ့၏ မြတ်သောအကျင့်ကို ပျောက်ကွယ်စေ၏။



P.92 မိန်းမအရသာကို မိမိတဦးတည်းခံစားအံ့ဟု ယောကျ်ားမြင်တိုင်း သတ်ဖြတ်ရန်လိုက်သော အနိတ္ထိဂန္ဓမင်းသားပုံ

ထိုအခါ ရသေ့လည်း အတောင် ကျိုးပြတ်သော ငှက် ကဲ့သို့ဖြစ်၍ ထိုကခြေသည်မကိုတပ်မက်စွဲလမ်းလျက် မစွန့် လွှတ်နိုင်ရကား ထိုအရပ်မှာပင် တနေ့ပတ်လုံး နေ၍၊ ပြန်လာသော အနိတ္ထိဂန္ဓမင်းသားကိုမြင်လျှင် လျှင်မြန်စွာ သမုဒ္ဒရာသို့ရှေးရှုပြေး၏၊ မင်းသားမြင်လျှင် ဤရသေ့ကား မုချငါ့ရန်သူဖြစ်လတံ့ဟု အောက်မေ့လျက် သန်လျက်ကို ကိုင်စွဲကာလိုက်လေ၏၊ ရသေ့လည်းကောင်းကင်သို့ပျံတက် မည့်အမူအရာကိုပြု၍ သမုဒ္ဒရာသို့ကျလေ၏။

**မိန်းမပြစ်မြင်**
**ဈာန်နှင့်ယှဉ်**

အနိတ္ထိဂန္ဓမင်းသားသည် ရသေ့၏အမူ အရာကိုမြင်လျှင် ဤရသေ့ကားကောင်း ကင်ဖြင့် ပျံသန်းကာ ကြွလာ သော ရသေ့ဖြစ်ဟန်တူသည်၊ ဈာန်မှ ယုတ်လျော့ သွားသော ကြောင့် သမုဒ္ဒရာတွင်ကျရ၏၊ ငါသည်ရသေ့၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ သင့်၏ဟုကြံစည်ကာ ကမ်းနား၌ရပ်လျက်—

''ဤရသေ့ကား— တန်ခိုးဖြင့် ရေကိုမကွဲပြား မတုန်လှုပ်စေဘဲ လာပြီးလျှင် မိန်းမနှင့် ရောနှော ဆက်ဆံမိ၍ သမုဒ္ဒရာ၌နစ်မြုပ်ရ၏။

မိန်းမတို့ကား— လှည့်စေတတ်ကုန်၏၊ မာယာ များကုန်၏၊ မြတ်သောအကျင့်ကို ဖျက်ဆီးတတ် ကုန်၏၊ အပါယ်၌ နစ်မြုပ် တတ်ကုန်၏၊ ထို အကြောင်းကို သိသော ပညာရှိသည်၊ မိန်းမတို့ကို ဝေးဝေးမှ ရှောင်ကြဉ်ရာ၏၊ မိန်းမ တို့ကား— ယောကျ်ားတို့ကို အလိုဆန္ဒတူမျှသဖြင့်၎င်း,ပစ္စည်း ဥစ္စာဖြင့်၎င်း ပေါင်းသင်း ဆက်ဆံကြ၏၊ မီးသည်

မိမိမှီရာထင်းကို လောင်ကျွမ်းစေသကဲ့သို့ မိမိတို့
ပေါင်းသင်းဆက်ဆံမှီခိုရာ ယောကျ်ားကို လျင်မြန်
စွာ လောင်ကျွမ်းစေကုန်၏”—

ဟု ရသေ့အား ပြောဆိုလေ၏၊ ရသေ့လည်း မင်းသား၏စကားကိုကြား၍ သမုဒ္ဒရာအလယ်မှာပင် ကွယ်ပျောက်လေပြီးသောဈာန်ကိုတဖန်ဖြစ်စေ၍ကောင်းကင်ခရီးဖြင့်ပင် မိမိနေရာသို့ သွားလေ၏။

**ရသေ့အားကျေ တရားရ**

အနိတ္ထိဂန္ဓ မင်းသားသည် ရသေ့၏ အာနုဘော်ကို မြင်လျှင် ဤရသေ့ကား လေးသော ကိုယ်ရှိလျက် ဝါဂွမ်းစိုင်ကဲ့သို့ ကောင်းကင်၌ ပျံသန်းကာ သွားနိုင်၏၊ငါသည်လည်း ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌သွားခြင်းငှါ သင့်၏ဟုကြံစည်ပြီးလျှင် ကျောင်းသခ်မ်းသို့သွားကာထိုကခြေသည်မကို လူ့ပြည်သို့ဆောင်ပြီးလျှင် သင်အလိုရှိရာသွားလေတော့ဟု လွှတ်လိုက်၏၊ မိမိမူကား တောသို့ဝင်ကာ ရသေ့ရဟန်းပြုပြီးလျှင် ကသိဏ်းပရိကံကို အားထုတ်စီးဖြန်းလျက် အဘိညာဥ်သမာပတ်ကို ဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားလေ၏။

ဤဒေသနာတော်ကိုဆောင်၍သစ္စာကို ပြသည်၏အဆုံး၌သာသနာတော်၌ ငြီးငွေ့ပျင်းရိသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ အနိတ္ထိဂန္ဓမင်းသားသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မိန်းမတို့မှု၊ စင်ကြယ်သူ၊ စွန်းမြူညစ်ထေးစေ၊
(၂) ကျင့်ဖျက်,လိမ်လည်၊ မာယာသည်၊ ရောက်သည့်ပါယ်လေးထွေ။
(၃) မှီရာယောင်ကျား၊ အိမ်ရှင်အား၊ မီးလားပူလောင်ပေ။

စူဠပလောဘနဇာတ်ပြီး၏။

---

# ၂၆၄-မဟာပနာဒဇာတ်

**ပန္နရသနိပါတ်၊**

**စည်းစိမ်ကြီးမားသူဌေးသား**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဂင်္ဂါမြစ်နား၌ သီတင်းသုံးတော်မူစဉ် တရံသောအခါ မြတ်စွာဘုရားသည် ဘဒ္ဒဇိသူဌေးသားအား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကိုပြုမည်ဟု သံဃာအပေါင်းခြံရံလျက်ကြွတော်မူလတ်သော်ဘဒ္ဒိယမြို့သို့ရောက်၍ အလိုလိုဖြစ်သောတောတခုဝယ် ဘဒ္ဒဇိသူဌေးသား၏ ဉာဏ်ရင့်ခြင်းကို ဆိုင်းငံ့တော်မူလျက် သုံးလပတ်လုံး သီတင်းသုံးတော်မူ၏။

ထိုဘဒ္ဒဇိသူဌေးသားကား ဥတုသုံးပါးအား လျောက်ပတ်သောပြာသာဒ်သုံးဆောင်ရှိ၏၊ တစောင်တစောင်တွင် လေးလစီနေလေ့ရှိ၏၊ ထိုသူဌေးသား ပြာသာဒ်တဆောင်မှ

တဆောင်သို့အကူးတွင် တမြို့လုံးအုတ်အုတ်ကျက်ကျက်ဖြစ်ကာ သူ့ထက်ငါဝိုင်းအုံလျက် ညောင်စောင်း အဆင့်ဆင့်ခင်း၍ သူဌေးသား၏စည်းစိမ်ကို ကြည့်ရှုလေ့ ရှိကြကုန်၏။

ထိုအခါ ဘဒ္ဒိယမြို့သူမြို့သားတို့သည် မြို့လယ်တွင် ခမ်းနားတင့်တယ်စွာ မဏ္ဍပ်ကြီးဆောက်လုပ်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဘိတ်ကာ အလှူကြီးပေးလျက် တရားတော်ကိုနာကြားကြကုန်၏၊ ထိုခဏတွင် ဘဒ္ဒဇိသူဌေးသားသည်ပြာသာဒ်တဆောင်မှ တဆောင်သို့ကူးခဲ့ရာ မိမိ၏အခြွေအရံမှတပါး မြို့သူမြို့သားတို့ကိုမမြင်သဖြင့် မေးမြန်းလျှင် မြတ်စွာဘုရားကြွလာတော်မူ၍ တမြို့လုံးအလှူကြီးပေးကာ တရားတော်ကို နာကြားနေကြကြောင်း ပြောဆိုကုန်၏၊ ထိုစကားကိုကြားလျှင် သူဌေးသားသည် မိမိအခြံအရံနှင့်တကွ မြတ်စွာဘုရားထံသို့သွား၍ ပရိသတ်အစွန်တွင်နေလျက် တရားတော်ကိုနာရသောအခါ အလုံးစုံသော ကိလေသာတို့ကိုကုန်ခန်းစေ၍ အရဟတ္တဖိုလ်သို့ရောက်လေ၏။

ရဟန်းပြုဘိ ဘဒ္ဒဇိ

မြတ်စွာဘုရားသည် ဘဒ္ဒဇိသတို့သား၏ အဘဖြစ်သော ဘဒ္ဒိယ သူဌေးကြီးကို ခေါ်တော်မူ၍ သူဌေးကြီးအား သားတော်ဘဒ္ဒဇိသတို့သားအရဟတ္တဖိုလ်သို့ ရောက်ကြောင်းမိန့်တော်မူရာ သူဌေးကြီးသည် သားတော်ကိုရဟန်းပြုပြီးလျှင် နက်ဖြန် သားတော်ကိုခေါ်ဆောင်ကာ ဘုရား အမှူးရှိသော သံဃာတော်တို့သည် အိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူရန် လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဘဒ္ဒဇိသူဋ္ဌေးသားကို ကျောင်းတော်သို့ခေါ်၍ ရဟန်းပြုပြီးလျှင် နက်ဖြန်သူဋ္ဌေးကြီးအိမ်တွင် ဆွမ်းဘုဉ်းပေးတော်မူ၏၊ သူဋ္ဌေးကြီးလည်း ဘုရားအမှူးရှိသောသံဃာအား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလေ၏။

ထိုမှတဖန် ကောဋိရွာသို့ကြွတော်မူပြန်၏၊ ထိုရွာတွင်လည်း အလှူကြီးပေးကြကုန်၏၊ ဘဒ္ဒဇိမထေရ်သည် မြတ်စွာဘုရား အနုမောဒနာပြုသောအခါ ရွာပြင်သို့သွား၍ မြတ်စွာဘုရားကြွလာတော်မူသောအခါ ထမည်ဟု အဓိဋ္ဌာန်ပြုကာ သစ်ပင်ရင်းတွင် ဈာန်ဝင်စား၍နေ၏၊ မထေရ်ကြီးတို့လာသောအခါ မထဘဲ မြတ်စွာဘုရား ကြွလာတော်မူသောအခါမှ ထလေ၏၊ ပုထုဇဉ်ရဟန်းတို့သည် ဘဒ္ဒဇိမထေရ်အား မထေရ်ကြီးတို့ကို မရိုမသေပြုသည်ဟု ကဲ့ရဲ့ကြကုန်၏။

**ဘဒ္ဒဇိတန်ခိုးရှင်**
**ပြာသာဒ်ဆယ်ယူငင်**

ကောဋိရွာသားတို့လည်း လှေဘောင်တို့ကိုဖွဲ့ကာ သံဃာတော်အား ဂင်္ဂါတဘက်ကမ်းသို့ပို့ရန် စီမံကြကုန်၏၊ မြတ်စွာဘုရားသည် ဘဒ္ဒဇိမထေရ်ကိုခေါ်၍ အတူစီးတော်မူ၏၊ မြစ်လယ်သို့ရောက်သောအခါ "ချစ်သားဘဒ္ဒဇိ····သင်သည် မဟာပနာဒမင်း ဖြစ်စဉ်ကနေသော ပြာသာဒ် အဘယ်မှာနည်း" ဟု မေးတော်မူလျှင် ဘဒ္ဒဇိမထေရ်လည်း ဤအရပ်မှာရှိသည်ဟု လျှောက်လေ၏၊ ပုထုဇဉ်ရဟန်းတို့သည် အရဟတ္တဖိုလ်ကိုပြောသည်ဟု ကဲ့ရဲ့ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "ဘဒ္ဒဇိ····ရဟန်းတို့ယုံမှားကိုဖျောက်လော့" ဟု မိန့်တော်မူ၏။

ထိုအခါဘဒ္ဒဇိမထေရ်သည်တန်ခိုးဖြင့်သွား၍ ပြာသာဒ်၏ထုပိကာကို ခြေကြားတွင်ညှပ်လျက် နှစ်ဆယ့်ငါးယူဇနာရှိသောပြာသာဒ်ကြီးကိုချီမကာ ကောင်းကင်၌ တယူဇနာ နှစ်ယူဇနာ သုံးယူဇနာတိုင်အောင်တက်၍ ပျံသန်းလေ၏၊ ထိုအခါငါး,လိပ်,နဂါး,ဘားတို့သည် ပြာသာဒ်မှ ရေထဲသို့ကျကုန်၏၊ မြတ်စွာဘုရားသည် ပြာသာဒ်၌တပ်စွန်း၍ ငါး, လိပ်, နဂါး, ဘားဖြစ်၍နေကုန်သော သင့်ဆွေမျိုးတို့သည် ပင်ပန်းကုန်၏ဟု မိန့်တော်မူလျှင် တဘန်ပြာသာဒ်ကို တည်မြဲတိုင်းနေရာတွင် ထားလေ၏။

ရဟန်းတို့သည် ''အရှင်ဘုရား.... ဘဒ္ဒဇိမထေရ်သည် ဤပြာသာဒ်ကိုဘယ်ကာလ၌သုံးဆောင်ဘူးသနည်း''ဟုမေးလျှောက်ကြရာ၊မြတ်စွာဘုရားသည်မဟာပနာဒမင်းဖြစ်စဉ်က သုံးဆောင်ဘူးကြောင်း မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ကျောင်းငယ်ရှုကြပြာသာဒ်ရ**

လွန်လေပြီးသောအခါ ဝေဒေဟတိုင်း မိထိလာပြည်ဝယ် သုရုစိမည်သောမင်းသည် မင်းပြုသည်ရှိသော် ထိုသုရုစိမင်း၏သားတော်လည်း သုရုစိပင်အမည်ရှိ၏၊ ထိုမင်း၏သားတော်ကား မဟာပနာဒအမည်ရှိ၏၊ ထိုမင်းတို့သည် ဤသို့သဘောရှိသော ပြာသာဒ်အထူးကိုရဘူးကုန်၏။

ရခြင်း၏ ရှေးကောင်းမှုကား- လွန်လေပြီးသောအခါ သားအဘနှစ်ယောက်တို့သည် ကျူထရံကာ၍ ရေသဖန်းသားသစ်တို့ဖြင့် အရှင်ပစ္စေကဗုဒ္ဓါ၏ကျောင်းကို ဆောက်

လုပ်လျှဒါန်းဘူးကုန်၏။　[ဤဇာတ်၌ အလုံးစုံသော အတိတ်ဝတ္ထုသည် ပကိဏ္ဏကနိပါတ် သုရုစိဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။]

သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ဖြစ်သော ဇာတ်ကို ဆောင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်—

မဟာပနာဒမင်း၏ပြာသာဒ်သည် ရွှေဖြင့်ပြီး၏၊ အကျယ်အပြန့်အားဖြင့် ရှစ်ယူဇနာရှိ၏၊ အမြင့်အားဖြင့် နှစ်ဆယ့်ငါးယူဇနာ ရှိ၏၊ ဘုံဆင့်တရာ ရှိ၏၊ တံခွန်များ၏၊ ပတ္တမြားစိမ်းတို့ဖြင့် ပြီး၏၊ ထိုပြာသာဒ်၌ ခြောက်ထောင်သော ကခြေသည်တို့သည်ခုနစ်ဌာနတို့၌ ကကြရကုန်၏။

ဤသို့ကကြကုန်သော်လည်းမဟာပနာဒမင်းကို ရွှင်စေခြင်းငှါမတတ်နိုင်ကုန်၊ ထိုအခါသိကြားမင်းသည် နတ်ကခြေသည်တို့ကို စေလွှတ်၍ ပွဲသဘင်ပြုစေ၏၊ ထိုအခါမဟာပနာဒမင်းသည် ရွှင်လေ၏။

"ချစ်သား ဘဒ္ဒဇိ....သင် ပြောဆိုအပ်သောအခြင်းအရာအားလုံးသည် ပြောဆိုသောအတိုင်း မှန်ပေ၏၊ ငါသည် ထိုအခါ သင်၏ အမှုကြီးငယ်ကို ရွက်ဆောင်သော သိကြားမင်းဖြစ်ဘူးပြီ"—

ဟု ဟောတော်မူ၏၊ ထိုခဏ၌ ပုထုဇဉ်ရဟန်းတို့သည် ယုံမှားကင်းကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····
※ ထိုအခါ မဟာပနာဒမင်းသည် ယခုအခါဘဒ္ဒိဇိ မထေရ်။
※ သိကြားမင်းသည် ငါဘုရားဖြစ်လာပြီ–
ဟု–ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ **သဖန်းသစ်မှာ၊** ကျူထရံကာ၊ လှူရာပစ္စေအား။
၂။ နှစ်ဆယ့်ငါးယူဇနာ၊ပြာသာဒ်မှာ၊ နောင်ခါဖြစ်ပေါ်သား။
မဟာပနာဒဇာတ် ပြီး၏။

---

## ၂၆၅–ခုရပ္ပဇာတ်

**ပစ္စုပ္ပန်ဝတ္ထု၊**

**ဝီရိယမဆုတ် ကျိုးမယုတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လုံ့လဝီရိယ ယုတ်လျော့သော ရဟန်းတပါးရှိလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံဆောင်ယူ၍ ထိုအကြောင်းကို လျှောက်ထားကြရာ မြတ်စွာဘုရား သိတော်မူလျှင် ချစ်သားရဟန်း····သင်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် လုံ့လဝီရိယယုတ်လျော့ ဘိသနည်း၊ ရှေးပညာရှိတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေသောအရာ၌ လုံ့လဝီရိယကိုပြုကြကုန်ပြီဟု–မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**အခကြေးယူ တောစောင့်သူ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တောအုပ်စောင့်အမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အခြံအရံငါးရာရှိသည်ဖြစ်၍ တောအုပ်စောင့်တို့တွင် အကြီးအကဲဖြစ်၍ တောအုပ်ဝယ် တခုသောရွာ၌နေလေ၏၊ ထိုတောအုပ်စောင့်တို့သည် အဘိုးအခယူကြ၍ ခရီးသွားသူလူတိုင်းကို တောအုပ်မှကျော်လွှန်အောင် ပို့ဆောင်ကြရ၏။

တနေ့သ၌ ဗာရာဏသီပြည်၌ နေသော လှည်းကုန်သည်သားသည် လှည်းငါးရာဖြင့်လာခဲ့ရာ ထိုရွာသို့ရောက်၍ တောအုပ်စောင့်အား– အဆွေ···· အသပြာတထောင်ပေးပါမည်၊ ငါတို့ကို တောအုပ်မှ ကျော်လွှန်အောင် ပို့ဆောင်ပါဟု ပြောလေ၏၊ တောအုပ်စောင့်သည် ကောင်းပြီဟု ဝန်ခံ၍ အသပြာတထောင်ကိုယူကာ အသက်ကိုစွန့်ပြီးလျှင် ပို့ဆောင်လေ၏။

**ဝီရိယနိုင် ခိုးသူနိုင်**

တောအုပ်သို့ ဝင်လျှင် သူခိုးငါးရာတို့သည် လုယက် သတ်ဖြတ်ရန် လာကြကုန်၏၊ သူခိုးတို့ လာသည်ကိုမြင်လျှင် တောအုပ်စောင့် အကြီးမှ ကြွင်းကုန်သောသူတို့သည် သေဘေးမှကြောက်သဖြင့် မြေကြီးတွင် ပြားပြားဝပ်ကြကုန်၏၊ တောအုပ်စောင့်အကြီးကား တယောက်တည်း သာလျှင် ဟစ်ကြွေးကြော်ငြာလျက် ပစ်လွှင့်တိုက်ခိုက်လေသော် သူခိုးငါးရာတို့သည် မခံမရပ်နိုင်ဘဲ ပြေးကြရကုန်၏၊ လှည်း

ကုန်သည်တို့လည်း ချမ်းသာစွာ ကန္တာရကို ကျော်လွှန်ကြစေကုန်၏။

**သက်စွန့်ကြိုးပမ်း အောင်မြင်လမ်း** လှည်းကုန်သည် သားသည် ကန္တာရတဘက်တွင် လှည်းတို့ကိုရပ်နားစေ၍ တောအုပ်စောင့်အကြီးအား မွန်မြတ်သော အထူးထူးသော ဘောဇဉ်တို့ကို စားစေ၍ မိမိကိုယ်တိုင်လည်း နံနက်စာစားပြီးလျှင် ချမ်းသာစွာ နေလျက် တောအုပ်စောင့်မှူးအား—

"အဆွေ···· လေးအဟုန်ဖြင့် ပစ်လွှတ်အပ်ကုန်သော စဉ်းသွားတို့ကိုင်၎င်း၊ ဆီဖြင့်ဆေး၍ ထက်စွာ သွေးလျက် ကိုင်ဆောင် အပ်ကုန်သော သန်လျက် တို့ကို၎င်း မြင်၍ ကြောက်မက်ဘွယ်ရှိသော သေခြင်းသည် ထင်ရှားလာပါလျက် အဘယ်ကြောင့် သင့်အား တုန်လှုပ်ထိပ်လန့်ခြင်း မဖြစ်သနည်း—

ဟု မေးမြန်းလေ၏၊ထိုစကားကိုကြားလျှင်တောအုပ်စောင့်အကြီးသည် လှည်းကုန်သည်သားအား—

"အဆွေ····ငါသည်လေးအဟုန်ဖြင့် ပစ်လွှတ်အပ်ကုန်သော စဉ်းသွားတို့ကို၎င်း၊ ဆီဖြင့်ဆေး၍ ထက်စွာသွေးလျက် ကိုင်ဆောင် အပ်ကုန်သော သန်လျက် တို့ကို၎င်း မြင်၍ ကြောက်မက်ဘွယ်ရှိသောသေခြင်းသည် ထင်ရှားလာသည်ရှိသော်များ မြတ်သောနှစ်သက်ဝမ်းမြောက်ခြင်းကိုရရှိပေ၏။

"အဆွေ.... များမြတ်သော နှစ်သက် ဝမ်းမြောက်ခြင်းရှိသောငါသည် ရန်သူတို့ကို လွှမ်းမိုးနိုင်ခဲ့ပြီ၊ ရှေးမဆွကပင် ငါသည် အသက်ကို စွန့်အပ်ပြီ၊ အမှန်အားဖြင့် အသက်၌ တပ်စွန်းခင်တွယ်နေသော သူ့ရဲကောင်းသည် တရံတဆစ်မျှ သူရဲကောင်းတို့ ပြုလုပ်ရမည့်ကိစ္စကို မပြုလုပ်နိုင်ရာ"

ဟု ပြောဆိုလေ၏၊ ဤသို့လျှင် တောအုပ်စောင့်အကြီးသည် သူတပါးတို့အား စွန့်လွှတ်အပ်သောအသက်၌တပ်စွန်းခင်တွယ်ခြင်းမရှိသဖြင့် မိမိ၏သူရဲကောင်းတို့ကိစ္စ ပြုလုပ်နိုင်သည်ကိုသိစေလျက် လှည်းကုန်သည်တို့ကို လွှတ်လိုက်၍ မိမိနေရာသို့ပြန်ပြီးလျှင် ဒါနသီလစသောကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ သေလွန်သောအခါ ကံအားလျော်စွာလားလေ၏။

ဤဒေသနာတော်၏အဆုံး၌ လုံ့လဝီရိယ ယုတ်လျော့သောရဟန်းသည် အရဟတ္တဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ တောအုပ်စောင့်အကြီးသည်-ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘေး,လက်နက်လဲ၊မှတ်မရှဲ၊သူ့ရဲကိစ္စတည်း။
(၂) အသက်စွန့်ထား၊လွန်ကြိုးစား၊မမှားရန်အောင်မည်။

ခုရပ္ပဇာတ်ပြီး၏။

---

## ၂၆၆—ဝါတဂ္ဂသိန္ဓဝဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

ယောကျ်ားမြင်ရ ကိလေသာကြွ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် အဆင်းလှသော မိန်းမတယောက်သည် အဆင်းလှသော သူကြွယ်တယောက်ကိုမြင်လျှင် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ မီးလောင်သကဲ့သို့ ကိုယ်အတွင်းဝယ် ကိလေသာမီးသည် လောင်ကျွမ်းလေ၏၊ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို မရလေ၊ ထမင်း အစာကိုလည်း မစား၊ ညောင်စောင်းပေါင်ကို ကိုင်လျက်သာ အိပ်လေ၏။

ထိုအခါ အလုပ်အကျွေးမတို့သည်၎င်း,အဆွေခင်ပွန်းမတို့သည်၎င်း,ထိုမိန်းမသို့ ကပ်၍ "မိခင်.... သင်သည် အဘယ့်ကြောင့် တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍ ညောင်စောင်းပေါင်ကိုကိုင်လျက်အိပ်သနည်း၊ သင့်အားအဘယ်ရောဂါ ဖြစ်သနည်း"ဟု မေးကြသော်လည်း ယုတ်တရက် မပြောကြားလေ၊ အကြိမ်ကြိမ် မေးလတ်သော် မိမိ၌ဖြစ်သောအကြောင်းကို ပြောကြားလေ၏၊ ထိုအခါ အလုပ်

အကျွေးမအဆွေခင်ပွန်းမတို့သည်“မိခင်···· မစိုးရိမ်လင့်၊ ရအောင် ကြံဆောင်ပေးမည်”ဟု ပြောဆိုဝန်ခံကာ သက်သာရာရစေ၍ သူကြွယ်ထံသွားပြီးလျှင် ထိုအကြောင်းကို ပြောကြား၍ တောင်းပန်ကုန်၏၊ သူကြွယ်လည်းငြင်းပယ်၏၊ အကြိမ်ကြိမ် တောင်းပန်သဖြင့် နောက်ဆုံးတွင် သူကြွယ်လည်း ခွင့်ပြုရလေ၏၊ထိုသူကြွယ်အား ဤမည်သောနေ့ရက် အချိန်၌လာခဲ့ပါဟု ချိန်းဆိုခဲ့၍ ထိုမိန်းမအား ပြောကြားကြကုန်၏။

မိန်းမလည်း သူကြွယ်လာမည်ဟု ကြားလျှင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မိမိကိုယ်ကို တန်ဆာဆင်၍ အိပ်ရာတိုက်ခန်းကိုလည်း တန်ဆာဆင်ကာ အိပ်ရာကို အသင့်ပြင်ဆင်လျက် လာမည့်အချိန်ကိုသာ စောင့်စားလျက်နေ၏၊ သူကြွယ်လည်း မိန်းမအိမ်သို့သွား၍ အိပ်ရာတပိုင်းတွင်ထိုင်၏၊ ထိုအခါ မိန်းမသည် ဤသူကြွယ်အား ယခုလာလျှင်လာခြင်း ခွင့်ပြုလိုက်လျှင် ငါ့အား အစိုးရသောအဖြစ်မှ ဆုတ်ယုတ်လတ့်၊ ထို့ကြောင့် တပါးသောနေ့မှခွင့်ပြုမည်ဟုကြံစည်ကာ သူကြွယ်ကလက်ကိုကိုင်မည်ပြုလျှင် မိန်းမတို့မာယာဖြင့် လက်ကိုပြန်၍တွန်းကာ သွားပါ သွားပါ-သင့်ကိုအလိုမရှိဟု တားမြစ်လေ၏၊ ထိုအခါ သူကြွယ်လည်း ရှက်ကန်းကန်းဖြစ်ကာ နောက်သို့ဆုတ်လျက် ထ၍ အိမ်သို့ပြန်လေ၏၊ နောက်တဖန်ပြန်၍ မကြည့်တော့ချေ။

**ဤစိတ်နှင့်ပင် သေပွဲဝင်**

သူကြွယ် အဆောတလျင် ထွက်သွားလတ်သော် အလုပ်အကျွေးမ အဆွေခင်ပွန်းမတို့သည် လက်မခံကြောင်းကို

သိ၍ ထိုမိန်းမထံသွားကာ—"မိခင်---ဘယ်လိုလုပ်သနည်း- ဤသူကြွယ်ကိုရလိုသဖြင့် မစားနိုင်မသောက်နိုင် သေတော့မည်ဖြစ်၍ မရမကတောင်းပန်ပြီးခေါ်လာရာ- အဘယ်ကြောင့် ခွင့်မပြုသနည်း"ဟု မေးမြန်းကြကုန်၏၊ ထိုမိန်းမလည်း အကြောင်းစုံပြောကြားပြန်လျှင် "သည်လိုဖြစ်လျှင် သင်အကြောင်းကို သိရတော့မည်"ဟု ကဲ့ရဲ့ပြစ်တင်ကာ ဘဲသွားကြကုန်၏၊ မိန်းမလည်း သူကြွယ်ကိုမရသဖြင့် အစာအာဟာရကင်းပြတ်ကာ သေလွန်လေ၏။

သူကြွယ်လည်း ထိုမိန်းမသေလွန်သည့်အဖြစ်ကို သိလျှင် ပန်းနံ့သာတို့ကို လက်စွဲလျက် မြတ်စွာဘုရားထံ ချဉ်းကပ်လေ၏၊ မြတ်စွာဘုရားလည်း သူကြွယ်ကို မေးမြန်း၍ အကြောင်းစုံသိတော်မူလျှင်- သီတင်းသည်.. ဤမိန်းမကား.. ယခုအခါ၌သာလျှင် ကိလေသာဖြင့် သင့်ကိုခေါ်၍ လာသောအခါ အခွင့်မပြုဘဲ အရှက်ကွဲစေသည်မဟုတ်၊ ရှေးပညာရှိတို့ကိုလည်း ပင်ပန်းစေလျက် လွှတ်ဘူးပြီဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**သိန္ဓောကိုမြင်ရ စွဲမြင်းမ**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိန္ဓောမြင်းမျိုး၌ဖြစ်၍ ဝါတဂ္ဂသိန္ဓဝမည်သော မင်္ဂလာမြင်းတော်ဖြစ်လေ၏၊ တနေ့သ၌ မြင်းထိန်းသည် သိန္ဓောမြင်းကို ဂင်္ဂါမြစ်သို့သွား၍ ရေချိုးစေ၏။

ထိုအခါ ဘဒ္ဒါလီမည်သော မြင်းမသည် သိန္ဓောမြင်းကိုမြင်လျှင် အလွန်တပ်စွန်းတိမ်းညွတ်သော စိတ်ရှိသည်ဖြစ်၍ ကိလေသာအစွမ်းဖြင့် တုန်လှုပ်ဖောက်ပြန် နေရကား မစားနိုင်မသောက်နိုင်ဖြစ်ကာ အရိုးအရေမျှသာ ကြွင်းကျန်အောင် ခြောက်ကပ်ပိန်ချုံး၍နေလေ၏။

**မြင်းမသားငယ် သိန္ဓောကိုတွယ်**

ထိုမြင်းမ၏ သားဖြစ်သော မြင်းငယ်သည် ပိန်ချုံး၍နေသော အမိမြင်းမကို မြင်လျှင် မိခင်.... အဘယ်ကြောင့် မစားနိုင်မသောက်နိုင် ပိန်ချုံး၍နေဘိသနည်း၊ သင့်အား အဘယ်ရောဂါဝေဒနာဖြစ်သနည်းဟု မေးလေ၏၊ မြင်းမသည် မေးသော်လည်း ယုတ်တရက်မပြောကြားဘဲ နေ၏၊ သားငယ်သည် အဖန်ဖန် မေးလတ်သော် မိမိ၌ဖြစ်သော အကြောင်းကို ပြောကြားလေ၏၊ ထိုအခါ သားမြင်းငယ်သည်"မိခင်..မစိုးရိမ်လင့်၊အကျွန်ုပ်သိန္ဓောမြင်းကိုရအောင် ဆောင်ပေးမည်"ဟု ဝန်ခံကာ မိခင်မြင်းမကို သက်သာရာရစေ၏။

ထိုနောက် မြင်းငယ်သည် ဝါတဂ္ဂသိန္ဓောမြင်း ရေချိုးလာသောအခါ အနီးသို့သွား၍ သခင်.... အကျွန်ုပ်မိခင်သည် သခင်တို့၌တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ မစားနိုင်မသောက်နိုင် ခြောက်ကပ် ပိန်ချုံး၍ နေပါသည်၊ အစာအာဟာရ ကင်းပြတ်ကာ သေရပါလတ့်၊ သို့အတွက် အကျွန်ုပ်မိခင်အား အသက်အလှူကိုပေးပါဟု တောင်းပန်လေ၏၊သိန္ဓောမြင်းသည် ချစ်သား.... ကောင်းပြီ၊သင့်အမိ

အား အသက်ကိုပေးမည်၊ မြင်းထိန်းသည် ငါ့ကိုရေချိုးပြီး သောအခါ ဂင်္ဂါမြစ်ကမ်းနားတွင် အတန်ငယ် ကျက်စား စိမ့်သောငှါ လွှတ်လိမ့်မည်၊ထိုအခါ သင့်အမိကို ခေါ်ခဲ့ဟု မှာထားလိုက်၏။

**မာယာများကြွယ် မြင်းမငယ်**

မြင်းငယ်လည်း သိန္ဓောမြင်း စကား ကို ကြား ရလျှင် အမိထံ သွား ကာ အကြောင်းစုံ ပြောဆိုပြီးလျှင် အမိကို ခေါ်ခဲ့၍ လွှတ်ပြီးလျှင် လျောက်ပတ်သောအရပ်တွင် ပုန်း ကွယ်လျက်နေ၏၊ ထိုအခါ မြင်းထိန်းသည် ရေချိုးပြီးလျှင် သိန္ဓောမြင်းကို လွှတ်လိုက်၏၊ ဝါတဂ္ဂသိန္ဓော မြင်းသည် မြင်းမထံသွားပြီးလျှင် မြင်းမကို နမ်းလတ်သော် မြင်းမ သည် သိန္ဓောမြင်းလာလျှင်လာခြင်း အကယ်၍ ခွင့်ပြုခြား အံ့၊ ငါ့အားအခြံအရံ စည်းစိမ်ချမ်းသာ ဆုတ်ယုတ်လတ္တံ့၊ အလို မရှိသလိုဖြစ်ရန် သင့်၏ဟု ကြံစည်ကာ မာယာဖြင့် သိန္ဓောမြင်း၏အောက်မေးကို ခြေဖြင့် ကျောက်ကန်၍ပြေး လေ၏၊သိန္ဓောမြင်းလည်း သွားကျိုးအံ့ကဲ့သို့ဖြစ်၍ ငါအား ထိုမြင်းမဖြင့် အလိုမရှိဟု ရှက်ကန်းကန်းဖြစ်ကာ ထိုအရပ် မှပြေးလေ၏၊ ထိုမြင်းမလည်း နှလုံးမသာဖြစ်ကာ ကြံရာ မရတော့ဘဲ ထိုအရပ်၌ပင် ဝပ်လေ၏။

ထိုအခါ သားမြင်းငယ်သည် အမိမြင်းမကြီးထံ ချဉ်း ကပ်၍—

"မိခင်….သင်ကား သိန္ဓောမြင်း၌ တပ်စွန်း သော စိတ်ရှိသည်ဖြစ်၍ မစားနိုင် မသောက်နိုင် ခြောက်ကပ်ပိန်ချုံးဘိ၏၊ ဖြော့တော့သော ကိုယ်ရှိ

၏၊ သိန္ဓောမြင်း လာလတ်သော် ယခုအဘယ့်ကြောင့် ပြေးစေဘိသနည်း''—

ဟု အမိမြင်းမအား မေးလေ၏၊ ထိုအခါ အမိမြင်းမသည် သားမြင်းငယ်၏စကားကိုကြားလျှင်—

''ချစ်သား…. လာလျှင်လာခြင်းအစ၌ ပေါင်းဘော်ခြင်းမည်သည် မဖြစ်နိုင်ပါ၊ မိန်းမတို့အား အခြံအရံစည်းစိမ်သည် ဆုတ်ယုတ်၏၊ ထိုကြောင့် သိန္ဓောမြင်းကို ပြေးစေ၏''—

ဟု ပြောဆိုပြီးလျှင်-ချစ်သား ဤသို့ပြုခြင်းကား မိန်းမတို့ဓမ္မတာသဘောဖြစ်သည်ဟု ပြောဆိုပြန်၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးလျှင်—

''မိမိထံရောက်လာသော အမျိုးစည်းစိမ် အခြံအရံနှင့်ပြည့်စုံသော ယောကျာ်းကို အလိုမရှိသော မိန်းမသည်— ဝါတဂ္ဂသိန္ဓောမြင်းကိုစွဲ၍ တပ်စွန်းသော ဘဒ္ဒါလိမြင်းမသည် အခါလေးမြင့် စိုးရိမ်ပူပန်ရသကဲ့သို့ အခါလေးမြင့် စိုးရိမ်ပူပန်ရ၏''—

ဟုဟောတော်မူ၏။

ဤဒေသနာတော်ကိုဆောင်ပြီးလျှင် သစ္စာကိုပြသည့်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာ....

※ ထိုအခါ မြင်းမသည်-ယခုအခါ ထိုမိန်းမ။

※ ဝါတဂ္ဂသိန္ဓောမြင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိမိထံပါး၊လာယောက်ျား၊လျှင်လျှားခွင့်မသာ။

(၂) စိုးရခြင်းမှ၊ ယုတ်ယူဆ၊ မိန်းမဓမ္မတာ။

ဝါတဂ္ဂသိန္ဓဝဇာတ်ပြီး၏။

---

## ၂၆၇-ကက္ကဋဇာတ်

ပဉ္စမပဏ္ဏာသ။

**မိန်းမမွန်မြတ်**
**ဘေးလွှတ်တတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌သီတင်းသုံးတော်မူစဉ်သာဝတ္ထိ ပြည်ဝယ် သူကြွယ်တယောက်သည် မိမိ မယားကို ခေါ်၍ ဇနပုဒ်သို့သွားကာ ကြွေးမြီ ဆပ်ပြီးလျှင် ပြန်လာရာ လမ်းခရီးအကြား၌ သူခိုးတို့သည် ဖမ်းကြကုန်၏၊ သူကြွယ် မယားကား အဆင်းလှ၏၊ ရှုချင်စဖွယ်ရှိ၏။

သူခိုးကြီးသည် မိန်းမ၌ ချစ်ခင်နှစ်သက်သဖြင့် သူကြွယ်ကိုသတ်ရန်အားထုတ်လေ၏၊ အကျင့်သီလရှိ၍ လင်ကိုနတ်ကဲ့သို့ကိုးကွယ်သော မိန်းမမြတ် ဖြစ်ရကား၊ သူခိုးကြီးခြေတို့၌ရှိခိုး၍ အရှင်သူခိုးကြီး....အကျွန်ုပ်၌ အကယ်၍ချစ်ခင်နှစ်သက်ငြားအံ့၊ အကျွန်ုပ်လင်ကိုမသတ်ပါလင့်၊အကယ်၍

သတ်ငြားအံ့၊ အကျွန်ုပ်သည် အဆိပ်သောက်၍ငင်း, နွား ခေါင်းလေကိုပိတ်ချုပ်၍ငင်း တနည်းနည်းဖြင့် သေပါအံ့၊ သင်နှင့်အတူမလိုက်နိုင်ပါ၊ အကျွန်ုပ်လင်ကို အကြောင်းမဲ့ မသတ်ပါလင့်ဟု ခယတောင်းပန်ကာ လင်ကိုလွှတ်စေ၏။

ထိုလင်မယားတို့သည် မိမိတို့နေရာ သာဝတ္ထိပြည်သို့ ရောက်လျှင် မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ရန်သွား ကြကုန်၏၊ မြတ်စွာဘုရားသည် သူကြွယ် လင်မယားကို "သီတင်းသည်တို့··ဘယ်သို့သွားကြသနည်း''ဟုမေးတော် မူလျှင်၊ သီတင်းသည်တို့သည် မိမိတို့သွားသော အရပ်နှင့် မိမိတို့ ဖြစ်ခဲ့သမျှအကြောင်းစုံကို လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားလည်း ထိုအကြောင်းကို သိတော်မူလျှင်— "သီတင်းသည်····ဤမိန်းမသည် သင့်အားယခုအခါ၌သာ လျှင် အသက်ကိုပေးသည်မဟုတ်၊ ရှေးအခါ၌လည်း ပညာ ရှိတို့အား အသက်ကို ပေးဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အိုင်တွင်းမုဋ္ဌန်ကြီးကဲလွှန်**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဟိမဝန္တာအရပ်ဝယ် ရေကန် ကြီးသည်ရှိလေ၏၊ ထိုရေကန်ကြီး၌ ကုဠီရမည်သော ရွှေ ပုဇွန်ကြီးသည်နေ၏၊ ကုဠီရ ရွှေပုဇွန်ကြီးနေရာ ဖြစ်သော ကြောင့် နောက်အခါ ကန်ကြီးသည်လည်း ကုဠီရကန်ကြီး ဟု ထင်ရှားလေ၏၊ ရွှေပုဇွန်ကြီးသည် ကောက်နယ်တ လင်းခန့် ပမာဏရှိ၏၊ ရေကန်ကြီးသို့ဆင်း၍ ကျက်စား

သော ဆင်တို့ကို ဖမ်းယူစားသောက်လေ့ရှိ၏၊ဆင်တို့လည်း ရွှေဗုဇ္ဇန်ကြီးမှ ကြောက်သဖြင့် ထိုကန်ကြီးသို့ ဆင်းသက်၍ မကျက်စားဝန့်ကြကုန်။

ထိုအခါ ဘုရားလောင်းသည် ကုဋ္ဌိရရေကန်ကြီးကိုမှီ၍ နေသောဆင်မင်းကိုစွဲ၍ ဆင်မတကောင်၏ဝမ်း၌ ပဋိသန္ဓေ နေ၏၊ ထိုဆင်မလည်း ပဋိသန္ဓေကို စောင့်ရှောက်ရန် အ ရပ်တပါးသို့ သွား၍နေရာ သားငယ်ကိုဖွားမြင်လေ၏၊ ထို ဆင်ငယ်သည် အစဉ်သဖြင့် လိမ္မာသောအရွယ်သို့ ရောက် လတ်သော် ကြီးသောကိုယ်ရှိ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ တင့်တယ်ခြင်းအစုသို့ရောက်၏၊ မျက်စဉ်းတော်နှင့်တူ၏။

**ဗုဇ္ဇန်ဖမ်းရန် ဆင်ငယ်ကြံ**

ထိုဆင်သည် ဆင်မတကောင်နှင့်ပေါင်း ဘော်ကာနေထိုင်၏၊ တနေ့သ၌ ရွှေ ဗုဇ္ဇန်ကြီးကို ဖမ်းမည်ဟု မိမိမယား နှင့် အမိဆင်မကိုယူဆောင်လျက် ဆင်အပေါင်းသို့ ချဉ်း ကပ်ပြီးလျှင် အဘဆင်မင်းကိုဖူးမြင်၍–ဘခင်···· အကျွန်ုပ် ရွှေဗုဇ္ဇန်ကြီးကို ဖမ်းမည်ဟု တောင်းပန်ရာ ချစ်သား···· သင်သည် ရွှေဗုဇ္ဇန်ကြီးကို မဖမ်းနိုင်၊ မဖမ်းလေနှင့် ဟု အကြိမ်ကြိမ်တားမြစ်၏။

ဆင်မင်း၏သားသည် အဘအကြိမ်ကြိမ်တားမြစ်သော် လည်း မနာယူဘဲ ဆင်အပေါင်းကို စည်းဝေးပြီးလျှင် ရေ ကန်ကြီးအနီးသို့သွား၍- အမောင်တို့····ရွှေဗုဇ္ဇန်ကြီးသည် ဆင်တို့ကို ဆင်းသက်သောအခါ ဖမ်းသလော၊ သို့တည်း မဟုတ် အစာစားနေသောအခါ ဖမ်းသလော၊ သို့တည်း မဟုတ်တက်သောအခါဖမ်းသလောဟုမေးလေ၏။

အရှင်….တက်သောအခါ နောက်ကျသောဆင်ကိုဖမ်းပါသည်၊ အမောင်တို့….သည့်လိုဖြစ်လျှင် သင်တို့သည် ရေကန်ကြီးသို့ဆင်း၍အလိုရှိတိုင်း ကျက်စားပြီးလျှင် အရင်တက်ကြလော့၊ငါသည်….နောက်မှတက်မည်ဟု ပြောဆိုလေ၏။

ထိုအခါ ဆင်အပေါင်းတို့သည် ဆင်မင်းသားဆိုသောအတိုင်း ရေကန်ကြီးသို့ဆင်းသက်ကာ အလိုရှိတိုင်းကျက်စားပြီးလျှင် အရင်တက်ကြကုန်၏။

**ဇုဇ္ဇနှ်ညှပ်ကိုင် ဆင်မရုံးနိုင်**

ဆင် မင်းသားသည် နောက်မှ တက်လေ၏၊ ရွှေဇုဇ္ဇန်ကြီးသည်နောက်ဆုံးမှ တက်သော ဆင်မင်းသားကို ပန်းဘဲတို့သည် သံညှပ်ဖြင့် သံချောင်းကို မြဲစွာညှပ်သကဲ့သို့ တက်မနှစ်ခုဖြင့် ခြေကိုမြဲစွာညှပ်လေ၏၊ ဆင်မသည် ယောကျ်ားကိုမစွန့်မူ၍ အနီးတွင်နေ၏၊ ဆင်မင်းသားသည် ရွှေဇုဇ္ဇန်ကြီးညှပ်ထားမှန်းသိ၍ ခြေကိုဆွဲငင်သည်ရှိသော် ရွှေဇုဇ္ဇန်ကြီးကို ဆောင်ယူခြင်းငှါမတတ်နိုင်၊ ရွှေဇုဇ္ဇန်ကြီး ဆွဲငင်ရာသို့သာ ပါသွားလေ၏၊ထိုအခါ သေဘေးမှကြောက်သဖြင့် ရန်သူလက်တွင်မိနေသော မြည်ခြင်းကိုမြည်လေ၏၊ ထိုအသံကိုကြားလျှင် ဆင်အပေါင်းတို့သည် သေဘေးမှကြောက်သဖြင့် ကြိုးကြာသံကဲ့သို့ မြည်ကြကာ ချေးသေးပါ၍ပြေးကြကုန်၏၊ မယားဆင်မလည်း ကြောက်ခြင်းကို သည်းမခံနိုင်သဖြင့် ပြေးရန်အားထုတ်လေ၏။

ထိုအခါ ဆင်မင်းသားသည် မိမိအား ရွှေဇုဇ္ဇန်ကြီးဖမ်းမိနေသည်ကို မယားဆင်မကိုသိစေ၍ ဆင်မကိုမပြေးစိမ့်သောငှါ—

"အိုဆင်မ····ရွှေဗုဇွန်ကြီးသည် ရှည်သောမျက်စိရှိ၏၊ အရိုးဟူသောအရေရှိ၏၊ ရေ၌နေ၏၊အမွေးမရှိ၊ ထိုရွှေဗုဇွန်ကြီး နှိပ်စက်အပ်သည်ဖြစ်၍ ငါသည် သနားစဖွယ် ငိုကြွေးပါ၏၊ အသက်နှင့်တူသော ငါ့ကို မစွန့်ပစ်ပါလင့်"—

ဟု—သနားစဖွယ် ပြောလေ၏၊ ထိုအခါ ဆင်မသည် လင်ယောကျ်ားကို သက်သာရာရစေ၍—

"အရှင်···· ငါသည်အသက် ခြောက်ဆယ်ရှိမှ အားယုတ်သော သင်ဆင်မင်းသားကို ငါမစွန့်ပါ၊ သမုဒ္ဒရာလေးစင်း အဆုံးရှိသော မြေအပြင်၌ သင့်ကို ငါသည် အလွန်ချစ်မြတ်နိုးပါ၏"—

ဟု အားပေးစကား ပြောကြားလေ၏၊ ထိုနောက် ဆင်မင်းသားကို တောင်းပန်၍ "အရှင်···· ယခုငါသည် ရွှေဗုဇွန်ကြီးနှင့်တကွ အတန်ငယ်စကားပြောဆိုကာ သင့်ကိုလွှတ်စေမည်"ဟု—ပြောဆိုပြီးလျှင် ရွှေဗုဇွန်ကြီးကို—

"အရှင် ရွှေဗုဇွန်ကြီး····ရေ၌ ကျက်စားလေ့ရှိသော သင်ရွှေဗုဇွန်ကြီးကား— သမုဒ္ဒရာ၌ဝင်း, ဂင်္ဂါ၌ဝင်း,ယမုနာ၌ဝင်း ရှိကြကုန်သော ရွှေဗုဇွန်တို့ထက်မြတ်ပါ၏၊အရှင်ရွှေဗုဇွန်ကြီးသည် ငိုကြွေးနေသော အကျွန်ုပ် လင်ယောကျ်ားကို လွှတ်ပါလော့"—

ဟု—သနားစဖွယ် ခယတောင်းပန်လေ၏။

**ဆင်မသံပေး ဗုဇ္ဇန်ငေး**

ထိုအခါ ရွှေဗုဇ္ဇန်ကြီးသည် ဆင်မအသံ၌ မိန်းမသံဟူသောအာရုံကိုယူလျက် ထိုမိန်းမသံသည် ဆွဲငင် သွေးဆောင်အပ်သော စိတ်ရှိရကား– မေ့လျော့လျက် ဤဆင်သည် အညှပ်လျော့လတ်သော် ဤမည်သော အမှုကို ပြုလိမ့်မည်ဟု မသိတော့ဘဲ တွေဝေမိန်းမောကာ ဆင်ခြေမှတက်မကို ဖြေသကဲ့သို့ လျော့၍ထားလေ၏။

ထိုအခါ ဆင်မင်းသားသည် အချက်ကောင်းကိုရခိုက် ခြေကို လျင်မြန်စွာချီမလျက် ရွှေဗုဇ္ဇန်ကြီး ကျောကုန်းကို တအားနင်းလေ၏၊ ခဏချင်းလျှင် ရွှေဗုဇ္ဇန်ကြီး အရိုးအခွံတို့သည်ကွဲကုန်၏၊ ဆင်မင်းသားလည်း ရန်သူကိုနိုင်ပြီဟူသော အထိမ်းအမှတ်ဖြင့် ဝမ်းမြောက်သော အသံကို မြည်လေ၏၊ ဆင်အပေါင်းတို့သည် စည်းဝေး ရောက်လာကာ သူ့ထက်ငါ ရွှေဗုဇ္ဇန်ကြီးကို ကုန်းပေါ်သို့ဆွဲ၍ တင်ကြပြီးလျှင် စိစိညက်ညက်ကျေအောင် နင်းသတ်ကြကုန်၏၊ တက်မနှစ်ချောင်းတို့သည် ကိုယ်မှကွဲကာ လျောက်ပတ်သောနေရာ၌ကျကုန်၏။

**ဗုဇ္ဇန်လက်မ စည်လုပ်ကြ**

ကုဠိရ ရေကန်ကြီးသည် ဂင်္ဂါမြစ်နှင့် တစပ်တည်းဖြစ်၍ ဂင်္ဂါမြစ်ရေ ပြည့်သောအခါ ရေကန်ကြီးသို့ဝင်ကာ ရေပြည့်လေ၏၊ ဂင်္ဂါမြစ်ရေ နည်းသောအခါ ရေကန်ကြီးမှ ရေတို့သည် ဂင်္ဂါမြစ်သို့စီးဆင်းကုန်၏၊ ထိုအခါ ရွှေဗုဇ္ဇန်တက်မကြီးနှစ်ခုတို့သည် ရေထည်းတွင်ပါ၍ ဂင်္ဂါမြစ်၌မျောကုန်၏၊ တက်မတခုကား သမုဒ္ဒရာသို့ ဝင်လေ၏၊ တက်မ

တခုကိုကား ဒသဘာတိကမင်းတို့ရေကန်၌ ရေကစားစဉ် ရ၍ ※ အာလိဂ်မည်သော စည်ကိုပြုလုပ်ကုန်၏၊ သမုဒ္ဒရာ သို့ဝင်သောတက်မကိုကား အသုရာတို့ရကုန်၍※အာလမ္ဗရ မည်သောစည်ကို ပြုလုပ်ကြကုန်၏၊ နောက်အခါ သိကြား မင်းနှင့် စစ်ထိုး၍ရှုံးသဖြင့် အာလမ္ဗရစည်ကို သိကြားမင်း ယူ၍သွား၏၊[ထိုစည်ကိုရည်၍ အာလမ္ဗရမိုးကဲ့သို့ မြည်၏- ဟု ဆိုစမှတ်ပြုကြ၏။]

ဤဒေသနာတော်ကို ဆောင်ပြီး၍ သစ္စာကိုပြသည့်၏အ ဆုံး၌ သူကြွယ်လင်မယားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဆင်မသည်-ယခုအခါ သိတင်းသည်မ။

※ ဆင်မင်းသားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မ,သံကြောင်းဟိတ်၊အဖိုစိတ်၊ချိတ်၍ဆွဲတတ်သည်။
(၂) မိမိလင်သယ်၊အသက်ကယ်၊မိမယ်မြတ်လှသည်။

ကက္ကဋဇာတ်ပြီး၏။

# ၂၆၈—အာရာမဒူသကဇာတ်

ပဋုပ္ပန်ဝတ္ထု

ဆွမ်းရှူခံကြွ ဥယျာဉ်ပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဒက္ခိဏာ ဂိရိဇနပုဒ်၌ သီတင်းသုံးတော်မူစဉ် သီတင်း သည် တယောက်သည်ဘုရားအမှူးရှိသော သံဃာကို ဥယျာဉ်သို့ ပင့်ဘိတ်၍ ယာဂုခဲဘွယ်ကိုလှူဒါန်းပြီးလျှင်"အရှင်ကောင်းတို့....ဥယျာဉ်၌လှည့်လည်သော် ဥယျာဉ်စောင့်နှင့် အတူလှည့်လည်တော်မူကြပါ၊ ဥယျာဉ်စောင့်ကလည်း အရှင်ကောင်းတို့အား သစ်သီးကြီးငယ်တို့ကိုလှူရစ်ပါ" ဟု မှာထား၍သွားလေ၏။

ရဟန်းတို့သည် ဥယျာဉ်၌ဥယျာဉ်စောင့်နှင့်အတူလှည့်လည်လတ်သော် သစ်ပင်ပြတ်ရာ အရပ်သို့ ရောက်လျှင် ဥယျာဉ်စောင့်အား"ဤအရပ်ကား အဘယ်ကြောင့် သစ်ပင်ပြတ်၍နေသနည်း"ဟု မေးကြလျှင် ဥယျာဉ်စောင့်သည် "အရှင်ကောင်းတို့....ဥယျာဉ်စောင့် တယောက်၏သားသည် သစ်ပင်ငယ်တို့ကို ရေလောင်းသောအခါ အမြစ်ပမာဏဖြင့် ရေအနည်းအများကို လောင်းမည်ဟု နုတ်၍လောင်း၏၊ ထို့ကြောင့်ပြတ်၍နေပါသည်"ဟု လျှောက်ထားလေ၏၊ ရဟန်းတို့သည် မြတ်စွာဘုရားထံ သွား၍ ထိုအကြောင်းကိုလျှောက်ထားကြလျှင်မြတ်စွာဘုရားသည် "ရဟန်းတို့...ဤသူငယ်ကား ယခုအခါ၌သာ ဥယျာဉ်ကို ဖျက်ဆီးသည်မဟုတ်၊ ရှေးအခါ၌လည်း ဖျက်ဆီးဘူးပြီ"

ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**မျောက်စီမံချက်**
**ဥယျာဉ်ပျက်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဝိသသေနမင်း မင်းပြုသည်ရှိသော် ပွဲသဘင်ကို ကြွေးကြော်ကုန်၏၊ ထိုအခါ ဥယျာဉ်စောင့်သည် ပွဲသဘင် ကစားမည် ဟု ဥယျာဉ်၌နေသော မျောက်တို့ကိုခေါ်၍ "အချင်းမျောက်တို့….ဤဥယျာဉ်သည် သင်တို့အား ကျေးဇူးများ၏၊ငါ ခုနစ်ရက်ပတ်လုံး ပွဲသဘင် ရေကစားသွားမည်၊ သင်တို့ရေလောင်းရစ်ကြ"ဟု မှာထား၍သွားလေ၏။

မျောက်တို့သည် သစ်ပင်ငယ်တို့ကို ရေလောင်းမည်ဟု ပြင်ဆင်ကြလျှင် မျောက်ကြီးတကောင်သည်"အချင်းတို့…ဆိုင်းကြဦးလော့၊ ရေကိုအရမ်းမလောင်းကြနှင့်၊ ရေသည် အလွန်ရခဲသည်၊ ရေကိုစောင့်ရှောက် သင့်သည်၊ သစ်ပင်ငယ်တို့ကိုနုတ်ပြီးလျှင် အမြစ်ရှည်သော သစ်ပင်တို့ကို ရေများများလောင်းကြရမည်၊အမြစ်တိုသောသစ်ပင်တို့ကိုရေနည်းနည်းလောင်းကြမည်"ဟုစီမံပြောဆိုလေ၏။

**အမူရာမြင်ရ**
**ကဲ့ရဲ့ကြ**

မျောက်တို့လည်း ကောင်းပြီဟုဝန်ခံကြ၍ မျောက်ကြီးအစီအမံအတိုင်း အချို့မျောက်တို့သည် သစ်ပင်ငယ်တို့ကိုနုတ်၍သွားကုန်၏၊ အချို့မျောက်တို့သည် သစ်ပင်ငယ်တို့ကို တဖန်ပြန်စိုက်ပြီးလျှင် အမြစ်ပမာဏကို ကြည့်ရှုကာ ရေလောင်းကြကုန်၏၊ ထိုအခါ အမျိုးသားတယောက်သည်

တစုံတရာပြုဘွယ်ကိစ္စဖြင့် ဥယျာဉ်တော်သို့ရောက်၍မျောက်တို့အမူအရာကို မြင်၍မေးလတ်သော် မျောက်ကြီးစီမံတိုင်း ပြုလုပ်ကြရသည်ဟု ပြောဆိုကြသောအခါ ထိုအမျိုးသားသည် မျောက်တို့အား—

"အချင်းမျောက်တို့....အမျိုးတူသောသတ္တဝါတို့တွင် မွန်မြတ် ကြီးကဲ၏-ဟု သမုတ်အပ်သော သတ္တဝါသည် ဤကဲ့သို့သော ဉာဏ်ပညာ ရှိပါမူ ကြွင်းသောသတ္တဝါတို့မှာ အဘယ်သို့ သဘောရှိပါမည်နည်း"—

ဟု မေးမြန်းပြောဆိုလေ၏၊မျောက်တို့သည်အမျိုးသား၏ စကားကိုကြားလျှင်—

"အိုသူမြတ်....သင်ကား မသိမူ၍ ဤလိုငါတို့ကို ကဲ့ရဲ့ဘိ၏၊ အမြစ်ကိုမမြင်ရဘဲ တည်နေသောသစ်ပင်ကို အဘယ်သို့ သိနိုင်ပါမည်နည်း"—

ဟု ပြန်ကြား ပြောဆိုကြကုန်၏၊ အမျိုးသားသည် မျောက်တို့၏စကားကိုကြားလျှင်—

"အချင်းမျောက်တို့.... တောဌ်နေကုန်သော မျောက်ဖြစ်ကုန်သောသင်တို့ကို ငါ မကဲ့ရဲ့ပါ၊ ဤ ဥယျာဉ် တော်မှာ အကျိုးစီးပွား ဖြစ်ထွန်းရန် သစ်ပင် တို့ကို အစိုက်ပျိုးခိုင်းသော ဝိသသေနမင်းကိုသာ ကဲ့ရဲ့ပါ၏"ဟုတဖန်ပြောဆိုပြန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

### ဇာတ်ပေါင်း

ရဟန်းတို့....

※ ထိုအခါ မျောက်ကြီးသည်-ယခုအခါ ဥယျာဉ်ကို ဖျက်ဆီးသောသူငယ်။

※ ပညာရှိအမျိုးသားသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ရာမဟုတ်လျှင်၊ မကြွမ်းကျင်၊ စီရင်မနိုင်းရာ။

(၂) တောမျောက်တတွေ၊ ရေလောင်းစေ၊ ပျက်လေဥယျာဉ်သာ။

အာရာမဒူသကဇာတ်ပြီး၏။

---

## ၂၆၉—သုဇာတဇာတ်

### ပဉ္စပြန်ဝဏ္ဏ။

**ဆွေမျိုးဂုဏ်တွက် မာနတက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အနာထပိဏ် သူဌေးကြီး၏ ချွေးမဖြစ်သော သုဇာတာကား ဓနဉ္စယ သူဌေးကြီး၏သမီးဖြစ်၍ ဝိသာခါ၏ညီမတော်ဖြစ်၏။

ထိုသုဇာတာသည် များစွာသော အခြံအရံဖြင့် အနာထပိဏ် သူဌေးကြီးအိမ်သို့ ရောက်လတ်သော် ငါကား ဆွေကြီး,မျိုးကြီး၏သမီးဖြစ်သည်ဟု မာန်မာန တက်ကြွ၏၊ အမျက်ထွက်၏၊ ကြမ်းကြုတ်၏၊လင်ဝတ်,ယောက္ခမဝတ်ကို

ပြုလေ့မရှိ၊ အိမ်သူအိမ်သားတို့ကို ခြိမ်းချောက်၏၊ ရန်တွေ့၏၊ ရိုက်ပုတ်ညှဉ်းဆဲ၏။

တနေ့သ၌ မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့်ကြွလာ၍ သူဌေးကြီးလည်း မြတ်စွာဘုရားထံချဉ်းကပ်ကာ တရားနာမည်ဟု ရှိခိုးနေစဉ် သုဇာတာသည် ကျွန်အမှုလုပ်တို့နှင့် ခိုက်ရန်ဖြစ်လတ်သော် မြတ်စွာဘုရားသည် တရားဟောတော်မူခိုက် ခဏရပ်တန့်ကာ "သူဌေးကြီး.... ဤအသံကား အဘယ်အသံနည်း"ဟု မေး၏၊ အရှင်ဘုရား.... ချွေးမသုဇာတာဖြစ်ပါသည်၊ ၎င်းကား လင်ဝတ်,ယောက္ခမဝတ်ကိုပြုလေ့မရှိ၊ သဒ္ဓါတရားမရှိ၊ နေ့ညဉ့်မပြတ် ခိုက်ရန်ဖြစ်၍သာနေပါသည်"ဟု လျှောက်လေ၏။

**သုဇာတာဆုံးမ မင်္ဂိုလ်ရ**

ထိုအခါ မြတ်စွာဘုရားသည် သုဇာတာကိုခေါ်စေ၍-"သုဇာတာ.... မယားခုနစ်ယောက်ရှိရာ သင်သည် အဘယ်မယားဖြစ်သနည်း" ဟုမေး၏၊ "အရှင်ဘုရား.... အကျဉ်းမိန့်တော်မူသည်ကိုမသိနိုင်ပါ၊ အကျယ်မိန့်တော်မူပါ" ဟု တောင်းပန်လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သုဇာတာ-

(၁) လင်ကိုသတ်ဖြတ်ရန်လုံ့လ ပြုနေသဖြင့် သူသတ်နှင့်တူသောမယား။
(၂) လင်၏ပစ္စည်းကို ခိုးယူသဖြင့် သူခိုးနှင့်တူသောမယား။
(၃) လင်ကိုစီမံခန့်ခွဲကာ အနိုင်ကျင့်သဖြင့် အရှင်နှင့်တူသောမယား။

(၄) လင်ကိုမိခင်ကဲ့သို့ စောင့်ရှောက်သဖြင့် အမိနှင့် တူသောမယား။
(၅) လင်ကို နှမကဲ့သို့ ရိုသေသဖြင့် နှမနှင့် တူသော မယား။
(၆) လင်ကိုအဆွေခင်ပွန်းကဲ့သို့ချစ်ခင်သဖြင့် အဆွေခင်ပွန်းနှင့်တူသောမယား။
(၇) ကျွန်မကဲ့သို့ လင်၏အလိုသို့ အမြဲလိုက်သဖြင့် ကျွန်မနှင့်တူသောမယား—

ဟူ၍ မယား ခုနစ်ယောက်ရှိသည်၊ ထိုခုနစ်ယောက်တို့တွင် သူသတ်နှင့်တူသောမယား, သူခိုးနှင့်တူသော မယား, အရှင်နှင့်တူသော မယားအားဖြင့် မယား သုံးယောက်တို့သည် သေလွန်သောအခါ ငရဲသို့လားရကုန်၏၊ ကြွင်းသော မယားလေးယောက်တို့သည် သေလွန်သောအခါ နိမ္မာနရတိနတ်ပြည်သို့ လားရကုန်၏၊ ဤသို့ ဟောတော်မူစဉ်လျှင် သုဇာတာသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် "သုဇာတာ···· မယား ခုနစ်ယောက်တွင် အဘယ်မယားနည်း" ဟု မေးတော်မူပြန်လျှင်၊ သုဇာတာသည် "အရှင်ဘုရား···အကျွန်ုပ်ကား ကျွန်နှင့်တူသော မယားဖြစ်ပါသည်" ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏၊ ရဟန်းတို့သည် တရားသဘင်ဝယ် သုဇာတာအကြောင်းကို စကားစပ်မိ၍ ပြောဆို

နေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့....သုဇာတာကို ယခုအခါ၌သာ တကြိမ်တည်းသော အဆုံးအမဖြင့် ဆုံးမအပ်သည် မဟုတ်၊ ရှေးအခါ၌လည်း တကြိမ်တည်းသော အဆုံးအမဖြင့် ဆုံးမခဲ့ဘူးပြီ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း၊

**အတိတ်ဝတ္ထု၊**

**ကြမ်းတန်းအလေ့ နားမချမ်းမွေ့** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၍ ဘွားမြင်ပြီးလျှင် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ် ပြည်၌ အတတ်ပညာသင်ကြား၍ အဘမင်းကြီး လွန်သောအခါ မင်းအဖြစ်သို့ရောက်၍ တရားသဖြင့် မင်းပြုလေ၏၊ ထိုမင်း၏ မယ်တော်မိဖုရားကြီးကားကြမ်းကြုတ်၏၊ အမျက်ထွက်တတ်၏။

မင်းကြီးသည် မယ်တော်အား အဆုံးအမ ပေးရန်သင့်လျော်သောဥပါယ်ကိုရှာကြံကြည့်ရှုလျက်နေ၏၊ တနေ့သ၌ ဥယျာဉ်ကစားသွားလတ်သော် မယ်တော်လည်းသားတော်မင်းကြီးနှင့်အတူလိုက်လေ၏၊ ထိုအခါ လမ်းကြား၌ တီတီတွတ်ငှက်သည် ကျယ်လောင်စွာမြည်လေ၏၊ မင်းကြီးပရိသတ်တို့သည် ထိုအသံကိုကြားလျှင် နားကိုပိတ်၍ "ဟယ် ရုန့်ရင်းကြမ်းကြုတ်သောအသံရှိသောငှက်ယုတ်..မမြည်လင့်"ဟုဆိုကြကုန်၏၊ ဥယျာဉ်တော်သို့ ရောက်၍

လှည့်လည်သောအခါ ကောင်းစွာပွင့်သော အင်ကြင်းပင်ဖျားသို့နားလျက် ဥဩငှက်သည် သာယာစွာသောအသံဖြင့်မြည်၏၊ မင်းကြီးပရိသတ်တို့သည် ထိုအသံကို ကြားလျှင် အသံဖြင့်ယစ်၍လက်အုပ်ချီပြီးလျှင် "အို-သိမ်မွေ့နူးညံ့သောအသံရှိသောငှက်မြတ်.... မြည်ပါဦးလော့" ဟု တောင်းပန်ကာ လည်ကိုမော့၍ ကြည့်လျက် နားထောင်ကြကုန်၏။

**နှုတ်ချိုသိမ်မွေ့ ချီးမွမ်းလော့**

ထိုအခါ မင်းကြီးသည် ထိုအကြောင်းနှစ်ပါးကို မြင်လတ်သော် မယ်တော်အား အဆုံးအမပေးခြင်းငှါသင့်လျော်သော ဥပါယ်ကိုရပေပြီဟု ကြံစည်ကာ—

"မိခင်....အဆင်းနှင့်ပြည့်စုံ၍ သာယာသောအသံ၊ ချစ်ဘွယ်သောအသံ ဖြစ်စေကာမူ ရုန့်ရင်းကြမ်းကြုတ်သောစကားကို ပစ္စုပ္ပန် တမလွန်လောကမှာပင် မချစ်မနှစ်သက်အပ်ပါ"။

"မိခင်....မည်းနက်၍ အဆင်းမလှ မွဲမည်းစွဲနေသော ဥဩငှက်ကို သိမ်မွေ့နူးညံ့သော စကားကြောင့် လူများစွာတို့ ချစ်နှစ်သက်အပ်သည် မဟုတ်ပါလော၊ ထိုကြောင့် သိမ်မွေ့နူးညံ့စွာ ပညာဖြင့် မပြန့်လွင့် ဆိုလေ့ရှိသော သူ့စကားသည် အနက် ပါဠိအကျိုးအကြောင်းကိုပြ၍၊ချိုမြိန်ကောင်းမြတ်လှ၏။"—

ဟုတရားဟော၍ မယ်တော်အား သိစေ၏၊ထိုနောက် မင်းကြီးသည် "မိခင်.... ရုန့်ရင်းကြမ်းကြုတ်သော အသံရှိသော တီတီတွတ်ငှက်ကို လူတို့မချစ်မနှစ်သက်ပါ၊ သိမ်

မွှေးနူးညံ့သောအသံရှိသော ဥသြငှက်ကို လူတို့ချစ်ခင်နှစ်သက်ကြပါသည်၊ဤအကြောင်းနှစ်ပါးကို ရှုကြည့်စဉ်းစားတော်မူပါ” ဟု မယ်တော်အားသိစေ၏၊ ထိုအခါမှစ၍ မယ်တော်သည် သိမ်မွေ့နူးညံ့ကာ အကျင့်သီလနှင့် ပြည့်စုံလေ၏။

မင်းကြီးသည် မယ်တော်ကို တကြိမ်တည်းသောအဆုံးအမဖြင့်သာလျှင် မာန်မာနမရှိအောင် ပြုတော်မူ၍ သေလွန်သည်၏အဆုံး၌ ကံအားလျော်စွာ လားရ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မယ်တော်မိဖုရားသည်-ယခုအခါ သုဇာတာ။

※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) သူသတ်,ခိုးသူ၊အရှင်တူ၊မိတ်တူနှမသာ။
(၂) အဆွေတူပြေား၊ကျွန်တူပြေား၊မယားခုနစ်ဖြာ။
(၃) ရွှေသုံးငရဲ၊နောက်လေးတွဲ၊ရောက်မြဲနတ်နိမ္မာ။
(၄) ကြမ်းကြုတ်စကား၊လွှအလား၊အများမုန်းတီးရာ။
(၅) နူးညံ့စကား၊သကာသား၊အများချစ်ခင်ရာ။

သုဇာတဇာတ်ပြီး၏။

# ၂၇၀—ဥလူကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ကျီးခင်ပုပ်ကြောင်းများ ဘုရားလျှောက်ထား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကျီးတို့သည် နေ့အခါ ခင်ပုပ်တို့ကို ထိုးဆိတ် ကြကုန်၏၊ ခင်ပုပ်တို့လည်း နေဝင်သောအခါမှစ၍ ညအခါ ထိုထို အရပ်၌ အိပ်ကုန်သော ကျီးတို့ဦးခေါင်းတို့ကို ဖြတ်ကြကုန်၏။

ထိုအခါ ဇေတဝန်ကျောင်းတော်၏ အစွန်းဝယ် ပရိဝုဏ်တခုတွင်နေသော ရဟန်းတပါးသည် တမြက်လှည်းသောအခါ သစ်ပင်မှကျကာ သွေးအလိမ်းအလိမ်း ကပ်လျက် ခုနစ်ကွမ်းစားမျှသော ကျီးဦးခေါင်းတို့ကို စွန့်ပစ်ရကုန်၏၊ ထိုရဟန်းသည် ထိုအကြောင်းကို ရဟန်းတို့အား လျှောက်၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ကျီးခင်ပုပ်တို့ အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော် မူလျှင် "ရဟန်းတို့.... ယခုအခါ၌သာ ကျီးခင်ပုပ်တို့သည် အချင်းချင်း ခိုက်ရန်ပြုကြသည်မဟုတ်၊ ရှေးအခါ ကမ္ဘာဦးကစ၍ အချင်းချင်း ခိုက်ရန် ပြုကြဘူးပြီ" ဟု မိန့်တော် မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**မင်းမြှောက်လေကြ ကမ္ဘာဦးစ**

လွန်လေပြီးသော ကမ္ဘာ အခါဦး လူတို့သည် အဆင်းအင်္ဂါ လက္ခဏာ အကျင့်သီလနှင့် ပြည့်စုံသော ယောကျ်ားမြတ်ကိုရှာဖွေကာ မင်းမြှောက်ကြကုန်၏၊ အခြေလေးချောင်းရှိ သတ္တဝါတို့လည်း စည်းဝေးတိုင်ပင်ကာ ခြင်္သေ့ကို မင်းမြှောက်ကြကုန်၏၊ ငါးတို့လည်း စည်းဝေးတိုင်ပင်ကာ (အာနန္ဒာငါးကြီး) ကို မင်းမြှောက်ကြကုန်၏။ ။[မင်းအုပ်စိုးခြင်းကား ကမ္ဘာဦးကပင် ရှိခဲ့ကြောင်း ထင်ရှားသည်။]

ထိုအခါ အခြေနှစ်ချောင်းရှိ ငှက်သတ္တဝါ အပေါင်းတို့သည် စည်းဝေးတိုင်ပင်ကြလျက် အဆွေတို့....လူတို့မှာ၎င်း, အခြေလေးချောင်းရှိ သတ္တဝါတို့မှာ၎င်း, ငါးတို့မှာ၎င်း မင်းရှိကြပေပြီ၊ ငါတို့မှာကား မင်းမရှိကုန်သေး၊ ရှိသေတုပ်ဝပ်ခြင်းမရှိသော နေခြင်းမည်သည်ကား မသင့်လျော်၊သို့အတွက် မင်းမြှောက်သင့်သော ငှက်တကောင်ကို ကြည့်ရှုရှာဖွေကြရန် တိုင်ပင်ကြကုန်၏။

ငှက်တို့သည် စည်းဝေးရောက်လာကြသော ငှက်တို့တွင် ရှာဖွေလတ်သော် ခင်ပုပ်ငှက်ကို မြင်လျှင် ဤခင်ပုပ်ငှက်ကို မင်းမြှောက်ရန် နှစ်သက်သည်ဟု ဆိုကြကုန်၏၊ ထိုအခါ ခင်ပုပ်ငှက်သည် အလုံးစုံသောငှက်တို့၏ အလိုဆန္ဒကို ယူလိုသဖြင့် (မင်းမြှောက်ရန် မိမိကို နှစ်သက်ကြကြောင်း) သုံးကြိမ်တိုင်အောင် ကြွေးကြော်လေ၏။

ခင်ပုပ်မင်းတွက်
ကျီးကန့်ကွက်

ကျီးတကောင်သည် နှစ်ကြိမ် ကြွေး ကြော်စဉ် အောင့်အီးသည်းခံ၍နေကာ သုံးကြိမ်ကြွေးကြော်သောအခါ ထ၍— ငှက်အပေါင်းတို့အား—

"အချင်းတို့···· အလုံးစုံ ဆွေမျိုး ဖြစ်ကြသော ငှက်အပေါင်းတို့က ခင်ပုပ်ငှက်အား မင်းမြှောက် ခြင်းကို ပြုလိုကြသတဲ့၊ အကယ်၍ ခင်ပုပ်ငှက်အား မင်းမြှောက်ခွင့်ပြုကြမည်ဖြစ်ပါမူ-အကျွန်ုပ်စကား တခွန်းပြောလိုပါ၏"—

ဟု— ခွင့်တောင်းလေ၏၊ထိုအခါ ငှက်အပေါင်းတို့သည် ကျီးအား—

"အဆွေကျီး···· ငါတို့ ခွင့်ပြုကြပါတယ်၊ သင် သည် စင်စစ်အကျိုးအကြောင်းနှင့်စပ်သောစကား ကိုပြောပါ၊ အမှန်မှာ—ငယ်သော်လည်း ပညာရှိ၍ ပညာဖြင့် ထွန်းပနိုင်သော ငှက်များ ရှိကြပါကုန် ၏"—

ဟု—ပြောဆို ခွင့်ပြုကြလေ၏၊ ကျီးသည် ပြောဆိုခွင့်ရ လတ်သော်—ငှက်အပေါင်းတို့အား—

"အချင်းတို့···· နားထောင်ကြပါ၊ အကျွန်ုပ် သည် ဤမည်သောခင်ပုပ်ငှက်အား အဘိသိက်သွန်း ၍ မင်းမြှောက်ခြင်းကို မနှစ်သက်နိုင်ပါ၊အကြောင်း ကား—အမျက်မထွက်သေးသော ခင်ပုပ်ငှက်၏မျက်

နှာကို ကြည့်ရှုကြပါလော့၊ အမျက်ထွက်သော်ကား
မည်မျှလောက် ဆိုးဝါးမည်နည်း”–

ဟု ပြောဆိုကာ “ငါတို့မနှစ်သက်-ငါတို့မနှစ်သက်” ဟု မြည်၍ ကောင်းကင်သို့ ပျံလေ၏။

ခင်ပုပ်ငှက်လည်း ငါ့အားမင်းမြှောက်ကြမည်ကို သက်သက်နှောင့်ရှက်သည်ဟု အမျက်ပြင်းစွာထွက်လျက် ထိုကျီးကို ထ၍လိုက်လေ၏၊ ထိုအခါမှစ၍ ကျီးနှင့်ခင်ပုပ်တို့သည် အချင်းချင်း ရန်ငြိုးဖွဲ့ကြကုန်၏။

ထိုအခါ ငှက်အပေါင်းတို့သည် ကျီးကန့်ကွက်သည့်အတွက် ခင်ပုပ်ငှက်ကို မင်းမြှောက်ရန် အစီအစဉ်ကို ဖျက်သိမ်းကာ ရွှေဟင်္သာကို မင်းမြှောက်ကြကုန်၏။

ဤဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် သစ္စာကိုပြသည်၏အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ မင်းမြှောက်သော ဟင်္သာငယ်သည် ယခုအခါ ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ ကျီး,ခင်ပုပ်မှာ၊ရန်ငြိုးပါ၊ကမ္ဘာဦးကပင်။

၂။ ခင်ပုပ်နှစ်သက်၊ မင်းမြှောက်ချက်၊ ကန့်ကွက်ကျီးကြောင့်ပင်။

ဥလူကဇာတ်ပြီး၏။

# ၂၇၁။ ဥဒပါနဒူသကဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

**သောက်ရေအတွင်း ကျင်ကြီးသွင်း** နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် မြေခွေး တကောင်သည် ရဟန်းသံဃာတို့ သောက်ရေတွင်းကို ကျင်ကြီးကျင်ငယ်စွန့်ကာ ဖျက်ဆီးလျက်သွားလေ၏။

တနေ့သ၌ ရေတွင်းအနီးသို့ ရောက်လာသော မြေခွေးကို သာမဏေငယ်တို့သည် အုတ်ခဲတို့ဖြင့်ပစ်ခတ်ကာ ပင်ပန်း ဆင်းရဲစေကုန်၏၊မြေခွေးသည် ထိုအခါမှစ၍ထိုအရပ်ကို ပြန်၍မကြည့်ဝံ့ချေ။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုမြေခွေးအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့… ထိုမြေခွေးသည် ယခုအခါ၌သာ ဖျက်ဆီးသည်မဟုတ်၊ရှေးအခါ၌လည်း ဖျက်ဆီးဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ယုတ်မာမြေခွေး ဘမ်းဆီးပေး** လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဣသိပတန မည်သော အရပ်၌ ရေတွင်းတခုရှိလေ၏၊ ထိုအခါ ဘုရားအလောင်းသည် ဗာရာဏသီပြည် အမျိုးတမျိုးအိမ်၌ ဖြစ်၍ အရွယ်ရောက်လတ်သော် ရသေ့, ရဟန်းပြု၍ ရသေ့ အပေါင်းခြံရံလျက် ထိုဣသိပတနအရပ်၌ နေလေ၏။

ထိုအခါမြေခွေးတကောင်သည် ရေတွင်းကို ကျင်ကြီး, ကျင်ငယ်စွန့်ကာ ဖျက်ဆီး၍သွားလေ၏၊ တနေ့သ၌ ရသေ့တို့သည် ထိုမြေခွေးကို ဝိုင်းဝန်းဆီးတားကာ ဥပါယ်တမျည်ဖြင့် ဘမ်းဆီးပြီးလျှင်ဆရာရသေ့ကြီးထံသို့ဆောင်ခဲ့ကြကုန်၏၊ ရသေ့ကြီးသည် ထိုမြေခွေးအား—

"ဟယ်-မြေခွေး··တော၌နေ၍ ကြာရှည်စွာခြိုးခြံသောအကျင့်ရှိကုန်သော ရသေ့တို့သည် ပြုပြင်ပင်ပန်းစွာ တူးဖေါ်ထားအပ်သော ရေတွင်းကို အဘယ်ကြောင့်ကျင်ကြီး, ကျင်ငယ်စွန့်၍ ဖျက်ဆီးဘိသနည်း"ဟု မေးလေ၏၊ ရသေ့ကြီး စကားကိုကြားလျှင် မြေခွေးသည် ရသေ့ကြီးအား—

> "အချင်းရသေ့-ငါတို့သည် ရေသောက်ပြီးလျှင် ရေတွင်းကို ကျင်ကြီး,ကျင်ငယ်စွန့်ခြင်းကား မြေခွေးတို့၏သဘော အကျင့်ဖြစ်၏၊ အဘ, အဘိုးတို့ သဘောအကျင့်ဖြစ်၏၊အဘ,အဘိုးတို့မှလာသော ထိုသဘောအကျင့်ကို စွန့်ခြင်းငှါမထိုက်ပေ"။

ဟု ပြန်၍ပြောကြားလေ၏။

**ယုတ်မာသူပင်ဝေးစွာနှင်**　ထိုအခါ ရသေ့သည် မြေခွေးအား—

> "ဟယ်—မြေခွေး····ရေတွင်းကို ကျင်ကြီး,ကျင်ငယ် စွန့်ခြင်းသည် သင်တို့သဘော အကျင့်ဖြစ်ခဲ့မူ၊ သဘော အကျင့်မဟုတ်သော အရာကား အဘယ်နည်း၊သင်တို့သဘောအကျင့်ကိုရှင်း,သဘောအကျင့်

မဟုတ်သော အရာကိုဖွင့်၊-ငါတို့ကား တရံတဆစ်
မျှ မကျင့်ကုန်”—

ဟု အဆုံးအမပေး၍ ဤအရပ်သို့ တဖန် မလာလင့်
ပြောဆိုလတ်သော် ထိုမြေခွေးသည် ထိုအခါမှစ၍ တဖန်
ပြန်၍ မကြည့်တော့ချေ။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….
※ ထိုအခါမြေခွေးသည်- ယခုအခါမြေခွေး။
※ ဆရာရသေ့သည်- ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရေတွင်းဖျက်ရေး၊စွန့်ချေးသေး၊မြေခွေးသဘောပေ။
(၂) ခြေလေးချောင်းတွင်၊မြေခွေးလျှင်၊တမင်ယုတ်မာလေ။
ဥဒပါနဒူသက ဇာတ်ပြီး၏။

---

## ၂၇၂။ ဗျဂ္ဃဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ကောကာလိက ပင့်မရ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောကာလိက သည် ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်တို့ကို ပင့်ဆောင်၍

သွားမည်ဟု ကောကာလိကတိုင်းမှ ဇေတဝန် ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ မထေရ် နှစ်ပါးသို့ကပ်လျက်"အရှင်တို့.. ကောကာလိက တိုင်းသားတို့သည် အရှင်တို့ကို ပင့်ခေါ်ပါကုန်၏၊ သို့အတွက် မိမိနှင့် လိုက်ပါရန်"ပင့်လျှောက်ရာ မထေရ်တို့ မလိုက်ကြသဖြင့် မိမိချည်းသာ သွားရလေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ်"ငါ့ရှင်တို့..ကောကာလိကသည် ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်တို့နှင့် အတူနေခြင်းငှါလည်း မတတ်နိုင်၊ကင်း၍နေခြင်းငှါလည်းမတတ်နိုင်၊တကွဖြစ်ခြင်းကိုလည်း သည်းမခံနိုင်"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူလျှင် သိတော်မူ၍ "ရဟန်းတို့...ကောကာလိကသည် ယခုအခါ၌သာ သာရိပုတ္တရာ, မောဂ္ဂလာန်တို့နှင့် အတူနေခြင်းငှါ ၎င်း, ကင်း၍နေခြင်းငှါ၎င်း မတတ်နိုင်သည်မဟုတ်၊ ရှေးအခါ၌လည်း မတတ်နိုင်သည်သာတည်း"ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

[ကောကာလိကဝတ္ထုသည် တေရသကနိပါတ် တက္ကာရိယဇာတ်၌ထင်စွာဖြစ်လတ္တံ့။]

**အတိတ်ဝတ္ထု**

**ခြင်္သေ့ရန်ဖြ တောတခု**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် တောတခု၌ ရုက္ခစိုးနတ်ဖြစ်လေ၏၊ ထိုရုက္ခစိုးနတ်၏ ဗိမာန်အနီးဖြစ်သောတောစိုးသစ်ပင်ဝယ် တပါးသောရုက္ခစိုးနတ်သည်နေ၏၊ ထိုတောအုပ်၌ ခြင်္သေ့နှင့်ကျားတို့သည်လည်း နေကြ

ကုန်၏၊ ထိုခြင်္သေ့နှင့်ကျားတို့မှ ကြောက်ခြင်းကြောင့် တစုံတယောက်သောသူမျှ ထိုတောအုပ်၌ လယ်မထွန်ဝံ့၊သစ်ပင်မခုတ်ဝံ့၊ ပြန်၍ကြည့်ဝံ့သောသူမည်သည် မရှိလေ။

ထိုခြင်္သေ့နှင့်ကျားတို့သည် နေ့စဉ် သားတိရစ္ဆာန်တို့ကို သတ်၍စားပြီးလျှင် စားကြွင်းတို့ကို ထိုတောအုပ်၌ စွန့်ထား၍ သွားကြကုန်၏၊ ထိုစားကြွင်းဖြစ်သောအသားတို့သည် ပုပ်သိုးကုန်လတ်သော် တောအုပ်တခုလုံးအပုပ်နံ့ဖြင့်လှိုင်ကုန်၏။

**ဆုံးမစကား မနာကြား**

ထိုအခါ တောစိုးပင်စောင့် ရုက္ခစိုးသည် အကြောင်း သင့်သည် မသင့်သည်ကို မသိ၊ အလွန်မိုက်သည်ဖြစ်၍ တနေ့သ၌ ရုက္ခစိုးပညာရှိထံကပ်၍“အဆွေ····ခြင်္သေ့နှင့် ကျားတို့ကိုမှီ၍ ဤတောအုပ်၌မစင်ကြယ်သောအပုပ်နံ့သည် လှိုင်၏၊ ထိုခြင်္သေ့နှင့်ကျားတို့ကို အကျွန်ုပ် ပြေးစေပါအံ့”ဟု ပြောဆိုလေ၏၊ ပညာရှိရုက္ခစိုးသည်“အဆွေ··ဤခြင်္သေ့နှင့်ကျားတို့ကိုအမှီပြု၍ ငါတို့ဗိမာန်သည် မပျက်မစီး တည်တံ့နိုင်သည်၊ခြင်္သေ့နှင့်ကျားတို့ပြေးသွားကုန်သည်ရှိသော် ငါတို့ဗိမာန်သည် ပျက်စီးလတ္တံ့၊လူတို့သည် ခြင်္သေ့နှင့်ကျားတို့ကို မမြင်ကြသည်ရှိသော် တောအုပ်အလုံးစုံကို ခုတ်ထွင်ကာညီညွတ်အောင်ပြုပြီးလျှင် လယ်ထွန်ကြကုန်လတ္တံ့၊သင်သည် ခြင်္သေ့နှင့်ကျားတို့ ပြေးခြင်းကို မနှစ်သက်လင့်”ဟု အကျိုးအကြောင်းပြကာ တားမြစ်ပြီးလျှင်-ထိုရုက္ခစိုးမိုက်အား—

“အဆွေ···· ပေါင်းဘော် ဆက်ဆံ ရသောကြောင့် ကိုယ်စိတ်ချမ်းသာစွာ နေရသော အဆွေ

ခင်ပွန်းသည် ရှေးအဘို့၌ နှိပ်စက်အပ်သော်လည်း
ပညာရှိသည် မျက်စိကဲ့သို့ စောင့်ရှောက်ရာ၏—

အဆွေ....ပေါင်းဘော်ဆက်ဆံရသောကြောင့်
ကိုယ်စိတ်ချမ်းသာခြင်းသည် တိုးပွားသော အဆွေ
ခင်ပွန်း၏အမှုကိစ္စအလုံးစုံတို့၌ ပညာရှိသည်မိမိ၏
အမှုကိစ္စကဲ့သို့ ပြုလုပ်ရာ၏"ဟု—

ပြောဆိုဆုံးမသော်လည်း မနာယူဘဲ ထိုရုက္ခစိုးမိုက်သည် တနေ့သ၌ ကြောက်မက်ဘွယ်သော အာရုံကိုပြကာ ခြောက်လှန့်လျက် ခြင်္သေ့နှင့်ကျားတို့ကိုပြေးစေ၏၊ လူတို့လည်းခြင်္သေ့နှင့်ကျားတို့ကိုမမြင်လျှင် ကြောက်ရွံ့ ထိပ်လန့်ခြင်းမရှိကုန်ဘဲ တောအုပ်နံပါးတဘက်ကိုဖျက်ဆီးကုန်၏။

**ဆုံးမ မနက်သက်**
**ဒိုမှာန်ပျက်**

ရုက္ခစိုးမိုက်သည် ရုက္ခစိုး ပညာရှိသို့ ချဉ်းကပ်၍ "အဆွေ....အကျွန်ုပ်သည် အဆွေစကားကို မနာယူဘဲ ခြင်္သေ့နှင့်ကျားတို့ကို ပြေးစေသဖြင့် လူတို့သည် တောအုပ်ကို ဖျက်ဆီးကြကုန်၏၊ ယခုအခါ အဘယ်သို့ပြုရအံ့နည်း"ဟု မေးလေ၏၊ ထိုအခါရုက္ခစိုးပညာရှိသည်"အဆွေ....သင်သည် ထိုခြင်္သေ့နှင့်ကျားတို့နေသောတောသို့သွား၍ခြင်္သေ့နှင့်ကျားတို့ကို ပင့်ဆောင်ချေလော"ဟု စေခိုင်းလေ၏၊ ရုက္ခစိုးမိုက်လည်း ထိုတောသို့သွား၍ ခြင်္သေ့နှင့် ကျားတို့ရှေ့မှလက်အုပ်ချီကာ—

"အို-ခြင်္သေ့နှင့်ကျားတို့....အသင်တို့သည် ပြန်
လာကြပါကုန်လော၊ တောအုပ်သို့ တဖန်ပြန်ခဲ့ကြ
ပါဦးလော၊ ခြင်္သေ့နှင့်ကျားမရှိသော တောအုပ်ကို

မဖျက်ဆီးစေပါလင့်၊ ခြသေ့်နှင့်ကျားတို့သည်တော
အုပ်မှကင်းကွာခြင်းမဖြစ်ပါစေကုန်လင့်''—

ဟု ခယတောင်းပန်လေ၏၊ ထိုအခါ ခြသေ့်နှင့်ကျားတို့သည် တောင်းပန်လာသော ရုက္ခစိုးမိုက်အား-''သင်သွားလော့၊ ငါတို့ပြန်မလာကုန်''ဟု ပယ်လိုက်ကုန်၏၊ ရုက္ခစိုးမိုက်လည်း ခြသေ့်နှင့်ကျားတို့ကို ပင့်ဆောင်၍မရတော့ဘဲ တယောက်ထည်းသာ တောအုပ်သို့ပြန်လာရ၏၊လူတို့လည်း တရက်,နှစ်ရက်ဖြင့် တောအုပ်အလုံးစုံကို ခုတ်ဖြတ်ပြီးလျှင် လယ်ယာလုပ်ရန် ထွက်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရုက္ခစိုးမိုက်သည်- ယခုအခါ ကောကာလိက။

※ ခြသေ့်သည်-သာရိပုတ္တရာ။

※ ကျားသည်-မောဂ္ဂလာန်။

※ ရုက္ခစိုးပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကိုယ်စိတ်ချမ်းသာ၊ ပေါင်းဘော်ရာ၊ ဆွေလျာခင်ပွန်းပေ။

(၂) နှိပ်စက်သော်လည်း၊ ပညာသည်း၊ သည်းခံစောင့်ရှောက်လေ၊

(၃) ခင်ပွန်းကိစ္စ၊ဆောင်ရွက်က၊ထပ်မျှကိုယ့်ကိစ္စေ။

ဗျဂ္ဃဇာတ်ပြီး၏။

# ၂၇၃—ကစ္ဆပဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**နိုက်ရန်ငြိမ်းမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး၏အမတ်ကြီး နှစ်ယောက်တို့ ခိုက်ရန် ငြိမ်းခြင်းကို အကြောင်းပြု၍အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုကို ဒုကနိပါတ်၌ ဆိုအပ်ခဲ့ပြီ။]

## အတိတ်ဝတ္ထု

**ရသေ့နှောင့်ရှက် မျောက်မိုက်ပျက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ကာသိကတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြား ပြီးလျှင် ကာမဂုဏ်တို့ကိုစွန့်ပယ်၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်ဝယ် ဂင်္ဂါမြစ်နား၌ ကျောင်းသင်္ခမ်း ဆောက်လုပ်၍ အဘိညာဉ်သမာပတ်ကို ဖြစ်စေလျက် ဈာန်ကစားကာနေလေ၏။ [ဤဇာတ်တော်၌ကား ဘုရားအလောင်းသည် အလွန်အကျူး လျစ်လျူရှုကာ ဥပေက္ခာ ပါရမီကို ဖြည့်တော်မူသတတ်။]

ထိုရသေ့သည် ကျောင်းတံခါး၌နေစဉ်သီလမရှိပြစ်မှားတတ်သော မျောက်တကောင်သည် လာလတ်၍ ရသေ့၏

နားပေါက်တို့၌ အင်္ဂါဇာတ်ကိုသွင်း၏၊ရသေ့လည်း မတား မြစ်ဘဲ လျစ်လျူရှု၍သာနေ၏။

တနေ့သ၌ လိပ်တကောင်သည် ရေဝတ်သည်ဖြစ်၍ ဂင်္ဂါမြစ်နား၌ ခံတွင်းကိုဖွင့်ကာ နေပူခံ၍ အိပ်၏၊ ထိုလိပ် ကိုမြင်လျှင် လျှပ်ပေါ်သော မျောက်ပျက်သည် လာလတ်၍ လိပ်၏ခံတွင်း၌ အင်္ဂါဇတ်ကိုသွင်းပြန်၏၊ ထိုအခါလိပ်သည် အိပ်သည်ရာမှ နိုး၍ သိလတ်လျှင် မျောက်ပျက်၏အင်္ဂါဇတ် ကိုကြွတ်၌ထည့်သည့်အလား ကိုက်ခဲ၍ထားလေ၏၊မျောက် အားအလွန် နာကျင်လျက် ပြင်းစွာသော ဝေဒနာကို ရလေ၏။

**လိပ်ကိုဆောင်လှ မျောက်ဒုက္ခ**

မျောက်လည်းဆင်းရဲဝေဒနာကို သည်း မခံနိုင်သဖြင့် ဤဆင်းရဲ ဝေဒနာမှလွတ် ရန် ဘယ်သူ ကယ်နိုင် ပါမည်နည်းဟု စဉ်းစားဆင်ခြင်လတ်သော် ရသေ့ကိုထား၍ တပါးသော သူမရှိ၊ ရသေ့သာလျှင် ငါ၏ကိုးကွယ်ရာ ဖြစ်တော့သည်၊ ရသေ့ထံသွားခြင်းငှါ သင့်၏ဟု သပိတ်ကိုပိုက်သည့်အလား လက်နှစ်ဘက်တို့ဖြင့်လိပ်ကို ပွေ့ပိုက်ကာ ရသေ့ထံသွားလေ ၏၊ ရသေ့လည်းမျောက်ပျက်လာသည်ကိုမြင်လျှင် ပြက်ရယ် ပြုလိုသဖြင့်—

"အဆွေ.... တန်ဆောင်မုန်းလအခါ ပရိတ် ရွတ်ရာမှ ဆွမ်းရခဲ့သဖြင့် ပြည့်သော လက်ရှိသော ပုဏ္ဏားကဲ့သို့ ဆွမ်းပြည့်သောသပိတ်ကို ပွေ့ပိုက်၍ လာသူကား-အဘယ်သူနည်း၊ သင်အဘယ်အရပ်၌

ဆွမ်းခံ ချေသနည်း၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဘယ်အမျိုးသို့ကပ်ချေသနည်း''—

ဟု ပြောဆိုမေးမြန်းလေ၏၊ ရသေ့၏ စကားကိုကြား၍ သီလမရှိသောမျောက်ပျက်သည် ရသေ့အား—

''အရှင်ဘုရား.... အကျွန်ုပ်ကား- ပညာမရှိသော မျောက်ပျက် ဖြစ်ပါ၏၊ အကျွန်ုပ်ကား မပေါင်းဘော်အပ်သောအရာကို ပေါင်းဘော်မိပါ၏၊ အရှင်ဘုရားသည် အကျွန်ုပ်ကို လွှတ်ပါစေလော၊ လွှတ်သည်ရှိသော် အကျွန်ုပ်သည် တောင်ပေါ်သို့သွားပါအံ့''—

ဟု တောင်းပန် လျှောက်ထားလေ၏၊ ရသေ့လည်း မျောက်မိုက်ကို သနားလှသဖြင့် လိပ်အား—

''အဆွေလိပ်.... လိပ်တို့သည် ကဿပအနွယ်ဖြစ်ကုန်၏၊ မျောက်တို့သည် ကောဏ္ဍညအနွယ်ဖြစ်ကုန်၏၊ ထိုကြောင့်... ကဿပအနွယ် ဖြစ်သော အဆွေလိပ်သည် သင်အားမေထုန်အမှုကို ပြုကျင့်သော ကောဏ္ဍည အနွယ်ဖြစ်သော မျောက်ကို လွှတ်လိုက်ပါ''—

ဟု ပရိယာယ်ဖြင့် ဖျောင်းဖျပြောဆိုလေ၏၊ ထိုအခါ လိပ်သည် ရသေ့စကားကိုကြားလျှင် အကြောင်းအားဖြင့် ပြောဆိုဆုံးမသည်ကို အလွန်ကြည်ညိုရကား မျောက်၏ အင်္ဂါဇာတ်ကိုလွှတ်လိုက်၏၊ မျောက်မိုက်လည်း လွှတ်လျှင် လွှတ်ခြင်း ရသေ့ကိုရှိခိုး၍ ပြေးလေ၏၊ တဖန် ထိုအရပ်ကို ပြန်၍မကြည့်ဝံ့ချေ၊ လိပ်လည်း ရသေ့ကိုရှိခိုး၍ မိမိနေရာသို့

သွားလေ၏၊ ရသေ့လည်း ဈာန်မှ မယုတ်သဖြင့် သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်-အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မျောက်နှင့် လိပ်တို့သည်- ယခုအခါ အမတ်ကြီးနှစ်ယောက်တို့။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရာမဟုတ်ဘဲ၊ မေထုန်ကဲ၊ မှိဝဲမပြုရာ။

(၂) လိပ်ပါးစပ်ထဲ၊ မျောက်မှိဝဲ၊ ခဲ၍ကိုက်သည်သာ။

(၃) ရသေ့ဆုံးမ၊ လိပ်လွှတ်မှ၊ ဇီဝမျောက်ချမ်းသာ။

ကစ္ဆပဇာတ်ပြီး၏။

---

## ၂၇၄—လောလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**လျှပ်ပေါ်မှု အကြောင်းပြ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် လျှပ်ပေါ်လော်လည်သောအကျင့်ရှိ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရား ထံသို့ ဆောင်ယူ၍လာကြရာ မြတ်စွာဘုရားသည် ထိုအကြောင်း

ကိုသိတော်မူလျှင်“ရဟန်း….သင်သည်ယခုအခါ၌သာလျှပ် ပေါ်လော်လည်သည်မဟုတ်၊ ရှေးအခါ၌လည်း လျှပ်ပေါ် လော်လည်သည်သာလျှင်တည်း၊ လျှပ်ပေါ်လော်လည်သည့် အဖြစ်ကြောင့် အသက်ကုန်ခြင်းသို့ရောက်ဘူးပြီ၊ ပညာရှိတို့ လည်း မိမိတို့နေရာအရပ်မှ ဆုတ်ယုတ်ကြဘူးပြီ” ဟု မိန့် တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင် တော်မူ သတည်း။

## အတိတ်ဝတ္ထု၊

**လျှပ်ပေါ်ကျီးမိုက် ခိုနောက်လိုက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဗာရာဏသီသူဌေး၏ စဖိုအိမ်၌ စဖိုသည်တယောက်သည် ကုသိုလ်ကောင်းမှုအကျိုးငှါ ခိုတို့ နေရာ အသိုက်တောင်းတလုံးကို ထား၏၊ ထိုအခါ ဘုရား အလောင်းသည် ခိုမျိုး၌ဖြစ်၍ထိုတောင်းတွင် အသိုက်ပြုကာ နေ၏။

လျှပ်ပေါ်သော ကျီးတကောင်သည် စဖိုအိမ်အထက် ဖြင့် ပျံသည်ရှိသော် အထူးအထူး အပြားပြားရှိသော ငါး အမဲဘောဇဉ်တို့ကိုမြင်လျှင် အလွန်စားလိုခြင်း တဏှာဖြစ် ရကား အဘယ်သူကိုအမှီပြု၍ စားခွင့်ကို ရနိုင်မည်နည်း ကြံစည်လတ်သော် စဖိုအိမ်၌နေသော ခိုပညာရှိကိုမြင်လျှင် ဤခိုကိုအမှီပြု၍နေလျှင် စားခွင့်ကိုရနိုင်မည်ဟု ခိုပညာရှိ တောသို့ အစာရှာသွားသောအခါ အဆွေ ခင်ပွန်းဖွဲ့ရန် နောက်မှလိုက်လေ၏။

ထိုအခါခိုပညာရှိသည် လိုက်လာသောကျီးကိုမြင်လျှင် "အဆွေကျီး····သင်နှင့်ကျွန်ုပ်ကား စားသော အစာချင်း မတူ၊ သင်ကတမျိုး၊ အကျွန်ုပ်ကတမျိုး၊သို့ပါလျက်အဘယ် ကြောင့်နောက်မှ လိုက်လာသနည်း" ဟုဆို၏၊ "အရှင်·· အရှင်တို့အမူအရာကို အလွန်နှစ်သက်ပါသည်၊ အကျွန်ုပ် သည် အရှင်တို့စားသောအစာမျိုးကို စားကာအရှင်တို့ကို လုပ်ကျွေးလိုသောကြောင့်နောက်မှလိုက်လာပါသည်" ဟု ပြောဆိုတောင်းပန်၍ ခိုပညာရှိနှင့်အတူ ကျက်စားဘိသကဲ့ သို့ မြေသို့သက်လေ၏။

ခိုပညာရှိကား မိမိကျက်စားမြဲအရပ်တွင် အစာရှာ လျက် ကျက်စား၏၊ လျှပ်ပေါ်သောကျီးကား နွားချေးပုံ တို့ကို လှန်လှောဆိပ်ဆွကာ နွားချေးပိုးတို့ကိုစားပြီးလျှင်– ခိုပညာရှိထံသို့ကပ်လျက်"အရှင်····ကြာမြင့်စွာကျက်စား ခြင်းကား မကောင်းပါ၊ အချိန်ပမာဏကို အထူးသတိ ထားသင့်သည်၊ လာပါ-မိုးမချုပ်မီပြန်ကြမည်" ဟု ပြော လေ၏၊ခိုပညာရှိသည် ကျက်စားပြီးလျှင် ကျီးကိုခေါ်၍ မိမိ နေရာအရန်သို့သွားလေ၏။

**ဖျားနာသယောင် ကျီးဟန်ဆောင်**

စဖိုသည်လည်း ယနေ့ငါတို့ ခိုကား အဘော်ကိုခေါ်၍ လာသည်ဟု ကျီး နေရာအသိုက်တောင်းတလုံးကို ထား ပြန်၏၊ ကျီးသည် မိမိနေရာတောင်းတွင် လေးငါးရက်မျှနေ လေ၏၊ ထိုအခါသူဌေး၏စဖိုအိမ်၌ များစွာသော ငါးအမဲ တို့ကိုမြင်လျှင် အလွန်စားချင်လှသဖြင့် မိုးသောက်ထအခါ မှစ၍ ညီးညူလျက်သာအိပ်၏။

ထိုအခါ ခိပညာရှိသည် ကျီးကို "အဆွေကျီး‥လာပါ၊ အစာရှာသွားကုန်အံ့"ဟု ခေါ်၏၊ကျီးသည် ခိပညာရှိကို "အရှင်‥‥ အရှင်တို့သာ သွားပါကုန်၊ အကျွန်ုပ်အား အစာမကြေသောရောဂါရှိ၏ဟု"ပြော၏၊"အဆွေ…ကျီးတို့ အားအစာမကြေခြင်း မည်သည်မရှိ၊ ၀မ်းမှာဆီမီးစာမျှ သာ အနည်းငယ် အစာတည်ရှိ၏၊ ကြွင်းသော အစာသည် မျိုချလျှင်ပင်ကြေ၏၊ သင်‥‥ငါ့စကားကို နားထောင်ပါ၊ ငါးအမဲတို့ကိုမြင်သဖြင့် ဤလိုပြုသလော၊အရှင်‥‥အဘယ် စကားကိုဆိုသနည်း၊ အကျွန်ုပ်အား အစာမကြေသာ ရောဂါရှိပါ၏"ဟု ဆို၏၊"အဆွေကျီး‥‥သို့ဖြစ်လျှင် မမေ့ မလျော့သတိနှင့်နေရစ်လော"ဟုဆုံးမကာမိမိကျက်စားရာ အရပ်သို့ သွားလေ၏။

**သူနိုးကျီးကန်း စဖိုသည်ဖန်း**

စဖိုသည်လည်း များစွာသော ငါး အမဲတို့ကို ချက်ပြုတ် စီရင်ပြီးလျှင် ကိုယ်မှချွေးတို့ကိုသုတ်လျက် စဖိုအိမ် တံခါးတွင်ရပ်၏၊ ကျီးလည်းစဖိုသည်မေ့လျော့ခြင်းကိုကြည့် ၍နေရာ ယခုအခါ ငါးအမဲကိုစားရန် အချိန်ရောက်ပြီဟု ပျံသွား၍ စဖိုအိမ်တွင်းသို့၀င်ကာ အမဲကို ဆိပ်ဆွကာစား လျက်နေ၏၊ စဖိုသည်သည်ကျီးသံကိုကြား၍ ကြည့်လတ် သော် ကျီးကိုမြင်၍ဘမ်းယူပြီးလျှင် ကိုယ်အလုံး၌ အမွေး တို့ကိုနှုတ်၍ ထိပ်၌ဦးစွန်းထားလျက် ချင်းငရုပ်စသည်တို့ကို ဖျော်၍ "နင်‥‥ ငါ့အရှင် အမဲ,ငါးတို့ကို စားသည်"ဟု ရေရွက်ကာ တကိုယ်လုံး ရွှဲရွှဲပါအောင် သုတ်ပြီးလျှင် အသိုက်တောင်းတွင် ပစ်ချ၍ထား၏၊ကျီးမိုက်လည်း ညည်း ညူကာ သည်းထန်စွာသော ဆင်းရဲဝေဒနာကိုရလေ၏။

ခိုပညာရှိသည် ကျက်စားရာမှ ပြန်လာသည်ရှိသော် ညည်းညူနေသော ကျီးကိုမြင်လျှင် ပြက်ရယ်ပြုလိုသဖြင့်—

"အို-ဖျိုင်းငှက်....ဦးစွန်းရှိ၍ နေရာတောင်းကို ခိုးလျက် မိုးလျှင်အဘိုးရှိသော ဤဖျိုင်းငှက်ကား အဘယ်ကို ပြုဘိသနည်း၊ အို-ဖျိုင်းငှက်.... ငါ၏ အဆွေခင်ပွန်းဖြစ်သောကျီးသည် ကြမ်းတန်းလှ၏၊ ဤအရပ်သို့လာပါ"—

ဟု—ပြောဆိုလေ၏၊ ထိုအခါ ခိုပညာရှိ၏ စကားကို ကြားလျှင် ကျီးမိုက်သည် ခိုပညာရှိအား—

"အရှင်....အကျွန်ုပ်ကား ဦးစွန်းရှိသောဖျိုင်း ငှက်မဟုတ်ပါ၊ လျှပ်ပေါ်သောကျီးဖြစ်ပါ၏၊အရှင် ၏စကားကို နားမထောင်မိ၍ အမွေးကို အနုတ်ခံ ရပါ၏၊ ကျက်စားရာမှ ပြန်လာသော အရှင်သည် အကျွန်ုပ်ကိုကြည့်ရှုပါလော့"—

ဟု အကျိုးအကြောင်း အဖြစ်အပျက်ကို ပြောကြား လေ၏၊ ကျီးမိုက်၏ စကားကို ကြားလျှင် ခိုပညာရှိသည် ကျီးမိုက်အား—

"အဆွေကျီး....သင်သည် နောက်ထပ်လည်း ဤလိုဆင်းရဲဒုက္ခမျိုးသို့ ရောက်ရလတ္တံ့၊ အမှန်မှာ သင်တို့ အလေ့အကျင့်ကား ထိုဆင်းရဲ ဒုက္ခမျိုးသို့ ရောက်ဘို့ရန် အလေ့ အကျင့်သာဖြစ်၏၊ ငှက်တို့ အား လူတို့၏ အသုံးအဆောင်တို့မှာ သုံးဆောင် လွယ်သည်မဟုတ်ကုန်"—

ဟု ပြောဆိုဆုံးမပြီးလျှင် ဤနေ့မှစ၍ ငါသည်လည်း ဤအရပ်၌နေခြင်းငှါမသင့် ဟု-ပုံသန်းကာအရပ်တပါးသို့

သွားလေ၏၊ လျှပ်ပေါ်သော ကျီးမိုက်လည်း ညည်းညူလျက် ထိုအရပ်မှာပင်သေလေ၏။

ဤဒေသနာတော်ကိုဆောင်တော်မူပြီး၍ သစ္စာကိုပြသည်၏အဆုံး၌ လျှပ်ပေါ် လော်လည်သောရဟန်းသည် အနာဂါမိဖိုလ်၌တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ် ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓိဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ လျှပ်ပေါ်သောကျီးသည်-ယခုအခါ လျှပ်ပေါ်သောရဟန်း။

※ ခိုပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ လော်လည်လျှပ်ပေါ်၊လူပျက်ချော်၊မလျော်ပျက်စီးလေ။
၂။ ကျီးအမဲခိုး၊မွေးနုတ်ရိုး၊စပ်မျိုးလိမ်းရှုံသေ။

လောလဇာတ်ပြီး၏။

---

# ၂၇၅—ရုစိရဇာတ်

**ပဥ္စပြန်ဝဏ္ဏ၊**

**လော်လည်သမှု အကြောင်းပြု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် လျှပ်ပေါ် လော်လည်သော ရဟန်းတပါးကိုအကြောင်းပြု၍အောက်

ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း၊ [ဤဇာတ်၌ ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထု၊ ဇာတ်ပေါင်းတို့သည် ဆိုခဲ့ပြီးသော လောလဇာတ်နှင့် တူကုန်ပြီ၊ ဂါထာ ပါဠိတို့သာ ထူးကုန်၏။]

ခိုပညာရှိ ပြောသောစကား—

"အဆွေ····ဖြူစင်သော အဆင်းရှိသော ဤဗျိုင်းငှက်ကား အဘယ်သို့သော ဗျိုင်းငှက်နည်း၊ ကျီးသိုက်၌ နေလာ၏၊ ငါ့အဆွေ ခင်ပွန်းအားလည်း အသိုက်တခုရှိ၏၊ ငါ့အဆွေ ခင်ပွန်းဖြစ်သော ကျီးကား ကြမ်းတမ်းလှ၏။"

ကျီးမိုက်ဆိုသောစကား—

"အဆွေ····ငှက်တို့အစာဖြစ်သောမြက်သီးကို သာစားသောသင်သည် အကျွန်ုပ်ကို မသိသလော၊ သင်၏စကားကို မနာယူမိ၍ ငါ့ကို အမွေးနုတ်အပ်ပြီ၊ ကျက်စားရာမှ ပြန်လာသောသင်သည် ငါ့ကို ရှုကြည့်ပါဦးလော့"။

ခိုပညာရှိ ဆိုသောစကား—

"အဆွေ····သင်သည် နောက်ထပ်လည်း ဤလိုဆင်းရဲဒုက္ခမျိုးသို့ ရောက်ရလတံ့၊ အမှန်မှာ သင်တို့ အလေ့အကျင့်ကား ထိုဆင်းရဲဒုက္ခမျိုးသို့ရောက်ဘို့ရန် အလေ့အကျင့်သာဖြစ်၏၊ ငှက်တို့အား လူတို့ အသုံးအဆောင်တို့မှာ သုံးဆောင်လွယ်သည် မဟုတ်ကုန်"။

ရုစိရဇာတ်ပြီး၏။

# ၂၇၆—ဂရုမမ္မဇာတ်

## ပဋိပြန်ဝဏ္ဏ။

**ခဲပစ်အတတ်**
**တဘက်ကမ်းခတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ ပြည်၌နေသော အဆွေခင်ပွန်းတို့သည် သာသနာတော်၌ ရဟန်းပြုကြကုန်ပြီးလျှင် များသောအားဖြင့် တပေါင်း တည်းသာသွားလေ့ရှိကြကုန်၏။

ထိုရဟန်းတို့သည် တနေ့သ၌ အစိရဝတီမြစ်သို့ သွားကြ၍ ရေချိုးပြီးလျှင် သဲသောင်ပြင်၌ နေပူခံကုန်လျက် စကားပြောဆို၍ နေကြကုန်၏၊ ထိုစဉ်အခါ ဟင်္သာနှစ်ကောင်တို့သည် ကောင်းကင်သို့ ပျံသွားကြကုန်၏၊ ထိုအခါ ရဟန်းငယ်တပါးသည် ကျောက်စရစ်ခဲကိုကောက်၍ဟင်္သာ ငယ်တကောင်၏ မျက်စိကိုပစ်မည်ဟု ပြောဆို၏၊ ရဟန်း ငယ်တပါးသည် မပစ်နိုင်ဟုပြောဆိုပြန်၏၊ ခဲတလုံးတည်း ဖြင့် ဤဘက်မျက်စိသာမဟုတ်၊ ဟိုဘက်မျက်စိပါ ပစ်နိုင် သည်ဟု-ပြောဆိုပြန်၏၊ ဟိုဘက်မျက်စိကိုလည်း မပစ်နိုင် ဟု-ပြောဆိုပြန်၏။

**ခဲပစ်အစွမ်း**
**မျက်စိကန်း**

ထိုအခါ ကျောက်စရစ်ခဲကောက်ထားသော ရဟန်းငယ်သည် အခြားရဟန်း ငယ်အား ရှုကြည့်လော့ဟု- ဆိုပြီးလျှင် ဟင်္သာတို့နောက်မှ ကျောက်စရစ်ခဲဖြင့်ပစ်လေ၏၊ ဟင်္သာ ငယ်တကောင်သည် ကျောက်စရစ်ခဲသံကြားလျှင် နောက် သို့လှည့်ကြည့်လိုက်ရာ နောက်ထပ် ကျောက်စရစ်ခဲတလုံး

ဖြင့်ပစ်ပြန်လေ၏၊ ကျောက်စရစ်ခဲသည် ဟိုဘက်မျက်စိမှ ဤဘက်မျက်စိသို့ ဖောက်၍သွားလေ၏၊ ဟသ်ာငယ်လည်း မြည်လျက် ရဟန်းတို့ခြေရင်း၌ကျလေ၏။

ရဟန်းတို့မြင်လျှင် လာလတ်ကုန်၍ ထိုရဟန်းအား“ငါ့ ရှင်··သင်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော သာ သနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် ပါဏာ- တိပါတကံကိုပြုဘိသနည်း”ဟု-ပြစ်တင်ကဲ့ရဲ့ပြီးလျှင်မြတ်စွာ ဘုရားထံသို့ ဆောင်ယူကာပြကြကုန်၏၊ မြတ်စွာဘုရား သည် “ရဟန်း··· သင်သည် ပါဏာတိပါတကံကိုပြု၏- ဟူသည် မှန်သလော”ဟု-မေးတော်မူလျှင် မှန်ပါကြောင်း လျှောက်ထားလတ်သော်“ရဟန်း····အဘယ်ကြောင့် ဝဋ် ဆင်းရဲမှထွက်မြောက်ရာဖြစ်သောသာသနာတော်၌ရဟန်း ပြုပါလျက် ပါဏာတိပါတကံကို ပြုဘိသနည်း၊ ငါဘုရား မပွင့်မီ ရှေးပညာရှိတို့သည် လူ့ဘောင်၌ နေလျက်ပင် အ နည်းငယ်သော အရာတို့၌လည်း ကုက္ကုစ္စရှိကြကုန်သေး၏၊ သင်သည် ရဟန်းဖြစ်ပါလျက် ကုက္ကုစ္စလည်းမရှိ၊ ရဟန်း မည်သည် ကိုယ်, နှုတ်,စိတ်တို့ကို စောင့်ရှောက်ရသည်မ ဟုတ်ကုန်လော”ဟု မိန့်တော်မူကာ အောက်ပါအတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

ဂရုဓမ္မသီလ စောင့်ထိန်းကြ

လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒ ပတ္ထနဂိုရ်ပြည်ဝယ် ဓနဉ္စယ ကောရဗျ မင်း မင်းပြုသည် ရှိသော် ဘုရားအ လောင်းသည် ထိုမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၍ အရွယ်

ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ပညာတို့ကို သင်ကြားပြီးလျှင် အဘမင်းကြီး သည် အိမ်ရှေ့မင်းအရာ၌ ထားအပ်သည်ဖြစ်၍ နောင်အဘမင်းကြီးလွန်သောအခါ မင်းအဖြစ်ကို ရရှိလေ၏၊ထိုမင်းသည် မင်းကျင့်တရား ဆယ်ပါးကို မပျက်စေဘဲ ဂရုဓမ္မသီလ၌ တည်မြဲတော်မူ၏။ [ဂရုဓမ္မသီလဟူသည် ငါးပါးသီလပင် ဖြစ်၏။]

မင်းကြီးသည် ငါးပါးသီလကို စင်ကြယ်စွာ စောင့်ရှောက်သကဲ့သို့ မယ်တော်မိဖုရားကြီး, ညီတော် အိမ်ရှေ့မင်း,ပုရောဟိတ်ပုဏ္ဏား, ကြိုးဆွဲအမတ်* ရထားထိန်း, သူဌေး,ပြည်စိုးအမတ်ကြီး† တံခါးစောင့်,ပြည့်တန်ဆာမ တို့လည်း စင်ကြယ်စွာ စောင့်ရှောက်ကြကုန်၏၊ မင်းကြီး သည် မြို့တံခါးလေးမျက်နှာ မြို့လယ် နန်းတော်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ်တို့ကို ဆောက်လုပ်စေကုန်၏၊ နေ့တိုင်းနေ့တိုင်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်၍ ဇမ္ဗူဒိပ်ကျွန်းအလုံးကို လယ်ယာထွန်ခြင်းကို ပြတ်စေလျက်အလှူပေးတော်မူ၏။

**မိုးခေါင်ရေရှား မင်းသို့ကြား**

ထိုအခါ ကာသိတိုင်း ဒန္တပုရပြည်ဝယ် ကာလိင်္ဂမင်းသည် နန်းပြိုင်မင်း ပြုလျက်ရှိ၏၊ထိုမင်း၏တိုင်းပြည်၌ မိုးမရွာ၊ငတ်မွတ်ခြင်းဘေးသည်ဖြစ်၏၊ အစာအာဟာရဖောက်ပြန်ခြင်းကြောင့် လူတို့အား အနာရောဂါဘေးလည်းဖြစ်၏၊

---

* ကြိုးဆွဲအမတ်…မြေတိုင်းအမတ်။

† ပြည်စိုးအမတ်…တင်းခြင်သောအမတ်။

လူတို့သည် သည်းမခံနိုင်ကြသဖြင့် သားသမီးတို့ကို လက်ဆွဲကာ ထိုထိုအရပ်သို့ သွားကြကုန်၏၊ တိုင်းပြည်အလုံး၌ နေကုန်သောသူတို့သည် တိုင်ပင်ညီညွတ်ကာ မင်းအိမ်တံခါးသို့သွား၍ကြွေးကြော်ကြကုန်၏။

မင်းကြီးသည် လေသွန်တံခါး၌ ရပ်တည်လျက် ကြွေးကြော်သံကိုကြားလျှင် "အမောင်တို့.... အဘယ်ကြောင့် ကြွေးကြော်ကြသနည်း" ဟု မေး၏၊ "အရှင်မင်းကြီး.... တိုင်းပြည်အလုံးစုံ၌ အစာမရှိသောဘေး, ငတ်မွတ်သောဘေး,အနာရောဂါဘေး ဤဘေးကြီးသုံးပါး ဆိုက်ရောက်နေပါသည်၊မိုးလည်းမရွာ၊ ကောက်ပဲအသီးအနှံတို့လည်း မပြည့်စုံ မကောင်းသော အစာအာဟာရကိုစားသောက်ရခြင်းကြောင့် အနာရောဂါ နှိပ်စက်ကြပါသည် လူတို့သည် သားသမီးကိုလက်ဆွဲကာ တိုင်းပြည်မှထွက်၍ ထိုထိုအရပ်သို့ သွားကြရပါကုန်ပြီ၊ သို့အတွက် မိုးကိုရွာစေပါလော့"ဟုလျှောက်ထားကြကုန်၏။

**မိုးရွာစေကြောင်း ဆင်ဖြူတော်တောင်း** ထိုအခါမင်းကြီးသည်"အမောင်တို့.... ရှေးမင်းတို့သည် မိုးမရွာသော် အဘယ်သို့ ပြုကြသနည်း" ဟု မေး၏၊ "အရှင်မင်းကြီး....ရှေးမင်းတို့သည် အလှူပေးပြီးလျှင် သီလဆောက်တည်၍ အဓိဋ္ဌာန်ပြုလျက် အသရေရှိသော တိုက်ခန်းသို့ဝင်ကာ မြေစာမြက်ကိုခင်း၍ အိပ်ကြပါသည်၊ ထိုအခါမိုးရွာပါသည်"ဟုလျှောက်ထားကြကုန်၏၊မင်းကြီးလည်း ဝန်ခံ၍ရှေးမင်းတို့ အစီအမံအတိုင်းပြု၏၊ မိုးကား မရွာ၊ ထိုအခါ အမတ်တို့အား"အမောင်တို့....ငါသည်

ပြုလုပ်ဘွယ်ကိစ္စတို့ကို ပြုလုပ်၍ပြီးပေပြီ၊ မိုးလည်းမရွာ၊ အဘယ်သို့ပြုရမည်နည်း''ဟု မေးပြန်၏၊ အမတ်တို့သည် ''အရှင်မင်းကြီး….ဇာန္ဒပတ္ထနဂိုရ်ပြည်၀ယ် ဓနဉ္စယကောရဗျမင်း၏ အဥ္စနဝဏ္ဏမည်သော မင်္ဂလာဆင်တော်သည် ရှိ၏၊ ထိုဆင်တော်ကိုဆောင်ယူကုန်အံ့၊ထိုဆင်တော်ရောက်လျှင် မိုးရွာပါလိမ့်မည်''ဟုလျှောက်ထားကြပြန်၏။

မင်းကြီးလည်း အမတ်တို့စကားကိုကြားလျှင် ဓနဉ္စယကောရဗျမင်းကား မင်္ဂလာ ဆင်တော်မျှကို ထားဘိဦး အသက်ကိုပင် လှူဒါန်း နိုင်ကြောင်းသိပြီးဖြစ်၍ ပုဏ္ဏားတော် ရှစ်ယောက်တို့ကိုခေါ်ပြီးလျှင် ရိက္ခာ အပြည့်အစုံ ပေး၍ အဥ္စနဝဏ္ဏမည်သော မင်္ဂလာဆင်တော်ကို အလှူခံရန် ဓနဉ္စယကောရဗျမင်းထံသို့ စေလွှတ်လိုက်၏။

ပုဏ္ဏား ရှစ်ယောက် တို့လည်း ဇာန္ဒပတ္ထနဂိုရ်ပြည်သို့ ရောက်လျှင် မင်္ဂလာဆင်တော်ကိုစီးလျက် အလှူတင်းကုပ်သို့လာသောမင်းကြီးကို စောင့်ဆိုင်းကာ မြို့တော်တံခါး မနီးမဝေးသောအရပ်တွင် နေနှင့်ကြကုန်၏၊ မင်းကြီး ရောက်လာလျှင် ပုဏ္ဏားတို့သည် ''မြတ်သောမင်းကြီး…. အရှင်မင်းကြီးသည် အောင်စေသတည်း''ဟု လက်တို့ကို မြှောက်ကာအောင်ဆုကိုပေးကြကုန်၏။

**လာရောက်တောင်းသူ ဆင်မြူတော်ရှု**

မင်းကြီးလည်း ၀ရဇိန်ချွန်းဖြင့် ဆင်တော်ကိုရပ်စေ၍ ပုဏ္ဏားတို့ထံ သွားပြီးလျှင် ''အို-ပုဏ္ဏားတို့….သင်တို့သည် အဘယ်ဝတ္ထုကို အလိုရှိကြကုန်သနည်း'' ဟု မေးတော်မူ၏၊ပုဏ္ဏားတို့သည် ဓနဉ္စယကောရဗျမင်းကြီးအား

"အရှင်မင်းကြီး..အကျွန်ုပ်တို့သည် အရှင်မင်းကြီး၏သဒ္ဓါတရားနှင့် သီလတော်ကို သိပြီးဖြစ်၍ ကာလိင်္ဂမင်းကြီးထံသို့ အဥ္စနဝဏ္ဏ ဆင်တော်ဖြင့် အရှင်မင်းကြီး၏ ဂုဏ်ကျေးဇူးကို ချီးကျူးလိုပါကုန်၏"–

ဟု–လျှောက်ထားကြကုန်၏၊ ပုဏ္ဏားတို့စကားကိုကြားလျှင် မင်းကြီးသည် ဤပုဏ္ဏားတို့ကား အဥ္စနဝဏ္ဏဆင်တော်ကို အလိုရှိကြသည်ဟု သိတော်မူ၍–

"အို-ပုဏ္ဏားတို့..လောကမှာ ထမင်းကျွေးမွေးသူ,မကျွေးမွေးသူဟု ရှိကြရာတွင်သူတဦးတယောက်သည် သူတဦးတယောက်ကိုရည်၍ သွားငြားအံ့၊ ထိုသူသည်ရည်၍သွားသောသူအလုံးတို့ကို မပယ်သင့်၊ ဤစကားသည် ရှေးဆရာတို့စကားဖြစ်၏။ ။သို့အတွက် သင်ပုဏ္ဏားတို့အား မင်းအားလည်းလျောက်ပတ်၊ မင်း၏အသုံးအဆောင်လည်းဖြစ်၊ အခြံအရံလည်းများ၊ တန်ဆာတို့ဖြင့်လည်း ဆင်ယင်၊ ရွှေကွန်ရက်တို့ဖြင့်လွှမ်းထားသော အဥ္စနဝဏ္ဏမင်္ဂလာဆင်တော်ကို ဆင်ထိန်းနှင့်တကွ လှူဒါန်းအံ့၊ အလိုရှိရာအရပ်သို့ ဆောင်ယူသွားကြကုန်လော့"–

ဟု–ပုဏ္ဏားတို့အား မိန့်တော်မူပြီးလျှင် ဆင်ကျောက်ကုန်းမှဆင်းသက်ကာ ဆင်နှာမောင်းကို ပုဏ္ဏားတို့လက်၌ထားပြီးလျှင် ရွှေကရားဖြင့် ရေစက်သွန်းချကာ လှူဒါန်းလေ၏။



P.၊53 ဓနဥ္စယမင်းကြီးထံ မိုဃ်းကောင်းစေသည့် ဂရုဓမ္မသီလကို ကာသိတိုင်းမှ ပုဏ္ဏားတို့ တောင်းယူရေးမှတ်နေပုံ

ပုဏ္ဏားတို့လည်း ဆင်တော်ကိုရလျှင် ယူဆောင်ကာ ဒန္တပုရမြို့ ကာလိင်္ဂမင်းကြီးအား ဆက်သကြကုန်၏၊ထိုမင်္ဂလာဆင်တော် ရောက်လာသော်လည်း မိုးမရွာလေ၊ ထိုအခါ မင်းကြီးသည် အမတ်တို့အား "အမတ်တို့....ဆင်တော်ရောက်လာသော်လည်း မိုးမရွာ၊ အကြောင်းဘယ်သို့ရှိသနည်းဟုမေးပြန်၏၊ အမတ်တို့သည် အရှင်မင်းကြီး..ဓနဉ္စယကောရဗျမင်းကား ဂရုဓမ္မသီလကို ကျင့်တော်မူ၏၊ ထိုမင်းအာနုဘော်ကြောင့် တိုင်းနိုင်ငံ၌ ဆယ်ရက်တကြိမ်, လခွဲတကြိမ် မိုးရွာပေသည်၊ ဤဆင်တိရစ္ဆာန်ကား ကျေးဇူးမရှိ"ဟု လျှောက်ထားကြပြန်၏။

**ဂရုဓမ္မသီလ တောင်းပြန်ကြ**

ထိုအခါ မင်းကြီးသည် အမတ်တို့နှင့် ပုဏ္ဏားတို့ကိုခေါ်၍"အမောင်တို့....ဤမင်္ဂလာဆင်တော်ကို အဆင် တန်ဆာအခြံအရံနှင့်တကွ ယူဆောင် သွားပြီးလျှင် ထိုဓနဉ္စယကောရဗျမင်းအား ပြန်၍ပေးအပ်ကာ မင်းကြီးကျင့်သုံးအပ်သော ဂရုဓမ္မသီလကို ရွှေပေတွင်ရေး၍ယူခဲ့ကြလော့"ဟု မှာထား၍ ဓနဉ္စယကောရဗျမင်းကြီးထံ စေလွှတ်လိုက်ပြန်၏။

အမတ်တို့နှင့် ပုဏ္ဏားတို့သည် မင်းကြီးထံ ရောက်ကြသောအခါ ဆင်တော်ကို ပြန်၍အပ်ပြီးလျှင် "အရှင်မင်းမြတ်....အကျွန်ုပ်တို့တိုင်းပြည်သို့ ဆင်တော် ရောက်သော်လည်း မိုးမရွာပါ၊ အရှင်မင်းကြီးတို့ ကျင့်သုံးတော်မူသော ဂရုဓမ္မသီလကို အကျွန်ုပ်တို့မင်းကြီး ကျင့်သုံးလိုသဖြင့် ရွှေ

ပေတွင်ရေး၍ ယူဆောင်ရန် စေလွှတ်ပါသည်၊ သို့အတွက် အကျွန်ုပ်တို့အား ဂရုဓမ္မသီလကို ပေးသနားတော်မူပါ'' ဟုလျှောက်ထားကုန်၏။

**မင်းကြီး သီလ သံသယ**

မင်းကြီးသည် ''အမောင်တို့··ငါသည် ဂရုဓမ္မသီလကို စောင့်သည်မှန်၏၊ ထို ဂရုဓမ္မသီလ၌ ကုက္ကုစ္စသံသယရှိ၍ မနှစ်သက်၊သို့အတွက် သင်တို့အား မပေးလို''ဟုအမိန့်ရှိလေလျှင်၊ ''အရှင်မင်းကြီး····အဘယ်ကြောင့် မနှစ်သက်ပါသနည်း''ဟုမေးလျှောက်၏၊''အမောင်တို့····တန်ဆောင်မုန်းလ ပွဲသဘင်ဝယ် မင်းတို့သည် နတ်အသွင်ကိုယူပြီးလျှင် စိတ္တရာဇာနတ်အထံဝယ် တည်လျက်ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော မြားတို့ကို အရပ်လေးမျက်နှာသို့ ပစ်လွှတ်ကြမြဲဖြစ်သည်၊ ငါလည်း ထိုပွဲသဘင်ကစားလတ်သော်ရေကန်တခုဝယ် စိတ္တရာဇာနတ်အထံ၌တည်လျက် အရပ်လေးမျက်နှာသို့ မြားတို့ကို ပစ်လွှတ်ရာ မြားသုံးစင်းတို့ကိုမြင်ရ၍ သံသယမရှိ၊ တစင်းကားရေအပြင်သို့ပစ်ရသဖြင့် မမြင်ရ၍ ငါးတို့ကိုယ်တွင် ကျလေသလောဟု ပါဏာတိပါတကံ၌ သံသယရှိသည်၊ ငါ့မယ်တော်မိဖုရားကြီးကားကောင်းစွာစောင့်အပ်၏၊ ၎င်းထံယူကြပါ''ဟု ပြောဆိုလေ၏၊''အရှင်မင်းကြီး··သတ်လိုသောစေတနာမရှိ၊သတ်လိုသောစေတနာကိုကြဉ်၍ပါဏာတိပါတကံ မဖြစ်နိုင်ပါ၊ အရှင်မင်းကြီး စောင့်အပ်သော ဂရုဓမ္မသီလကိုပင် ပေးသနားတော်မူပါ''ဟု- လျှောက်ထားကြပြန်၏၊ ထိုအခါ မင်းကြီးသည် သို့ဖြစ်လျှင် ရေး၍ယူကြလော့''ဟု-ဆို၍—

(၁) သတ္တဝါကို မသတ်အပ်။
(၂) အရှင်မပေးသောဥစ္စာကို မခိုးယူအပ်။
(၃) ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ကို မကျင့်အပ်။
(၄) မဟုတ်မမှန် မပြောဆိုအပ်။
(၅) ယစ်မျိုးကို မသောက်စားအပ်—

ဟု—ဂရုဓမ္မသီလကို အပြည့်အစုံ ပြောကြားလေ၏၊ အမတ်တို့နှင့်ပုဏ္ဏားတို့သည် ရွှေပြားတွင်ရေးယူကြကုန်၏။

**မယ်တော်၏သီလ သံသယ**

တဖန် မယ်တော် မိဖုရားကြီးထံ သွား၍ "အရှင်မိဖုရားကြီးတို့ စောင့်သုံးသော ဂရုဓမ္မသီလကို အကျွန်ုပ်တို့အား ပေးတော်မူပါ"ဟု- လျှောက်ထားကြပြန်၏၊ မယ်တော်မိဖုရားကြီးသည်"အမောင်တို့…ဂရုဓမ္မသီလကိုစောင့်သည်ကားမှန်၏၊ သံသယရှိ၍ မနှစ်သက်၊ သို့အတွက်သင်တို့အား မပေးလို၊ ငါ့မှာ သားကြီးပြည့်ရှင်မင်းနှင့် သားငယ်အိမ်ရှေ့မင်းဟု သားတော်နှစ်ယောက် ရှိကုန်၏၊ တနေ့သ၌ သားတော်ကြီးထံမှ အဘိုးတထောင်ထိုက်သောရွှေပန်းကို ပူဇော်လာ၏၊ငါသည် နှံ့သာလည်းမလိမ်း၊ပန်းလည်းမပန်၊ ချွေးမတို့ကိုပေးမည်၊ ချွေးမကြီးကို မိဖုရားကြီးဖြစ်၍ ရွှေပန်းကိုပေးမည်၊ ချွေးမငယ်ကို ဆင်းရဲ၍ စန္ဒကူးနံ့သာကို ပေးမည်ဟု ကြံစည်ပြီးလျှင် ချွေးမကြီးအား ရွှေပန်း၊ချွေးမငယ်အား စန္ဒကူးနံ့သာကိုပေးလေ၏၊ ပေးပြီးလျှင် ငါကား ဂရုဓမ္မသီလကိုစောင့်သုံးသည်ဖြစ်လျက် အစိုးရခြင်း,

ဆင်းရဲခြင်းကို ပမာဏပြုမိပေသည်၊ အစိုးရခြင်း, ဆင်းရဲခြင်းကား ပမာဏမဟုတ်၊ ကြီးခြင်း,ငယ်ခြင်းသာ ပမာဏဖြစ်သည်၊ ငါကား ပမာဏမဟုတ်သည်၌ ပမာဏပြုမိ၍ ငါ့သီလပျက်သည်ဟု သံသယရှိသည်၊ ငါ့ချွေးမကြီးကား ကောင်းစွာစောင့်ရှောက်အပ်၏၊ ၎င်းထံယူကြပါ''ဟု ပြောလေ၏၊ ''အရှင်မိဖုရားကြီး....မိမိပိုင်ဥစ္စာကို အလိုရှိတိုင်း ပေးနိုင်ပါသည်၊ ဤမျှဖြင့် သီလမပျက်နိုင်ပါ''ဟုလျှောက်ထားကာ မယ်တော်မိဖုရားကြီးထံမှလည်းယူကြပြန်၏။

**မိဖုရားသီလ သံသယ**

တဖန် ချွေးမကြီးဖြစ်သော မိဖုရားကြီးထံ သွားကြပြန်၍ ရှေးနည်းအတိုင်း ဂရုဓမ္မသီလကို တောင်းကြပြန်၏၊ မိဖုရားကြီးလည်း ''အမောင်တို့.. ဂရုဓမ္မသီလကိုစောင့်သည်ကားမှန်၏၊ သံသယရှိ၍မနှစ်သက်၊ သို့အတွက်သင်တို့အား မပေးလို၊ တနေ့သ၌ လေသာပြတင်း၌ ရပ်နေစဉ် မင်းကြီးနှင့် ဆင်စီး၍မြို့တော်ကိုလှည့်လာသော အိမ်ရှေ့မင်းကို မြင်လျှင် လောဘဖြစ်၍ ငါသည်အကယ်၍ အိမ်ရှေ့မင်းနှင့် အဆွေခင်ပွန်းဖွဲ့ထားလျှင် မင်းကြီးသေလွန်၍ အိမ်ရှေ့မင်း မင်းအဖြစ်သို့ ရောက်သောအခါငါ့ကိုသိမ်းပိုက်ရာ၏ဟု ကြံစည်ကာ ကိလေသာအစွမ်းဖြင့် တပါးသော ယောကျ်ားကိုကြည့်မိ၍ သီလပျက်၏-ဟု သံသယရှိသည်၊ အိမ်ရှေ့မင်းကား ကောင်းစွာစောင့်အပ်၏၊ ၎င်းထံမှာ ယူကြပါ''ဟု ပြောလေ၏၊''အရှင်မိဖုရားကြီး....စိတ်ဖြစ်ကာမျှဖြင့်ကျူးလွန်၍ကျင့်ခြင်းမည်သည် မဖြစ်နိုင်ပါ၊ ဤမျှဖြင့် သီလမပျက်နိုင်ပါ''ဟု လျှောက်ထားကာ မိဖုရားကြီးထံမှလည်း ယူကြပြန်၏။

အိမ်ရှေ့သီလ သံသယ

တဖန် အိမ်ရှေ့မင်းထံသို့ သွားကြပြန်၍ ရှေးနည်း အတိုင်း ဂရုဓမ္မ သီလကို တောင်းကြပြန်၏၊ အိမ်ရှေ့မင်းလည်း "အမောင်တို့..ဂရုဓမ္မသီလကိုစောင့်သည်ကားမှန်၏၊ သံသယရှိ၍ မနှစ်သက်သောကြောင့် သင်တို့အား မပေးလိုပါ၊ တနေ့သ၌ ငါသည် မင်းကြီးထံသို့ ရထားဖြင့် အခစားသွားရာ မင်းရင်ပြင်တွင်ရထားကိုရပ်၍ ကြိုးနှင့်နှင်တန်ကိုရထားတွင်း၌သွင်းကာ မင်းကြီးထံသို့ ဝင်၏။ ။[မှတ်ချက်—ကြိုးနှင့် နှင်တန်ကို ရထားဦးမှာထားခဲ့လျှင် မင်းကြီးထံ ညအိပ်မည့် အထိမ်းအမှတ် ဖြစ်သည်၊ မစောင့်ဆိုင်းဘဲ နံနက်မှ ရထားဖြင့်လာ၍ကြိုရသည်၊ ကြိုးနှင့် နှင်တန်ကို ရထားအတွင်းမှာထားခဲ့လျှင် ယခုပင်ပြန်လာမည့် အထိမ်းအမှတ် ဖြစ်သည်၊ အလာကို စောင့်ဆိုင်း၍ နေရသည်။] ။ဝင်ကာမျှဖြင့်လျှင် မိုးသည်ရွာလတ်၏၊ ငါသည် မသွားနိုင်ဘဲ မင်းကြီးထံမှာပင် အိပ်ရ၏၊ လူများလည်း ယခုပင်ထွက်လာလိမ့်မည်ဟု တည့်ပတ်လုံး မိုးစိုခံကာ စောင့်ဆိုင်းနေကြရ၏၊နက်ဖြန်နံနက်မှထွက်လာ၍လူများမိုးစိုနေသည်ကိုမြင်လျှင် ငါကား ဂရုဓမ္မသီလကို စောင့်သည်ဖြစ်လျက် ဤမျှလောက် လူတို့ကိုပင် ပန်းဆင်းရဲစေမိ၍ ငါ့သီလပျက်သည်ဟု သံသယရှိသည်၊ ပုရောဟိတ်သည် ကောင်းစွာစောင့်ရှောက်အပ်၏၊ ၎င်းထံမှာယူကြပါ"ဟု ပြောလေ၏၊ "အရှင်မင်းကြီး..လူတို့ကို ပင်ပန်းဆင်းရဲစေလိုသော စိတ်စေတနာမရှိသော် ကံမမြောက်၍ သီလမပျက်နိုင်ပါ"ဟု လျှောက်ထားကာ အိမ်ရှေ့ မင်းထံမှလည်း ယူကြပြန်ကုန်၏။

**ပုရောဟိတ်သီလ သံသယ**

တဖန် ပုရောဟိတ်ထံသို့ သွားကြပြန်၍ ရှေးနည်း အတိုင်း ဂရုဓမ္မ သီလကို တောင်းကြပြန်၏၊ ပုရောဟိတ်လည်း "အမောင်တို့....ငါကား ဂရုဓမ္မသီလကိုစောင့်သော်လည်း သံသယရှိ၍မပေးလိုပါ၊တနေ့သ၌မင်းကြီးထံအခစားသွားသည်ရှိသော် မင်းတပါးထံမှ မင်းကြီးထံ ဆက်သမည်ဟုယူလာသောရထားကိုမြင်ရာ၊ ငါသည် အိုမင်းပြီ၊မင်းကြီးသည် ဤရထားကိုငါ့အားပေးပါမူ ရထားကိုစီးနင်းကာ ချမ်းချမ်းသာသာသွားရပေမည်ဟု ကြံစည်လျက် မင်းကြီးထံရောက်၏၊ ထိုအခါ ရထားကိုဆက်သကြသဖြင့် မင်းကြီးလည်း ငါ့အားသာပေး၏၊ ငါလည်းအတင်းမြစ်ပယ်ကာ မယူဘဲနေ၏၊ ငါသည် ဂရုဓမ္မသီလကို စောင့်ပါလျက် သူတပါးပစ္စည်း၌ တပ်စွန်းမိ၍ သီလပျက်၏ဟု သံသယရှိသည်၊ ကြိုးဆွဲအမတ်သည် ကောင်းစွာ စောင့်ရှောက်၏၊ ၎င်းထံမှာယူကြပါ"ဟု ပြောလေ၏၊"အို–ပုရောဟိတ်.... သူတပါးပစ္စည်း၌ လောဘစိတ်ဖြစ်ကာမျှဖြင့် သီလမပျက်နိုင်ပါ"ဟု ပြောဆိုကာ ပုရောဟိတ်ထံမှလည်း ယူကြပြန်၏။

**အမတ်သီလ သံသယ**

တဖန်ကြိုးဆွဲအမတ်ထံသို့သွားကြပြန်၍ ရှေးနည်းအတိုင်း ဂရုဓမ္မကိုတောင်းကြပြန်၏၊ ကြိုးဆွဲအမတ်လည်း "အဆွေတို့.... အကျွန်ုပ်သည် ဂရုဓမ္မသီလကို စောင့်သော်လည်း သံသယရှိ၍ မပေးလိုပါ၊အကျွန်ုပ်သည် တနေ့သ၌ ဇနပုဒ်ဝယ် လယ်မြေကိုတိုင်းသည်ရှိသော် ကြိုးစွန်းတခုကို လယ်သမားကိုကိုင်စေ၍ လှံတံဖွဲ့သော ကြိုးစွန်းကို ကိုယ်တိုင်

ကိုင်၍တိုင်းရာ လှံတံသည် ဗုဇွန်တွင်းတခု၌ ကျလေ၏၊ ကျမြဲတိုင်း ဗုဇွန်တွင်း၌စိုက်လျှင် ဗုဇွန်သေလတံ့၊ ရှေ့၍ တဘက်၌စိုက်လျှင်မင်းကြီးမြေပျက်စီးလတံ့၊အခြားတဘက် ၌စိုက်လျှင်လည်း သူကြွယ်မြေပျက်စီးလတံ့၊ ဤဗုဇွန်တွင်း၌ ဗုဇွန်ရှိမည်မထင်၍ လှံတံကိုတွင်းအလယ်တွင် စိုက်မိ၏၊ ဗုဇွန်သည် "ကိရိကိရိ" ဟူသော အသံကိုပြု၏၊ ထိုအခါ ငါသည် ဂရုဓမ္မသီလကိုစောင့်ပါလျက် ဗုဇွန်ကိုလှံတံစိုက် မိ၍ သီလပျက်၏ဟု သံသယရှိသည်၊ ရထားထိန်းသည် ကောင်းစွာစောင့်အပ်၏၊ၒင်းထံ၌ယူကြပါ"ဟု ပြောလေ ၏၊ "အို-အမတ်ကြီး....ဗုဇွန်ကို သေစေလိုသော စိတ်စေ တနာမရှိသည့်အတွက် ကံမမြောက်၊ သီလမပျက်နိုင်ပါ" ဟု ပြောဆိုကာ ကြီးဆွဲအမတ်ထံမှလည်းယူကြပြန်၏။

**ရထားထိန်းသီလ သံသယ**

တဖန်ရထားထိန်းထံသို့ သွားကြပြန်၍ ရှေးနည်း အတိုင်း ဂရုဓမ္မ သီလကို တောင်းကြပြန်၏၊ ရထားထိန်းသည် "အဆွေတို့....အကျွန်ုပ်သည် ဂရုဓမ္မသီလကိုစောင့်သော် လည်း သံသယရှိ၍ မပေးလိုပါ၊အကျွန်ုပ်သည်တနေ့သော အခါ မင်းကြီးကို ရထားဖြင့် ဥယျာဉ်တော်သို့ပို့ရာ အပြန် တွင် မြို့မရောက်မီ ခရီးအကြား၌ မိုးတွေတက်လာသဖြင့် မင်းကြီးကို မိုးစိုမည်စိုးရိမ်၍ သိန္ဓောမြင်းတို့ကိုကြိမ်အမှတ် ပေးကာ အလျင်အမြန်သွားစေဘူး၏၊ထိုအခါမှစ၍မြင်းတို့ သည် ဥယျာဉ်တော်သို့အသွား၌ၒင်း,အပြန်၌ၒင်းထိုအမှတ် ပေးဘူးသောနေရာသို့ ရောက်လျှင် အလျင်အမြန် သွားကြ ကုန်၏၊ ထိုအခါ အကျွန်ုပ်သည် မင်းကြီး မိုးစိုသော်ၒင်း, မစိုသော်ၒင်း ငါ့မှာ အပြစ်မရှိ၊ အရာမဟုတ်သည်၌ မြင်းတို့

ကိုအမှတ်ပေးမိ၏၊ ထိုကြောင့် အကြိမ်ကြိမ် အလျင်အမြန် သွားရသဖြင့်ပင်ပန်းကြ၏၊ငါလည်း ဂရုဓမ္မသီလကို စောင့် ထိန်းသူဖြစ်လျက် မြင်းတို့ကိုပင်ပန်းဆင်းရဲစေမိ၍ ဂရုဓမ္မသီ လပျက်၏ဟု သံသယရှိသည်၊ သူဌေးကြီးသည် ကောင်း စွာစောင့်အပ်၏၊ငင်းထံမှယူကြကုန်''ဟုပြောလေ၏၊''အို- ရထားထိန်း....သင်ကား မြင်းတို့ကို ပင်ပန်းဆင်းရဲစေလို သော စိတ်စေတနာဖြင့် အမှတ်ပေးသည်မဟုတ်၊ ဤမျှဖြင့် သီလ မပျက်နိုင်ပါ'' ဟု ပြောဆိုကာ ရထားထိန်းထံမှ လည်း ယူကြပြန်၏။

**သူဌေးကြီးသီလ သံသယ**

တဖန်သူဌေးကြီးထံသို့ကပ်၍ ရှေးနည်း အတူ ဂရုဓမ္မ သီလကိုတောင်းကြပြန် ၏၊သူဌေးကြီးလည်း ''အမောင်တို့.... ငါသည် ဂရုဓမ္မသီလကို စောင့်သော်လည်း သံသယရှိ၍ မပေးလို၊ ငါသည်တနေ့သောအခါ သလေးလယ်ခင်းသို့ သွား၍အပြန်အမှတ်မဲ့သလေးနှံ့တဆုပ်ကိုယူကာ ဦးခေါင်း တွင်ပန်မိ၏၊ ဤလယ်ခင်းမှ မင်းကြီးအား အခွန်ဆောင်ရ မည်အဘို့လည်းရှိ၏၊အခွန်မဆောင်မိယူမိသည်၊သို့အတွက် ငါ၏ဂရုဓမ္မသီလသည် ပျက်၏ဟု သံသယရှိသည်၊ တင်းခြင် အမတ်ကား ကောင်းစွာစောင့်အပ်၏၊ငင်းထံမှယူကြပါ'' ဟုပြောလေ၏၊''အရှင်သူဌေးကြီး....ခိုးလိုသောစေတနာ မရှိဘဲ ယူမိသည်မှာ အဒိန္နဒါန်မဖြစ်၍သီလမပျက်နိုင်ပါ'' ဟုပြောဆိုကာ သူဌေးထံမှလည်း ယူကြပြန်၏။

**တင်းခြင်သီလ သံသယ**

တဖန် တင်းခြင် အမတ်ထံသို့ ကပ်၍ ရှေးနည်း အတိုင်း ဂရုဓမ္မ သီလကို တောင်းကြ ပြန်၏၊ တင်းခြင် အမတ်

လည်း "အဆွေတို့....ငါသည် ဂရုဓမ္မသီလကို စောင့်သော်လည်း သံသယရှိ၍မပေးလိုပါ၊ အကျွန်ုပ်သည် တနေ့သ၌ မင်းကြီးအတွက် စပါးတို့ကို ခြင်လတ်သော် စပါးပုံကြီးမှ စပါးတို့ကိုယူကာ အပုံငယ် ကလေးတွေပြု၍ မှတ်စေ၏၊ ခြင်ခိုက် မိုးသည်းစွာရွာခဲ့၏၊ ထိုအခါ လျင်မြန်စွာ သွားပြီးလျှင် တံခါးမုခ်၌ရပ်တံ့ကာ ငါသည်အမှတ်မဲ့ အမှတ်ပြုသော စပါးတို့ကိုစုကာ ခြင်ပြီး စပါးပုံသို့ ထည့်ခဲ့မိ၏၊ ထည့်ခဲ့မိသောစပါးပုံမှာ မင်းကြီးအပုံဖြစ်၍ မင်းကြီးမှာ တိုးပွား၍သူကြွယ်မှာပျက်စီး၏၊ သို့အတွက် ငါ့အား ဂရုဓမ္မသီလပျက်၏ဟု သံသယရှိသည်၊ တံခါးစောင့်သည် ကောင်းစွာစောင့်ရှောက်အပ်၏၊ ၎င်းထံမှယူကြပါကုန်"ဟု ပြောလေ၏၊ "အမတ်ကြီး....ခိုးလိုသော စိတ်စေတနာမရှိဘဲ အမှတ်မဲ့ ထည့်ခဲ့မိသည်အတွက် အဒိန္နာဒါန်မဖြစ်၍ သီလမပျက်နိုင်ပါ"ဟု တင်းခြင်အမတ်ထံမှလည်းယူကြပြန်၏။

**တံခါးစောင့်သီလ သံသယ**

တဖန် တံခါးစောင့်ထံကပ်၍ ရှေးနည်းအတိုင်း ဂရုဓမ္မသီလကို တောင်းကြပြန်၏၊ တံခါးစောင့်လည်း "အရှင်တို့.... အကျွန်ုပ်သည် ဂရုဓမ္မသီလကိုစောင့်သော်လည်း သံသယရှိ၍ မပေးလိုပါ၊ အကျွန်ုပ်သည်တနေ့သ၌ ညချမ်းအခါဝယ်တံခါးပိတ်ရန်သုံးကြိမ်ကြွေးကြော်၏၊ထိုအခါသူဆင်းရဲတယောက်သည် နှမငယ်နှင့် တောသို့ ထင်းခွေသွားရာမှအပြန် တံခါးစောင့် ကြွေးကြော်သံကိုကြား၍ နှမငယ်ကိုခေါ်ကာ ရောက်လာလျှင် "သင်ကားဤမြို့၌မင်းရှိသည်ကို မသိသလော၊တံခါးအလုံးစုံပိတ်လတံ့သည်ကို မသိသလော၊ မယားကိုခေါ်ကာ တောတွင်တနေ့လုံး ပျော်မွေ့၍ နေဘိ

သည်''ဟု ဆိုလတ်သော် ထင်းခွေသမားသည် ''အရှင်....
ဤသူငယ်မကား မယားမဟုတ်ပါ နှမငယ် ဖြစ်ပါသည်''
ဟု ပြောလေ၏၊ ထိုအခါ ငါသည် ဂရုဓမ္မသီလကို စောင့်
ပါလျက် အကြောင်းမဟုတ်သည်၌ ပြစ်တင်စွပ်စွဲမိသည်
သို့အတွက် ငါ့သီလပျက်၏ဟု သံသယရှိသည် ပြည့်တန်
ဆာမကားကောင်းစွာစောင့်အပ်၏၊ ၎င်းထံမှာယူကြပါ''
ဟု ပြောလေ၏၊ ''အမောင်....မသိ၍ အမှတ်မဲ့ဆိုမိသည်
သီလမပျက်နိုင်ပါ''ဟုဆိုကာ ဂရုဓမ္မသီလကိုယူကြပြန်၏။

**ပြည့်တန်ဆာမသီလ သံသယ**

တဘန် ပြည့်တန်ဆာမထံကပ်၍ ရှေး
နည်းအတိုင်း ဂရုဓမ္မသီလကို တောင်း
ကြပြန်၏၊ ပြည့်တန်ဆာမလည်း ''အ
ရှင်တို့....အကျွန်ုပ်သည်ဂရုဓမ္မသီလကိုစောင့်သော်လည်း
သံသယရှိ၍ မပေးလိုပါ၊တနေ့သ၌သိကြားမင်းသည်ကျွန်ုပ်
၏ သီလကိုစမ်းမည်ဟုလုလင်ငယ်အသွင်ဖြင့်လာ၍ပျော်မွေ့
ရန် အသပြာတထောင်ပေးခဲ့၍ သုံးနှစ်တိုင်အောင်မလာ၊
ထိုအခါ အကျွန်ုပ်သည် သီလ ပျက်မည်စိုးရိမ်၍ တပါး
သော ယောကျ်ားလက်မှ ကွမ်းဘိုးမျှမယူပါ သုံးနှစ်ပတ်
လုံး ဆင်းရဲလှ၍ တရားသူကြီးတို့ထံသွားကာ အကြောင်း
စုံပြောကြားပြီးလျှင် ဆုံးဖြတ်စေရာ ယနေ့မှစ၍ လာဘ်
လာဘကိုယူစေ''ဟု ဆုံးဖြတ်လေ၏၊ ဆုံးဖြတ်ရာရုံးတော်မှ
ထွက်ခဲ့လျှင် လုလင်တယောက်သည် ပျော်မွေ့ရန် အသ
ပြာတထောင်ပေးပြန်၏၊ ယူမည်ဟု လက်ဖြန့်၍ခံခိုက်တွင်
သိကြားမင်းသည် လုလင်အသွင်ဖြင့် ကိုယ်ထင်ပြ၍ ယခင်
လုလင်လာပြီဟုသိသောအခါ အသပြာကိုမယူဘဲ လက်
ကို ပြန်၍ယုတ်ထား၏၊ ထိုအခါ သိကြားမင်းသည် မိမိ

အသွင်ဖြင့် ကောင်းကင်မှာရပ်လျက် လူများအလယ်တွင် ငါသည် ဤပြည့်တန်ဆာမ၏သီလကို စုံစမ်းလိုသဖြင့် လွန်ခဲ့သော သုံးနှစ်လောက်က အသပြာတထောင်ကို ပေးခဲ့ဘူး၏၊ သီလပျက်မည်စိုးရိမ်၍ ယခုတိုင်အောင် တပါးသောယောက်ျားလက်မှ ကွမ်းဘိုးမျှမခံယူ သီလစောင့်သောသူသည် ဤပြည့်တန်ဆာမကဲ့သို့ စောင့်ကြရမည်ဟု အဆုံးအမပေးကာ ကျွန်ုပ်အိမ်ဝယ် ရတနာခုနစ်ပါးဖြင့် ပြည့်စေ၍ နတ်ပြည်သို့ပြန်လေ၏၊ ကျွန်ုပ်သည် ယူအပ်သောအခမကျေသေးဘဲ နောက်ထပ်အခကို ယူမည်ဟု လက်ဖြန့်၍ခံမိသည် သို့အတွက် သီလပျက်သည်ဟု သံသယရှိသည် "သူငယ်မ…. ယူမည်ဟု လက်ဖြန့်ကာမျှဖြင့် သီလမပျက်နိုင်ပါ အလွန်စင်ကြယ်ပါသည်" ဟု ဆိုကာ ဂရုဓမ္မသီလကိုယူကြပြန်၏။

**သီလအစွမ်း မိုးရွာသွန်း**

ဤသို့လျှင် တကျိပ်သော သူတို့၏ ဂရုဓမ္မသီလကို ရွှေပြား၌ ရေးပြီးလျှင် ဒန္တပုရမြို့တော်ပြန်ကာ ကာလိင်္ဂမင်းအား ရွှေပြားကိုဆက်သပြီးလျှင် မိမိတို့ကြားသိခဲ့သမျှ အကြောင်းစုံကို လျှောက်ထားကြကုန်၏၊ ကာလိင်္ဂမင်းသည် ဂရုဓမ္မသီလကိုစောင့်ရှောက်လျှင် ခဏချင်းပင် အလုံးစုံသောကာလိင်္ဂတိုင်း၌ မိုးရွာ၍ဘေးသုံးပါးတို့ ငြိမ်းအေးသဖြင့် လူတို့ချမ်းသာရကုန်၏၊ ဓနဉ္စယကောရဗျမင်းကြီးလည်း အသက်ထက်ဆုံး ဂရုဓမ္မသီလကိုစောင့်သုံး၍ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ သေသည်၏အခြားမဲ့၌ ပရိသတ်နှင့်တကွ နတ်ပြည်သို့ သွားလေ၏။

ဤဒေသနာတော်ကိုဆောင်တော်မူပြီးလျှင် သစ္စာကိုပြသည်၏အဆုံး၌ အချို့သောရဟန်းတို့သည် သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ပြည့်တန်ဆာမသည်-ယခုအခါ ဥပ္ပလဝဏ်။

※ တံခါးစောင့်သည်-ပုဏ္ဏ။

※ ကြိုးဆွဲအမတ်သည်-ကစ္စည်း။

※ တင်းခြင်အမတ်သည်-မောဂ္ဂလာန်။

※ သူဌေးကြီးသည်-သာရိပုတ္တရာ။

※ ရထားထိန်းသည်-အနုရုဒ္ဓါ။

※ ပုရောဟိတ်ပုဏ္ဏားသည်-ကဿပ။

※ အိမ်ရှေ့မင်းသည်-အာနန္ဒာ။

※ မိဖုရားကြီးသည်-ရာဟုလာမယ်တော်။

※ မယ်တော်မိဖုရားကြီးသည်- မယ်တော်မဟာမာယာ။

※ ဓနဉ္စယကောရဗျမင်းသည်-ငါဘုရားဖြစ်လာပြီ-ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မသတ်အသက်၊မခိုးဥက်၊မဖျက်သူ့အိမ်ရာ။
(၂) မုသားမယှဉ်၊ယစ်မျိုးကြဉ်၊ငါးအင်ဂရုစား၊
(၃) မယ်တော်,မင်းဖျား၊မိဖုရား၊ပုဏ္ဏားဥပရာ။
(၄) ကြိုးဆွဲတအင်၊ရထားနှင်၊တင်းခြင်,သူဌေးသာ။
(၅) တံခါးစောင့်လျှင်၊မိန်းမရှင်၊ဆယ်အင်စောင့်သုံးကာ။

ဂရုဓမ္မဇာတ်ပြီး၏။

## ၂၇၇- ရောမကဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

**လောဘိတုပ္ပါဒမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရားကို သတ်ရန် လုံ့လပြုခြင်းကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထု ထင်ရှားပြီ။]

အတိတ်ဝတ္ထု၊

**ခိုသားကိုမက် ရသေ့ပျက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ခိုမျိုး၌ဖြစ်၍ ခိုများစွာခြံရံလျက် တောအရပ် လိုဏ်ဂူတခုတွင်နေလေ၏၊ မထင်ရှားသော သီလရှိသောရသေ့သည် ထိုခိုတို့နေရာနှင့် မနီးမဝေးသောအရပ်၌ ပစ္စန္တရာဇ်ရွာတခုကို အမှီပြုပြီးလျှင် ကျောင်းဆောက်ကာ လိုဏ်ဂူတခုတွင် နေ၏။

ခိုမင်းသည် ရံခါရံခါရသေ့ထံသွား၍ ဖူးမျှော်ကာ တရားနာလေ့ရှိ၏၊ ထိုရသေ့သည် ထိုအရပ်တွင် ကြာမြင့်စွာနေ၍ အရပ်တပါးသို့ ဘဲသွားလေ၏၊ ထိုအခါ ကောက်ကျစ်စဉ်းလဲသောရသေ့တပါးသည် လာလတ်၍ ထိုလိုဏ်ဂူတွင်နေပြန်၏၊ ခိုမင်းသည် ခိုအပေါင်းခြံရံကာ ထိုရသေ့နှင့် ပဋိသန္ထာရပြု၍ ကျောင်းတွင်း၌ကျက်စားလျက် တောင်ချောက်ကြား၌ အစာယူပြီးလျှင် မိမိနေရာသို့ပြန်၏၊ ထိုကောက်ကျစ်စဉ်းလဲသောရသေ့လည်း ထိုလိုဏ်ဂူတွင် နှစ်ပေါင်း ငါးဆယ်ကျော်နေ၏။

တနေ့သ၌ ပစ္စန္တရာဇ်ရွာသားတို့သည် ခိုသားကိုကောင်းမွန်စွာစီရင်ချက်ပြုတ်၍ ရသေ့အား လှူဒါန်းကြကုန်၏၊ ရသေ့လည်း ခိုသား၌ရသတဏှာ တပ်စွန်းသဖြင့် "ဒါယကာတို့.... အဘယ်အသားနည်း"ဟု မေးရာ "အရှင်ဘုရား....ခိုသားဖြစ်ပါသည်"ဟု လျှောက်ထားကြကုန်၏၊ ထိုအခါရသေ့သည် ငါ့ကျောင်း၌ ခိုတို့သည်ကျက်စားကြသည် ထိုခိုတို့ကိုသတ်ကာ အသားကိုစားရမူ ကောင်းလိမ့်မည်ဟု ကြံစည်လျက် ဆန်,ထောပတ်,နို့မှမ်း,နို့ရည်စသည်တို့ကိုဆောင်ယူခဲ့၍ လျှောက်ပတ်သောအရပ်၌ ထားပြီးလျှင် လက်ရိုက်ကိုသက်န်းဖြင့်ဖုံးလွှမ်းကာ ခိုတို့အလာကိုစောင့်ဆိုင်းလျက် ကျောင်းတံခါးဝ၌နေ၏။

**ရသေ့ပျက်အပါး ခိုရှောင်ရှား**

ခိုမင်းသည် ခိုအပေါင်း ခြံရံလျက် ကျောင်းသို့သွားလေလျှင် ကောက်ကျစ်စဉ်းလဲသော ရသေ့ပျက်၏ အမူအရာကိုမြင်၍ ဤရသေ့၏အမူအရာသည်ပျက်၏၊ ငါ့ဆွေမျိုးတို့အ-

သားကိုစားလိုသလော စုံစမ်းမည်ဟုကြံစည်ကာ လေအောက်၌ရပ်လျက် ရသေ့၏ကိုယ်မှ ခိုသားနံ့နံလျှင် ငါတို့အသားကိုစားလိုသည် ရသေ့အထံသို့ သွားရန် မသင့်ဟု ခိုအပေါင်းကိုခေါ်ယူကာ ဘဲသွားလေ၏။

ရသေ့ပျက်လည်း ခိုတို့မလာသည်ကိုမြင်လျှင် ခိုတို့နှင့်စကားပြောပြီးလျှင် အကျွမ်းဝင်သဖြင့် ကပ်လာသောအခါ သတ်၍စားမည်ဟုကြံစည်ကာ—

"သန္တာအဆင်းနှင့်တူသော မျက်စိရှိသော ခိုအပေါင်းတို့···· ငါသည် နှစ်ပေါင်းငါးဆယ်ကျော်အောင် တောင် လိုဏ်ဂူမှာနေခဲ့ပြီ၊ ရှေးအခါခိုတို့သည် ယုံမှားမရှိ ငြိမ်သက်စွာ ငါ့လက်မှိလောက်ရာအရပ်သို့ လာကြကုန်၏၊ ယခုအခါခိုတို့သည် ဘယ်အကြောင်းကိုမြင်၍ လုံ့လပြုကုန်လျက် တပါးသော တောင်ချောက်ကြားသို့ ပျံကြကုန်ဘိသနည်း၊ ဤခိုတို့သည် ငါ့ကိုရှေးကကဲ့သို့ မအောက်မေ့ကြဟုထင်၏၊ ငါနှင့်ကြာမြင့်စွာနေပြီးသော ခိုတို့သည် ငါ့ကိုပင်မသိကြယောင်တကား၊ သို့တည်းမဟုတ် ငါနှင့်ကြာမြင့်စွာနေသော ခိုတို့မဟုတ်ကုန်သလော"—

ဟု မိမိအထံသို့လာရန် ပဋိသန္ထာရစကားပြောကြားလေ၏၊ ရသေ့၏စကားကိုကြားလျှင် ခိုမင်းသည် နောက်သို့ဆုတ်လျက်—

"အသက်မွေးလို၍ပြုသော အိုရသေ့ပျက်····ငါတို့သည် သင်ရသေ့၏အကြောင်းကို သိကြကုန်၏၊

မမိုက်မဲ မတွေဝေကြကုန်၊ သင်သာမိုက်မဲတွေဝေခဲ့၏၊ ငါတို့သည် သင်နှင့်ကြာမြင့်စွာနေပြီးသော ခိုတို့ဖြစ်ကုန်၏၊ အခြားခိုတို့မဟုတ်ကုန်၊ ဤခိုအပေါင်း၌ သင်၏စိတ်သည် ပြစ်မှားခဲ့၏၊ သို့အတွက်သင့်ကို ငါတို့ကြောက်ရွံ့ထိတ်လန့်ကုန်၏”—

ဟု—ရသေ့ကောက်အား ပြန်ကြားပြောဆိုလေ၏၊ ထိုအခါ ရသေ့ကောက်သည် ငါ၏အကြောင်းကို ခိုတို့သိကုန်ပြီဟု လက်ရိုက်ဖြင့်ပစ်လိုက်၍ အချင်းခိုသွားလေလော့ လွဲလေပြီဟုဆိုလိုက်၏၊ထိုအခါ ခိုမင်းသည် ရသေ့ပျက်အား “ဟယ်-ရသေ့ပျက်‥ရှေးဦးစွာငါ့ကိုလွဲသည်ကားမှန်၏၊သင့်မှာအပါယ်လေးပါးနှင့်လွဲမည်မဟုတ်၊အကယ်၍သင်ဤကျောင်း၌ နေပါမူ ရွာသားတို့ကို ဤရသေ့ကား သူခိုးဖြစ်သည်ဟု အကြောင်းကြားကာ သင့်ကိုသတ်စေမည်”ဟု ခြိမ်းချောက်လေ၏။

ကောက်ကျစ်စဉ်းလဲသော ရသေ့လည်း ခိုမင်း၏စကားကိုကြားလျှင် ကြောက်သဖြင့် မနေဝံ့ဘဲ အရပ်တပါးသို့ဘဲ သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ကောက်ကျစ်သောရသေ့သည်- ယခုအခါ ဒေဝဒတ်။

※ သီလရှိသောရသေ့သည်-သာရိပုတ္တရာ။
※ ခိုမင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟု- ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ ရသေ့လူသွမ်း၊ခိုသတ်မှန်း၊ဖုံးလွှမ်းလက်ရိုက်ကိုင်။
၂။ ခိုပညာရှိ၊အကြောင်းသိ၊ထိအောင်မပစ်နိုင်။

ရောမကဇာတ်ပြီး၏။

---

## ၂၇၈—မဟိံသရာဇဇာတ်

ပန္နရပနိ၀ဆ၊

**မျောက်ယုတ်မာမှု အကြောင်းပြ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် အမျိုးသား တယောက်သည် လျှပ်ပေါ်သော မျောက်တကောင်ကို အိမ်တွင်မွေး၍ထား၏၊ ထိုမျောက်သည် ဆင်တင်းကုပ်သို့ သွား၍ သီလရှိသော ဆင်၏ ကျောက်ကုန်း၌နေလျက် ကျင်ကြီးကျင်ငယ်စွန့်၏၊ စင်္ကြံသွား၏၊ ဆင်သည်သီလရှိသောကြောင့် အမျက်မထွက်။

တနေ့သ၌ ထိုဆင်၏နေရာဝယ် တပါးသောဆင်ငယ်သည်လာ၍နေ၏၊ မျောက်လည်း ရှေးကဆင်အမှတ်ဖြင့် ကျောက်ကုန်းသို့တက်၏၊ ဆင်သည် အမျက်ထွက်သဖြင့် လျင်မြန်စွာ နှာမောင်းဖြင့်ယူပြီးလျှင် မြေ၌ချကာ ခြေဖြင့် နင်း၍သတ်လေ၏၊ ထိုအကြောင်းသည် သံဃာဘောင်၌ ထင်ရှားလေ၏။

ရဟန်းတို့သည်တရားသဘင်၌စကားစပ်မိ၍ ထိုမျောက်၏ အကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍သိတော်မူလျှင်“ရဟန်းတို့..ဤမျောက်သည် ယခုအခါ၌သာလျှင် လျှပ်ပေါ်သည်မဟုတ်၊ ရှေးအခါ၌လည်း လျှပ်ပေါ်သည်သာတည်း”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ယုတ်မာတန်တန် ကျွဲသည်းခံ**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ကျွဲမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကြီးသော ကိုယ်ရှိလျက် အားအစွမ်းနှင့်ပြည့်စုံ၏၊ တောင်ခြေရင်းဝယ် ချိုင်းဂှမ်းခဲယဉ်းသော တောအုပ်၌ကျက်စား၍ ချမ်းသာသောသစ်ပင်ရင်းတခုတွင် နေ့အခါနေလေ့ရှိ၏။

ထိုအခါ လျှပ်ပေါ်သော မျောက်တကောင်သည် သစ်ပင်မှဆင်းသက်ကာ ကျွဲ၏ကျောက်ကုန်းသို့ တက်ပြီးလျှင် ကျင်ကြီး ကျင်ငယ်စွန့်၏၊ ချိုတို့၌ကိုင်ကာ တွဲလျားဆွဲ၏၊ အမြီးတို့၌ကိုင်ပြီးလျှင် ပခက်လွှဲသကဲ့သို့ပြုကာ ကစားလေ့ရှိ၏၊ ကျွဲသည် သည်းခံခြင်း,သနားခြင်း,ချစ်ခြင်းနှင့် ပြည့်စုံသောကြောင့် ထိုမျောက်၏ မရိုမသေကျင့်ခြင်းကို နှလုံးမမူ၊ မျောက်သည် အကြိမ်ကြိမ် ထိုအတူသာလျှင်ပြုကျင့်၏။

တနေ့သ၌ သစ်ပင်ရင်း၌နေသောနတ်သည် သစ်ခွကြားတွင်တည်လျက်—

"ကျွဲမင်း....အလုံးစုံသော အလိုကို ပေးတတ်သော အရှင်၏ဆင်းရဲကို သည်းခံသကဲ့သို့၊ လျှပ်ပေါ်သောစိတ်ရှိ၍ အဆွေခင်ပွန်းကို ပြစ်မှားသော ဤမျောက်ပျက်၏ဆင်းရဲကိုအဘယ်ကြောင့်သည်းခံဘိသနည်း–

ဤမျောက်ပျက်ကိုချိုတို့ဖြင့်၎င်း, ခွာတို့ဖြင့်၎င်း, ခတ်နင်း၍ သေအောင် သတ်ပါလော့၊ အကယ်၍ မတားမြစ်ပါမူ မိုက်သောသတ္တဝါတို့သည် အတိုင်းထက်အလွန် ညှဉ်းဆဲကုန်ရာ၏"–

ဟု–ပြောဆို တိုက်တွန်းလေ၏၊ ကျွဲမင်းသည် သစ်ပင်စောင့်နတ်၏စကားကိုကြားလျှင်–

"အို-ရုက္ခစိုးနတ်....ဤ မျောက်ပျက်သည် ငါကဲ့သို့မှတ်ထင်အောက်မေ့ကာ တပါးသော ကျွဲတို့ကိုလည်းပြုလုပ်လိမ့်မည်၊ ပြုလုပ်သောကြောင့် ထိုကျွဲတို့သည် ထိုအရပ်မှာပင် မျောက်ပျက်ကို သတ်ကြလိမ့်မည်၊ထိုသို့သတ်ကြခြင်းကား ငါ့အားဆင်းရဲမှ၎င်း, ပါဏာတိပါတကံမှ၎င်း လွတ်မြောက်စေရန်ဖြစ်လိမ့်မည်"–

ဟု–ရုက္ခစိုးနတ်အား- အကျိုးအကြောင်းပြကာ ပြောကြားလေ၏။

**ယုတ်မာအစဉ်**
**သေပွဲဝင်**

နှစ်ရက်,သုံးရက် လွန်သောအခါ ကျွဲမင်းသည် အရပ်တပါးသို့ သွားလေ၏၊ ကြမ်းသောကျွဲတကောင်သည်ထိုအရပ်

သို့လာ၍နေ၏၊ ထိုအခါ လျှပ်ပေါ်သော မျောက်သည် မိမိနှင့် ဆက်ဆံဘူးသော ကျွဲဟူသော အထိမ်းအမှတ်ဖြင့် ကျောက်ကုန်းသို့တက်၍ ရှေးအတူ မရိုမသေ ပြုကျင့်ပြန်၏၊ ထိုအခါ ကျွဲသည် ကိုယ်ကိုခါ၍ မျောက်ကို မြေ၌ကျစေပြီး လျှင် ချိုဖြင့် ရင်ပတ်ကိုခတ်ကာ ခြေတို့ဖြင့် နင်း၍သတ်လေ၏၊ မျောက်လည်း ထိုအရပ်မှာပင် အသက်ကုန်ခြင်းသို့ ရောက်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ-ကြမ်းသောကျွဲသည်-ယခုအခါကြမ်းသော ဆင်။

※ လျှပ်ပေါ်သော မျောက်သည်ပင်- လျှပ်ပေါ်သော မျောက်။

※ ကျွဲမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု—ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

၁။ မျောက်ပျက်လျှပ်ပေါ်၊ကျွဲကျောပေါ်၊မလျော်ညစ်ကြေးပြု။

၂။ သည်းခံကျွဲမြတ်၊ကျွဲကြမ်းသတ်၊သေလတ်ယုတ်မာမှု။

မဟိံသရာဇ ဇာတ်တော်ပြီး၏။

## ၂၇၉-သတပတ္တဇာတ်

**ပစ္စုပ္ပန်ဝတ္ထု၊**

**ခိုက်ရန်စေမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ်ပဏ္ဍုကရဟန်းနှင့်လောဟိတကရဟန်းနှစ်ပါးတို့သည်သာဝတ္ထိပြည်ကို အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ နေကြကုန်၏၊ ထိုရဟန်းနှစ်ပါးတို့သည် တရားသဖြင့် ငြိမ်းလေပြီးသော အဓိကရုဏ်းကို တဖန်ကံပြုစိမ့်သောငှါ လှုံ့ဆော်ကြကုန်၏၊ တပါးသောရဟန်းတို့အားလည်း အယူကို စွန့်စိမ့်သောငှါ မပေးကြကုန်၊ ထိုကြောင့် ခိုက်ရန်ငြင်းခုန်ခြင်း အထူးထူးအပြားပြားပြောဆိုခြင်းတို့သည် တနေ့တခြား များပြား၍ လာကုန်၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရား သိတော်မူလျှင် ပဏ္ဍုကရဟန်းနှင့် လောဟိတက ရဟန်းနှစ်ပါးကို ခေါ်တော်မူ၍ မေးမြန်းတော်မူရာ ကြားတော်မူတိုင်း ဟုတ်မှန်ကြောင်းကိုလျှောက်ထားကြလျှင်“ရဟန်းတို့····သင်တို့အမူအရာသည် ခေါက်ရှာငှက်နှင့် လုလင်၏ အမူအရာကဲ့သို့ ဖြစ်၏”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ကြွေးမြေတောင်းချေသားကိုစေ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မထင်

ရှားသော ကာသိကရွာငယ်တွင် တဦးသောအမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကုန်သွယ်ခြင်း, လယ်လုပ်ခြင်း စသောအမှုဖြင့် အသက်မွေးခြင်းကိုမပြုဘဲ သူခိုးငါးရာတို့ အကြီးအမှူးဖြစ်၍ ခရီးသွားတို့ကို လုယက်ခြင်း, အိမ်ခြံ စပ်ကို ဖောက်ထွင်း၍ခိုးခြင်းစသော အမှုကိုပြုလုပ်ကာ အသက်မွေးလေ၏။

ထိုအခါ ဗာရာဏသီပြည်ဝယ် သူကြွယ် တယောက် သည် ဇနပုဒ်သားတယောက်အား အသပြာတထောင်ချေး ငှါးပြီးလျှင် ပြန်၍တောင်းမယူမီ သေလွန်ခဲ့၏၊ ထိုသူကြွယ် ၏မယားလည်း နောက်အခါ သည်းထန်စွာ ရောဂါဝေဒ နာဖြစ်၍ သေခါနီးလတ်သော်သားကိုခေါ်၍ "ချစ်သား.. သင့်အဘသည် ဇနပုဒ်သား မည်သူ့အား အသပြာတ ထောင် ချေးငှါးပြီးလျှင် ပြန်၍တောင်းမယူမီ သေလွန်ခဲ့ ၏၊ ငါလည်းအကယ်၍ သေခဲ့အံ့ ထိုသူသည် သင့်အား မပေးလတံ့၊ ငါအသက်ရှင်စဉ်ပင် သွား၍တောင်းချေ"ဟု စေခိုင်းလေ၏။

**သားကိုလွန်ချစ် ခွေးမ-ဖြစ်**

သားလည်း မိခင်စကားကို ကြားလျှင် ကောင်းပြီ-ဟု ဝန်ခံကာ ထိုဇနပုဒ်သို့ သွားပြီးလျှင် မြီးစားထံတောင်းရာရခဲ့ သဖြင့် ပြန်လာလေ၏၊ မိခင်လည်း သားသွား၍မကြာမြင့် မီသေလွန်၍ သား၌ချစ်ခြင်းကြောင့် သားသွားရာလမ်း တွင် ဥပပတ်ပဋိသန္ဓေဖြင့် မြေခွေးမဖြစ်လေ၏၊ ထိုအခါ သူခိုးကြီးလည်း ခရီးသွားတို့ကို လုယက်လျက် ထိုလမ်း ခရီးတွင် ပရိသတ်နှင့်တကွနေ၏။

မြေခွေးမသည် သားလုလင် တောအုပ်ဝသို့ ရောက်သည်ရှိသော်“အမောင်….မသွားလေနှင့် ဤတောအုပ်၌ သူခိုးတို့နေကြကုန်၏၊ အမောင့်ကိုသတ်၍ အသပြာတထောင်ကိုယူကြကုန်လတံ့” ဟု ပြောဆိုသောအနေဖြင့် အဖန်ဖန် ခရီးလမ်းကို ဖြတ်သန်းကာ တားမြစ်လေ၏၊ လုလင်သည် အကြောင်းကို မသိသဖြင့် ယုတ်မာသော မြေခွေးမသည် ငါ၏သွားရာလမ်းကို အဖန်ဖန် ဖြတ်သန်းတားမြစ်ဘိ၏ဟု အမျက်ထွက်ကာ လုံကန်ဖြင့် ပစ်ခတ်၍ပြေးစေပြီးလျှင်တောအုပ်သို့သွားလေ၏။

**ဆိုးသည်ကိုပင်**
**အကောင်းထင်**

ထိုအခါ ခေါက်ရှာငှက် တကောင်သည် လုလင်၏လက်၌ အသပြာတထောင်ရှိသည် ဤလုလင်ကိုသတ်၍ ယူကြကုန်ဟုမြည်လျက် သူခိုးတို့ထံသို့ ရှေးရှုပျံလေ၏၊လုလင်လည်း အကြောင်းကို မသိသဖြင့် ဤငှက်ကား မင်္ဂလာငှက်ဖြစ်သည် ငါ့အား ကောင်းသောမင်္ဂလာ ဖြစ်လတံ့ဟု အောက်မေ့ကာ “အရှင်မြည်ပါဦးလော့- အရှင်မြည်ပါဦးလော့”ဟု တောင်းပန်ကာလက်အုပ်ချီလေ၏။

သူခိုးကြီးလည်း ပါရမီထူးသော ယောက်ျားမြတ်ဖြစ်ရကား ခပ်သိမ်းသော သတ္တဝါတို့၏မြည်သံကိုသိ၏၊ ထိုလုလင်နှင့် ခေါက်ရှာငှက်တို့အမူအရာကို မြင်လျှင် ဤမြေခွေးမကား လုလင်၏အမိဖြစ်တန်ရာ၏၊ ထို့ကြောင့် မြေခွေးမသည် လုလင်ကို သူခိုးတို့သတ်မည့်ဘေးမှ ကာကွယ်လိုသဖြင့် တားမြစ်၏၊ ဤခေါက်ရှာငှက်ကား လုလင်၏ ရန်သူဖြစ်တန်ရာ၏၊ ထို့ကြောင့် ဤလုလင်ကိုသတ်၍ အသပြာ

တထောင်ကိုယူရန် ငါတို့အား ပြောကြား၏၊ ဤလုလင် ကား အကြောင်းကိုမသိသောကြောင့် အကျိုးစီးပွားကိုလို လားသောမိခင်အား ခြိမ်းချောက်၍ ပြေးစေဘိ၏၊အကျိုး မဲ့ကိုလိုလားသော ခေါက်ရှာငှက်အား တောင်းပန်ကာ လက်အုပ်ချီဘိ၏၊ ဤလုလင်ကား ဩော်…မိုက်လေစွဟု ကြံစည်မိလေ၏။

**သူခိုးဗိုလ်က ဆိုဆုံးမ**

ထိုအခိုက်တွင် လုလင်သည် လာလတ်သော် သူခိုးတို့နေရာ အပိုင်း အခြား သို့ရောက်လေ၏၊ သူခိုးကြီးသည် ထို လုလင်ကို ခေါ်စေပြီးလျှင် "အမောင်…အဘယ်မှာနေ သနည်း"ဟုမေး၏၊ "အရှင်…ဗာရာဏသီပြည်၌ နေပါ သည်"ဟုပြော၏၊ "အဘယ်သို့သွားသနည်း"ဟု မေး၏၊ ဇနပုဒ်သားတယောက်ထံ အကြွေး အသပြာတထောင် တောင်းရန် သွားပါသည်"ဟုပြော၏၊ "ရခဲ့သလား" ဟု မေး၏၊ "ရခဲ့ပါသည်"ဟု ပြော၏၊ "သင့်ကို ဘယ်သူအ တောင်းခိုင်းသနည်း"ဟု မေး၏၊ "အနာရောဂါပြင်းထန် စွာ ခေါက်နေသောမိခင်က အတောင်းခိုင်းပါသည်" ဟု ပြော၏၊ "သင့်မိခင်၏အကြောင်းကို သိသလား"ဟု မေး ၏၊ "မသိပါ"ဟု ပြော၏၊ "သင့်မိခင်သည် သင်သွား၍ မကြာမြင့်မီ သေလွန်ပြီးလျှင် သား၌ချစ်ခြင်းကြောင့် ခရီး လမ်းကြားတွင် မြေခွေးမ-ဖြစ်နေသည်၊ သင့်ကိုသူခိုးတို့ သတ်မည့်ဘေးမှ ကာကွယ်လိုသဖြင့် တားမြစ်ဘိ၏၊ သင် ကား ခြိမ်းချောက်၍ ပြေးစေခဲ့၏၊ ဤခေါက်ရှာငှက်ကား သင့်ရန်သူဖြစ်သည်၊ ထို့ကြောင့် သင့်ကိုသတ်၍ အသပြာ တထောင်ကို ယူရန် သူခိုးတို့အား ပြောကြားသည်၊

သင်သည် မိုက်မဲသောကြောင့် အကျိုးစီးပွားကို လိုလားသောမိခင်အား ခြိမ်းခြောက်၍ ပြေးစေဘိ၏၊ အကျိုးမဲ့ကို လိုလားသော ခေါက်ရှာငှက်အား တောင်းပန်ကာ လက်အုပ်ချီဘိ၏၊ ငါတို့အပေါ်၌ သင်ပြုအပ်သော ကျေးဇူးမရှိ၊ သင့်မိခင်ပြုအပ်သောကျေးဇူးကား များလှ၏၊ သို့အတွက် သင့်မိခင်၏ကျေးဇူးကို ထောက်ထားကာ သင့်ကို လွှတ်လိုက်မည် အသပြာတတောင်ကိုယူ၍ချမ်းသာစွာသွားလေလော့ဟုလွှတ်လိုက်၏။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူပြီးလျှင်—

"ရဟန်းတို့.. လမ်းခရီး၌လုလင်သည် တော၌ကျက်စားလျက် မိမိအကျိုးစီးပွားကို လိုလား၍ပြောကြား လာသော မြေခွေးမကို အကျိုးစီးပွားမဲ့ကိုလိုလားသည်ဟု အောက်မေ့မှတ်ထင်သကဲ့သို့ရင်း, အကျိုးစီးပွားမဲ့ကိုလိုလားသောခေါက်ရှာငှက်ကို အကျိုးစီးပွားကို လိုလားသည်ဟု အောက်မေ့ မှတ်ထင်သကဲ့သို့ရင်း ထိုအတူ လောကမှာ ဤလိုသဘောရှိသော ပုဂ္ဂိုလ်မျိုးသည်ရှိ၏၊ ထိုပုဂ္ဂိုလ်မျိုးကား အကျိုးစီးပွားဖြင့် ဆိုဆုံးမသည်ရှိသော် အယုတ်အားဖြင့်ယူ၏၊ မိမိကိုချီးမွမ်းသူ,ဘေးကိုပြ၍ ချီးမြောက်သူကိုလုလင်မိုက်သည် ခေါက်ရှာငှက်ကို မိတ်ဆွေဟု အောက်မေ့ မှတ်ထင်သကဲ့သို့ ဖြစ်တတ်၏"—

ဟု ဟောကြားဆုံးမတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ သူခိုးကြီးသည်-ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) အကျိုးလိုလား၊ ပြောပြငြား၊ အမှားထင်တတ်သည်။
(၂) မလိုအကျိုး၊ ပြောပြမျိုး၊ ဟုတ်နိုးထင်တတ်သည်။
(၃) ပညာမဲ့များ၊ အထင်မှား၊ လျင်လျားပျက်စီးသည်။

သတ္တပဏ္ဏဇာတ်ပြီး၏။

---

## ၂၀၀—ပုဋ္ဌသကဇာတ်

### ပစ္စုပ္ပန်၀တ္ထု

**ပျက်စီးစေမှု အကြောင်းပြု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် အမတ်တယောက်သည် ဘုရားအမှူးရှိသော သံဃာအား ပင့်ဘိတ်၍ ဥယျာဉ်တော်၌နေစေလျက် ဆွမ်းမဘုဉ်းပေးမီ ဥယျာဉ်တော်၌ လှည့်လည်လိုကုန်သော အရှင်တို့သည် လှည့်လည်ဘော် မူကြပါကုန်ဟု လျှောက်ထားလေ၏။

ရဟန်းတို့သည် ဥယျာဉ်တော်၌ လှည့်လည်ကြကုန်သည်ရှိသော် ဥယျာဉ်စောင့်သည် အရွက်နှင့်ပြည့်စုံသောသစ်ပင်ကြီးသို့တက်၍ ကြီးသောအရွက်တို့ကိုချူးကာ ဤအထုပ်ကားပန်းထုပ်ဖြစ်လတ့ံ၊ ဤအထုပ်ကား သစ်သီးထုပ် ဖြစ်လတ့ံဟု အထုပ်တို့ကို ပြုလုပ်ကာ သစ်ပင်ရင်းသို့ချ၏၊ ဥယျာဉ်စောင့်၏သား သူငယ်သည် ချတိုင်းချတိုင်းသော အထုပ်တို့ကိုဖျက်ဆီး၏၊ ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလျှင် မြတ်စွာဘုရားသည် "ရဟန်းတို့…ဤသူငယ်ကား ယခုအခါ၌သာ အထုပ်တို့ကိုဖျက်ဆီးသည်မဟုတ်၊ရှေးအခါ၌လည်း ဖျက်ဆီးဘူး၏" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**သစ်ရွက်ဖျက်ဆီး မျောက်ပျက်ကြီး**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ထိုဗာရာဏသီပြည်မှာပင် တဦးသော ပုဏ္ဏားမျိုး၌ ဖြစ်၍အရွယ်သို့ ရောက်လတ်သော် အိမ်၌နေလျက် တနေ့သ၌တစုံတခုပြုဘွယ်ကိစ္စဖြင့် ဥယျာဉ်သို့သွားလေ၏၊ထိုဥယျာဉ်၌လည်း များစွာသော မျောက်တို့သည်နေကြကုန်၏။

ဥယျာဉ်စောင့်သည် သစ်ပင်သို့တက်ကာ သစ်ရွက်ထုပ်တို့ကိုချ၏၊ မျောက်ကြီးသည် ချတိုင်းချတိုင်းသော သစ်ရွက်ထုပ်တို့ကို ဖျက်ဆီး၏၊ ထိုအခါ ပုဏ္ဏားသည် မျောက်ကြီးကိုခေါ်၍—

"အို-မျောက်မင်း....သင်သည် သစ်ရွက်ထုပ်ပြု
လုပ်သောအမှု၌ လိမ်မာခဲ့သည်ထင်၏၊ ထိုကြောင့်
အထုပ်တို့ကို ဖျက်ဆီးဘိ၏၊ အခြားနှစ်သက်ဘွယ်
ကောင်းသောအထုပ်ကို ပြုလုပ်မည်လော"—

ဟု မေးလေ၏၊ ထိုအခါ မျောက်ကြီးသည် ပုဏ္ဏား
အား—

"အို-ယောက်ျား.... ငါ၏အမိသည်၎င်း,အဘ
သည်၎င်း သစ်ရွက်ထုပ် ပြုလုပ်သောအမှု၌ မလိမ်
မာပါ၊ ငါတို့ကားပြုတိုင်းပြုတိုင်းသောသစ်ရွက်ထုပ်
ကို သာလျှင် ဖျက်ဆီးပါကုန်၏၊ ဤမျောက်မျိုးတို့
ကား ဖျက်ဆီးတတ်သောသဘောရှိကုန်၏"—

ဟု ပြန်ကြားပြောဆိုလေ၏၊ ထိုမျောက်ကြီးပြောသော
စကားကိုကြားပြန်လျှင် ပုဏ္ဏားသည် မျောက်ကြီးအား—

"အို—မျောက်မင်း.... သင်တို့ မျောက်မျိုးတို့
သဘောကား ဤသို့သဘောရှိ၏၊ သဘောမဟုတ်
သောအကျင့်ကား အဘယ်နည်း၊ သင်တို့၏သဘော
ကို၎င်း,သဘောမဟုတ်သော အကျင့်ကို၎င်း တရံ
တခါမျှ မမြင်လို"-

ဟု ပြောဆိုကာ ပြစ်တင်ကဲ့ရဲ့ပြီးလျှင် ထိုအရပ်မှဘဲ
သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မျောက်ကြီးသည်-ယခုအခါ အထုပ်ကို ဖျက်ဆီးသော သူငယ်။

※ ပညာရှိပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ယုတ်မာ, လော်လည်၊ လျှပ်ပေါ်သည်၊ မတည်မျောက် သဘော။

(၂) ကောင်း,ဆိုး,ယုတ်,မြတ်၊ မသိလတ်၊ ဖျက်တတ်မျောက် သဘော။

ပုဋဒူသကဇာတ်ပြီး၏။

---

## ၂၈၁—အဗ္ဘန္တရဇာတ်

ပဋ္ဌ၊ပြန်၀ဆ၊

**ယသော်-ရဟန်းမ လေနာထ**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရာဟုလာ မယ်တော် ဗိမ္ဗာဒေဝီမိဖုရားသည် ငါကား ဤအိမ်၌နေသဖြင့် အကျိုးမရှိ၊ ရဟန်းပြု၍ သာဝတ္ထိပြည်သို့သွားပြီးလျှင် မြတ်စွာဘုရားကိုမပြတ်ဖူးမျှော်ကာနေမည်ဟုကြံစည်၍ရဟန်းပြုပြီးလျှင် ဥပဇ္ဈာယ်ဆရာတို့နှင့်တကွ သာဝတ္ထိပြည်သို့ သွားလျက် မြတ်စွာဘုရားကိုငင်း,ချစ်လှစွာသောသားတော်ကိုငင်း ဖူးမြင်ကာ တခုသောရဟန်းမိန်းမတို့ ကျောင်းတွင် နေလေ၏။

ရာဟုလာသာမဏေသည် လာ၍ မယ်တော်ကိုဖူးမြင်၏၊ တနေ့သ၌ မယ်တော်မထေရ်မအား ဝမ်းတွင်လေရောဂါထခဲ့၏၊ သားတော်သည် ဖူးမြင်ရန် လာလတ်သော် သားတော်အား အဖူးအမြင်ထွက်ရန်မတတ်နိုင်၊ ထိုအခါ ရာဟုလာသည် အခန်းတွင်းသို့ဝင်၍ "မယ်တော်.... ဘာအလိုရှိသနည်း"ဟုမေး၏၊ "ချစ်သားလူဖြစ်စဉ် သကာ, သကြားနှင့်ရောသောသရက်သီးရည်သည် လေနာငြိမ်းဘူး၏၊ ယခုအခါ ဆွမ်းခံ၍အသက်မွေးရ၏၊ အဘယ်မှာရနိုင်မည်နည်း"ဟု ပြောဆိုလေ၏။

ရာဟုလာသည်"မယ်တော်ရလျှင် ဆောင်ယူခဲ့မည်"ဟု ပြောဆိုကာ ဥပဇ္ဈာယ်ဖြစ်သော ရှင်သာရိပုတ္တရာထံသို့ သွား၍ ရှိခိုးကာ မျက်နှာမသာသော အခြင်းအရာဖြင့်နေ၏၊ ရှင်သာရိပုတ္တရာသည် ရာဟုလာအားမေး၍ သကာ သကြားတို့နှင့် ဖျော်သော သရက်သီးရည် ကို အလိုရှိကြောင်း လျှောက်ထားပြန်ရာ "ရာဟုလာ..မစိုးရိမ်လင့် ရမည်"ဟု မိန့်တော်မူလိုက်၏။

**သရက်သီးစားသောက် လေနာပျောက်** ရှင်သာရိပုတ္တရာလည်း နက်ဖြန်ရာဟုလာကိုခေါ်၍ ဆွမ်းစား စရပ်တွင် ထားခဲ့ပြီးလျှင် ကောသလမင်းကြီးအိမ်သို့ကြွတော်မူ၏၊ မင်းကြီးလည်း မထေရ်ကိုမြတ်သောနေရာတွင်နေစေ၏၊ ထိုခဏ၌ ဥယျာဉ်စောင့်သည် သရက်သီးမှည့်တို့ကိုယူလာ၍ မင်းကြီးအားဆက်လေ၏၊ မင်းကြီးလည်း သကာ,သကြားနှင့်ရောသော သရက်သီးရည်ကိုပြုလုပ်ကာ မထေရ်မြတ်အား သပိတ်ပြည့်အောင် လှူဒါန်းလေ၏၊ မထေရ်မြတ်လည်း မင်းကြီးအိမ်မှထွက်ကာ ဆွမ်း

စားစရပ်သို့သွားပြီးလျှင် ရာဟုလာအား ပေးတော်မူ၏၊ ရာဟုလာလည်းယူ၍ မယ်တော်အားပေး၏၊ မယ်တော်မထေရ်မလည်း သရက်သီးရည်ကိုသုံးဆောင်ကာမျှဖြင့်လျှင် လေနာသည် ငြိမ်းလေ၏။

ကောသလမင်းကြီးလည်း သရက်သီးရည်ကို ရှင်သာရိပုတ္တရာကိုယ်တိုင် သုံးဆောင်တော်မူသလော၊ အခြားသူအား ပေးတော်မူသလောဟု စုံစမ်းစေရာ ရာဟုလာမယ်တော်လေနာထ၍ ၎င်းအားပေးကြောင်း သုံးဆောင်ကာမျှဖြင့် လေနာငြိမ်းကြောင်းသိလေလျှင် အလွန်ကြည်ညိုသဖြင့် မထေရ်မအား မပြတ်သရက်သီးရည် လှူဒါန်းတော်မူ၏။

ရှင်သာရိပုတ္တရာသည် ဗိမ္ဗာဒေဝီမထေရ်မအား သရက်သီးရည်လှူဒါန်းသောအဖြစ်သည် သံဃာဘောင်၌ထင်ရှားလေ၏၊ ရဟန်းတို့သည် တရားသဘင်၌ ထိုအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... သာရိပုတ္တရာသည် ယခုအခါ၌သာ ရာဟုလာမယ်တော်ကို သရက်သီးရည်ဖြင့်ရောင့်ရဲစေသည်မဟုတ်၊ ရှေးအခါ၌လည်း ရောင့်ရဲစေခဲ့ဘူးပြီဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**သီလထန်ပြင်း ပဏ္ဏကမ္မလာတင်း** လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိက

ရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် အိမ်ရာထောင်လျက် လူ့ဘောင်၌နေခဲ့ရာ မိဘတို့သေလွန်သောအခါ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်ကိုဖြစ်စေလျက် ရသေ့အပေါင်းခြံရံကာ ဟိမဝန္တာအရပ်တွင် နေလေ၏။

အချိန်ကာလကြာမြင့်လတ်သော် ချဉ်ဆား မှီဝဲလိုသည်ဖြစ်၍ ဟိမဝန္တာတောင်မှဆင်းသက်ကာ ဒေသစာရီလှည့်လည်လေလျှင် ဗာရာဏသီပြည်သို့ရောက်၍ ဥယျာဉ်တော်တွင်နေလေ၏၊ ထိုအခါရသေ့တို့၏သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် တုန်လှုပ်လေ၏၊ သိကြားမင်းသည်ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ပြစ်မှားလိုသောစိတ်ဖြင့် ရသေ့တို့နေရာမရဘဲ စိတ်ညစ်၍ ဥယျာဉ်တော်မှပြေးရအောင် ပြုလုပ်မည်ဟုကြံစည်ကာ အကြောင်းရှာလေ၏။

ထိုအခါသိကြားမင်းသည် မိဖုရားကြီးကြက်သရေတိုက်ခန်းသို့ဝင်၍ ကောင်းကင်၌ရပ်လျက် မိမိ သိကြားမင်းအဖြစ်ကိုသိစေပြီးလျှင်—

"အရှင်မိဖုရားကြီး····နတ်တို့သာ သုံးဆောင်တိုက်သော အဗ္ဗန္တရသရက်သီးကိုစားရ၍ချင်ခြင်းရှိသောမိန်းမသည် စကြဝတေးမင်းဖြစ်သော သားကောင်းရတနာကို ဖွားမြင်လတ့်၊ အရှင်မိဖုရားကြီး···· သင်ကား ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်ခဲ့၏၊ သင်၏လင်ဖြစ်သော ဗာရာဏသီ မင်း

လည်း သင့်ကိုအလွန်ချစ်မြတ်နိုး၏၊ သို့အတွက် သင့်ဘို့အဗ္ဗန္တရသရက်သီးကို ဆောင်ယူပေးလတ္တံ့"-

ဟု အကျိုးအကြောင်းကိုပြောဆိုပြီးလျှင် တဖန် "အရှင်မိဖုရားကြီး…သင်သည် မမေ့ပါနှင့် နက်ဖြန်မင်းကြီးကို ဆက်ဆက်လျှောက်ကြားပါ"ဟု မှာထားဆုံးမခဲ့၍နတ်ရွာသို့ ပြန်လေ၏။

**သိကြားပြောလတ်ချင်ခြင်းတတ်** မိဖုရားကြီးလည်း သိကြားမင်းကိုယ်တိုင် လာပြောသည့်အတွက် အလွန်ယုံကြည်စိတ်ချကာ နက်ဖြန် အနာရောဂါရသော အခြင်းအရာကိုပြုပြီးလျှင် အလုပ်အကျွေးတို့အား အမှတ်သညာပေး၍အိပ်လေ၏၊ မင်းကြီးသည် ညီလာခံတွင် မိဖုရားကြီးကိုမမြင်၍ မေးတော်မူရာ မကျန်းမာကြောင်း လျှောက်ထားကြလျှင် မိဖုရားကြီးအခန်းတွင်းသို့ ဝင်၍ အိပ်ရာနံဘေးတဘက်၌ထိုင်ကာ လက်ဖြင့် ကျောကိုသပ်လျက် "အရှင်မိဖုရားကြီး…. သင်အား အဘယ်ရောဂါ ဝေဒနာဖြစ်သနည်း"ဟုမေးလျှင်၊ "အရှင်မင်းကြီး…. အကျွန်ုပ်အား အခြားရောဂါဝေဒနာမရှိပါ၊ အဗ္ဗန္တရသရက်သီးကိုစားလိုသောချင်ခြင်းဖြစ်ပါသည်၊မရလျှင်သေရမည်"ဟုလျှောက်လျှင်"အရှင်မိဖုရား….ရစေမည် မစိုးရိမ်လင့်"ဟု အားပေးကာ အခမ်းတွင်းမှ ထွက်ခဲ့ပြီးလျှင် ရာဇပလ္လင်တွင်နေလေ၏။

ထိုနောက် မင်းကြီးသည် အမတ်တို့ကိုခေါ်၍ "အမတ်တို့…. မိဖုရားကြီးအား အဗ္ဗန္တရမည်သောသရက်သီးကို စားလိုသော ချင်ခြင်းဖြစ်သတတ်၊ အသို့ပြုရအံ့နည်း" ဟု မေးလေ၏၊ "အရှင်မင်းကြီး…. သရက်နှစ်ပင်တို့အကြား

တွင်တည်ရှိသော သရက်ပင်မှာ အမ္ဗဋ္ဌရသရက်ပင်ဖြစ်ပါသည်၊ ဥယျာဉ်တော်သို့စေလွှတ်ကာ ဆောင်ယူစေပြီးလျှင် မိဖုရားကြီးအားပေးပါ''ဟု လျှောက်ထားကြကုန်၏၊ မင်းကြီးသည် မင်းချင်းတို့အား သရက်ပင်နှစ်ပင်တို့အကြားတွင် တည်ရှိသော သရက်ပင်၏အသီးကို ဆောင်ယူရန်စေလွှတ်လေ၏။

**သိကြားနောက်ယှက် ရသေ့ရိုက်နှက်**

သိကြားမင်းသည် မိမိ၏ အာနုဘော်ဖြင့် ဥယျာဉ်တော်၌ စားအပ်ပြီးသည်နှင့် တူသည်ကိုပြု၍ သရက်သီး တို့ကို ကွယ်စေ၏၊ မင်းချင်းတို့လည်း ဥယျာဉ်တော်၌ လှည့်လည်ရှာဖွေရာ သရက်သီးတလုံးမျှမရသဖြင့် မရှိတော့ကြောင်းကိုလျှောက်ထားကြကုန်၏၊ မင်းကြီးသည် အဘယ်သူတို့စားကြသနည်းဟု မေးလျှင် ရသေ့တို့စားကြသည်ဟု လျှောက်ကြပြန်သောအခါ—ထိုရသေ့တို့ကို ရိုက်ပုတ်၍ နှင်ထုတ်ကြကုန်ဟု အမိန့်ပေးပြန်သဖြင့် ရိုက်ပုတ် နှင်ထုတ်ကြလေလျှင် ရသေ့တို့သွားကြရကုန်၏၊ သိကြားမင်းလည်းအလိုအတိုင်းပြည့်လေ၏၊ မိဖုရားကြီးမှာကား သရက်သီးမရသဖြင့် အိပ်မြဲတိုင်းအိပ်လေ၏။

မင်းကြီးသည် အမ္ဗဋ္ဌရသရက်သီးကိုမရလျှင်အမတ်တို့နှင့် ပုဏ္ဏားတို့ကိုစည်းဝေးစေ၍ မေးမြန်းပြန်ရာ ပုဏ္ဏားတို့သည်''အရှင်မင်းကြီး....အမ္ဗဋ္ဌရ သရက်သီးကား နတ်တို့အသုံးအဆောင်သာဖြစ်သည်၊ ဟိမဝန္တာဝယ် ရွှေတောင်အကြား၌ရှိ၏ဟု အဆင့်ဆင့်စကား ကြားဘူးပါသည်''ဟု လျှောက်၏၊''ပုဏ္ဏားတို့..ထိုအမ္ဗဋ္ဌရ သရက်သီးကို ဘယ်သူသွား၍ ဆောင်ယူနိုင်မည်နည်း''ဟုမေး၏၊ ''အရှင်မင်း

ကြီး····လူသားသွား၍ဆောင်ယူရန် မတတ်နိုင်ပါ၊ ကျေးသားငယ်တကောင်ကိုစေလွှတ်ရန်သင့်၏”ဟုလျှောက်ထားကြကုန်၏။

**အဗ္ဘန္တရရှာဖွေ ကျေးငှက်စေ**

ထိုအခါ မင်းကြီးသည် အိမ်တော်ဝယ် မွေးထားသော ကြီးသောကိုယ်ရှိ၍ ခွန်အားနှင့်ပြည့်စုံလျက် ဥပါယ်တမျဉ်၌ လိမ်မာ ယဉ်ကျေးလှသော ကျေးသားငယ်ကို ခေါ်၍-- “အမောင်ကျေးသား··သင့်ကို ငါကျေးဇူးပြုထားသည်မှာ ကြာမြင့်ပေပြီ၊ သင်သည် ငါ၏ကိစ္စတခုကို ဆောင်ရွက်လော့၊ သင့်မိခင် မိဖုရားကြီးသည် အဗ္ဘန္တရ သရက်သီးကို စားလိုသော ချင်ခြင်းဖြစ်ခဲ့သည်၊ မရလျှင်သေရမည်၊ ၎င်းသရက်သီးလည်း ဟိမဝန္တာ ရွှေတောင်အကြား၌ရှိ၍ နတ်တို့အသုံးအဆောင်ဖြစ်သတတ်၊ လူသားတို့သွား၍ယူဆောင်ရန်မတတ်နိုင်ပါ၊ သင်သွား၍ယူပြီးလျှင် သင့်မိခင် မိဖုရားကြီးအား အသက်ကိုပေးပါ”ဟု ဖြောင်းဖျပြောဆိုလေ၏၊ ကျေးသားလည်း “အရှင်မင်းကြီး···· ကောင်းပြီ မစိုးရိမ်ပါနှင့် ရအောင်ဆောင်ယူပေးမည်”ဟု ဝန်ခံလေ၏။

မင်းကြီးလည်း ထိုအခါ ကျေးသားကို ရွှေခွက်ဖြင့် ပျားပေါက်ပေါက်တို့ကိုစားစေ၍ သကြားသကာ အဖျော်တို့ကိုသောက်စေပြီးလျှင် အကြိမ်တရာ ချက်အပ်သော ဆီတို့ဖြင့် အတောင်ကြားတို့ကို လိမ်းစေ၍ လက်နှစ်ဘက်တို့ဖြင့် ကိုင်ကာ လေသာပြတင်းမှ လွှတ်လိုက်၏။

**အဗ္ဘန္တရကိုရှာ ကျေးငှက်ရှာ**

ကျေးသားလည်း ဟိမဝန္တာသို့ သွား၍ ရှေးဦးစွာသော တောင်ကြားတွင် နေသော ကျေးသားတို့အား အဗ္ဘန္တရ

သရက်သီးရှိရာ အရပ်ကို မေးလေ၏၊ ကျေးသားတို့လည်း မသိကြကုန်၊ ထိုအခါ ကျေးသားသည် နှစ်ခုမြောက်သော တောင်ကြား, သုံးခုမြောက်သော တောင်ကြား, လေးခုမြောက်သော တောင်ကြား, ငါးခုမြောက်သော တောင်ကြား, ခြောက်ခုမြောက်သော တောင်ကြားတွင်နေသော ကျေးသားတို့ကို အဆင့်ဆင့်မေးသွားရာ ထိုကျေးသားတို့လည်း မသိကြကုန်၊ ထိုအခါ ခုနစ်ခုမြောက်သောတောင်ကြားတွင်နေသော ကျေးသားတို့အား မေးမြန်းပြန်၏၊ ထိုကျေးသားတို့သည် ဤမည်သောအရပ်ဝယ် ရွှေတောင်ကြားတွင်ရှိ၏ဟု ပြောကြကုန်၏။

ထိုအခါ ကျေးသားသည် ထိုကျေးသားတို့အား "အဆွေတို့.... အကျွန်ုပ် အဗ္ဗန္တရသရက်သီးကို အလိုရှိ၍ လာပါသည် ဆောင်ယူ ပေးကြပါ"ဟု ပြော၏၊ "အဆွေ.... အဗ္ဗန္တရသရက်သီးကား ဝဿဝဏ်နတ်မင်းကြီး အသုံးအဆောင်ဖြစ်သည်၊မချဉ်းကပ်နိုင်၊အမြစ်မှစ၍ သံကွန်ရက်ခုနစ်ထပ် အုပ်ဖုံး၍ ထားသည်၊ ကုမ္ဘဏ်ရက္ခိုသ် ကုဋေတထောင် စောင့်နေသည်၊ မြင်အပ်သော သတ္တဝါမှာ အသက်မရှိပြီ၊ ထိုအရပ်သို့ မသွားလိုပါနှင့်ဟု ပြော၏၊ "အဆွေတို့....မလိုက်ဝံ့ပါလျှင် ထိုအရပ်ကိုသာပြကြပါ" ဟုပြောရာ၊ "အဆွေ....ဤမည်သော အရပ်ဖြင့် သွားလော့"ဟု ညွှန်းပြကြကုန်၏။

**ရက္ခိုသ်ဂရုမမူ ဝင်၍ယူ**

ကျေးသားလည်း ကျေးသားတို့ပြသော အမှတ် သညာဖြင့် သွား လေ သော် အဗ္ဗန္တရသရက်ပင်နားသို့ရောက်၍ နေ့အခါ ပုန်းကွယ်လျက် ညဉ့်အခါမဇ္ဈိမယာမ်တွင် ရက္ခိုသ်တို့

အိပ်ပျော်နေခိုက် အမြစ်ကြားတခုမှတက်ရန် ကြိုးစားလေ၏၊ သံကွန်ရက်သည် ချင်ချင် ချင်ချင်ဟု မြည်လေ၏၊ထိုအသံဖြင့် ရက်ခိုးသ်တို့ နိုး၍ဝိုင်းအုံလာကြရာ ကျေးသားကိုမြင်လျှင် ရက်ခိုးသ်တို့သည် ကျေးသားကိုဖမ်း၍ သတ်ပုတ်ညှဉ်းဆဲရန် အမျိုးမျိုး ပြောဆိုကြကုန်၏၊ ကျေးသားသည် ရက်ခိုးသ်တို့ အမျိုးမျိုးကြိုးဝါး ပြောဆိုသော စကားကိုကြားသော်လည်း ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိဘဲ"အို-ရက်ခိုးသ်တို့.... သင်တို့လည်း ဝဿဝဏ်နတ်မင်းကြီး၏ သူရဲကောင်းများဖြစ်ကြသည်၊ ငါလည်း ဗာရာဏသီမင်း၏သူရဲကောင်းဖြစ်သည်၊ ငါသည် အဋ္ဌနတ္တရသရက်သီးကိုအလိုရှိ၍ ဗာရာဏသီမင်းအား အသက်ပေး၍ လာခဲ့သည်"ဟု အတိ အလင်း မကြောက်မရွံ့ ပြောဆိုပြီးလျှင် တဖန်—

"အို-ရက်ခိုးသ်တို့....မိမိ၏အသက်ကိုစွန့်၍အမိအဘ အရှင်သခင်တို့၏ အမှုကိစ္စ၌ ကြိုးစားအားထုတ်သော သူတို့မည်သည် ချမ်းသာခြင်း၏ အကြောင်းကိုရကြမြဲတည်း၊ ငါသည်လည်း ချမ်းသာခြင်း၏အကြောင်းကို မုချရရှိလတံ့"—

ဟု—ရက်ခိုးသ်တို့အား အကျိုးအကြောင်းပြကာ တရားဟောလေ၏၊ ရက်ခိုးသ်တို့သည် ကျေးသား၏တရားကိုကြားနာရလျှင် အလွန်ကြည်ညိုကြ၍- ကျေးသားကို မသတ်ဘဲလွှတ်လိုက်ကြ၏၊ ထိုအခါ ကျေးသားသည် "အို-ရက်ခိုးသ်တို့... အကျွန်ုပ်ကို အချည်းနှီးမလွှတ်ကြပါနှင့်၊ သရက်သီးတလုံးကို ကျေးဇူးပြု၍ ပေးကြပါ"ဟု တောင်းလေ၏၊ ရက်ခိုးသ်တို့လည်း "အို—ကျေးသား---ငါတို့မပေးဝံ့ကုန်၊ပေး

လျှင် ငါတို့မှာ အသက်ရှိမည်မဟုတ်၊ ရနိုင်မည့်အရပ်ကို ပြောကြားပါမည် ဤမည်သော ရွှေတောင်ကွန်ရက်တခု၏အကြား၌ ဇောတိရသ ရသေ့ကြီးနေ၏၊ ၎င်းရသေ့ကြီးကား ဝဿဝဏ်နတ်မင်းကြီး၏ ဆရာဖြစ်၏၊ ဝဿဝဏ်နတ်မင်းကြီးသည် ထိုရသေ့ကြီးထံ အမြဲမပြတ် သရက်သီးလေးလုံးပို့လေ့ရှိသည်၊ ထိုရသေ့ကြီးထံမှယူပါလော့''ဟု ပြောကြားကြကုန်၏။

ရသေ့ထံမှ
အဋ္ဌကထာ၊၃-၇

ကျေးသားလည်း ရက္ခိုသ်တို့ စကားကို ကြားလျှင် ရသေ့ကြီးထံ သွားလေ၏၊ ရောက်လျှင် ရှိခိုးကာနေ၏၊ ရသေ့ကြီးလည်း ကျေးသားကိုမြင်လျှင် မေးမြန်း၍ အကြောင်းမျိုးစုံသိရ၍ ကျေးသားအား အလွန်သနားသဖြင့် ခေတ္တစောင့်ဆိုင်းစေ၏၊ထိုအခါ ဝဿဝဏ်နတ်မင်းကြီးထံမှ သရက်သီးလေးလုံးပို့စေ၏၊ ရသေ့ကြီးသည် နှစ်လုံးကိုဘုဉ်းပေးတော်မူ၏၊တလုံးကို ကျေးသားအားစားစေ၏၊ ကျေးသားလည်း သရက်သီးကို စားလေ၏၊တလုံးကို ဆိုင်းငယ်ဖြင့်ထည့်ကာ ယူသွားရန် ကျေးသားအားပေးလိုက်၏။

ကျေးသားလည်း ရသေ့ကြီးကိုရှိခိုးပြီးလျှင် အဋ္ဌကထာ၊ ရ သရက်သီးတလုံးကိုယူကာ ဗာရာဏသီမင်းကြီး၏ မိဖုရားကြီးအားပေးလေ၏၊ မိဖုရားကြီးလည်း သရက်သီးကိုစားရလျှင် ချင်ခြင်းသည်ငြိမ်းလေ၏၊ ထိုသရက်သီးကို စားရခြင်းကြောင့် သားရတနာကားမရရှိချေ၊ သိကြားမင်းသည် ရသေ့တို့ကို နှင်လိုသဖြင့် လှည့်ပတ် ပြောဆိုခြင်းသာဖြစ်သည်။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမိဖုရားကြီးသည်- ယခုအခါ ရာဟုလာမယ်တော်။

※ ကျေးသားသည်- အာနန္ဒာ။

※ ဇောတိရသရသေ့သည်- သာရိပုတ္တရာ။

※ ဥယျာဉ်၌နေသောရသေ့ကြီးသည်- ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မိ,ဘသခင်၊ ကျေးဇူးရှင်၊ မျှားဖြင်ကိစ္စတွေ။

(၂) သက်စွန့်ကြိုးစား၊ ထိုသူကား၊ ကောင်းစားချမ်းသာလေ။

အဋ္ဌကနိပါတ်ဇာတ်ပြီး၏။

---

## ၂၈၂—သေယျဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

မနာလိုမှု ကုန်းတိုက်ပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး၏အမတ်တယောက်သည် မင်းကြီးအား အလွန်ကျေးဇူးများ၏ အမှုကိစ္စအလုံးကိုပြီးစေ၏၊ ထိုအခါမင်းကြီးသည်

၍အမတ်သည် ငါ့အား အလွန်ကျေးဇူး များပေသည်ဟု များစွာသောစည်းစိမ်ကိုပေး၏၊ မနာလိုသဖြင့် သည်းမခံနိုင်သောအမတ်တို့သည် မင်းကြီးအားကုန်းတိုက်၍ ဖျက်ဆီးကြကုန်၏။

မင်းကြီးလည်း အမတ်တို့စကားကိုယုံကြည်လျက် မစူးစမ်းမဆင်ခြင်ဘဲ အပြစ်မရှိ သီလရှိသောအမတ်ကိုဖမ်းစေ၍ သံခြေချင်းခတ်ကာ နှောင်အိမ်၌ထားလေ၏၊ အမတ်လည်း နှောင်အိမ်၌တယောက်ထီးတည်း နေလတ်သော် စိတ်တည်ကြည်လျက် သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်သဖြင့် သောတာပတ္တိဖိုလ်၌တည်လေ၏၊ မင်းကြီးလည်း အပြစ်မရှိကြောင်းကိုသိလျှင် နှောင်အိမ်မှလွှတ်၍ ထိုအမတ်အား ရှေးကစည်းစိမ်ထက် အလွန်ကြီးမြတ်သောစည်းစိမ်ကို ပေးလေ၏။

အမတ်လည်းနှောင်အိမ်မှလွှတ်လျှင် ပန်းနံ့သာလက်စွဲလျက် မြတ်စွာဘုရားထံသို့သွားလေ၏၊ မြတ်စွာဘုရားလည်း အမတ်နှင့် ပဋိသန္ထာရပြုပြီးလျှင် အမတ်အား "သီတင်းသည်....သင့်အား အကျိုးမဲ့ဖြစ်ရ၏"ဟု ကြားရသည်မှန်သလော"ဟု မေးလေ၏၊ "အရှင်ဘုရား.... အကျိုးမဲ့ကား ဖြစ်ရ၏၊ ထိုအကျိုးမဲ့ဖြင့် အကျိုးစီးပွားကို ဆောင်ရွက်ပါ၏၊ နှောင်အိမ်၌နေလျက် သောတာပတ္တိဖိုလ်ကို ရပါ၏"ဟု လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "သီတင်းသည်....သင်သည်သာလျှင် အကျိုးမဲ့ဖြင့် အကျိုးစီးပွားကိုဆောင်ရွက်သည်မဟုတ်၊ ရှေးပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့်အကျိုးစီးပွားကို ဆောင်ရွက်ကြဘူးပြီ

ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**မကောင်းပြစ်ဒဏ် ပြည်အနှင်ခံ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်ကာ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာကို သင်ကြားပြီး၍ အဘမင်းကြီးလွန်လျှင် မင်းအဖြစ်ကိုရ၍ မင်းကျင့်တရား ဆယ်ပါးနှင့်ညီညွတ်စွာမင်းပြု၏၊ အလှူပေး၏၊ ငါးပါးသီလကို ဆောက်တည်၏၊ ဥပုသ်ကိုလည်း ဆောက်တည်၏။

ထိုအခါ အမတ်တယောက်သည် နန်းတွင်း၌ ပြစ်မှား၏၊ ခြေရင်း၌ခစားသော အလုံးစုံသောအမတ် အစရှိသည်တို့သည် သိကြ၍ ဤမည်သောအမတ်သည် နန်းတွင်း၌ပြစ်မှား၏ဟု မင်းကြီးအားလျှောက်ကြကုန်၏၊ မင်းကြီးသည် စုံစမ်းသည်ရှိသော်အဟုတ်အမှန်အားဖြင့်ပြစ်မှားကြောင်း သိလျှင် ထိုအမတ်ကိုခေါ်စေလျက် “အချင်း····သင်သည် ယနေ့မှစ၍ ငါ့ကိုမခစားလင့်”ဟု နှင်ထုတ်လေ၏။

**ပြည်နှင်အမှု ရန်ငြိုးပြု**

ထိုအမတ်သည် တိုင်းပြည်မှ ထွက်ကာ ပြည်နီးချင်းမင်းထံဝင်၍ ခစား၏၊ [အလုံးစုံသော ဝတ္ထုသည် မဟာသီလဝ

ဇာတ်နှင့်တူပြီ] ထိုအမတ်သည် မင်းကြီးအား ဗာရာဏသီပြည်ကိုတိုက်ယူလျှင် အလွယ်နှင့်ရမည်ဟု အကြိမ်ကြိမ်လျှောက်ထားလေသော် ပြည်နီးချင်းမင်းသည် သုံးကြိမ်စုံစမ်းစေပြီးသော် အမတ်၏စကားကိုယုံကြည်သဖြင့် ဗာရာဏသီပြည်ကိုတိုက်ယူရန် စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် ထွက်လေသော် တိုင်းပြည်အပိုင်းခြားသို့ရောက်လေ၏။

ဗာရာဏသီမင်း၏ အမတ် ခုနစ်ရာတို့သည် ထိုအကြောင်းကိုသိလျှင် "အရှင်မင်းကြီး.... ဤမည်သောမင်းသည် ဗာရာဏသီပြည်ကိုယူမည်ဟု ဇနပုဒ်ကိုဖျက်ဆီး၍လာသတတ်၊ ထိုမင်းကိုဖမ်းယူမည်"ဟု လျှောက်ထားကုန်၏၊ "အမတ်တို့....ငါ့အား သူတပါးတို့ကိုဆင်းရဲစေ၍ ယူအပ်သောမင်းအဖြစ်ဖြင့် အလိုမရှိ၊ တစုံတရာ ခုခံမတိုက်ခိုက်ကြနှင့်ဟု ဆုံးမတားမြစ်လေ၏၊ ရန်သူမင်းလည်း ခုခံတိုက်ခိုက်သူမရှိသဖြင့်တဖြည်းဖြည်းသိမ်းယူ၍လာရာနောက်ဆုံးတွင် ဗာရာဏသီနေပြည်တော်သို့ပင်ရောက်လေ၏၊ အမတ်တို့လည်း အကြိမ်ကြိမ်ခုခံရန် လျှောက်ထားကြသော်လည်း ခွင့်မပြုသဖြင့်လက်ပိုက်ခါ ကြည့်၍သာ နေကြရကုန်၏။

**မေတ္တာပို့မှု ရန်သူမှု**

ရန်သူမင်းလည်း မြို့တံခါးတို့ကိုဖောက်ဖျက်ကာ ပြည်တွင်းသို့ ဝင်ပြီးလျှင် အမတ်ခုနစ်ရာ အခြံအရံရှိသော မင်းကြီးကို ဖမ်း၍ သံခြေချင်းတို့ဖြင့် ခတ်ပြီးလျှင် နှောင်အိမ်သွင်း၍ထားလေ၏၊ ဗာရာဏသီမင်းသည် နှောင်အိမ်၌နေလျက် ရန်သူမင်းကို မေတ္တာပွား၍ မေတ္တာဈာန်ကိုဖြစ်စေ၏၊ မေတ္တာအာနုဘော်အစွမ်းဖြင့် ရန်သူမင်း၏ကိုယ်၌

ခိုးရှူးတို့ဖြင့် လောင်သကဲ့သို့ မနေနိုင်,မထိုင်နိုင်အောင် ပူလောင်လေ၏၊ ရန်သူမင်းသည် ပူလောင်ခြင်းဖြင့် နှိပ်စက်ရကား "အကြောင်းအဘယ်သို့ရှိသနည်း"ဟု အမတ်တို့ကို လေမေး၏၊ထိုအခါအမတ်တို့သည်"အရှင်မင်းကြီး..သီလရှိသောမင်းကို နှောင်အိမ်၌ သွင်းခြင်းကြောင့် ပူလောင်ခြင်းဆင်းရဲဖြစ်ပေလိမ့်မည်"ဟုလျှောက်ထားကြကုန်၏။

**မေတ္တာဂုဏ်ရှ တောင်းပန်ရ**

ရန်သူမင်းသည် ဗာရာဏသီ မင်းကို နှောင်အိမ်မှလွှတ်၍ ကန်တော့ပြီးလျှင် တိုင်းပြည်ကိုပြန်၍အပ်နှင်းကာ"ယနေ့မှစ၍ အရှင်မင်းကြီးတို့ ရန်သူသည် အကျွန်ုပ်တို့တာဝန်ဖြစ်ပါသည်"ဟု လျှောက်ထားပြီးလျှင် ပြစ်မှားသော အမတ်ကို မင်းအာဏာပြုစေလျက် မိမိနေရာမြို့သို့ ပြန်လေ၏။

ဗာရာဏသီမင်းသည် ရန်သူမင်း ပြန်သွားလျှင် တန်ဆာဆင်အပ်သော ပြာသာဒ်ဝယ် ထီးဖြူဖြင့် ကောင်းစွာဖြန့်မိုးအပ်သောပလ္လင်တော်၌နေလျက်—

"အို-ကာသိတိုင်းသားအမတ်တို့...မြတ်သော ကုသိုလ်တရားကို မြတ်သောအားဖြင့် မှီဝဲသောသူသည် အလွန်မြတ်လှ၏၊ ငါသည် ရန်သူမင်းနှင့် တပေါင်းတည်းပြုကာ အမတ်ခုနစ်ရာတို့ကို ဝမ်းမြောက်စေရပြီ၊ သို့အတွက် အလုံးစုံ သော လောကနှင့် တပေါင်းတည်းပြုကာ တယောက်

တည်းသောသူသည် တမလွန်ဘဝ၌ နတ်ပြည်, ဗြဟ္မာ့ပြည်သို့လားရ၏၊ ဤစကားကို သင်တို့နား ထောင်ကြကုန်''—

ဟု လူအများအား မေတ္တာဘာဝနာ၏ဂုဏ်ကျေးဇူးကို ချီးမွမ်း၍ တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ ထီးနန်းစည်းစိမ်ကို စွန့်ပစ်ပြီးလျှင် ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြုလေ၏။

မြတ်စွာဘုရားသည်ဘုရားဖြစ်တော်မူပြီး၍လျှင်—

''ရဟန်းတို့···· ဗာရာဏသီပြည်၌နေသော ကံသမည် သောမင်းကြီးသည် ဤသို့သောစကားကိုဆိုပြီးလျှင် လေး နှင့်မြှားကိုချ၍ ရသေ့ရဟန်းအဖြစ်သို့ကပ်ခဲ့၏။

ဟု ဟောတော်မူ၍၊ ရသေ့ပြုပြီးလျှင် ဈာန်ကို ဖြစ်စေ လျက် မယုတ်သောဈာန်ရှိသည်ဖြစ်၍ စုတေသောအခါ ဗြဟ္မာပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါရန်သူမင်းသည်-ယခုအခါအာနန္ဒာ။

※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျိုးမှဲ့ပြုပြား၊သူတော်ကား၊ စီးပွားဆောင်ရွက်သည်။
(၂) မြတ်သောတရား၊မြတ်သောအား၊မှီငြားလွန်မြတ်သည်။
(၃) ရန်သူနှင့်ပေါင်း၊ ဝမ်းမြောက်ခကြောင်း၊ ကောင်းကောင်း ရလေသည်။

သေယျဇာတ်ပြီး၏။

---

## ၂၈၃-ဝဍ္ဎကီသူကရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**အဇာတသတ်၊ ကောသလ စစ်တိုက်ကြ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပသေနဒီကောသလမင်း၏ အဘဖြစ်သော မဟာကောသလမင်းကြီးသည် ဗိမ္ဗိသာရမင်းကြီးအား ဝေဒေဟီမည်သော သမီးတော်ကို ပေးသည်ရှိသော် ရေချိုးကသယ်မှုန့်ဘိုးအတွက် အခွန်းတသိန်းထွက်သော ကာသိကရွာကို လက်ဖွဲ့လိုက်၏။

နောက်အခါ အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်သည်ရှိသော် ဝေဒေဟီမိဖုရားလည်း သောက နှိပ်စက်သည်ဖြစ်၍ သေလွန်ရရှာ၏၊ ထိုအခါ ကောသလမင်းသည် အဇာတသတ်မင်းကား ငါ့တူတော် ဖြစ်သော်လည်း အဘကိုသတ်ကာ ငါ့နှမကိုလည်း သေစေဘိ၏၊ သို့အတွက် အဘသတ်သူခိုးမင်းအား ငါ့ခမည်းတော်လက်ထက်က သင့်မယ်တော်အားလက်ဖွဲ့လိုက်သော ကာသိကရွာကိုသင့်အား မပေးလို ပြန်၍ တိုက်ယူမည်ဟု

ကြီးစည်၍ ထိုရွာကို အမှီပြုလျက် ကောသလမင်းနှင့် အဇာတသတ်မင်းတို့သည် ရံခါရံခါ စစ်တိုက်ကြ၏၊ စစ်တိုက်ရာဝယ် အဇာတသတ်မင်းကား နိုင်၏၊ ကောသလမင်းကား ရှုံးမင်း၏၊ ကောသလမင်းသည် မပြတ်စစ်ရှုံးလေ၏။

**အဇာတသတ် နိုင်ရန် ကောသလကြံ**

ထိုအခါ ကောသလမင်းသည် အမတ်တို့ကိုခေါ်၍ "အမတ်တို့....ငါတို့ကား မပြတ်လျှင် စစ်ရှုံးရကုန်၏၊ အဘယ်သို့ပြုကုန်အံ့နည်း" ဟုမေး၏၊ "အရှင်မင်းကြီး.... အရှင်ဘုရားတို့သည် ပညာရှိကုန်၏၊ ရဟန်းတို့စကားကို သူလျှိုစေလွှတ်၍ နားထောင်စေရန်သင့်၏" ဟု လျှောက်ထားကုန်၏၊ မင်းကြီးလည်း အမတ်တို့ လျှောက်ထားသောအတိုင်း ရဟန်းတို့စကားကို နားထောင်ရန် သူလျှိုတို့ကိုစေလွှတ်လေ၏။

သူလျှိုယောက်ျားတို့သည် ဇေတဝန် ကျောင်းတော်သို့သွား၍ အစဉ်မပြတ် ချောင်းမြောင်းကာ နားထောင်ကြကုန်၏၊ တနေ့သ၌ ဇေတဝန်ကျောင်းအစွန်ဝယ် ဓနုဂ္ဂဟတိဿဟူ၍ အိုမင်းသော မထေရ်နှစ်ပါးတို့ နေရာကျောင်းသို့ရောက်ကြ၍ ချောင်းမြောင်းကာ နားထောင်နေကြရာ ဓနုဂ္ဂဟတိဿထေရ်သည် ညဉ့်မစ္ဆိမ ယာမ်တွင်နိုးလတ်၍ မီးဖိုတွင် မီမွှေးပြီးထိုင်လျက် "အရှင်ဒတ္တ..အိပ်သဖြင့်အကျိုးမရှိ၊ ထပါဦးလော-ဆို၍ ထလာသောအခါ— သင်၏ ဝမ်းဗိုက်ကြီးသော ကောသလမင်းကား ထမင်းကိုဗိုက်ပြည့်အောင်စားဘို့သာသိသည်၊ တစုံတရာစစ်ထိုးခြင်းအစီအရင်ကိုမသိ၊ ရှုံး၍သာလျှင် ပြေးရ

၏''ဟု စကားစလိုက်၏၊ထိုအခါ ဒတ္တမထေရ်သည်''အရှင် မနုဂ္ဂဟတိဿ···· အဘယ်သို့ပြုခြင်းငှါ သင့်သနည်း'' ဟု မေးပြန်၏၊ ''အရှင်ဒတ္တ··စစ်ထိုးခြင်းကား—

(၁) ပဒုမဗျူဟာစစ်ထိုးခြင်း။
(၂) စက္ကဗျူဟာစစ်ထိုးခြင်း။
(၃) သကဋဗျူဟာစစ်ထိုးခြင်း—

ဟူ၍သုံးမျိုးဖြစ်၏၊ ထိုသုံးမျိုးတို့တွင် အဇာတသတ်မင်း ကိုဘမ်းလိုလျှင်- ဤမည်သော တောင်ငှမ်း နံရံနှစ်ဘက်၌ စစ်သည်တို့ကိုထားပြီးလျှင် ရှေ့မှအားနည်းသော စစ်သည် ကိုပြလျက် တောင်ကြားသို့ဝင်သော အဖြစ်ကို မသိစေဘဲ ဝင်သော လမ်းခရီးကို ပိတ်ဆို့ကာ ရှေ့နောက် နှစ်ဘက် သောတောင်နံရံတို့၌ ကြော်ငြာကုန်လျက် ကွန်၌ထည့်အပ် သောငါး၊လက်၌ဆုပ်အပ်သော ငုံးကိုဖမ်းသကဲ့သို့ သကဋ ဗျူဟာစစ်ထိုးခြင်းဖြင့်ဖမ်းလျှင် မိနိုင်သည်-ဟုပြောပြန်၏။

**သမီးပေးနှင်း ကောသလမင်း**

သူလျှိုတို့လည်း ထိုမထေရ်အို၏သတင်း စကားကို မှတ်ယူကာ မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း သူလျှိုတို့စကားကို ကြားလျှင် စစ်သည်တို့ကိုပြင်ဆင်၍ထွက် တော်မူကာ မထေရ်အိုတို့ပြောသောအတိုင်းသကဋဗျူဟာ စစ်ထိုးနည်းဖြင့် စစ်ထိုးကာ အဇာတသတ်မင်းကို အရှင် ဖမ်း၍ ထိုကာသိကရွာကို ရရှိအောင်မြင်ပြီးလျှင် ဝဇိရ မည်သောမင်းသမီးကို တူတော်အား လက်ထပ်၍ ထိုမင်း သမီးအား ထိုရွာကို ရေချိုးကသယ်မှုန့်ဘိုးပြုကာ လက်ဖွဲ့

လိုက်၏၊ ထိုအကြောင်းသည် သံဃာ့ဘောင်၌လည်း ထင်ရှားလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့…ကောသလမင်းသည် ဓနုဂ္ဂဟတိဿမထေရ်၏ အစီအရင်ဖြင့်အဇာတသတ်မင်းကိုအောင်နိုင်သည်"ဟု စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍သိတော်မူလျှင် "ရဟန်းတို့…ဤဓနုဂ္ဂဟတိဿသည် ယခုအခါ၌သာ စစ်ထိုးခြင်း၌ လိမ်မာသည်မဟုတ်၊ ရှေးအခါ၌လည်းလိမ်မာဘူးပြီ"ဟုမိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဝက်မင်းမွန်မြတ် ဘေးမဲ့လွတ်**

လွန်လေပြီးသောအခါ ဗာရာဏသီဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တော၌ ရုက္ခစိုးနတ်ဖြစ်လေ၏၊ ထိုအခါ ဗာရာဏသီပြည်ကိုမှီ၍နေသောလက်သမားရွာမှ လက်သမားတယောက်သည်အဆောက်အဦအတွက် တောသို့သွားသည်ရှိသော် တွင်းတခုတွင်ကျ၍နေသောဝက်ငယ်တကောင်ကိုမြင်လျှင် သနားသဖြင့် အိမ်သို့ဆောင်ယူကာ မွေးမြူထားလေ၏၊ထိုဝက်ငယ်သည် ကြီးပြင်းလတ်သော် ကိုယ်ကြီးလျက် ခွန်အားဗလနှင့် ပြည့်စုံ၏၊ ကောက်သောအစွယ်ရှိ၏၊ အကျင့်စာရိတ္တကောင်း၏၊လက်သမားမွေးမြူထားသောကြောင့်"ဝဍ္ဎကီသူကရ"ဟု အမည်ထင်ရှား၏၊ သခင်လက်သမားအလုပ်လုပ်သောအခါ နှုတ်သီးဖြင့် သစ်ကိုလှန်၍ပေး၏၊ မျဉ်းကြိုးကိုကိုင်၏၊ နှုတ်သီးဖြင့်ကိုက်ကာ ပဲခွပ်ပုဆိန်စသည်တို့ကိုယူ၍ပေး၏။

ထိုအခါလက်သမားသည် ငါ့အိမ်မှာနေလျှင် ဤဝက်ကို တစုံတယောက်သောသူသည် သတ်၍စားလိမ့်မည်ဟု ကြံစည်ကာ တနေ့သ၌ဘေးကင်းရာ တောတွင် လွှတ်လိုက်၏၊ ထိုဝက်လည်းတောသို့ဝင်၍ဘေးကင်းရာ,ချမ်းသာရာအရပ်ကို ကြည့်ရှုလတ်သော် ကြီးကျယ်သော တောင်ချောက်ကြားတခုကိုမြင်၍ ထိုအရပ်သို့သွားလေ၏၊ ထိုအရပ်ကားများစွာသောဝက်တို့ဖြင့်ပြွမ်း၏၊ထိုအရပ်၌နေသောဝက်တို့သည် ဝမ္ဘကီသူကရဝက်ကိုမြင်လျှင် လာ၍ ချဉ်းကပ်ကုန်၏။

**ရန်ကင်းစေချင်**
**စစ်ဗျူဟာဆင်**

ဝမ္ဘကီသူကရဝက်သည် မိမိထံ ချဉ်းကပ်လာသော ဝက်အပေါင်းကိုမြင်လျှင်— "အချင်းတို့..ဤအရပ်ကား အစာရေနှင့်ပြည့်စုံသဖြင့် မွေ့လျော်ဘွယ်ရှိ၏"ဟု ပြောလတ်သော် ဝက်တို့သည် "အရှင်....မွေ့လျော်ဘွယ်ရှိသည်ကား မှန်ပါ၏၊ သို့သော်လည်း ဘေးရန်ရှိသည်"ဟု ပြော၏၊ "အချင်းတို့....အဘယ်ဘေးရန် ရှိသနည်း"ဟု မေး၏၊ "အရှင်....ကျားဘေးရန်ရှိပါသည်"ဟု ပြောလျှင်"ထိုကျားသည်စောစောကလာ၍ မြင်တိုင်း,မြင်တိုင်းသော ဝက်တို့ကို ကိုက်၍ သတ်စားပါသည်"ဟုပြော၏၊ "အချင်းတို့....မပြတ်လာ၍ ကိုက်သလော၊ ရံခါရံခါလာ၍ ကိုက်သတ်သလော" ဟု မေး၏၊ "အရှင်....မပြတ်လာ၍ ကိုက်သတ်ပါသည်"ဟု ပြော၏၊ အချင်းတို့....ကျားဘယ်လောက်များသနည်း"ဟု မေးပြန်လျှင် "အရှင်.... တကောင်တည်းဖြစ်ပါသည်"ဟု ပြော၏၊ "အချင်းတို့....သင်တို့မှာ ဤမျှလောက်များပြားပါလျက် တကောင်တည်းသောကျားအား စစ်မထိုးနိုင်ကြသလော"ဟုပြော၏၊"အရှင်....မထိုးနိုင်ပါ"ဟု ပြောလျှင်

"အချင်းတို့....ထိုကျားကို ငါဖမ်းမည်၊ ငါ့စကားကို၊ နား ထောင်ကြကုန်လော၊ကျားဘယ်မှာနေသနည်း"ဟု မေး၏၊ "အရှင်....တောင်တလုံးမှာ နေပါသည်" ဟု ပြောဆိုကြ ကုန်၏။

ဝမ္ဗကီသူကရ ဝက်သည် ဝက်တို့ကို ညဉ့်အခါ၌သာ ကျက်စားစေ၏၊ ကျားနှင့်စစ်ထိုးရန် အစီအရင်ကို စီရင် လတ်သော် စစ်ထိုးခြင်းသည် ပဒုမဗျူဟာ, စက္ကဗျူဟာ, သကဋဗျူဟာဟု သုံးမျိုးရှိခဲ့ရာ ပဒုမဗျူဟာ၏ အစွမ်းဖြင့် စီရင်လေ၏၊ ထိုဝက်ကား စစ်နိုင်ရန် မြေဦးခေါင်းကိုသိ၏၊ ထိုကြောင့် မြေဦးခေါင်းဖြစ်သော အရပ်ဝယ်ဝက်တို့ကို စည်းဝေးစေ၍ ဝက်တို့၏ မိဘတို့ကို အလယ်၌ ထား၏၊ ၎င်းတို့ကိုခြံရံကာ ဝက်မတို့ကိုထား၏၊ ၎င်းတို့ကိုခြံရံကာ ဝက်ငယ်တို့ကိုထား၏၊ ၎င်းတို့ကိုခြံရံကာ ဝက်အိုတို့ကိုထား ၏၊ ၎င်းတို့ကိုခြံရံကာ အစွယ်ရှည်သော ဝက်ကြီးတို့ကိုထား ၏၊ ၎င်းတို့ကိုခြံရံကာ စစ်ထိုးနိုင်သော အားကောင်းသော ဝက်တို့ကို ရွေးခြယ်လျက် ဆယ်ကောင်တန်သည်၊အကောင် နှစ်ဆယ်တန်သည်၊ အကောင် သုံးဆယ်တန်သည် အစု များစွာပြု၍ထား၏၊ မိမိနေသော နေရာ၏ ရှေ့မှဝန်းဝိုင်း သောတွင်းတခုကိုတူးစေ၏၊ နောက်မှ ဆောင်းသဏ္ဌာန်ရှိ လျက် အစဉ်သဖြင့် ၄မ်း၍ လိုဏ်နှင့်တူသော တွင်းတခုကို ဖီလာကန့်လန့်တူးစေ၏။

ဤသို့သောနည်းဖြင့် စီရင်ပြီးလျှင် ဝမ္ဗကီသူကရဝက် သည် ခြောက်ဆယ်ခုနစ်ဆယ်မျှသော စစ်ထိုးဝက်တို့ကို ခေါ်ယူ၍ ထိုထိုအရပ်တွင်နေကြလော့- မကြောက်ကြလင့် ဟု အမှုကိုစီရင်နေစဉ် အရုဏ်တက်လေ၏။

**စစ်ဆင်ပြီးမြောက်ကျားလာရောက်**

ထိုအခါ ကျားသည်လာ၍အချိန်ရောက်ပြီဟု သိလျှင် သွား၍ဝက်တို့ရှေ့တောင်ပြင်တွင်ရပ်လျက် မျက်စိတို့ကို ဘွင့်၍ဝက်တို့ကိုကြည့်၏၊ ဝဓုကကီသုကရဝက်သည် ထိုကျားကို အတူပြန်၍ကြည့်ကြကုန်ဟု အမှတ်သညာကိုပေးသဖြင့် ဝက်တို့သည် ပြန်၍ကြည့်ကြကုန်၏၊ ကျားသည် မျက်နှာကိုမော်၍ နားထောင်၏၊ဝက်တို့လည်း ထိုအတူမျက်နှာကိုမော်၍ နားထောင်ကြကုန်၏၊ ကျားသည် ကျင်ငယ်ကိုစွန့်၏၊ ဝက်တို့လည်း ထို့အတူ ကျင်ငယ်ကိုစွန့်ကြကုန်၏၊ ဝက်တို့သည် ကျားပြုလုပ်တိုင်း အတူပြု၍ မခန့်လေးစားပြု လုပ်ကြကုန်၏။

ကျားသည် ရှေးအခါ၌ ဝက်တို့သည် ငါကြည့်လိုက်သောအခါ ပြေးကြကုန်၏၊ ငါ့ကိုပြန်၍ မကြည့်ဝံ့ကြကုန်၊ ယနေ့၌ကား မပြေးကြဘဲ ဆန့်ကျင်ဘက်ရန်သူ ပြုကြကုန်၏၊ ငါပြုလုပ်တိုင်း အတူပြု၍ မလေးမခန့် ပြုလုပ်ကြကုန်၏၊ စင်စစ် စစ်နိုင်ရာမြေ ဦးခေါင်းကိုသိ၍ ထိုအရပ်၌ တည်လျက်စီရင်တတ်သော ဝက်တကောင်ရှိပေလိမ့်မည်၊ ယနေ့ငါသွားသော် အောင်မြင်လိမ့်မည်မထင်ဟု ကြံစည်လျက်ပြန်လည်ကာ မိမိနေရာသို့သွားလေ၏။

**ရသေ့စဉ်းလဲကျားနှင့်တွဲ**

ထိုအရပ်၌ ကျားစားကြွင်း စား၍ကျားကိုစီမံပေးသော ရသေ့စဉ်းလဲတယောက်ရှိ၏၊ ထိုရသေ့ စဉ်းလဲသည် ဝက်ကိုမရခဲ့ဘဲအချည်းနှီးပြန်လာသောကျားကိုမြင်လျှင်—

"အို—ကျား....ရှေးအခါ သင်သည်၍အရပ်၌
ဝက်တို့ကို ကိုက်သတ်နှိပ်စက်ကာ ကောင်းနိုးရာရာ

အသားကိုစားဘိ၏၊ ယခုအခါ၌ကား သင်သည် တယောက်ထီးတည်း လာကာ ကြံမှိုင်နေဘိ၏၊ အို-ကျား…· ယနေ့သင့်မှာ အားအစွမ်းမရှိတော့ ဘူးလော”—


ဟု—လှမ်း၍ ပြစ်တင်ပြောဆိုလေ၏၊ရသေ့စဉ်းလဲစကား ကိုကြားလျှင် ကျားသည်—

“အို-ရသေ့····ဤဝက်တို့သည် ရှေးအခါ၌ငါ့ကို မြင်လျှင် ကြောက်ရွံ့ထိတ်လန့်ကာ ပုန်းအောင်းရာ ကို ရှာဖွေကြလျက် အသီးသီးတခြားစီ အရပ်လေး မျက်နှာသို့ ပြေးကြကုန်၏၊ ယခုအခါ၌ကား ငါမ အောင်မြင်နိုင်သော အရပ်၌ တည်ကာ အညီအ ညွတ် တပေါင်းတည်း စည်းဝေးကာနေကြ၏”—

ဟု—ရသေ့အား ပြန်ကြားပြောဆိုလေ၏၊ထိုအခါ ရသေ့ စဉ်းလဲသည် ကျားအား- “အို-ကျား····မကြောက်လင့်၊ သွားချေ၊ သင်အသံပြုလိုက်လျှင် ဝက်တို့သည် အလွန် ကြောက်ရွံ့ထိတ်လန့်ကာ တကွဲတပြား ပြေးကြလိမ့်မည်” ဟုအားပေးမြှောက်ပင့်ကာ တိုက်တွန်းပြန်၏။

**ကျားနှင့်ဝက်မင်း စစ်ထိုးခြင်း**

ကျားသည် ရသေ့စဉ်းလဲ အားပေး မြှောက်ပင့်ပြန်သောကြောင့် အားမာန် တက်ကာ ရဲရင့်လာရကား တဖန်သွား လျက် တောင်ထိပ်ပေါ်တွင်ရပ်ပြန်၏၊ ထိုအခါ ဝဍ္ဎကီသူ ကရဝက်သည် တွင်းနှစ်ခုတို့ အလယ်၌နေလင့်၏၊ ဝက်တို့ သည် ကျားကိုမြင်ပြန်လျှင်“အရှင်··သူခိုးကြီးလာပြီ”ဟု ပြောကြပြန်၏၊ ဝဍ္ဎကီသူကရဝက်လည်း “အချင်းတို့···· မကြောက်ကြလင့်၊ ယခုဖမ်းမည်”ဟု ပြောလေ၏။



P.205 ကျားနှင့် ပညာရှိဝက်မင်းတို့စစ်ထိုးရာ ပညာရှိဝက်မင်းစီရင်ထားသည့် ထောင်ချောက်တွင်းထဲ၌ကျားသေဆုံးရပုံ

ကျားသည် မြည်၍ ဝဒ္ဓကိသူကရဝက်အပေါ်သို့ တဟုန်တည်း ပြေးဆင်းလာ၏၊ ဝက်လည်း မိမိအပေါ်သို့ ကျားပြေးလာသောကာလ၌ ပြန်၍ လျင်မြန်သော အဟုန်ဖြင့် အဖြောင့်တူးထားသောတွင်းသို့ သက်လေ၏၊ ကျားသည် လျင်မြန်သော အဟုန်ကို ချုပ်တည်းခြင်းငှါ မတတ်နိုင်ရကား ဝက်၏ အထက်အဘို့ဖြင့် သွားကာ ဆောင်းကဲ့သို့ မျက်နှာရှိ၍ ဖိလာကန့်လန့် တူးထားသောတွင်း၏ အလွန်ကျဉ်းသောမျက်နှာဝ၌ကျ၍ လက်အုပ်ချီသကဲ့သို့ဖြစ်၍ နေလေ၏။

ဝက်သည် ကျင်းမှထွက်၍ မိုးကြိုးကဲ့သို့ လျင်မြန်သော အဟုန်ဖြင့်ပြေးသွားကာ ကျား၏ပေါင်ကြား၌ အစွယ်ဖြင့် မွှန်းပြီးလျှင် အညှို့တိုင်အောင်ခွဲ၍ ကောင်းသော အသားတို့ကို အစွယ်ဖြင့် ထွင်းလျက် ကျားထိပ်ကို ကိုက်ဖောက်လျက် သင်တို့ရန်သူကို ယူကြလော့-ဟု ချီပြီးလျှင် ကျင်းဝသို့ပစ်ချလိုက်၏၊ ရှေးဦးစွာ ပြေးလာသော ဝက်တို့သည် ကျားသားကို စားလိုက်ကြရကုန်၏၊ နောက်မှလာသော ဝက်တို့သည် ကျားသား မကျန်တော့သဖြင့် စားရသော ဝက်တို့၏နှုတ်သီးကိုသာ နမ်းရကုန်၏။

ရသေ့စဉ်းလဲ ရန်ပြဲ

ထိုအခါ ဝက်တို့သည် "အရှင်.... အကျွန်ုပ်တို့သည် ကျား သေကာ မျှဖြင့် ဝမ်းမသာနိုင်ကုန်"ဟု ပြော၏၊ "အချင်းတို့.... အဘယ်ကြောင့် ဝမ်းမသာနိုင်ကုန်သနည်း" မေးသောအခါ "အရှင်....ကျားတကောင်သေလျှင် တကောင်ကိုရှာ၍ စီမံလိမ့်ဦးမည်၊ စီမံနေသော ရသေ့စဉ်းလဲပါသေမှ ဘေးရန်ကုန်သဖြင့် ဝမ်းသာ ကြနိုင်မည်"

ဟုပြော၏၊ "အချင်းတို့… ကျွဲကိုလည်း ငါသတ်ပြီးပြီ၊ ရသေ့ကိုကား အဘယ်မှာသတ်လောက်မည်နည်း၊ လာကြကုန်၊ ရသေ့ကိုလည်း ဖမ်းကြကုန်အံ့"ဟု ပြောဆိုကာ ဝက်အပေါင်းခြံရံလျက် ရသေ့စဉ်းလဲထံသွားကြပြန်၏။

ရသေ့စဉ်းလဲလည်း မိမိနေရာမှထ၍ ကျားသည် ယနေ့ကြာမြင့်လှသည်၊ ဝက်တို့ပင် ဖမ်းကုန်သလော-ဟု စုံစမ်းရန် ကျားလာရာခရီးသို့ ကြိုဆိုရန်သွားလတ်သော် မိမိထံအတင်းလိုက်လာသော ဝက်တို့ကိုမြင်၍ ရသေ့ပရိက္ခရာတို့ကိုစွန့်ပစ်ကာ အနီးရှိ ရေသဖန်းပင်သို့ တက်လေ၏၊ ဝက်တို့မြင်လျှင် "အရှင်…ရသေ့စဉ်းလဲပြေး၍ ရေသဖန်းပင်သို့တက်သည်"ဟု ပြောကြကုန်၏။

ထိုအခါ ဝမ္ဗုကီသူကရဝက်သည် ရေသဖန်းပင်သို့ သွားကာ ဝက်မတို့သည် ရေကိုယူ၍ အပင်ရင်းတွင် လောင်းကြကုန်၊ ဝက်ငယ်တို့သည် မြေကိုတူးကြကုန်၊ အစွယ်ရှိသော ဝက်တို့သည် အမြစ်ကိုဖြတ်ကြကုန်၊ကြွင်းသောဝက်တို့သည် ရေသဖန်းပင်ကို ခြံရံ၍ စောင့်ကြကုန်ဟု စီရင်လေ၏၊ ဝက်တို့လည်း စီရင်သောအတိုင်း ပြုလုပ်ကြကုန်၏၊ ရေသဖန်းပင်လည်း အခြားအမြစ်တွေပြတ်၍ ရေသောက်မြစ်ကြီးတခုသာကျန်ရှိတော့သဖြင့် လဲလုနီးပါးဖြစ်လေ၏၊ ထိုအခါ ဝမ္ဗုကီသူကရဝက်သည် ထိုအမြစ်ကြီးကို ပုဆိန်ဖြင့်ဖြတ်သည့်အလား တချက်ထည်းကိုက်၍ ဖြတ်လိုက်သဖြင့် ရေသဖန်းပင်လဲလေ၏၊ ရသေ့စဉ်းလဲလည်း မြေသို့ကျလာသဖြင့် ဝက်တို့ဝိုင်းဝန်းပြေးလာကာ အပိုင်းပိုင်း ကိုက်ဖြတ်၍ အရိုးပါမကျန် စားကြကုန်၏။

**ရန်အောင်ဝက်မင်း မင်းမြှောက်ခြင်း** ဝက်တို့သည် ကျားရန်သူနှင့် ရသေ့စဉ်းလဲရန်သူကို အောင်မြင်ကြလျှင် ဝမ်းမြောက် ဝမ်းသာ အောင်ပွဲ ခံလျက် ဝဓုကီသူကရဝက်ကို ရေသဖန်းတုန်း ပေါ်တွင် နေစေ၍ ရသေ့စဉ်းလဲ အသုံးအဆောင်ဖြစ်သော ခရုသင်းဖြင့် ဂင်္ဂါရေကိုဆောင်ကာ ဦးထိပ် အဘိသိက်သွန်းလောင်းပြီးလျှင် မင်းမြှောက်ကြကုန်၏၊ နုပျိုသော ဝက်မတကောင်ကိုလည်း မိဖုရားကြီး မြှောက်ကြကုန်၏။ [ထိုအခါမှစ၍ ယနေ့ထက်တိုင် မင်းတို့ကို ရေသဖန်းပျဉ်၌နေစေ၍ ခရုသင်းသုံးခုတို့ဖြင့် အဘိသိက် သွန်းကြသော အလေ့အထ ဖြစ်သတည်း။]

ထိုတောအုပ်၌ နေသော ရုက္ခစိုးနတ်သည် ထိုအံ့ဘွယ်သရဲကိုမြင်ရလျှင် သစ်ခွတခုကြား၌ ဝက်တို့ကို ရှေးရှုနေစေ၍—

"အို—ဝက်အပေါင်းတို့....ညီညွတ်သော ဝက်အပေါင်းတို့အား ရှိခိုးခြင်းဖြစ်စေသတည်း။
ရှေး၌မဖြစ်ဘူးသော မိတ်ဆွေခင်ပွန်း၏ အဖြစ်ကို ငါကိုယ်တိုင်မြင်ရ၍ ပြောဆိုပါ၏၊ အစွယ်ရှိကုန်သော ဝက်တို့စဉ်လျက် ကျားကို အောင်နိုင်ကုန်၏၊
အစွယ်ရှိသောဝက်တို့၌ ညီညွတ်ခြင်းဖြင့် သေဘေးမှလွတ်ကြကုန်၏"—

ဟု အရှိအသေပြုကာ ချီးကျူးပြောကြားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ၀ဓုကိသူကရ၀က်သည်- ယခုအခါ ဓနုဂ္ဂဟတိဿထေရ်။

※ ရုက္ခစိုးနတ်သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပဒုမ,စက္က၊ သကဋ္ဋ၊ သုံး၀စင်မျိုးဟာ။
(၂) အောင်မြေသိတတ်၊ စစ်ဆင်တတ်၊ မိုလ်မြတ်လက္ခဏာ။
(၃) ၀က်တွေညီပြန်၊ ရသေ့ရန်၊ ကျားရန်အောင်မြင်ပါ။

၀ဓုကိသူကရဇာတ်ပြီး၏။

---

## ၂၈၄—သိရိဇာတ်

ပဉ္စမပုဏ္ဏ၀ဂ္ဂ

**ကြက်သရေသိထားပြာဟ္မဏာပုဏ္ဏား** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတ၀န်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာ၀တ္ထိပြည်၌နေသော ပုဏ္ဏားတယောက်သည် ကြက်သရေ၏ လက္ခဏာကိုသိ၏။

ထိုပုဏ္ဏားသည် တနေ့သ၌ အနာထပိဏ်သူဌေးကားရှေး၌ဆင်းရဲပါလျက် ယခုစည်းစိမ်ရှင်ဖြစ်လာပြန်၏၊ ငါသည် အနာထပိဏ်သူဌေးကို ဖူးမြင်လိုသောဟန်ဖြင့်သွားကာအိမ်မှကြက်သရေကိုခိုးယူ၍လာရမူကားကောင်းလေစွဟု ကြံစည်ကာ အနာထပိဏ်သူဌေးအိမ်သို့ သွားလေ၏၊

ရောက်၍ တသက်ပန်လုံး အောက်မေ့အပ်သော စကား ကိုပြောဆိုပြီးလျှင် သူဌေးသည်"အို-ပုဏ္ဏား.... ဘာအလို ရှိ၍လာသနည်း အလိုရှိရာကိုပြောပါ"ဟုဆိုလေ၏၊ ထိုအ ခါပုဏ္ဏားသည် ရှတ်တရက်မပြောသေးဘဲ ကြက်သရေ ဘယ်မှာတည်သနည်းဟု ကြည့်လတ်သော် ရွှေချိုင့်ဖြင့်မွေး ထားသော ကြက်ဖြူ၏အမောက်၌ တည်သည်ကို သိလျှင် "သူဌေးမင်း.... တပည့်ငါးရာတို့ကို ဗေဒင်သင်စေရာ အ ချိန်မှန်မှန်တွန်သောကြက်ကို အလိုရှိပါသည် ဤကြက်ဖြူ ကိုပေးပါ"ဟု တောင်းလေ၏၊ သူဌေးသည် "ပုဏ္ဏား.... ယူပါလော့ သင့်ကိုငါပေး၏"ဟု ပြောဆိုစဉ် ကြက်သရေ သည် ကြက်၏အမောက်မှ ပြောင်းရွှေ့၍ ဦးခေါင်းရင်း တွင်ထားသော ပတ္တမြားတုံး၌တည်ပြန်၏။

**အဆင့်ဆင့်ပြောင်းနေ ကြက်သရေ**

ထိုအခါပုဏ္ဏားသည် ပတ္တမြားတုံး၌ တည်သည်ကို သိပြန်လျှင် ပတ္တမြား တုံးကို တောင်းပြန်၏၊ သူဌေးလည်း "ယူလော ပေးပါ၏"ဟုဆိုစဉ်ခဏ၌လျှင်ကြက်သရေသည် ပတ္တမြားတုံးမှပြောင်းရွှေ့ကာ ဦးခေါင်းရင်းတွင်ထားအပ် သော တောင်ဝှေး၌တည်ပြန်၏၊ ပုဏ္ဏားသိပြန်လျှင် တောင် ဝှေးကိုတောင်းပြန်၏၊"ယူလော့ ပေးပါ၏"ဟုဆိုစဉ်ခဏ၌ လျှင် ကြက်သရေသည် တောင်ဝှေးမှပြောင်းရွှေ့ကာ ပုည လက္ခဏာဒေဝီမည်သော သူဌေးကတော်ဦးခေါင်း၌ တည် ပြန်၏။

ပုဏ္ဏားသည်သိပြန်လျှင် ဤမိန်းမကား မစွန့်အပ်သော ဥစ္စာဖြစ်၏၊ တောင်းခြင်းငှါ မတတ်ကောင်းဟု ကြံစည်၍ "သူဌေးမင်း.... အကျွန်ုပ်သည် သင်သူဌေးအိမ်မှ ကြက်သ

ရေကိုခိုးယူလို၍ လာပါသည်၊ ထိုကြက်သရေသည် ရှေးဦးစွာ ကြက်၏အမောက်၌တည်၏၊ အကျွန်ုပ်အားပေးလျှင် ပြောင်းရွေ့ကာ ပတ္တမြားတုံး၌တည်ပြန်၏၊ အကျွန်ုပ်အားပေးပြန်လျှင် ပြောင်းရွေ့ကာ တောင်ဝှေး၌တည်ပြန်၏၊ အကျွန်ုပ်အားပေးပြန်လျှင် ပြောင်းရွေ့ကာ ပုညလက္ခဏာဒေဝီ၏ဦးခေါင်း၌ တည်ပြန်၏၊ ဤမိန်းမကား မစွန့်အပ်သောဥစ္စာဖြစ်၏၊ ထို့ကြောင့် အကျွန်ုပ်ယူခြင်းငှါ မတတ်ကောင်း သင့်ကြက်သရေကို ခိုးယူခြင်းငှါမတတ်နိုင်၊ သင့်ဥစ္စာသည် သင့်အားသာလျှင် ဖြစ်ပါစေတော့''ဟု ဆို၍ အိမ်သို့ပြန်လေ၏။

အနာထပိဏ်သူဌေးလည်း မြတ်စွာဘုရားထံသွား၍ ဤအကြောင်းကိုလျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် သူဌေး၏စကားကိုကြားတော်မူလျှင် ''သူဌေးမင်း.... ကြက်သရေသည် ယခုအခါ၌သာ တပါးသို့သွားသည်မဟုတ်၊ ရှေးအခါ၌လည်း ဘုန်းကံနည်းသောသူတို့သည် ဖြစ်စေအပ်သောကြက်သရေသည် ဘုန်းကံရှိသောသူတို့၏ ခြေရင်းသို့သွားဘူးပြီ''ဟုမိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု။**

**ဆင်ဆရာဆည်းကပ်ရသေ့မြတ်** လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်ကာသိကတိုင်း၌ ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် အိမ်ရာ

တည်ထောင်လူ၏ဘောင်၌နေလေ၏၊မိဘတို့ကွယ်လွန်သော အခါ သံဝေဂရသဖြင့်ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ် တွင် ဈာန်အဘိညာဉ်တို့ကိုဖြစ်စေလျက် ကြာမြင့်စွာ နေ လေ၏။

တနေ့သ၌ ချဉ်ဆားမှီဝဲလိုသဖြင့် ဇနပုဒ်သို့သွားပြီးလျှင် ဗာရာဏသီမင်း ဥယျာဉ်တော်၌နေ၍ နက်ဖြန် မြို့တွင်း၌ ဆွမ်းခံလတ်သော် ဆင်ဆရာ၏အိမ်တံခါးသို့ ရောက်လေ၏၊ ဆင်ဆရာလည်း ရသေ့၏ ငြိမ်သက်တည်ကြည်သောဣန္ဒြေ၌ ကြည်ညို၍ ဆွမ်းလှူပြီးလျှင် ဥယျာဉ်တော်၌ပင် သီတင်းသုံး စေ၍ အမြဲ ဆွမ်းစသည်ဖြင့်လုပ်ကျွေးလေ၏။

**ထင်းခွေသည်ကြား ကြက်ငြင်းပွား**

ထိုအခါ ထင်းခွေသမား တယောက် သည် တောသို့သွား၍ ထင်းတို့ကိုခွေပြီး လျှင် အိမ်သို့ပြန်လာရာ မြို့တံခါးမပိတ် မီအချိန်၌ တံခါးသို့ရောက်အောင် မလာနိုင်တော့သဖြင့် ညအခါ နတ်ကွန်းတခုဝယ်ထင်းစည်းကိုခေါင်းရင်း၌ထား၍ အိပ်လေ၏၊ ထိုနတ်ကွန်းတွင် လွတ်၍ထားသောကြက်များ စွာတို့သည် နတ်ကွန်း၏ အနီးသစ်ပင်ကြီးတခု၌ အိပ်ကြ ကုန်၏။

အထက်၌အိပ်သော ကြက်တကောင်သည် မိုးသောက် ထအခါဝယ် ကျင်ကြီးကိုစွန့်ချသည်ရှိသော် အောက်၌အိပ် သော ကြက်တကောင်၏ ကိုယ်ပေါ်တွင်ကျ၏၊ အောက် ကြက်သည်"ငါ့အပေါ်အဘယ်သူ ကျင်ကြီးစွန့်ချသနည်း" ဟုမေးလေ၏၊အထက်ကြက်သည်"ငါစွန့်ချမိ၏"ဟုပြော၏၊ "အဘယ်ကြောင့် စွန့်ချသနည်း"ဟု မေးလျှင်၊"သတိမရ အမှတ်မဲ့စွန့်ချမိပါသည်၊သည်းခံပါ"ဟုတောင်းပန်လေ၏။

အထက်ကြက်သည် နောက်တဖန်စွန့်မြဲ စွန့်ချပြန်၏၊ ထိုကြက်နှစ်ကောင်တို့သည် အချင်းချင်း ခိုက်ရန် ဖြစ်ကာ မာန်မာနတက်၍ မိမိတန်ခိုးအစွမ်းကိုပြကြကုန်၏၊အောက်ကြက်သည် အထက်ကြက်အား၊"ဟယ်-ကြက်ဖျင်း.... နှင့်အစွမ်းဘာရှိသလဲ၊ ငါ့ကိုသတ်၍ အသားကို ကင်စားသူမှာ ချက်ချင်းအသပြာတထောင်ရမည်"ဟု ပြောဆို၏၊ ထိုအခါ အထက်ကြက်သည် အောက်ကြက်အား၊ "ဟယ်-ကြက်ဖျင်း..နှင့်အစွမ်း သည်မျှဘဲလား၊ငါ့ကိုမကြားလင့်၊ငါ၏ကြီးမြတ်သောအသားကို စားသူသည် မင်းဖြစ်မည်၊ အပြင်ပ၌အသားကိုစားသူသည်၊ ယောကျာ်းဖြစ်လျှင် သေနာပတိဖြစ်မည်၊မိန်းမဖြစ်လျှင် မိဖုရားဖြစ်မည်၊ အရိုး၌ကပ်သောအသားကို စားသူသည် လူဖြစ်လျှင် ဘဏ္ဍာစိုး ဖြစ်မည်၊ ရဟန်းဖြစ်လျှင် မင်းဆရာဖြစ်မည်"ဟု ပြောဆိုလေ၏။

**ကြက်ကိုသတ်ဖြတ် စီရင်လတ်**

ထိုအခိုက် ထင်းခွေသမားသည် ကြက်နှစ်ကောင်တို့ ပြောဆိုသောစကားကို ကြားလျှင် ငါ့မှာ အသပြာတထောင်ဖြင့် ဘယ်အကျိုးရှိအံ့နည်း မင်းအဖြစ်ကိုသာ ယူမည်ဟု ကြံစည်ကာ သစ်ပင်ကြီးသို့လျှင်မြန်စွာတက်ပြီးလျှင်အထက်ကြက်ကို ဖမ်း၍သတ်ကာ ခါးပိုက်ထဲသို့ ထည့်ပြီးလျှင် အိမ်သို့ပြန်၍ အမွေးအတောင်နုတ်ကာ ဝမ်းကိုသုတ်သင်ပြီးလျှင် ဤကြက်သားကိုကောင်းစွာစီရင်ပါဆို၍ မယားအားပေးလေ၏။

မယားလည်း ထမင်းနှင့်တကွ ကြက်သားကို ကောင်းစွာစီရင်ချက်ပြုတ်ပြီးလျှင် လင်အားစားရန် တည်ခင်းလေ၏၊ လင်လည်း ရုတ်တရက် မစားသေးဘဲ မယားအား

"ရှင်မ…ဤကြက်သားကား သာမည ကြက်သားမဟုတ်၊ တန်ခိုးအာနုဘော်အလွန်ကြီးမားလှသည်၊ ဤကြက်သား ကိုစားရလျှင် ငါမင်းဖြစ်မည်၊ ရှင်မလည်း မိဖုရားကြီးဖြစ် မည်၊ သို့အတွက် သင်သည် ထမင်းနှင့်ကြက်သားကို အုပ် တွင်ကောင်းစွာထည့်၍ယူခဲ့ပါ၊ ရေချိုးပြီး ကိုယ်လက်သန့် ရှင်းမှစားမည်"ဟု ပြော၍လင်မယားနှစ်ယောက်လုံး ရေ ချိုးရန် ထမင်းဟင်းကိုယူကာ ဂင်္ဂါမြစ်သို့သွားကြကုန်၏။

**ဂင်္ဂါမြစ်တွင်း ကြက်သားဟင်း**

ဂင်္ဂါမြစ်သို့ ရောက်လျှင် ထမင်းအုပ်ကို မြစ်ကမ်းပေါ်တွင် ထားခဲ့၍ လင်မယား နှစ်ယောက်လုံး မြစ်သို့ ဆင်းသက်ကာ ရေချိုးကြကုန်၏၊ ထိုခဏ၌ လေတိုက်ခတ်သဖြင့် ရေလှိုင်း တွေထလာကာ ကမ်းပေါ်သို့ရောက်၍ ထမင်းအုပ်ပါသွား သဖြင့် ဂင်္ဂါမြစ်၌ မျောလေ၏၊ အောက်ဆိပ် ကမ်းတွင် ဆင်တို့ကို ရေချိုးပေးနေသော ဆင်ဆရာတယောက်မြင်လျှင် အုပ်ကိုဆယ်ယူစေ၍ ဖွင့်စေရာ ထမင်းနှင့် ကြက်သားဟင်း မှန်းသိသဖြင့် ထမင်းအုပ်ကိုပိတ်စေ၍တံဆိတ်ခပ်စေပြီးလျှင် ငါမရောက်မီဘယ်သူမျှ မဖွင့်နှင့်ဟုမှာထားကာ မယားထံ ပို့စေ၏၊ ဘုန်းကံနည်းပါးသောထင်းခွေသမားလင်မယား တို့လည်း ထမင်းအုပ်ကို မဆယ်နိုင်တော့ဘဲ ခံတွင်းသို့ဝင် သော သဲရေတို့ဖြင့် ဝမ်းပိုက်ဖူးဖူးရောင်ကာ အိမ်သို့ပြန်ကြ ရကုန်၏။

ထိုခဏ၌ ဆင်ဆရာကိုးကွယ်ထားသော ဒိဗ္ဗစက္ခုရှင် ရသေ့လည်း ငါ၏ အလုပ်ကျွေးဖြစ်သော ဆင်ဆရာသည် ဤရာထူးကိုစွန့်၍ ဘယ်အခါ စည်းစိမ်ချမ်းသာကို ရပါ

မည်နည်းဟု ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုဆင်ခြင်လတ်သော် ထိုကြက်သားရသော အကြောင်းကိုသိ၍ ရှေးဦးစွာ သွားပြီးလျှင် ဆင်ဆရာ၏အိမ်၌နေလင့်၏။

**ကြက်သားကိုကျွေး သတိပေး**

ဆင်ဆရာလည်း အိမ်သို့ ပြန်လာပြီးလျှင် ထမင်းအုပ်ကို ယူခဲ့စေ၍ ဆရာ ရသေ့အားကပ်လှူလေ၏၊ ရသေ့လည်း ဆွမ်းကိုအကပ်ခံပြီးလျှင် ကြက်သားကို အကပ်မခံသေးဘဲ ကြက်သားကို ငါစီရင်မည်ဆို၍၊ အသားတို့ကိုတခုစီစုစေ၍ ကြီးမြတ်သောအသားကို ဆင်ဆရာအားစားစေ၏၊ အပြင်ပဖြစ်သော အသားကို ဆရာကတော်ကိုစားစေ၏၊ အရိုး၌ကပ်သောအသားကို အကပ်ခံကာ မိမိဘုဉ်းပေးတော်မူ၏။

ရသေ့လည်း ဆွမ်းဘုဉ်းပေးပြီးသော် ဆင်ဆရာအား "သင်သည် ယနေ့မှသုံးရက်မြောက်နေ့၌ မင်းဖြစ်လတ္တံ့၊ မမေ့မလျော့ သတိဝီရိယနှင့်နေလော"ဟုဆုံးမ၍ ဉယျာဉ်တော်သို့ပြန်လေ၏၊ သုံးရက်မြောက်နေ့တွင် ပြည်နီးချင်းမင်းတပါးသည် စစ်သည်ဗိုလ်ပါနှင့်တကွ လာလတ်၍ စစ်ထိုးရန် ဗာရာဏသီပြည်ကို ဝန်းရံ၍ထားလေ၏။

**ဆင်ဆရာမှာ မင်းဖြစ်လာ**

ထိုအခါ ဗာရာဏသီ မင်းသည် ဆင်ဆရာအား မင်းအသွင်ကို ယူစေပြီးလျှင် ဆင်တော်ကိုစီး၍ စစ်တိုက်လောဟု စေလွှတ်လိုက်၏၊ မိမိမှုကား မထင်ရှားသော အသွင်ကိုယူ၍ စစ်သည်တို့ကိုစီရင်နေခိုက် အဟုန်ပြင်းသော မြှားတစင်းထိမှန်ကာ ခဏချင်းပင် နတ်ရွာစံလေ၏၊ ဆင်ဆရာသည် မင်းကြီးနတ်ရွာစံသည့်အဖြစ်ကိုသိလျှင် ဘဏ္ဍာတိုက်

တို့မှ များစွာသော ဥစ္စာတို့ကို ထုတ်ယူစေ၍ "ဥစ္စာလိုချင်သူသည် စစ်ဦးမှနေ၍ တိုက်ကြကုန်"ဟု စည်လည်စေ၏၊ စစ်သည်တို့သည် အားကြီးမာန်တက် တိုက်ကြလျှင် ပြည်နိုးချင်းမင်းလည်း နတ်ရွာစံကာ စစ်သည်တို့ ပြေးကြသဖြင့် အောင်နိုင်လေ၏။

အမတ်တို့လည်း မင်းကြီးအလောင်းကို သဂြိုဟ်ပြီးလျှင် အဘယ်သူ့အား မင်းအဖြစ်ကို ပေးကြကုန်မည်နည်းဟု တိုင်ပင်ကြသော် အချို့အမတ်တို့သည် ငါတို့မင်းကြီးအသက် ရှင်စဉ်ကပင် မိမိအသွင်ကို ဆင်ဆရာအားပေးသည်၊ တိုင်းပြည်ကိုလည်း ဆင်ဆရာပင်လျှင် တိုက်၍ယူခဲ့သည်၊ သို့အတွက် ဆင်ဆရာသာ မင်းအဖြစ်ကို ပေးကြမည်ဆိုလေလျှင် အလုံးစုံသောသူတို့သည်သဘောတူညီကြသဖြင့် ဆင်ဆရာကိုပင် အဘိသိက် သွန်းကာ မင်းမြှောက်ကြကုန်၏၊ ဆင်ဆရာမယားကိုလည်း မိဖုရားကြီး မြှောက်ကြကုန်၏၊ ရသေ့လည်း မင်းဆရာဖြစ်လေ၏။

မြတ်စွာဘုရားသည် ဤသို့ အတိတ်ဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် အနာထပိဏ်သူဌေးအား သူဌေးမင်း....

"အတတ်ပညာတတ်သည်ဖြစ်စေ၊မတတ်သည်ဖြစ်စေ ဘုန်းကံနည်းပါးသူတို့ လုံ့လပြုကာ ပြုစုထားသော ပစ္စည်းဥစ္စာတို့ကို ဘုန်းကံရှိသူတို့သာ သုံးဆောင်ခံစားရကုန်၏၊ ခပ်သိမ်းသော အရပ်တို့၌ ဘုန်းကံမရှိသူတို့ကို ကျော်လွန်၍ ရတနာတို့ဖြစ်ရာမဟုတ်သော အရပ်တို့၌လည်း ဘုန်းကံရှိသူ

တို့အား စည်းစိမ်ချမ်းသာ များစွာ ဖြစ်ထွန်းကြကုန်၏''ဟု−

ဟောကြားဆုံးမတော်မူ၏၊ တဖန်အနာထပိဏ်သူဌေးအား ''သူဌေးမင်း…. သတ္တဝါတို့အား ကောင်းမှုနှင့်တူသော တပါးသောထောက်တည်ရာမရှိ၊ ကောင်းမှုရှိသောသူတို့အား ဖြစ်ရာမဟုတ်သော အရပ်၌လည်း ရတနာတို့ဖြစ်လာကြကုန်၏။

ဤကောင်းမှုမည်သည်ကား လူနတ်တို့အား အလိုဆန္ဒအလုံးစုံကိုပေးတတ်သောဥစ္စာရွှေအိုးတည်း၊ တောင့်တသော ဆုအလုံးစုံကို ကောင်းမှုဖြင့်သာရကြ၏၊ကောင်းခြင်း, အစိုးရခြင်း,အခြံအရံများခြင်း ဟူသော အလုံးစုံကို ကောင်းမှုဖြင့်သာရကြ၏၊ ချမ်းသာအလုံးစုံကိုလည်း ကောင်းမှုဖြင့်သာရကြ၏၊ထိုကြောင့်တည်ကြည်သောပညာရှိတို့သည် ပြုခဲ့ပြီးသော ကောင်းမှုရှိသူအဖြစ်ကိုသာချီးမွမ်းကြကုန်၏''ဟုဟောတော်မူ၏။

ယခုအခါ၌ အနာထပိဏ်သူဌေး၏ကြက်သရေတည်ရာရတနာတို့ကား ကြက်, ပတ္တမြား,တောင်ဝှေး,ပုညလက္ခဏာဒေဝီတို့ဖြစ်ကုန်၏''ဟုဟောတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်−

ရဟန်းတို့….

※ ထိုအခါမင်းသည်-ယခုအခါအာနန္ဒာ။

※ မင်းဆရာရသေ့သည်-ငါဘုရားဖြစ်လာပြီ−

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကုသိုလ်ကောင်းမှု၊ပညာစု၊သိမှုကြွက်သရေပင်။
(၂) ဘုန်းကံနည်းပါး၊ပြုစုထား၊သုံးစားဘုန်းကံရှင်။
(၃) ကောင်းမှုဟူက၊ကျိုးများစွာ၊မုချပြီးသည်ပင်။
(၄) ကောင်းမှုရှိဘူး၊အဖြစ်ထူး၊ချီးကျူးပညာရှင်။

သိရီဇာတ်ပြီး၏။

---

## ၂၇၅-မဏိသူကရဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

သုန္ဒရီမည်ရ ပရိဗိုဇ်မ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် မြတ်စွာဘုရား အားငှင်း, ရဟန်းသံဃာအားငှင်း မြစ်ကြီးငါးစင်းတို့ ကြီးစွာသော ရေအယဉ်ကဲ့သို့များစွာသောလာဘသက္ကာ ရတို့သည်ဖြစ်ကုန်၏။

ထိုအခါ တိတ္ထိတို့သည် နေထွက်သောအခါ ပိုးစုန်း ကြူးကဲ့သို့ အရောင်အဝါ မရှိကုန်၊ ဘုရားပွင့်တော်မူသည် မှစ၍ လာဘသက္ကာရတို့သည် ဆုတ်ယုတ်ကုန်၏၊ တစုံတ ယောက်သောသူမျှလည်း ငါတို့ရှိသည်အဖြစ်ကိုမသိ၊ငါတို့ သည် ဘယ်သူနှင့် တပေါင်းတည်းဖြစ်ကာရဟန်းဂေါတမ ၏ ကျေးဇူးမဲ့ကိုဖြစ်စေ၍ လာဘသက္ကာရကို ကွယ်စေရ ကုန်အံ့နည်းဟု စည်းဝေးတိုင်ပင်ကြကုန်၏၊ ထိုအခါတိတ္ထိ တို့အား သုန္ဒရီပရိဗိုဇ်မနှင့် တပေါင်းတည်းပြု၍ လာဘ သက္ကာရကို ကွယ်စေမည်ဟုကြံစည်ကြကုန်၏။

တနေ့သ၌ တိတ္ထိတို့သည်အာရာမ်တွင်းသို့ဝင်လာသော သုန္ဒရီပရိဗိုဇ်မကို စကားမပြောဘဲနေကြကုန်၏၊ ပရိဗိုဇ်မသည် အဖန်ဖန်မေးသော်မှလည်း စကားမပြောဘဲနေကြလျှင် အရှင်ဘုရားတို့ကို တစုံတယောက်သော သူသည် ညှဉ်းဆဲပါသလော''ဟုမေး၏၊ ''နှမ···· ငါတို့ကို လာဘသက္ကာရမရှိအောင်ပြုကာ ရှင်ဂေါတမသည် ညှဉ်းဆဲဘိ၏၊သင်ကားလှပတင့်တယ်ရှုချင်စဘွယ်ရှိ၏၊ ရှင်ဂေါတမအား အကျော်အစောမဲ့ကိုတင်၍ လူအများ သင့်စကားကို ယုံကြည်စေပြီးလျှင် လာဘသက္ကာရ ပျောက်ကွယ်အောင်ပြုပါ''ဟု စေခိုင်းကြကုန်၏၊ သုန္ဒရီပရိဗိုဇ်မလည်း ဝန်ခံပြီးလျှင် ရှိခိုး၍သွားလေ၏။

**သုန္ဒရီကိုပြစ်ပွဲကြ**

သုန္ဒရီပရိဗိုဇ်မသည် ညချမ်းအခါမြတ်စွာဘုရားထံမှတရားနာပြီးလျှင် လူများအပြန်တွင် ဇေတဝန်ကျောင်းဘက်သို့သွား၏၊ လူအများမေးလျှင်''ငါသည် ရဟန်းဂေါတမထံသွား၍ ဂန္ဓကုဋိတိုက်တွင် အတူအိပ်ချေမည်''ဟု ပြောဆိုကာတိတ္ထိတို့အာရာမ်တွင်းသို့ဝင်၍ အိပ်၏၊နံနက်စောစောလည်း ဇေတဝန်ကျောင်းမှ မြို့ဘက်သို့ သွားပြန်၏၊လူတို့မေးမြန်းလျှင်လည်း ညအခါ ရဟန်းဂေါတမနှင့် ဂန္ဓကုဋိတိုက်တွင် အတူအိပ်ကာ ကိလေသာဖြင့် မွေ့လျော်စေပြီးမှလာခဲ့၏ဟုပြောဆိုပြန်၏။

နှစ်ရက်,သုံးရက်လွန်လျှင် တိတ္ထိတို့သည် သေသောက်ကြူးတို့အား အသပြာပေး၍''အမောင်တို့··သုန္ဒရီပရိဗိုဇ်မကိုသတ်၍ ရှင်ဂေါတမ၏ ဂန္ဓကုဋိတိုက်အနီးရှိ ပန်းမှိုက်ကြားတွင် အလောင်းကို ပစ်ခဲ့ကြ''ဟု စေခိုင်းကြကုန်၏၊

သေသောက်ကြူးတို့လည်း တိတ္တိတို့ စေခိုင်းတိုင်း ပြုကြကုန်၏။

ထိုနောက် တိတ္တိတို့သည် သုန္ဒရီပရိဗိုဇ်မကို မမြင်ကုန်ဟု မြို့တွင်း၌ အုတ်အုတ်ကျက်ကျက် ပြုကုန်လျက် မင်းကြီးအား ပြောကြားကြကုန်၏၊ မင်းကြီးလည်း "သင်တို့အဘယ်အရပ်မှာ သံသယရှိကြသနည်း"ဟု မေး၏၊ "အရှင်မင်းကြီး....သုန္ဒရီပရိဗိုဇ်မသည် ဇေတဝန်ကျောင်း၌ နေသည်၊ ထိုအရပ်မှာ သံသယရှိသည်"ဟု ပြောကြားကာ မင်းကြီးထံမှ ခွင့်ယူပြီးလျှင် မိမိတို့ဘက်တော်သားစုကိုခေါ်ယူပြီးလျှင် ဇေတဝန်ကျောင်းသို့ သွား၍ ရှာဖွေစေရာပန်းမှိုက်ကြား၌တွေ့၍ အလောင်းကို ညောင်စောင်း၌ တင်ကာ မြို့တွင်းသို့ယူခဲ့ကြကုန်၏၊ မင်းကြီးအားလည်းရဟန်းဂေါတမ တပည့်တို့သည် ဆရာပြုသောမကောင်းမှုကို ဖုံးလွှမ်းလိုသဖြင့် သုန္ဒရာပရိဗိုဇ်မကို သတ်ပြီးလျှင် ပန်းမှိုက်ကြား၌ပစ်ထားကြသည်ဟု လျှောက်ထားကြစေ၏၊ မင်းကြီးလည်း သည်အတိုင်းဖြစ်လျှင် သွားကြကုန် မြို့၌လှည့်ကြကုန်ဟုအမိန့်ပေးလေ၏။

ထိုအခါ တိတ္တိတို့သည် မြို့လမ်းခရီးတို့၌ သာကီဝင်မင်းသား ရဟန်းဂေါတမအမှုကိုကြည့်ရှုကြကုန်လော့စသောစကားတို့ကို ပြောဆိုရှုတ်ချကာ တဖန်မင်းကြီးနန်းတော်တံခါးသို့ လာကြကုန်၏၊ မင်းကြီးသည် သုန္ဒရီပရိဗိုဇ်မအလောင်းကို အစိမ်းပစ်ရာ သုသာန်သို့ ယူစေပြီးလျှင် ညောင်စောင်း၌ထားကာ စောင့်စေ၏၊ မြို့တွင်း မြို့ပြင်ရှိအရိယာမှတပါးသော သူတို့သည် တိတ္တိတို့စကားကို ယုံကြည်ကာ ရဟန်းတို့ကိုဆဲရေးကြကုန်၏။

သေသောက်တို့ပေါ် အမှုပေါ်

မင်းကြီးလည်း မင်းချင်းတို့အား သုန္ဒရီပရိဗိုဇ်မကို သတ်သောသူတို့ကို သိအောင် စုံစမ်းရမည်ဟု အမိန့်ပေးလေ၏၊ မင်းချင်းတို့သည်သေသောက်ကြူးတို့သေသောက်ရာအရပ်သို့ သွား၍စုံစမ်းရာ သေသောက်ကြူးတို့အချင်းချင်း ခိုက်ရန်ဖြစ်နေကြကုန်၏၊ သေသောက်ကြူး တယောက်သည် သေသောက်ကြူးတယောက်အား "သင်ကား သုန္ဒရီပရိဗိုဇ်မကို တချက်တည်းဖြင့် အသေသတ်ကာ ပန်းမှိုက်ကြား၌ပစ်၍ ရသောအသပြာဖြင့် သေကိုသောက်ရ၏၊သင်လိုလူကိုလူမှတ်ရမည်လော"ဟုဆိုလေ၏၊ ထိုအခါ မင်းချင်းတို့သည် ထိုသေသောက်ကြူးကို ဖမ်း၍မင်းကြီးထံဆောင်ယူကြကုန်၏၊ မင်းကြီးသည်သေသောက်ကြူးကိုမေးလျှင် အမှန်အတိုင်း ဖြောင့်ချက်ပေးသဖြင့် တိတ္ထိတို့သတ်ခိုင်းမှန်းသိလျှင် တိတ္ထိတို့ကိုခေါ်စေ၍ သုန္ဒရီပရိဗိုဇ်မအလောင်းကို ထမ်းစေပြီးလျှင် သုန္ဒရီပရိဗိုဇ်မကို ရဟန်းဂေါတမအား ကျေးဇူးမဲ့ကို တင်လိုသဖြင့် ငါတို့သတ်စေပါသည် ရဟန်းဂေါတမ တပည့်တို့အား အပြစ်မရှိပါ၊ ငါတို့အားသာ အပြစ်ရှိပါသည်ဟု ပြောဆိုကာမြို့တွင်း၌ လှည့်လည်စေပြန်၏၊ တိတ္ထိတို့လည်း မင်းကြီးအမိန့်အတိုင်းပြုကြရကုန်၏။

မိုက်သောသူတို့လည်း ထိုအခါမှယုံကြည်ကုန်၏၊ တိတ္ထိတို့လည်း လူသတ်ဒဏ်ဖြင့် နှောင့်ရှက်ကုန်၏၊ ထိုအခါမှစ၍ မြတ်စွာဘုရားအား အတိုင်းထက်အလွန် လာဘသက္ကာရသည်ပေါများလေ၏။

တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် "ငါ့ရှင်တို့....တိတ္ထိတို့သည် ဘုရားရှင်ကို ညစ်နွမ်းအောင်ပြုသော်လည်း မိမိတို့သာညစ်နွမ်းရကုန်၏" ဟု စကား စပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့....ငါဘုရားကို ညစ်နွမ်းအောင် ပြုခြင်းကား ပတ္တမြားကိုညစ်နွမ်းအောင်ပြုခြင်းနှင့်တူ၏၊ ရှေးအခါ ဇောတိရသပတ္တမြားကို ညစ်နွမ်းအောင်ပြုမည် ဟု ဝက်တို့လုံ့လပြုသော်လည်း ညစ်နွမ်းအောင် မတတ်နိုင်ကြကုန်" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ပတ္တမြားလိုဏ်ဂူ ဝက်မင်းမှု**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရွာငယ်တခုဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကာမဂုဏ်တို့အပြစ်ကိုမြင်၍ တောထွက်ပြီးလျှင် ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်ဝယ် တောင်အရေးသုံးခုအလွန်တွင် ကျောင်းသခ်မ်းဆောက်၍နေလေ၏။

ထိုအခါ ကျောင်းအနီးတွင် ပတ္တမြားလိုဏ်ဂူရှိ၏၊ ထိုပတ္တမြားလိုဏ်ဂူဝယ် ဝက်သုံးဆယ်တို့သည် နေကြကုန်၏၊ ထိုလိုဏ်ဂူအနီး၌ ခြင်္သေ့တကောင်သည် ကျက်စားလေ့ရှိ၏၊ ခြင်္သေ့၏အရိပ်သည် ပတ္တမြားဂူ၌ထင်လေ၏၊ ဝက်တို့သည် ခြင်္သေ့၏အရိပ်ကိုမြင်လျှင် ကြောက်ရွံ့ထိတ်လန့်ကုန်ရကား အသားအသွေးနည်းပါးလျက်ပိန်ချုံးကုန်၏။

ပတ္တမြားညစ်စေ ပွတ်ကြလေ

ထိုအခါ ဝက်တို့သည် ပတ္တမြားကြည် လင်ခြင်းကြောင့် ခြင်္သေ့၏ အရိပ်သည် ထင်လာ၏၊ ထိုပတ္တမြားကို ညစ်နွမ်းအောင် ပြုမည်ဟုကြံစည်လျက် မနီးမဝေး အရပ်တွင်ရှိသော ရေကန်သို့သွားပြီးလျှင် ညွှန်ဘွဲလူးကာ လာလတ်၍ ကိုယ်ဖြင့် ပတ္တမြားကို ညစ်နွမ်းအောင် ပွတ်တိုက်ကြကုန်၏၊ ပတ္တမြားသည် ဝက်တို့၏အမွေးတို့ဖြင့် ပွတ်တိုက်သည်ရှိသော် မညစ်နွမ်းဘဲ အတိုင်းထက်အလွန် ကြည်လင်၍ လာလေ၏၊ ဝက်တို့သည် ပတ္တမြား၏ ညစ်နွမ်းခြင်းအကြောင်းကိုမသိမမြင်ကြသဖြင့် ရသေ့ကိုမေးမည်ဟုရသေ့ထံဆည်းကပ်ကာ—

"အို-ရှင်ရသေ့.... အကျွန်ုပ်တို့ ဝက်သုံးဆယ်ကားပတ္တမြားဂူ၌ ခုနစ်နှစ်ပတ်လုံး နေထိုင်ကြပါကုန်၏၊ ထိုပတ္တမြား၏အရောင်ကို ညစ်နွမ်းအောင်ပြုမည်ဟု အကျွန်ုပ်တို့တိုင်ပင်ကြသောအခါ ညွှန်ဖြင့်ပွတ်တိုက်လျှင် ညစ်နွမ်းမည်အထင်ဖြင့် တကိုယ်လုံးညွှန်လူးကာ ကိုယ်ဖြင့်ပွတ်တိုက်ကြပါ၏၊ ပတ္တမြားရောင်ကား မညစ်နွမ်းဘဲ အတိုင်းထက်အလွန်ထွက်၍လာပါ၏၊ သို့အတွက် အရှင်ရသေ့ကိုမေးမြန်းပါကုန်၏၊ အရှင်ရသေ့သည် ဘယ်လိုအောက်မေ့ပါသနည်း"—

ဟုရသေ့အားမေးမြန်းကြကုန်၏၊ ထိုအခါရသေ့သည် ဝက်တို့အား—

"အို-ဝက်တို့...ဤပတ္တမြားကား ကျောက်မျက်ရွဲဖြစ်၏၊ မကြမ်းထန်း မပြန့်ပြောသော အရောင်

ရှိ၏၊ တင့်တယ်၏၊ ထိုပတ္တမြား၏အရောင်ကို ညစ်နွမ်းအောင်ပြုခြင်းငှါ မတတ်ကောင်း သင်တို့သည် ဘဲသွားကြကုန်လော့”—

ဟု ပြောကြားလေ၏၊ ဝက်တို့သည် ရသေ့စကားကို ကြားလျှင် ရသေ့ ပြောကြားသောအတိုင်း ဘဲသွားကြကုန်၏၊ ရသေ့လည်း ဈာန်ကိုဖြစ်စေလျက် မဆုတ်ယုတ်သောဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါရသေ့သည်--ယခုအခါငါဘုရားဖြစ်လာပြီ-ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘုရားဂုဏ်မူ၊ နွမ်းကြောင်းဟူ၊ ဘယ်သူမပြုစွမ်း။
(၂) ပတ္တမြားဂူ၊ ဝက်ငြူစူ၊ ညွှန်ယူပွတ်သည့်ငြမ်း။
(၃) ပတ္တမြားရောင်၊ မညစ်ပေါင်၊ အခေါင်တက်၍လွှမ်း။

မဏိသူကရဇာတ်ပြီး၏။

---

## ၂၀၆- သာလူကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ရဟန်းငြီးငွေ့ အပျိုကြီးတွေ့ — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အပျိုကြီး ဖျား

ယောင်းသွေးဆောင်သဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးရှိလေ၏။

ရဟန်းတို့သည် ထိုငြီးငွေ့သောရဟန်းကို မြတ်စွာဘုရားထံ ခေါ်ဆောင်၍သွားကြရာ မြတ်စွာဘုရားသည် ထိုရဟန်းအား ဟုတ်မှန်သလောဟုမေးတော်မူရာ ဟုတ်မှန်ကြောင်းလျှောက်ထားလေလျှင် "ချစ်သားရဟန်း....ဤမိန်းမသည် သင့်အကျိုးမဲ့ကိုပြုတတ်၏၊ ရှေးအခါ၌လည်း သင်သည် ထိုမိန်းမကို ထိမ်းမြားသောကာလ၌ ရောက်လာသော ပရိသတ်အတွက် လက်သုပ်ဟင်းလျာဖြစ်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် နာရဒကဿပဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

## အတိတ်ဝတ္ထု

**ကောင်းစွာကျွေးမွေး ဝက်ကလေး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်နွားမျိုး၌ဖြစ်၍အမည်အားဖြင့်"မဟာလောဟိတ"မည်၏၊ ညီဖြစ်သောနွားကား "စူဠလောဟိတ"မည်၏၊ ထိုနွားနှစ်ကောင်တို့သည် အမျိုးသားတဦး၏အိမ်ဝယ် လယ်ထွန်ခြင်းစသောအမှုကို ပြုကာ နေကြရကုန်၏။

ထိုအမျိုးအား အရွယ်သို့ရောက်နေသော အမျိုးသမီးတယောက်ရှိလေ၏၊ ထိုအမျိုးသမီးကို အမျိုးသားတဦးသည်တောင်းလာ၏၊ အမျိုးသမီးကို ထိမ်းမြားလက်ထပ်သောအခါ လက်သုပ် ဟင်းလျာ အတွက် ရည်ရွယ်၍

သာလူကမည်သော ဝက်တကောင်ကို ယာဂုထမင်းဖြင့် မွေးမြူထားလေ၏၊ သာလူကဝက်သည် ချမ်းသာစွာညောင် စောင်းအောက်၌ အိပ်ရ၏။

**ဝက်စာစားလို ညီငယ်ဆို**

တနေ့သ၌ စူဠလောဟိတမည်သောနွား သည် သာလူကကိုမြင်လျှင် မဟာလော ဟိတအား "နောင်တော်.... ငါတို့ သည် ဤအမျိုး၌ အမှုကိစ္စဟူသမျှကို ပြုလုပ်ကြရကုန်၏၊ ငါတို့ကိုမှီ၍ ထိုအမျိုးသည် အသက်မွေးကြကုန်၏၊ သို့ဖြစ်ပါ လျက် ငါတို့အား မြက်နှင့်ကောက်ရိုးကိုသာ ကျွေးကြကုန် ၏၊ ဤဝက်ကိုကား ယာဂုထမင်းဖြင့် မွေးမြူကြကုန်၏၊ ညောင်စောင်းအောက်၌ အိပ်စေကုန်၏၊ ဤသူတို့သည် အ ဘယ်သို့ပြုကြကုန်သနည်း"ဟု ပြောဆိုလေ၏၊ ထိုအခါ မဟာလောဟိတသည်—

"ညီထွေးစူဠလောဟိတ.... သင်သည် သာလူ ကဝက်၏အစာကို မနှစ်သက်လင့်၊ သာလူကဝက် ကား သေအံ့သောအစာကိုစားရဘိ၏၊ သင်သည် ကြောင့်ကြမဲ့ဖြစ်၍ မြက်နှင့်ကောက်ရိုးကိုသာစားပါ၊ ဤအစာကား အသက်ရှည်ကြောင်းဖြစ်၏၊ ယခုပင် လျှင် ထိမ်းမြားလက်ထပ်မည့် ယောကျ်ားသည် ဤအိမ်သို့ထိမ်းမြားလက်ထပ်ရန် ဧည့်သည်အဖြစ် ဖြင့် ရောက်လာလိမ့်မည်၊ ထိုအခါ ကျည်ပွေ့နှင့် တူသော နှုတ်သီးရှိသော သာလူကကို သတ်ရန် ညောင်စောင်းအောက်မှ ထုတ်ယူသည်ကို မြင်ရ လိမ့်မည်"—

ဟု ပြောကြားဆုံးမလေ၏၊ နှစ်ရက်,သုံးရက်လွန်၍ ထိမ်းမြားလက်ထပ်သောနေ့သို့ရောက်လတ်သော် သာလူကဝက်ကိုသတ်၍ လက်သုပ်ဟင်းလျာပြုကြကုန်၏။

နွားနှစ်ကောင်တို့သည် သာလူကဝက်၏ ပျက်စီးခြင်းကိုမြင်လျှင် ငါတို့၏မြက်နှင့် ကောက်ရိုးတည်းဟူသောအစာသည်သာ မွန်မြတ်လှ၏ဟု ကြံစည်ကြကုန်၏၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးလျှင်—

> "ရဟန်းတို့.... ငိုကြွေးမြည်တမ်းလျက် ကျည်ပွေ့နှင့်တူသော နှုတ်သီးရှိသော သာလူကဝက်ကို သတ်ကြရန် ဆောင်ယူသည်ကို မြင်၍ နွားအိုနှစ်ကောင်တို့သည် ဤအိမ်၌ ငါတို့၏ မြက်နှင့်ကောက်ရိုးတည်းဟူသော အစာသည်သာ မွန်မြတ်လှ၏ ဟု ကြံစည်ကြကုန်၏"—

ဟု ရဟန်းတို့အား ဟောကြားဆုံးမတော်မူ၏။

ဤဒေသနာတော်ကိုဟောတော်မူပြီး၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ အမျိုးသမီးသည်- ယခုအခါအပျိုကြီး။

※ သာလူကဝက်သည်- ငြီးငွေ့သောရဟန်း။

※ ရှင်ဥလောဟိတသည်- အာနန္ဒာ။
※ မဟာလောဟိတသည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကောက်ရိုးမြက်စား၊ နွားတို့ကား၊ ရှည်လျားသက်ဇီဝါ၊
(၂) ယာဂုကိုစား၊ ထမင်းစား၊ ဝက်ကားသေရရှာ။
(၃) ကောက်ရိုးနှင့်မြက်၊ ထမင်းထက်၊ မြတ်လျက်နွားမြင်ရှာ။

သာလူကဇာတ်ပြီး၏။

---

## ၂၇၇-လာဘဂရဟဇာတ်

ပဌမပုဒ်ဝဂ်၊

၄-ပါးအင်္ဂါရ လာဘ်ရမှု

နတ်လူဘို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရှင်သာရိပုတ္တရာ၏ အတူနေတပည့်ရဟန်းသည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပြီးလျှင်''အရှင်ဘုရား····အကျွန်ုပ်အား လာဘ်ရကြောင်းဖြစ်သော အကျင့်ကိုဟောတော်မူပါ၊ အဘယ်သို့ကျင့်သောသူသည် သက်န်းစသော လာဘ်လာဘကို ရပါသနည်း''ဟု လျှောက်ထားလေ၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် ''ငါ့ရှင်·· ဟိရိဩတ္တပ္ပကိုဖျက်ပြီးလျှင် ရဟန်းအဖြစ်ကို စွန့်လွှတ်၍-

(၁) မရူးသော် ရူးသကဲ့သို့ဖြစ်ခြင်း။
(၂) ကုန်းတိုက်ခြင်း။

(၃) ကခြေသည်နှင့်တူခြင်း။
(၄) ဖရိုဖရဲသောစကားရှိခြင်း။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော ရဟန်းအား လာဘသက္ကာရကိုရ၏၊ ဤအကျင့်ကား လာဘ်လာဘ ရခြင်းအကြောင်းဖြစ်သော အကျင့်တည်း" ဟု ဟောတော်မူ၏၊ ထိုအခါ ထိုတပည့်ရဟန်းသည် ထိုအကျင့်ကို ကဲ့ရဲ့ပြီးလျှင် နေရာမှထ၍သွားလေ၏။

ရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားထံချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် "ချစ်သား သာရိပုတ္တရာ····ထိုရဟန်းသည်ယခုအခါ၌သာ လာဘ်ရကြောင်းဖြစ်သောအကျင့်ကို ကဲ့ရဲ့သည်မဟုတ်၊ရှေးအခါ၌လည်း ကဲ့ရဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အင်္ဂါလေးသွယ် စက်ဆုပ်ဘွယ်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တဆယ့်ခြောက်နှစ်အရွယ်ကပင် ဗေဒင်သုံးပုံနှင့်တကွ တဆယ့်ရှစ်ပါးသော အတတ်တို့၌ တဘက်ကမ်းရောက် တတ်မြောက် လိမ်မာသဖြင့် ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်လုလင် ငါးရာတို့အား အတတ်ပညာကို သင်ကြားကာနေ၏။

ထိုလုလင် ငါးရာတို့တွင် လုလင်တယောက်သည် အကျင့်သီလနှင့်ပြည့်စုံ၏၊ထိုလုလင်သည် တနေ့သ၌ဆရာထံသို့

ချဉ်းကပ်၍ "ဆရာ.... သတ္တဝါတို့အား အဘယ်ကြောင့် လာဘ်လာဘဖြစ်သနည်း၊ လာဘ်လာဘ ဖြစ်ကြောင်းဖြစ်သော အကျင့်ကို ပြောကြားပါ"ဟု တောင်းပန်မေးမြန်းလေ၏၊ ထိုအခါ ဆရာသည် လုလင်အား–

"အမောင်....

(၁) အရူးကဲ့သို့ဖြစ်ခြင်း။
(၂) ချောပစ်ကုန်းတိုက်ခြင်း။
(၃) ကခြေသည်ကဲ့သို့ဖြစ်ခြင်း။
(၄) ဖရိုဖရဲကြဲသောစကားရှိခြင်း–

ဤလေးပါးသော အကြောင်းနှင့် ပြည့်စုံသောသူသည် မိုက်မဲတွေဝေသူတို့ထံမှ လာဘ်လာဘကိုရ၏၊ ဤသည်တို့ကား သင့်အား ပေးအပ်သော အဆုံးအမဖြစ်၏"–

ဟု ပြောဆိုလေ၏၊ တပည့်လုလင်သည် ဆရာစကားကိုကြားလျှင်–

"ဆရာ....ကိုယ်ကိုဖျက်ဆီး၍ အဓမ္မကိုကျင့်ခြင်းဖြင့် စည်းစိမ်ဥစ္စာရခြင်းကို အလွန်စက်ဆုပ်ပါ၏၊ အဓမ္မဖြင့် စည်းစိမ်ဥစ္စာကိုရှာမှီးခြင်းထက်- ရသေ့ရဟန်းပြုပြီးလျှင် နေရာမရှိဘဲ သပိတ် လက်စွဲ၍ ဆွမ်းခံကာအသက်မွေးခြင်းသည် မွန်မြတ်လှ၏"-

ဟု လာဘ်လာဘ ဖြစ်ခြင်းအကြောင်းကို ကဲ့ရဲ့ပြစ်တင်၍ ရသေ့ရဟန်းအဖြစ်၏ ဂုဏ်ကျေးဇူးကို ပြောဆို ချီးကျူးပြီးလျှင် တောထွက်ကာ ရသေ့ရဟန်းပြု၍ တရားသဖြင့် ဆွမ်းကိုရှာမှီးလျက် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ လာဘ်ရကြောင်းအကျင့်ကို ကွဲ့ရဲ့သော လုလင်သည်-ယခုအခါ ကွဲ့ရဲ့သောရဟန်း။
※ ဆရာပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ ရှက်,ကြောက်ဖုံးပြန်၊အရှုးဟန်၊တတန်ကခြေသွင်။
၂။ ဖရိုဖရဲ၊စကားကြဲ၊လူထဲကုန်းတိုက်လျှင်။
၃။ စည်းစိမ်,ဥစ္စာ၊ဖြစ်ကြောင်းမှာ၊မှတ်ပါဤလေးအင်။
၄။ ပညာရှိကား၊သူတော်ကား၊လားလားမလိုချင်။

လာဘဂရဟာဇာတ်ပြီး၏။

---

## ၂၈၈—မစ္ဆုဒ္ဒါနဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ကောက်ကျစ်အမှု အကြောင်းပြု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောက်ကျစ်စဉ်းလဲသော ကုန်သည်ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူသတည်း။ ။[ပစ္စုပ္ပန် ဝတ္ထုသည် အောက်၌ပြဆိုခဲ့ပြီ။]

အတိတ်ဝတ္ထု။

ညီနောင်နှစ်သွယ်
ကုန်ရောင်းဝယ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သူကြွယ်အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အိမ်ရာတည်ထောင်ကာ ပစ္စည်းဥစ္စာကိုဖြစ်စေ၏၊ ထိုသူကြွယ်အား ညီတယောက်လည်းရှိ၏၊ ထိုညီသူကြွယ်သည် အတန်ငယ်ခိုးဝှက်တတ်သောသဘောရှိ၏။

နောက်အခါ အမိအဘတို့ သေလွန်သည်ရှိသော် ညီအစ်ကိုနှစ်ယောက်တို့သည် တနေ့သ၌ ကုန်သွယ်သွားကြမည်ဟု တိုင်ပင်ညီညွတ်ကာ ရွာတခုသို့သွားကြပြီးလျှင် အသပြာတထောင်ကိုရခဲ့၍ ပြန်လာလတ်သော် မြစ်ဆိပ်တခုတွင် လှေကိုဆိုက်၍ ထမင်းစားကြကုန်၏။

ထမင်းလျှံရေး
အမျှပေး

အစ်ကို သူကြွယ်သည် ထမင်းစားပြီးလျှင် စားကြွင်းထမင်းတို့ကို ဂင်္ဂါမြစ်၌ ငါးတို့အား ပေးလှူ၍ မြစ်စောင့်နတ်အား အလှူအဘို့ကို အမျှပေးဝေ၏၊ မြစ်စောင့်နတ်လည်း ဝမ်းမြောက်ဝမ်းသာ သာခုခေါ်လျက် အလှူအဘို့ကို ရသဖြင့် စည်းစိမ်အခြံအရံပွားများ၍လာ၏၊ ပွားများခြင်းအကြောင်းကို ဆင်ခြင်လတ်သော် သာခုခေါ်သဖြင့် အလှူအဘို့ကို ရရှိကြောင်းသိလေ၏၊ ထိုအခါ အစ်ကို သူကြွယ်သည် သဲသောင်ပြင်ပေါ်၌ အပေါ်ရုံပုဆိုးကိုခင်းလျက် လျောင်းလတ်သော် အိပ်ပျော်ခဲ့လေ၏။

**ထောင်ထုတ်လိုမှု ကောက်ကျစ်ပြု**

ညီသူကြွယ်ကား အသပြာ တထောင်လုံးကို အစ်ကိုဖြစ်သူ သူကြွယ်အား မပေးဘဲ မိမိချည်းသာ ယူလိုသဖြင့် အသပြာထုပ်နှင့်တူသော ကျောက်စရစ်ခဲထုပ်တခုကိုပြုလုပ်ကာ အထုပ်နှစ်ထုပ်တို့ကို တပေါင်းတည်းထားလျက် လှေစီး၍ သွားကြရာ ဂင်္ဂါမြစ်အလယ်သို့ ရောက်သည်ရှိသော် ညီသူကြွယ်သည် လှေကိုလှုပ်စေ၍ ကျောက်စရစ် ခဲထုပ်ကို ရေ၌ ချမည်အကြံဖြင့် အသပြာထုပ်ကို ကျောက်စရစ်ခဲထုပ် မှတ်ထင်ကာ ရေ၌ချမိလေ၏၊ ချပြီးလျှင်''အစ်ကို.... အသပြာထုပ် ရေ၌ကျခဲ့ပြီ အသို့ပြုရအံ့နည်း''ဟု ပြောဆိုလေ၏၊ အစ်ကိုလည်း''ညီငယ်....ရေ၌ကျခဲ့သော် ဘယ်လိုမှမတတ်နိုင် မစိုးရိမ်လင့်''ဟုပြောလေ၏။

မြစ်စောင့်နတ်သည် ဤသူကား ငါ့အားအလှူအတွက်ကို အမျှဝေစေကာ စည်းစိမ်အခြံအရံကို ပေးပေသောကျေးဇူးရှင်ဖြစ်ပါပေသည်၊ ထိုသူ၏ဥစ္စာကို မဆုံးပါးရအောင် စောင့်ရှောက်မည်ဟု ကြံစည်၍ ထိုအသပြာထုပ်ကို ငါးကြီးတကောင်ကို မျိုစေ၍ ကိုယ်တိုင်စောင့်ရှောက်ကာနေ၏။

ညီသူကြွယ်လည်း အိမ်သို့ရောက်လျှင် အစ်ကိုကို လှည့်စားအပ်ပြီ အသပြာတထောင်လုံး ငါရတော့မည်ဟု ဝမ်းမြောက် ဝမ်းသာဖြစ်၍ အထုပ်ကိုဖြေလတ်သော် ကျောက်စရစ်ခဲထုပ် ဖြစ်နေသဖြင့် စိတ်နှလုံး ပူဆွေးချောက်ကပ်လျက် ညောင်စောင်းပေါ်ဖက်၍အိပ်လေ၏။

**ရှုပါန်းမျှဝေ နတ်စောင့်လေ**

ထိုအခါ တံငါတို့သည် မြစ်တွင်ငါး ဖမ်းရန်ကွန်ကိုပစ်ကုန်၏၊ အသပြာထုပ် မျိုထားသော ငါးကြီးသည် မြစ်စောင့် နတ်အာနုဘော်ကြောင့် ကွန်တွင်းသို့ဝင်လေ၏၊ တံငါသည် တို့လည်း ငါးကြီးကိုယူကာ ရောင်းရန်မြို့တွင်းသို့ဝင်ကုန်၏၊ လူတို့လည်း ငါးကြီးကိုမြင်လျှင် လိုချင်သဖြင့် အဘိုးကို မေးကြကုန်၏၊ တံငါတို့သည် ဤငါးကြီးကို အသပြာ တထောင်နှင့်ခုနစ်ပဲပေး၍ယူကြလောဟုဆိုကုန်၏၊ လူတို့ လည်း အသပြာတထောင်ထိုက်သောငါးကို ငါတို့မမြင်စ ဘူးဟုကဲ့ရဲ့ကြကုန်၏။

တံငါတို့သည် အစ်ကိုသူကြွယ်အိမ်သို့သွား၍ ရောင်း ကြကုန်၏၊သူကြွယ်လည်း''အဘိုးဘယ်လောက်ပေးရမည် နည်း''ဟု မေး၏၊''အရှင်....အခြားသူတို့ယူလျှင်အဘိုးအ သပြာတထောင်နှင့် ခုနစ်ပဲဖြစ်ပါသည် အရှင်ယူလျှင် ခုနစ်ပဲသာဖြစ်ပါသည်''ဟု ပြောဆိုကုန်၏၊ သူကြွယ်သည် ခုနစ်ပဲပေး၍ဝယ်ကာ မယားအားပေး၏၊ မယားလည်း ငါးကြီးဝမ်းပိုက်ကိုခွဲလတ်သော် အသပြာထောင်ထုပ်ကို ရ၍လင်သူကြွယ်အား ပြောကြားစေ၏၊

သူကြွယ်လည်း အသပြာထုပ်ကို ကြည့်ရှုလတ်သော် မိမိတံဆိပ်ကိုမြင်လျှင် မိမိဥစ္စာထုပ်မှန်းသိ၍—

''အချင်းတို့....တံငါတို့သည် ငါးဘိုးကို မေး အပ်သည်ရှိသော် သူတပါးတို့အား အသပြာတ ထောင်နှင့်ခုနစ်ပဲပေးရမည်ဟုပြောဆိုကုန်၏၊ ထို စကားကို ယုံကြည်နိုင်သောသူမရှိ၊ ဤအရပ်၌ ငါ

အားကား ခုနစ်ပဲပေးရမည်ဟုပြောဆိုကုန်၏၊ ငါ
လည်းဝယ်ယူမိချေ၏”—

ဟု ပြောဆိုပြီးလျှင် ငါသည်ဘယ်သူ့ကိုမှီ၍ ထိုအသပြာကို ရအပ်သနည်းဟု ကြံစည်လေ၏၊ ထိုခဏ၌ မြစ်စောင့်နတ်သည် ကောင်းကင်၌ကိုယ်ထင်ပြကာရပ်လျက်—

“အို—သူကြွယ်….ငါကား ဂင်္ဂါစောင့်နတ်ဖြစ်
၏၊ သင်သည် ငါးတို့အားထမင်းကျွေး၍ ငါ့အား
အလှူအဘို့ကို အမျှပေးဝေ၏၊ ငါသည် ထိုအလှူ
အဘို့ကို အမျှပေးဝေခြင်းဟူသော ပူဇော်ခြင်းကို
အောက်မေ့သဖြင့်သင့်ဥစ္စာကိုစောင့်ရှောက်ရ၏”-

ဟု သူကြွယ်အားပြောဆိုပြီးလျှင် ညီသူကြွယ် ပြုအပ်သော စဉ်းလဲကောက်ကျစ်သော အမှုအလုံးစုံကို ပြောကြား၍ ဤသူကား ယခုအခါစိတ်နှလုံး ပူဆွေး ချောက်ကပ်လျက်ညောင်စောင်းပေါင်ကိုဖက်၍အိပ်၏။

“အို—သူကြွယ်…. သင့်ညီသည် အစ်ကို၏
အဘို့ဖြစ်သော ဥစ္စာကိုလှည့်စားဘိ၏၊စိတ်ပြစ်မှား
သောသူအား အစီးအပွားမရှိ နတ်များလည်းမပူ
ဇော်၊ ငါသည်သင့်ဥစ္စာကို ဆောင်ယူ၍ သင့်အား
ပေး၏၊ ညီအား ဝေစုမပေးဘဲ သင်ချည်းသာယူ
လော့”—

ဟုပြောဆိုပြီးလျှင် ပြန်လေ၏၊ ထိုအခါအစ်ကိုသူကြွယ်သည် နတ်တို့ကား အဆွေခင်ပွန်းကို ပြစ်မှားသောသူအား အသပြာကိုပေးဝေခြင်းငှါ အလိုမရှိဟုပြောဆိုဘိ၏၊ သို့သော်လည်းညီ၏အဘို့အစုကိုမပေးခြင်းငှါမသင့်ဟုကြံစည်

ဆုံးဖြတ်ကာ ညီသူကြွယ်အားလည်း ငါးရာသော အသပြာကိုပို့စေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာကိုပြသည်၏အဆုံး၌ ကုန်သည်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါညီသူကြွယ်သည်- ယခုအခါ စဉ်းလဲသော ကုန်သည်။

※ အစ်ကိုသူကြွယ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ငါးထမင်းကျွေး၊ကုသိုလ်ရေး၊မျှပေးဂင်္ဂါနတ်။
(၂) ရေကျသပြာ၊သူကြွယ်မှာ၊နတ်လာပေးသတတ်။
(၃) မျှဝေပူဇော်၊လူသူတော်၊ပူဇော်တုံ့ပြန်နတ်။

မစ္ဆုဒ္ဒါနဇာတ်ပြီး၏။

## ၂၇၉—နာနာဆန္ဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ရှင်အာနန္ဒာဆု အကြောင်းပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင် အာ

နန္ဒာ၏ ဆုရှစ်ပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည် ကောသနိပါတ် ဇုဏှဇာတ်၌ ထင်စွာဖြစ်လတံ့။]

**အတိတ်ဝတ္ထု**

**မင်းသွင်ကိုဖျက် စုံစမ်းထွက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည့်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ ဗြဟ္မဒတ်မင်းသားဟူ၍ပင် အမည်တွင်သတတ်၊ ထိုဗြဟ္မဒတ်မင်းသားသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်ပညာတို့ကို သင်ကြားတတ်မြောက်ပြီးလျှင် အဘမင်းကြီးသေလွန်သဖြင့် မင်းအဖြစ်သို့ရောက်လေ၏၊ အဘမင်းကြီး လက်ထက်တွင် ရာထူးမှ ချထားသော ပုရောဟိတ်ပုဏ္ဏားသည်ရှိခဲ့၏၊ ထိုပုဏ္ဏားသည် ဆင်းရဲသဖြင့် အိမ်တခုတွင်နေရ၏။

တနေ့သ၌ ဗြဟ္မဒတ်မင်းသည် မထင်ရှားသောအသွင်ဖြင့် မြို့ကိုစုံစမ်းလျက်လှည့်လည်လေ၏၊ ထိုအခါ ခိုးမှုကိုကျူးလွန်ပြီးသော သူခိုးတို့သည် သေတင်းကုပ်တခု၌ သေကိုသောက်ပြီးလျှင် သေအိုးတို့ကိုယူ၍သွားကြရာ လမ်းခရီး၌ ဗြဟ္မဒတ်မင်းကိုမြင်လျှင်"အချင်း.... သင်ကားအဘယ်သူနည်း"ဟုမေးမြန်း၍ပုတ်ခတ်ပြီးလျှင် အပေါ်ရုံပုဆိုးကိုယူ၍ သေအိုးထမ်းခေါ်၍သွားကုန်၏။

**နက္ခတ်ကိုကြည့် အမှတ်သိ**

ပုရောဟိတ်ဟောင်း ပုဏ္ဏားလည်း ထိုခဏ၌ ခရီးလမ်းလယ်တွင် ရပ်လျက် နက္ခတ်ကို ကြည့်လျှင် မင်းကြီး ရန်သူ

လက် ရောက်နေသည်ကို သိသဖြင့် ပုဏ္ဏေးမကိုခေါ်၍– "ရှင်မ····ငါတို့မင်းကြီး ရန်သူလက်သို့ရောက်နေသည်"ဟု ပြော၏၊"အရှင်····သင့်မှာဘာလုပ်ရမှာလဲ၊မင်းထံမှ စည်းစိမ်ရသောပုဏ္ဏားတို့ ပြောကြလိမ့်မည်" ဟု ပုဏ္ဏေးမက ပြန်၍ပြောလေ၏။

မင်းကြီးလည်းပုဏ္ဏားအသံကိုကြား၍ပြီးလျှင်အတန်ငယ် လိုက်၍ သေသောက်ကြူးတို့အား "အရှင်တို့····အကျွန်ုပ်ကား လူဆင်းရဲဖြစ်ပါသည်၊ အပေါ်ရုံပုဆိုးကိုယူကာ အကျွန်ုပ်ကို လွှတ်ကြပါ"ဟုအဘန်ဘန်တောင်းပန်လျှင် သေသောက်ကြူးတို့လည်း သနားသဖြင့် လွှတ်လိုက်ကြကုန်၏၊ ထိုအခါ ပုရောဟိတ်ဟောင်းသည် ပုဏ္ဏေးမအား"ရှင်မ··· ငါတို့မင်းကြီး ရန်သူလက်မှလွတ်ပြီ"ဟု ပြောပြန်၏၊ မင်းကြီးသည် ထိုစကားကိုလည်းကြားပြန်၍ အိမ်ကိုမှတ်ပြီးလျှင် နန်းတော်သို့ပြန်လေ၏။

**နက္ခတ်သိ–ဆို မင်းကြည်ညို**

မင်းကြီးသည် မိုးသောက်သော အခါ ပုဏ္ဏားတို့ကို ခေါ်စေ၍ "ဆရာတို့···· သင်တို့သည် ညဉ့်အခါ နက္ခတ်ကို ကြည့်ကြကုန်၏လော"ဟုမေး၏၊ "အရှင်မင်းကြီး···· ကြည့်ပါကုန်၏၊ ဘေးရန်တစုံတရာရှိပါသလော"ဟု မေး၏၊ "မရှိပါ"ဟု လျှောက်ကြကုန်၏၊ထိုအခါမင်းကြီးသည် မင်းချင်းတို့ကို"အချင်းတို့···ဤမည်သောလမ်း ဤမည်သောအိမ်တွင် ပုဏ္ဏားတယောက်ရှိ၏၊ခေါ်ခဲ့"ဟု စေလွှတ်၍ ခေါ်စေရာ ရောက်လာလျှင်-"ဆရာ····ညဉ့်အခါ နက္ခတ်ကိုကြည့်ပါ၏လော"ဟုမေး၏၊ "အရှင်မင်းကြီး···· ကြည့်ပါ၏" ဟု လျှောက်၏၊"ဆရာ···· ဘေးရန် တစုံတရာ ရှိပါသလော"

ဟုမေး၏၊"အရှင်မင်းကြီး..ရှိပါ၏၊ ညဥ့်က-မင်းကြီးရန်သူ လက် ရောက်သွားရာ ခဏချင်းပင် လွတ်လာပါ၏" ဟု လျှောက်ထားလေ၏။

ထိုအခါ မင်းကြီးသည် နက္ခတ်တတ်သော သူတို့မည်သည် ဤပုဏ္ဏားကဲ့သို့ဖြစ်ရာ၏-ဟု ပြောဆိုပြီးလျှင် ကြွင်းသောပုဏ္ဏားတို့ကို မြို့တွင်းမှ နှင်ထုတ်စေ၏၊ ပုရောဟိတ်ဟောင်းကိုကား အလွန်ကြည်ညိုလှသဖြင့် အလိုရှိရာဆုကို ယူလော-ဟု ပေးလေ၏၊ ပုဏ္ဏားသည်"အရှင်မင်းကြီး.... သားမယားများနှင့်တိုင်ပင်၍ယူပါမည်"ဟု လျှောက်ထားပြန်လျှင်"ဆရာ....တိုင်ပင်ချေ၊ တိုင်ပင်ပြီးလျှင် လာခဲ့ပါ" ဟု မှာထား၍ လွှတ်လိုက်၏။

**အသီးသီးအဝဝ ဆုရကြ**

ပုဏ္ဏားလည်း အိမ်သို့ ရောက်လျှင်-မယား,သား,ချွေးမ,ကျွန်မတို့ကို ခေါ်၍ "မင်းကြီးသည် ငါ့ကို လိုရာဆုကိုယူလော့"ဟုပေးလိုက်၏၊"သင်တို့ ဘယ်ဆုကိုယူကြမည်နည်း" ဟု မေးလေ၏၊ ထိုအခါ-ပုဏ္ဏေးမသည် ငါ့အိုး-နွားမတရာ လိုချင်သည်၊ ဆတ္တမာဝဏမည်သော သားသည် ငါ့အိုး-အာဇာနည် မြင်းဖြူကသောရထားကိုလိုချင်သည်၊ ချွေးမသည် ငါ့အိုး-ပတ္တမြားနားဒောင်းလိုချင်သည်၊ ပုဏ္ဏမည်သောကျွန်မသည် ငါ့အိုး-ဆုံနှင့်ကျည်ပွေ့ကို လိုချင်သည်၊ ပုဏ္ဏားကြီးသည် ငါ့အိုး-ရွာမြတ်ကို လိုချင်သည်၊ ဤသို့မိမိတို့အလိုရှိရာကို အသီးအသီး ပြောဆို တိုင်ပင် ပြီးလျှင် ပုဏ္ဏားကြီးသည် မင်းကြီးထံသို့ လျှောက်ထားရန် သွားလေ၏။

မင်းကြီးလည်းပုဏ္ဏားကြီးပြန်ရောက်လာလျှင်''ဆရာ သင့်သားမယားများနှင့် တိုင်ပင်ခဲ့ပြီလော''ဟု မေးလေ၏၊ ထိုအခါ ပုဏ္ဏားကြီးသည်—

''အရှင်မင်းကြီး....တိုင်ပင်ခဲ့ပါပြီ၊ အကျွန်ုပ်တို့မှာ တအိမ်တည်း စု၍နေကြသော်လည်း အလိုဆန္ဒ အမျိုးမျိုးရှိကြပါ၏၊ အကျွန်ုပ်ကား-ရွာမြတ်ကိုလိုချင်ပါ၏၊ ပုဏ္ဏေးမကား-နွားမတရာကိုလိုချင်ပါ၏၊ သားကား-အာဇာနည်မြင်းဖြူကသော ရထားကို လိုချင်ပါ၏၊ ချွေးမကား- ပတ္တမြားနားဒောင်းကို လိုချင်ပါ၏၊ ကျွန်မကား-ဆုံနှင့်ကျည်ပွေ့ကိုလိုချင်ပါ၏''—

ဟု မင်းကြီးအား အလုံးစုံသော အိမ်သားတို့၏အလိုဆန္ဒကို လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးလည်း—

''အချင်းတို့....ပုဏ္ဏားအားရွာမြတ်ကို၊ပုဏ္ဏေးမအား-နွားမတရာကို၊ သားအား-အာဇာနည်မြင်းဖြူကသောရထားကို၊ ချွေးမအား- ပတ္တမြားနားဒောင်းကို၊ ကျွန်မအား ဆုံနှင့်ကျည်ပွေ့ကို ပေးကြကုန်''—

ဟု အိမ်သားအလုံးစုံတို့၏ အလိုဆန္ဒအတိုင်း ပြည့်စုံအောင်ပေးရန်ခွင့်ပြုကာ ပေးစေ၏၊ အိမ်သားအလုံးစုံတို့လည်း မင်းကြီးထံမှ မိမိတို့အလိုရှိရာကို အသီးအသီးရကြကုန်၏။

ဤသို့လျှင် မင်းကြီးသည် ပုဏ္ဏားကြီးအား အလိုရှိတိုင်းသော စည်းစိမ်ဥစ္စာများစွာကို ပေးပြီးလျှင် ပုရောဟိတ်ရာထူးကိုပြန်၍ပေးကာ''ဆရာ....ဤနေ့မှစ၍ ငါတို့၏အမှု

ကိစ္စကိုဆောင်ရွက်လော့”ဟုပြောဆိုအပ်နှင်း၍ မိမိထံတွင် အမြဲခစားစေ၏၊ပုဏ္ဏားကြီးလည်း စည်းစိမ်ဥစ္စာနှင့် ရာထူးကိုပြန်၍ရသဖြင့် မင်းကြီးထံ၌ အမြဲခစားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုရောဟိတ် ပုဏ္ဏားသည်- ယခုအခါ အာနန္ဒာ။

※ ဗြဟ္မဒတ်မင်းသည်- ငါဘုရားဖြစ်လာပြီ -

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တအိမ်တည်းပ၊ စုံနေကြ၊ ဆန္ဒအမည်မည်၊

(၂) နက္ခတ်ကြည့်ချိန်၊ မင်းနှင့်ကြိမ်၊ စည်းစိမ်ပြည့်စုံသည်။

(၃) ပုရောဟိတ်မှတ်၊ စဉ်မပြတ်၊ နက္ခတ်ကြည့်ရမည်။

နန္ဒာဆန္ဒဇာတ်ပြီး၏။

---

## ၂၉၀— သီလဝီမံသနဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

**သီလစုံစမ်းမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီလကို စုံစမ်းလိုသော ပုဏ္ဏားတယောက်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။[ပစ္စုပ္ပန်ဝတ္ထု၊,

အတိတ်ဝတ္ထုတို့သည် ကေကနိပါတ်သီလဝီမံသနဇာတ်နှင့် တူပြီ ထူးသမျှကိုသာပြဆိုပေအံ့။]

အတိတ်ဝတ္ထု

စုံစမ်းလိုမှု နိုးဓ့ကပြ

လွန်လေပြီးသောအခါဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏား သည် မိမိသီလကို စုံစမ်းမည်ဟုကြံစည်ကာ ရွှေပန်းထိမ် သည်၏ပျဉ်ချပ်ပေါ်မှ နှစ်ရက်ပတ်လုံး တနေ့ တသပြာ,တ သပြာယူလေ၏။

သုံးရက် မြောက်သောနေ့၌ တသပြာယူသည်ရှိသော် ပုရောဟိတ်ကို သူခိုးဟုဖမ်း၍ မင်းကြီးထံ ပို့သည်ရှိသော် လမ်းခရီး၌ မြွေကစားကုန်သော အလမ္ဗာယ်တို့ကိုမြင်လျှင် "အမောင်တို့.... သင်တို့သည် မြွေကိုကိုင်လျှင် သတိထား ကြကုန်လော့"ဟု ဆိုလေလျှင်- အလမ္ဗာယ်တို့သည် "အ ရှင်ပုဏ္ဏားကြီး.... ကိစ္စမရှိပါ၊ သီလရှိသောမြွေ"ဟု ဆိုကြ ကုန်၏။

မင်းကြီးထံရောက်လျှင် မင်းကြီးသည် ပုဏ္ဏားအား အ ဘယ်ကြောင့် ဤသို့သောအမှုကိုပြုသနည်း"ဟု မေးတော် မူ၏၊ ထိုအခါပုရောဟိတ်သည်"အရှင်မင်းကြီး... မိမိသီလ ကိုစုံစမ်းလိုသဖြင့် ပြုပါသည်"ဟုလျှောက်ထားပြီးလျှင်—

"မြတ်သောမင်းကြီး.... လောက၌ သီလသာ လျှင်မြတ်သတတ်၊ သီလသာလျှင်ကောင်းသတတ်၊ ရှုကြည့်ပါလော၊ အဆိပ်ကြမ်းတန်းသောမြွေကိုပင်

သီလရှိ၏ဟု မညှဉ်းဆဲကြကုန်၊ လောက၌အရိယာ
တို့ အကျင့်ကို ကျင့်သူကို သီလရှိသူဟု ဆိုကြ၏၊
ဘေးမရှိဟု ပညာရှိတို့ဝန်ခံကြသတတ်၊ သီလကိုငါ
ကောင်းစွာ ဆောက်တည်တော့အံ့၊ သီလရှိသူကို
အဆွေအမျိုးတို့လည်းချစ်ခင်ကြ၏၊ သီလရှိသူကား
အဆွေခင်ပွန်းတို့ အလယ်၌လည်း တင့်တယ်၏၊
သေလွန်လျှင် နတ်ပြည်၌ဖြစ်ရ၏"—
ဟု လျှောက်ထားလေ၏။

သီလ၏ ဂုဏ်ကျေးဇူးတို့ကိုချီးကျူးကာ မင်းကြီးအား တရားဟောပြီးလျှင် "အရှင်မင်းကြီး.... အကျွန်ုပ်အိမ်၌ ဥစ္စာများစွာရှိပါသည်၊ ဥစ္စာ၏အဆုံးကား မထင်ပါ၊ အကျွန်ုပ်သည် သီလကိုစုံစမ်းလို၍ ရွှေပန်းထိမ်သည် ပျဉ်ချပ်ပေါ်မှ အသပြာကိုယူမိပါသည်၊ ယခုအခါ အကျွန်ုပ်သည် လောက၌ အမျိုးအနွယ် ဆွေစဉ်မျိုးဆက်တို့၏ယုတ်ညံ့ခြင်း သီလ၏မြင့်မြတ်ခြင်းကို သိရပေပြီ၊ အကျွန်ုပ်သည်ရဟန်းပြုတော့အံ့၊ အကျွန်ုပ်အားရဟန်းအဖြစ်ကို ခွင့်ပြုပါလော့" ဟု အခွင့်တောင်းလေ၏၊ မင်းကြီးခွင့်ပြုလေလျှင် တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာအရပ်၌နေလျက် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေပြီးလျှင် သေလွန်သော အခါ ဗြဟ္မာ့ပြည်သို့လားရ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သီလကို စုံစမ်းသော ပုရောဟိတ်သည်-
ယခုအခါ ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) လောက၌တွင်၊ သီလလျှင်၊ ချစ်ခင်ကောင်းမြတ်သည်။
(၂) ဘေးရန်ကင်းလေ၊ သေ နတ်ပြေ၊ လူနေတင့်တယ်သည်၊
(၃) မြွေမကိုလဲ၊ သီလမြဲ၊ ညှဥ်းဆဲလွတ်ရသည်။
သီလဝီမံသနဇာတ်ပြီး၏။

---

## ၂၉၁—သုရာဃဋဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

တူရင်းကိုပင် အိမ်မှနှင် — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌သီတင်း သုံးတော်မူစဉ် အနာထပိဏ် သူဌေးကြီး၏ တူတော်တယောက်သည် မိဘတို့ဥစ္စာဖြစ်သော ရွှေငွေကုဋေလေးဆယ်တို့ကို သုရာသောက်ခြင်းဖြင့် ဖျက်ဆီးဖြုန်းတီးကာ အနာထပိဏ် သူဌေးကြီးထံသို့ လာလေ၏။

အနာထပိဏ်သူဌေးကြီးသည် တူအားကုန်သွယ်လော ဟု ဆိုးမကာ အသပြာတထောင်ကို ပေးလိုက်၏၊ ထို အသပြာတထောင်ကိုလည်း ဖျက်ဆီး၍ သူဌေးကြီးထံလာ ပြန်၏၊ သူဌေးကြီးလည်း တူအား တဖန်အသပြာငါးရာ ပေးလိုက်ပြန်၏၊ ဖျက်ဆီး၍ လာပြန်၏၊ တဖန်တူအား

ပုဆိုးကြီးနှစ်ထည်ကိုပေးလိုက်ပြန်၏၊ ဖျက်ဆီး၍တဖန်လာပြန်လျှင် သူဌေးကြီးသည် တစုံတရာကိုမပေးတော့ဘဲ တူကိုလည်ပင်းကိုင်ကာ အိမ်မှနှင်ထုတ်စေ၏။

ထိုသူဌေးတူသည် ကိုးကွယ်ရာ မရှိဖြစ်၍ သူတပါးတို့တိုက်နံရံကိုမှီ၍သေရ၏၊ လူတို့သည် အလောင်းကို မြို့ပ၌စွန့်ပစ်ကြကုန်၏၊ထိုအခါ သူဌေးကြီးသည် မြတ်စွာဘုရားထံသို့သွား၍ တူ၏အကြောင်းအံလုံးစုံကို မြတ်စွာဘုရားအားလျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် "သူဌေးကြီး..ထိုတူကို သင်သည်အဘယ်မှာ ရောင့်ရဲစေနိုင်အံ့နည်းဟု ရှေးအခါ ငါသည်အလုံးစုံသော အလိုဆန္ဒကိုပေးတတ်သော အိုးကို ပေး၍လည်း ရောင့်ရဲစေအံ့သောငှါမတတ်နိုင်"ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ကုဋေလေးဆယ်လုံး သေသောက်ဖြုန်း**

လွန်လေပြီးသောအခါဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သူဌေးမျိုး၌ ဖြစ်၍ အဘသူဌေးကြီးကွယ်လွန်သောအခါ သူဌေးရာထူးကိုရလေ၏၊ ထိုသူဌေးကြီး၌ မြေ၌မြှုပ်ထားသော ဥစ္စာကုဋေလေးဆယ်ရှိ၏၊ သားကား တယောက်ထည်းသာရှိ၏၊ သူဌေးကြီးသည် ကုသိုလ်ကောင်းမှုကိုပြု၍ သေလွန်သောအခါသိကြားမင်းဖြစ်လေ၏။

ထိုအခါ သူဌေးသားသည် မဏ္ဍပ်ဆောက်ကာ လူအပေါင်းခြံရံလျက် သေရည်ကိုသောက်၏၊ မူးယစ်ပျော်

ပါး၏၊ ကြွမ်းထိုးခြင်း, ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ကခြင်း စသည်ကို ပြုလုပ်သော သူတို့အား အသပြာ တထောင်စီပေး၏၊ မိန်းမကြူးခြင်း, သေသောက်ကြူးခြင်း, အမဲသားငါးအစားကြူးခြင်းသို့ရောက်လျက် အဘယ်အရပ်၌ သီချင်းဆိုသနည်း၊ အဘယ်အရပ်၌ တီးမှုတ်သနည်း၊ အဘယ်အရပ်၌ ကပြသနည်း အစရှိသည်ဖြင့် ပွဲသဘင်ကို ရှာဖွေမေးမြန်းကာ ပျော်ပါးကာနေ၏။

ဤသို့လျှင် အသောက်အစားအပျော်အပါးတို့ကို လိုက်စားပျော်မြူးလျက် မွေမွေလျော့လျော့နေလတ်သော် မကြာမြင့်မီလျှင် ဥစ္စာကုဋေလေးဆယ်နှင့် အတွင်းအပ အသုံးအဆောင်ဟူသမျှတို့ကို ဖျက်ဆီးဖြုန်းတီး၍ ကုန်ခန်းသဖြင့် ဆင်းရဲနွမ်းပါးအထီးကျန်သော အဖြစ်သို့ ရောက်လေ၏၊ ပုဆိုးနွမ်းကို၀တ်လျက် ဆင်းဆင်းရဲရဲ နေထိုင်စားသောက်၏။

**သိကြားစောင်မ ဆင်းရဲရ**

သိကြားမင်းသည် ဆင်ခြင်ကြည့်ရှုလတ်သော် သားဆင်းရဲ နွမ်းပါးနေသော အဖြစ်ကိုသိ၍ သား၌ ချစ်ခင်သဖြင့် လာပြီးလျှင် အလုံးစုံသော အလိုဆန္ဒကို ပေးတတ်သော အိုးကိုပေး၍ "အမောင်....ဤအိုးကို မကွဲရအောင်စောင့်ရှောက်ပါ၊ ဤအိုးရှိလတ်သော် အလိုဆန္ဒဟူသမျှကို ပြည့်စုံစေနိုင်၏၊ သတိထားလော" အကြိမ်ကြိမ် မှာထားဆုံးမပြီးလျှင် နတ်ပြည်သို့ပြန်လေ၏၊ ထိုအခါမှစ၍ သူဌေးသားသည် လိုတိုင်းရသဖြင့် သေကိုသာသောက်လျက်နေ၏။

တနေ့သ၌ သူဌေးသားသည် အလွန်သေရည်မူးယစ်လတ်သော် သတိမရတော့ဘဲ အိုးကိုကောင်းကင်သို့မြှောက်

၍ အောက်ကခံလတ်သော် တကြိမ်တည်းဖြင့်သာလျှင် လွဲချော်ကာ မြေသို့ကျ၍ ကွဲလေ၏၊ အိုးကွဲသော အခါမှစ၍ တဖန်ဆင်းရဲ နွမ်းပါးပြန်သဖြင့် ပုဆိုးနွမ်းကို ဝတ်လျက် ခွက်လက်စွဲကာ တောင်းစားပြီးလျှင် သူတပါးတို့တိုက်နံရံ၌ မှီလျက်သေရလေ၏။

မြတ်စွာဘုရားသည်အတိတ်ကို ဆောင်တော်မူပြီးလျှင်—

"သေသောက် ကြူးသည် အလုံးစုံသော အလိုဆန္ဒကိုပေးတတ်သော အိုးကိုရ၍ ထိုအိုးကိုစောင့်ရှောက်ထိန်းသိမ်းနိုင်သမျှ ကာလပတ်လုံး ထိုသေသောက်ကြူးအားချမ်းသာကိုရ၏၊ မိုက်သော သေသောက်ကြူးသည် ယစ်မူးမေ့လျော့သဖြင့်ဟော့ရမ်းကြမ်းတန်းသောအခါ အိုးကိုခွဲဘိ၏၊ အိုးကွဲသောနောက်ကာလ၌ အဝတ်မဆီး အချည်းနှီးဖြစ်၍ ၎င်း၊ ရံခါ ပုဆိုးနွမ်းကို ဝတ်ဆီးရသည်ဖြစ်၍ ၎င်း၊ ဆင်းရဲပင်ပန်းရ၏၊ မိုက်သော သေသောက် ကြူးသည် အိုးကိုရ၍ နောက်ကာလ၌ ပူပန်ဆင်းရဲရသကဲ့သို့၊ ထို့အတူ လူမိုက်သည် ဥစ္စာရ၍ မေ့မေ့လျော့လျော့ သုံးဖြုန်း၍ ကုန်ခန်းသော နောက်ကာလ၌ ပူပန်ဆင်းရဲရ၏"—

ဟု ဟောကြားဆုံးမတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်- အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ အိုးခွဲသော သေသောက်ကြူးသည်-ယခု အခါ သုဓ္ဒေးကြီး၏တူ။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ပစ္စည်းဥစ္စာ၊ သုံးဖြုန်းရာ၊ ကုန်ကာဆင်းရဲမယ်။
(၂) လိုရာရမြဲ၊ အိုးကိုခွဲ၊ ဆင်းရဲလူမိုက်နှယ်။
(၃) ပေးပါသော်လဲ၊ မရောင့်ရဲ၊ မိုက်ခဲလူမမယ်။

သုရာဃဋဇာတ်ပြီး၏။

---

# ၂၉၂-သုပတ္တဇာတ်

**ပဌမပဏ္ဏာသ။**

**လေနာပျောက်ရေး အစာရှာပေး** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ်ဗိမ္ဗာဒေဝီမထေရ်၏ မအားဝမ်း၌လေနာသည်ထလေ၏၊ထိုအခါရာဟုလာ သာမဏေသည် ထိုအကြောင်းကို ရှင်သာရိပုတ္တရာကိုလျှောက်ထားရာ ရှင်သာရိပုတ္တရာသည် ကောသလမင်းကြီး နန်းတော်သို့သွား၍ ငါးကြင်းသားကို ထောပတ်သစ်နှင့် ရောသော သလေးဆွမ်းကို ဆောင်ယူခဲ့ပြီးလျှင် ရာဟုလာ သာမဏေအားဗိမ္ဗာဒေဝီမထေရ်မထံသို့ပို့စေရာ ဘုဉ်းပေးကာမျှဖြင့် ဝမ်းလေနာသည် လွတ်ငြိမ်းလေ၏၊ မင်းကြီးသည် မင်းချင်းတို့ကို စုံစမ်းစေ၍ ထိုအကြောင်းကို သိ

တော်မူလျှင် ထိုအခါမှစ၍ ဗိမ္ဗာဒေဝီမထေရ်မအား ထိုသို့ သဘောရှိသောဆွမ်းကိုလှူဒါန်းစေ၏။

တနေ့သ၌ ရဟန်းတို့လည်း တရားသဘင်ဝယ် "ငါ့ရှင်တို့....ရှင်သာရိပုတ္တရာသည်ဗိမ္ဗာဒေဝီမထေရ်မအား ဤသို့ သဘောရှိသောဘောဇဉ်ဖြင့် ရောင့်ရဲစေသည်"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့....သာရိပုတ္တရာသည် ယခုအခါ၌သာ ရာဟုလာမယ်တော်အား တောင့်တအပ်သော ဘောဇဉ်ကိုပေးသည်မဟုတ် ရှေးအခါ၌လည်း ပေးခဲ့ဘူးပြီ"ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည် အဗ္ဘန္တရဇာတ်ပစ္စုပ္ပန်ဝတ္ထုနှင့်တူပြီ။]

**အတိတ်ဝတ္ထု**

**ကျီးမင်းမိဖုရား ချင်ခြင်းပွား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကျီးမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကျီးရှစ်သောင်းတို့အကြီးအမှူးဖြစ်၍ သုပတ္တမည်သောကျီးမင်းဖြစ်လေ၏၊မိဖုရားကား သုဖဿာမည်၏၊ စစ်သူကြီးကား သုမုခမည်၏၊ ထိုကျီးမင်းသည် ကျီးရှစ်သောင်းအခြံအရံဖြင့် ဗာရာဏသီပြည်ကိုအမှီပြုကာနေလေ၏။

ကျီးမင်းသည်တနေ့သ၌သုဖဿာကျီးမကိုခေါ်၍ အစာရှာသွားလတ်သော်ဗာရာဏသီမင်းစားဖိုအိမ်အထက်ဖြင့်သွားလေ၏၊ စားဖိုသည်လည်း မင်းကြီး သုံးဆောင်ရန်အ

ထူးထူးသော ငါး,အမဲ,ဘောဇဉ်တို့ကို ချက်ပြုတ်ကာ အိုးတို့ကိုဖွင့်ပြီးလျှင်အငွေ့လွှတ်၍ထား၏၊ သုဖဿာကျီးမသည် အနံ့ရ၍ စားလိုသော်လည်း ထိုနေ့တွင်မပြောသေးဘဲ နေ၏။

နှစ်ရက်မြောက်နေ့၌ ကျီးမင်းသည် "ရှင်မ....အစာရှာသွားမည်"ဟုဆိုလတ်သော် "အရှင်.... အရှင်တို့သာ သွားပါကုန် အကျွန်ုပ်မှာ တခုသောချင်ခြင်းသည်ရှိ၏"ဟု ပြောလျှင် "ရှင်မ.... အဘယ်ချင်ခြင်းနည်း"ဟု မေး၏၊ "အရှင်....ဗာရာဏသီမင်း၏ ဘောဇဉ်ကို စားလိုသည် အကယ်၍မရလျှင် အသက်ကိုစွန့်မည်"ဟု ပြောပြန်လျှင် ကျီးမင်းသည်အကြံရကြပ်၍နေလေ၏။

ထိုအခါ သုမုခစစ်သူကြီးသည် ကျီးမင်းထံ လာလတ်၍ "အရှင်မင်းကြီး....အဘယ်ကြောင့် နှလုံးမသာသနည်း" ဟု မေးလျှင် ကျီးမင်းသည် ထိုအကြောင်းကို ပြောကြားလေ၏၊ သုမုခစစ်သူကြီးသည် အကြောင်းကိုသိလျှင်"အရှင်မင်းကြီး....မစိုးရိမ်လင့်"ဟု လျှောက်ထားပြီးလျှင်မိဖုရားကြီးကိုလည်း "အရှင်မိဖုရား....မစိုးရိမ်လင့် ရအောင်ယူပေးမည် ဤနေရာကသာ စောင့်၍နေပါကုန်"ဟုလျှောက်ထား၍ဖဲခဲ့လေ၏။

**ကျီးမင်းစစ်သူ အစာယူ**

စစ်သူကြီးသည် ကျီးတို့ကိုစည်းဝေးစေ၍ ထိုအကြောင်းကို ပြောကြားပြီးလျှင် ဗာရာဏသီပြည်စားဖိုအိမ်အနီးတွင်ကျီးတို့ကို အစုလိုက်အစုလိုက် အစောင့်အရှောက် ထားကာ မိမိမှုကား ကျီးသူရဲရှစ်ကောင်နှင့် စားဖိုခန်းအနီးသို့ ဝင်၍ မင်းကြီးထံ စားတော်ခွက်အပို့ကိုစောင့်ဆိုင်းကာ နေလေ

၏၊ကျီးတို့ကိုလည်း ''အမောင်တို့····မင်းကြီးထံစားတော်ခွက်အပို့ထွက်သည်ရှိသော် ငါသည် စားတော်ခွက်တို့ကို အောက်သို့ကျအောင်လုပ်မည်၊ ကျလတ်သော် ငါ၏ အသက်မရှိပြီ၊သို့အတွက် ကျီးလေးကောင်တို့သည် နှုတ်သီးပြည့်အောင် ထမင်းကိုယူကြလော့ ကြွင်းသော ကျီးလေးကောင်တို့သည် နှုတ်သီးပြည့်အောင် ဟင်းကို ယူကြကုန်လော့၊ယူကြပြီးလျှင်ကျီးမင်းနှင့်သုဖဿာမိဖုရားကြီးကိုကျွေးကြကုန်လော့၊ ငါမူကားနောက်မှလာမည်''ဟု စီမံ၍ထားလေ၏။

ထိုအခါစားဖိုသည်သည်ဘောဇဉ်အထူးထူးတို့ကိုပြည့်စုံအောင် စီရင်ပြီးလျှင် စားတော်ခွက်တို့ကို ထမ်းပိုးဖြင့်ထမ်းကာ မင်းကြီးအိမ်သို့သွားလေ၏၊ မင်းရင်ပြင်ရောက်သောအခါ ကျီးစစ်သူကြီးသည် ကျီးသူရဲတို့ကိုအချက်ပေး၍ ပျံ၍ကာစားဖိုသည်၏ရင်ပတ်ကိုခြေဖြင့်ဘုတ်လျက် နှုတ်သီးဖြင့် နှာခေါင်းဖျားကိုဆိတ်၍အတောင်နှစ်ဘက်တို့ဖြင့်မျက်နှာကိုအုပ်လေ၏။

မင်းကြီးလည်း ပြာသာဒ်တွင် စင်္ကြံသွားရင်း လေသာတံခါးဖြင့်ကြည့်လတ်သော်ကျီး၏အမူအရာကိုမြင်လျှင် စားဖိုသည်ကို အသံပေးလျက်''အချင်းစားဖိုသည်··စားတော်ခွက်တို့ကို စွန့်ပြီးလျှင် ကျီးကိုသာအရဖမ်းလော့''ဟုအမိန့်ပေးလေ၏၊စားဖိုသည်သည်ထိုအခါစားတော်ခွက်တို့ကိုစွန့်ပြီးလျှင် ကျီးကိုမြဲစွာဖမ်း၍မင်းကြီးထံပို့လေ၏၊ကျီးသူရဲရှစ်ကောင်တို့လည်း စီစဉ်ထားသောအတိုင်း ပျံလာကြကာဝအောင်စားပြီးလျှင် ထမင်းဟင်းတို့ကို နှုတ်သီးပြည့်ယူ

ဆောင်ကာ ကျီးမင်းနှင့်ကျီးမိဖုရားကြီးတို့အား ကျွေးကုန်၏၊ ထိုအခါမှသုဖဿာမိဖုရားလည်း ချင်ခြင်းငြိမ်းလေ၏။

**တရားဟောဆို လွန်ကြည်ညို**

မင်းကြီးလည်း ကျီးစစ်သူကြီးကို "အသင်ကျီး.... အသင်ကား ငါ့ကိုလည်း မရှက်၊စားဖိုသည့်၏နှာခေါင်းကိုလည်း ဖြတ်၏၊ စားတော်ခွက်တို့ကိုလည်းခွဲ၏၊ အသက်သေရမည်ကိုလည်းမကြောက် အဘယ်ကြောင့် ဤလိုပြုရဘိနည်း" ဟု မေးလျှင် ကျီးစစ်သူကြီးသည် မင်းကြီးအား—

"မြတ်သောမင်းကြီး....ကျွန်ုပ်၏ကျီးမင်းကား သုပတ္တအမည်ရှိပါ၏၊ မိဖုရားကြီးကား သုဖဿာအမည်ရှိပါ၏၊ကျီးရှစ်သောင်း အခြံအရံဖြင့် ဗာရာဏသီပြည်ကိုအမှီပြု၍နေပါ၏၊ အကျွန်ုပ်ကား ထိုကျီးမင်း၏စစ်သူကြီးဖြစ်ပါ၏၊ ထိုသုဖဿာမိဖုရားကြီးသည် အသင်မင်းကြီးသုံးဆောင်သော ထမင်းဟင်းဘောဇဉ်တို့ကို စားလိုသော ချင်ခြင်းဖြစ်ပါ၏၊ သို့အတွက် အကျွန်ုပ်သည် ထိုမိဖုရားကြီးအတွက်အသက်ကိုစွန့်ကာစားဖိုသည်ထံမှ ထမင်းဟင်းတို့ကို အတင်းလုယူပါ၏၊ ယခုအခါ ကျီးမင်းနှင့်မိဖုရားကြီးအားဆက်သပြီးပြီဖြစ်၍ အကျွန်ုပ်၏ အလိုပြည့်ပါပြီ၊ အကျွန်ုပ်အား အရှင်မင်းကြီးတို့ ပြုလိုသောဒဏ်ကို ပြုပါ"—

ဟု ရဲရင့်စွာ ပြောဆို လျှောက်ထားလေ၏၊ မင်းကြီးသည် ကျီးစစ်သူကြီးစကားကို ကြားလျှင် လူဖြစ်ကြသော ငါတို့မှာ ကြီးစွာသော စည်းစိမ်ကိုပေးထားပါလျက် ငါ့

အား ချစ်နှစ်သက်သောသူကိုမရကုန်၊ အသက်ကိုစွန့်သော သူကိုမရကုန်၊ ဤကျီးစစ်သူကြီးကား တိရစ္ဆာန်ဖြစ်သျက် မိမိအသက်ကို ကျီးမင်းအားစွန့်နိုင်ပေ၏၊ အလွန်ကောင်း မြတ်သောစိတ်ရှိပေ၏၊ သာယာသောအသံရှိပေ၏၊ တရား ဟောတတ်ပေ၏-ဟု ချီးကျူးကာ ဂုဏ်ကျေးဇူး၌ကြည်ညို သဖြင့် ကျီးစစ်သူကြီးအား ထီးဖြူဖြင့်ပူဇော်လေ၏။

ကျီးစစ်သူကြီးလည်း မိမိရသော ထီးဖြူဖြင့်ပင် မင်းကြီး အားတဖန်ပူဇော်ပြန်၍ ကျီးမင်း၏ဂုဏ်ကျေးဇူးတို့ကို ချီး ကျူးကာလျှောက်ထားပြန်၏၊ ထိုအခါ မင်းကြီးသည် ကျီး မင်းအားခေါ်စေပြီးလျှင် တရားတော်ကို ကြားနာရ၍ အ လွန်ကြည်ညိုလှသဖြင့် ကျီးမင်းနှင့် ကျီးစစ်သူကြီးအား မိမိ စားသောနည်းဖြင့် ထမင်းအစာကို မပြတ်ပို့စေ၏၊ ကြွင်း သောကျီးတို့အားလည်း နေ့စဉ် * တအမ္ဗဏာချက် ထမင်း ကိုပေးလှူစေ၏၊ မိမိလည်း ကျီးမင်း၏ အဆုံးအမ၌ တည် လျက် ခပ်သိမ်းသောသတ္တဝါတို့အားဘေးမဲ့ပေး၍ ပဉ္စသီလ ကို စောင့်ထိန်းလေ၏၊ [ထိုသုပတ္တကျီးမင်း၏ အဆုံးအမ သည် နှစ်ပေါင်းခုနစ်ရာတိုင်အောင် တည်ရှိသတတ်။]

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

---

*တအမ္ဗဏ—ဆယ့်တစိတ်ကို တအမ္ဗဏခေါ်သည်။
[ဆယ့်တစိတ်ချက်ထမင်းဟူလို။]

ရဟန်းတို့....
※ ထိုအခါ မင်းကြီးသည်-ယခုအခါ အာနန္ဒာ။
※ သုမုခကျီးစစ်သူကြီးသည်-သာရိပုတ္တရာ၊
※ သုဖဿာ ကျီးမိဖုရားသည်-ရာဟုလာမယ်တော်။
※ သုပတ္တ ကျီးမင်းသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ စစ်သူကြီးလုပ်၊နောက်မဆုတ်၊အဟုတ်ရဲရမည်။
၂။ အရှင်အတွက်၊မှုဆောင်ရွက်၊အသက်စွန့်ရမည်။
၃။ ကျီးသုမုခ၊လုပ်ထုံးပြ၊အားကျအပ်ပေသည်။

သုပတ္တဇာတ်ပြီး၏။

---

## ၂၉၃-ကာယနိဗ္ဗိန္ဒဇာတ်

ပဉ္စုပဒ်ဝဂ္ဂ၊

**ရောဂါကင်းပျောက် ရဟန်းဘဝရောက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် ယောကျ်ားတယောက်သည် ဖြေ့တော့သောရောဂါ နှိပ်စက်သည်ရှိသော် ဆေးသမားတို့လည်း လက်လွှတ်ကြကုန်၏၊ သားမယားတို့လည်း လုပ်ကျွေးပြုစုခြင်းငှါမတတ်နိုင်ကြကုန်၊ ထိုအခါ ရောဂါနှိပ်စက်သောယောကျ်ားသည် ငါသည် ဤရောဂါမှ လွတ်မြောက်ပါမူ ရဟန်းပြုတော့မည်-ဟု ကြံစည်လေ၏။

နှစ်ရက်သုံးရက်မျှဖြင့် တစုံတရာသင့်လျော်သော ဆေးကို မှီဝဲရ၍ ရောဂါကင်းလတ်သော် မိမိကြံစည်ထားသော အတိုင်း ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို တောင်းပန်လျှင် သာမဏေအဖြစ် ရဟန်းအဖြစ်ကိုရ၍ မကြာမြင့်မီ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ထိုရဟန်းအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့....ယခုအခါ၌သာ ရောဂါကင်းလျှင် ရဟန်းပြု၍ မိမိအကျိုးစီးပွားကိုပြုသည်မဟုတ်၊ ရှေးအခါ၌လည်း ပညာရှိတို့သည် ရောဂါကင်းလျှင် ရဟန်းပြု၍ မိမိအကျိုးစီးပွားကို ပြုကြဘူးပြီ" ဟု- မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ချာန်ကိုဆွတ်ရူး ဥဒါန်းကျူး**

လွန်လေ ပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အိမ်ထောင်ပြုကာ ဥစ္စာစီးပွားကို ရှာဖွေ၍နေစဉ်- ဖြော့တော့သော ရောဂါစွဲကပ်လတ်သော် ဆေးသမားတို့လည်း ကုသခြင်းငှါ မတတ်နိုင်ကုန်၊ သားမယားတို့လည်း နှလုံးမသာမယာဖြစ်ကုန်၏။

ထိုအခါ ပုဏ္ဏားသည် ရောဂါမှ ထမြောက်သည်ရှိ သော် ရဟန်းပြုမည်ဟု ကြံစည်ကာ နှစ်ရက် သုံးရက် ရက်မျှဖြင့်ပင် သင့်လျော်သော ဆေးကိုမှီဝဲရ၍ ရောဂါမှ ထမြောက်ပျောက်ကင်းလတ်သော် ဟိမဝန္တာသို့ ဝင်ကာ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၏၊ ဈာန် ချမ်းသာဖြင့် နေသောအခါ ဤမျှလောက်သော ကာလပတ်လုံး ဤသို့သဘောရှိသော ဈာန်ချမ်းသာမည် သည်ကို မရခဲ့ဘူး၍ ဝမ်းမြောက်ဝမ်းသာ—

"ငါ၏ ခန္ဓာကိုယ်ကြီးကား.... စွန့်ပစ်အပ်၏၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့တွင် တပါးပါး သော ရောဂါသည် ပြင်းထန်စွာ နှိပ်စက်သဖြင့် ဆင်းရဲဘောက်ပြန်တတ်၏၊ ပူသောသဲပြင်တွင် ပစ် ချအပ်သော သိမ်မွေ့စွာသော ပန်းကဲ့သို့ လျင်စွာ ခြောက်သွေ့တတ်၏။

ဤခန္ဓာ ကိုယ်ကြီးကား.... နှစ်သက်ဘွယ်မရှိ သူမိုက်တို့သာ နှစ်သက်ဘွယ်ရှိ၏ဟု သမုတ်အပ်ပေ ၏၊ မစင်ကြယ်ပေ၊ သူမိုက်တို့သာ စင်ကြယ်၏ဟု သမုတ် အပ်ပေ၏၊ အထူးထူးသော အပုပ်တို့ဖြင့် ပြည့်၏၊ မမြင်သော ပုထုဇဉ်မိုက်အား နှစ်သက် ဘွယ်သဘောရှိ၏။

သတ္တဝါတို့သည် ခန္ဓာကိုယ်ကြီး၌ မေ့လျော့ကာ အလွန်တပ်စွန်း တွေဝေကြသောကြောင့် သုဂတိ ရောက်ကြောင်း ဖြစ်သော လမ်းကြောင်းကို ဆုတ် ယုတ်စေကုန်၏၊ ကျင်နာ၍ စက်ဆုပ်ဘွယ်ဖြစ်လျက်

မစင်မကြွယ်ဖျားနာတတ်သော ထိုခန္ဓာကိုယ်ကြီး ကား စက်ဆုပ်ဖွယ်ရှိပေ၏တကား”—

ဟု ဥဒါန်းကျူးလေ၏၊ ဤသို့လျှင် ရသေ့သည် ခန္ဓာကိုယ်အကောင်ပုပ်ကြီး၏အပြစ်တို့ကို ဆင်ခြင်သုံးသပ်လျက် အသက်ထက်ဆုံး ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွားများအားထုတ်ကာ မဆုတ်ယုတ်သော ဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားရ၏။

ဤဒေသနာတော်ကို ဆောင်ပြီးလျှင်သစ္စာကို ပြသည်၏ အဆုံး၌ များစွာသော ပုထုဇဉ်တို့သည် သောတာပတ္တိဖိုလ်စသည်တို့၌တည်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ရသေ့သည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ရောဂါယှဉ်တွဲ၊ နှိပ်စက်မြဲ၊ ဆင်းရဲဤခန္ဓာ။
(၂) မနှစ်သက်ဘွယ်၊ မစင်ကြွယ်၊ ရွံဘွယ် ဤခန္ဓာ။
(၃) ပုပ်သိုးပြည့်ကြွယ်၊ မတင့်တယ်၊ မဘွယ် ဤခန္ဓာ။
(၄) ပုထုဇဉ်ကဏ်း၊ လွန်တပ်စွန်း၊ နတ်လမ်း ယုတ်သည်သာ။

ကာယနိဗ္ဗိန္ဒဇာတ်ပြီး၏။

# ၂၉၄–ဇမ္ဗုခါဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ချင်းချင်းဂုဏ်ပြ ကြွားဝါမှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်နှင့် ကောကာလိကတို့သည် လာဘသက္ကာရမှ ဆုတ်ယုတ်ကြကုန်၏၊ ထိုအခါ ကောကာလိကသည် ဒါယကာတို့ထံ ကပ်၍ "ဒါယကာတို့....အရှင်ဒေဝဒတ်သည် မဟာသမတမင်း၏အနွယ်ဖြစ်သော ဥက္ကာကရာဇ်မင်းမျိုး၌ဖြစ်၏၊ ပိဋကတ်သုံးပုံကိုဆောင်၏၊ ဈာန်ကိုရ၏၊ သာယာစွာသောအသံဖြင့် တရားဟောတတ်၏၊ ဒေဝဒတ်အား လှူဒါန်းကြကုန်လော့" ဟု ဒေဝဒတ်၏ ဂုဏ်ကျေးဇူးကိုပြောဆိုလေ၏။

ဒေဝဒတ်သည်လည်း "အရှင်ကောကာလိကသည်ဥဒိစ္စပုဏ္ဏားမျိုးမှ တောထွက်၍ ရဟန်းပြု၏၊ အကြားအမြင်ဗဟုသုတရှိ၏၊ တရားဟောတတ်၏၊ ကောကာလိကအား လှူဒါန်းကြကုန်လော့"ဟုကောကာလိက၏ဂုဏ်ကျေးဇူးကို ပြောဆိုလေ၏၊ ဤသို့လျှင် ဒေဝဒတ်နှင့် ကောကာလိကတို့သည် အချင်းချင်းဂုဏ်ကျေးဇူးကို ချီးကျူးကာ ပြိုးပြွမ်းရောယှက်ကုန်လျက် ဒါယကာအိမ်တို့၌ စားကြကုန်လျက် လှည့်လည်ကာ နေကြကုန်၏။

တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ဒေဝဒတ်နှင့်ကောကာလိကတို့သည် အချင်းချင်း မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကို ညာဝါး ပြောဆိုကုန်လျက် လှည့်လည်ကာနေကြသည်ဟုစကားစပ်မိ၍ ပြောဆိုနေကြရာမြတ်စွာ

ဘုရားကြွလာတော်မူ၍ သိတော်မူလျှင်“ရဟန်းတို့....ဒေဝဒတ်နှင့် ကောကာလိကတို့သည် ယခုအခါ၌သာ အချင်းချင်း မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကို ပြောဆိုကာ စားကြသည်မဟုတ်ကုန်၊ ရှေးအခါ၌လည်းစားကြဘူးကုန်ပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မမှန်ချီးကျူး ကျီးခွေးနှစ်ဦး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် မထင်ရှားသော သပြေပင်တောအုပ်၌ ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုတောအုပ်ဝယ် ကျီးတကောင်သည် သပြေခက်ပေါ်၌ နားကာ သပြေသီးမှည့်ကိုစားလျက်နေ၏၊ထိုအခါ မြေခွေး တကောင်သည်လာလတ်၍ သပြေပင်ထက်သို့ ကြည့်လတ်သော် ကျီးကိုမြင်လျှင် ငါသည်ကျီးအား မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကို ပြောဆိုချီးကျူးရလျှင် သပြေသီးတို့ကို စားရအံ့ဟု ကြံစည်ကာ—

“ဤငှက်ကားလုံးဝန်း သာယာသောအသံရှိ၏၊
အသံကောင်းသော ငှက်တကာတို့ထက် မြတ်၏၊
ရွှေလျှောခြင်းမရှိ သပြေခက်ပေါ်မှ ရွှေဥဒေါင်း
ငှက်ငယ်ကဲ့သို့တွန်မြူးဘိ၏၊အဘယ်ငှက်ဖြစ်ပါလိမ့်”

ဟု ကျီးအား မဟုတ်မမှန်သောဂုဏ်ကျေးဇူးကို ပြောဆိုကာချီးကျူးလေ၏၊ ထိုအခါကျီးကလည်း မြေခွေးစကားကိုကြားလျှင်—

"ကျားငယ်နှင့်တူသော ကိုယ်ရှိသော အမျိုးကောင်းသားသည် အမျိုးကောင်းသားဖြစ်သော ငါ့ကို ချီးကျူးရန်သိတတ်ပေ၏၊ "အဆွေမြေခွေး…. သင့်အား သပြေသီးတို့ကိုငါပေးအံ့စားပါလော့"-

ဟု မြေခွေးအားတဖန်ပြန်၍ မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကို ပြောဆိုချီးကျူးပြန်၍ သပြေခက်တို့ကိုလှုပ်ကာ သပြေသီးတို့ကို အောက်သို့ကျစေ၏၊ မြေခွေးလည်း သပြေသီးတို့ကိုစားရလေ၏။

ထိုအခါ သပြေပင်စောင့်ရုက္ခစိုးသည် တဦးနှင့်တဦး မဟုတ်မမှန်သောဂုဏ်ကျေးဇူးတို့ကို ပြောဆိုချီးကျူးကာ သပြေသီးတို့ကိုစားနေကြသော ကျီးနှင့်မြေခွေးတို့ကိုမြင်လျှင်-

"မဟုတ်မမှန်သောစကားကို ပြောဆိုကာ အချင်းချင်းဆိုင်မိကြသော "ဟယ်– အန်ဖတ်စားကျီးနှင့် ဟယ်–အကောင်ပုပ်စားမြေခွေးတို့….အချင်းချင်းချီးကျူးကြသောသတ္တဝါတို့ကို စင်စစ်ကြာမြင့်မှ ငါမြင်ရပေ၏"–

ဟု ပြောဆိုခြိမ်းချောက်ကာ ကြောက်မက်ဘွယ်သော အဆင်းကိုပြပြီးလျှင် ကျီးနှင့်မြေခွေးတို့ကို သပြေပင်မှပြေးစေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါမြေခွေးသည်- ယခုအခါဒေဝဒတ်။

※ ကျီးသည်- ကောကာလိက။

※ ရုက္ခစိုးနတ်သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မဟုတ်မှန်ဘူး၊ ဂုဏ်ကျေးဇူး၊ ချီးကျူးမစားရာ။

(၂) ပင်သပြေသီး၊ မြေခွေး,ကျီး၊ ချီးကျူးစားကြရာ။

(၃) ရုက္ခစိုးမင်း၊ နားကြားပြင်း၊ ချက်ချင်းနှင်ထုတ်ပါ။

ဇမ္ဗုခါဒဇာတ်ပြီး၏။

---

## ၂၉၅- အန္တဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မမှန်ချီးကျူးမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်နှင့်ကောကာလိကတို့ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် ဆိုခဲ့ပြီးသော ဇမ္ဗုခါဒဇာတ်နှင့်တူပြီ။]

### အတိတ်ဝတ္ထု

**ချင်းချင်းမြှောက်ပေး ကျီးမြေခွေး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရွာတခု

၏ဥပစာ၌ ကြက်ဆူပင်စောင့်နတ်ဖြစ်လေ၏၊ ထိုရွာဝယ် နွားအိုတကောင်သေလတ်သော် ရွာသားတို့သည် နွားသေကို ဆွဲငင်ထုတ်ယူကာ ရွာတခါးရှိ ကြက်ဆူတော၌ စွန့်ပစ်ကြကုန်၏။

ထိုအခါမြေခွေးတကောင်သည် လာလတ်၍ ထိုနွားအိုသားကို စားလျက်နေ၏၊ ကျီးတကောင်သည် လာလတ်၍ ကြက်ဆူပင်၌နားလျက် မြေခွေးကိုမြင်လျှင် ငါသည် မြေခွေးအား မဟုတ်မမှန်သောဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုရသော် အမဲသားကိုစားရရာ၏ဟု ကြံစည်ကာ—

> "အို-သားမင်း····သင်၏ပခုံးကား နွားလားဥသဘ၏ ပခုံးနှင့်တူ၏၊ ကိုယ်၏ တင့်တယ်ခြင်းကား ခြင်္သေ့မင်း၏ တင့်တယ်ခြင်းနှင့်တူ၏၊ သင့်အားအကျွန်ုပ်ရှိခိုးပါ၏၊ အကြွင်းအကျန်ဖြစ်သော အမဲသားကိုရလိုပါ၏"—

ဟု မြေခွေးအား မဟုတ်မမှန်သော ဂုဏ်ကျေးဇူးဖြင့် ချီးကျူးကာ အမဲသားကိုတောင်းလေ၏၊ မြေခွေးလည်း ကျီးစကားကိုကြားလျှင်—

> "ဥဒေါင်း၏လည်ဆံနှင့်တူသောအဆင်းရှိသော အမျိုးကောင်းသားသည် အမျိုးကောင်းသားဖြစ်သော ငါ့ကို ချီးကျူးရန်သိတတ်ပေ၏၊ အဆွေကျီးမင်း···· သင် ဤအရပ်သို့လာခဲ့ပါ"—

ဟု ကျီးအားချီးကျူးကာ အမဲသားစားရန် ဘိတ်မန်လေ၏၊ ထိုအခါ ကြက်ဆူပင်စောင့်ရုက္ခစိုးသည် ကျီးနှင့် မြေခွေးတို့အမူအရာကိုမြင်လျှင် မနှစ်သက်သဖြင့်—

"သားတို့တွင် မြေခွေးသည်အယုတ်မာဆုံးဖြစ်၏၊ငှက်တို့တွင်ကျီးသည် အယုတ်မာဆုံးဖြစ်၏၊ သစ်ပင်တို့တွင် ကြက်ဆူပင်သည် အယုတ်မာဆုံးဖြစ်၏၊ ယခုအခါ အယုတ်မာဆုံး သုံးဦးတို့ ပေါင်းဆုံမိကြကုန်၏"—

ဟု ဟုတ်မှန်သောအတိုင်း ကဲ့ရဲ့ရှုတ်ချကာ ပြောဆိုလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမြေခွေးသည်- ယခုအခါဒေဝဒတ်။
※ ကျီးသည်- ကောကာလိက။
※ ကြက်ဆူပင်စောင့် ရုက္ခစိုးသည်- ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မဟုတ်မှန်ဘူး၊ ဂုဏ်ကျေးဇူး၊ ချီးကျူးမပြောရာ၊
(၂) မြေခွေးသာလျှင်၊ ကျီးငှက်တွင်၊ ဂုဏ်အင်ယုတ်လှစွာ။
(၃) သစ်တွင်ကြက်ဆူ၊ ယုတ်သုံးမူ၊ ရည်တူပေါင်းဘက်ရှာ။

အန္တဇာတ်ပြီး၏။

## ၂၉၆-သမုဒ္ဒဇာတ်

### ပဉ္စုပ္ပန်ဝတ္ထု၊

အလိုကြီးလှ ဥပနန္ဒ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပနန္ဒသည် အစားကြီး၏၊ လောဘကြီး၏၊ လှည်းတစီးတိုက် ပစ္စည်းတို့ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိ၊ဝါဆိုကျောင်း နှစ်ကျောင်း, သုံးကျောင်းတို့၌ ဝါကပ်၍ ကျောင်းတခု၌ ဘိနပ်ကိုထားခဲ့၏၊ ကျောင်းတခု၌ တောင်ဝှေးကိုထားခဲ့၏၊ကျောင်းတခု၌ကား မိမိဝါကပ်၏။

ဇနပုဒ်ကျောင်းသို့သွား၍ ရဟန်းတို့ထံ ကောင်းမြတ်သော ပရိက္ခရာကိုမြင်လျှင် အရိယဝံသတရားကို ဟောလျက် ပံသုကူဆောင်စေ၍ ထိုရဟန်းသင်္ကန်းကို ယူပြီးလျှင် မြေသပိတ်ကိုဆောင်စေ၍ ကောင်းသောသပိတ်ကို ယူပြီးလျှင် လှည်းအပြည့်တင်ကာ ဇေတဝန် ကျောင်းတော်သို့ လာ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌"ငါ့ရှင်တို့.. ဥပနန္ဒသည် လောဘရမ္မက်ကြီးလှ၏၊သူတပါးတို့အားအရိယဝံသတရားကို ဟောပြီးလျှင် ရဟန်းတို့၏ ပရိက္ခရာတို့ကို လှည်းဖြင့်ပြည့်စေလျက်ပြန်လာ၏"ဟုစကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင်"ရဟန်းတို့.... ဥပနန္ဒသည် ယခုအခါ၌သာ အလိုရမ္မက်ကြီးသည်မဟုတ် ရှေးအခါ၌လည်း သမုဒ္ဒရာ ရေကို

စောင့်ရှောက်အပ်၏ဟု မှတ်ထင်ဘူးပြီ”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သမုဒ္ဒရာရေကို မကုန်စေလို**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သမုဒ္ဒရာ စောင့်နတ်ဖြစ်လေ၏၊ ထိုအခါ သမုဒ္ဒရာတခု၌နေသောကျီး သည် သမုဒ္ဒရာ၏အထက်၌ ပျံသွားသည်ရှိသော် သမုဒ္ဒရာ ရေကို အတိုင်းအရှည်အားဖြင့် သောက်ကြကုန်၊ စောင့် ရှောက်ကြသဖြင့်သောက်ကြကုန်၊ ဤသို့ငါးအပေါင်း,ငှက် အပေါင်းတို့ကို တားမြစ်လျက် သွားလေ့ရှိ၏၊ ထိုအခါ သမုဒ္ဒရာစောင့်နတ်သည် ထိုကျီးကိုမြင်လျှင်—

“ဤငှက်ကား သမုဒ္ဒရာ၏အထက်မှ ပြေးသွား ဘိ၏၊ငှက်,ငါး,မကာရ်းတို့ကိုရေမသောက်ရန်တား မြစ်ဘိ၏၊ လှိုင်းတံပိုးတို့၌ ပင်ပန်းဘိ၏၊ အဘယ် ငှက်တဲ့နည်း”—

ဟုကျီးအား မေးမြန်းပြောဆိုလေ၏၊ ထိုနတ်၏စကား ကိုကြားလျှင်သမုဒ္ဒရာအနီး၌နေသောကျီးသည်—

“ငါကား မရောင့်ရဲသောငှက်ဟုအရပ်မျက်နှာ တို့၌ ထင်ရှားခဲ့၍ အဆုံးမရှိသော သမုဒ္ဒရာရေကို သောက်နေသောငှက်ဖြစ်၏၊ ငါကား ရတနာတို့ တည်ရာမြစ်ကြီးဖြစ်သော သမုဒ္ဒရာရေကို သောက် ရန်အလိုရှိ၏”—

ဟုသမုဒ္ဒရာစောင့်နတ်အား ပြန်ကြား ပြောဆိုလေ၏၊ ထိုအခါသမုဒ္ဒရာစောင့်နတ်သည်—

"ဤသမုဒ္ဒရာကား ယုတ်လည်းယုတ်၏၊ ပြည့်
လည်းပြည့်၏၊ တလောကလုံးသောက်သော်လည်း
သမုဒ္ဒရာ၏အဆုံးသည်မထင်၊ရေကိုတစုံတယောက်
သောသူသောက်၍ ကုန်စေခြင်းငှါလည်း မတတ်
ကောင်းသတတ်"-

ဟုပြောဆိုပြီးလျှင် အလိုရမ္မက်ကြီးလှသော ကျီးကို သမုဒ္ဒရာအနီး၌ မနေစေလိုသဖြင့် ကြောက်မက်ဘွယ်သော အဆင်းကိုပြလျက် သမုဒ္ဒရာအနီးမှပြေးစေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....
※ ထိုအခါကျီးသည်-ယခုအာနန္ဒာပနန္ဒ။
※ သမုဒ္ဒရာစောင့်နတ်သည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကိုယ်မကျင့်ပြေား၊ထိုတရား၊သူများမဟောရာ။
(၂) မရောင့်ရဲသား၊ရမ္မက်ပွား၊မြစ်တားသူ့ကိုသာ။
(၃) သမုဒ္ဒရာရေ၊ကုန်လိမ့်နေ၊စောင့်လေကျီးပမာ။

သမုဒ္ဒဇာတ်ပြီး၏။

# ၂၉၇-ကာမဝိလာပဇာတ်

## ပစ္စုပ္ပန်ဝတ္ထု။

**ငြီးငွေ့သမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းအပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးကို အကြောင်းပြု၍အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည် ဆိုခဲ့ပြီးသော ပုပ္ဖရတ္တဇာတ်ပစ္စုပ္ပန်ဝတ္ထုနှင့်တူပြီ၊အတိတ်ဝတ္ထုလည်း ဆိုအပ်လတံ့သော ဣန္ဒြိယဇာတ်၌ ထင်ရှားစွာဖြစ်လတံ့။]

## အတိတ်ဝတ္ထု။

**တံကျင်လျှိုလျက် မယားမက်**

ထိုယောကျ်ားကိုကားအသက်ရှင်စဉ်ပင် သံတံကျင်လျှိုကြကုန်၏၊ ထိုယောကျ်ားသည် သံတံကျင်၌နေလျက် ပြင်းထန်လှစွာသောဝေဒနာကို မရေတွက်ဂရုမစိုက်မူ၍ ကောင်းကင်ဖြင့်လာသော ကျီးတကောင်ကိုမြင်လျှင် ချစ်လှစွာသော မယားထံသတင်းစကားပို့စေရန်ခေါ်ငင်လျက်—

"ကောင်းကင်မြင့်၌ပျံသွားသောငှက်မြတ်ဖြစ်၍ အတောင်ဟူသော ယာဉ်ရှိသော "အို—ကျီးငှက်.... သင်သည် ငှက်ပျောတုံးနှင့်တူသော ပေါင်တန်ရှိသောငါ့မိန်းမကိုပြောဆိုပါလော့၊ ထိုမိန်းမကား ငါ့ကို ကြာမြင့်လေစွဟု အောက်မေ့လတံ့၊ လှံသံလျက်နှင့်တူသော သံတံကျင်၌ အလျှိုခံရသော



P 266 သံတံကျင်ဝေဒနာကို ပမာမထား ကောင်းကင်ပျံသွားသည့် ကျီးအား မယားထံ ယောင်ယမ်းမြည်တမ်းမှာကြားနေပုံ

၍အကြောင်းကိုမသိရှာလေ၊ ထိုမိန်းမသည် အလွန်ကြာမြင့်ရလေသလောဟု ငါ့ကို အမျက်ထွက်လတံ့၊ ထိုမိန်းမအမျက်ထွက်ခြင်းသည်သာ ငါ့စိတ်ကိုပူပန်စေ၏၊ ဤသံတံကျင်လျှိုထားခြင်းကား ငါ့စိတ်ကိုမပူပန်စေနိုင်"—

"ကြာနှင့်တူသော ချပ်တန်ဆာကိုငင်း, ရွှေငါးသုဝဏ္ဏာဖြင့် ပြုလုပ်ထားသော လက်စွပ်ကိုငင်း, ကာသိတိုင်းဖြစ် နူးညံ့သော ပုဆိုးကိုငင်း ဤမျှလောက်ခေါင်းရင်း၌ ထားခဲ့သော ငါ့ဥစ္စာကို ချစ်လှစွာသော ငါ့မယားသည် အလိုရှိတိုင်း ယူ၍ ရောင့်ရဲတင်းတိမ်ပါစေသတည်း"—

ဟု ယောင်ယမ်းမြည်းတမ်းလျက်ကျီးတို့ကိုခေါ်ငင်ကာမယားထံ အပြောခိုင်းလေ၏၊ထိုယောကျ်ားသည် ယောင်ယမ်းမြည်တမ်းစဉ် မယားကိုစွဲလန်းတပ်စွန်း၍ သေသဖြင့် ငရဲဘုံ၌ ဖြစ်ရလေ၏။

ဤဒေသနာတော်ကို ဆောင်တော်မူပြီး၍ သစ္စာကိုပြတော်မူသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့….

※ ထိုအခါ မယားသည်-ယခုအခါ မယားဟောင်း။

※ တံကျင်လျှိုခံရသော ယောက်ျားသည်-ငြိုးငွေ့သော ရဟန်း။
※ အကြောင်းကို မြင်သောနတ်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မိန်းမလိုအင်၊ ဖြည့်သူပင်၊ တံကျင်လျှိုခံခက်။
(၂) တံကျင်ဆင်းရဲ၊ မပူဘဲ၊ ပူမြဲမိန်းမတွက်။
(၃) တဏှာ၏ကျွန်၊ အမိုက်လွန်၊ သေပြန်ငရဲသက်။

ကာမ ဝိလာပဇာတ်ပြီး၏။

---

## ၂၉၈-ဥဒုမ္ဗရဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**ရောက်လာအာဂန္တု၊ ကောင်းစွာပြု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ပစ္စန္တရာဇ်ရွာငယ်၌ ကျောင်းဆောက်၍နေ၏၊ ကျောင်းသည် မွေ့လျော်ဘွယ်ရှိ၏၊ ကျောက်ဖျာ ရင်း၌တည်၏၊ မဏ္ဍပ်သဘင်ဌာနရှိ၏၊ ရေဖြင့်ချမ်းသာ၏၊ ဆွမ်းခံရွာလည်း မနီးမဝေးအရပ်တွင် တည်ရှိ၏၊ လူတို့သည် ချစ်မြတ်နိုးကုန်လျက် ဆွမ်းကိုလှူဒါန်းကြကုန်၏။

ထိုအခါ ရဟန်းတပါးသည် ဒေသစာရီ လှည့်လည်လတ်သော် ထိုကျောင်းသို့ ရောက်လာ၏၊ ကျောင်းနေ ရဟန်းလည်း အာဂန္တုကဝတ်ကိုပြုပြီးလျှင် နက်ဖြန် ဆွမ်း

ခံရွာသို့ခေါ်၍ ဆွမ်းခံဝင်၏၊ လူတို့သည် မွန်မြတ်သော ဆွမ်းကို လှူဒါန်းပြီးလျှင် နက်ဖြန်အတွက် ဘိတ်ကြပြန်၏။

ထိုအာဂန္တုရဟန်းသည်နှစ်ရက်,သုံးရက် စားသောက်ပြီးသော် ဥပါယ်တခုဖြင့် လှည့်စား၍ ကျောင်းနေ ရဟန်းကို နှင်ထုတ်ပြီးလျှင် ဤကျောင်းကို ငါယူမည်ဟု ကြံစည်ကာ ကျောင်းနေရဟန်းအား၊ "ငါ့ရှင်…. အဘယ်ကြောင့် ဘုရားထံအဖူးအမျှော်မသွားသနည်း" ဟုမေးလျှင်၊ "အရှင်ဘုရား..ကျောင်းကိုစောင့်သူမရှိသောကြောင့်မသွားရပါ" ဟု-ပြော၏၊ "ငါ့ရှင်…သင်လာသည်တိုင်အောင်စောင့်မည် သွားသာသွားပါ" ဟု ပြောဆိုလေ၏။

**ရဟန်းအာဂန္တု၊ ကျောင်းကိုလု**

ကျောင်းနေရဟန်းသည် ဒါယကာတို့အား ငါ လာ သည် တိုင် အောင် အာဂန္တု၊ မထေရ်ကို မမေ့ရစ်ကြလင့်ဟု မှာကြားထားကာ ဘုရားထံသို့သွားလေ၏၊ အာဂန္တုရဟန်းသည် ထိုအခါမှစ၍ ကျောင်းနေရဟန်း၏ အပြစ်ကို ပြောဆိုကာ ဒါယကာတို့ကို ဖျက်ဆီးနှင့်၏၊ ကျောင်းနေရဟန်းလည်း ဘုရားကိုဖူးမျှော်ပြီးလျှင် တဖန်ကျောင်းသို့ ပြန်လာ၏၊ အာဂန္တု ရဟန်းသည်ကျောင်းနေရဟန်းအား ကျောင်းကိုမပေးလေ၊ ထိုကျောင်းနေရဟန်းသည်ကျောင်း မရှိလျှင် တခုသောအရပ်၌နေ၍ နက်ဖြန်ရွာသို့ ဆွမ်းခံဝင်၏၊ ဒါယကာတို့သည် ရိုသေခြင်းအမှုမျှကိုလည်း မပြုကြကုန်၊ ကျောင်းနေရဟန်းသည် နှလုံးမသာဘဲ တဖန် ဇေတဝန်ကျောင်းသို့သွားကာ ထိုကြောင်းကို ရဟန်းတို့အားလျှောက်ထားလေ၏။

ရဟန်းတို့သည် တရားသဘင်၌ ဤမည်သော ရဟန်းသည် ဤမည်သောရဟန်းကို ကျောင်းမှ နှင်ထုတ်၍ နေ၏ဟုစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့.. ယခုအခါ၌သာလျှင် ထိုအာဂန္တုရဟန်းသည် ဤအာဝါသိကရဟန်းကိုနှင်ထုတ်သည်မဟုတ်၊ ရှေးအခါ၌လည်း နှင်ထုတ်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု။**

**မျောက်ကြီးလှည့်စား မျောက်ငယ်သွား**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တောတခု၌ ရုက္ခစိုးဖြစ်လေ၏၊ မိုးကာလ၌ ခုနစ်ရက် ခုနစ်လီ မိုးစွေ၍နေ၏။

ထိုအခါ မျက်နှာနီသော မျောက်ငယ် တကောင်သည် မိုးမစိုသော ကျောက်ဂူတခုတွင် နေလတ်သော် မျက်နှာမဲသော မျောက်ကြီးတကောင်သည် မိုးစို၍ ချမ်းအေးခြင်းဖြင့် နှိပ်စက်ရကား ထိုအရပ်သို့လာ၍ မျောက်ငယ်ကို မြင်လျှင် မျောက်ငယ်ကို နှင်ထုတ်ပြီးလျှင် ငါနေမည်ဟု ကြံစည်ကာ ဥပါယ်တမျဉ်ဖြင့် ဝမ်းပိုက်တွဲလျက် ဝဖြိုးသော အချင်းအရာကိုပြပြီးလျှင် မျောက်ငယ်၏ ရှေ့မှာ ရပ်လျက်—

"အို-မျောက်ငယ်...ယခုအခါ ရေသဖန်းပင်၊ ပညောင်ပင်၊ ညောင်ချဉ်ပင်တို့သည် အသီးတွေ

မှည့်၍နေကုန်၏၊ လာပါ ဤနေရာမှထွက်ပါ၊ စား လှည့်ပါ၊ အဘယ်ကြောင့် အဆာခံ၍ ညှိုးနွမ်းကာ နေဘိသနည်း''—

ဟု လှည့်ပတ်ဖြားယောင်းကာ ပြောဆိုလေ၏၊ မျောက်ငယ်သည် မျောက်ကြီးစကားကိုကြားလျှင် ယုံကြည်သဖြင့် အသီးကိုစားလိုရကား နေရာမှထွက်ပြီးလျှင် တောသို့လှည့်လည်ကြည့်ရှုလတ်သော် တစုံတခုသော သစ်သီးကို မမြင်သဖြင့် တဖန်ကျောက်ဂူသို့ပြန်လာသောအခါ မိမိနေရာတွင် မျောက်ကြီးဝင်နေသည်ကိုမြင်လျှင် ငါ့နေရာကို လိုချင်၍ လှည့်စားဘိသည်၊ ငါလည်း တဖန်ပြန်၍ လှည့်စားဦးမည် ဟုကြံစည်ကာ မျောက်ကြီးရှေ့တွင်ရပ်လျက်—

''အို-မျောက်ကြီး····ယနေ့ငါအသီးမှည့်တို့ကို စားရသဖြင့် ဝဖြိုးသကဲ့သို့၊ ထို့အတူဝဖြိုးအောင် ဤနေရာမှထွက်၍စားပါ၊ ကြီးသူအား ပူဇော်လို၍ ပြောကြားခြင်း ဖြစ်ပါ၏''—

ဟု လှည့်ပတ် ဖြားယောင်ကာ ပြောဆိုပြန်လေ၏၊ မျောက်ကြီးသည် မျောက်ငယ်၏စကားကိုကြားလျှင်—

''အို-မျောက်ငယ်···· တော၌ ကျင်လည်ကျက်စားသောမျောက်သည် တော၌ကျင်လည် ကျက်စားသောမျောက်ကို လှည့်ပတ်ဖြားယောင်း၍ ပြောသောစကားကို မျောက်ငယ်ဖြစ်သော်လည်း မယုံကြည်ရာ၊ မျောက်ကြီးဖြစ်သောငါကား အဘယ်မှာ ယုံကြည်နိုင်အံ့နည်း''—

ဟု ပြောဆိုပြီးလျှင်''အချင်း-မျောက်ငယ်····ဟိမဝန္တာ တောတခုလုံး၌ သစ်သီးကြီးငယ်တို့သည် မိုးစိုသဖြင့် ကြွေ

ကျလေကုန်ပြီ၊ ၊သင့်နေရာကိုငါယူ၍ထားပြီ၊ သင့်အိုနေရာ မရှိသွားလေတော့”ဟုနှင်ထုတ်လေလျှင် မျောက်ငယ်သည် အရပ်တပါးသို့ သွားရရှာလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါမျောက်ငယ်သည်- ယခုအခါ ကျောင်းနေ ရဟန်း။

※ မျောက်ကြီးသည်- အာဂန္တုရဟန်း။

※ ရုက္ခစိုးနတ်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရဟန်းငယ်ကျောင်း၊ ရလိုကြောင်း၊ ဖြားယောင်းရဟန်း ကြီး။

(၂) ဘုရားဖူးသွား၊နှင်ထုတ်ငြား၊ ကိုယ်ကားနေခဲ့ပြီး။

(၃) သစ်သီးဖြင့်မြူ၊ မျောက်ငယ်ဂူ၊ လိမ်ယူမျောက်မဲကြီး။

ဥဒုမ္ဗရဇာတ်ပြီး၏။

---

## ၂၉၉- ကောမာရပုတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**စကားများထွေ ထိတ်လန့်စေ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည်

ကစားလေ့ရှိကြကုန်၏၊ပြာသာဒ်အထက်ထပ်တွင် မြတ်စွာဘုရား သီတင်းသုံးတော်မူသည်ရှိသော် အောက်ထပ်တွင် နေထိုင်ကာ မြင်ဘူး,ကြားဘူးသောစကား အစရှိသည်တို့ကို ပြောဆိုကြကုန်လျက် ခိုက်ရန်ပြုကြကုန်၏၊ ပြက်ရယ်လည်းပြုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်ကို ခေါ်တော်မူ၍"ရဟန်းတို့ကို ထိတ်လန့်အောင်ပြုလော့"ဟု မိန့်တော်မူ၏၊ ရှင်မောဂ္ဂလာန်သည် ကောင်းကင်သို့ ပျံတက်ကာ ပြာသာဒ်ထုပိကာကို ခြေမတော်ဖြင့် တိုက်ခတ်လျက် ပြာသာဒ်တခုလုံး သွက်သွက်ခါအောင် တုန်လှုပ်စေ၏၊ ရဟန်းတို့လည်း သေဘေးမှကြောက်ရွံ့ကြသဖြင့် ပြင်ပသို့ ထွက်၍ နေကုန်၏၊ ထိုရဟန်းတို့ ကစားတတ်သောအလေ့သည် သံဃာ့ဘောင်တွင်ထင်ရှားလေ၏။

တနေ့သ၌ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့.. အချို့ရဟန်းတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြုပါလျက် ကစားသောအလေ့ဖြင့်နေကြကုန်၏၊ ကမ္မဋ္ဌာန်းတရားကို အားမထုတ်ကြကုန်"ဟု စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင်- "ရဟန်းတို့.... ထိုရဟန်းတို့သည် ယခုအခါ၌သာ ကစားတတ်သောအလေ့ရှိသည်မဟုတ်၊ ရှေးအခါ၌လည်း ကစားတတ်သောအလေ့ရှိဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ရသေ့ပျော်မြူး ကစားကျူး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရွာငယ်တခုတွင် ပုဏ္ဏားမျိုး၌ဖြစ်၍ ကောမာရပုတ္တဟု အမည်တွင်၏၊ ထိုကောမာရပုတ္တသည် နောက်အဘို့၌ တောထွက်ကာ ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌ နေ၏။

ထိုအခါ ကစားတတ်သောအလေ့ရှိသော အခြားရသေ့တို့လည်း ဟိမဝန္တာအရပ်မှာပင် ကျောင်းဆောက်ကာ နေလာကုန်၏၊ ထိုရသေ့တို့အား ကသိုဏ်း ပရိကံမျှလည်း မရှိကုန်၊ ရယ်မြူးကုန်လျက် အထူးထူးအပြားပြားအားဖြင့် ကစားပျော်မွေ့ကာ အချိန်ကာလကို ကုန်လွန်စေကြ၏၊ ထိုရသေ့တို့ ထံဝယ် မျောက်တကောင်လည်းရှိ၏၊ ထိုမျောက်လည်း ရသေ့တို့ကဲ့သို့ ကစားတတ်သောအလေ့ရှိ၏၊ မျက်နှာကိုရှုံ့မဲ့ကာ အထူးထူးအပြားပြားပြုလျက် ကစားကာနေ၏။

**သူတော်နှင့်တွေ့ မျောက်သိမ်မွေ့**

ရသေ့တို့လည်း ထိုအရပ်၌ကြာမြင့်စွာ နေကုန်လျက် ချဉ်ဆားမှီဝဲရန် အရပ်တပါးသို့ သွားကြကုန်၏၊ ထိုအခါ ကောမာရပုတ္တရသေ့သည်ထိုအရပ်သို့သွား၍နေ၏၊ မျောက်လည်း ရှေ့ကရသေ့တို့ကဲ့သို့မှတ်ထင်ကာ ကစားခြင်းကိုပြု၏၊ ရသေ့လည်းလက်ခုပ်တီး၍ ကောင်းသော အကျင့်ရှိသော ရသေ့တို့ထံ နေသောသူမည်သည်ကား ကောင်းသောအကျင့်နှင့်ပြည့်စုံရာ၏၊ကိုယ်,နှုတ်,နှလုံးစောင့်ရှောက်

ရာ၏ဟု ပြောဆိုကာ အဆုံးအမကိုပေးလေ၏၊ မျောက်လည်း ထိုအခါမှစ၍ သီလအကျင့်နှင့်ပြည့်စုံ၍လာလေ၏၊ ကောမာရပုတ္တရသေ့လည်း အရပ်တပါးသို့သွားပြန်၏။

ထိုအခါ ကစားလေ့ရှိသောရသေ့တို့သည် ထိုအရပ်သို့ လာကြပြန်ကုန်၏၊ မျောက်သည် ရှေးအခါကကဲ့သို့ရသေ့တို့အား ကစားခြင်းကိုမပြုလေ၊ ထိုအခါ ရသေ့တို့သည် မျောက်အား—

"အချင်း-မျောက်··သင်ကားရှေးအခါကကဲ့သို့ ငါတို့ထံ သက်ဝင်ရောနှောကာ အဘယ်ကြောင့် မကစားဘိသနည်း၊ ကျောင်း၌ မျက်နှာကို ရှုံ့မဲ့ကာ အဘယ်ကြောင့်မကစားဘိသနည်း၊ ဤမျောက်ဖြစ်နေသော အလေ့အကျင့်ကို ငါတို့မနှစ်သက်ကုန်"-

ဟု ပြစ်တင်ကဲ့ရဲ့ကာ ပြောဆိုကြကုန်၏၊ မျောက်သည် ရသေ့တို့စကားကိုကြားလျှင် ရသေ့တို့အား—

"အို-ရသေ့တို့···· အကြားအမြင် ဗဟုဿုတရှိသော ကောမာရပုတ္တရသေ့၏ အလွန် စင်ကြယ်သောအဆုံးအမကို ငါပြောဆိုမည် သင်တို့ နားထောင်ကြလော့၊ယခုအခါ ငါ့ကိုရှေးအခါကကဲ့သို့ မအောက်မေ့ကြလင့်၊ ဆရာကောင်းကို ရရှိပြီဖြစ်၍ ဈာန်ရဘို့အားထုတ်ကာနေ၏"—

ဟု ပြန်ကြားပြောဆိုလေ၏၊ ထိုအခါ ရသေ့တို့သည် မျောက်၏စကားကိုကြားလျှင်—

"ဟယ်-မျောက်···· ကျောက်ဖျာ၌စိုက်ပျိုးအပ်သော မျိုးစေ့သည် မိုးပင်ရွာသော်လည်း မပေါက်

နိုင်ရာ၊သင်ကား မွန်မြတ်စင်ကြယ်သောဈာန်တရား
ကို ကြားရုံမျှသာကြားရ၏၊သင်ဈာန်တရားအရာမှ
ဝေးလှ၏”–

ဟု ပြောဆိုကဲ့ရဲ့ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ ကစားလေ့ရှိသောရသေ့များသည်- ယခုအခါ ကစားလေ့ရှိသောရဟန်းများ။

※ ကောမာရပုတ္တရသေ့သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရဟန်းတရား၊ မပြုငြား၊ ကစားအလေ့ပါ။

(၂) မျောက်ထက်ကဲသား၊ ရသေ့များ၊ ကစားထုံးနည်းလာ။

ကောမာရပုတ္တဇာတ်ပြီး၏။

---

## ၃၀၀–ဝကဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**ရှုတင်ကျင့်ကြ တခဏ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သုံးလပတ်လုံးကိုယ်တော်တပါးတည်း ကိန်းအောင်းတော်မူ၏၊ မည်သူမျှ ဖူးမြင်ခွင့်မရလေ။

ထိုအခါ ဥပသေနထေရ်သည် ရဟန္တာဖြစ်ပြီးလျှင် ဓုတင်တေရသကိုဆောင်၏၊ မိမိထံနေသော တပည့်များကိုလည်း ဓုတင်တေရသကိုဆောင်စေ၏၊ မြတ်စွာဘုရားထံ ပရိသတ်နှင့်တကွကြွလာသောအခါ အလိုရှိတိုင်း ဖူးမြင်ခွင့်ရကုန်၏၊ မြတ်စွာဘုရားလည်း ထိုအခါမှစ၍ ဓုတင်ဆောင်ရဟန်းတို့အား "အလိုရှိတိုင်းဖူးမြင်ကြကုန်"ဟု ခွင့်ပြုတော်မူ၏။

ထိုသတင်းပြန့်နှံ့သွားသောအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဖူးမြင်ခွင့်ရရန် ဓုတင်ဆောင်ကာ အလိုရှိတိုင်း ဖူးမြင်ကြကုန်၏၊ မြတ်စွာဘုရားသည် ကိုယ်တော်တပါးတည်း ကိန်းအောင်းရာမှ ထတော်မူသည်ရှိသော် ပံသုကူသက်န်းတို့ကိုစွန့်ကာ မိမိတို့ ဆောင်မြဲတိုင်းဖြစ်သော သပိတ်သင်္ကန်းတို့ကို ဆောင်ယူ၍သွားကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့နှင့် ကျောင်းစဉ်လှည့်လည်လတ်သော် ပံသုကူသင်္ကန်းတို့ကိုမြင်၍ ထိုအကြောင်းကိုသိတော်မူလျှင်- "ရဟန်းတို့.... ဤရဟန်းတို့၏ ဓုတင်ဆောက်တည်ခြင်းကား ကြာမြင့်စွာ မတည်သော သစ်ကျုတ်၏ ဥပုသ်ဆောက်တည်ခြင်းနှင့် တူသည်"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**သဘေားရန်မှောင့် ဥပုသ်စောင့်**

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သိကြားမင်းဖြစ်လေ၏၊ ထိုအခါ သစ်ကျုတ်တကောင်သည် ဂင်္ဂါ

မြစ်နားရှိ ကျောက်ဖျာအပြင်၌နေ၏၊ ဂင်္ဂါမြစ်၌လည်း ဆီးနှင်းရေသည်လာလတ်၏၊ ကျောက်ဖျာကို ခြိုရုံလျက်တည်၏၊ သစ်ကျုတ်သည်တက်၍ ကျောက်ဖျာအပြင်၌ အိပ်၏၊ သစ်ကျုတ်အား ကျက်စားရာမရှိ၊ကျက်စားရာသို့သွားသောလမ်းလည်းမရှိ၊ ရေလည်း တဖြည်းဖြည်းတိုးပွား၍ လာ၏။

ထိုအခါသစ်ကျုတ်သည် ငါ့အား ကျက်စားရာသို့သွားသောလမ်းမရှိ၊ ထွက်သောငါ့အား ပျက်ဆီးခြင်းထက် ဥပုသ်ဆောက်တည်ခြင်းသည် မြတ်သေး၏ဟုကြံစည်လျက် စိတ်ဖြင့် အဓိဋ္ဌာန်ပြုကာ ဥပုသ်ကိုဆောက်တည်လျက်အိပ်လေ၏၊ ထိုအခါသိကြားမင်းသည် ဆင်ခြင်လတ်သော် သစ်ကျုတ်၏ အားနည်းလှစွာသော ဥပုသ်ဆောက်တည်ခြင်းကိုသိ၍ စုံစမ်းမည်ဟု ဆိတ်အသွင်ဖြင့်လာလတ်၍ သစ်ကျုတ်အနီး၌ရပ်လျက် ကိုယ်ထင်ပြလေ၏။

**ဆိတ်စားမည်ပြု ဥပုသ်သည်အမှု**

သစ်ကျုတ်သည် ဆိတ်ကိုမြင်လျှင် အခြားနေ့မှ ဥပုသ်ကိုဆောက်တည်မည်ဟု အိပ်ရာမှထ၍ ဆိတ်ကိုဖမ်းရန်လာ၏၊ ဆိတ်လည်း ဟိုဟိုသည်သည်ပြေးလွှား၍ အဖမ်းမခံလေ၊ သစ်ကျုတ်လည်း ဆိတ်ကိုရအောင်မဖမ်းနိုင်လျှင် ပြန်လည်၍ လာလတ်ပြီးလျှင် ငါ့မှာဥပုသ်မပျက်သေးဟု ရှေးနည်းအတူ အိပ်ပြန်၏။

သိကြားသည် ကိုယ်ထင်ပြကာ ကောင်းကင်၌ရပ်လျက် "ဟယ်-သစ်ကျုတ်.... သင်အား အလွန်အားနည်းသောဥပုသ်ကိုဆောက်တည်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊

သင်သည်ငါ့ကို သိကြားဖြစ်မှန်းမသိ၍ ဆိတ်သားကိုစား
လို၏’’ဟု သစ်ကျုတ်ကိုကဲ့ရဲ့ပြီးလျှင် နတ်ရွာသို့ပြန်လေ၏။

မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးလျှင်–

‘‘ရဟန်းတို့…. သူ့အသက်ကို နှစ်သက်သော
အမျိုး၌ဖြစ်သော အသား အသွေးကို စားသော
သစ်ကျုတ်သည် သီလကိုဆောက်တည်၍ ဥပုသ်ကို
ကျင့်သုံးဘိ၏၊ သိကြားသည် ထိုသစ်ကျုတ်၏အကျင့်
ကိုသိ၍ဆိတ်အသွင်ဖြင့်ကပ်လေ၏၊ ဥပုသ်ပျက်လျက်
သစ်ကျုတ်သည် ကပ်လာ၏၊ အသွေးကို သောက်
သော သစ်ကျုတ်သည် ဥပုသ်ကို ဖျက်ဆီးဘိ၏၊
ထိုအတူ သာသနာတော်၌ အချို့သောသူတို့သည်
ဆောက်တည်အပ်သော ကုသိုလ်၌ အားနည်း
သည်ဖြစ်၍ဆိတ်ကိုအကြောင်းပြုသော သစ်ကျုတ်
ကဲ့သို့ မိမိကိုယ်ကိုပေါ့အောင်ပြုကုန်၏’’–

ဟု ဟောကြားဆုံးမတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါ သိကြားမင်းသည်- ယခုအခါ ငါဘုရား
ဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘုရားဖူးကြောင်း၊ အခွင့်ကောင်း၊ ရကြောင်းခုတင်ကျင့်။
(၂) ကုသိုလ်ပြုသည်း။ ဆန္ဒနည်း၊ ချည်းနှီးမဖြစ်သင့်။
(၃) ဥပုဒ်သုံးခိုက်၊ ဆိတ်ကိုလိုက်၊ မှားမိုက်သစ်အကျင့်။

ဝဂ်ဇာတ်ပြီး၏။

တိကနိပါတ်စကားပြေပြီး၏။

# ၃၀၁-စူဠကာလိင်္ဂဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

ဝါဒစွမ်းပြ နိဂဏ္ဌာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝေသာလီပြည် ဝယ် ခုနစ်ထောင် ခုနစ်ရာ့ခုနစ်ယောက်သောလိစ္ဆဝီမင်းတို့ သည် နေကြကုန်၏၊ ထိုမင်းတို့သည် မေးမြန်းခြင်း,အတုံ့ ပြန်မေးမြန်းခြင်းကိုနှစ်သက်ကြကုန်၏။

ထိုအခါ ဝါဒငါးရာတို့၌ လိမ်မာသော နိဂဏ္ဌ တယောက်သည်ရောက်လာ၏၊ဝါဒငါးရာတို့၌ပင် လိမ်မာ သော နိဂဏ္ဌမ တယောက်လည်း ရောက်လာပြန်၏၊ လိစ္ဆဝီမင်းတို့သည် ထိုနိဂဏ္ဌနှစ်ယောက်တို့ကို အချင်းချင်း မေးမြန်းခြင်း, ဖြေဆိုခြင်း, စကားပြောဆိုခြင်းကို ပြုစေ ကုန်၏၊ တူမျှသောအစွမ်းသတ္တိရှိကြကုန်၏။

လိစ္ဆဝီမင်းတို့သည် နိဂဏ္ဌနှစ်ယောက်တို့ကို ထိမ်းမြား လက်ထပ်စေကုန်လတ်သော် မွေးဖွားသော သားသမီး တို့သည် အလွန်လိမ်မာကြကုန်လတံ့ဟု ကြံစည်ကာထိမ်း မြားလက်ထပ် စေကုန်လျက် အတူတကွ နေစေကုန်၏၊ နောက်အခါ သမီးလေးယောက် ဖွားမြင်ကုန်၏၊ထိုသမီး တို့ကို သစ္စကာ,လောလာ, ဘဝဓာရိကာ, ပဋိစ္ဆဒါ ဟု အမည်မှည့်ကုန်၏၊ နောက်သားတယောက် မွေးဖွား ပြန်၏၊ ထိုသားကို သစ္စကဟု အမည်မှည့်ကြကုန်၏၊ သား သမီးတို့သည် အရွယ်သို့ ရောက်လတ်သော် အမိဘက်က

ဝါဒငါးရာ, အဘဘက်ကဝါဒငါးရာ အားဖြင့် ဝါဒ တထောင်ကိုသင်ယူကြကုန်၏။

ပုစ္ဆာမေးဘိ မြို့ရွာလှည့်

အမိအဘတို့သည် သမီးလေးယောက် တို့အား''ချစ်သမီးတို့.... သင်တို့အယူ ဝါဒကို ဖျက်ဆီးနိုင်သူတို့ခြေရင်း၌ လူ ဖြစ်မူ အလုပ်အကျွေး မယားပြုရစ်ကြကုန်၊ ရဟန်းဖြစ်မူ ရဟန်းပြုရစ်ကြကုန်''ဟု အဆုံးအမပေးကုန်၏၊ နောက် အဘို့၌ မိဘတို့သေလွန်သည်ရှိသော် သစ္စကသည် ဝေသာ လီပြည်၌ပင် လိစ္ဆဝီမင်းတို့အားပညာသင်ကြားကာနေ၏၊ သမီးလေးယောက်တို့ကား သပြေခက်ကိုကိုင်ကာ ပုစ္ဆာ မေးမြန်းရန် မြို့ရွာအစဉ်အတိုင်း လှည့်လည်ကြကုန်၏။

သာဝတ္ထိပြည်သို့ရောက်လတ်သော် မြို့တံခါး၌ မြေပုံစု တွင် သပြေခက်ကိုစိုက်ခဲ့၍ ပုစ္ဆာကို ဖြေဆိုနိုင်သောသူသည် ဤမြေပုံစုကိုခြေနှင့်ကြဲ၍ ဤသပြေခက်ကိုလည်း ခြေဖြင့်နင်း စေသတည်းဟု အနီးအနားရှိလူတို့ကိုမှာထားကာ မြို့တွင်း သို့ဆွမ်းခံဝင်ကြကုန်၏။

ဝါဒပြိုင်ပွဲ ဆင်ယင်နွှဲ

ရှင်သာရိပုတ္တရာဆွမ်းခံဝင်သည်ရှိသော် တံခါး၌စိုက်ထားသောသပြေခက်ကိုမြင် ၍မေးမြန်းရာထိုအကြောင်းကိုသူငယ်တို့ လျှောက်ထားလေလျှင်သူငယ်တို့ကိုပင်ဖျက်ဆီးစေ၍ သပြေ ခက်စိုက်သူ များလာသောအခါ ပုစ္ဆာမေးမြန်းလိုလျှင် ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့ လာကြရန်မှာထား ပြီးလျှင် မြို့တွင်းသို့ဆွမ်းခံဝင်၍ ဆွမ်းစားပြီးသော် တံခါး မုခ်၌ နေတော်မူလင့်၏။

ပရဗိုဇ်မတို့လည်း ဆွမ်းခံရာမှလာလတ်သော် သပြေခက်ကိုနင်းထားသည်ကို မြင်၍ မေးမြန်းကြရာ ရှင်သာရိပုတ္တရာနင်းသွားကြောင်း,ပုစ္ဆာမေးမြန်းလိုလျှင် ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့ လာရမည်ဖြစ်ကြောင်းကို သူငယ်တို့က ပြောကြားလေ၏၊ ပရဗိုဇ်မတို့သည် တဖန်မြို့တွင်းသို့ဝင်၍ လူစုရုံးကာ ပုစ္ဆာမေးမြန်းရန် ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့သွား၍ ရှင်သာရိပုတ္တရာကိုတွေ့လျှင် ဝါဒတထောင်ကိုမေးမြန်းကြကုန်၏၊ ရှင်သာရိပုတ္တရာလည်း ဖြေကြားတော်မူ၏၊ တပါးသောဝါဒကို သိကြကုန်သေးသလောဟု မေး၏၊ မသိပါကုန်ဟု လျှောက်ကြရာငါသည် သင်တို့အား ပုစ္ဆာမေးမြန်းလိုသည်ဟု မေးလေလျှင်၊ မေးတော်မူပါ၊ သိလျှင် ဖြေဆိုပါမည်ဟု လျှောက်ထားကြကုန်၏။

ဝါဒရှုံးမှု ရဟန်းပြု

ထိုအခါရှင်သာရိပုတ္တရာသည် ပရဗိုဇ်မတို့အား "တခုမည်သည်ကား အဘယ်တရားနည်း"ဟု မေးတော်မူ၏၊ "အရှင်မသိပါကုန်"ဟု လျှောက်၏၊ ရှင်သာရိပုတ္တရာကိုယ်တိုင်ပင်ဖြေဆိုတော်မူ၏၊ ထိုအခါ ပရဗိုဇ်မတို့သည် "အရှင်.... အကျွန်ုပ်တို့ရှုံး၍ အရှင်အောင်မြင်ပါပြီ၊အကျွန်ုပ်တို့ အမိအဘတို့သည် "ချစ်သမီးတို့...သင်တို့အယူဝါဒကို ဖျက်ဆီးသူတို့ခြေရင်း၌ လူဖြစ်မူ အလုပ်အကျွေးမယား ပြုရစ်ကြကုန်၊ ရဟန်းဖြစ်မူ ရဟန်းပြုရစ်ကြကုန်"ဟု မှာထားခဲ့ပါသည်၊ သို့အတွက် အရှင်၏ခြေတော်ရင်း၌ ရဟန်းပြုကြပါမည်ဟု လျှောက်ထားကြကုန်၏၊ ရှင်သာရိပုတ္တရာလည်း ပရဗိုဇ်မတို့အား ရှင်ဥပ္ပလဝဏ်ထေရီမထံ ရဟန်းပြုစေ

ကုန်၏၊ မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ရှင်သာရိပုတ္တရာမထေရ်နှင့် ထိုပဗ္ဗိဇ္ဇမတို့အကြောင်း စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့.... သာရိပုတ္တရာသည် ယခုအခါ၌သာ ထိုမိန်းမတို့ ကိုးကွယ်ရာ ဖြစ်သည်မဟုတ်၊ ရှေးအခါ၌လည်း ကိုးကွယ်ရာဖြစ်ဘူးပြီ၊ယခုအခါသာ ရဟန်းအဖြစ်ကိုပေးသည်မဟုတ်၊ ရှေးအခါ၌လည်း မိဖုရားအဖြစ်ကိုပေးခဲ့ဘူးပြီ" ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**စစ်ထိုးလိုခြင်း ကာလိင်္ဂမင်း**

လွန်လေပြီးသောအခါ ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလိင်္ဂမင်း မင်းပြုသည်ရှိသော်အဿကတိုင်းပါဋလိပုတ်ပြည်၌လည်း အဿကမင်း မင်းပြုလေ၏၊ ကာလိင်္ဂမင်းသည် စစ်သည်ဗိုလ်ပါနှင့်ပြည့်စုံ၏၊ ဆင်ပြောင်အားကိုဆောင်နိုင်၏၊ အမြဲစစ်ထိုးဘက်ကိုရှာ၍နေ၏။

တနေ့သ၌ကာလိင်္ဂမင်းသည်အမတ်တို့အား "အမတ်တို့.. ငါသည် စစ်ထိုးလို၏၊ စစ်ထိုးဘက်ကိုမမြင်၊ အဘယ်သို့ပြုအံ့နည်း"ဟု မေးလေ၏၊ အမတ်တို့သည် "မြတ်သောမင်းကြီး... အကြောင်းဥပါယ်တခုရှိ၏၊ အရှင်မင်းကြီး၏ သမီးတော်လေးယောက်တို့သည် မြတ်သော အဆင်းကို

ဆောင်ကုန်၏၊ ထိုသမီးတော်လေးယောက်တို့ကို တန်ဆာ ဆင်စေလျက် ယာဉ်ပေါင်းချုပ်မှာစီးစေပြီးလျှင် စစ်သည် ဗိုလ်ပါအပေါင်းခြံရံကာ ရွာ,နိဂုံး,မင်းနေပြည်သို့ လှည့် လည်စေ၍ သမီးတော်တို့ကိုယူလိုသောမင်းနှင့် စစ်ထိုးမည်၊ စစ်ထိုးဝံ့လျှင် ယူကြကုန်လော့ ဟု ကြေညာ စေရလျှင် ကောင်းမည်''ဟု လျှောက်ကြကုန်၏။

**စစ်ထိုးလို၍ သမီးတော်ယူ**

ကာလိင်္ဂမင်းကြီးလည်း အမတ်တို့နည်း ပေးသော အတိုင်းစီမံကာ သမီးတော်တို့ ကို လွှတ်၍ ကြေညာစေ၏၊ သမီးတော်တို့ ရောက်တိုင်း, ရောက်တိုင်းသော အရပ်တို့၌ မင်းတို့သည် အလွန်ကြောက်လန့်ကြသဖြင့် မြို့တော်သို့မဝင်စေဘဲ လက် ဆောင်ပဏ္ဏာကိုသာ ဆက်သစေ၍ လွှတ်လိုက်ကြကုန်၏။

**သမီးတော်ယူသည် စစ်ထိုးမည်**

ဇမ္ဗူဒိပ် ကျွန်းအလုံးကို လှည့်လည် ကြေညာရာ အဿကတိုင်း ပါဋလိပုတ် မြို့တော်သို့ ရောက်ကုန်၏၊ အဿက မင်းလည်း အလွန်ကြောက်လန့်သဖြင့် မြို့တံခါးတို့ကို ပိတ် စေ၍ လက်ဆောင်ပဏ္ဏာကိုသာပို့စေ၏၊ ထိုအဿကမင်း အား နန္ဒိသေနမည်သော အမတ်သည်ပညာရှိ၏၊ အ ကြောင်းဥပါယ်၌လိမ္မာ၏၊ ထိုနန္ဒိသေနအမတ်သည် ဤ မင်းသမီးတို့လှည့်လည် ကြေညာ၍လာရာ စစ်ထိုးဘက်ကို မရကုန်၊သို့ဖြစ်လျှင် ဇမ္ဗူဒိပ်ကျွန်းအလုံးသည် အချည်းနှီး ဖြစ်ရာ၏၊ ငါသည် ကာလိင်္ဂမင်းနှင့် စစ်ထိုးမည်ဟု ကြံစည် ပြီးလျှင်-မြို့တံခါးသို့သွား၍ တံခါးစောင့်ကိုခေါ်ကာ—

"အမောင်….ဤမင်းသမီးတို့ကို မြို့တွင်းသို့ဝင်ကြပါစေ၊အရှကာမင်း၏ ပုရိသသီဟဖြစ်၍ ကောင်းစွာ ဆုံးမအပ်ပြီးသော နန္ဒိသေန အမတ်ကြီးဖြစ်သောငါသည် တံခါးကိုအဖွင့်ခိုင်း၏၊ သင့်တို့ဖွင့်ကြကုန်"–

ဟု -တံခါးစောင့်အား ပြောဆိုကာ မြို့တံခါးကို ဖွင့်စေပြီးလျှင် မင်းသမီးတို့ယူ၍ အဿကမင်းကြီးအား ဆက်သပြီးလျှင်"အရှင်မင်းကြီး..မကြောက်ပါလင့်၊စစ်ထိုးရသော်အကျွန်ုပ်နိုင်အောင်ထိုးပါမည်၊ ဤမင်းသမီးတို့ကား မြတ်သောမင်းသမီးတို့တည်း၊ အဘိသိက်သွန်း၍ မိဖုရားကြီးများပြုတော်မူလော့"ဟု လျှောက်ထား၍ အဘိသိက်သွန်းစေ၏၊ မင်းသမီးတို့နှင့် ပါလာသော စစ်သည်ဗိုလ်ပါတို့ကိုလည်း"သမီးတော်များကို အဿကမင်းကြီးမိဖုရားကြီးတို့အရာ၌ ထားသောအဖြစ်ကို သင်တို့တင်လျှောက်ထားပါကုန်"ဟု မှာထားကာ ပြန်၍လွှတ်လိုက်၏။

**တိုင်းကြားနှစ်ခု စစ်ပွဲပြု**

စစ်သည် ဗိုလ်ပါတို့လည်း ရောက်လျှင် မင်းကြီးအားထိုအကြောင်းကိုလျှောက်ထားကုန်၏၊ထိုအခါ ကာလိင်္ဂမင်းကြီးသည်အဿကမင်းကား ငါ၏အစွမ်းကိုမသိယောင်တကားဟုခဏခြင်းလျှင် စစ်သည်ဗိုလ်ပါနှင့်တကွ ထွက်လေ၏၊နန္ဒိသေနအမတ်လည်း ကာလိင်္ဂမင်း လာသည်ကို သိလျှင် စစ်သည်ဗိုလ်ပါနှင့်တကွ မိမိတို့နိုင်ငံအပိုင်းအခြားသို့ ထွက်ကာ စောင့်လင့်၏၊ ငါတို့နိုင်ငံအပိုင်းအခြားသို့မကျူးနှင့်၊ မင်းနှစ်ပါးတို့ နိုင်ငံအပိုင်းအခြား၌ စစ်ထိုးခြင်းဖြစ်လိမ့်မည်-ဟု သတင်းစကားကို ပို့စေ၏၊ ကာလိင်္ဂမင်းလည်း

သတင်းစကားကိုကြားလျှင် မိမိနိုင်ငံ အပိုင်းအခြား၌သာ နေ၏။

ရှုံး,နိုင်အမှု မေးလျှောက်ပြု

ထိုအခါ ဘုရားအလောင်းသည် ရသေ့ ရဟန်းပြုကာ မင်းနှစ်ပါးတို့ တိုင်းအကြား၌ ကျောင်းဆောက်၍ နေ၏၊ ကာလိင်္ဂမင်းသည် ရဟန်းတို့မည်သည် ပညာရှိ၏၊အရှုံးအနိုင်ကိုသိရအောင် မေးမည်ဟု ကြံစည်ကာ မထင်ရှားသောအသွင်ဖြင့် ရသေ့ထံကပ်ကာ ပဋိသန္ထာရစကားပြောဆိုပြီးလျှင်"အရှင်ဘုရား‥ကာလိင်္ဂမင်းနှင့် အဿကမင်းတို့စစ်ထိုးရန် စီစဉ်နေကြပါသည် အဘယ်မင်းနိုင်၍ အဘယ်မင်းရှုံးမည်နည်း"ဟု လျှောက်၏၊ "ဒါယကာ‥‥ ငါကား အနိုင်အရှုံးကိုမသိ၊စင်စစ်ကား ငါ့ထံသိကြားမင်း လာလေ့ရှိသည်၊ ၎င်းကိုမေး၍ ငါပြောမည်၊ နက်ဖြန်မှလာခဲ့"ဟု ပြောလိုက်၏။

ရသေ့သည် သိကြားမင်းလာသောအခါ ထိုအကြောင်းကိုမေးလျှင် သိကြားမင်းသည်"အရှင်ဘုရား‥ကာလိင်္ဂမင်းနိုင်လတ့်၊ အဿကမင်းရှုံးလတ့်၊ ဤမည်သော ပုဗ္ဗနိမိတ်ထင်လတ့်"ဟု လျှောက်ထားလေ၏၊နက်ဖြန် ကာလိင်္ဂမင်းလာ၍မေးလျှင်- ကာလိင်္ဂမင်းနိုင်၍ အဿကမင်းရှုံးမည့်အကြောင်းကို ပြောကြား၏၊ ကာလိင်္ဂမင်းလည်း ဝမ်းမြောက် ဝမ်းသာပြန်၍သွား၏၊ ထိုစကားပြန့်နှံ့၍သွားရာ အဿက မင်းကြားလေ၏၊ ထိုအခါ နန္ဒိသေနအမတ်ကိုခေါ်၍ ထိုအကြောင်းကိုပြောပြန်ရာ အမတ်လည်း"အရှင်မင်းကြီး‥‥မစိုးရိမ်ပါလင့်၊ အနိုင်အရှုံးကို ဘယ်သူသိနိုင်အံ့နည်း"ဟုအားပေးလျှောက်ထားလေ၏။

ကိုယ်စောင့်နတ်များ ထိုနောက် နန္ဒိသေနအမတ်သည် ရသေ့
**နွားလားဖန်ဆင်း** ထံကပ်၍-"အရှင်ဘုရား.. ဘယ်မင်းနိုင်
**စစ်ထိုးခြင်း** ၍ ဘယ်မင်းရှုံးမည်နည်း"ဟု လျှောက်
၏ "ဒါယကာ....ကာလိင်္ဂမင်းနိုင်လတ့်၊ အဿကမင်း
ရှုံးလတ့်"ဟုပြော၏၊ "အရှင်ဘုရား...ပုဗ္ဗနိမိတ်အဘယ်သို့
ထင်လတ့်နည်း"ဟု လျှောက်ရာ၊ "ဒါယကာ.... နိုင်
မည့်မင်း၏အစောင့်နတ်သည် အလုံးစုံဖြူသောနွားဥဿဘ
ဖြစ်လတ့်၊ ရှုံးမည့်မင်း၏ အစောင့်နတ်သည် အလုံးစုံ
နက်သော နွားဥဿဘဖြစ်လတ့်၊ ထိုနတ်နှစ်ပါးတို့ ရှေး
ဦးစွာစစ်ထိုး၍အနိုင်အရှုံးကို ပြကုန်လတ့်" ဟုပြောကြား
လိုက်၏။

ထိုအခါ နန္ဒိသေနအမတ်သည် မင်း၏အဆွေခင်ပွန်း
ဖြစ်ကုန်သော သူရဲကြီးတထောင်တို့ကို အနီးရှိတောင်ပေါ်
သို့ခေါ်၍"အချင်းတို့....သင်တို့သည် မင်းကြီးအားအသက်
ကို စွန့်နိုင်ပါမည်လော"ဟု မေး၏၊ "အရှင်.... စွန့်နိုင်
ပါသည်"ဟု ပြော၏၊ "စွန့်နိုင်လျှင် ဤတောင်ကမ်းပါး
ပြတ်၌ခုန်ချဝံ့ပါသလော"ဟုမေးပြန်ရာ၊ "အရှင်....ခုန်ချ
ဝံ့ပါ၏"ဟုပြော၏၊ "အချင်းတို့....ကောင်းပြီတောင်ကမ်း
ပါးပြတ်၌ ခုန်ချသဖြင့် အကျိုးမရှိ၊ မင်းအားချစ်သောစိတ်
ဖြင့် မဆုတ်မနစ်စစ်ထိုးကြကုန်လော့"ဟု တိုင်ပင်ညီညွတ်
ကာ သွေးစည်း၍ထားကြကုန်၏။

ကာလိင်္ဂမင်းသည် သိကြားမင်းပြောကြား၏၊ငါမုချနိုင်
မည်ဟု လုံ့လမပြု စစ်သည်တို့လည်း ငါတို့မင်းကြီးနိုင်
လိမ့်မည်ဟု ပေါ့လျော့ကာ စည်းလုံးညီညွတ်ခြင်းမရှိ
ကုန်၊ တကွဲတပြားအစုလိုက်,အစုလိုက်သာဖြစ်ကုန်၏။



P 288 နွားလားဥသဘာသဏ္ဍာန်ပြု၍ စစ်ထိုးသည့်အစောင့်နတ်သည် လှံချက်ထိကာကျဆုံးသဖြင့် အဿကမင်း စစ်ရှုံးပြေးရပုံ

**မင်းနှစ်ပါးလုံးပင် တိုက်ပွဲဆင်**

မင်းနှစ်ပါးတို့သည် စစ်ထိုးရန် မြင်းစီး၍ ထွက်ကြကုန်၏၊ တဦးကိုတဦး ချဉ်းကပ်ကြကုန်၏၊ အစောင့် အရှောက်နတ်တို့လည်း မင်းနှစ်ပါးရှေ့မှထွက်ကာ စစ်ထိုးရန် တဦးနှင့်တဦးကို ချဉ်းကပ်ကြကုန်၏၊ ထိုနတ်တို့ကို မင်းနှစ်ပါးတို့သာမြင်ရကုန်၏၊ အခြားသူတို့ မမြင်ရကုန်၊ ထိုအခါ နန္ဒိသေနအမတ်သည် "မင်းကြီး.... အစောင့်အရှောက် နတ်များကို မြင်၏လော"ဟု မေး၏၊ မင်းကြီးလည်း မြင်၏ဟုပြော၏၊ ငါ၏နတ်ကားနွားလားဥသဘအနက်ကြီးဖြစ်၍ ကာလိင်္ဂမင်း၏နတ်ကား နွားလားဥသဘ အဖြူကြီးဖြစ်သည်ဟု မိန့်ကြား၏၊ "အရှင်မင်းကြီး.... မကြောက်နှင့် အဿကမင်းတို့နိုင်အောင်တိုက်မည်၊ သင်မင်းကြီးသည် မြင်းမှဆင်းသက်၍ ဤလှံကိုကိုင်ပြီးလျှင် မြင်းကိုမြောက်ဘက်နံပါး၌ထားကာ လက်ဝဲလက်ဖြင့်ထောက်လျက် ဤသူရဲကြီး တထောင်နှင့် လျင်မြန်စွာသွား၍ ကာလိင်္ဂမင်း၏အစောင့်အရှောက်နတ်ကို လှံဖြင့်ထိုးလော့၊ နောက်မှ အဿကမင်းတို့သူရဲကြီး တထောင်တို့သည် မင်းကြီးထိုးရာအရပ်ကို လှံတထောင်ဖြင့်ထိုးကြကုန်အံ့၊ ထိုအခါနတ်သည် ပျက်စီးလတံ့၊နတ်ပျက်စီးသော် ကာလိင်္ဂမင်းရှုံးလတံ့၊အဿကမင်းတို့နိုင်လတံ့"ဟု စီစဉ်လျှောက်ထားလေ၏။

**ဝီရိယမသုံး ကာလိင်္ဂရှုံး**

အဿကမင်းလည်း နန္ဒိသေနအမတ်စီစဉ်နည်းပေးသောအတိုင်းသွား၍ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်ကို လှံဖြင့်တအားထိုးလေ၏၊ သူရဲကြီးတထောင်တို့လည်း မင်းကြီးထိုးရာသို့ ဝိုင်း၍ထိုးကြကုန်၏၊ထိုအခါ ကာလိင်္ဂမင်း၏

အစောင့် အရှောက်နတ်သည် ထိုအရပ်မှာပင်သေလေ၏၊ နတ်သေလျှင် ကာလိင်္ဂမင်းသည် ချက်ခြင်းရှုံး၍ပြေးလေ၏၊ သူရဲကြီး တထောင်တို့သည် "ကာလိင်္ဂမင်း ရှုံး၍ပြေးပြီ၊ ကာလိင်္ဂမင်းရှုံး၍ပြေးပြီ"ဟု ကြွေးကြော်သံပေးကြကုန်၏။

ကာလိင်္ဂမင်းလည်း သေဘေးမှကြောက်သဖြင့် အတင်းပြေးလွှားလျက်—

"အို- အကျင့်မြတ်ကိုကျင့်သောရသေ့… သင်ကား သည်းခံရန်ခက်၍သည်းမခံနိုင်သော ကာလိင်္ဂတိုင်းသားတို့နိုင်လတ့်၊ အဿကတိုင်းသားတို့ ရှုံးလတ့်-ဟု ပြောဆိုခဲ့၏၊ ဖြောင့်မှန်သူတို့သည် လွဲမှားသောစကားကိုမဆိုကြကုန်"—

ဟု ရသေ့ကိုမြည်တွန်ဆဲရေးကာ မိမိနေရာ မြို့တော်သို့ သွားလေ၏၊ နောက်သို့ပြန်၍မကြည့်ဝံ့လေ။

နှစ်ရက်,သုံးရက်လွန်သဖြင့် သိကြားမင်းသည် လာပြန်လျှင် ရသေ့သည် သိကြားမင်းအား—

"သိကြားမင်း… နတ်တို့သည် မဟုတ်မမှန်သောစကားကို ဆိုကြကုန်သည်မဟုတ်လော၊ ဟုတ်မှန်သောစကားသည် ချစ်ခင်ကြသည်မဟုတ်လော၊ နတ်မင်း…သင်သည် အဘယ်ကြောင့် မဟုတ်မမှန်သောစကားကို ဆိုဘိသနည်း"—

ဟု ပြစ်တင်ကဲ့ရဲ့ကာပြောဆိုလေ၏၊ သိကြားမင်းလည်း ရသေ့စကားကိုကြားလျှင်—

"အရှင်ဘုရား…နတ်တို့ကား ပြောဆိုရုံသာပြောဆိုနိုင်ကြကုန်၏၊လုံ့လကိုမပြုနိုင်ကုန်၊ "အရှင်ဘုရား‥ ဤစကားကို ကြားဘူးသည် မဟုတ် ပါလော၊

အဿကာ တိုင်းသားတို့မှာ ကိုယ်ကို ဆုံးမခြင်း, စိတ်၏မကွဲမပြိုသော သမာဓိရှိခြင်း, လုံ့လပြုရာ၌ အညီအညွတ်ထွက်ခြင်း,မြဲမြံသော လုံ့လရှိခြင်းတို့ နှင့်ပြည့်စုံကုန်၏၊ ထို့ကြောင့် စစ်နိုင်ကြသည်"–

ဟု ရသေ့အား ဘယ်လိုပင်ပြောသော်လည်း လုံ့လ ပြုမှုနိုင်ကြောင်း,လုံ့လမပြုလျှင် ရှုံးနိမ့်ကြောင်းကိုလျှောက် ထားလေ၏။

ဤသို့လျှင် ကာလိင်္ဂမင်းပြေးသည်ရှိသော် အဿကမင်း သည် ပစ္စည်း, ဥစ္စာ, လက်နက် စသည်တို့ကို သိမ်းယူကာ မိမိနေရာမြို့တော်သို့ သွားလေ၏၊ နန္ဒိသေန အမတ်လည်း မင်းသမီးလေးယောက်တို့ ရသင့်ရထိုက်သော အမွေအနှစ် တို့ကိုအမြန်ပို့လာရမည်ဟုကာလိင်္ဂမင်းထံအကြောင်းကြား ပြန်၏၊ကာလိင်္ဂမင်းလည်း အလွန်ကြောက်ရွံ့သဖြင့် အမွေ အနှစ်တို့ကို အမြန်ပို့စေ၏၊ ထိုအခါမှစ၍ မင်းနှစ်ပါးတို့ သည် အချင်းချင်းသင့်တင့်ညီညွတ်စွာနေကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ·သမီးတော် လေးယောက်တို့သည်-ယခု အခါ ရဟန်းမိန်းမလေးယောက်။

※ နန္ဒိသေနအမတ်သည်-သာရိပုတ္တရာ။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ--

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တည်ကြည်,ဆုံးမ၊ ညီညွတ်ကြ၊ လုံ့လရှိရမည်။
(၂) ပြောရုံမပြီး၊ လုပ်မှပြီး၊ ခရီးရောက်နိုင်မည်။
(၃) မင်းအဿက၊ ကာလိင်္ဂ၊ မှတ်ကြထုံးတမည်။

စူဠကာလိင်္ဂဇာတ်ပြီး၏။

---

## ၃၀၂—မဟာအဿာရောဟဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်အာနန္ဒာကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည် အောက်၌ ပြဆိုအပ်ခဲ့ပြီ။]

### အတိတ်ဝတ္ထု

**တရားနှင့်ညီ မင်းကျင့်သည်**

လွန်လေပြီးသော အခါ ဘုရားအလောင်းသည် ဗာရာဏသီပြည်ဝယ် မင်းဖြစ်လေ၏၊ တရားသဖြင့် မင်းပြု၏၊အလှူပေး၏၊ သီလဆောက်တည်၏။

ထိုဗာရာဏသီ မင်းသည် သူခိုးတို့ ဖျက်ဆီးသော ပစ္စန္တရာဇ်ကို ငြိမ်းစေမည်ဟု စစ်သည်ဗိုလ်ပါ အခြံအရံနှင့်တကွသွားလေ၏၊ စစ်တိုက်၍ရှုံးလျှင် မြင်းစီးလျက် ရွာတခုသို့ဝင်လေ၏၊ ရွာသားတို့သည် အကြောင်းကို မသိကြသဖြင့် ကြောက်လန့်ရကား ပြေး၍အိမ်ထဲသို့ဝင်ကြကုန်၏၊ ရွာသားတယောက်ကား မပြေးဘဲ မင်းအားခရီးဦး ကြိုဆို

ပြီးလျှင်"အကျွန်ုပ်တို့မင်းကား ပစ္စန္တရာဇ်သို့သွား၏၊အဆွေ သည်အဘယ်သူနည်း၊မင်းချင်းယောက်ျားလော"ဟုမေး၏၊ မင်းလည်း မင်းချင်းယောက်ျားဖြစ်ကြောင်းကိုပြောလေ၏။

**အိမ်ရှင်ကျင့်ဝတ် ညွှဲ့ဝတ်ပြု**

ထိုအခါ ရွာသားသည် မင်းကိုအိမ်သို့ ခေါ်ဆောင်ကာ မိမိအင်းပျဉ်၌ နေစေလျက် မိမိမယားကိုခေါ်၍ ခြေတို့ကို ဆေးစေပြီးလျှင် စွမ်းအားရှိသလောက် ထမင်းအာဟာရကို ကျွေးမွေးပြုစု၍ အတန်ငယ် အပန်းဖြေဦးလော့-ဟုဆိုကာ အိပ်ရာကိုခင်းပေး၏၊ မင်းလည်း မောပန်းလှသဖြင့် အိပ်လေ၏။

အိမ်ရှင်လည်း မြင်း၏ကကြိုးတန်ဆာတို့ကိုချွတ်၍ ဟိုဟိုသည်သည်သွားစေလျက် ရေသောက်စေပြီးလျှင် ကျောကိုဆီဖြင့်လူးကာ မြက်တို့ကိုကျွေး၍ထား၏၊မင်းလည်း ဤသို့ အိမ်ရှင်ပြုစုလုပ်ကျွေးခြင်းကိုခံယူလျက် သုံးရက်,လေးရက် နေပြီးလျှင် အိမ်ရှင်အား-"အဆွေ....အကျွန်ုပ် သွားမည်၊ အကျွန်ုပ်ကို"မြင်စီးကြီး"ဟုခေါ်ကြသည်၊အကျွန်ုပ်အိမ် မြို့လယ်မှာရှိသည်၊တစုံတရာအကြောင်းကိစ္စဖြင့်မြို့သို့လာလျှင် တောင်တံခါး ၌တွင်မေးပါ"ဟု မှာထားပြီးလျှင်"အဆွေ.. ဤနေရာမှပြန်ရစ်တော့"ဟုပြောဆို၍သွားလေ၏၊မြို့၏အပ၌သစ်ခက်တပ်တည်၍နေသော စစ်သည်ဗိုလ်ပါအပေါင်းလည်း မင်းကြီးလာသည်ကိုမြင်လျှင် ခြီရံကုန်၏။

မင်းကြီးသည် မြို့တွင်းသို့ဝင်လတ်သော် တံခါးကြားတွင် တံခါးစောင့်ကိုခေါ်၍ အခြားသူများကိုဖဲ စေပြီးလျှင်"အမောင်....ပစ္စန္တရာဇ်သားတယောက်လာ၍ ငါ့ကို

တွေ့လိုသည့် မြင်းစီးကြီးအိမ်ကို ပြပါဆိုလျှင် ကိုယ်တိုင်လိုက်၍ ငါ့ထံပို့လေ၊ သင့်အားဆုတော်ငွေ တထောင်ပေးမည်''ဟု မှာထားကာ နန်းတော်သို့ဝင်လေ၏။

**အခွန်ငြိမ်းအောင် သူရွက်ဆောင်**

ထိုပစ္စန္တရာဇ်သားသည် မြို့သို့ မလာသည်ရှိသော် ထိုသူနေသောရွာကို အခွန်တောင်းစေ၏၊ ပစ္စန္တရာဇ်သားသည် တကြိမ်တောင်းစေကာမျှဖြင့် မလာသေး၊နောက်နှစ်ကြိမ်, သုံးကြိမ်တိုင်အောင် တောင်းစေပြန်၏၊ သုံးကြိမ်တောင်းသော်လည်းမလာ၊ ထိုအခါ ရွာသားတို့ စည်းဝေးကုန်၍ ထိုယောက်ျားကို''အရှင်....အရှင့် အဆွေ မြင်းစီးကြီးလာသောအခါမှစ၍ အခွန်တော်ဖြင့်နှိပ်လှ၏တကား၊အကျွန်ုပ်တို့မှာ ခေါင်းကိုပင်မထောင်ဝံ့ကြကုန်၊''အရှင်....သွားပါ၊ အဆွေမြင်းစီးကြီးကို ပြောဆို၍ အခွန်တော် လွတ်ငြိမ်းအောင်ဆောင်ရွက်ပါ''ဟု တိုက်တွန်းကြကုန်၏။

ထိုယောက်ျားသည် ရွာသားတို့အား''ကောင်းပြီ၊ အကျွန်ုပ်သွားပါမည်၊ လက်ချည်းသွား၍ မကောင်းပါ၊ အဆွေမှာ သားငယ် နှစ်ယောက်လည်းရှိ၏'' သို့အတွက် အဆွေ, အဆွေ့မယား, သားနှစ်ယောက်တို့အား ဝတ်စုံ တစုံစီ စီမံစေပြီးလျှင် ဝတ်စုံတို့နှင့်တကွ အိမ်တွင်ကြော်သောမုန့်တို့ကို ယူဆောင်၍ မြို့သို့သွားလေ၏။

**အဘယ်မှာနည်း မြင်းစီးကြီး**

တောင်တံခါးသို့ ရောက်လျှင် တံခါးစောင့်အား''အဆွေ.... မြင်းစီးကြီးကို တွေ့လိုပါသည်၊ မြင်းစီးကြီးအိမ် ဘယ်မှာနည်း၊ကျေးဇူးပြု၍ပြပါ''ဟု ပြောလေ၏၊ထိုအခါ တံခါး



P.295 နန်းတော်သို့ရောက်လာသည့် ကျေးဇူးရှင် ပစ္စန္တရာဇ်ရွာသားကို မင်း-မိဖုရားတို့ ကိုယ်တိုင် ခြေဆေးပေးနေပုံ

စောင့်သည် ပစ္စန္တရာဇ်သားအား“အဆွေ…လာပါ၊ အကျွန်ုပ်လိုက်ပြမည်”ဆိုကာ လက်ကိုဆွဲ၍ သွားရာမင်းကြီး အိမ်တံခါးသို့ရောက်လျှင် ပစ္စန္တရာဇ်သားတယောက် လာကြောင်း မင်းကြီးအား လျှောက်ထားစေ၍ အခွင့်ရလျှင် ပစ္စန္တရာဇ်သားကို မင်းကြီးရှေ့တော်အရောက် ပို့လေ၏။

**ကျေးဇူးတုံ့လည် ပြန်ဆပ်သည်**

မင်းကြီးလည်း ခရီးဦးကြိုဆိုကာ ကျန်းမာကြောင်း မေးမြန်းနှုတ်ဆက်၍ ခေါ်ငင်ကာ မြတ်သောရာဇပလ္လင်၌ နေစေပြီးလျှင် မိဖုရားကြီးကိုခေါ်၍ ပစ္စန္တရာဇ်သား၏ ခြေတို့ကို ဆေးစေရာ ကိုယ်တိုင် ရွှေကရားဖြင့် ရေလောင်း၍ပေး၏၊ ခြေတို့ကို နံ့သာဆီဖြင့် လိမ်းကျံစေ၏၊ မင်းကြီးသည် “အဆွေ…ခဲဘွယ် တစုံတရာ ပါသလော”ဟု မေးပြန်ရာ ပစ္စန္တရာဇ်သားသည် ပါသောမုန့်တို့ကို မင်းကြီးအား ဆက်သ၏၊ မင်းကြီးလည်း ပစ္စန္တရာဇ်သားကို ခြီးမြှောက်လိုသဖြင့် ရွှေခွက်ဖြင့်ခံယူပြီးလျှင် မိဖုရားနှင့် အမတ်တို့ကို စားစေ၏၊ မိမိလည်း သုံးဆောင်တော်မူ၏၊ နောက်ထပ် ပါသော ဝတ်စုံတို့ကိုဆက်သပြန်၏၊ ထိုအခါ ဝတ်စုံတို့ကို ဆင်မြန်းတော်မူ၏၊ မိဖုရားကြီးကိုလည်း ဆင်မြန်းစေ၏၊ ပစ္စန္တရာဇ်သားအား မင်းကြီးအား ထိုက်သောဘောဇဉ်ကို သုံးဆောင်စေ၏။

နောက်တဖန် အမတ်တယောက်ကိုခေါ်၍ ဤပစ္စရာဇ်သားအား ငါ့ကို ပြုပြင်ပေးသောနည်းအတိုင်း မုတ်ဆိတ်ဆံပင်ကိုပြုပြင်၍ နံ့သာရေချိုးပြီးလျှင် တသိန်းထိုက်သော ကာသိကတိုင်းဖြစ် အဝတ်ကိုဝတ်ကာမင်းမြှောက်တန်ဆာ

တို့ကိုဆင်ပြီးလျှင် ငါ့ထံသို့ယူခဲ့ရမည်ဟု အမိန့်ပေးလေ၏၊ အမတ်လည်း အမိန့်တော်အတိုင်း စီမံပြီးလျှင် ဆောင်ယူလာရ၏၊ မင်းကြီးလည်း ဘပြည်လုံးသိအောင် စည်လည်စေပြီးလျှင် ထီးဖြူအလယ်၌ မျဉ်းသားစေ၍ တဝက်သောမင်းအဖြစ်ကိုပေးတော်မူ၏၊ ထိုအခါမှစ၍ နှစ်ပါးသောမင်းတို့သည် အတူတကွ စားသောက်နေထိုင်ကုန်၏၊ မြိမြိစွာချစ်ကျွမ်းဝင်ကြကုန်၏၊ တစုံတယောက်မျှ မဖျက်ဆီးနိုင်၊သားမယားတို့ကိုမြို့သို့ခေါ်ကာ အိမ်ဆောက်ပေးစေ၏၊ အညီအညွတ်ဝမ်းမြောက်ဝမ်းသာမင်းပြုကြကုန်၏။

ထိုအခါ အမတ်တို့သည် မင်းကြီး၌ အမျက်ထွက်ကုန်သည်ဖြစ်၍ သားတော်ထံကပ်ပြီးလျှင်“အရှင်မင်းသား.... မင်းကြီးသည် ပစ္စန္တရာဇ်မှလာသော သူကြွယ်တယောက်အား ထီးနန်းစည်းစိမ်ကို တဝက်ခွဲပေးကာ အတူတကွ စားသောက်နေထိုင်တော်မူ၏၊ မင်းကြီးပြုသော အမှုကို အကျွန်ုပ်တို့မသိပါကုန်၊အဘယ်သို့ပြုသနည်း၊ အကျွန်ုပ်တို့ကိုရှက်စေကုန်သလော မင်းကြီးအား လျှောက်ထားပေးပါ”ဟုတိုင်တန်းကြကုန်၏။

**ပေးသင့်၊မသင့်**
**နှိုင်းချိန်ချင့်**

မင်းသားလည်း အမတ်တို့ စကားကို ကြားလျှင် မင်းကြီးထံကပ်၍ ခမည်းတော် မင်းကြီးအား အမတ်တို့ ပြောသောစကားကို လျှောက်ထားကာ မသင့်လျော်ကြောင်း ဤသို့မပြုပါလင့်ဟု လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည်“အမောင်....ငါစစ်ရှုံး၍ သုံးလေးရက်အဘယ်မှာနေသနည်း အခြားသူများကိုလည်း ထိုအကြောင်းမေး

မြန်းပါလော''ဟု ပြော၍၊''ခမည်းတော်....သိလည်းမသိပါ၊ မေးလည်းမမေးပါ'' ဟု လျှောက်လေလျှင် ငါထိုယောက်ျား၏ အိမ်မှာနေ၍ အသက်ချမ်းသာသဖြင့် လာ၍ မင်းပြုရ၏၊ ဤသို့ကျေးဇူးပြုသော သူအား ငါအဘယ်ကြောင့် စည်းစိမ်ကိုမပေးဘဲ နေနိုင်အံ့နည်း'' ဟု အကြောင်းစုံပြောကြားပြီးလျှင် မင်းသားအား–

''အမောင်....ပေးသင့်သူတို့ကို မပေးဘဲ မပေးသင့်သူတို့ကို ပေးသူတို့အားဘေးရန်ဖြစ်လတ်သော်ပျက်စီးတတ်၏၊အဆွေခင်ပွန်းကိုမရလေ။

အမောင်....ပေးသင့်သူတို့ကို ပေး၍ မပေးသင့်သူတို့ကိုမပေးသောသူတို့အားဘေးရန်ဖြစ်လတ်သော်မပျက်စီးချေ၊အဆွေခင်ပွန်းကိုရလေ၏၊

မသူတော်တို့ အကျင့်ရှိ၍ ကောက်ကျစ်စဉ်းလဲသူတို့၌ ပြုအပ်သောကျေးဇူးသည် ပျက်စီး၏၊ မွန်မြတ်ဖြောင့်မှန်သောအကျင့်ရှိသူတို့၌ ပြုအပ်သောကျေးဇူးသည် အနည်းငယ်ဖြစ်သော်လည်း အကျိုးများ၏။

လောက၌ ရှေးဦးစွာပြုနိုင်ခဲသော ကျေးဇူးကိုပြုသောသူသည် နောက်ကာလ၌ တဖန်ကျေးဇူးပြုသည်လည်းဖြစ်စေ, မပြုသည်လည်းဖြစ်စေ စင်စစ်ပူဇော်အထူးကိုခံထိုက်၏။''

ဟု ပြောဆိုဆုံးမတော်မူ၏၊ မင်းကြီးစကားကို ကြားလျှင် မင်းသားတို့သည်၎င်း, အမတ်တို့သည်၎င်း တစုံတခုသောစကားကိုမျှမဆိုဝံ့ကြကုန်။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပစ္စန္တရာဇ်သားသည်- ယခု အခါ အာနန္ဒာ။

※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ပေးသင့်မပေး၊မသင့်ပေး၊ဘေးကြုံ မဲ့မိတ်ဆွေ။
(၂) မသင့်မပေး၊သင့်သူပေး၊ဘေးကြုံ ရမိတ်ဆွေ။
(၃) မသူတော်အား၊ကျေးဇူးကား၊ဆုံးပါးပျက်စီးလေ။
(၄) သူတော်တို့အား၊ကျေးဇူးကား၊ကျိုးများကြီးကျယ်လေ။

မဟာအဿာရောဟဇာတ်ပြီး၏။

---

## ၃၀၃-ဧကရာဇဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး၏ မထင်ရှားသော အမတ်တယောက်ကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း၊ [ပစ္စုပ္ပန်ဝတ္ထုသည် သေယျဇာတ် ပစ္စုပ္ပန်ဝတ္ထုနှင့် တူပြီ၊ အတိတ်ဝတ္ထုလည်း မဟာသီလဝဇာတ် အတိတ်ဝတ္ထုနှင့် တူပြီ၊ထူးနိုးရာကိုသာပြပေအံ့။]

အတိတ်ဝတ္ထု။

**ပြည်မှနှင်ထုတ် အမတ်ယုတ်**

လွန်လေပြီးသော အခါ ဗာရာဏသီမင်း၏ အမတ် တယောက်သည် နန်းတွင်း၌ ပြစ်မှားလေ၏၊ ထိုအမတ်၏ အပြစ်ကို မင်းကြီးကိုယ်တိုင် သိတော်မူလျှင် တိုင်းပြည်မှ နှင်ထုတ်လေ၏။

ထိုအမတ်သည် ဒုဗ္ဘိသေနမည်သော ကောသလမင်းထံဝင်၍ ခစားလေ၏၊ ဗာရာဏသီမင်းကို စစ်ထိုးရန် အကြိမ်ကြိမ် ကုန်းတိုက်လျှောက်ထားသဖြင့် ခွင့်ပြုလျှင် မင်းကြီးနှင့်တကွ စစ်သည်ဗိုလ်ပါခြံရံကာ ဗာရာဏသီ မြို့သို့ လာလေ၏၊ ဗာရာဏသီမင်းကြီးလည်း ခုခံခြင်းကို မပြုလေ၊ ဒုဗ္ဘိသေနမင်းသည် အစဉ်အတိုင်း သိမ်းယူကာ မြို့တော်သို့ရောက်လျှင် မြတ်သောပြာသာဒ်အပြင်ဝယ်အမတ်တို့အလယ်၌နေသော ဗာရာဏသီမင်းကို ဖမ်းယူနှောင်ဖွဲ့ကာ ဆိုင်း၌ထည့်စေပြီးလျှင်မြောက်ဘက်တံခါးခုံ၌စောက်ထိုးဆွဲ၍ထားလေ၏။

**သူခိုးမင်းအား မေတ္တာပွား**

ဗာရာဏသီမင်းကြီးသည် သူခိုးမင်းကို အာရုံပြုလျက် မေတ္တာကို ပွားစေ၍ ကသိုဏ်းပရိကံပြုတော်မူ၏၊ အနှောင်အဖွဲ့ကိုဖြတ်စေပြီးလျှင် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေတော်မူ၏၊ ထိုအခါ သူခိုးမင်း၏ကိုယ်၌ အလွန်ပူပြင်းရကား ပူသည်,ပူသည်ဟု ဟစ်အော်ကာမြေ၌ ဟိုမှ,သည်မှ လူးလဲကာနေရ၏၊ အမတ်တို့ကို မေးလတ်သော် အမတ်တို့သည် အရှင်မင်းကြီးတို့ကား တရားစောင့်၍ အပြစ်မရှိ

သော မင်းကြီးကို ဆိုင်း၍ထည့်ကာ မြောက်ဘက်တံခါးခုံ၌ စောက်ထိုးဆွဲစေသည့်အတွက် ပူလောင်သည်ဟု လျှောက်ထားကုန်၏။

ဒုဗ္ဗိသေနမင်းသည် ဗာရာဏသီမင်းကြီးကိုလွှတ်ကြကုန်ဟု မင်းချင်းတို့အား စေခိုင်းလေ၏၊ မင်းချင်းတို့လည်း လွှတ်မည်ဟု သွားကြရာ ကောင်းကင်၌ထက်ဝယ် ဖွဲ့ခွေနေသော ဗာရာဏသီမင်းကြီးကိုမြင်လျှင် ပြန်ခဲ့၍ ဒုဗ္ဗိသေနမင်းအား လျှောက်ထားကြပြန်၏၊ ဒုဗ္ဗိသေနမင်းလည်း လျင်မြန်စွာသွား၍ ဗာရာဏသီ မင်းကြီးကို ရှိခိုးကန်တော့ကာ—

**အဆင်းမပျက် သည်းခံချက်**

"အို - ကောရဗ်မင်းမြတ်....အရှင်မင်းမြတ်သည်ရှေးအခါအလွန်မွန်မြတ်ပြည့်စုံသော ကာမဂုဏ်တို့ကိုခံစား၍နေရဘိ၏၊ ယခုအခါ ငရဲ၌ကျသည့်အလား မညီမညွတ် စောက်ထိုး ဆွဲထားပါလျက် ရှေးက ဖြစ်သော အဆင်းအားကို အဘယ်ကြောင့် မစွန့်ဘိသနည်း"

ဟု အံ့သြစွာမေးမြန်းလျှောက်ထားလေ၏၊ ထိုစကားကိုကြားလျှင် ဗာရာဏသီမင်းသည်-ဒုဗ္ဗိသေနမင်းအား—

"အို-ဒုဗ္ဗိသေနမင်း.... အကျွန်ုပ်ကား ရှေးအခါ၌ပင်သည်းခံခြင်း, ချီးခြီခြင်းအကျင့်တိုကျင့်ရန် တောင့်တခဲ့ဘူးပြီ၊ ယခုအခါ၌ ထိုတောင့်တခဲ့ဘူးသော သည်းခံခြင်း, ချီးခြီခြင်းအကျင့်ကို ကျင့်ရပါလျက် ရှေးကဖြစ်သော အဆင်းအားကို အဘယ်ကြောင့် စွန့်ရာအံ့နည်း—

အို-ဒုဋ္ဌသေနမင်း.... အကျွန်ုပ်မှာ ရှေးအခါကပင် ဒါန,သီလစသော ပြုလုပ်ဘွယ်ကိစ္စတို့ကိုပြုလုပ်၍ ပြီးပါပြီ၊ အခြံအရံ ဉာဏ်ပညာနှင့်ပြည့်စုံလျက် သည်းခံနိုင်ခဲသော အရာ၌ သည်းခံနိုင်သော အကျွန်ုပ်ကား စည်းစိမ်ရှိသူဖြစ်သော်လည်း ရှေးအခါက မဖြစ်ဘူးမြဲဖြစ်သော မွန်မြတ်သော ချမ်းသာကိုရရှိသဖြင့် ရှေးကဖြစ်သော အဆင်းအားကို မစွန့်ပေ။

အို- ဒုဋ္ဌသေနမင်း.... သင်ပြုလုပ်အပ်သော ဆင်းရဲဖြင့် မင်းချမ်းသာကိုပယ်စွန့်၍ ဈာန်ချမ်းသာဖြင့်လည်း သင်ပြုလုပ်အပ်သော ဆင်းရဲကို ပယ်စွန့်ကာ သည်းခံ နိုင်ခဲသောအရာကိုလည်း သည်းခံနိုင်၏၊သူတော်ကောင်း တို့သည် ငြိမ်းအေး နိုင်သော သဘောရှိကုန်သည်ဖြစ်၍ နှစ်ပါးစုံသော ချမ်းသာ, ဆင်းရဲ၌တူမျှကြကုန်၏''—

ဟု ပြန်ကာ ပြောဆိုတော်မူ၏။

**ပြည်ကိုအပ်နှင်း ကန်တော့ခြင်း**

ဒုဋ္ဌသေန မင်းလည်း ဗာရာဏသီ မင်းကြီးစကားကို ကြားလျှင် ကန်တော့တောင်းပန်ကာ ''အရှင်မင်းကြီးတို့ပြည်ကို အရှင်မင်းကြီးတို့ပင်မင်းပြုပါကုန်၊အကျွန်ုပ်တို့သည် သူခိုးဘေးရန်တို့ကို ပယ်ဖျောက်ပါမည်''ဟု တိုင်းပြည်ကို ပြန်၍အပ်နှင်းပြီးလျှင် ပြစ်မှားသော အမတ်ကိုလည်း မင်းဒဏ်ပြု၍ မိမိတိုင်းပြည်သို့ပြန်လေ၏။

ဗာရာဏသီမင်းကြီးသည်လည်း မင်း၏အဖြစ်ကိုအမတ်တို့အား အပ်နှင်းပြီးလျှင် ရသေ့ရဟန်းပြု၍ သေလွန်သော အခါ ဗြဟ္မာ့ပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်ႆအတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့…
※ ထိုအခါ ဒုဗ္ဘိသေနမင်းသည်-ယခုအခါ အာနန္ဒာ။
※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သည်းခံနိုင်ခြင်း။ မြိုးမြံခြင်း၊ အဆင်းမဖောက်ပြန်။
(၂) ဆင်းရဲဖြင့်နှိုး၊ ချမ်းသာကြီး၊ အပြီးယူကြရန်။
(၃) ဆင်းရဲ,ချမ်းသာ၊ တူမြဲသာ၊ငြိမ်းစွာသူတော်မှန်။

ကောရဇ ဇာတ်ပြီး၏။

---

## ၃၀၄—ဒဒ္ဒရဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**အမျက်ထွက်ခြင်း ရဟန်းဖျင်း** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် အမျက်ထွက်တတ်၏၊ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင်"ရဟန်းတို့…ဤရဟန်းသည် ယခုအခါ၌သာ အမျက်ထွက်တတ်သည်မဟုတ်၊ ရှေးအခါ၌လည်း အမျက်ထွက်တတ်သည်

သာတည်း၊အမျက်ထွက်သောကြောင့် ရှေးပညာရှိတို့သည် စင်ကြယ်သော နဂါမင်း၏အဖြစ်၌တည်ကုန်လျက် သုံးနှစ်တို့ပတ်လုံး ကျင်ကြီးတို့ဖြင့် ပြည့်သော မသန့်သောမြေ၌ နေရဘူးကုန်ပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**အမျက်ကြမ်းကြုတ် နဂါးယုတ်** လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဗြဟ္မဒတ်မင်း မင်း ပြုသည် ရှိသော် ဟိမဝန္တာ အရပ်ဝယ် ဒဒ္ဒရမည်သော တောင်ခြေရင်း၌ ဒဒ္ဒရမည်သော နဂါးပြည်တွင် ဒဒ္ဒရမည်သော နဂါးမင်းသည် မင်းပြုလေ၏၊ ထိုနဂါးအား မဟာဒဒ္ဒရနှင့်စူဠဒဒ္ဒရမည်သော သားတော် ညီနောင်နှစ်ဦးတို့သည်ရှိကုန်၏၊ထိုညီနောင်နှစ်ဦးတို့တွင် စူဠဒဒ္ဒရနဂါးသည် အမျက်ထွက်တတ်၏၊ ကြမ်းကြုတ်၏၊ နဂါးလုလင်မတို့ကို ဆဲရေးပုတ်ခတ်တတ်၏။

ခမည်းတော် ဒဒ္ဒရနဂါးမင်းသည် သားတော် စူဠဒဒ္ဒရနဂါး၏ကြမ်းကြုတ်သောအဖြစ်ကိုသိလျှင် နဂါးပြည်မှ နှင်ထုတ်စေ၏၊ နောင်တော် မဟာဒဒ္ဒရနဂါးသည် ခမည်းတော်ကိုလည်း သည်းခံစေ၍ နှင်မထုတ်ဘဲ ထားလေ၏၊ နှစ်ကြိမ်မြောက်နှင်ထုတ်စေရာ၌လည်း သည်းခံစေ၏၊ သုံးကြိမ်မြောက်သောအခါ ဒဒ္ဒရနဂါးမင်းသည် မဟာဒဒ္ဒရအား''သင်သည် ဤယုတ်မာသောအကျင့်ရှိသော နဂါးကို နှင်ထုတ်စေရာ၌ တားမြစ်ဘိ၏၊ သင်တို့ နှစ်ယောက်လုံး နဂါးပြည်မှ ထွက်၍ ဗာရာဏသီ ပြည်တွင် မစင်စွန့်

ရာအရပ်၌ သုံးနှစ်ပတ်လုံးနေကြကုန်"ဟု နဂါးပြည်မှ နှင်ထုတ်လေ၏။

**မစင်စွန့်ရာ သုံးနှစ်ကြာ**

နဂါးညီနောင်တို့သည် ခမည်းတော်၏ အာဏာဖြင့် မစင်စွန့်ရာ မြေအရပ်သို့ သွား၍ နေကြရကုန်၏၊ ထိုအခါ ရေနား၌ အစာရှာကုန်လတ်သော် ရွာသူသားငယ်တို့မြင်လျှင် ပုတ်ခတ်လိုကုန်ရကား ခဲ,တုတ်,လှံတံတို့ဖြင့် ပစ်ကြကုန်၏၊ "အချင်းတို့.... ဖါးစိမ်းစား ဤရေမြွေတို့သည် ဦးခေါင်းကြီးကုန်၏၊ အပ်နှင့်တူသောအမြီးရှိကုန်၏၊ အစရှိသောစကားတို့ကိုဆိုကာ ဆဲရေးကြကုန်၏။

**သည်းခံတရား ဟောမြွက်ကြား**

စူဠဒဒ္ဒရနဂါးသည် ကြမ်းကြုတ်သောကြောင့် သူငယ်တို့ မထေမဲ့မြင်ပြုခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ အစ်ကိုအား—

"အစ်ကို.... ဤသူငယ်တို့ကား အကျွန်ုပ်တို့ကို ဖါးစိမ်းစား ဟူ၍၎င်း, ရေမြွေဟူ၍၎င်း ပုတ်ခတ်ဆဲရေးကုန်၏၊ လျင်သောအဆိပ်ရှိသည်၏အဖြစ်ကို မသိကြကုန်၊ ဤသူငယ်တို့ မထေမဲ့မြင် ပြုခြင်းကို သည်းမခံနိုင်၊ နှာခေါင်းလေဖြင့်မှုတ်၍သတ်မည်"

ဟု ပြောဆိုလေ၏၊ စူဠဒဒ္ဒရ၏ စကားကိုကြားလျှင် မဟာဒဒ္ဒရသည် စူဠဒဒ္ဒရအား—

"ညီငယ်....မိမိတို့တိုင်းနိုင်ငံမှ နှင်ထုတ်သဖြင့် တပါးသောတိုင်းနိုင်ငံသို့ ရောက်နေသူတို့မှာ ကဲ့ရဲ့ရှုတ်ချဆဲရေးသော စကားတို့ကို ထည့်ထားရန် ကြီးစွာသောကျီကျကို ဆောက်လုပ်ရမည်၊ အမျိုး

ဇာတ်အားဖြင့်၎င်း, အကျင့်သီလအားဖြင့်၎င်း မသိသောသူကို မည်သည့်အရပ်၌ဖြစ်စေ လူတို့သည် ပူဇော်ခြင်း, မြတ်နိုးခြင်းကိုမပြုကြကုန်၊ ဂုဏ်ကျေးဇူးကိုမသိသော သူတို့အထံ၌နေသောသူသည် သည်းခံရမည်၊ အရပ်တပါး၌နေသောပညာရှိသည် ကျွန်အမှုလုပ်၏ မီးဘေးဖြင့်ခြိမ်းချောက်ခြင်းကို သည်းခံရမည်”—

ဟု ပြောဆိုဆုံးမ၏၊ ဤသို့လျှင် မဟာဒဒ္ဒရ, စူဠဒဒ္ဒရနဂါးညီနောင်တို့သည် ဗာရာဏသီပြည် မစင်စွန့်ရာအရပ်၌ပင် သုံးနှစ်ပတ်လုံးနေကြရကုန်၏၊ အဘနဂါးမင်းသည် သုံးနှစ်ပြည့်သောအခါ နဂါးညီနောင်တို့ကိုခေါ်စေ၏၊နဂါးညီနောင်တို့သည်လည်း ထိုအခါမှစ၍ အမျက်မာန်ကင်းကြကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် သစ္စာဆိုပြသည်၏အဆုံး၌ အမျက်ထွက်တတ်သောရဟန်းသည် အနာဂါမိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ စူဠဒဒ္ဒရနဂါးသည်- ယခုအခါ အမျက်ထွက်သောရဟန်း။

※ မဟာဒဒ္ဒရနဂါးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဒေါသအမျက်၊ ဟုန်းဟုန်းထွက်၊ ပျက်စီးတတ်သည်သာ။
(၂) အရပ်တပါး၊ သွားရောက်ငြား၊ မမှားသည်းခံရာ။
(၃) မျိုးဇာတ်ကျင့်မှု၊ မသိသူ၊ မပူဇော်ပေရာ။

ဒဒ္ဒရဇာတ်ပြီး၏။

---

## ၃၀၅–သီလဝီမံသနဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ကာမဝိတက် ကြံစည်လျက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ **သီ**တင်းသုံးတော်မူစဉ် ရဟန်းငါးပါးတို့သည် ဇေတဝန်ကျောင်းတော်အတွင်း၌ နေကုန်လျက် ညဉ့်သုံးယာမ်အတွင်း၌ ကာမဝိတက်ကိုကြံစည်ကြကုန်၏။

မြတ်စွာဘုရားသည် တပည့်သားရဟန်းတို့ကို စောင့်ရှောက်တော်မူသည်ဖြစ်၍ ထိုညဉ့်အဘို့၌ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှုတော်မူသည်ရှိသော် ကာမဝိတက်ကို ကြံကုန်သော ရဟန်းတို့ကိုမြင်တော်မူလျှင် ရှင်အာနန္ဒာကိုခေါ်တော်မူ၍ ဂန္ဓကုဋိတံခါး၌ နေရာတော်ကို ခင်းစေပြီးလျှင် ရဟန်းတို့အား စည်းဝေးစေလျက် ခင်းထားသောနေရာတော်၌ နေတော်မူ၍ “ရဟန်းတို့.... ပညာရှိတို့သည် မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာ မရှိ”ဟု ဆိုလေ့ရှိကုန်၏ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

သီလရှိသူ
သမီးယူ

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ဗာရာဏသီပြည်မှာပင် တပည့်ငါးရာတို့ အကြီးအမှူးဖြစ်၍ အဟတ်ပညာသင်လျက်နေ၏။

ထိုအခါဆရာကြီး၌ အရွယ်ရောက်သောသမီးတယောက်ရှိလေ၏၊ ဆရာကြီးသည် တပည့်လုလင်တို့၏ သီလနှင့်ပြည့်စုံသည်,မပြည့်စုံသည်စုံစမ်း၍ သီလနှင့်ပြည့်စုံသောလုလင်အား သမီးကိုပေးမည်ဟု ကြံစည်လျက်သာနေ၏။

တနေ့သ၌ဆရာကြီးသည် တပည့်လုလင်တို့ကို ခေါ်၍-"အမောင်တို့.... ငါ့သမီးသည် အရွယ်သို့ရောက်လတ်ပြီ၊ ထိမ်းမြားလက်ထပ်ခြင်းကိုပြုမည်၊ သို့အတွက် အဝတ်တန်ဆာရှာရန်သွားကြကုန်၊ မိဘဆွေမျိုးဉာတိတို့မသိအောင်ခိုးယူခဲ့ကြကုန်"ဟု စေခိုင်းလေ၏။

တပည့်တို့သည်ဆရာကြီးစေခိုင်းသောအတိုင်းအိမ်သို့ပြန်၍ မိဘဆွေမျိုးဉာတိတို့ မသိအောင်ခိုးယူခဲ့ကြကုန်၏၊ဆရာကြီးလည်း ဆောင်ခဲ့သမျှသော အဝတ်တန်ဆာတို့ကို မှတ်သား၍ အသီးအသီးထားစေကုန်၏၊ တပည့်ကြီးသည် တစုံတခုသော အဝတ်တန်ဆာကိုမျှ မခိုးယူခဲ့လေ။

ဆိတ်ကွယ်ရာရပ်
မရှိအပ်

ထိုအခါ ဆရာကြီးသည် တပည့်ကြီးအား"အမောင်....သင်ကားတစုံတခုသော အဝတ်တန်ဆာကို မဆောင်ယူခဲ့

ဘူးလော''ဟုမေး၏ ''ဆရာ····မဆောင်ယူခဲ့ပါ''ဟု ပြော လျှင်''အမောင်···အဘယ်ကြောင့်မဆောင်ယူခဲ့ သနည်း'' ဟု မေးပြန်ရာ ထိုအခါ တပည့်ကြီးသည် ဆရာအား–

''ဆရာကြီး····လောက၌ မကောင်းမှုပြုသူအား ဆိတ်ကွယ်ရာအရပ်မည်သည်မရှိ၊ တောစောင့်နတ်တို့မြင်ကြကုန်၏၊ သူမိုက်ကား မကောင်းမှုပြုရာ၌ ငါသည် ဆိတ်ကွယ်ရာ၌ ပြုလုပ်အပ်သည်ဟု မှတ်ထင်ဘိ၏၊ ဆရာကြီး··· အကျွန်ုပ်ကား မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာအရပ်ကို မမြင်ပါ၊ ဆိတ်ကွယ်ရာအရပ်လည်းမရှိပါ၊ အကျွန်ုပ် ပြုလုပ်အပ်သော မကောင်းမှုသည် မဆိတ်ကွယ်ပေ– ထိုကြောင့် အကျွန်ုပ်သည် မဆောင်ယူခဲ့ပါ''–

ဟု–ပြန်ကြား ပြောဆိုလေ၏။

**သီလရှိက မိန်းမရ**

ထိုအခါ ဆရာကြီးသည် တပည့်ကြီးအား အလွန်ကြည်ညိုလှ၍၊ ''အမောင် ငါ့အိမ်၌ ဥစ္စာပစ္စည်း မရှိသည်မဟုတ်ပေ၊ အကျင့်သီလနှင့်ပြည့်စုံသူအား သမီးကိုပေးမည်ဟုကြံစည်ကာ လုလင့်တို့ကိုစုံစမ်းလို၍ ဤသို့ပြုလုပ်ခြင်းဖြစ်သည်၊ သင့်အားသာ ငါ့သမီးသည် လျောက်ပတ်၏''ဟု သမီးကို တန်ဆာဆင်စေ၍ တပည့်ကြီးအားပေးလေ၏၊ ကြွင်းသော တပည့်လုလင်တို့ကို ''သင်တို့ဆောင်ယူခဲ့သော အဝတ်တန်ဆာတို့ကို သင်တို့အိမ်သို့ ပြန်၍ပို့ကြလော့''ဟု ပြောဆိုကာ ပြန်၍ပေးလေ၏။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ရဟန်းတို့အား–''ရဟန်းတို့····သီလမရှိကုန်

သော လုလင်တို့သည် မိမိတို့သီလမရှိသောကြောင့် မိန်းမ ကိုမရကုန်၊ ပညာရှိသော တပည့်ကြီး လုလင်သည်ကား သီလနှင့်ပြည့်စုံသောကြောင့် မိန်းမကိုရ၏''ဟု မိန့်တော်မူ ပြီးလျှင်- နောက်တဖန်—

ရဟန်းတို့····ဒုဇ္ဇစ္စလုလင်, သုဇစ္စလုလင်, နန္ဒ လုလင်, သုခဝဍ္ဍိတလုလင်, ဝဇ္ဇလုလင်,သီလလုလင်, ဤအလုံးစုံသောလုလင်တို့သည် မိန်းမကိုအလိုရှိကုန် သည်ဖြစ်၍ မိန်းမ မရခြင်းသဘောကိုစွန့်ကုန်၏၊ခပ် သိမ်းသောပဉ္စသီလ,ဒသသီလ, သုစရိုက်သုံးပါးတို့ ၏ ကမ်းတဘက်သို့ရောက်၍ တရားကိုစောင့်ခြင်း, တည်ကြည်ခြင်း,ဟုတ်မှန်ခြင်း,လုံ့လရှိခြင်းနှင့်ပြည့် စုံသော ပုဏ္ဏားလုလင်ကား အဘယ်မှာ မိန်းမရ ခြင်းသဘောကို စွန့်အံ့နည်း''—

ဟု—ဟောကြားဆုံးမတော်မူ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဟောတော်မူပြီး လျှင် သစ္စာကို ပြတော်မူသည်၏အဆုံး၌ ရဟန်းငါးရာတို့ သည် အရဟတ္တဖိုလ်၌တည်ကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဆရာကြီးသည်- ယခုအခါ သာရိပုတ္တရာ။

※ ပညာရှိတပည့်ကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ မကောင်းမှုမှာ၊ ပြုလုပ်ရာ၊ ဆိတ်ရာမရှိပေ။
၂။ တောမှာပြုလတ်၊ တောစောင့်နတ်၊ အတတ်မြင်ခဲ့ပေ။
၃။ လူမိုက်ဘာဝ၊ ဆိတ်ကွယ်ရ၊ စိတ်ကထင်မှတ်လေ။

သီလဝီမံသနဇာတ်ပြီး၏။

---

## ၃၀၆–သုဇာတဇာတ်

ပဥ္စုပ္ပန်ဝတ္ထု

ကြက်သရေအယွက်ငြင်းခုံချက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးနှင့် မလ္လိကာ မိဖုရားကြီးတို့သည် ကြက်သရေအရာ၌ အငြင်းအခုံဖြစ်ကုန်၏။

ထိုအခါ ကောသလမင်းကြီးသည် အမျက်ထွက်၍ မလ္လိကာကား မိန်းမ၏အဖြစ်ကိုမျှမသိလေ၊ ငါ၌ အမျက်ထွက်တတ်သည်၏အဖြစ်ကိုလည်း မြတ်စွာဘုရားမသိပါဟု ကြံစည်လေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိတော်မူ၍ မင်း, မိဖုရားတို့ သင့်တင့်ညီညွတ်သောအဖြစ်ကို ပြုမည်ဟု ကြံစည်တော်မူကာ နံနက်အခါ၌ သံဃာတော်ငါးရာ ခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကာ မင်းအိမ်တံခါးသို့ ကြွတော်မူ၏။

မိန်းမအဖြစ်သည်းခံ,ချစ်

မင်းကြီးလည်း သပိတ်တော်ကိုလှမ်းယူပြီးလျှင် နန်းတွင်းသို့ ပင့်ဆောင်၍ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးစေ

လျက် ယာဂုခဲဘွယ်ကို ဆောင်ခဲ့စေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သပိတ်တော်ကို လက်တော်ဖြင့်ပိတ်၍မလ္လိကာမိဖုရားကြီးကို မေးတော်မူ၏၊ မင်းကြီးလည်း "အရှင်ဘုရား.... မိမိစည်းစိမ်အခြံအရံဖြင့် ယစ်နေသော မိန်းမဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု လျှောက်ထားလေ၏၊ "မြတ်သောမင်းကြီး....သင်မင်းကြီးသည်ပင်လျှင် စည်းစိမ်အခြံအရံကိုပေး၍ မိန်းမကို ခြီးမြှောက်ပြီးလျှင် မိန်းမပြုအပ်သောအပြစ်မျှကို သည်းမခံခြင်းသည်မသင့်လျော်"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း မြတ်စွာဘုရားအမိန့်တော်ကိုနာရလျှင် မလ္လိကာမိဖုရားကိုခေါ်စေ၏၊ မိဖုရားလည်း မြတ်စွာဘုရားထံသို့လာ၍ လုပ်ကျွေးလေ၏၊ မြတ်စွာဘုရားလည်း မင်း, မိဖုရားတို့ သင့်တင့်ညီညွတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူပြီးလျှင် ကျောင်းတော်သို့ကြွတော်မူ၏၊ ထိုအခါမှ၍ မင်း,မိဖုရားတို့လည်း သင့်တင့်ညီညွတ်စွာနေကြကုန်၏။

**တခွန်းစကား ညီညွတ်သွား**

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ မြတ်စွာဘုရားသည် တခွန်းတည်းသောစကားဖြင့် မင်း,မိဖုရားတို့ကိုသင့်တင့်ညီညွတ်အောင်ပြုတော်မူ၏-ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ငါဘုရားသည် ယခုအခါ၌ သာလျှင် ထိုမင်း,မိဖုရားတို့ကိုတကြိမ်တည်းသောအဆုံးအမနှင့်သင့်တင့်ညီညွတ်အောင်ပြုသည်မဟုတ်၊ ရှေးအခါ၌လည်း ပြုခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဆီးသီးသည်ကို ချစ်အားပို**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သောပညာရှိ အမတ်ဖြစ်လေ၏။

တနေ့သ၌ မင်းကြီးသည် လေသာပြတင်းကို ဖွင့်ကာ မင်းရင်ပြင်ကိုကြည့်လျက်နေ၏၊ ထိုအခါ အဆင်းလှသော အရွယ်၌တည်သော သုဇာတာမည်သော ဟင်းရွက်သည်၏သမီးသည် ဆီးသီးတို့ကို တောင်း၌ထည့်ကာရွက်ပြီးလျှင် "ဆီးသီးသည်, ဆီးသီးသည်" ဟု ကြွေးကြော်လျက် မင်းရင်ပြင်ဖြင့်သွားလေ၏။

မင်းကြီးသည် သုဇာတာ၏ အသံကိုကြားလျှင် အလွန်တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ခေါ်စေပြီးလျှင် အရှင်မရှိသည်၏အဖြစ်ကို သိတော်မူသဖြင့် သိမ်းပိုက်ကာ မိဖုရားကြီးမြှောက်၍ များစွာသော စည်းစိမ်အခြံအရံကို ပေးလေ၏။

**မိန်းမယုတ်ကို နှင်ထုတ်ဆို**

တနေ့သ၌ မင်းကြီးသည် ရွှေခွက်၌ဆီးသီးတို့ကိုထည့်ကာ သုံးဆောင်တော်မူ၏၊ ထိုအခါ သုဇာတာမိဖုရားသည် မင်းကြီးဆီးသီးသုံးဆောင်တော်မူသည်ကိုမြင်လျှင်—

"အရှင်မင်းကြီး.... နီမြန်းသော အဆင်းရှိလျက် အညစ်အကြေးမရှိကုန်သော ဤအသီးတို့ကို ရွှေခွက်၌ထည့်၍ထားကုန်၏၊ ထိုအသီးတို့ကား

အဘယ်မည်သောအသီးတို့ပေနည်း အကျွန်ုပ်မေး
အပ်သည်ကို မိန့်ကြားတော်မူပါ”—

ဟု မင်းကြီးအား မေးလျှောက်လေ၏၊ မင်းကြီးသည် မိဖုရား၏စကားကိုကြားလျှင် အမျက်ထွက်၍ မိဖုရားအား—

“ဟယ်—မိဖုရား....သင့်ကားရှေးအခါ ဆံပင်ဖါးရားချ၍ အဝတ်နွမ်းကို ဝတ်ဆင်လျက် ဆီးသီးတို့ကို ဆွတ်ချွေကာ ခါးပိုက်တွင်ထည့်ခဲ့ရ၏၊ ဤငါစားသောအသီးတို့ကား သင့်အမျိုးပေးသော ဆီးသီးများဖြစ်၏။

ဤမိန်းမယုတ်သည် မင်းအိမ်၌ နေရသည် ရှိသော် ပူလောင်ဆင်းရဲဘိ၏၊ မမွေ့လျော်ပေ၊မင်း၏ စည်းစိမ်တို့သည်မိန်းမယုတ်ကိုစွန့်ကြကုန်ပြီ၊ဆီးသီးကိုရောင်းချကာ အသက်မွေးရသော အမျိုးအိမ်သို့ သာ ဤမိန်းမယုတ်ကိုပို့ကြလော့”—

ဟု နှင်ထုတ်လေ၏၊ ပညာရှိအမတ်သည် ငါ့ကိုထား၍ ငါမှတပါးသောသူတို့သည် မင်း,မိဖုရားတို့ကို သင့်တင့်ညီညွတ်အောင် ပြုလုပ်နိုင်လိမ့်မည်မဟုတ်၊ မင်းကိုနှစ်သိမ့်စေ၍ မိဖုရားကိုလည်း နှင်မထုတ်ရအောင် ပြုလုပ်မည်ဟု ကြံစည်ကာ—

စည်းစိမ်ယစ်ကြ
မ,၁၁၀

“အရှင် မင်းကြီး.... မိန်းမတို့ မည်သည်ကား ယစ်ခြင်းသဘော ရှိကုန်၏၊ စည်းစိမ် အခြံအရံဖြင့် ယစ်ကြမြဲဖြစ်ကုန်၏၊အရှင်မင်းကြီးပင်လျှင်သုဇာတာအားစည်း

စိမ်အခြီအရံကို ပေးသည်မဟုတ်ပါလော မိဖုရား
အား သည်းခံတော်မူပါ အမျက်မထွက်ပါလင့်”—

ဟုအကျိုးအကြောင်းပြကာ မင်းကြီးအား လျှောက်ထားလေ၏၊ မင်းကြီးလည်း ပညာရှိအမတ်၏ စကားကိုကြားလျှင် မိဖုရား၏အပြစ်ကိုသည်းခံ၍ ထားမြဲတိုင်းသော မိဖုရားအရာ၌ပင်ထားလေ၏၊ ထိုအခါမှစ၍ မင်းမိဖုရားတို့သည် သင့်တင့်ညီညွတ်စွာနေကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဗာရာဏသီမင်းသည်-ယခုအခါ ကောသလမင်း။

※ သုဇာတာသည်-မလ္လိကာ။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မတည်မငြိမ်၊မိန်းမပိန်၊စည်းစိမ်ယစ်တတ်စွာ။
(၂) ဆီးသီးသည်ကား၊မိဖုရား၊ပိုးဝါးဆီးသီးမှာ။
(၃) အမျက်မာန်ရှ၊မင်းရာဇ၊နန်းမှနှင်ဘူးရာ။

သုဇာတဇာတ်ပြီး၏။

# ၃၀၇-ပလာသဇာတ်

## ပဋုပ္ပန်ဝတ္ထု

**ငိုကြွေးလျက်သော အာနန္ဒာ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူရာ ညောင်စောင်း၌ လျောင်းတော်မူစဉ် ရှင်အာနန္ဒာသည် မိုးသောက်ထဝယ် ဘုရားပရိနိဗ္ဗာန်ပြုတော်မူမည်ကို သန်းခေါင်ယံကပင်သိ၍ ငါသည်လည်း ပြုဘွယ်ကိစ္စရှိသော သေက္ခသာလျှင်ဖြစ်၏၊ မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန်ပြုလတံ့၊ မြတ်စွာဘုရားအား နှစ်ဆယ့်ငါးနှစ်လုပ်ကျွေးခြင်းသည် အကျိုးမရှိသည် ဖြစ်လတံ့ ဟု သောကတရား နှိပ်စက်လျက် ဥယျာဉ် ကျောင်းတိုက်ခန်းတံခါးပေါင်ကိုဆွဲလျက်ငိုကြွေးလေ၏။

မြတ်စွာဘုရားသည် ရှင်အာနန္ဒာကိုမမြင်၍ မေးတော်မူပြီးလျှင် ခေါ်တော်မူ၍ ဆုံးမကာ"အာနန္ဒာ....သင်သည် ပြုခဲ့ဘူးသော ကောင်းမှုရှိ၏၊ မြတ်သောလုံ့လကို အားထုတ်လော့၊ မကြာမီရဟန္တာဖြစ်လတံ့၊"အာနန္ဒာ....မစိုးရိမ်လင့်၊ ယခုအခါ သင်ငါ့အားလုပ်ကျွေးခြင်းသည် အဘယ်ကြောင့် အကျိုးမရှိဘဲဖြစ်နိုင်အံ့နည်း ရှေးအခါရာဂကိလေသာနှင့်တကွ ဖြစ်သော ကာလ၌လည်း ငါ့အားလုပ်ကျွေးခြင်းသည် အကျိုးမရှိသည် မဖြစ်ခဲ့ဘူး" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ပေါက်ပင်ရှိနိုး နတ်ကိုကိုး**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ဗာရာဏသီပြည်မှ မနီးမဝေးလွန်းသောအရပ်၌ တည်ရှိသော ပေါက်ပင်ဝယ်ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုအခါ ဗာရာဏသီပြည်သားတို့သည် နတ်အားကိုး ကွယ်ကြကုန်၏၊ အမြဲနတ်ပူဇော်ခြင်း၌ လုံ့လပြုကြကုန်၏၊ ထိုအခါ ဆင်းရဲသားပုဏ္ဏားတယောက်သည်ငါသည်လည်း နတ်ကို ကိုးကွယ်လုပ်ကျွေးမည်ဟု မြင့်မောက်သောအရပ် တခုတွင် တည်ရှိသောပေါက်ပင်ကြီးရင်း၌ မြက်သုတ်သင် ၍ မြေကိုညီညွတ်အောင်ပြုပြီးလျှင် သဲဖြူခင်းကာ တံမြက် လှည်းလျက် သစ်ပင်ကို နံ့သာ လက်ငါးချောင်းရာ ပေး၍ ပန်းနံ့သာအခိုးအထုံတို့ဖြင့် ပူဇော်ပြီးလျှင် ဆီမီးညှိထွန်း ကာ "ချမ်းသာစွာအိပ်ရပါ၏ လော"ဟု မေးပြီးလျှင် လက်ျာရစ်လှည့်၍သွား၏၊ နှစ်ရက်မြောက်,သုံးရက်မြောက် ၌ နံနက်စောစောကပင်သွား၍ "ချမ်းသာစွာ အိပ်ရပါ၏ လော"ဟု မေးပြန်၏။

တနေ့သ၌ ရုက္ခစိုးနတ်သည် ဤပုဏ္ဏားကား ငါ့ကို အလွန်လုပ်ကျွေးဘိ၏၊ ဤပုဏ္ဏားလုပ်ကျွေးခြင်းအကြောင်း ကို ငါမေးမည်ဟု ကြံစည်လျက် သစ်ပင်ရင်း၌ တံမြက်လာ ၍လှည်းနေသောပုဏ္ဏားကိုမြင်လျှင် ပုဏ္ဏားအို၏အသွင်ဖြင့် အနီး၌ရပ်တည်ကာ—

"အို-ပုဏ္ဏား....သင်သည်စိတ်ဝိညာဉ်ရှိ၍ကြား
တတ်, သိတတ် သူဖြစ်လျက် အဘယ် ကြောင့်
စိတ်ဝိညာဉ် မရှိသောကြောင့် မကြားတတ်, မသိ
တတ်သော ဤပေါက်ပင်ကို ကြိုးစား အားထုတ်
လျက် မမေ့မလျော့ အမြဲမပြတ်ချမ်းသာစွာအိပ်ရ
ပါ၏လောဟု မေးဘိသနည်း"—

ဟု ပုဏ္ဏားအားပြောဆိုလေ၏၊ လုပ်ကျွေးသောပုဏ္ဏား
သည် ထိုစကားကိုကြားလျှင်—

"အို-ပုဏ္ဏားကြီး....ဤပေါက်ပင်ကားအဝေး၌
လည်း ထင်ရှား၏၊ကြီးလည်း ကြီး၏၊ မြင့်မောက်
ညီညွတ်သောအရပ်၌လည်း တည်ရှိ၏၊ နတ်တို့နေ
ရာဖြစ်၏၊ ထိုကြောင့် အကျွန်ုပ်သည် ဤပေါက်ပင်
ကို ရှိခိုးပါ၏၊ ဤပေါက်ပင်၌ တန်ခိုးကြီးသောနတ်
တို့နေကြကုန်၏၊ ထိုနတ်တို့ကို ဥစ္စာရလိုပါသော
ကြောင့် ရှိခိုးပါ၏"—

ဟု ပုဏ္ဏားကြီးအား ပြန်ကြားပြောဆိုလေ၏။

ရွှေအိုးကိုရ
နတ်စောင်မ

ထိုစကားကိုကြားလျှင် ရုက္ခစိုးနတ်သည် ပုဏ္ဏားအား ကြည်ညို၍ "ပုဏ္ဏား.... ငါကား ဤပေါက်ပင်စောင့် ရုက္ခစိုး နတ်ဖြစ်သည်၊ သင်မကြောက်လင့်၊ သင့်အား ဥစ္စာကိုပေးမည်"ဟု ပြောဆိုကာ ပုဏ္ဏားအား နှစ်သိမ့်စေ၍ ဗိမာန်တံခါးတွင် ကြီးသောနတ်၏ အာနုဘော်ဖြင့် ကောင်းကင်၌ရပ်တည်လျက်—

"အို–ပုဏ္ဏား.... ငါသည် သင်ပြုအပ်သော ကျေးဇူးကို သိသည့်အဖြစ်ကို ရှုကြည့်လျက် မိမိ အစွမ်းသတ္တိအားလျော်စွာ ကျေးဇူးတုံ့ကိုပြုမည်၊ အမှန်အားဖြင့် သူတော်ကောင်းတို့အထံ၌ ကျေးဇူး ပြုခြင်းသို့ရောက်၍ သင်၏ကိုယ်,နှုတ်တို့ဖြင့် လုံ့လ ပြုခြင်းတို့သည် အချည်းနှီးမဖြစ်နိုင်ကုန်။

အို-ပုဏ္ဏား.... တည်ပင်၏ရှေ့၌ တည်ရှိ သော ညောင်ကြပ်ပင်ရင်းကို ဝန်းရံလျက် ရှေးသူဟောင်း တို့မြှုပ်နှံ၍ထားအပ်သော ရွှေအိုး များစွာသည် ယခုအခါ အမွေခံမရှိပြီ၊ သွားချေ၊ ထိုရွှေအိုးများ စွာကို ထုတ်ဖော်၍ယူလော့"–

ဟု ပြောဆိုပြီးလျှင်တဖန်"ပုဏ္ဏား....သင်သည် ထိုရွှေ အိုးများစွာကို ထုတ်ဖော်၍ ယူရသည်ရှိသော်ပင်ပန်းလတ့်၊ သင်သည် သွားလေလော့၊ ငါသည်ပင်လျှင် ထိုရွှေအိုး များစွာကိုသင့်အိမ်သို့ဆောင်ယူကာ ဤမည်သော အရပ်၌ မြှုပ်နှံ၍ထားခဲ့မည်၊ သင်သည် ထိုဥစ္စာကို အသက်ထက် ဆုံးသုံးဆောင်လျက် အလှူပေးလော့၊ သီလဆောက်တည် လော့"ဟု အဆုံးအမပေး၍ ထိုဥစ္စာတို့ကို မိမိအာနုဘော် ဖြင့် ပုဏ္ဏားအိမ်၌တည်စေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားသည်-ယခုအခါ အာနန္ဒာ။

※ ပေါက်ပင်စောင့် ရုက္ခစိုးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူတော်ထံတုံ၊ ကျေးဇူးဂုဏ်၊ ဖျင်းသုန်မရှိပါ။
(၂) ပေါက်ပင်ရှိခိုး၊ ပုဏ္ဏားမျိုး၊ ရွှေအိုးရဘူးပါ။

ပလာသဇာတ်ပြီး၏။

---

## ၃၀၈။ သကုဏဇာတ်

ပဉ္စမပဏ္ဏာသ၊

**ကျေးဇူးမသိ ယုတ်လေဘိ** — နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်သည် သူပြုဘူးသောကျေးဇူးကို မသိလေ။

ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် ဒေဝဒတ် ကျေးဇူးမသိသောအကြောင်းကို စကားစပ်မိ၍ပြောဆိုနေ ကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့····ဒေဝဒတ်သည် ယခုအခါ၌သာ ကျေးဇူးကို မသိတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ကျေးဇူးကိုမသိ တတ်သည်သာတည်း''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**ခြင်္သေ့ရိုးမျက် ခံရခက်** — လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ဟိမဝန္တာ

ဝယ် သစ်တောက်လောက်ငှက်မျိုး၌ ဖြစ်လေ၏၊ ထိုအခါ ခြင်္သေ့တကောင်သည် အသားကိုစားစဉ် လည်ချောင်း၌ အရိုးတခုသည် စူးဝင်လေ၏၊ လည်ပင်းသည် ဖူးဖူးရောင်လျက် အစားမစားနိုင်၊ အလွန်နာကျင်သော ဝေဒနာဖြစ်လေ၏။

**အသက်စောင့်ရှောက် သစ်တောက်လောက်**

အစာ ရှာသွားသော သစ်တောက်လောက်ငှက်သည် ထိုခြင်္သေ့ကို မြင်လျှင်သစ်ခက်၌နားနေလျက်"အဆွေခြင်္သေ့.... သင်အားအဘယ်ကြောင့် ဆင်းရဲဝေဒနာဖြစ်သနည်း"ဟု မေးလျှင် ခြင်္သေ့သည် လည်ချောင်း၌ အရိုးစူးဝင်သောအကြောင်းကို ပြောကြားလေ၏၊ ထိုအခါ သစ်တောက်လောက်ငှက်သည် "အဆွေခြင်္သေ့...သင်၏ လည်ချောင်း၌ စူးဝင်နေသောအရိုးကို နုတ်၍ပေးလိုပါ၏၊ ကိုက်သတ်မည်ကို ကြောက်သဖြင့် သင့်ခံတွင်းသို့ ငါမဝင်ဝံ့ပါ" ဟုပြောလေ၏။

ထိုအခါခြင်္သေ့သည်"အဆွေသင်တောက်လောက်ငှက်... မကြောက်ပါလင့်၊ သင့်ကိုငါကိုက်မသတ်ပါ၊ ငါ၏အသက်ကိုပေးပါ လော့"ဟု တောင်းပန်လေ၏၊ သစ်တောက်လောက်ငှက်သည် ကောင်းပြီ အသက်ကို ပေးမည်ဟု ဝန်ခံပြီးလျှင် ခြင်္သေ့ကိုလက်ျာနံပါးဖြင့် အိပ်စေလျက် ကိုက်သတ်မည်, မသတ်မည်ကို ဘယ်သူသိနိုင်မည်နည်းဟု ကြံစည်ဆင်ခြင်လျက် ခံတွင်းကိုမပိတ်နိုင်အောင် အောက်နှုတ်ခမ်းနှင့် အထက်နှုတ်ခမ်း၌ တုတ်လှံတံထောက်လျက် ခံတွင်းသို့ဝင်ပြီးလျှင်အရိုးစွန်းကို နှုတ်သီးဖြင့်ကိုက်၍ နုတ်

လေ၏၊ အရိုးကျွတ်ကျလတ်သော် ခံတွင်းမှထွက်၍ လှံတံကို ပယ်ပြီးလျှင် သစ်ခက်၌နားပြန်၏၊ ခြင်္သေ့လည်း ရောဂါ ပျောက်ကင်း ချမ်းသာလေ၏။

**ကျေးဇူးကိုမေ့ယုတ်ခြင်္သေ့**

တနေ့သ၌ခြင်္သေ့သည် ကျွဲတကောင်ကို သတ်၍စားကာနေ၏၊ ထိုအခိုက် သစ်တောက်လောက်ငှက်သည် အသက်ကို ပေးခဲ့ဘူးသော ကျေးဇူးကို သိ,မသိ စုံစမ်းမည်ဟု ခြင်္သေ့အထက်ရှိသော သစ်ခက်၌နားလျက်—

"အို-ခြင်္သေ့မင်း....သင့်အား အကျွန်ုပ်ရှိခိုးပါ၏၊ အကျွန်ုပ်သည် စွမ်းအားရှိသမျှ အသင်တို့ကိစ္စကို ဆောင်ရွက်ခဲ့ဘူးပါ၏၊ အကျွန်ုသည် အနည်းငယ်မျှရှိသော အမဲသားကိုရလိုပါ၏"—

ဟု ခြင်္သေ့မင်းနှင့်စကားပြောဆိုကာ အမဲသားကိုတောင်းလေ၏၊ ထိုစကားကိုကြားလျှင် ခြင်္သေ့မင်းသည်—

"အို-သစ်တောက်လောက်ငှက်....သင်သည်ငါ၏သွားကြားရောက်ပါလျက် အသက်ရှည်စွာနေရခြင်းကား အသွေးအသားကိုစားသောက်ကာ အမြဲကြမ်းကြုတ်နေသော ငါခြင်္သေ့၏ပေးကမ်းပူဇော်ခြင်းပင်ဖြစ်၏"—

ဟု သစ်တောက်လောက်ငှက်အား အသက်ပေးသော ကျေးဇူးကို မထောက်ထားဘဲ အရိုးနုတ်ပေးစဉ်က မသတ်သည့်အတွက် သူ့ကိုပင် ကျေးဇူးဆပ်ရဦးမည့်အဟန်ဖြင့် ပြောဆိုလေ၏၊ ထိုခြင်္သေ့စကားကိုကြားလျှင် သစ်တောက်လောက်ငှက်သည်—

"အို-ခြင်္သေ့မင်း…. ပြုအပ်သော ကျေးဇူးကို မသိသောသူအား ပေါင်းဖေါ်မှီဝဲရခြင်းကား အကျိုးမရှိပေ၊ ပြုခဲ့ဘူးသောကျေးဇူးကိုမသိ၊ တို့ပြန်၍ မဆပ်သည့်ပြင် ကျေးဇူးရှင်ကိုပင် ပြစ်မှားလွန်ကျူးနေသူကို မငြူစူမဆဲရေးဘဲ ၎င်း၏ထံမှ ဖြည်းညှင်းသာယာစွာ ဖဲသွားရာ၏"—

ဟု ပြောဆိုပြီးလျှင် ကျေးဇူးကင်းသော ခြင်္သေ့မင်းထံမှ ဖဲသွားခလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါခြင်္သေ့သည်- ယခုအခါ ဒေဝဒတ်။

※ သစ်တောက်လောက်ငှက်သည်- ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကျေးဇူးမဲ့သား၊သူယုတ်အား၊ လားလားမပေါင်းရာ။
(၂) ကျေးဇူးရှင်ရင်း၊ ပြစ်မှားလျှင်း၊ ဖြည်းညှင်းဖဲခွါရာ။
(၃) အသက်ကယ်ငြား၊ သစ်တောက်အား၊ ပြစ်မှားကေသရာ။

သကုဏဇာတ်ဖြစ်၏။

## ၃၀၉—ဆဝဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**တရားရှိသေ စောင့်ရှောက်လေ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် နိမ့်သောနေရာ၌နေလျက် မြင့်သောနေရာ၌နေသော သူတို့အား တရားဟောကြကုန်၏။

ထိုအခါမြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍ မေးတော်မူရာ ဟုတ်မှန်ကြောင်းကို လျှောက်ထားကြသဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် "ရဟန်းတို့····တရားတော်၌ မရိုမသေပြုခြင်းသည်မသင့်၊ ရှေးပညာရှိတို့သည် နိမ့်သောနေရာ၌နေလျက် မြင့်သောနေရာ၌ နေသောသူအား ဗေဒင်သင်သောသူတို့ကို ကဲ့ရဲ့ဘူးကုန်ပြီ"ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**မယားတွက်တာ နိုးရှာ**

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် စဏ္ဍာလ မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ရာထောင်လျက် ဥစ္စာကိုဖြစ်စေ၏။

တနေ့သ၌ ထိုစဏ္ဍာလ၏မယားသည် သရက်သီးကို စားကိုသောချင်ခြင်းဖြစ်၍ လင်ယောကျ်ားအား "အရှင်··

အကျွန်ုပ်သည် သရက်သီးကိုစားလိုသော ချင်ခြင်းဖြစ်ပါသည်''ဟု ပြော၏၊ ''ရှင်မ····ယခုအခါ သရက်သီးမရှိ၊ အခြားအသီးကို ဆောင်ယူပေးမည်''ဟု ပြောလေ၏၊ ''အရှင်···· သရက်သီးကိုစားရမှ အသက်ရှင်မည်၊မစားရလျှင်သေမည်''ဟု ပြောလေ၏။

ထိုအခါ စဏ္ဍာလသည် မယား၌တပ်စွန်းသောစိတ်ရှိသဖြင့် ကြံစည်လတ်သော် မင်းကြီးဥယျာဉ်၌ သရက်ပင်တို့သည် မပြတ်သီးကုန်သည်ဟုသိ၍ ညဥ့်အခါ ဥယျာဉ်တော်သို့သွားကာ သရက်ပင်သို့တက်၍ အသီးတို့ကိုကြည့်ရှုရှာဖွေရင်းပင် မိုးလင်းခဲ့၏၊ ထိုအခါစဏ္ဍာလသည် ယခုအခါ ငါသရက်ပင်မှ ဆင်း၍သွားလတ်သော် ငါ့ကိုမြင်လျှင် သူခိုးဟုဖမ်းကြလိမ့်မည်၊ သို့အတွက် တနေ့လုံးနေ၍ညဥ့်အခါမှပင် ဆင်းသက်၍သွားမည်ဟု သစ်ခွကြားတွင်ပုန်းကွယ်၍နေ၏။

**သုံးယောက်စလုံး တရားသဉ်း**

ထိုအခါ ဗာရာဏသီမင်းသည် ပုရောဟိတ်ထံ ဗေဒင်သင်မည်ဟု ပုရောဟိတ်နှင့်တကွ ဥယျာဉ်တော်သို့ ဝင်ပြီးလျှင် သရက်ပင်ရင်း၀ယ် မြင့်သောနေရာ၌နေလျက် ဆရာကိုမူကား နိမ့်သောရာ၌နေစေကာ ဗေဒင်တို့ကိုသင်ကြားလေ၏၊ ပုန်းကွယ်နေသော စဏ္ဍာလမြင်လတ်သော် မင်းသည်မြင့်သောနေရာ၌နေလျက် ဗေဒင်တို့ကိုသင်ကြားဘိ၏၊ ဤမင်းသည် တရားမစောင့်၊ ပုရောဟိတ်လည်း နိမ့်သောနေရာ၌နေလျက် ဗေဒင်တို့ကို သင်ကြားပေးဘိ၏၊ ဤပုရောဟိတ်လည်း တရားမစောင့်၊ ငါလည်းမိန်းမ၏အလိုသို့လိုက်၍ ကိုယ်နှင့်အသက်ကိုမရေတွက်ဘဲ သရက်သီးတို့ကို ခိုးဘိ

၏၊ ငါလည်းတရားမစောင့်ဟု ကြံစည်ပြီးလျှင် တွဲလျားကျနေသော သရက်ကိုင်းဖျားမှ ဆင်းသက်ကာ မင်းပုဏ္ဏားနှစ်ပါးတို့အလယ်၌ရပ်ပြီးလျှင်“အရှင်မင်းကြီး….အကျွန်ုပ်ကား ပျက်စီး၏၊အရှင်မင်းကြီးကား တွေဝေ၏၊ပုရောဟိတ်ကား အလိုရမ္မက်ကြီး၏”ဟု ရဲတင်းစွာပြောဆိုလေ၏။

စဏ္ဍာလက
တရားပြ

မင်းကြီးသည် စဏ္ဍာလအား–“အမောင်…. အဘယ် အကြောင်းကြောင့် ဤသို့ ပြောဆိုသနည်း” ဟု မေးရာ-စဏ္ဍာလသည် မင်းကြီးအား–

“အရှင်မင်းကြီး….အကျွန်ုပ်တို့သုံးယောက်လုံး ပြုလုပ်အပ်သောအမှုကိစ္စကား ယုတ်မာသောအမှုကိစ္စချည်းသာဖြစ်၏၊အကျွန်ုပ်ကား မိန်းမအလိုသို့ လိုက်၍ သရက်သီးတို့ကိုခိုးဘိ၏၊ ပုရောဟိတ်လည်း နိမ့်သောနေရာ၌ နေလျက် ဗေဒင်တို့ကို သင်ကြားပေးဘိ၏၊ အရှင်မင်းကြီးလည်း မြင့်သောနေရာ၌ နေလျက် ဗေဒင်တို့ကိုသင်ယူဘိ၏၊ သုံးယောက်လုံးတို့သည် တရားကိုမမြင်ကြကုန်၊ တရားမှ ရွေ့လျောကြကုန်၏”–

ဟု-လျှောက်ထားလေ၏၊ ထိုစကားကို ပုရောဟိတ်ပုဏ္ဏားကြားလျှင်-စဏ္ဍာလအား–

“အမောင်….ငါကား မင်း၏ဥစ္စာဖြစ်၍ဖြူစင်သော သလေး သားပြွမ်းထမင်းကို စားရ၏၊ ထိုကြောင့် ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့ မှီဝဲအပ်သော တရားကို မမှီဝဲနိုင်ပါ”–

ဟု–ပြန်ကြားပြောဆိုလေ၏၊ထိုအခါ စဏ္ဍာလသည်–

"အို-ပုဏ္ဏားကြီး····လောကကြီးကားကျယ်ဝန်းလှ၏၊ အရပ်တပါးသို့ သွားပါလေ၊ မင်းမှတပါးသောသူတို့လည်း ထမင်းချက်ကြကုန်၏၊ သင်သည် မတရားသောအမှုကို မပြုငြ့်ကျင့်ပါလင့်၊ ကျောက်သည်အိုးကိုခွဲသကဲ့သို့ မတရားသောအမှုသည် သင့်ကိုမခွဲပါစေလင့်။

အို-ပုဏ္ဏားကြီး····အပါယ်သို့ ကျစေသဖြင့်၎င်း, မတရားမှုကို ပြုကျင့်သဖြင့်၎င်း, စည်းစိမ်ချမ်းသာဥစ္စာရခြင်းကို ရလာခဲ့အံ့၊ ထိုသို့ရလာသော စည်းစိမ်ချမ်းသာဥစ္စာရခြင်းကို ငါတို့ကဲ့ရဲ့ စက်ဆုပ်ပါကုန်၏"–

ဟု–ပုရောဟိတ်အား တရားဟောလေ၏။

**ပူဇော်သမှုသူကောင်းပြု**

ထိုအခါ မင်းကြီးသည် စဏ္ဍာလတရားကို ကြည်ညိုသဖြင့်"အမောင်····သင်ဘယ်အမျိုးနည်း"ဟုမေး၏၊"အရှင်မင်းကြီး····အကျွန်ုပ်ကား စဏ္ဍာလမျိုးဖြစ်ပါသည်"ဟုလျှောက်၏၊ "အမောင်····သင်သည် အကယ်၍ အမျိုးနှင့်ပြည့်စုံငြားအံ့ သင့်အားမင်းအဖြစ်ကိုပေးရာ၏၊ ဤနေ့မှစ၍ ငါသည် နေ့အခါမင်းပြုအံ့၊သင်သည် ညဉ့်အခါ မင်းပြုလော့"ဟုပြောဆိုကာ မိမိလည်ပင်း၌ ဆင်မြန်းအပ်သောပန်းဆိုင်းကို စဏ္ဍာလလည်ပင်း၌ဆင်မြန်းစေ၍ မြို့စောင့်ခန့်ထားတော်မူ၏။ ။[ဤ အနွယ်သည်ကား လည်ပင်း၌ နှိုသောပန်းဆိုင်းကိုဆင်မြန်းရသော မြို့စောင့်တို့အနွယ် ဖြစ်လာ၏။]

ထိုအခါမှစ၍ မင်းကြီးသည် စဏ္ဍာလ၏ အဆုံးအမ၌ တည်ပြီးလျှင် ဆရာကို အရှိအသေပြုကာ နိမ့်သောနေရာ၌ နေလျက် ဗေဒင်တို့ကိုသင်ကြားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မင်းသည်-ယခုအခါ အာနန္ဒာ။

※ စဏ္ဍာလသည်-ငါဘုရားဖြစ်လာပြီ—

ဟု—ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ သူတော တံထွာ၊ တတ်ပညာ၊ ကောင်းစွာရှိသေသည်။

၂။ မြင့်နေမင်းအား၊ နိမ့်ပုဏ္ဏား၊ သင်ကြားဗေဒင်မည်။

၃။ သရက်ခိုးငြား၊ ဒွန်းစဏ္ဍား၊ တရားပြခဲ့သည်။

ဆဝဇာတ်ပြီး၏။

---

## ၃၁၀-သေယျဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ပြင်းရှိငြီးငွေ့ မိန်းမတွေ့ — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်း တပါးသည် သာဝတ္ထိပြည်သို့ ဆွမ်းခံသွားသည်ရှိသော် အဆင်းလှ၍ တန်ဆာဆင်ထားသော မိန်းမတယောက်ကို မြင်သဖြင့် တပ်စွန်းသောစိတ်ရှိရကား သာသနာတော်၌ ငြီးငွေ့ပျင်းရိလေ၏။

ရဟန်းတို့သည် ထိုရဟန်းအကြောင်းကို မြတ်စွာဘုရား အား လျှောက်ထားကုန်၏ မြတ်စွာဘုရားလည်း ထိုရဟန်း ကိုခေါ်၍ မေးတော်မူလျှင် ဟုတ်မှန်ကြောင်းကို လျှောက် ထားရာ "ရဟန်း.... သင်သည် အဘယ်ကြောင့် ဝဋ်ဆင်းရဲ မှထွက်မြောက်ကြောင်းဖြစ်သော သာသနာတော်၌ရဟန်း ပြုပါလျက် ငြီးငွေ့ဘိသနည်း၊ ရှေးပညာရှိတို့သည် ပုရော ဟိတ်အရာကို စွန့်ကုန်လျက် ရဟန်းပြုကြကုန်သေး၏-ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော် မူသတည်း။

## အတိတ်ဝတ္ထု၊

**သားနှင့်ထပ်တူ ယူမွေးမြူ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ပုရော ဟိတ်ပုဏ္ဏား၏ ပုဏ္ဏေးမဝမ်း၌ဖြစ်၍ ဗြဟ္မဒတ်မင်း သား တော်နှင့် တနေ့တည်း မွေးဖွားလေ၏၊ မင်းကြီးသည် မိမိ သားတော်နှင့်တနေ့တည်း မွေးဖွားသည်ကို သိတော်မူလျှင် ပုရောဟိတ် ပုဏ္ဏား၏သားကို ယူစေပြီးလျှင် အထိန်းတို့ အားပေး၍ မင်းသားနှင့်အတူ မွေးမြူစေ၏၊ သူငယ်နှစ် ယောက်တို့အား အဆင်တန်ဆာ အစားအစာတို့သည် ညီတူညီမျှဖြစ်ကုန်၏။

သူငယ်တို့သည် အရွယ်သို့ရောက်ကုန်လတ်သော် အတူ တကွသာလျှင် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြား တတ်မြောက်ပြီးလျှင် မင်းသားသည် အိမ်ရှေ့မင်းအဖြစ်ကို ရသဖြင့် များစွာသော စည်းစိမ်အခြံအရံရှိ၏၊ ပုရောဟိတ်

သားလည်း အိမ်ရှေ့မင်းနှင့် အတူတကွသာ နေထိုင်စား သောက်ကာနေ၏၊ အချင်းချင်း အလွန်အကျွမ်းဝင်၏။

ဈာန်ကစားကာ ရသေ့မှာ

အိမ်ရှေ့မင်းသည် နောက်အခါ အဘ မင်းကြီးသေလွန်သဖြင့် မင်းအဖြစ်ကိုရ၍ ကြီးစွာသောစည်းစိမ်ကို ခံစားကာ နေ၏၊ ထိုအခါပုရောဟိတ်သားသည် ယခုအခါ ငါ၏အဆွေခင်ပွန်းမင်းသားသည် မင်းအဖြစ်ကိုရခဲ့ပြီ၊ ငါ့ကိုသတိရသည်နှင့်တပြိုင်နက် ငါ့အား ပုရောဟိတ်အရာကို ပေးလတံ့၊ ငါ့အား အိမ်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရသေ့ရဟန်းပြုကာ ဝိဝေကကိုပွားစေမည်ဟု ကြံစည်၍ မိဘတို့ထံခွင့်ပန်ကာ ကြီးစွာသောစည်းစိမ်ချမ်းသာကို စွန့်လွှတ်ပြီးလျှင် ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌နေလျက် အဘိညာဉ် သမာပတ်ကိုဖြစ်စေ၍ ဈာန်ကစားကာ နေလေ၏။

မင်းကြီးသည် ပုရောဟိတ်သားကို သတိရသောအခါ အမတ်တို့အား မေးမြန်းလေလျှင် အမတ်တို့လည်း ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်၌ နေကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါမင်းကြီးသည် သေယျမည်သောအမတ်ကိုခေါ်၍ "အို-အမတ်.... သွားချေ၊ ငါ၏အဆွေခင်ပွန်းဖြစ်သော ပုရောဟိတ်သားကိုခေါ်ခဲ့ရမည်, ပုရောဟိတ်ရာထူးကိုပေးမည်"ဟု မှာထားကာ စေလွှတ်လိုက်၏။

ရာထူးကိုမြစ် စွန့်ပယ်ပစ်

သေယျအမတ်လည်း မင်းကြီးစေခိုင်း ချက်အရ ပုရောဟိတ်သားကို ခေါ်ရန် ဗာရာဏသီပြည်မှထွက်သွားရာ ပစ္စန္တ

ရစ်ရှာတခုသို့ ရောက်လျှင် သစ်ခက်တပ်ချ၍ ဗိုလ်ပါတို့ကို ထားခဲ့ပြီးလျှင် လမ်းညွှန်မှူးဆိုးနှင့်တကွ ပုရောဟိတ်သား ရသေ့ထံသို့ သွားလေ၏၊ ရောက်၍ ကျောင်းတံခါးတွင် ရွှေဆင်းတုကဲ့သို့ထိုင်နေသော ရသေ့ကိုမြင်လျှင် ရှိခိုး၍ "အရှင်ဘုရား.... မင်းကြီးသည် ပုရောဟိတ်အရာကို ပေးလိုပါ၏၊ မင်းကြီးထံကြွတော်မူပါ"ဟု လျှောက်ထားလေ၏။

ထိုအခါရသေ့သည် သေယျအမတ်အား "အို-အမတ်ကြီး....ပုရောဟိတ်အရာကိုထားဘိဦး၊ဇမ္ဗူဒိပ်တကျွန်းလုံးမင်းအဖြစ်, စကြဝတေးမင်းအဖြစ်ကို ရသော်လည်း ငါမလိုက်လို၊ ပညာရှိတို့မည်သည် ထွေးပြီးသော တံတွေးကို ပြန်၍မမျိုသကဲ့သို့ စွန့်လွှတ်ပြီးသောကိလေသာကို ပြန်၍မယူကုန်"ဟု ပြောဆိုကာ ပုရောဟိတ်ရာထူးကို မြစ်ပယ်ပြီးလျှင်—

"အို-သေယျအမတ်....ကဲ့ရဲ့ဘွယ်ဖြစ်၍သမုဒ္ဒရာကိုရံပတ်ကာတည်သောစကြဝဠာတောင်နှင့် တကွ နားချောင်းသဘွယ်ဖြစ်သော၌မြေအလုံးကို အလိုမရှိ"ဟု သိပါလေ။

အပါယ်သို့ကျစေသဖြင့်၎င်း,အဓမ္မကိုပြုကျင့်သဖြင့်၎င်း ရရှိသောစည်းစိမ်ဥစ္စာ လာဘ်လာဘကို ငါတို့ကဲ့ရဲ့ပါကုန်၏။

အဓမ္မဖြင့်ရှာမှီး၍ ရသော စည်းစိမ်ဥစ္စာဖြင့် အသက် မွေးခြင်းထက် ရသေ့ ရဟန်းပြုလျက် သပိတ်ကိုပိုက်ကာ ဆွမ်းခံ၍ အသက်မွေးခြင်းသည် မွန်မြတ်လှ၏။

ရသေ့ ရဟန်းပြု၍ အသက်မွေးခြင်းမှာလည်း
လောက၌ သူတပါးကို မညှဉ်းဆဲဘဲ ကောင်းသော
အသက်မွေးခြင်းဖြစ်၍ မင်းအဖြစ်ထက် မွန်မြတ်
လှ၏"—

ဟု သေယျအမတ်အား အကျိုး အကြောင်း ပြသကာ ဆုံးမဟောကြားလေ၏၊ သေယျအမတ်လည်း အဖန်ဖန် တောင်းပန်၍မရလျှင် ရသေ့ကိုရှိခိုးခွင့်ပန်ကာ မြို့တော်သို့ ပြန်လာပြီးလျှင် ပင့်ခေါ်၍ မရကြောင်း မင်းကြီးအား လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်တော်မူပြီးလျှင် သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊အခြားများစွာသော ရဟန်းတို့လည်း သောတာပတ္တိဖိုလ် စသည်တို့၌ တည်ကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါမင်းသည်- ယခုအခါအာနန္ဒာ။

※ သေယျအမတ်သည်- သာရိပုတ္တရာ။

※ ပုရောဟိတ်သားရသေ့သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အပါယ်ကျစေ၊ အဓမ္မေ၊ ရှာဖွေရည်စွာ။
(၂) မတရားဖြင့်၊ သက်မွေးလင့်၊ မသင့်ယုတ်လှစွာ။
(၃) ရဟန်းပြုပြန်၊ ဆွမ်းပန်းခံ၊ မြတ်မွန်သက်မွေးရာ။
(၄) စကြာမန္တာတ်၊ ရဟန်းဇာတ်၊ မြတ်ထက်မြတ်လှပါ။

သေယျဇာတ်ပြီး၏။

---

## ၃၁၁-ပုစိမန္ဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ရှိရှာအပ်ရာ ရှောင်ကြဉ်ပါ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်မောဂ္ဂလာန်မထေရ်သည်ရာဇဂြိုဟ်ပြည်ကိုအမှီပြု၍တောကျောင်းတခု၌ သီတင်းသုံးတော်မူ၏။

ထိုအခါ သူခိုးတယောက်သည် မြို့တံခါးအနီးဖြစ်သော ရွာဝယ် အိမ်တအိမ်မှ ပစ္စည်းဥစ္စာတို့ကိုခိုးယူကာ ပြေးလာ၍ လုံခြုံစေရန် ရှင်မောဂ္ဂလာန်ကျောင်းဦးတွင် ဝင်ကာ အိပ်လေ၏၊ ရှင်မောဂ္ဂလာန်သိတော်မူလျှင် ရှိရှာအပ်သောသူခိုးနှင့် ရောနှော၍ နေခြင်းကား မသင့်ဟုကြံစည်ကာ ကျောင်းမှထွက်၍ မအိပ်ရန် သူခိုးကိုနှင်ထုတ်လေ၏၊ သူခိုးလည်း ခြေရာဖျောက်လျက် ပြေးလေ၏။

လူတို့လည်း မီးရှူးကိုကိုင်၍ သူခိုးပြေးရာသို့ အစဉ်အတိုင်းလိုက်လာရာ ကျောင်းသို့ရောက်၍ ဟိုဟိုသည်သည်ရှာ

ဖွေရာမတွေ့တော့သဖြင့်ပြန်ကြကုန်၏၊ ရှင်မောဂ္ဂလာန်သည် နက်ဖြန်နေ့ဝယ် ဆွမ်းခံပြီးလျှင် မြတ်စွာဘုရားထံသွားကာ ထိုအကြောင်းကို လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်အား "ချစ်သားမောဂ္ဂလာန်.... သင်သည်သာ ရွံရှာအပ်သောသူကို ရွံရှာသည် မဟုတ်၊ ရှေးအခါ ပညာရှိတို့လည်း ရွံရှာအပ်သောသူကို ရွံရှာဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**မကောင်းသူနှင့် မပေါင်းသင့်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်သုသာန်တောဝယ် တမာပင်စောင့်နတ်ဖြစ်လေ၏၊ မနီးမဝေးအရပ်တွင် ညောင်ဗုဒ္ဓေပင်စောင့်နတ်လည်းရှိလေ၏။

တနေ့သ၌ သူခိုးတယောက်သည် မြို့တံခါး အနီးဖြစ်သောရွာ၌ ပစ္စည်းဥစ္စာတို့ကိုခိုးယူကာ သုသာန်တောသို့ ဝင်လာပြီးလျှင် တမာပင်ရင်းတွင် ဥစ္စာထုပ်ကိုထားလျက် အိပ်လေ၏၊ ထိုအခါတမာပင်စောင့်နတ်သည် ရွံရှာအပ်သောသူခိုးလာ၍ အိပ်သည်ကိုသိလျှင် ဤသူခိုးကို ဥစ္စာရှင်တို့လိုက်လာ၍ ဖမ်းယူကာ တမာကိုင်းကိုဖြတ်၍ တံကျင်ပြုလျက် တံကျင်လျှိုကြကုန်သည်ရှိသော်ငါ၏တမာပင်ပျက်စီးလတံ့ဟု ကြံစည်ကာ-သူခိုးအား—

"ဟယ်- သူခိုး... ထလော့၊သင်အဘယ်ကြောင့် အိပ်သနည်း၊ သင်အား အိပ်နေသဖြင့် အဘယ်

အကျိုးရှိအံ့နည်း၊ ဥစ္စာတို့ကို ခိုးလာသောသင့်ကို မင်းချင်းယောကျ်ားတို့ဖမ်းဆည်း ကြလိမ့်မည်မင်းချင်းယောကျ်ားတို့ မဖမ်းဆီးမီ ပြေးလေ့''—

ဟု ခြိမ်းချောက်ကာ တမာပင်ရင်းမှပြေးစေ၏၊ သူခိုးပြေးသည်ရှိသော် ညောင်ဗုဒ္ဓဟောပင်စောင့်နတ်သည် တမာပင်စောင့်နတ်အား—

"အဆွေ- တမာပင်စောင့်နတ်.... ရွာထဲမှ ပစ္စည်းဥစ္စာတို့ကို ခိုးယူလာသော သူခိုးကို မင်းချင်းယောကျ်ားတို့ ဖမ်းဆည်းသည်ရှိသော် တောထဲ၌ တည်နေသော သင်တမာပင်စောင့်နတ်အား အသို့ဖြစ်မည်နည်း''—

ဟု ပြောဆိုလေ၏၊ တမာပင်စောင့်နတ်သည် ညောင်ဗုဒ္ဓဟောပင်စောင့်နတ်၏စကားကိုကြားလျှင်- တဖန်ညောင်ဗုဒ္ဓဟောပင်စောင့်နတ်အား—

"အဆွေ-ညောင်ဗုဒ္ဓဟောပင်စောင့်နတ်.... သင်သည် အကျွန်ုပ်နှင့်သူခိုးတပေါင်းတည်းနေရ သောအကြောင်းကိုမသိလေ၊ ရွာထဲမှ ပစ္စည်းဥစ္စာတို့ကို ခိုးယူလာသောသူခိုးကို မင်းချင်း ယောကျ်ားတို့လာ၍ ဖမ်းကာ တမာသားတံကျင်၌ လျှိုကြလိမ့်မည်ဟု အကျွန်ုပ်ရွံ့ရှာ၏''—

ဟု ပြောဆိုပြန်၏၊ ထိုရုက္ခစိုးနတ်နှစ်ဦးတို့ အချင်းချင်း ပြောဆိုနေကြကုန်စဉ်လျှင် ဥစ္စာရှင်တို့သည် မီးရှူးကိုကိုင်ကာအစဉ်အတိုင်းလာကြရာသုသာန်တောသို့ရောက်၍သူခိုးတို့အိပ်ရာကိုမြင်လျှင် "အချင်းတို့....ယခုပင် သူခိုးတို့ထ၍ ပြေးကြပြီ၊မမိလိုက်ကုန်၊အကယ်၍မိလျှင်တမာသားတံကျင်

ဌလျှိကာ တမာခက်၌ ဆွဲပြီးလျှင် သွားကြကုန်အံ့”ဟု တိုင်ပင်ပြောဆိုကာ ဟိုဟိုသည်သည် ရှာဖွေ၍ မတွေ့လျှင် ပြန်ကြကုန်၏။

ထိုအခါ လူတို့စကားကို ကြားလျှင် ညောင်ပုဒ္ဓဟေပင် စောင့်နတ်သည် တဖန် တမာပင်စောင့်နတ်အား–

“အဆွေ-တမာပင်စောင့်နတ်…ပညာရှိတို့ကား ရှံ့ရှာအပ်သည်ကို ရှံ့ရှာကုန်ရာ၏၊ လာလတံ့သော ဘေးကို စောင့်ရှောက်ကုန်ရာ၏၊ လာလတံ့သော ဘေးဖြင့် နှစ်ပါးသောလောကကို ကြည့်ရှုဆင်ခြင်ကုန်ရာ၏”–

ဟု ခြိမ်းကျူးပြောဆိုလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါ ညောင်ပုဒ္ဓဟေပင်စောင့်နတ်သည်-ယခုအခါ အာနန္ဒာ။

※ တမာပင်စောင့်နတ်သည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ရှံ့ရှာအပ်ရာ၊ အရာရာ၊ ရှံ့ရှာပညာရှင်။
(၂) လာလတံ့ဘေး၊ ရှုမြော်တွေး၊ စောင့်ရေးပညာရှင်။
(၃) ဘေးဖြင့်မြော်လစ်၊ လောကနှစ်၊ တွေးစစ်ပညာရှင်။

ပုစိမန္ဒဇာတ်ပြီး၏။

# ၃၁၂- ကဿပမန္ဒိယဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ကာမဆိုတာ ရွံ့စရာ**

နတ်လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိ ပြည်ဝယ် အမျိုးသား တယောက်သည် ကာမဂုဏ် အပြစ်ကိုမြင်ကာ ရဟန်းပြု၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သည်ရှိသော် မကြာမြင့်မီလျှင် ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

နောက်အဘို့၌ ထိုရဟန်း၏မိခင် သေလွန် လတ်သော် အဘအိုနှင့်ညီငယ်တို့ကို ရဟန်းပြုစေ၍ ဇေတဝန်ကျောင်းတော်၌နေစေလျက် ဝါဆိုခါနီးသောအခါ သင်္ကန်းပစ္စည်း ရလွယ်သော ရွာကျောင်းတခုသို့ သွားပြီးလျှင် ဝါကပ်ကြကုန်၏။

ဝါကျွတ်လတ်သော် ဇေတဝန် ကျောင်းတော်သို့ ပြန်လာကြရာ အနီးသို့ရောက်လျှင် သားရဟန်းငယ်သည် ညီသာမဏေအား- "သာမဏေ… အဘရဟန်းအိုကို မပင်ပန်းရအောင် တဖြည်းဖြည်း ခေါ်ခဲ့ပါ၊ ငါသွားနှင့်၍ ကျောင်းကို သုတ်သင်မည်"ဟု ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။

**သားနှင့်အဘ ရန်ဖြစ်ကြ**

ထိုအခါအဘ သက်ကြီးရဟန်းအိုသည် ဖြည်းဖြည်း သက်သာ သွား၏၊ သား သာမဏေငယ်သည် အဖန်ဖန်ဦးခေါင်း

ကိုနှိပ်ဘိသကဲ့သို့ "အရှင်ဘုရား..သွားပါ၊ အရှင်ဘုရား....သွားပါ"ဟုနှိုင်တက်မူ၍ခေါ်ဆောင်၏၊သက်ကြီးအိုရဟန်းသည်"သင်သည်ငါ့ကို သင့်အလိုအတိုင်း ခေါ်ဆောင်ဘိ၏၊ ငါ့အလိုအတိုင်းမသွားရ"ဟု ပြောဆိုကာ နောက်သို့တဖန်ပြန်၍ အစမှစကာ သွားလေ၏၊ ထိုသားအဘနှစ်ယောက်တို့အချင်းချင်းခိုက်ရန်ပြုကုန်စဉ်လျှင် နေဝင်၍ မှောင်မိုက်လေ၏။

ရဟန်းငယ်သည် ကျောင်းသို့ရောက်၍ တံမြက်လှည်းခြင်း, ရေခပ်ခြင်းစသည်တို့ကို ပြုလုပ်ပြီးလျှင် သက်ကြီးအိုသားအဘမရောက်လာသေးသဖြင့် မီးရှူးကိုကိုင်ကာ ခရီးဦးကြိုဆိုလတ်သော် မြင်၍၊ ကြာမြင့်ခြင်း အကြောင်းကိုမေးလျှင် အဘရဟန်းအိုသည် မိမိတို့အချင်းချင်း ခိုက်ရန်ဖြစ်သောအကြောင်းကိုပြောကြားလေ၏။

ကျောင်းသို့ရောက်လျှင် ရဟန်းငယ်သည် သားအဘနှစ်ယောက်တို့ကို အပန်းဖြေစေ၍ ညဥ့်မိုးချုပ်သဖြင့် မြတ်စွာဘုရားထံသို့ မဆည်းကပ်သေးဘဲ နှစ်ရက်မြောက်နေ့၌ ဆည်းကပ်လေ၏၊ မြတ်စွာဘုရားသည် ရဟန်းငယ်အား မေးမြန်းတော်မူရာ အဘရဟန်းအိုနှင့် သာမဏေငယ်တို့အကြောင်းကို လျှောက်ထားပြန်လျှင် မြတ်စွာဘုရားက"ချစ်သားရဟန်း....ဤရဟန်းအိုသည် ယခုအခါ၌သာဤသို့သောအမှုကို ပြုသည်မဟုတ်၊ရှေးအခါ၌လည်းပြုဘူးပြီ၊ယခုအခါ၌သင့်ကိုပင်ပန်းစေ၏၊ရှေးအခါ၌ကားပညာရှိတို့ကို ပင်ပန်းစေဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**အမိသေလေ တောအုပ်နေ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော်ဘုရားအလောင်းသည် ကာသိက နိဂုံးဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အမိသည် သေဆုံးလေ၏၊ ထိုအခါအိမ်၌ရှိသော ဥစ္စာတို့ကို အလှူပေး၍အဘအိုနှင့်ညီငယ်တို့ကိုယူဆောင်ကာဟိမဝန္တာ အရပ်တွင် နတ်တို့ပေးသော ပျော်တေသက်န်းဖြင့် ရသေ့ ရဟန်းပြုကြပြီးလျှင် သစ်သီးကြီးငယ်တို့ဖြင့် မွေ့လျော်ဘွယ် ရှိသောတောအုပ်၌နေကြကုန်၏။

ထိုရသေ့တို့သည် ဟိမဝန္တာအရပ်ဝယ် မိုးလအခါ၌ မိုး မပြတ်ရွာသည်ရှိသော် သစ်သီးကြီးငယ် သစ်ဥ သစ်မြစ်တို့ ရခဲသဖြင့် ဟိမဝန္တာမှထွက်ခွါကြလျက် လူတို့၏နေရာ၌နေ ကြရကုန်၏၊ တဖန်မိုးလလွန်၍ သစ်သီးကြီးငယ် သစ်မြစ် သစ်ဥတို့ရလွယ်ပြန်သောအခါ ဟိမဝန္တာသို့ပြန်ကြကုန်၏။ ကျောင်းအနီးသို့ ရောက်၍ နေဝင်လတ်သော် အစ်ကို ရသေ့သည် အဘရသေ့အိုနှင့် ညီရသေ့ငယ်တို့ကို သင်တို့ တဖြည်းဖြည်းလာကြကုန်အကျွန်ုပ်ရှေ့မှသွားနှင့်၍ကျောင်း ကိုသုတ်သင်မည်ဟုမှာထားကာသွားလေ၏။

**ဦးခေါင်းနှိပ်ကာ ခေါ်ဆောင်ရာ**

အဘရသေ့အိုသည် တဖြည်းဖြည်းသွား ၏၊ ထိုအခါ ညီငယ်ရသေ့သည် အဘ ရသေ့အိုကို နှစ်ကြိမ်,သုံးကြိမ် ဦးခေါင်း ဖြင့်နှိပ်ဘိသကဲ့သို့သွားပါ,သွားပါဟုဆိုလျက် အတင်းခေါ် ၍သွား၏၊ရသေ့အိုသည် “သင်သည် ငါ့ကို သင့်အလိုဖြင့်

အတင်းခေါ်ဆောင်ဘိ၏၊ငါ့အလိုဖြင့်ငါသွားမည်''ဟုဆို၍ နောက်သို့တဖန်ပြန်လည်ကာ အစမှစ၍သွားလေ၏၊ ဤသို့လျှင် အဘရသေ့အိုနှင့် ညီငယ် ရသေ့နှစ်ဦးတို့ ခိုက်ရန်ဖြစ်ကုန်စဉ်လျှင် ညဉ့်သည်မိုက်၍လာလေ၏။

ထိုအခါ အစ်ကိုရသေ့သည် ကျောင်းကို သုတ်သင်၍ ရေခပ်ပြီးလျှင် ရသေ့အိုသားအဘလာခဲလှသည်ဟုမီးရှူးကို ကိုင်၍ ခရီးဦး ကြိုဆိုရာ မြင်လျှင်ဤမျှလောက် အဘယ်ကြောင့် ကြာမြင့်ကြသနည်းဟု မေးသောအခါ ညီငယ်ရသေ့သည် အစ်ကိုရသေ့အား အဘရသေ့အိုပြုသော အကြောင်းကို လျှောက်ထားလေ၏၊အစ်ကိုရသေ့သည် သားအဘနှစ်ယောက်တို့ကို ဖြည်းညှင်းသာယာစွာ ယူဆောင်သဖြင့်ကျောင်းသို့ရောက်ကြကုန်၏။

**မြေအိုးနှင့်တူ ငယ်ရွယ်သူ**

ရောက်လျှင် ပရိက္ခရာတို့ကိုသိမ်းကာအပန်းဖြေပြီးလျှင် အဘရသေ့အိုကို ဝတ်ကြီးဝတ်ငယ်ပြုစုလျက်အနီး၌နေ၍—

''အို-ကဿပ····စင်စစ် ပညာနုံ့သောကြောင့် ငယ်သူတို့သည် ဆဲလည်းဆဲတတ်ကုန်၏၊ သတ်ပုတ်လည်း သတ်ပုတ်တတ်ကုန်၏၊ ပညာရှိမည်သည်ကား ထိုပြုလုပ်သမျှအလုံးစုံကိုလည်းခံရ၏—

ပညာရှိ သူတော်ကောင်းတို့ မည်သည်ကား အကယ်၍ ငြင်းခုံခိုက်ရန်ဖြစ်ကြစေကာမူ နောက်တဖန်လျှင်စွာ မိတ်ဆွေဖြစ်ပြန်ကုန်၏၊ သူငယ်တို့မည်သည်ကား မြေအိုးမြေခွက်တို့ကဲ့သို့ ကွဲပြားတတ်ကုန်၏၊ပြေငြိမ်းခြင်းသို့မရောက်နိုင်ကုန်''။—

လွန်ကျူးသောအပြစ်ကို သိသောသူ, အပြစ် ဖြေကြားခြင်းကို သိသောသူတို့သည် နောက်တဖန် စေ့စပ်နိုင်ကုန်၏၊ ထိုသူတို့ချစ်ခြင်းကား မဆွေး မြေ့နိုင်။

အပြစ်လွန်ကျူးသော သူတပါးတို့အား စေ့ စပ်ရန် သင့်၏ဟု ကြိုးစားအားထုတ်၏၊ ထိုသူသည် ဆိုအပ်ခဲ့ပြီးသော သူတို့ထက် လွန်မြတ်သော မိတ် ဆွေဟူသောတာဝန်ကို ရွက်ဆောင်သူဖြစ်၏''—

ဟု အကျိုးအကြောင်းကိုပြကာ အဘရသေ့အိုအား အဆုံးအမပေး၏၊ အဘရသေ့အိုလည်း ထိုအခါမှစ၍ ယဉ်ကျေးသိမ်မွေ့လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါအဘရသေ့သည်-ယခုအခါရပါန်းအို။
※ ညီငယ်ရသေ့သည်-သာမဏေငယ်။
※ အဆုံးအမပေးသောအစ်ကိုရသေ့သည်-ငါဘုရား ဖြစ်လာပြီ---

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ဆဲရေးကြပြန်၊ပုတ်ခတ်ပြန်၊သည်းခံပညာရှိ။
(၂) ရန်ခိုက်ဖြစ်ပြန်၊နောက်တဖန်၊လျှင်မြန်ဆက်စပ် မိ

(၃) ငယ်သူမိုက်သူ၊မြေခွက်တူ၊ကွဲမှုမစပ်မိ။
(၄) မြေနည်းသိလျှင်း၊ပြစ်သိလျှင်း၊ချစ်ခြင်းမဆွေးဘိ။
(၅) ပြစ်ပြုသူမျိုး၊စပ်ရန်ကြိုး၊မြတ်ရိုးဝန်ဆောင်ဘိ။

ကဿပမန္တိယဇာတ်ပြီး၏။

## ၃၁၃—ခန္တိဝါဒီဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ရဟန်းဖြစ်လျက် အမျက်ထွက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် အမျက်ထွက်တတ်၏၊ ထိုရဟန်းကို မြတ်စွာဘုရားသိတော်မူလျှင် ချစ်သားရဟန်း····သင်သည် အမျက်မထွက်အပ်သော ငါဘုရား သာသနာတော်၌ ရဟန်းပြုပါလျက် အဘယ်ကြောင့် အမျက်ထွက်ဘိသနည်း၊ ရှေးပညာရှိတို့သည် မိမိကိုရိုက်ပုတ်ညှဉ်းဆဲသော်ငင်း, လက်, ခြေ,နား, နှာခေါင်းတို့ကို ဖြတ်သော်ငင်း သူတပါးတို့အား အမျက်မထွက်ကုန်ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**သရောယူမည် သူကြီးစည်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ကလာဗုမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုး၌ဖြစ်၍အမည်အားဖြင့် ကုဏ္ဍလလုလင်ဟု ခေါ်ဝေါ်ကြကုန်၏၊ ထိုကုဏ္ဍလ

လုလင်သည် အရှယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြားပြီးလျှင် ဥစ္စာစုကို ဖြစ်စေ၍ အမိအဘတို့သေလွန်သောအခါ ကြွင်းကျန်ရစ်သောဥစ္စာစုကို မြင်လတ်သော် ငါ့ဆွေမျိုးတို့သည် ဤဥစ္စာစုကိုမယူဘဲ သွားကြကုန်၏၊ ငါမူကား ယူ၍သွားမည်ဟု ကြံစည်ကာ ဥစ္စာစုကိုလှူဒါန်းစွန့်ကြဲပြီးလျှင်ဟိမဝန္တာသို့ဝင်၍ရသေ့ရဟန်းပြုလျက် သစ်သီးကြီးငယ်တို့ဖြင့် မျှတကာ ကြာမြင့်စွာနေ၏။

**ကျောင်းဆောက်လှူပြီး စစ်သူကြီး**

တနေ့သ၌ ချဉ်ဆားမှီဝဲအံ့သောငှါ သွားလေရာ ဗာရာဏသီ ပြည်သို့ ရောက်၍ မင်း၏ဥယျာဉ်၌ နေ၏၊ နက်ဖြန်မြို့တွင်းသို့ ဆွမ်းခံဝင် လတ်သော် စစ်သူကြီးအိမ်တံခါးသို့ရောက်၏၊စစ်သူကြီးလည်း ရသေ့၏ ဣရိယာပုထ်၌ ကြည်ညိုသဖြင့် အိမ်သို့ပင့်ဆောင်ကာ မိမိအဘို့စီရင်ထားသော ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းပြီးလျှင် ရသေ့အားသီတင်းသုံးရန် ဝန်ခံစေ၍ ဥယျာဉ်တော်၌ကျောင်းဆောက်ကာ ကိုးကွယ်လေ၏။

ထိုအခါ မင်းကြီးသည် သူရာယစ်မူးလျက် ကခြေသည်မတို့ဖြင့် ခြံရံ၍များစွာသောစည်းစိမ်ဖြင့် ဥယျာဉ်တော်သို့ သွားပြီးလျှင် မင်္ဂလာကျောက်ဖျာတွင် နေရာခင်းစေ၍ ချစ်လှစွာသောမိန်းမ၏ရင်ခွင်၌ ကျိန်းစက်လေ၏၊ ကခြေသည်မတို့သည် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းကို ပြုကြကုန်၏၊ သိကြားနတ်မင်း၏ စည်းစိမ်ကဲ့သို့ ကြီးစွာသော စည်းစိမ်သည်ဖြစ်လေ၏၊ မင်းကြီးလည်း အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

**မိန်းမအတွက်**
**အမျက်ထွက်**

ကခြေသည်မတို့ မင်းကြီး အိပ်ပျော်နေမှန်း သိကြလျှင် ဥယျာဉ်တော်၌ လှည့်လည် ကြည့်ရှုကြရာ တင့်တယ်လှပသော အရွက်နု အပွင့် အသီး တို့သည် ဖြားယောင်း သွေးဆောင်အပ်သည်ဖြစ်၍ အလွန်ပျော်မွေ့ကြကုန်၏၊ ထိုအခါ ရသေ့သည် တပင်လုံးပွင့်သောအင်ကြင်းပင်ရင်း၌ ရဟန်းချမ်းသာကိုခံစားလျက် အမုန်ယစ်သောဆင်ကဲ့သို့ နေတော်မူ၏၊ ကခြေသည်မတို့မြင်လျှင် မင်းကြီးနိုးသည်တိုင်အောင် တရားနာမည်ဟု ကြံစည်ကုန်လျက် ရသေ့ထံကပ်၍တရားဟောရန်လျှောက်ထားကြကုန်၏၊ ရသေ့လည်းတရားဟောလေ၏။

ထိုအခါ မင်းကြီးအနီး၌နေရစ်သောမိန်းမတို့နှိုးသဖြင့် မင်းကြီးနိုး၍ ကခြေသည်မတို့ကို မေးတော်မူရာ ရသေ့တပါးထံ ခြံရံနေကြကြောင်းကို လျှောက်ထား ကုန်၏၊ မင်းကြီးသည် အမျက်ထွက်သဖြင့် သန်လျက်ကို ကိုင်ကာ ရသေ့စဥ်းလဲကိုသတ်မည်ဟု သွားလေ၏၊ ကခြေသည်မတို့ မြင်လျှင် အလွန်အကျွမ်းဝင်သော မိန်းမတို့သည် မင်းကြီးထံသွားကာ သန်လျက်ကိုယူ၍အမျက်ဒေါသကို ငြိမ်းစေကုန်၏။

**ဝါဒကိုမေး**
**မင်းစစ်ဆေး**

မင်းကြီးသည် ရသေ့ထံသို့ ရောက်လျှင် "ရဟန်း..သင်အဘယ်ဝါဒရှိသနည်း" ဟုမေး၏၊ "မြတ်သော မင်းကြီး...ခန္တိဝါဒရှိပါ၏"ဟုပြောရာ "ခန္တိမည်သည် အဘယ်နည်း" ဟု မေးပြန်၏၊ "ဆဲရေးကုန်သော သူတို့၌ရင်း, ပုတ်ခတ်ကုန်

သောသူတို့၌ရင်း,အမျက်မထွက်ခြင်းသည် ခန္တိဝါဒမည်၏”
ဟုပြောလေလျှင်သင်အားခန္တိဝါဒရှိသည်,မရှိသည်ကိုသိရ
မည်ဟုဆိုပြီးကာ မင်းကြီးသည်သူသတ်ကိုခေါ်၍“အချင်း-
သူသတ်…. ဤသူခိုးရသေ့ပျက်ကို ဆွဲငင်ကာမြေ၌လှည်း၍
အဆူးတပ်သောကြိမ်တို့ဖြင့် နံပါးလေးဘက်လုံး အချက်
ပေါင်းနှစ်ထောင်ရိုက်လော့”ဟု အမိန့်ပေးလေ၏၊သူသတ်
လည်းရိုက်လေ၏၊ ရသေ့၌ အရေအသားတို့သည် စုတ်ပြတ်
ကာ သွေးတို့ဖြာဖြာစီးလေ၏။

**ခန္တိဝါဒ ပျက်မရ**

မင်းကြီးသည် တဖန်“ရဟန်း….သင်
အဘယ်ဝါဒရှိသနည်း” ဟု မေးပြန်ရာ
“မြတ်သော မင်းကြီး‥ခန္တိဝါဒရှိပါ၏၊
သင်မင်းကြီးတို့သည် ငါ၏ခန္တိဝါဒ အရေကြား၌ရှိ၏ဟု
မှတ်ထင်ကြ၏၊ခန္တိဝါဒကိုမမြင်နိုင်၊ ငါ၏ခန္တိဝါဒကားစိတ်
အတွင်း၌သာရှိ၏”ဟု ပြောဆိုလေ၏၊ တဖန်မင်းကြီးသည်
လက်နှစ်ဘက်တို့ကို ဖြတ်စေပြန်၏၊ထိုနောက်ခြေတို့ကို ဖြတ်
စေပြန်၏၊ဖြတ်အပ်သော လက်စွန်း,ခြေစွန်းတို့မှ သွေးတို့
သည်ချိပ်ရည်ကဲ့သို့ ယိုစီးကုန်၏။

တဖန်“အဘယ်ဝါဒရှိသနည်း”ဟုမေးပြန်၏၊ခန္တိဝါဒရှိ
၏ဟုဖြေပြန်၏၊ တဖန်နှာခေါင်းတို့ကိုဖြတ်စေပြန်၏၊တကိုယ်
လုံးသွေးတို့သည် ယိုစီးကုန်၏၊ တဖန်အဘယ်ဝါဒရှိသနည်း
ဟု မေးပြန်၏၊ ခန္တိဝါဒရှိ၏ဟု ဖြေပြန်၏၊ထိုအခါ မင်းကြီး
သည် “ဟယ်-ရသေ့စဉ်းလဲ…သင့်ခန္တိဝါဒကို သင်သည်ပင်
ရှက်၍နေတော့”ဟု ဆိုကာ ရသေ့၏ရင်ပတ်၌ ခြေဖြင့်
ကျောက်ကန်ကာ သွားလေ၏။



P.344 ကလာဗုံမင်းသည် ကခြေသည်မများတရားနာယူသည်ကိုမနာလို၍ ခန္တီဝါဒီရသေ့အားဆူးရှိသောကြိမ်ဖြင့်ရိုက်နှက်စေပုံ

မေတ္တာပွားကာ သည်းခံရှာ

မင်းသွား လတ်သော် စစ်သူကြီးသည် ရသေ့၏ ကိုယ်မှ သွေးတို့ကို သုတ်သင်၍ လက်, ခြေ, နား, နှာခေါင်း အစွန်း အပြတ်တို့ကို အိတ်ထောင့်ဖြင့် ထည့်ပြီးလျှင် ဖြည်းညှင်း သက်သာစွာထိုင်စေ၍ ရိုသေစွာရှိခိုးပြီးသော်–

"အို-ကြီးမြတ်သောလုံ့လရှိသော ရှင်ရသေ့.. မင်းကြီးသည် အရှင်ရသေ့၏ လက်, ခြေ, နား, နှာခေါင်းတို့ကို ဖြတ်ပါ၏၊ ထိုဖြတ်သော မင်းကြီး အားသာ အမျက်ထွက်တော်မူပါ၊ ဤတိုင်းနိုင်ငံ ကြီးကို မပျက်စီးစေပါလင့်"–

ဟုလျှောက်ထားတောင်းပန်လေ၏၊ စစ်သူကြီးစကားကို ကြားလျှင် ရသေ့သည်–

"အို-စစ်သူကြီး.... မင်းကြီးသည် ငါ၏ လက်, ခြေ,နား, နှာခေါင်းတို့ကို ဖြတ်ဘိ၏၊ ထိုဖြတ်သော မင်းကြီးသည် ကြာမြင့်စွာ အသက် ရှည်ပါစေ၊ ငါကဲ့သို့သောပညာရှိတို့သည် အမျက်ထွက်လေ့မရှိ ပါကုန်"–

ဟု မိမိမေတ္တာပွားကာ သည်းခံနိုင်ကြောင်းကို မိန့် တော်မူ၏။

ကလာဗုမင်း မြေမျိုခြင်း

မင်းကြီးသည် ဥယျာဉ်တော်မှ ထွက်၍ ရသေ့မြတ်မြင်ကောင်းသော အရပ်ဥ ပစာကို လွန်လျှင်ပင် နှစ်သိန်း လေး သောင်းအထုရှိသော မဟာပထဝီမြေကြီးသည် ကော်ဖြင့် ကပ်တွယ်၍ထားအပ်သော အဝတ်ပုဆိုးကဲ့သို့ အက်ကွဲ

လေ၏၊ အဝီစိငရဲမှထွက်သော ငရဲမီးလျှံသည် ကမ္ဗလာနီဖြင့် ရစ်ပတ်ခြုံရုံသကဲ့သို့ မင်းကြီးကိုရစ်ပတ်ခြုံရုံကာ ယူဆောင်သွားလေ၏၊ ထိုကလာဗုမင်းကြီးသည် ဥယျာဉ်တံခါး၌ပင် မြေမျို၍ အဝီစိငရဲကြီးသို့ကျလေ၏။

ရသေ့မြတ်လည်း ထိုဥယျာဉ်၌ပင်လျှင်သေလွန်၍ မင်းပရိသတ်နှင့်တကွ တိုင်းသူပြည်သားတို့သည် ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်ကုန်လျက် အလောင်းတော်ကိုသဂြိုဟ်ကြကုန်၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသောအခါ—

"ရဟန်းတို့····ရှေးအခါ သည်းခံခြင်းရှိသော ရသေ့ဖြစ်ဘူးပြီ၊ သည်းခံခြင်းအယူဝါဒတည်မြဲသော ထိုရသေ့ကိုကလာဗုမင်းသည် လက်,ခြေ,နား,နှာတို့ကိုဖြတ်ပြီ၊ကြမ်းကြုတ်သောမကောင်းမှုကိုပြုသော ထိုကလာဗုမင်းသည် ကြမ်းကြုတ်သောအကျိုးကိုရခဲ့ပြီ၊ အဝီစိငရဲသို့ကျ၍ ဆင်းရဲကိုခံစားရပြီ"—

ဟု ဟောကြားတော်မူ၏။

ဒေသနာတော်ကို ဆောင်တော်မူပြီး၍ သစ္စာကိုပြသည်၏အဆုံး၌ အမျက်ထွက်သောရဟန်းသည် အနာဂါမိဖိုလ်၌တည်လေ၏၊ အခြားများစွာသောရဟန်းတို့လည်း သောတာပတ္တိဖိုလ်စသည်တို့၌တည်ကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….
※ ထိုအခါကလာဗုမင်းသည်- ယခုအခါဒေဝဒတ်။
※ စစ်သူကြီးသည်- သာရိပုတ္တရာ။
※ ခန္တိဝါဒီရသေ့သည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သူတော်ပကတိ၊ မျက်မရှိ၊ မြဲ၏ခန္တီမှာ။
(၂) ဆဲရေးပုတ်ခတ်၊ ပြုကုန်တတ်၊ မြဲလတ်ခန္တီမှာ။
(၃) လက်,ခြေ,နှာ,နား၊ ဖြတ်သူအား၊ မျှင်္ဂြားချစ်မေတ္တာ။
(၄) ကလာဗုံမှတ်၊ ရသေ့သတ်၊ မြေဟပ်ဝီစိမှာ။

ခန္တိဝါဒီဇာတ်ပြီး၏။

---

# ၃၁၄-လောဟကုမ္ဘီဇာတ်

**ပဉ္စမဖြန့်ဝဏ္ဏ**

**သူဌေးသားတွေ ကာမ,ငွေ့**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလ မင်းကြီးသည် ညဉ့်အခါ၌ ငရဲသားလေးယောက်တို့၏ အသံကို ကြားသတတ်၊ တယောက်ကား"ဒု"အက္ခရာကို၊တယောက်ကား"သ"အက္ခရာကို၊ တယောက်ကား"န"အက္ခရာကို၊ တယောက်ကား''သော''အက္ခရာကိုဆို၏။

ထိုငရဲသားတို့သည် ရှေးအခါ သာဝတ္ထိပြည်ဝယ် သူဌေးသား လေးယောက်တို့ဖြစ်ကုန်၍ သူတပါးတို့ ထိန်းသိမ်းစောင့်ရှောက်အပ်သောမိန်းမတို့၌ ပြစ်မှားလွန်ကျူးသော

ကာမေသုမိစ္ဆာစာရမကောင်းမှုကံကြောင့် သေလွန်သော အခါ လောဟကုမ္ဘီငရဲအိုး၌ အနှစ်ခြောက်သောင်းတို့ပတ် လုံး ကျရောက်ကုန်လျက် အထက်သို့တက်၍ ငရဲအိုးမျက် နှာဝကိုမြင်လျှင် ကျယ်လောင်စွာသောအသံဖြင့် ဟစ်အော် ကြွေးကြော်ကြကုန်၏၊ မင်းကြီးလည်း ငရဲသားတို့အသံကို ကြားလျှင် သေဘေးမှကြောက်လန့်သဖြင့်မအိပ်ပဲ့တော့ဘဲ ထိုင်လျက်သာ မိုးလင်းလေ၏။

နံနက်အခါ ပုဏ္ဏားတို့သည် မင်းကြီးထံလာ၍"ချမ်း သာစွာအိပ်ရပါ၏လော"ဟု မေးလျှောက်ကုန်၏၊မင်းကြီး သည် "ငါ့မှာ အဘယ်မှာချမ်းသာစွာအိပ်ရပါမည်နည်း၊ လွန်ခဲ့သောညဥ့်အဘို့၌ ကြောက်မက်ဘွယ်သော အသံကြီး လေးခွန်းကိုကြားရသည်"ဟု ပြောကြားလေလျှင် ပုဏ္ဏား တို့သည် လက်ဖျားခါကြကုန်၏။

**အသံကိုကုစား ပုဏ္ဏားများ**

ထိုအခါမင်းကြီးသည် ပုဏ္ဏားတို့အား "ဆရာတို့····ကုစား၍ရကောင်းသော အသံတို့လော၊ သို့မဟုတ် မရကောင်း သောအသံတို့လော"ဟု မေး၏၊ "အရှင်မင်းကြီး···· စင် စစ် ကုစား၍မရကောင်းသော အသံတို့ဖြစ်သည်၊ သို့သော် လည်း အကျွန်ုပ်တို့သည်ဗေဒင်ကျမ်းတို့ကိုကောင်းစွာတတ် မြောက်ကုန်၏"ဟု လျှောက်လေ၏၊ "ဆရာတို့···· ဘယ် လိုကုစားကြမည်နည်း"ဟုမေးလေ၏၊ "အရှင်မင်းကြီး···· ကုစားနည်းအမျိုးမျိုးရှိရာ"သဗ္ဗစတုက္က"ယဇ်ပူဇော်ရသော နည်းဖြင့် ကုစားပါမည်၊ သို့အတွက် ဆင်လေးကောင်, မြင်းလေးကောင်, နွားလေးကောင်, လူလေးယောက်, နှံ

စုတ်၄က်လေးကောင် စသည်ဖြင့် လေးကောင်စီ, လေးကောင်စီဖြစ်သောသတ္တဝါတို့ အသား,အသွေးကိုယူ၍ ယဇ်ပူဇော်ကာ လွတ်ငြိမ်း ချမ်းသာအောင် ပြုလုပ်မည်''ဟု လျှောက်လေ၏၊ ''ဆရာတို့····ကောင်းပြီ၊ရအောင်ရှာပေးမည် ယဇ်ပူဇော်ကြကုန်လော့ လိုရာကို တောင်းကြကုန်လော့''ဟု အမိန့်ပေးလေ၏။

**ပုဏ္ဏားဝမ်းမြောက်**
**မင်းကြီးကြောက်**

ပုဏ္ဏားတို့လည်း မင်းကြီးထံမှခွင့်ရလျှင် ယဇ်တွင်းတူးခြင်း, ယဇ်တိုင်စိုက်ခြင်း, လေး ကောင်, လေး ကောင် သော သတ္တဝါတို့ကိုယူဆောင်ကာယဇ်တိုင်၌ခြည်ခြင်းစသောအစီအရင်တို့ကို ပြုလုပ်ကြကုန်၏၊ မင်းကြီးကြောက်ရွံ့သဖြင့် စိတ်ညစ်သလောက် ပုဏ္ဏားတို့မှာ အမဲသား ငါးတို့ကိုစားရမည်,ပစ္စည်းဥစ္စာရမည်ဖြစ်သဖြင့် ဝမ်းမြောက်ကြကုန်၏၊ ဘယ်ပစ္စည်းကိုလိုသည်,ဘယ်ဝတ္ထုကိုလိုသည်ဟုမင်းကြီးထံ အခေါက်ခေါက်သွားကြကုန်၏။

မလ္လိကာမိဖုရားကြီးသည် ပုဏ္ဏားတို့ ပြုံးရယ်ကြလျက် မင်းကြီးထံ အခေါက်ခေါက်လာကြသည်ကိုမြင်လျှင် မင်းကြီးထံကပ်၍မေးလျှောက်ရာ ''မိဖုရား····ဤအမှုဖြင့် သင့်မှာ ဘယ်အကျိုးရှိသနည်း သင်တို့မည်မျှ ငါဆင်းရဲနေသည်ကိုမသိ စည်းစိမ်ယစ်၍သာ နေသည်''ဟု ပြောလေ၏၊ ''မြတ်သောမင်းကြီး···မင်းကြီးနှင့်အကျွန်ုပ်မှာဆင်းရဲချမ်းသာ အတူအမျှဖြစ်ပါသည်ပြောပါ''ဟုအဖန်ဖန်လျှောက်လေလျှင် ဖြစ်ပျက်သမျှအကြောင်းစုံကို ပြောကြားလေ၏။

**ကြောက်ခြင်းပျောက်အောင် အတိတ်ဆောင်**

ထိုအခါ မိဖုရားကြီးသည် မင်းကြီးအား လောကသုံးပါးတွင် အမြတ်ဆုံးပုဏ္ဏားဖြစ်သောမြတ်စွာဘုရားထံ လျှောက်ထားရမည်ဟု ခေါ်ဆောင်ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏၊ မြတ်စွာဘုရားသည် မင်းကြီးအားမေးတော်မူ၍ အကြောင်းစုံလျှောက်ထားလေလျှင် "မြတ်သောမင်းကြီး.... ဤအသံကြီးတို့ကို ကြားရခြင်းကြောင့် တစုံတခုသော ဘေးအန္တရာယ်မဖြစ်နိုင်၊ ဤအသံကြီးတို့ကား ဆင်းရဲကိုခံရသော ငရဲသူသတ္တဝါတို့ဟစ်ကြွေးသော အသံကြီးများဖြစ်သည်၊ သင်မင်းကြီးသာ ဤအသံကြီးတို့ကိုကြားသည်မဟုတ်၊ ရှေးအခါ မင်းတို့လည်း ကြားဘူးကုန်ပြီ၊ သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်မည့်ဆဲဆဲတွင် ပညာရှိတို့သည် အသံအကြောင်းကို ပြောကြားကာ သတ္တဝါတို့ကိုလွှတ်စေ၍ ချမ်းသာခြင်းကို ပြုဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ပုဏ္ဏားဥဘက်ချော် ယဇ်ပူဇော်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မထင်ရှားသော ကာသိကရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကာမဂုဏ်တို့၏ အပြစ်ကိုမြင်၍ စွန့်လွှတ်ကာ ရသေ့ရဟန်းပြုလျက် ဟိမဝန္တာအရပ်ဝယ် မွေ့လျော်ဘွယ်ရှိသော တောအုပ်၌နေ၍ အဘိညာဉ် သမာပတ်ကိုဖြစ်စေလျက် ဈာန်ကစားကာနေ၏။

ထိုအခါ ဗာရာဏသီမင်းသည် ညဉ့်အခါ ငရဲသား လေးယောက်တို့ဟစ်အော်သော "ဒု- သ- န-သော"ဟူသော အသံကြီးလေးခွန်းကြား၍ ကြောက်လန့် ရကား ပုဏ္ဏားတို့ကိုမေးရာ သုံးပါးသောအန္တရာယ်တို့တွင် တပါးပါးသော အန္တရာယ် ဖြစ်လိမ့်မည်ဟု ဟောသဖြင့် ထိုအန္တရာယ်တို့ ပပျောက်ရန် "သဗ္ဗစတုက္က" ယဇ်ပူဇော်ခြင်းဖြင့် ပူဇော်မည်ဟု ယစ်တွင်းတူးခြင်း,ယစ်တိုင်စိုက်ခြင်း စသည်တို့ကို စီရင်ကာလေးကောင်, လေးကောင်သော သတ္တဝါတို့ကို ဆောင်ယူပြီးလျှင် ယဇ်တိုင်တွင် ခြည်ကာ အသင့်စီမံ၍ ထားကြကုန်၏။

**မေတ္တာရှေ့ထား ရသေ့သွား**

ဟိမဝန္တာအရပ်၌နေသော ရသေ့သည် မေတ္တာဘာဝနာကိုရှေ့ထား၍ ဒိဗ္ဗစက္ခုအသိဉာဏ်ဖြင့် လောကကို ကြည့်ရှုလတ်သော် ယစ်ပူဇော်ရန် စီရင်နေကြသည်ကို မြင်လျှင် ငါသွားခြင်းငှါသင့်၏၊ ငါသွားလျှင် များစွာသောသတ္တဝါတို့ ချမ်းသာရလိမ့်မည်ဟု ကြံစည်ကာ ကောင်းကင်ခရီးဖြင့်သွား၍ ဗာရာဏသီပြည် ဉယျာဉ်တော် အတွင်း မင်္ဂလာကျောက်ဖျာထက်၌ရွှေဆင်းတုကဲ့သို့နေ၏။

ထိုအခါ ပုရောဟိတ်၏ တပည့်ကြီးဖြစ်သော ပုဏ္ဏားသည်ဆရာပုရောဟိတ်သို့ကပ်၍"ဆရာ....အကျွန်ုပ်တို့ဗေဒင်ကျမ်းတို့၌ သူ့အသက်ကိုသတ်၍ ချမ်းသာကိုပြုလုပ်ခြင်းမည်သည် မရှိသည်မဟုတ်ပါလော" ဟု မေးလျှောက်ရာ "တပည့်....သင်ကား မင်း၏ဥစ္စာကို စောင့်၏၊ များစွာသော ငါး အမဲတို့ကိုစားရလတ့်၊ ဥစ္စာကိုလည်း လရတ့်၊

ဆိတ်ဆိတ်သာနေလော့''ဟု တားမြစ်၏၊ တပည့်လည်း ဤယဇ်ပူဇော်သောအမှု၌ အဖေါ်မပြုလိုဟု ကြံစည်ကာ ဥယျာဉ်တော်သို့သွားလတ်သော် ရသေ့ကိုမြင်လျှင် ဆည်းကပ်ကာ ရှိခိုးလျက်ပဋိသန္ထာရစကားပြောကြားကာနေ၏။

ရသေ့လည်း တပည့်လုလင်အား ''လုလင်....မင်းကြီးသည် တရားသဖြင့် မင်းပြုပါ၏လော''ဟု မေး၏၊ ''အရှင်ဘုရား....တရားသဖြင့် မင်းပြုပါ၏၊ သို့ရာတွင် ညဉ့်အခါ ဟစ်အော်သော အသံကြီးလေးခွန်းကိုကြား၍ ကြောက်လန့်ရကား ပုဏ္ဏားတို့ကိုမေးရာ''သဗ္ဗစတုက္က''ယဇ်ပူဇော်ကာ ချမ်းသာအောင်ပြုလုပ်မည်ဆို၍ မင်းကြီးသည် မိမိကိုယ်ကို ချမ်းသာရန် များစွာသော သတ္တဝါတို့ကို ယဇ်တိုင်သို့ဆောင်ယူ၍ထားပါကုန်၏၊ အရှင်ဘုရားတို့သည်ထိုအသံကြီးလေးခွန်းတို့၏ ဖြစ်ရာအကြောင်းကို မြင်တော်မူလျှင် မင်းကြီးအား ပြောကြားဆုံးမ၍ သတ္တဝါတို့ကို သေဘေးမှလွတ်အောင် ပြုရန်သင့်သည်မဟုတ်ပါလော'' ဟု လျှောက်ထားလေ၏၊ ''လုလင်....မင်းသည် ငါ့ကိုမသိ၊ ငါလည်း မင်းကိုမသိ၊ ဤအသံကြီးလေးခွန်း ဖြစ်ခြင်း အကြောင်းကိုကားငါသိ၏၊အကယ်၍ မင်းကြီးလာ၍မေးလျှင် ယုံမှားမရှိရအောင် ဖြေကြားဆုံးမမည်'' ဟု ပြော၏၊ ''အရှင်ဘုရား....ကောင်းပြီ၊ မင်းကြီးကို ခေါ်လာသည်တိုင်အောင်ခဏမျှဆိုင်းငံ့တော်မူပါ'' ဟု လျှောက်ထားလေ၏။

လုလင်လည်း ရသေ့ကိုတောင်းပန်ပြီးလျှင် မင်းကြီးထံသွားကာ အကြောင်းစုံလျှောက်ကြား၍ မင်းကြီးကိုခေါ်

ဆောင်လျှက် ရသေ့ထံသို့သွားလေ၏၊ ရောက်လျှင် မင်းကြီးသည် "အရှင်ဘုရား.... အကျွန်ုပ်ကြားရသောအသံကြီး လေးခွန်းတို့၏ဖြစ်ရာအကြောင်းကို သိကုန်၏ဟူသည်မှန်ပါသလော" ဟုလျှောက်ထားလေ၏၊"မြတ်သောမင်းကြီး....မှန်ပါ၏"ဟုပြော၏၊ "အရှင်ဘုရား.... အမိန့်ရှိတော်မူပါ"ဟုတောင်းပန်လေ၏။

**မေထုန်မှားပြုကာမေသု**

ထိုအခါ ရသေ့သည် "မြတ်သောမင်းကြီး....မင်းကြီးကြားရသောအသံကြီးလေးခွန်းတို့မှာ ငရဲသားတို့ဟစ်အော်သောအသံကြီးများဖြစ်သည် ထိုငရဲသားတို့သည် ရှေးဘဝ၌ သူတပါးတို့စောင့်ရှောက် ထိန်းသိမ်းအပ်သော မိန်းမတို့၌ပြစ်မှားကျူးလွန်ခြင်း ကာမေသုမိစ္ဆာစာရအကုသိုလ်ကံကြောင့် သေလွန်သောအခါ ဗာရာဏသီပြည်အနီးလေးလုံးသောလောဟကုမ္ဘီငရဲအိုးကြီးတို့၌ ဖြစ်ကြကုန်၏၊ ကျိုက်ကျိုက်ဆူသော ဆားငံရေဖြင့် အမြှုပ်ထကာကျက်လျက် အနှစ်ခြောက်သောင်းတို့ပတ်လုံး အောက်သို့ဆင်းသွားပြီးလျှင် အနှစ်ခြောက်သောင်းတို့ ပတ်လုံးပင်အထက်သို့တက်ကာ ငရဲအိုး၏မျက်နှာကို မြင်ကြသောအခါ တယောက်တဂါထာစီ လေးဂါထာအပြည့်အစုံ ဆိုလိုကြလျက် မဆိုနိုင်ကြဘဲ အစတလုံးစီဖြစ်သော"ဒု-သ-နသော"ဟူသော အက္ခရာလေးလုံးကိုသာ ဆိုနိုင်ကြ၍တဖန်နစ်မြုပ်ကြပြန်၏။

**ဒု,သ,န,သော,ဝေဘန်ပြော**

ထိုလေးလုံးသောအက္ခရာတို့တွင် "ဒု" အက္ခရာအစ၌ပါသော ဂါထာ၏ အဓိပ္ပါယ်ကားအောက်ပါအတိုင်းဖြစ်၏။

"အချင်းတို့…. ငါတို့ကား ယုတ်မာသောအသက်မွေးခြင်းဖြင့် အသက်မွေးမိခဲ့ကြကုန်ပြီ၊ စည်းစိမ်ဥစ္စာတို့ ရှိပါကုန်လျက် မလှူမဒါန်းမိခဲ့ကြကုန်၊ မိမိတို့မှီခိုအားထားရာကို မပြုမိခဲ့ကြကုန်"။

"သ"အက္ခရာအစ၌ပါသောဂါထာ၏ အဓိပ္ပါယ်ကား အောက်ပါအတိုင်းဖြစ်၏။

"အချင်းတို့….ငရဲ၌ ခံရကုန်သော ငါတို့အား အလုံးစုံအခြင်းအရာဖြင့် အနှစ်ခြောက်သောင်းတို့ ပြည့်ခဲ့ပြီ၊ ဘယ်အခါ ငရဲ၏အဆုံးသည် ဖြစ်ပါအံ့နည်း"။

"န" အက္ခရာအစ၌ပါသောဂါထာ၏အဓိပ္ပါယ်ကား အောက်ပါအတိုင်းဖြစ်၏။

"အချင်းတို့….ငါသည်၎င်း, သင်တို့သည်၎င်း ရှေးအခါ၌ များစွာသော မကောင်းမှုတို့ကိုပြုအပ်ကုန်ပြီ၊ ငရဲ၏အဆုံးသည်မရှိ အဆုံးသည်မထင်၊ အဘယ်မှာအဆုံးရှိမည်နည်း"။

"သော" အက္ခရာအစ၌ပါသော ဂါထာ၏အဓိပ္ပါယ်ကား အောက်ပါအတိုင်းဖြစ်၏။

"အချင်းတို့….ငါသည် ဤငရဲမှ လွတ်မြောက်ကာ လူအဖြစ်ကိုရရှိပြန်လျှင် သူတော်ကောင်းတို့ အဆုံးအမ၌တည်၍ အကျင့်သီလနှင့် ပြည့်စုံလျက် စင်စစ်များစွာသော ကုသိုလ်ကောင်းမှုကို ပြုလုပ်တော့မည်"။

ဤသို့ရသေ့သည် မင်းကြီးအား ငရဲသားလေးယောက်တို့ဟစ်အော်သောအက္ခရာလေးလုံးကို ခွဲခြားကာ အပြည့်အစုံ လေးဂါထာတို့ဖြင့် ဝေဘန်၍ ဟောကြားတော်မူပြီးလျှင်- "အရှင်မင်းကြီး....ငရဲသား လေးယောက် တို့မှာ အကုသိုလ်ကံအလျောက် ငရဲ၌ခံကြရကုန်၏၊ ထိုသူတို့အသံကို ကြားခြင်းကြောင့် သင်မင်းကြီး တို့အား တစုံတရာ အန္တရာယ်မဖြစ်နိုင်၊မကြောက်ပါလင့်"ဟု မိန့်ဆိုကာအသံကြီးလေးခွန်းဖြစ်ခြင်း၏ အကြောင်းရင်းကို ဖြေကြားဆုံးမတော်မူသည်။

ထိုအခါ မင်းကြီးသည် များစွာသော သတ္တဝါတို့ကို လွှတ်စေလျက် တမြို့လုံးစည်လည်စေ၍ ယဇ်တွင်း ယဇ်တိုင်တို့ကို ဖျက်စေ၏၊ ရသေ့လည်းများစွာသော သတ္တဝါတို့အား အသက်ကိုပေး၍ ချမ်းသာခြင်းကိုပြုပြီးလျှင် ဥယျာဉ်တော်၌ပင် နှစ်ရက်,သုံးရက်နေ၍ ဟိမဝန္တာအရပ်သို့သွားကာ မယုတ်လျော့သောဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုရောဟိတ်တပည့်ကြီးသည်- ယခုအခါ သာရိပုတ္တရာ။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူဌေးသားများ၊ မေထုန်မှား၊ ကျငြားငရဲမှာ။
(၂) ပေါလာခဏ၊ ဟစ်အော်ကြ၊ ''ဒု-သ-န-သော''သာ။
(၃) မင်းကြီးကြားသော်၊ ယဇ်ပူဇော်၊ မလျော်ပြုမိရှာ။
(၄) ရသေ့သူမြတ်၊ ဆုံးမလတ်၊ ဘေးလွတ်သတ္တဝါ။

လောဟကုမ္ဘိဇာတ်ပြီး၏။

# ၃၁၅- သဗ္ဗမံသလာဘဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

အမဲအရသာ
သာရိပုတ္တရာရှာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အချို့သော ရဟန်းတို့သည် ဝမ်းကျဆေးကို သောက်လေ့ရှိကုန်၏၊ ထို ရဟန်းတို့အား အမဲအရသာဆွမ်းဖြင့် အလိုရှိကုန်၏။

သူနာပြုရဟန်းတို့သည် ဆွမ်းခံဝတ်ဖြင့် အမဲအရသာ ဆွမ်းကိုမရကြကုန်၊ ထိုအခါ ရှင်သာရိပုတ္တရာကို လျှောက် ထားကြရာ ရှင်သာရိပုတ္တရာသည် ထိုရဟန်းတို့ကို ခေါ်၍ ဆွမ်းခံသည်ရှိသော် အမဲအရသာဆွမ်းကို သပိတ်ပြည့် အောင်ရကြကုန်၏၊ သူနာရဟန်းတို့ကို လှူဒါန်းကြကုန်၏၊ သူနာရဟန်းတို့လည်း အမဲအရသာဆွမ်းကို ဘုဉ်းပေးရ သဖြင့် ကျန်းမာကုန်၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ရှင်သာရိ ပုတ္တရာကိုအမှီပြု၍ အမဲအရသာ ဆွမ်း ရကြောင်းကို စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်

မူ၍ သိတော်မူလျှင်“ရဟန်းတို့….သာရိပုတ္တရာသည် ယခု အခါ၌သာ အမဲကိုရသည်မဟုတ်၊ ရှေးအခါ၌လည်းရဘူး ပြီ”ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင် တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**တောင်းနည်းဖြာ ဖြာ-နည်းယူရာ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် သူဌေး သားဖြစ်လေ၏၊ တနေ့သ၌ မုဆိုးတယောက်သည် များစွာ သောအမဲသားတို့ကိုရလျှင် လှည်းယာဉ်၌ပြည့်စေ၍ ရောင်း မည်ဟု မြို့သို့လာလေ၏။

ထိုအခါ ဗာရာဏသီပြည်၌ နေသော သူဌေးသား လေးယောက်တို့သည် မြို့မှထွက်၍ တခုသော ခရီးလမ်း အနီး၌ စုရုံးကာ မိမိတို့မြင်ဘူးတွေ့ဘူးရာကို ပြောဆိုလျက် နေကုန်၏၊ ထိုသူဌေးသား လေးယောက်တို့တွင် သူဌေး သားတယောက်သည် အမဲသား အပြည့် တင်လာသော လှည်းယာဉ်ကို မြင်လျှင်— ငါအမဲသားရအောင် သွား၍ မုဆိုးထံတောင်းမည်ဟုပြောဆိုကာ မုဆိုးထံကပ်၍“ဟယ် မုဆိုး..ငါ့အား အမဲသားပေးလော့”ဟု-ဆို၍ တောင်း လေ၏၊ထိုအခါ မုဆိုးသည်—

“အဆွေ…. သင်ကား တောင်းသူ ဖြစ်လျက် သင်၏စကားသည် ကြမ်းတန်းလှ၏၊ သင်၏စကား သည် အမြွေးနှင့်တူ၏၊ သို့အတွက် သင့်အားအမြွေး ကိုပေးမည်”—

ဟုဆို၍အသားအသွေးမရှိသော အမြွေးကိုပေးလေ၏။

ထိုနောက်သူဌေးသားတယောက်သည်အမဲသားတောင်းသော သူဌေးသားကို“သင်ဘယ်လိုဆို၍တောင်းသနည်း” ဟု မေး၏၊ “ဟယ်”ဆို၍ တောင်းသည်ဟု ပြန်၍ပြော၏၊ ထိုသူဌေးသားလည်း “ငါတောင်းဦးမည်” ဟုပြောဆိုကာ မုဆိုးထံကပ်၍ “အစ်ကိုကြီး··ငါ့အား အမဲသား ပေးပါ” ဟုဆို၍တောင်းပြန်၏၊ မုဆိုးလည်း—

“အဆွေ···လောက၌ လူတို့သည် ကိုယ်အင်္ဂါကိုအစွဲပြု၍ အစ်ကိုဟု ခေါ်ဝေါ်ကြ၏၊ သင်၏စကားသည် ကိုယ်နှင့်တူ၏၊ သို့အတွက် သင့်အားကိုယ်သားကိုပေးမည်”—

ဟုဆို၍ ကိုယ်သားကိုပေးလေ၏၊ နောက်သူဌေးသားတယောက်သည် အမဲသား တောင်းသော သူဌေးသားကို “သင်ဘယ်လိုဆို၍တောင်းသနည်း”ဟု မေး၏၊အစ်ကိုဆို၍တောင်းသည်ဟု ပြန်၍ပြောပြန်၏၊ ထိုသူဌေးသားလည်း “ငါတောင်းဦးမည်” ဟု ပြောဆိုကာ မုဆိုးထံ ကပ်၍ “အဘ··ငါ့အားအမဲသားပေးပါ”ဟုဆို၍ တောင်းပြန်၏၊ မုဆိုးလည်း-

“အဆွေ·· အဘဟူသော စကားကို ဆိုသောသားသည် အဘ၏ နှလုံးကိုတုန်လှုပ်စေ၏၊ သင်၏စကားသည် နှလုံးသားနှင့်တူ၏၊ သို့အတွက် သင့်အား နှလုံးသားကိုပေးမည်”—

ဟု ဆို၍ နှလုံးသားကို ပေးလေ၏၊ နောက်သူဌေးသားတယောက်သည်အမဲသားတောင်းသောသူဌေးသားကို“သင်ဘယ်လိုဆို၍တောင်းသနည်း”ဟု မေး၏၊အဘဆို၍တောင်းသည်”ဟုပြန်၍ပြော၏၊ ထိုသူဌေးသားလည်း“ငါတောင်း

ဦးမည်''ဟု ပြောဆိုကာ မုဆိုးထံကပ်၍''အဆွေခင်ပွန်း---ငါ့အား အမဲသားပေးပါ''ဟုဆို၍ တောင်းပြန်၏၊ မုဆိုးလည်း—

''အဆွေ····ရွာပင်ဖြစ်သော်လည်း အဆွေခင်ပွန်းမရှိသောရွာကား တောနှင့်တူ၏၊သင်၏စကားသည် ကိုယ်အလုံးစုံနှင့်တူ၏၊ ထို့အတွက် သင့်အား အမဲသားအလုံးစုံကိုပေးမည်''—

ဟုဆို၍ လှည်းယာဉ်၌ရှိသော အမဲသားအလုံးစုံကိုပေးလေ၏၊ သူဌေးသားလည်း မုဆိုးအား လှည်းယာဉ်ကို အိမ်သို့မောင်းစေ၍ မုဆိုးအား ပေးကမ်း ပူဇော်လေ၏၊ မုဆိုး၏သားမယားကိုလည်း ခေါ်စေ၍ မုဆိုးအလုပ်ကို ပယ်စွန့်စေပြီးလျှင်မိမိ၏ဥစ္စာအလယ်၌ နေစေလျက်စည်းစိမ်ခံစားကာ မုဆိုးနှင့် အဆွေခင်ပွန်းမပျက်ဘဲ အသက်ထက်ဆုံး သင့်တင့်ညီညွတ်စွာနေလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါမုဆိုးသည်-ယခုအခါသာရိပုတ္တရာ။

※ အလုံးစုံအမဲသားရသော သူဌေးသားသည်- ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူဌေးသားများ၊မူဆိုးအား၊အသားတောင်းကြရာ။
(၂) ဟယ်-ဆိုသူ့အား၊အမြေးထား၊ကိုယ်သားအစ်ကိုမှာ။
(၃) အဘနှလုံး၊ဆွေလှည်းလုံး၊ရထုံးရှုကြပါ။
သဗ္ဗမိသလာဘဇာတ်ပြီး၏။

## ၃၁၆-သသဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ဝမ်းမြောက်ဝမ်းသာ လှူဒါန်းရာ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ သူကြွယ်တယောက်သည် အလုံးစုံသော ပရိက္ခရာအလှူကို စီရင်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာငါးရာတို့ကို ခုနစ်ရက်ပတ်လုံး ပင့်ဘိတ်လျက် မွန်မြတ်သော အရသာရှိသော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ကပ်လှူ၍ ခုနစ်ရက်မြောက်သောနေ့ဝယ် ဘုရားအမှူးရှိသော သံဃာငါးရာတို့အား အလုံးစုံသောပရိက္ခရာတို့ကိုလှူဒါန်းလေ၏။

မြတ်စွာဘုရားလည်း အနုမောဒနာ ပြုတော်မူသည်ရှိသော် "သီတင်းသည်….နှစ်သက် ဝမ်းမြောက်လော့ လှူဒါန်းခြင်းမည်သည်ကား ရှေးပညာတို့ အနွယ် အဆက်တည်း၊ ရှေးပညာရှိတို့သည် ရောက်လာကုန်သော အလှူခံတို့အား အသက်ကိုစွန့်ကာ မိမိအသားကိုလှူဘူးကုန်ပြီ" ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဖျံ့,မျောက်,မြေခွေး ယုန်ကလေး**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ယုန်မျိုး၌ဖြစ်၍ တောတခုတွင်နေ၏၊ ထိုတောကား တဘက်မှတောင်,တဘက်မှမြစ်,တဘက်မှပစ္စန္တရစ်ရွာရှိ၏။

ယုန်မင်းအား မျောက်, မြေခွေးဖျံ့ ဤသုံးဦးသော အဆွေခင်ပွန်းတို့သည် ရှိကုန်၏၊ ထိုပညာရှိလေးဦးတို့သည် အတူတကွ နေကြကုန်လျက် မိမိတို့ကျက်စားရာ အရပ်၌ အစာကို ရှာဖွေကြပြီးလျှင် ညချမ်းသောအခါ၌အတူတကွ စည်းဝေးကြကုန်၏၊ ယုန်ပညာရှိသည် အဆွေခင်ပွန်းတို့အားအလှူကိုပေးလှူရမည်၊ သီလကို ဆောက်တည်ရမည်၊ ဥပုသ်ကို စောင့်သုံးရမည်ဟု တရားဟောပြော ဆုံးမ၏၊ ကြွင်းသော အဆွေခင်ပွန်း သုံးဦးတို့သည် ယုန်ပညာရှိ အဆုံးအမကိုခံယူကုန်လျက် မိမိတို့နေရာဂူ၌နေကြကုန်၏။

**ယုန်မင်းဆုံးမနာခံကြ**

တနေ့သ၌ ယုန်ပညာရှိသည် စည်းဝေးကြသောအခါ လ-ကိုမြင်လျှင် နက်ဖြန်ဥပုသ်နေ့မှန်းသိ၍ သုံးဦးသောအဆွေခင်ပွန်းတို့ကို ''အဆွေတို့.... နက်ဖြန်ဥပုသ်နေ့ဖြစ်သည်ဥပုသ်စောင့်ကြကုန်လော့၊ ဥပုသ်သီလ၌တည်၍ ပေးလှူအပ်သောအလှူသည် အကျိုးကြီး၏၊ သို့အတွက် ရောက်လာသောအလှူခံတို့အား မိမိတို့စားအပ်သော အစာ အာဟာရမှတတ်အားသမျှလှူဒါန်းကြကုန်''ဟုဆုံးမလေ၏။

**ငါးကြင်းခုနစ်ကောင် ဖျံယူဆောင်**

အဆွေခင်ပွန်းသုံးဦးတို့လည်း ကောင်းပြီဟုဝန်ခံ၍ မိမိတို့နေရာသို့ သွားပြီးလျှင် နက်ဖြန် မိုးလင်းသောအခါ ဖျံသည် နံနက်စောစောအစာရှာရန် ဂင်္ဂါနားသို့ သွား၏၊ ထိုအခါ ရွာသားတယောက်သည် ငါးကြင်းခုနစ်ကောင်ကို နွယ်ဖြင့်သီလျက် ဂင်္ဂါကမ်းနား၌ သဲကိုယက်၍ ဖုံးပြီးလျှင် ငါးဖမ်းရန် ဂင်္ဂါမြစ်သို့သွား၏၊ ဖျံသည်ငါးနံ့ရသဖြင့် သဲကိုယက်သောအခါ ငါးကြင်းခုနစ်ကောင်ကိုမြင်၍ ဖေါ်ထုတ်ကာ အရှင်ရှိသလော- မရှိဘူးလော-ဟု သုံးကြိမ်အော်ဟစ်၍ အရှင်ကိုမမြင်လျှင် နွယ်ကိုကိုက်ချီ၍ မိမိနေရာခြုံ၌ထားပြီးလျှင် အချိန်တန်မှစားမည်ဟု မိမိသီလကိုဆင်ခြင်လျက်ဝပ်၏။

**ဖွတ်, အမဲ, နို့, မြေခွေးဘို့**

မြေခွေးလည်း နေရာအရပ်မှ ထွက်၍ အစာရှာလတ်သော် လယ်စောင့် တယောက်၏ ကုဋိ၌အမဲတံစို့နှစ်ခု, ဖွတ်ကင်တခု, နို့ထမ်းအိုးတလုံးကိုမြင်လျှင် အရှင်ရှိသလော- မရှိသလော-ဟု သုံးကြိမ်ဟစ်အော်၍ အရှင်ကိုမမြင်လျှင် နို့ထမ်းအိုး၌ခြည်ထားသော ကြိုးကွင်းကို လည်ပင်းဖြင့် စွပ်၍ အမဲ,တံစို့,ဖွတ်ကင်တို့ကိုကိုက်ချီယူဆောင်၍ မိမိနေရာခြုံ၌ထားပြီးလျှင် အချိန်တန်မှစားမည်ဟု သီလကိုဆင်ခြင်လျက်ဝပ်၏။

**သရက်သီးခိုင် မျောက်ကပိုင်**

မျောက်လည်း နေရာမှထွက်၍ အစာရှာရန် တောအုပ်သို့ ဝင်လတ်သော် သရက်သီးခိုင်တို့ကိုမြင်လျှင် ဆွတ်ယူ၍

မိမိနေရာခြံ၌ထားပြီးလျှင် အချိန်တန်မှစားမည်ဟု သီလကို ဆင်ခြင်လျက်ဝပ်၏။

**ကိုယ့်အသားသာ ယှဉ်ထွက်တာ**

ယုန်မင်းကား အချိန်တန်မှသာ နေရာမှ ထွက်ပြီးစားမည်ဟု သီလကို ဆင်ခြင်လျက် နေရာခြံ၌ဝပ်၍ငါ့ထံသို့လာသော အလှူခံတို့ကား မြက်တို့ကိုစားနိုင်ကြမည်မဟုတ်ကုန်၊နှမ်း, ဆန် စသည်တို့လည်း ငါ့အားမရှိကုန်၊ အကယ်၍ ငါ့ထံ သို့အလှူခံလာခဲ့ပါမူ ငါသည် ကိုယ်အသားကိုလှူမည် ဟု ကြံစည်လေ၏။

**ဒါနကိုယ်စီ ပြကြပြီ**

ထိုအခါယုန်မင်း၏သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက် နေရာသည် ပူလောင်သောအခြင်းအရာ ကိုပြလေ၏၊ သိကြားမင်းသည် ဆင်ခြင်ကြည့်ရှုလတ်သော် ထိုအကြောင်းကိုမြင်၍ ငါသည် ယုန်မင်းကိုစုံစမ်းမည်ဟု ရှေးဦးစွာ ဖျံ၏ထံသို့သွားကာ ပုဏ္ဏားအသွင်ဖြင့်သွားလေ ၏၊ ဖျံသည်"ပုဏ္ဏား....အဘယ်အကျိုးငှါရပ်သနည်း"ဟု မေးလေ၏၊ "ပညာရှိ.... တစုံတခုသော အာဟာရကိုရ လျှင် ဥပုသ်စောင့်၍နေမည်ဟု ရပ်ပါသည်"ဟု ပြောဆို လေ၏၊ ထိုအခါဖျံသည်—

"အို-ပုဏ္ဏား....အကျွန်ုပ်အား ရေမှဆယ်တင်
ထားအပ်သော ငါးကြင်းခုနစ်ကောင်ရှိပါ၏၊ ဤ
ငါးကြင်းခုနစ်ကောင်တို့ကိုလှူဒါန်းပါမည်၊ ဤဥစ္စာ
ကိုစား၍ တောထဲမှာဥပုသ်စောင့်ပါ"—

ဟု ပြောဆိုကာ ပုဏ္ဏားအား ငါးကြင်းခုနစ်ကောင်ကို လှူဒါန်းလေ၏၊ ကိုအခါပုဏ္ဏားသည် "ပညာရှိ....စော

သေးသည် နောက်မှသိရမည်''ဟု ပြောဆိုပြီးလျှင် မြေခွေး ထံသို့သွား၍ရပ်ပြန်၏၊ မြေခွေးလည်း ပုဏ္ဏားကိုမေးမြန်း၍ အကြောင်းကိုသိရလျှင်—

''အို-ပုဏ္ဏား···· အကျွန်ုပ်အား လယ်စောင့်၏ ညဥ့်စာထဲမှ ဆောင်ယူခဲ့သော အမဲတံစို့နှစ်ခု ဖွတ်ကင်တခု နို့ခမ်းအိုးတလုံးရှိပါ၏၊ ဤဥစ္စာစုကိုလှူဒါန်းပါမည်၊ ဤဥစ္စာစုကိုစား၍ တောထဲ၌ဥပုသ်စောင့်ပါ''—

ဟု ပြောဆိုကာ ပုဏ္ဏားအား အမဲတံစို့နှစ်ခု ဖွတ်ကင်တခု နို့ခမ်းအိုးတလုံးတို့ကို လှူဒါန်းလေ၏၊ ပုဏ္ဏားသည် ''ပညာရှိ···စောသေးသည်၊ နောက်မှသိရမည်''ဟု ပြောဆိုပြီးလျှင် မျောက်ထံသို့သွား၍ ရပ်ပြန်၏၊ မျောက်လည်း ပုဏ္ဏားကိုမေးမြန်း၍ အကြောင်းစုံကိုသိရလျှင်—

''အို-ပုဏ္ဏား····အကျွန်ုပ်အားသရက်သီးမှည့်၊ ချမ်းအေးသောဂင်္ဂါရေ၊ မွေ့လျော်ဘွယ် ကောင်းသော အရိပ်ရှိပါ၏၊ ဤအလုံးစုံကိုလှူဒါန်းပါမည် ဤအလုံးစုံကို စားသောက်သုံးဆောင်၍ တောထဲ၌ ဥပုသ်စောင့်ပါ''—

ဟု ပြောဆိုကာ ပုဏ္ဏားအား ရှိသမျှအလုံးစုံကို လှူဒါန်းလေ၏၊ ပုဏ္ဏားသည် ''ပညာရှိ···· စောသေးသည်၊ နောက်မှသိရမည်''ဟု ပြောဆိုပြီးလျှင် ယုန်မင်းထံသွား၍ ရပ်လေ၏၊ ယုန်မင်းလည်း ''ပုဏ္ဏား···· ဘယ်အကျိုးငှါ လာသနည်း''ဟု မေးလေ၏၊ ''ပညာရှိ···· တစုံတခုသော အာဟာရကိုရလျှင် ဥပုသ်စောင့်၍နေမည်ဟု ရပ်လာပါ

သည်''ဟုဆို၏၊''အို-ပုဏ္ဏား....အကျွန်ုပ်ထံလာခြင်းကား ကောင်းသောလာခြင်းဖြစ်၏၊ ယနေ့အကျွန်ုပ်သည် မလှူဘူးသောအလှူကို လှူပါမည်၊ သင်ပုဏ္ဏားသည် သီလရှိပေ၏၊ ပါဏာတိပါတကံကိုပြုလုပ်မည်မဟုတ်၊သွားချေ အထူးထူးသောထင်းတို့ဖြင့် မီးကျီးစုကိုပြုပါ၊ အကျွန်ုပ်သည် မီးကျီးစု၌ဆင်းပါမည်၊ ကျက်သောအခါ အသားကိုစား၍ရဟန်းတရားကို အားထုတ်ပါလော''ဟုပြောဆိုလျက်—

> ''အို-ပုဏ္ဏား အကျွန်ုပ်ယုန်အား နှမ်း, ပဲနောက်, ဆန်တို့မရှိပါကုန်၊ အသားကိုလှူပါမည်၊ ဤမီးဖြင့် ကျက်ပြီးသောအကျွန်ုပ်အသားကို စား၍တောထဲ၌ဥပုသ်စောင့်ပါ''—

ဟု ပြောဆိုကာ အသားကိုလှူလေ၏။

**မီးကျီးစုတွင်း ယုန်ခုန်ဆင်း**

သိကြားမင်းသည်ယုန်၏စကားကိုကြားလျှင် မိမိတန်ခိုးအာနုဘော်ဖြင့် တခုသောမီးကျီးစုကို ဘန်ဆင်း၍ ယုန်မင်းအားပြောကြားလေ၏၊ ယုန်မင်းသည် မြေစာမြက်အိပ်ရာမှထ၍ မီးကျီးစုရှိရာသို့သွားပြီးလျှင် အမွေးကြား၌ ပိုးငယ်တို့ရှိပါမူ မသေစေကုန်သတည်းဟု နှလုံးသွင်း၍ သုံးကြိမ်ကိုယ်ကိုခါပြီးလျှင် ကြာကန်၌ဟင်္သာမင်းခုန်ချသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ မီးကျီးစု၌ခုန်ချလေ၏၊ မီးသည် ယုန်မင်း၏ကိုယ်၌ အမွေးတွင်းမျှကိုလည်း ပူလောင်စေခြင်းငှါ မတတ်နိုင်၊ ဆီးနှင်းတိုက်၌ဝင်ရသကဲ့သို့ ဖြစ်လေ၏။

ထိုအခါယုန်မင်းသည် ''ပုဏ္ဏား....သင်မွေးသောမီးသည် အလွန်အေး၏၊ မွေးတွင်းမျှကိုလည်း ပူလောင်စေ

ခြင်းငှါမတတ်နိုင်၊ အကြောင်းအဘယ်သို့ရှိသနည်း'' ဟု မေးလေ၏၊ ''ယုန်ပညာရှိ....ငါကားပုဏ္ဏားမဟုတ်၊ သိကြားမင်းဖြစ်သည် သင့်အားစုံစမ်းလို၍လာသည်''ဟုပြောလေ၏၊ ''အို-သိကြားမင်း....သင့်ကိုထားဘိဦး တလောကလုံးအကျွန်ုပ်ကို အလှူဖြင့်စုံစမ်းမူ၊ မလှူလိုသောအဖြစ်ကိုတွေ့ရှိရမည်မဟုတ်''ဟု မွန်မြတ်သောစကားကို ပြောဆိုလေ၏။

**ယုန်ရုပ်ကလေး လမှာရေး**

သိကြားမင်းသည် ''ယုန်ပညာရှိ....သင်၏ဂုဏ်ကျေးဇူးသည်ကမ္ဘာပတ်လုံးထင်ရှားသည်ဖြစ်စေသော်''ဟု တောင်ကိုညှစ်၍ အဆီကိုယူပြီးလျှင် လဝန်း၌ယုန်ရုပ်အမှတ်အသားကိုရေး၍ ယုန်မင်းကိုဆောင်ပြီးလျှင် နေမြဲတိုင်းနေရာ၌ နေစေ၍ မိမိနေရာနတ်ရွာသို့သွားလေ၏၊ ပညာရှိလေးဦးတို့လည်း အညီအညွတ်ဝမ်းမြောက်ဝမ်းသာ သီလကိုဖြည့်ကျင့်လျက် အလှူပေး၍ ဥပုသ်ကိုစောင့်သုံးကာ သေလွန်သည့်အခြားမဲ့၌ ကံအားလျော်စွာလားကြကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ အလုံးစုံသောပရိက္ခရာကို လှူဒါန်းသောသူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ လိုအခါဖြုံသည်-ယခုအခါအာနန္ဒာ။

※ မြေခွေးသည်- မောဂ္ဂလာန်။

※ မျောက်သည်- သာရိပုတ္တရာ။
※ သိကြားမင်းသည်- အနုရုဒ္ဓါ။
※ ယုန်မင်းသည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သီလစောင့်ရေး၊ အလှူပေး၊ သုံးရေးဥပုသ်ကို။
(၂) ယုန်,ဖျံ,မြေခွေး၊တောမျောက်လေး၊စည်းဝေးပြုကုသိုလ်။

သသဇာတ်ပြီး၏။

---

## ၃၁၇-မတရောဒနဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**အစ်ကိုသေက ညီငိုရ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ မထင်ရှားသော သူကြွယ်တယောက်သည် အစ်ကိုသေလွန်သဖြင့် သောကနှိပ်စက်၍ ရေလည်းမချိုး၊ ထမင်းလည်းမစား၊ နံ့သာလည်းမလိမ်း၊ နံနက်စောစောကလျှင် သုသာန်သို့သွား၍ ငိုကြွေးလေ၏။

မြတ်စွာဘုရားသည် မိုးသောက်ထအခါ၌ လောက အလုံးစုံကို ကြည့်ရှုလတ်သော် ထိုသူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်လတ့်၊ ဥပနိဿယကို မြင်တော်မူလျှင် နောက်လိုက်ရဟန်းတပါးကို ခေါ်တော်မူပြီးလျှင် သူကြွယ်အိမ်သို့ ကြွတော်မူ၍ခင်းထားအပ်သော နေရာ၌နေတော်မူ

၏၊ သူကြွယ်လည်း မြတ်စွာဘုရားထံ ဆည်းကပ်ကာ ရှိခိုးလျက်နေ၏။

ထိုအခါမြတ်စွာဘုရားသည်“သူကြွယ်..စိုးရိမ်သလော” ဟုမေး၏၊“အရှင်ဘုရား..အစ်ကို သေလွန်သောအခါမှစ၍ စိုးရိမ်ပါ၏”ဟု လျှောက်ရာ၊ “သူကြွယ်....ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ပျက်စီးခြင်းသဘောရှိကုန်၏၊ပျက်စီးခြင်း၌မစိုးရိမ်အပ်၊ ရှေးပညာရှိတို့သည် အစ်ကိုသေလွန်သော်လည်းမစိုးရိမ်ကြကုန်”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သေလို့မငို ကဲ့ရဲ့ဆို**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် မိဘတို့သေလွန်ကုန်၏၊ ထိုအခါ အစ်ကိုသည် စည်းစိမ်ဥစ္စာကိုစီမံအုပ်ချုပ်ရ၏၊ ညီသူကြွယ်သည် အစ်ကိုသူကြွယ်ကိုမှီ၍ အသက်မွေးရ၏။

နောက်အခါ အစ်ကိုသူကြွယ်သည် သေလွန်လေ၏၊ ဆွေမျိုးသားချင်း အဆွေခင်ပွန်းတို့သည် စည်းဝေးကုန်လျက် ငိုကြွေးကြကုန်၏၊ ညီသူကြွယ်ကား မငိုကြွေးချေ၊ ထိုအခါ လူတို့သည်“အချင်းတို့.... ကြည့်ရှုကြကုန်လော၊ အစ်ကို သေသော်လည်း ဤညီသူကြွယ်အား မျက်နှာတွန့်ခြင်းမျှမရှိ၊ အလွန်စိတ်ခိုင်မာလှ၏။ ဥစ္စာနှစ်ခုလုံးကို ငါသာခံစားရမည်ဟု အစ်ကို သေခြင်းကို အလိုရှိယောင်

တကားဟု ကဲ့ရဲ့ကြကုန်၏၊ ဆွေမျိုးတို့သည်လည်း ကဲ့ရဲ့ကြကုန်၏။

မိုက်မဲသူဖွေ ငိုကြလေ

ညီသူကြွယ်သည် ထိုကဲ့ရဲ့သူတို့စကားကို ကြားလျှင် "သင်တို့သည် အလွန်မိုက်မဲကြသဖြင့် လောကဓံတရား ရှစ်ပါးကို မသိကြသောကြောင့် ငါ့အစ်ကို သေလွန်ရာ၌ ငိုကြွေးကြကုန်၏၊ ငါသည်လည်း မုချသေရလတ္တံ့၊ ထိုကြောင့်ငါ့ကား မငိုကြွေး၊ သင်တို့လည်း သေရကြကုန်လတ္တံ့ဟု နှလုံးသွင်းကာမငိုကြွေးကြကုန်လင့်၊ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲမရှိကုန်၊ဖြစ်ပြီးလျှင်ချုပ်ပျက်တတ်ကုန်၏၊ တည်တံ့ခြင်းငှါစွမ်းနိုင်သော သင်္ခါရတရားမည်သည်မရှိ၊သင်တို့ မိုက်မဲ၍ ငိုကြွေးကုန်သော်လည်း ငါဘယ်အကျိုးရှိ၍ ငိုကြွေးအံ့နည်း"ဟု ပြောဆိုကာ—

"အချင်းတို့…သင်တို့ကားသေလွန်တိုင်း, သေလွန်တိုင်း ငိုကြွေးကုန်၏၊ သေလတ္တံ့ ဖြစ်သောသူကို မငိုကြွေးကြကုန်၊ အလုံးစုံခန္ဓာကိုယ်ကို ဆောင်သောသူတို့သည်အစဉ်အတိုင်း သေရကြကုန်လတ္တံ့။

စည်းစိမ်ချမ်းသာနှင့်ပြည့်စုံကုန်သော နတ်,လူ, နဂါး, သား, ငှက်တို့သည် မိမိတို့ကိုယ်၌ အစိုးမရကုန်၊ ဖြစ်ရာအရပ်၌ မွေ့လျော်ကာ သေလွန်ကြရကုန်၏၊ လူတို့၌ ဤသို့လျှင် မတည်ကြည်တုန်လှုပ်သော ချမ်းသာ ဆင်းရဲကို ကြည့်ရှုကာ မျက်ရည်ယိုစီးခြင်း, ငိုကြွေးခြင်းသည်ကား အကျိုးမရှိ၊ အဘယ်ကြောင့်သင်တို့အား စိုးရိမ်ခြင်း အပေါင်းတို့သည် နှိပ်စက်ကုန်ဘိသနည်း။

မိန်းမကြူးသူ,ကြွေအန်ကြူးသူ, သောက်စားကြူး
သူ,အကျင့်ကိုမကျင့်သူ, အသင့်အတင့်နှလုံးသွင်းသူ,
လောကဓံတရားရှစ်ပါးတို့၌မလိမ်မာသူ လူမိုက်တို့
သည် ဆွေမျိုးတို့သေလွန်ရာ မငိုကြွေးသော ငါကဲ့
သို့သောပညာရှိကို သူမိုက်ဟုမှတ်ထင် အောက်မေ့
ကုန်၏”—

ဟု ကဲ့ရဲ့သူတို့အား တရားစကား ဟောကြား ဆုံးမ
လေ၏၊ ခပ်သိမ်းသော သူတို့လည်း ညီသူကြွယ်၏တရားကို
စကားကြားနာရသဖြင့် စိုးရိမ်သောက ကင်းလေကုန်၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်တော်
မူပြီးလျှင် သစ္စာကိုပြသည်၏ အဆုံး၌ သူကြွယ်သည် သော
တာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်
သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သောကမရှိအောင် ပြုသောပညာရှိ
သူကြွယ်သည် ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သတ္တံဝါခပဲ၊ သေရမြဲ၊ မမြဲသင်္ခါရာ။
(၂) ရှစ်လောကဓံ၊ မသိပြန်၊ သေလွန်ငိုကြွေးရှာ။
(၃) မငိုမပူ၊ သူကြွယ်မူ၊ မိုက်သူကဲ့ရဲ့ကာ။

မတရောဒနဇာတ်ပြီး၏။

## ၃၁၈–ကဏဝေရဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

မိန်းမမှီပြု ငြိုးငွေ့မှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်း တပါးသည် မယားဟောင်းသည် ဖြားယောင်း သွေးဆောင်အပ်သည်ဖြစ်၍ သာသနာတော်၌ ငြိုးငွေ့ ပျင်းရိလေ၏။

ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရား ထံသို့ ဆောင်ယူလာကြရာ မြတ်စွာဘုရား သိတော်မူ၍ "ချစ်သား ရဟန်း....သင်သည် အဘယ်ကြောင့် မိန်းမကို အမှီပြု၍ သာသနာတော်၌ငြိုးငွေ့ပျင်းရိသနည်း၊သင်သည်ရှေးအခါ၌လည်း ဤမိန်းမကိုအမှီပြု၍ သန်လျက်ဖြင့် ဦးခေါင်းကို အဖြတ်ခံရဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။ ။[ဣန္ဒြိယဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

### အတိတ်ဝတ္ထု

သူခိုးဖြစ်လတ် လောင်းတော်မြတ်

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ကာသိက ရွာဝယ် သူကြွယ်တဦးအိမ်၌ဖြစ်၍ အရွယ်ရောက်လတ်သော် စောရနက္ခတ်နှင့်ယှဉ်၍ ဖွားသောကြောင့် ခိုးမှုကို ပြုလျက်အသက်မွေး၏၊လောက၌ အလွန်ထင်ရှား၏၊ဆင်

ပြောင်အားကို ဆောင်နိုင်၏၊ တစုံတယောက်သော သူမျှ မဖမ်းဆီးနိုင်။

တနေ့သ၌ ထိုသူခိုးကြီးသည် သူဌေးတဦးအိမ်မှ များစွာသောဥစ္စာတို့ကို ခိုးယူလေ၏၊ ထိုအခါ မြို့သူမြို့သားတို့သည် မင်းကြီးအား တိုင်ကြားကြကုန်၏၊ မင်းကြီးလည်း မြို့စောင့်ကိုဖမ်းစေ၏၊ မြို့စောင့်လည်း ညဉ့်အခါ ရပ်ကွက်တိုင်း အပေါင်းအစုဖွဲ့ကာ ဝိုင်းဝန်း၍ဖမ်းသဖြင့် ခိုးရာပါဥစ္စာနှင့်တကွ မိလတ်သော် မင်းကြီးထံဆက်သလေ၏။

**သူခိုးကိုဖမ်း သတ်ကြစမ်း**

မင်းကြီးလည်း မြို့စောင့်ကို သူခိုးကြီးဦးခေါင်းကို သန်လျက်ဖြင့်ဖြတ်၍ သတ်လော့ဟု အမိန့်ပေး၏၊ မြို့စောင့်လည်း သူခိုးကြီးကိုမြဲမြံစွာ လက်ပြန်ကြိုးဖြင့် နှောင်ဖွဲ့၍ လည်ပင်းတွင် ကုလားဇလပ် ပန်းနီကိုဆွဲလျက် ဦးခေါင်းတွင် အုတ်မှုန့်ကြဲကာ မြို့တွင်းရှိလမ်းဆုံတိုင်း,လမ်းဆုံတိုင်း ကြိမ်လုံးဖြင့်ရိုက်နှက်လျက် ကြမ်းတန်းစူးရှသော အသံရှိသော စည်ကိုတီး၍ သူခိုးသတ်ရာ သုသာန်သို့ ဆောင်လေ၏၊ ထိုအခါ သူခိုးကြီးဖမ်းမိပြီဟု တမြို့လုံး ချောက်ချားလျက်ရှိ၏။

**သာမာချစ်ရေး တထောင်ပေး**

ဗာရာဏသီ ပြည်ဝယ် အသပြာ တထောင်ပေး၍ သွားလာ ရသော သာမာ မည်သော ပြည့်တန်ဆာမ တယောက်ရှိ၏၊ ထိုပြည့်တန်ဆာမသည် မင်းကြီးနှင့် အကျွမ်းဝင်၏၊ အခြံအရံကျွန်မ ငါးရာရှိ၏၊ ထိုပြည့်တန်ဆာမသည် ပြာသာဒ်ထက်၌နေလျက် ပြတင်းကို ဖွင့်၍

ကြည့်ရာ သုသာန်သို့ဆောင်ယူသွားသော သူခိုးကြီးကိုမြင်လျှင် တပ်စွန်းလှသော စိတ်ရှိရကား ဥပါယ် တမျဉ်ဖြင့် လွှတ်စေ၍ လင်ယောကျ်ား ပြုမည်ဟု ကြံစည်ကာ မိမိအကျိုးကို ဆောင်ရွက်သော မိန်းမတယောက်ကို ခေါ်၍ အသပြာ တထောင်ပေးကာ "ရှင်မ.... မြို့စောင့်အား ဤသူခိုးကြီးကား သာမာ၏မောင်ဖြစ်သည် သာမာမှတပါး ကိုးကွယ်ရာမရှိ၊သင်တို့သည် ဤအသပြာ တထောင်ကိုယူ၍ ဤသူခိုးကြီးကိုလွှတ်ပါ"ဟု-ပြောချေဟု စေလွှတ်လိုက်၏၊ ထိုမိန်းမလည်းအသပြာတထောင်ကိုယူ၍သွားကာသာမာခိုင်းတိုင်းပြုလေ၏၊ မြို့စောင့်သည် ထိုမိန်းမ၏ စကားကိုကြားလျှင် "ရှင်မ....ဤသူခိုးကြီးကား အလွန် ထင်ရှားသောသူခိုးကြီးဖြစ်၏၊ ဤနည်းဖြင့်မလွှတ်နိုင် လူစားရလျှင် ဤသူခိုးကြီးကို ဖုံးလွှမ်းသောယာဉ်၌ စီးစေလျက် လွှတ်နိုင်လိမ့်မည်"ဟု ပြောကြားလိုက်၏၊ ထိုမိန်းမလည်း ပြန်၍ သာမာအား ထိုအကြောင်းကိုပြောကြားလေ၏။

**သူခိုးလင်ပြု လှည့်ပတ်မှု**

ထိုအခါ သူဌေးသား တယောက်သည် သာမာ၌ တပ်စွန်းသဖြင့် နေ့တိုင်း,နေ့တိုင်း အသပြာ တထောင်, တထောင် ပေး၍ ပျော်ပါးလေ့ရှိ၏၊ထိုနေ့၌လည်း နေဝင်သောအခါ ပျော်ပါးရန် အသပြာတထောင်ကို ယူ၍လာ၏၊ သာမာသည် အသပြာတထောင်ကိုယူပြီးလျှင် ပေါင်ပေါ်၌ ထားကာ ငိုကြွေးလျက် "အရှင်....သူခိုးကြီးကား အကျွန်ုပ်မောင်ဖြစ်ပါသည်၊ နှိပ်စက်သဖြင့် အကျွန်ုပ်ထံမလာဝံ့ပါ။ မြို့စောင့်ထံ စေလွှတ်သောအခါ အသပြာ တထောင်ရမှ

လွှတ်မည်ပြောပါသည်၊မြို့စောင့်ထံ အသပြာပို့သူမရှိပါ”ဟု ပရိယာယ်ဖြင့်ဖြားယောင်းကာ ပြောဆိုလေ၏။

သူဌေးသားလည်း အဟုတ်အမှန် ထင်မှတ်ကာ သည်လိုဖြစ်လျှင်ငါသွားပို့မည်ဆို၍ အသပြာတထောင်ကိုယူကာ မြို့စောင့်ထံသွားလေ၏၊မြို့စောင့်လည်းအသပြာတထောင်ကိုယူ၍ သူဌေးသားကို ဖမ်းဆီးပြီးလျှင် သူခိုးကြီးကို ဖုံးလွှမ်းသောယာဉ်၌ စီးစေပြီးကာ သာမာအိမ်သို့ပို့စေ၏။

မြို့စောင့်လည်း သူခိုးကြီးကိုလွှတ်ပြီးလျှင် သူဌေးသားကို သူခိုးကြီး ပြုလုပ်ကာ ဤသူခိုးကြီးကား တိုင်းပြည်၌ ထင်ရှားသော သူခိုးကြီးဖြစ်သည်၊ ညဉ့်မှောင်မိုက်၍ လူတို့စကားပြောသော အခါမှ သတ်မည်ဟု ယိုးမယ်ပြုကာ တခဏမျှလွန်စေ၍ လူတို့စကားပြောလတ်သော် သူဌေးသားကို ကြီးစွာသော အနှောင်အဖွဲ့ဖြင့် သုသာန်သို့ယူ၍ ဦးခေါင်းကို သန်လျက်ဖြင့်ဖြတ်ကာ ကိုယ်ကို တံကျင်လျှိုပြီးလျှင် မြို့သို့ဝင်လေ၏။

**သူခိုးနှင့် လေ မွေ့လျော်နေ**

ထိုအခါမှစ၍ သာမာသည် သူတပါးလက်မှ လက်ဆောင်ကိုမယူ သူခိုးကြီးနှင့်သာ မွေ့လျော်၍နေ၏၊ တနေ့သ၌ သူခိုးကြီးသည် ဤသာမာ မိန်းမယုတ်ကား ယောကျ်ားတပါး၌ တပ်စွန်းပြန်သော် ငါ့ကိုလည်းသတ်စေ၍ ထိုတပ်စွန်းသူနှင့် မွေ့လျော်ပြန်လတ့်၊ စင်စစ် အဆွေခင်ပွန်းကို ပြစ်မှားတတ်၏၊ငါသည် ဤမိန်းမယုတ်ထံ၌မနေဘဲ အမြန်ပြေးသွားသင့်၏၊ ပြေးသွားသောငါသည်လည်း လက်ချည်းသက်သက်မသွားဘဲ သာမာ၌ ဝတ်ဆင်ထားသော လက်

ဝတ်တန်ဆာတို့ကို ယူ၍သွားမည်ဟု ကြံစည်ကာ အခွင့်ကို သာစောင့်၍နေ၏။

တနေ့သ၌ သူခိုးကြီးသည်သာမာအား''နှမ····ငါကား ဆောင်းဖြင့်အုပ်ထားသော ကြက်ကဲ့သို့ အိမ်၌နေရသဖြင့် ကျဉ်းကြပ်လှသည်၊ဥယျာဉ်ကစားသွားရအောင်''ဟု ပြော ဆိုလေ၏၊သာမာလည်း အဟုတ်ထင်မှတ်၍ ကောင်းပြီဟု ပြောဆိုကာ ခဲဘွယ်ဘောဇဉ်တို့ကို စီရင်ပြီးလျှင် အလုံးစုံ သော တန်ဆာတို့ကို ဝတ်ဆင်လျက် သူခိုးကြီးနှင့် အတူ ယာဉ်စီးကာ ဥယျာဉ်သို့သွားကြ၏။

**သာမာနှင့်ဝေး လွတ်ရာပြေး**

သူခိုးကြီးလည်းသာမာနှင့်တကွဥယျာဉ် ကစား၍ ငါပြေးဘို့ အချိန်တန်ပြီဟု ကိလေသာဖြင့် မွေ့လျော်လိုဘိသကဲ့သို့ ကုလားဇလပ်ခြုံသို့ဝင်ကာ သာမာကိုလည်ဘက်သကဲ့သို့နှိပ် ၍ မိန်းမောအောင်ပြုကာသတ်ပုတ်ပြီးလျှင်အဆင်တန်ဆာ အလုံးစုံကိုချွတ်ယူ၍ အပေါ်ရုံပုဆိုးဖြင့်ထုပ်ပြီးလျှင် ထမ်း ၍ ဥယျာဉ်စည်းကိုခုန်လွှားလျက်ပြေးလေ၏။

**ချစ်လင်ကိုရှာ မယ်သာမာ**

သာမာလည်း အတန်ကြာသော် သတိ ရ၍ထပြီးလျှင် အလုပ် အကျွေး တို့ထံ သွား၍ သူခိုးကြီးကို မေးမြန်းရာ မသိ ကြသဖြင့် ငါသေပြီမှတ်၍ ပြေးလိမ့်မည်-ဟု နှလုံးမသာ ဖြစ်ကာ အိမ်သို့ပြန်ပြီးလျှင် ချစ်လှစွာသောလင်ကို မမြင် ရသောအခါမှစ၍ တန်ဆာဆင်သော အိပ်ရာ၌ မအိပ်၊ နှစ်သက်ဘွယ်သော အဝတ်ကိုမဝတ်၊ နှစ်သက်ဘွယ်သော အစာကိုမစား၊ ပန်းကိုမပန်၊ နံ့သာစသည်တို့ကိုလည်း

မလိမ်းလေ၊တစုံတခုသောဥပါယ်ဖြင့်ချစ်လင်ကိုရှာ၍ ခေါ်စေမည်ဟု ကြံစည်ကာ ကခြေသည်မတို့ကိုခေါ်၍ သီချင်းတပုဒ်ကိုသီကုံးစေပြီးလျှင် "ကခြေသည်တို့…သင်တို့ရောက်လေရာရာ မြို့ရွာနိဂုံး၌ ပွဲသဘင်ခံသည်ရှိသော် ရှေးဦးစွာ သီချင်းကိုဆိုပါကုန်၊ငါ၏ ချစ်လင်သည်အကယ်၍ပရိသတ်အလယ်၌ရှိပါမူ၊ သင်တို့နှင့်စကားပြောလိမ့်မည်၊ ထိုအခါ အနာရောဂါကင်းသည်ကို ပြောဆိုပြီးလျှင် ငါ၏ ချစ်လင်ကို ခေါ်လာကြပါကုန်၊အကယ်၍မလိုက်လာပါမူ သတင်းစကားမှာထားလိုက်ကြပါကုန်"ဟု ပြောဆိုကာ ရိက္ခာအပြည့်အစုံပေး၍ လွှတ်လိုက်၏။

**ကခြေသည်များ လင်မှာကြား**

ကခြေသည်တို့သည် ဗာရာဏသီပြည်မှ ထွက်ကာ ထိုထိုအရပ်၌ ပွဲသဘင်ခံလျက် ပစ္စန္တရစ်သို့သွားကြကုန်၏၊ ထိုပစ္စန္တရစ်သို့ သူခိုးကြီးလည်းရောက်၍နေနှင့်၏၊ ပွဲသဘင်ခံသည်ရှိသော် ရှေးဦးစွာ—

"အချင်းတို့… ဝသန္တအခါဝယ် နီမြန်းသော ကုလားဇလပ်ခြုံ၌ လက်မောင်းဖြင့်အနှိပ်ခံရသော သာမာသည် ထိုနှိပ်သောချစ်လင်အား အနာရောဂါကင်းကြောင်းကို ပြောကြားလိုက်ပါ၏"—

ဟု သာမာသီကုံး၍ ပေးလိုက်သောသီချင်းကို သီဆိုကုန်၏၊ ထိုအခါ ပရိသတ်အလယ်၌ရှိသော သူခိုးကြီးသည် ထိုစကားကိုကြားလျှင် ကခြေသည်တို့ထံကပ်လာ၍—

"အချင်းကခြေသည်··သာမာမည်သောမိန်းမသည် သေလွန်ခဲ့၏၊ ထိုသာမာသည် ငါ့ကိုအနာ

ရောဂါကင်းကြောင်းကိုပြောကြားလိုက်၏ဟူသော
စကားကို ငါမယုံကြည်နိုင်ပေ၊ လေသည် တောင်
နှင့် မြေအလုံးစုံကို ဆောင်ယူ၍သွားသည်ဆိုသော
စကားကဲ့သို့ဖြစ်၍ ငါမယုံကြည်နိုင်''—

ဟု ကခြေသည်အား ပြန်ကြားပြောဆိုလေ၏၊ ကခြေသည်လည်း သူခိုးကြီးစကားကိုကြားလျှင်—

''အရှင်··· သာမာမည်သောမိန်းမ မသေပါ၊
ထိုသာမာသည် အခြားလင်ကိုလည်း အလိုမရှိပါ၊
ဝယ်ယူထားရသော လင်တယောက်ကိုသာ အလို
ရှိပါ၏''—

ဟု သူခိုးကြီးအား ပြောဆိုပြန်၏။

**သာမာစွန့်ရေး နိုးသားပြေး**

သူခိုးကြီးသည် ကခြေသည်စကားကို ကြားလျှင် သာမာသည် အသက်ရှင်သည်မှုလည်းဖြစ်စေ, သေသည်မှုလည်း ဖြစ်စေ သာမာကိုအလိုမရှိတော့ပြီဟု ပြောဆိုပြီးလျှင်—

''အချင်းကခြေသည်····သာမာသည်မပေါင်း
ဖော်ဘူးသေးသော ငါ့ကို ကြာမြင့်စွာပေါင်းဖော်
ဘူးသောသူဌေးသားနှင့် လဲလှယ်၍ယူဘိ၏၊ မမြဲ
သောငါ့ကို မြဲသောလင်ဖြင့် လဲလှယ်၍ယူဘိ၏၊ ငါ
နှင့်လည်း တပါးသောလင်ကိုလဲလှယ်၍ ယူပြန်ရာ
၏၊ ငါသည် ဤအရပ်မှ အလွန်ဝေးသောအရပ်သို့
သွားတော့အံ့''—

ဟု ပြောဆိုပြီးလျှင် ကခြေသည်တို့ ကြည့်ရှုနေစဉ်လျှင် ပုဆိုးကိုမြဲမြံစွာဝတ်၍ အလွန်လျင်မြန်သော အဟုန်ဖြင့် ပြေးလေ၏။

ကခြေသည်တို့လည်း ဗာရာဏသီပြည်သို့ပြန်၍ နောက်သောအခါ သာမာအား သူခိုးကြီးပြုလုပ်သော အမှုအရာအလုံးစုံကို ပြောဆိုကုန်၏၊ သာမာလည်း ကခြေသည်တို့စကားကိုကြားလျှင် နှလုံးမသာသည်ဖြစ်၍ မိမိသဘောအတိုင်းသာနေရလေ၏။

မြတ်စွာဘုရားသည် ဒေသနာကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ငြီးငွေ့ပျင်းရိသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါသူဌေးသားသည်- ယခုအခါငြီးငွေ့သောရဟန်း။

※ သာမာသည်- မယားဟောင်း။

※ သူခိုးကြီးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မိန်းမစရိုက်၊ အလွန်မိုက်၊ နှစ်ချိုက်မသင့်ရာ။
(၂) ဟောင်းဖြင့်သစ်လဲ၊ သင်မမြဲ၊ မြဲဖြင့်ပြောင်းလွဲကာ။
(၃) လင်သူဌေးသား၊ သူခိုးအား၊ လဲထားမိသာမာ။

ကဏဝေရဇာတ်ပြီး၏။

# ၃၁၉—တိတ္တိရဇာတ်

## ပစ္စုပ္ပန်ဝတ္ထု။

**ရာဟုလာသာမဏေ ချီးကျူးလေ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ကိုအမှီပြု၍ ဆီးတောကျောင်း၌ သီတင်းသုံးတော်မူစဉ်ရှင်ရာဟုလာသည်သိက္ခာကိုအလိုရှိ၏၊ကုက္ကုစ္စကိုပြုတတ်၏၊ ဆုံးမခြင်းငှါခန့်၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ရှင်ရာဟုလာ၏ဂုဏ်ကျေးဇူးကို စကားစပ်မိ၍ပြောဆိုနေစဉ် မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် “ရဟန်းတို့....ရာဟုလာသည်ယခုအခါ၌သာ ဆုံးမခြင်းငှါခန့်သည်မဟုတ်၊ ရှေးအခါ၌လည်း ဆုံးမခြင်းငှါ ခန့်သည်သာတည်း”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ချောင်းယာဉ်ပျော်မွေ့ ရှင်ရသေ့**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် တောထွက်၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာဝယ် မွေ့လျော်ဘွယ်ရှိသော တောအုပ်တခု၌နေ၍ အဘိညာဉ်သမာပတ်ကိုဖြစ်စေလျက် ချောင်းကစားကာနေ၏။

တနေ့သ၌ ချဉ်ဆားမှီဝဲရန် ပစ္စန္တရစ်ရွာသို့သွားလေ၏၊ ပစ္စန္တရစ်ရွာသားတို့သည် ရသေ့ကိုမြင်လျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မထင်ရှားသောတော၌ ကျောင်းဆောက်လျက် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးကာနေစေကုန်၏။

**အမျိုးခေါင်ငှက်ခါတိန်ညင်**

ထိုအခါရွာ၌ ငှက်မုဆိုးတယောက်သည် *တိန်ညင်ခါ တကောင်ကို ယူလျက် ကောင်းစွာသင်ကြားပြီးလျှင်ချိုင့်၌ထား၍မွေး မြူလေ၏၊ထိုမုဆိုးသည်တိန်ညင်ခါကိုတောသို့ဆောင်ကာ ထိုခါတွန်သောအသံဖြင့် လာတိုင်း, လာတိုင်းသောခါတို့ကို ဖမ်းယူသတ်ဖြတ်ရောင်းချကာ အသက်မွေးလေ၏။

ခါသည် ငါတကောင်ကိုမှီ၍ ဆွေမျိုးတို့ပျက်စီးကုန်၏၊ ဤမကောင်းမှုကား ငါ၏မကောင်းမှုဖြစ်သည်ဟု ကြံစည်လျက် မတွန်ဘဲဆိတ်ဆိတ်သာနေ၏၊မုဆိုးသည်မတွန်သောအခါ ဝါးခြမ်းစိတ်ဖြင့် ခါ၏ဦးခေါင်းကိုရိုက်နှက်၏၊ခါလည်းနာကျင်သဖြင့် ကျယ်လောင်စွာ တွန်ရပြန်၏၊ မုဆိုးကားတိန်ညင်ခါကိုအမှီပြု၍သာအသက်မွေးလေ၏။

**ယုံမှားကိုမေးခါကလေး**

ခါသည် ငါကား ဆွေမျိုးတို့ကို သေစေကုန်သတည်းဟု စေတနာမရှိခဲ့၊ ငါ့ကိုမှီ၍ မုဆိုးသည် ပါဏာတိပါတ ကံကိုရခဲ့၏၊ ငါသည်မတွန်သော် ထိုခါတို့မလာကြကုန်၊ ငါတွန်၍သာ လာကြကုန်၏၊ လာတိုင်း,လာတိုင်းသော ခါတို့ကို

* တိန်ညင် – တယ်သော ကြက် ငှက် စသော သတ္တဝါကို ခေါ်သည်။

ဤမူဆိုးသည်သတ်၏၊ ဤအရာ၌ငါ့အား မကောင်းမှုကံရှိလေသလေ့, မရှိလေသလောဟု ကြံစည်ကာ ယုံမှားသံသယရှိသဖြင့် ထိုယုံမှားသံသယကို မည်သူ ပယ်ဖျောက်နိုင်ပါအံ့နည်းဟု ပညာရှိသူတော်ကောင်းကို ရှာဖွေလျက်သာနေ၏။

တနေ့သ၌ ငှက်မူဆိုးသည် ခါများစွာတို့ကို ယူပြီးလျှင် ရေသောက်မည်ဟု ရသေ့ကျောင်းသို့ဝင်၍ ခါတိန်ညင်ချိုင့်ကို ရသေ့အထံ၌ထားလျက် ရေသောက်ပြီးလျှင် သဲပြင်၌လျောင်းကာ အိပ်ပျော်လေ၏၊ ထိုအခါ ခါသည်မူဆိုးအား အိပ်ပျော်နေသည်ကိုသိ၍ ငါ၏ယုံမှားသံသယကို ရသေ့အားမေးမည်၊ သိလျှင်ငါ့အား ဖြေကြားလိမ့်မည်ဟု ကြံစည်ကာချိုင့်တွင်နေလျက်—

"အရှင်ဘုရား····အကျွန်ုပ်သည် ဤငှက်မူဆိုးကိုမှီ၍ စင်စစ်ချမ်းသာစွာ အသက် မွေးရပါ၏၊ စားဘို့အစာကိုလည်း ရပါ၏၊ သို့သော်လည်းဘေးရန်အတွင်း၌သာနေရပါ၏၊ အကျွန်ုပ်၏ဂတိသည် အဘယ်သို့ဖြစ်လတံ့နည်း"—

ဟု ရသေ့အား လျှောက်ထားလေ၏၊ ရသေ့လည်း ခါ၏စကားကိုကြားလျှင်—

"အို-ခါငှက်···· မကောင်းမှုကို ပြုလုပ်ဘို့ရန်သင်၏စိတ်စေတနာသည် အကယ်၍ မညွတ်ပါမူ တစုံတရာလုံ့လမပြုကောင်းသော စိတ်ရှိသောသင့်အား မကောင်းမှုသည်မလိမ်းကျံပေ"

ဟုခါအားဖြေကြားလေ၏၊ခါသည် ထိုစကားကို ကြားလျှင်တဖန်—

"အရှင်ဘုရား....ငါတို့ဆွေမျိုးနေ၏ဟု ခါများစွာတို့သည်လာကုန်၏၊အကျွန်ုပ်ကိုစွဲ၍ မူဆိုးသည် ပါဏာတိပါတကံကို ရရှိ၏၊ ထိုမကောင်းမှု၌ အကျွန်ုပ်စိတ်သည် ယုံမှားသံသယရှိပါ၏"—

ဟု ရသေ့အားလျှောက်ပြန်၏၊ ထိုအခါရသေ့သည်-

"အို-ခါငှက်.... သင်၏စိတ်သည် အကယ်၍ မပြစ်မှားပါမူ သင့်ကိုစွဲ၍မူဆိုးပြုအပ်သော ပါ-ဏာတိပါတကံသည် သင့်ကို မလိမ်းကျံပေ၊ တစုံတရာ လို့ ုလမပြုကောင်းသော စိတ်ရှိသော သင့်အား မကောင်းမှုသည် မလိမ်းကျံပေ"—

ဟုခါအားဖြေကြားပြန်၏၊ခါသည်လည်းရသေ့ပညာရှိကိုမှီ၍ယုံမှားသံသယကင်းလေ၏၊မူဆိုးသည်အိပ်ရာမှနိုးလတ်သော် ရသေ့ကိုရှိခိုးပြီးလျှင် ခါချိုင့်ကိုယူ၍သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါခါငှက်သည်-ယခုအခါရာဟုလာ။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လို့ ုလမပြု၊စိတ်ကောင်းမှု၊အကုမလိမ်းကျံ။

(၂) မပြစ်မှားမှု၊ကိုယ့်စွဲပြု၊အကုမလိမ်းကျံ။

တိတ္တိရဇာတ်ပြီး၏။

# ၃၂၀-သုစ္စဇဇာတ်

ပဋ္ဌုပ္ပန်ဝတ္ထု၊

**မယားရွှေတောင်း လင်ကြမ်းမောင်း** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သူကြွယ် တယောက်သည် မယားနှင့်ရွာငယ်တခုသို့ ကြွေးပြီအတောင်း သွားရာ အပြန်တွင် ခရီးလမ်းအကြား၌ တောင်တခုကို မြင်လျှင် မယားသည်လင်အား "အရှင်.... ဤတောင်ရွှေ ဖြစ်ခဲ့သော် အကျွန်ုပ်အား အနည်းငယ်ပေးပါမည်လော" ဟု မေးလေ၏၊ သူကြွယ်သည် "ရှင်မ... သင်အဘယ်သို့ သောမိန်းမနည်း တစုံတခုကိုမျှ ငါမပေးနိုင်" ဟု ပြောဆို လေ၏၊ ထိုအခါမယားသည် ဤယောကျ်ားကားဤတောင် ရွှေဖြစ်သော်လည်း ငါ့အားတစုံတခုကိုမျှ မပေးနိုင်သည် တိုင်အောင် စိတ်နှလုံး ခိုင်မာလှပေ၏ဟု နှလုံးမသာရှိ လေ၏။

ထိုလင်မယားနှစ်ယောက်တို့သည် ဇေတဝန် ကျောင်း တော်အနီးသို့ရောက်လျှင် ရေသောက်မည်ဟု ခေတ္တဝင်၍ ရေသောက်ကြကုန်၏၊ မြတ်စွာဘုရားလည်း ထိုသူကြွယ် လင်မယားတို့ သောတာပတ္တိဖိုလ်၌တည်မည့် ဥပနိဿယ ကိုမြင်၍ လာလတံ့သော လမ်းကိုသာ ရှုမျှော်လျက်နေ တော်မူ၏၊ သူကြွယ်လင်မယားတို့လည်း ရေသောက်ပြီး လျှင် မြတ်စွာဘုရားထံ ဆည်းကပ်ကာ ရှိခိုးလျက် နေကြ ကုန်၏။

မြတ်စွာဘုရားသည် ထိုသူနှစ်ယောက်တို့နှင့်ပဋိသန္ဓာရ ပြုပြီးလျှင်“သီတင်းသည်··ဘယ်အရပ်သို့သွားကြသနည်း” ဟု မေးတော်မူလျှင် “အရှင်ဘုရား···· ကြွေးမြီတောင်းရန် ရွာငယ်သို့ သွားကြပါသည်”ဟု လျှောက်ထား၏၊“သီတင်း သည်မ···သင်၏လင်သည် သင့်အကျိုးစီးပွားကို အလိုရှိပါ ၏လော သင့်အားကျေးဇူးပြုပါ၏လော”ဟု မေးတော်မူ ၏၊ “အရှင်ဘုရား····အကျွန်ုပ်သည် ဤယောကျ်ားအ အလွန်ချစ်ပါ၏၊ ဤယောကျ်ားကား အကျွန်ုပ်၌ မချစ်ပါ၊ ယနေ့ခရီးသွားရာ တောင်ကိုမြင်လျှင် ဤတောင်ရွှေဖြစ်ခဲ့ သော် အကျွန်ုပ်အား အနည်းငယ်ပေးပါမည်လောဟုမေး သောအခါ သင်သည် ဘယ်လိုမိန်းမနည်း တစုံတခုကိုမျှ မပေးနိုင်ဟု ဆိုပါ၏၊ ဤယောကျ်ားကား စိတ်နှလုံးခိုင်မာ လှပေ၏”ဟု လျှောက်ထားလေ၏၊ “သီတင်းသည်မ···· ဤယောကျ်ားသည် ဤလိုဆိုငြားသော်လည်း သင်၏ဂုဏ် ကျေးဇူးကို အောက်မေ့သောအခါ အလုံးစုံသော စည်း စိမ်ကိုပေးဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ် ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**သားကိုယုံမှား နှင်၍ထား**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရား အလောင်းသည် ထို ဗြဟ္မဒတ်မင်း၏ အမှုခပ်သိမ်းကို စီမံဆောင်ရွက်သော ပညာရှိအမတ်ဖြစ်လေ၏။

တနေ့သ၌မင်းကြီးသည် မိမိထံအခစားလာသောအိမ် ရှေ့မင်းကိုမြင်လျှင် ဤမင်းသားသည် ငါ၏နန်းတွင်း၌ ပြစ်

မှားလိမ့်မည် ဟု ယုံမှားသံသယဖြစ်ကာ "အမောင်…. သင်သည် ငါ့အသက်ရှည်သမျှ ကာလပတ်လုံး ဤမြို့၌ မနေရ အရပ်တပါး၌နေချေ၊ ငါသေလွန်မှလာ၍ မင်းပြုလော့"ဟုအမိန့်ပေးလေ၏။

အိမ်ရှေ့မင်းလည်း အဘအာဏာကို မလွန်ဆန်နိုင်သဖြင့် အဘကိုရှိခိုးပြီးလျှင် မယားနှင့်တကွ ဗာရာဏသီပြည်မှထွက်၍ ပစ္စန္တရစ်သို့သွားပြီးလျှင် တောသို့ဝင်လျက်သစ်ရွက်မိုးသောစရပ်ဆောက်၍ သစ်သီး, သစ်မြစ်, သစ်ဉတို့ဖြင့် မျှတကာနေ၏။

**အချစ်စမ်းကာ ရှေ့တောင်းရာ**

နောက်အဘို့၌မင်းကြီးသည် ကွယ်လွန်ခဲ့၏၊ အိမ်ရှေ့မင်းလည်း နက္ခတ်ကိုကြည့်လျှင် မင်းကြီး ကွယ်လွန်သည်ကိုသိ၍ မယားကိုခေါ်ပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်လာရာ ခရီးအကြားတွင် တောင်တလုံးကိုမြင်၍ မယားသည် အိမ်ရှေ့မင်းအား "အရှင်…. ဤတောင်ရွှေဖြစ်ခဲ့သော် အကျွန်ုပ်အား အနည်းငယ်ပေးပါမည်လော"ဟုမေး၏၊ အိမ်ရှေ့မင်းသည် မယားအား" ရှင်မ….သင်ကားဘယ်လိုခိန်းမနည်းသင့်အားတစုံတခုကိုမျှ ငါမပေးနိုင်"ဟု ပြန်၍ပြောလေ၏၊ ထိုအခါမယားသည် ငါကားဤယောကျ်ား၌ချစ်ခြင်းကိုမဖြတ်နိုင်သောကြောင့် တောသို့ လိုက်ခဲ့ရ၏၊ သို့ဖြစ်လျက် ဤလိုဆိုဘိ၏၊ အလွန်ခိုင်မာလှသော နှလုံးရှိ၏၊ မင်းဖြစ်သော်လည်း ငါ့အားအဘယ်မှာလျှင်ကောင်းသောအမှုကို ပြုလိမ့်မည်နည်းဟု အောက်မေ့ကာ နှလုံးမသာရှိလေ၏။

အိမ်ရှေ့မင်းသည် ဗာရာဏသီပြည်သို့ ရောက်လျှင်မင်းအဖြစ်ကိုရလေ၏၊ မယားကိုမိဖုရားကြီးအရာ၌ ထားခြင်းဟူသော စည်းစိမ်မျှကိုသာပေး၏၊ ထိုထက်အလွန် ပေးကမ်းခြင်း,မြတ်နိုးခြင်းမရှိလေ မယားရှိသည်ဟူ၍ပင်မသိ။

ထိုအခါ ပညာရှိအမတ်သည် ဤမိဖုရားကြီးကား မင်းကြီးအား အလွန်ကျေးဇူးများ၏၊ အဆင်းရဲခံကာ တောသို့လိုက်၍နေဘိ၏၊ ဤမင်းကြီးကား ဤမိဖုရားကြီးကိုမရေတွက်ဘဲ မိန်းမတပါးတို့နှင့်သာ မွေ့လျော်၍နေဘိ၏၊မိဖုရားကြီးအား အလုံးစုံသော စည်းစိမ်ရအောင် ငါပြုလုပ်မည်ဟု ကြံစည်ကာနေ၏။

တနေ့သ၌ ပညာရှိအမတ်သည် မိဖုရားကြီးသို့ ကပ်ပြီးလျှင်"အရှင်မိဖုရားကြီး.... အကျွန်ုပ်တို့သည် အရှင်တို့ထံမှ ထမင်းဘိုးမျှမရဘူးပါ အဘယ့်ကြောင့် မေ့လျော့၍နေဘိသနည်း အလွန်နှလုံးခိုင်မာဘိသနည်း'' ဟု မေး၍၊ ''ဘခင်....အကျွန်ုပ်တို့အကယ်၍ရပါမူ ဘခင်အားလည်း ပေးပါမည်မရပါမူအဘယ်ကိုပေးနိုင်မည်နည်း ဤမင်းကြီးကား ယခုအခါအဘယ်ဥစ္စာကို ပေးမည်နည်း ပစ္စန္တရစ်မှပြန်လာရာ ခရီးအကြား၌ ဤတောင်ရှေ့ဖြစ်ခဲ့သော်အနည်းငယ်ပေးပါမည်လောဟု မေးသောအခါ ဘယ်လိုမိန်းမနည်း တစုံတခုကိုမျှ ငါမပေးနိုင်ဟု ပြောခဲ့ဘူးပါသည်ဟုပြော၏၊ ''အရှင်မိဖုရား.... ဤလိုဖြစ်လျှင် ယခုပြောသောအတိုင်းမင်းကြီးထံမှာ ပြောဝံ့ပါမည်လော''ဟု မေးရာ ''ဘခင်.... ပြောဝံ့ပါသည်''ဟု ပြော၏၊ ''အရှင်မိဖုရား....ကောင်းပြီ အကျွန်ုပ်မင်းကြီးထံသွား၍ နေနှင့်

မည် အရှင်မိဖုရားလာခဲ့ပါ အကျွန်ုပ်ကမေးလျှင် ၍ အတိုင်းပြောပါ'' ဟု အချိန်းအချက်ထားလေ၏။

**ချမ်းသာဆင်းရဲ တူမခွဲ**

အမတ်လည်းမိဖုရားနှင့် ချိန်းချက်ထားပြီးလျှင် မင်းကြီးထံသွား၍ ခစားလျက်နေနှင့်၏၊ မိဖုရားကြီး ရောက်လာသောအခါ ''အရှင်မိဖုရားကြီး···· အကျွန်ုပ်တို့သည် အရှင်တို့ထံမှ ထမင်းဘိုးကိုမျှမရဘူးပါ'' ဟု စတင်၍မေးလျှောက်လေ၏၊ မိဖုရားကြီးလည်း မင်းကြီးထံတော်မှာပင် ချိန်းချက်ထားသောအတိုင်း အစုံအလင်ပြန်ပြောလိုသဖြင့်—

''ဘခင်····ဧရိးအကြား၌ မြင်သောတောင်ကို တောင်းရာစကားမျှဖြင့် မပေးနိုင်သော မင်းကြီးကား စင်စစ်ပေးစွန့်လွယ်သော အရာကို ပေးစွန့်နိုင်မည်မဟုတ် အကျွန်ုပ် တောင်းအပ်သော အစီးအပွားမဖြစ်သောတောင်ကိုပင် စကားမျှဖြင့်မပေးနိုင်''—

ဟု မကြောက်မရွံ့အဟုတ်အမှန်အတိုင်း ပြောဆိုလေ၏။

ထိုအခါမင်းကြီးသည်မိဖုရားကြီးစကားကိုကြားလျှင်—

''ပညာရှိအမတ်···· ပညာရှိသည် ပြုလုပ်နိုင်သောအမှုကိုသာလျှင် ပြောဆိုရာ၏၊ မပြုလုပ်နိုင်သောအမှုကို မပြောဆိုရာ၊ ပြောဆိုပါလျက် မပြုလုပ်သောသူကို ပညာရှိတို့သိကြကုန်၏''—

ဟု ပြောဆိုလေ၏၊ ထိုစကားကို မိဖုရားကြီးကြားလျှင် မင်းကြီးအားလက်အုပ်ချီကာ—

"အရှင်မင်းသား....သင့်အား ရှိခိုးပါ၏၊သင်
သည် သစ္စာ၌၎င်း,တရား၌၎င်း တည်လျက်နေပေ
၏၊တိုင်းပြည်မှနှင်ထုတ်လျက် ပျက်စီးခြင်းသို့ရောက်
သော သင်၏စိတ်သည်သစ္စာ၌မွေ့လျော်ပေ၏"–

ဟု မင်းကြီး၏ဂုဏ်ကျေးဇူးကို ဆိုသော မိဖုရားကြီး၏ စကားကိုပညာရှိအမတ်ကြားလျှင်–

"ကျော်စောလှသော အရှင်မင်းကြီး.... လင်
ဆင်းရဲသောအခါ ဆင်းရဲ၍ လင်ချမ်းသာသော
အခါ ချမ်းသာသောမယားသည်သာ မယားမြတ်
ဖြစ်ပါ၏၊ရွှေငွေဥစ္စာရှိသူအား မယားတို့ပေါများ
ခြင်းတို့မှာ အံ့ဘွယ်မဟုတ်ကုန်"–

ဟု မိဖုရားကြီး၏ကျေးဇူးကို ပြောဆိုပြီးလျှင် "အရှင်မင်းကြီး...ဤမိဖုရားကြီးကား အရှင်မင်းကြီး ဆင်းရဲသောအခါ တော၌နေလျက် အတူဆင်းရဲခံရ၏၊ ဤမိဖုရားကြီးအား ချီးမြှောက်သင့်၏"ဟု လျှောက်ထားလေ၏။

မင်းကြီးလည်း ပညာရှိအမတ်လျှောက်သောစကားဖြင့် မိဖုရားကြီး၏ ဂုဏ်ကျေးဇူးကို အောက်မေ့မိပြီဟု မိန့်ဆိုကာ မိဖုရားကြီးအား အလုံးစုံသော စည်းစိမ်တို့ကို ပေးလေ၏၊ ပညာရှိအမတ်အားလည်း မိဖုရားကြီး၏ဂုဏ်ကျေးဇူးကို အောက်မေ့စေသည်ဟု များစွာသော စည်းစိမ်တို့ကိုပေးလေ၏။

ဤဒေသနာတော်ကိုဆောင်တော်မူ၍ သစ္စာကိုပြတော်မူသည်၏ အဆုံး၌ လင်မယား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီမင်းသည်-ယခုအခါသူကြွယ်။

※ မိဖုရားကြီးသည်-သူကြွယ်မ။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ဆင်းရဲချမ်းသာ၊တူမကွာ၊မှတ်ပါမယားမြြင်။

(၂) ကျေးဇူးသိမြင်၊ခင်ပွန်းလင်၊များဖြင်စည်းငိမ်အပ်။

သုစဇဇာတ်ပြီး၏။